
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


# Quality Publishing House မှ ထုတ်ဝေ

ဆည်းဆာခါတောင်ဦးသော်ကောင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ မကြွယ်ကြွယ်၊ တက္ကသိုလ်စိန်တင်၊ ခင်ဇောတင့်၊ အောင်ရှိန်ဘွား၊ ဦးသန်းထွတ်(ပါမောက္ခ - ငြိမ်း)၊ သုရဇော်၊ အောင်ဇင်မင်း၊ ညွန့်ဟံ(ကြူတော)၊ ဦးကြိုင်မြင့်(ဆူးအလ)၊ မြင့်ထွေးဦး၊ ခင်နှင်းဦး၊ ... မောင်ခေတ်ထွန်း၊ အောင်ကြည်ညွန့်(တက္ကသိုလ်)၊ စိုးသော်တာ၊ ဂျူလှသင်၊ သုလင်းဝေ၊ ... ခင်နွဲ့မူ(အင်းစိန်)၊ ဝင်းဝင်းဝင်း၊ နီလာချစ်ဆိုင် တို့ ပါဝင်ရေးသားထားသည့်

# ...ဆုံတွေ့ခဲ့ဖူးသော သမ္မတကြီးဦးထင်ကျော်




တန်ဖိုး - ၃၀၀၀ ကျပ်

အမှတ်-၅၀၈/၅၁၂(၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊


သို့ ..................

မှ ..................

Quality စာအုပ်တိုက်မှ စီစဉ်သည်




Quality Publishing House

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃


www.burmeseclassic.com

www.burmeseclassic.com

ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စီစဉ်ထုတ်ထားပြီး
...များအား
အထူးနှုန်းဖြင့်
...ချပေးပါမည်

ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်းအအ...





ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၅၀၀၀ ကျပ်

မြန်မာပြည်သူ့အာဇာနည် ဗိုလ်ချုပ်ဦးအောင်ဆန်း
တန်ဖိုး – ၂၀၀၀ ကျပ်







ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)
တန်ဖိုး – ၅၀၀၀ ကျပ်

စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၈၀၀၀ ကျပ်

ဗိုလ်တေဇ ဘဝကမ္ဘာ ...
Quality စာတည်းအဖွဲ့
တန်ဖိုး – ၆၀၀၀ ကျပ်







အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှု စီအိုင်ဒီ အခန်းကဏ္ဍ
တန်ဖိုး – ၁၀၀၀ ကျပ်

အောင်ဆန်း၏အောင်ဆန်း
ဗိုလ်အောင်ဒေး
တန်ဖိုး – ၁၀၀၀ ကျပ်

ဗိုလ်ချုပ်အောင်ဆန်းရာပြည့်...
တန်ဖိုး – ၈၀၀၀ ကျပ်

Quality Publishing House
ပြည့်စုံထွန်းစာပေ
အမှတ် – ၅၀၈/၅၁၂ (၂-ခ)
ကုန်သည်လမ်း
(ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃
quality.ph@gmail

BURMESE CLASSIC

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
...

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာရက်ချိန်း
ဒဂုန်ရွှေမျှား ၉

ရန်လုံးနဲ့ အောင်မင်းမင်းရယ် အေးမမရယ်
ဆွေမြင့် ၂၈

တောကောင်၏ ကလဲ့စား
မြဝတီ ၃၆

NO. 140, **SEPTEMBER**,


၅၉ နှင်းကြူအိုင်
၇၆ ထောင်ကျူးမမ
၁၀၀ မောင်သာမန်(ဒီးကုန်း)
၁၂၃ ညိုရောင်
၁၃၃ နွှဝင်းကျော်ခေါင်(ဓနုဖြူမြည်)
၁၆၇ လေးမောင်
၁၈၅ အေးသင်းကသက်ဝေ
၂၁၉ မင်းသစ္စာလှိုင် (ကန့်ဘလူ)
၂၃၆ မြင့်ဆွေဦး
၂၂၂ ဇေယျမင်းအောင်


PREVIEW 5

www.burmeseclassic.com

အယ်ဒီတာချုပ်

(Quality)

တာဝန်ခံအယ်ဒီတာ

အုပ်ချုပ်အယ်ဒီတာ

အယ်ဒီတာအဖွဲ့

ရုံးအဖွဲ့

ပုံနှိပ်သူ

စာအုပ်ချုပ်

အုပ်ရေ–

တန်ဖိုး–

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း

ထုတ်ဝေသူ

Quality Publishing House

မျက်နှာဖုံးဒီဇိုင်း

အတွင်းသရုပ်ဖော်

ကွန်ပျူတာနှင့် ဖလင်

Quality



ညဖြိုးနာဂ်

ဒဂုန်ရွှေမျှား

NEXT



လူဆိုးထိန်းမောင်ကြီးနှင့်
ဘိုးတော်အတု

မကွေးညိုစိမ့်

MONTH

PREVIEW





စစ်သားအိုကြီးများ ...

နေရောင်မှန်

www.burmeseclassic.com

**ညှောင်ပင်သာ** ရွာကလေး၏ အရှေ့ဘက်ရွာ
သချိုင်းမြေပုံတောင်းတစ်ခုအနီးတွင် အသက်(၃၀)ကျော်ခန့်ရှိ ရုပ်ရည် အတော်အတန်
ဖွံ့ရည်သန့်ပြန့်သော လူရွယ်တစ်ယောက်သည် "သချိုင်းမြေပုံ" ကို ဝိုင်းရံစိုက်ထားသည့်
ရိုးအသားနှင့်ဆီပင်ကလေးများကို မြေတောင်မြှောက်ပေးကာ နံဘေးမှ
ပေါင်းမြက်များကို သုတ်သင်လျက် ရှိ၏။

# ဒဂုန်ရွှေမျှား

## ကြောက်စရာ ကျက်ရှိုး



ပေဒင်ဟောကိန်းကို
ယုံကြည်ကြောက်ရွံ့၍
တိမ်းရှောင်ခဲ့ရာမှ
သေဘေးမှ လွတ်ပြီဟု
ယုံကြည်ခဲ့သော်လည်း
[illegible]

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့ ဝေလီဝေလင်းအချိန်ဖြစ်၍ ဆီးနှင်းများ ထူထပ်စွာ ကျလျက်ရှိရာ ရွာတလေးနှင့်တကွ ပတ်ဝန်းကျင်သည် သင်္ချိုင်းမြေပုံကဲ့သို့ပင် တိတ်ဆိတ်လျက်ရှိလေသည်။

ထိုသူ၏ ပိုင်းစက်သောမျက်နှာမှာ မှုတ်မြုံရော်ရှိနေလျက် ဂနာမငြိမ်သော မျက်လုံးများသည်လည်း ပုစွန်မျက်လုံးများကဲ့သို့ ရှေ့သို့ ပြူးထွက်လျက်ရှိ၏။ သူသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်တစ်ခုကို မျှော်လင့်နေသကဲ့သို့ မကြာခဏ နောက်သို့လည်းကောင်း၊ ဘေးသို့လည်းကောင်း ကြည့်ရှုလျက်ရှိ၏။ သို့သော် မည်သည့်အရာကိုမျှ မမြင်ရချေ။ သူ၏ နောက် မနီးမဝေးတွင်ကား ပြိုကျနေသော သင်္ချိုင်းအုတ်ပုံတစ်ခု၊ အသုံးမပြုသော ရေတွင်းပျက်မှ ပိုက်လုံးအကြီးအငယ်များကို ချ၍ထားသောအပုံတစ်ခု အရောင်အဆင်းပျက်၍နေသော ဂုန်အိတ်စုတ်တစ်လုံးမှတစ်ပါး မည်သည့်အရာမျှမရှိချေ။ သူသည်မည်သည့်အရာကိုကြောက်ရွံ့၍နေသနည်း၊ မည်သည့်အရာကို မျှော်လင့်၍နေလေသနည်း။

လိုးဒယားနှင်းဆီပင်ကလေးများ ပိုင်းခုံစိုက်ထားသောသင်္ချိုင်းရာကလေးမှာအပေါ်မှအုတ်ချပ်များဖြင့်သမံတလင်းကိုင်ထားသော်လည်း အချို့နေရာတွင် ကွဲအက်နေပြီဖြစ်၍လည်းကောင်း ခွက်၍နေသောအပိုင်းများတွင် ရေညှိများ တက်၍နေသည်ကို ထောက်သဖြင့် သင်္ချိုင်းဟောင်းတစ်ခုဖြစ်တန်ရာ၏။

ဆယ်အိမ်ခေါင်း ဦးဘိုးလုံးသည် ထိုနေ့က မြို့သို့သွားရန် ကိစ္စရှိသဖြင့် ရွာသင်္ချိုင်းဖြတ်လမ်းမှ လျှောက်၍လာခဲ့ရာ သင်္ချိုင်းပျက်အုတ်ပုံကြီးအနီးသို့ရောက်သောအခါ ထိုသူကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် ကိုယ်ရှိန်သတ်ကာ အုတ်ပုံကို ကွယ်လိုက်ပြီးနောက် ထိုသူ၏ အရိပ်အကဲကို ကြည့်၍နေလေသည်။

သင်္ချိုင်းဟောင်းတစ်ခုကို ယင်းကဲ့သို့နံနက်ဝေလီဝေလင်းအချိန်၌အမှိုက်သရိုက်များကို ဖယ်ရှားလျက် ပန်းပင်ကလေးများကိုပြုပြင်၍နေခြင်းကား ထူးဆန်းလှ၏။ ဦးဘိုးလုံးသည် ထိုသူအား မျက်တောင်မခတ်ဘဲ စိုက်၍ကြည့်နေလေသည်။ ဦးဘိုးလုံးမှာထိုရွာသားဖြစ်ဖြစ်သဖြင့် ရွာရှိ လူအားလုံးကို သိသည့်အတိုင်း ထိုသူ၏မျက်နှာကို ဆီးနှင်းထုအတွင်းမှဖြတ်၍ကောင်းစွာမမြင်ရသေးသော်လည်းထိုသူ၏ပုံပန်းသဏ္ဌာန်အားဖြင့်ပင် သူစိမ်းတစ်ယောက်ဖြစ်ကြောင်းကောင်းစွာ သိရှိလေပြီ။



ဦးဘိုးလုံးသည်ရှေ့သို့အနည်းငယ်တိုး၍သွားရာ ထိုသူစိမ်းသည် ဦးဘိုးလုံး၏ခြေသံများကို ကြားသဖြင့် ဖျပ်ခနဲ လှည့်၍ကြည့်လိုက်၏။ ထိုအခါမှ သူ၏ မျက်နှာမှာ ပို၍ဖြူသွားပြီးလျှင် မျက်လုံးများသည် ပို၍ ပြူးကြောင်ကြောင် ဖြစ်သွားလေသည်။

လုံး။ ။"ဒီမှာ မောင်ရင် - သေတဲ့လူဟာ မောင်ရင်ရဲ့ ဆွေမျိုးလား၊ မိတ်ဆွေလား"

"မဟုတ်ပါဘူး ခင်ဗျား"

သူစိမ်းသည် ဦးဘိုးလုံး၏အမေးကြောင့် ဖျတ်ခနဲ လန့်သွား၏။

လုံး။ ။"သိလို့လား"

"မသိပါဘူး"

သူစိမ်း၏မျက်လုံးများမှာ ကြောက်ရွံ့ခြင်း၏အဓိပ္ပာယ်ကိုအစွမ်းကုန်ဆောင်လျက်ရှိရာ ညိုသောမျက်ရစ်များနှင့်ချိုင့်ဝင်လျက်ရှိသော မျက်လုံးအိမ်များမှာ ချက်ပေါင်းအတော်ကြာမျှ အအိပ်အနေနည်းသည့်အဖြစ်ကိုလည်းကောင်း၊ စိတ်သောကရောက်ခြင်းလက္ခဏာကိုလည်းကောင်း ဖော်ပြလျက်ရှိလေသည်။

ထိုအခါ ဦးဘိုးလုံးက သူစိမ်းအား -

"ထိုင်ပါဦးလေ" ဟုပြောလိုက်သဖြင့် ထိုသူသည် ဦးဘိုးလုံး၏စကားကို လိုက်နာကာ နံဘေးရှိအခြားသင်္ချိုင်းရာအုတ်ပုံပျက်တစ်ခုပေါ်တွင် ထိုင်ချလိုက်လေသည်။ ဦးဘိုးလုံးကလည်း သူနှင့် မနီးမဝေးတွင် ထိုင်လိုက်၏။

(သူစိမ်း) "ဦးတော်ဟာ သိပ်ငြီးလှတစ်ဖက်သားကိုကြင်နာတတ်ပုံရတယ်"

လုံး။ ။"အင်း - မောင်ရင်ထင်သလိုပါပဲ"

သူစိမ်း။ ။"ဒီလိုဆိုရင် - ကျွန်တော်ပြောချင်တယ် ခင်ဗျာ။ ပြောချင်တယ်၊ ပြောချင်တယ်။ ရင်လေးလွန်းလို့ပါ ခင်ဗျာ"

သူစိမ်းသည် ဤနေရာတွင် စကားကို ရပ်လိုက်၏။ သူပြောမည့်စကားများမှာ စိတ်မချမ်းမြေ့ဖွယ်စကားများဖြစ်မည်ကို သိသော်လည်း ဦးဘိုးလုံးသည် လွှဲရှောင်၍ မရနိုင်တော့ဘဲ နားထောင်ရမည်ဖြစ်၏။ ထိုသူပြောမည်ကိုတားဆီး၍လည်း ရမည်မဟုတ်ချေ။

"အခုလို ဖွင့်ပြောရမယ့် လူတစ်ယောက် အခန့်သင့် လာတွေ့ရတာ တော်ကောင်းတာပဲ"

သူစိမ်းသည်လက်မှမြေမှုန့်များကို ခါချလိုက်ပြီးလျှင် စိတ်ကို ထိန်းထားရသည့်မာနဖြင့် လက်ဝါးစပ်ဖက်ကို ပွတ်သပ်လျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရာဇဝင်က လွန်ခဲ့တဲ့(၃-၄)နှစ်လောက်က ပဲခူးရွှေမော်ဓောဘုရားကို ဘုရားဖူးသွားရင်းက စခဲ့ပါတယ်ခင်ဗျာ။အဲဒီနေ့ဟာကျွန်တော့်တစ်သက်မှာအဆိုးဆုံးနေ့ပါပဲ။ကျွန်တော်နဲ့ကျွန်တော့်ရည်းစား ခင်ဒေါင်းနွယ်ဟာ တစ်နေ့လုံး လျှောက်လည်၊ ဘုရားတွေလည်ဖူး၊ နောက်ဆုံး ရွှေမော်ဓောဘုရားစောင်းတန်းက ဆင်းလာတော့ မြင်းလှည်းစောင့်နေတုန်း မိုးကလေးကတဖြောက်ဖြောက်ကျလာတာနဲ့သစ်ပင်ရိပ်တစ်ခုအောက်မှာ ခိုရင်း ကျွန်တော့်ရည်းစားက လမ်းဘေးတစ်ဖက်က အိမ်ပေါက်မှာ ဆွဲထားတဲ့ ဆိုင်းဘုတ်ကလေးတစ်ခု သွားမြင်တာကို ခင်ဗျ။ ဆိုင်းဘုတ်က "ဒေါ်မြသွေး လက္ခဏာဆရာမကြီး နတ်ဗေဒင်ဟောသည်"တဲ့။

ဒါနဲ့ သူက အစ်ကိုကြီး၊ ကျွန်မတို့ မိုးလည်းခိုရင်း အပျင်းပြေ ဝင်ပြီးဗေဒင်မေးရအောင်လို့ပြောတာကိုခင်ဗျ။မိုးကလည်း သူပြောမှ နည်းနည်းပိုပြီး သဲလာ၊ ကျွန်တော်တို့မှာ ထီးလည်းမပါတော့ ကျွန်တော်လည်းပထမသဘောမတူပေမယ့် မိုးလည်း ခိုရအောင်ဆိုပြီး သဘောတူလိုက်ပါတယ် ခင်ဗျာ။ ဒါနဲ့ ကျွန်တော်တို့လည်းအဲဒီအိမ်ကိုဝင်ကြတယ် ခင်ဗျ။

အိမ်ဆိုပေမယ့်တန်းလျားရှည်တစ်ခုက အခန်းကလေးတစ်ခုပါပဲ၊ နံဘေးက အခန်းတွေမှာတော့ ကုလားကုန်စုံဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်ကလေးတွေပေါ့ခင်ဗျာ။

အခန်းကလေးက ကျဉ်းကျဉ်းပါပဲ၊ (၁၅)ပေလောက်ပဲ ကျယ်ပါလိမ့်မယ်၊ အိမ်ရှေ့ဖိနပ်ချွတ်မှာ ခုံတန်းလျားတစ်ခု၊ ကုလားထိုင် ခပ်ဟောင်းဟောင်း (၂)လုံးရှိတယ် ခင်ဗျ။အတွင်းဘက်ကိုတော့ အဖြူတစ်တန်း အနီတစ်တန်း သရက်ထည်ကန့်လန့်ကာတစ်ခု ကာထားတယ်။ အနေအထိုင်မြင်ရတာ အတော်ဆင်းဆင်းရဲရဲပါပဲ၊ အိမ်ရှေ့က ကုလားထိုင်ပေါ်မှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်လောက်ရှိမယ့် မိန်းမကြီး တစ်ယောက် ထိုင်နေတာ တွေ့ရတယ်၊ ဒါနဲ့ -ကျွန်တော့်ရည်းစားက လက္ခဏာ ဆရာမ ဒေါ်မြသွေးနဲ့ တွေ့လိုကြောင်း၊ ဗေဒင်မေးလိုကြောင်းပြောတော့အမယ်ကြီးလည်း လောကွတ်ပျူငှာနဲ့ ကျွန်တော်တို့ကို အပြင်ခုံတန်းလျားမှာပဲ နေရာထိုင်ခင်းပေးပြီးအိမ်ထဲ ခဏဝင်သွား၊ တစ်ခါပြန်ထွက်လာပြီးကျွန်တော်တို့ကို အိမ်အတွင်းဘက်ဝင်ဖို့ ခေါ်တာကိုး ခင်ဗျ။ ဒီတော့ ကျွန်တော်တို့လဲ အိမ်ထဲ



ဝင်လိုက်သွားရတယ်၊ ကန့်လန့်ကာနောက်မှာတော့ သင်ဖြူးတစ်ချပ်၊ နှစ်ချပ်ခင်းထားပြီး အတွင်းဘက်မှာ ဇာခန်းဆီးတပ်ထားတဲ့အခန်းကလေးတစ်ခု တွေ့ရပြန်ပါတယ်၊ အဲဒီအခန်းကလေးထဲမှာ ဗေဒင်တို့၊ လက္ခဏာတို့ ကြည့်ရတာကို ခင်ဗျ။

ခဏကြာတော့ မိန်းမတစ်ယောက် ထဘီအနီကိုဝတ်ပြီး အခန်းထဲက ထွက်လာတယ်၊ ဆံပင်ကိုဖားလျားချပြီး ခေါင်းမှာလည်း နှင်းဆီအနီပွင့်တစ်ပွင့်ပန်ထားတယ်၊ အင်္ကျီအဖြူလက်ရှည်ဝတ်ပြီးပိုးစအနီတစ်ခုကိုလည်း လည်ပင်းမှာ စည်းထားတယ်၊ အသက်ကတော့ ကျွန်တော့် စိတ်ထင်(၄၀)ကျော်(၅၀)တွင်းလောက်ပါပဲ။ မျက်နှာက အင်မတန် ဣန္ဒြေရပြီး အထူးသဖြင့် သူ့မျက်လုံးတွေဟာ တောက်ပတဲ့အရောင်တွေ ထွက်နေသလို အောက်မေ့ရတယ်၊ ကျွန်တော့်ရည်းစားကိုပထမကြည့်ပြီးကျွန်တော့်ကို ကြည့်လိုက်တာ ကျွန်တော်တောင်သူ့ကို ကြောက်သလိုလို၊ ကျောထဲက စိမ့်လာသလိုလို အောက်မေ့လိုက်မိတယ်၊ သူ့မျက်လုံးတန်ခိုးနဲ့ပဲတူပါတယ်။အခန်းထဲ အဝင်နိုင်းတဲ့အခါ ခင်ဒေါင်းနွယ်ဟာ အခန်းထဲဝင်ဖို့ကြောက်နေသလိုပဲ။ ဒါနဲ့ ကျွန်တော်က ဝင်လိုက်မယ်လုပ်တော့ "တစ်ယောက်တည်း ဝင်ခွင့်ရှိတယ်၊ နှစ်ယောက်မဝင် ရဘူး" ခပ်ပြတ်ပြတ် ပြောလိုက်တယ်၊ ဒါနဲ့ ကျွန်တော်ဟာ အပြင်မှာစောင့်နေရစ်ရတယ် ခင်ဗျ။

ခင်ဒေါင်းနွယ်ကို သူဘာတွေဟောလိုက်မလဲ၊ မိန်းမဆိုတာ ဘာပဲပြောပြော အင်မတန် ယုံကြည်တတ်တာကလား ဆိုပြီး ကျွန်တော် စိတ်ပူမိတယ်၊ ဒါနဲ့ ကျွန်တော်လည်း အထဲမှာ ဗေဒင်ဟောနေတုန်းအပြင်ကထိုင်စောင့်နေရတာကို ခင်ဗျ၊ အဲဒီလိုစောင့်နေတဲ့အခါ အပြင်စားပွဲကလေးပေါ်မှာ စာရင်းစာအုပ်လို စာအုပ်ကြီးတစ်အုပ် တင်ထားတာနဲ့ ဆွဲပြီးကြည့်မိတယ်၊ ဒီစာအုပ်ကြီးက သူဟောလိုက်တဲ့လူတွေဆီကပေးလိုက်တဲ့ စာတွေကို မူလအတိုင်း စက္ကူအထူပေါ်မှာကပ်ပြီး ဓာတ်ပုံ "အယ်(လ)ဘမ်"လို လုပ်ထားတဲ့စာအုပ်ကို ခင်ဗျ၊ အမြို့မြို့အရွာရွာက ပေးလိုက်တဲ့ စာတွေပါပဲ ခင်ဗျာ၊ သူဟောလိုက်တဲ့အတိုင်း မှန်ကန်တဲ့အကြောင်းတွေ ရေးထားတယ်၊ တချို့လဲ သူဟောလိုက်တဲ့အတိုင်း အိမ်ထောင်ဖက်တွေ့တဲ့အကြောင်းတွေ၊ ချစ်သူနဲ့ကွဲတဲ့အကြောင်းတွေ၊ သားသမီးမရတဲ့အကြောင်းတွေ၊ ဥစ္စာပျောက်ကိုပြန်

www.burmeseclassic.com

ရတဲ့အကြောင်းတွေ၊ လင်ဆုံးသွားတဲ့အကြောင်းတွေ၊ မယားဖောက်ပြန်သွားတဲ့အကြောင်းတွေ၊ စုံနေတာပါပဲ ခင်ဗျာ။ တချို့လည်း မတော်တဆ ထိခိုက်နာကျင်မှုတွေ တွေ့ရတဲ့အကြောင်း ပါရဲ့၊ ကောင်းတာရော၊ မကောင်းတာရော စုံနေတာပဲ၊ စိတ်ဝင်စားစရာတော့အတော်ကောင်းပါတယ်။ အထဲမှာ ကျွန်တော့်ရည်းစားကိုပဟာနေတာတွေ့တော့သေသေချာချာ မကြားရပါဘူး။ နားစွန်နားဖျားလောက်သာ ကြားရပါတယ်။ ဒါနဲ့ (၁၅)မိနစ်လောက်ကြာတော့ကျွန်တော့်ရည်းစားလည်း အခန်းထဲက ထွက်လာတယ်။ နောင်နှစ်ခါလက်ထပ်ရလိမ့်မယ်ဆိုတဲ့အကြောင်းပြောလိုက်သတဲ့ခင်ဗျာ၊ ဘယ်သူဘယ်ဝါနဲ့ လက်ထပ်ရလိမ့်မည်ဆိုတာတော့မပြောလိုက်ဘူးတဲ့၊ နို့ပေမဲ့ ကျွန်တော်နဲ့လက်ထပ်ရလိမ့်မယ်ဆိုတာတော့ သူ ယုံကြည်ပါတယ်လို့ ပြောတာကိုခင်ဗျ၊ ဒါနဲ့ သူထွက်လာပြီး ကျွန်တော့်ကို "ကိုင်း–ကိုဘစိုး၊ သွားပြီး လက္ခဏာကြည့်ချေလေ၊ ကိုဘစိုးအလှည့်ပဲ ကျွန်တော့တယ်" လို့ပြောတာကို ခင်ဗျ၊ ကျွန်တော်ဟာ ဗေဒင်တွေ၊ လက္ခဏာတွေမယုံကြည်ပါဘူး ခင်ဗျာ၊ မေးဖို့လည်း ဝါသနာမပါပါဘူး။ နို့ပေမဲ့ –ကျွန်တော့်

# ၄၄

အသက်ကတော့ ကျွန်တော့်စိတ်ထင်(၄၀)ကျော် (၅၀)တွင်းလောက်ပါပဲ။ မျက်နှာက အင်မတန်တည်ခြရပြီး အထူးသဖြင့် သူ့မျက်လုံးတွေဟာ တောက်ပတဲ့အရောင်တွေ ထွက်နေသလို အောက်မေ့ရတယ်၊ ကျွန်တော့်ရည်းစားကို ပထမကြည့်ပြီး ကျွန်တော့်ကိုကြည့်လိုက်တာ ကျွန်တော်တောင် သူ့ကို ကြောက်သလိုလို၊ ကျောထဲက စိမ့်လာသလိုလို အောက်မေ့လိုက်မိတယ်၊ သူ့မျက်လုံးတွေနဲ့ ဆွဲအားကြီးပြီး ... တုပါတယ်၊





ရည်းစားက အတန်တန် တိုက်တွန်းလေတော့ အခန်းထဲ ဝင်သွားမိတယ်၊

အခန်းကလေးက အတွင်းဘက်မှာ မှောင်လို့ ခင်ဗျ၊ ခေါင်းရင်းဘက်မှာ ရေနံဆီစားပွဲတင် မှန်အိမ် အိမ်ကလေးတစ်လုံး ထွန်းထားတယ်၊ အလင်းရောင်ဆိုလို့ အဲဒီအလင်းရောင်ကလေးတစ်ခုပဲ ရှိတယ်၊ အဲဒီ့မှန်နားမှာ ဆရာမထိုင်နေတာကို မှန်အိမ်မီးရောင်နဲ့ သူ့မျက်နှာကို မြင်ရတာ ကျွန်တော့်ဖြင့် ကြက်သီးမွေးညင်း ထမိတယ် ခင်ဗျာ၊ မိန်းမရဲ့ရုပ်က သနားကမားပေမယ့် သူ့ခေါင်းမှာ ပန်ထားတဲ့ ပန်းပွင့်အနီရောင်နဲ့ လည်ပင်းမှာစည်းထားတဲ့ ပိုးစအနီရောင်နဲ့ဟာ တစ်ခါတည်း ရောစပ်ပြီး သူ့အသား ခပ်ဖြူဖြူပေါ်မှာ သွေးရောင်တွေ လျှမ်းနေသလိုပဲ၊ မျက်လုံးနှစ်လုံးကလည်း အမှောင်ထဲမှာကြောင်မျက်စိကအလင်းရောင်တွေ ထွက်နေသလိုပဲ၊ ကျွန်တော်ဝင်လာတာမြင်တော့ ကုလားထိုင်တစ်လုံးကို လက်ညှိုးထိုးပြလိုက်လို့ ကျွန်တော်ထိုင်ရတယ်၊ ပြီးတော့ အိမ်ခန်းထဲဝင်သွားတဲ့ အခါ အတွင်းဘက်က ဆီချက်သလိုလို၊ ညှော်ကြော်သလိုလို ဘာနံ့ကြီးမှန်းမသိပါဘူး ခင်ဗျာ၊ နံ့လိုက်တာလည်း လွန်ပါရော၊ ကျွန်တော်လည်း မကြာမကြာ နှာခေါင်းပိတ်မိတယ်၊

ကျွန်တော့်ကို စိုက်ပြီးကြည့်လိုက်တာ သူ့အမြင်ဟာ ကျွန်တော့်ကိုယ်ကို ဖောက်ထွင်းပြီးမြင်သလိုပါပဲ၊ လက္ခဏာကြည့်ရုံ ဆိုရင် (၅/–)တစ်သက်လုံးအတွက် ဟောစာတမ်းလုပ်ပြီး ဟောရမယ်ဆိုရင် (၁၀/–)လို့ပြောတော့ ကျွန်တော်လည်း တစ်ယောက်ကြည့်ပြီးမှ မထူးပါဘူး၊ ပိုက်ဆံအပိုကုန်တာပဲဆိုပြီး လက္ခဏာရိုးရိုးပဲကြည့်ပါတော့ခင်ဗျာလို့ ပြောလိုက်တယ်၊ အခန်းထဲဝင်မိလို့သာ ပြောလိုက်ရတယ်၊ စိတ်ကတော့ မပါလှပါဘူး၊ ဒါနဲ့ ကျွန်တော့်ကို သူ့အနားလက်ယပ်ခေါ်ပြီး ကျွန်တော့်ရဲ့ညာဘက်လက်ဖဝါးကို ဖြန့်ပြီး (၁)မိနစ်လောက် ကြည့်နေတယ်၊

ဒီနောက် ကျွန်တော့်နေရာပြန်ထိုင်တဲ့အခါ သူက "ရည်းစားနဲ့ တွေ့ရတယ်ဆိုတဲ့လူဟာ ဗေဒင်မေးဖို့တောင်မလိုဘူး၊ အင်မတန်စိတ်အေးနေတာပဲ၊ ဒါပေမဲ့ –အေးချည်တစ်ခါ ပူချည်တစ်လှည့်ဆိုတာလိုပေါ့၊ အပူလာတဲ့အခါပဲလာဦးမှာပဲ" အဲဒီလို ပြောလိုက်တာဟာ ကျွန်တော့်ကို ပြောနေတာထက် သူ့

www.burmeseclassic.com

www.burmeseclassic.com



ကို[illegible]သူ ပြောနေတယ်လို့ ထင်ရတယ် ခင်ဗျ။ ဒီနောက် ကျွန်တော် နောက်က ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေတစ်ခုစီ တစ်ခုစီ ပြောလိုက်တာ ခင်ဗျာ။ လွန်ခဲ့တဲ့ သုံးလေးနှစ်က အဖြစ်အပျက်ရော၊ ငယ်ငယ်တုန်းက အဖြစ်အပျက်တွေရော မှန်လိုက်တာလဲ မပြောပါနဲ့တော့။ ဘယ်လောက်ထိအောင် အသေးစိတ်မှန်သလဲဆိုရင် လွန်ခဲ့တဲ့(၆)လလောက်က ဖြစ်ခဲ့တဲ့ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စကလေးကိုတောင် သူသိတယ်၊ အဲဒီလို ကျွန်တော့်ရဲ့ နောက်ဖြစ်တွေကို ချောက်ပြီးပြောလိုက်တာ ခင်ဗျာ … တစ်သီကြီးပါပဲ။

ဒါနဲ့ကျွန်တော်က "ဆရာမကြီးရယ်၊ ကျွန်တော့်ရဲ့နောက်ဖြစ်တွေ ဟောလိုက်တာတော်လောက်ပါပြီ၊ ရှေ့ဖြစ်မယ့် ရှေ့ဖြစ်ကိုလဲ ဟောဦးမှပေါ့" လို့ ရယ်သလို၊ မောသလိုနဲ့ ပြောလိုက်တယ် ခင်ဗျ။ အဲဒီလို ပြောလိုက်တာက သူဟောတာတွေ ကျွန်တော် သိပ်ပြီးအယုံအကြည် မရှိလှဘူးဆိုတဲ့အကြောင်းလဲ သူသိအောင် ပြောလိုက်တာပဲ၊ နို့ပေမဲ့ - သူက နည်းနည်းကလေးမှ ပြန်ပြီးမပြုံးဘူး သူ့မျက်လုံးနှစ်လုံးဟာ ကြောင်တစ်ကောင်ရဲ့ မျက်လုံးကို နည်းနည်းကျဉ်းသွားသလို ထင်လိုက်ရတယ်၊ နှုတ်ခမ်းဟာလဲ ပိပိရိရိဖြစ်ပြီး ကုန္ဓြေနည်းနည်းမှမပျက်ဘူး။

ဒီနောက် သူက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး "ရှင့်ရဲ့ အနာဂတ်ကို ကျွန်မ ဖတ်လို့မရဘူးရှင့်၊ သဘောမကျလို့၊ ရှင်ပေးထားတဲ့ငွေကို ပြန်လိုချင်ရင် ပြန်ပေးပါ့မယ်" လို့ ပြောတာကို ခင်ဗျ။ ဒီတော့ - ကျွန်တော်လည်း စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားပြီး "မဟုတ်ပါဘူး ခင်ဗျာ၊ လက္ခဏာဆရာတစ်ယောက် လုပ်နေပြီး အနာဂတ်ကို မဟောဘူးဆိုတာ … ဥပမာ … ချစ်ရေး ကြိုက်ရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ အဲဒီလို တစ်ခုနှစ်ခု ဟောလိုက်ရင် ပြီးတာပါပဲ၊ ငွေကိုလဲ ကျွန်တော် ပြန်မလိုချင်ပါဘူး" လို့ပြန်ပြောလိုက်တယ်။

ဒီတော့ - ဆရာမကြီးလည်း ကျွန်တော့်ကိုတစ်ခါခေါ်ပြီး ကျွန်တော့်ရဲ့လက်ကို မီးရောင်နားကပ်ပြီး မှန်ဘီလူးနဲ့ တစ်ခါကြည့်ပြန်တယ်၊ ဒီတစ်ခါတော့ မလှုပ်မယှက် စိုက်ကြည့်နေတာ (၂)မိနစ်လောက်ကြာတယ်၊ ဟော - ဟော - မြင်ရပြီ၊ မြင်ရပြီ၊ သေချာပါတယ်၊ ဂဏန်းက (၈)ဂဏန်း၊ ဒီဘက်က တန်ဆောင်မုန်းလပဲ၊ လပြည့် နေပုံ ထောက်တော့ လပြည့်ကျော်ပဲ၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ခုနှစ်တော့ မပါဘူး။

ကျွန်တော်က "ဗြော် - တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့လို့ မြင်ရလား"

"ဟုတ်တယ် - အဲဒီအတိုင်း မြင်ရတယ်"

"ရက်နဲ့ လကတော့ ဟုတ်ပါပြီ … ဆရာမကြီးရယ်၊ ခုနှစ်ကကော …"

"ခုနှစ်ကတော့မသေချာဘူး၊ မထင်ရှားဘူး"

"ကောင်းပါပြီ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့မှာ ကျွန်တော် လက်ထပ်ဖို့ မြင်တယ်ဆိုပါတော့"

"မဟုတ်ဘူးရှင့်၊ ကျွန်မ ဆိုလိုတာက ရှင်သေမယ့်နေ့ရက်ကို ပြောတာ"

"အလို၊ ဒီလိုပဲ ဟောရသလားဗျာ"

"လက်ပေါ်မှာ ထင်နေတဲ့အတိုင်း ဟောရတာကို ရှင့်"

အဲဒီလိုကျွန်တော့်တို့အပြန်အလှန် ပြောနေကြပါတယ် ခင်ဗျာ၊ ဒီလိုဟောလိုက်တော့ဗေဒင်ကိုမယုံဘူးဆိုပေမယ့် ကျွန်တော့်စိတ်ကို အတော်ထိခိုက်သွားပါတယ်၊



ဤနေရာသို့ရောက်လျှင် မောင်ဘစိုးဆိုသူ ထူးဆန်းသောသူစိမ်း၏အမူအရာမှာတကယ်ပင်ကြောက်ရွံ့တုန်လှုပ်သွားကြောင်း၊ ဦးဘိုးလုံး သတိပြု၏။ ထို့နောက် မောင်ဘစိုးက ဆက်လက်၍-

"ဒါနဲ့ - ကျွန်တော်ကလည်း မေးလက်စရှိမှ မထူးတော့ပါဘူးဆိုပြီး "ဒီလိုဆိုရင် ဆရာမဆိုလိုတာက ခုနှစ် သက္ကရာဇ်သာ အမှန်မပြောနိုင်တာ၊ နို့ပေမဲ့ - တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တစ်နေ့မှာ ကျွန်တော် သေလိမ့်မယ်ဆိုပါတော့"

"ဟုတ်တယ်"

"ဒါဖြင့် - အသက်အရွယ်ကြီးလို့ သေမှာလား"

"မဟုတ်ဘူး - ရှင်ဟာ သေခြင်းတရားကို ပြင်းပြင်းထန်ထန်ကြီး တွေ့ရလိမ့်မယ်၊ လူသူအင်မတန်ရှင်းလင်းပြီး ဆိတ်ငြိမ်တဲ့နေရာတစ်ခုမှာ တွေ့ရလိမ့်မယ်၊ အခန်းထဲ ရှင်ဝင်လာကတည်းက ဒီဟာတွေ ကျွန်မ မြင်တယ်၊ ဒါကြောင့် မပြောချင်လို့ ကျွန်မဟာ ရှင့်အနာဂတ်ကို မမြင်ရဘူးလို့ပြောနေတာ"

ဒါနဲ့ - သူ့စကားနည်းနည်းလွန်သွားတာသိလို့ ထင်ပါရဲ့ ခင်ဗျာ၊ လက္ခဏာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက ဆက်ပြီး "ဒါပေမဲ့ - တစ်ခုတော့ ရှိတယ်၊ ဘာပဲဖြစ်ဖြစ်၊ အခွင့်အရေးဆိုတာ ရှိစမြဲပဲ၊ အဆိုးရှိရင် အကောင်းလဲရှိရမယ် မဟုတ်လား။ ကျွန်မ ဆိုလိုတာက ကံကြမ္မာလို့ ထင်ရပေမယ့် ကံကြမ္မာမဟုတ်ဘဲ သတိထားပြီး ရှောင်ကြဉ်ရမယ့်အချက်လောက်သာ ဖြစ်ချင်ဖြစ်တတ်တယ်"

"အဲဒီလိုပြောလိုက်တော့ ကျွန်တော်မှာ စိတ်အတော် သက်သာရာရသွားတယ် ခင်ဗျ"

"ရှောင်ကြဉ်ရမယ့်အချက်ဆိုတာက ဘာလဲ၊ ဒီဟာက သေသေချာချာ မသိရရင် အခက်သားကလား ခင်ဗျာ။ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့မှာ ကျွန်တော် ဘာကို သတိထားပြီး နေရမှာလဲ၊ ဘာကိုရှောင်ကြဉ်ရမှာလဲ ဆရာမကြီးရဲ့"

"အဲဒီလို မေးလိုက်တော့ သူလဲ အတော်စိတ်ရှုပ်သွားတဲ့လက္ခဏာနဲ့ ကျွန်တော့်လက်ကို တစ်ခါဖြန့်ပြီး စိုက်ကြည့်နေလိုက်တာ၊ ကျွန်တော့်စိတ်ထင် (၅)မိနစ်လောက်ကြာလိမ့်မလားမပြောတတ်ဘူး၊ နဖူးမှာ ချွေးတွေ စို့လာတာတောင် မြင်ရတယ်၊ ဒီအထိ အာရုံစိုက်ပြီး သူ့ပညာစွမ်းကို အားထုတ်နေတာနဲ့ တူပါတယ် ခင်ဗျာ၊ ပြီးတော့မှ အင်မတန်အင်အားကြီးမားတဲ့ တန်ခိုးတစ်ခုဟာ အဲဒီနေ့မှာ ရှင့်ကို အုပ်စိုးနေတယ်၊ အဲဒါဟာ ရှင့်ရဲ့ရန်သူပဲ၊ နေပါဦး၊ ကျွန်မမြင်ရသလောက်ပြောရမယ်ဆိုရင် ပြောင်းတံလိုလို အခေါင်းပေါက်နဲ့ အရာဝတ္ထုတစ်ခုပဲရှင့်၊ အင်း - ဟုတ်တယ်၊ နို့ပေမဲ့၊ ဘာရယ်လို့တော့ ကျွန်မ အတိအကျ မပြောနိုင်ဘူး၊ ပြောင်းလိုလို ပိုင်းပိုင်းအခေါင်းပေါက်နဲ့ ဝတ္ထုပစ္စည်းများ ရှင် နေ့တိုင်းလုပ်နေတဲ့အလုပ်မှာ ရှိသလား"

"မရှိပါဘူး ခင်ဗျား၊ ကျွန်တော်က ငွေစာရင်းဘက်က ရုံးအုပ်စာရေးကြီးအလုပ်လုပ်တာပဲ၊ ဂဏန်းတွက်ရတယ်၊ အမှုတွဲတွေ ထိန်းရတယ်၊ ခင်ဗျားပြောတဲ့ ခေါင်းပေါက်လိုလို ပြောင်းတံလိုလို ဆိုတာနဲ့ ဘာမှမပတ်သက်ပါဘူး"

"အေးလေ - မပတ်သက်ရင်လဲ ပြီးတာပါပဲ၊ နို့ပေမဲ့ - ကျွန်မမြင်သမျှတော့ ဒါပါပဲ၊ အဲဒီနေ့မှာသာ သတိဝီရိယထားနေရုံပေါ့"

"စကားလက်စလဲ ဖြတ်လိုက်ရော ကျွန်တော်လဲ အပြင်ကို ချက်ချင်းထွက်လာခဲ့တာပဲ၊ အပြင်ဘက်ရောက်မှ အဲဒီ ပြီးစီးအနှံကြီးဟာလဲ ပျောက်သွားတော့တယ်"



"ဒီနောက်ကျွန်တော်တို့နှစ်ယောက် ထွက်လာခဲ့ပြီး မြင်းလှည်းကလေးရတာနဲ့ ဘူတာရုံကို တစ်ခါတည်း တန်းလာခဲ့ကြပါတယ် ခင်ဗျာ"

"ဒီနောက် ကျွန်တော်နဲ့ ခင်ဒေါင်း နှယ်တို့လဲ တဖြည်းဖြည်း တစ်ယောက်နဲ့တစ်ယောက် သဘောချင်း မတိုက်ဆိုင်တာ သိလာပြီး ကွဲကြပါတယ် ခင်ဗျာ၊ လက္ခဏာဆရာ ဟောလိုက်တဲ့အတိုင်း နောင်တစ်နှစ်လောက်အကြာမှာ သဘော်ာရေးတစ်ယောက်နဲ့ အကြောင်းပါသွားတယ်၊ ကျွန်တော်တော့ ဒီအတိုင်းပဲအိမ်ထောင်မပြုဘဲနေခဲ့တယ်"

"ဒါနဲ့ - ကျွန်တော်လဲအဲဒီနေ့ကစပြီး သူ ဟောလိုက်တာ သတိရတိုင်း စိတ်မချမ်းသာဖြစ်မိတယ် ခင်ဗျာ၊ ဗေဒင်ကို အယုံအကြည်မရှိဘူးဆိုပေမယ့်သူဒီလို ပြောလိုက်တာစိတ်ထဲမှာအစွဲတစ်ခုဖြစ်ပြီး ငါမေ့လို့ပဲ လက္ခဏာကြည့်မိတယ်၊ မကြည့်ဘဲနေရရင် တော်လေသားလို့ အောက်မေ့မိတယ်၊ နို့ပေမဲ့ - လွန်ပြီးကိစ္စကို မတတ်နိုင်တော့ဘူး၊ နို့ပေမဲ့ - အခုတော့ ဖြစ်ပြီးပါပြီလေ၊ ကြောက်စရာမရှိတော့ပါဘူး၊ ကျွန်တော့်အသက်ကိုလဲ စိုးရိမ်ဖို့ မလိုတော့ပါဘူး"

သူစိမ်းဖြစ်သူ မောင်ဘစိုးသည် ဦးဘိုးလုံး၏နားနားသို့ကပ်ကာ ရင်းနှီးစွာ ပြောလိုက်ဘိသကဲ့သို့ ပြောလိုက်၏၊ သို့သော် သူ၏ ပြုံးကြောင်သောမျက်လုံးများတွင်ကြောက်ရွံ့လျက်ရှိသောအသွင်အပြင်ကား လျော့ပါးသွားဟန် မရှိသေးချေ၊ ထို့နောက်ဆက်လက်၍ပြောပြန်လေသည်၊

"အဲဒီတော့ - ကျွန်တော့်အဖြစ်ကို စဉ်းစားပဲ ကြည့်ပါတော့ ခင်ဗျာ၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့ ဆိုတာရယ်၊ ပြောင်းတံလိုလို ပိုင်းနိုင်း အခေါင်းပေါက်နဲ့ ကိရိယာတစ်ခုကိုလဲ သတိပြုရမယ်ဆိုတဲ့စကားတွေကိုအစဉ် အမြဲ သတိရနေတယ်၊ ပြောင်းတံလိုလို အခေါင်းပေါက်နဲ့ လက်နက်ဆိုတော့ သေနတ်ပြောင်းကလွဲပြီး ဘာမှမရှိဘူး၊ နို့ပေမဲ့ - ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်တော့ တန်ဆောင်မုန်းလပြည့်လောက်ကျလာရင် ဘယ်မှမသွားဘဲ အိမ်ထဲမှာ ကုပ်နေတော့တာပဲ၊ အနည်းဆုံးခွင့် (၃ - ၄)ရက်တော့ ယူတယ်၊ တစ်ခါတလေလဲ တစ်ပတ်လောက်ခွင့်ယူပြီး အိမ်ထဲမှာချည်း ကုပ်နေမိတယ်၊ ဒီဟာတောင် ကိုယ့်စိတ်ကိုယ် မယုံနိုင်ဘူး ခင်ဗျ၊ ဖို့နေရာက ချွတ်ခနဲကြား ထကြည့် ဒီနေရာက

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ခနဲကြား ထကြည့်မိတယ် ခင်ဗျာ၊ သေနတ်နဲ့တိတ်တိတ်ပုန်းချောင်းပစ်တဲ့ အမှုတွေ သတင်းစာတွေထဲမှာ ဖတ်ဖူးလေတော့ ဒီဟာတွေပဲ တွေးပြီးနေမိတယ်၊ ဇူလိုင်လ(၁၉)ရက်နေ့မှာ ဗိုလ်ချုပ်နဲ့ ဝန်ကြီးတွေကို အတင်းတရကြမ်းဝင်ပြီးပစ်လို့မရှုမလှကျဆုံးရတဲ့ကိစ္စကြီးပြန်ပြီးသတိရမိတယ်၊ မမျှော်လင့်ဘဲဖြစ်ရတဲ့သေနတ်ပစ်မှုတွေအများကြီးပါ ခင်ဗျာ၊ ဒီဟာတွေပဲ တစိမ့်စိမ့် တွေးနေမိတယ်၊

ဒီလိုနဲ့ တစ်နေ့လုံး အချိန်ကုန်ခဲ့ပြီး ညတိုင်းအိပ်လို့တောင်မပျော်ဘူး၊နောက် လပြည့်ကျော်(၉)ရက်နေ့ မိုးလင်းလာမှပဲ စိတ်နှလုံးကို တုံးတုံးချလိုက်မိတော့တယ်၊ဒီလောက်တောင်စိတ်ဒုက္ခရောက်ရပါတယ် ခင်ဗျာ၊ပြန်းခနဲ သေသွားတာ မကြောက်လှပါဘူး၊ လူဆိုတာ သေရမှာချည်းပါပဲ၊ နို့ပေမဲ့ – သေမင်းက ရက်ချိန်းပေးပြီး ကိုယ့်ဆီ လာနေတာကိုတော့ မကြောက်ဘဲ မနေနိုင်ဘူး ခင်ဗျ၊ အဲဒီ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့ ရောက်လာပြီလားဆိုရင် အသက်အန္တရာယ်ဟာ တောင်က လာနီးနီး၊ မြောက်က လာနီးနီး၊ ဟိုနေရာက လာနီးနီး၊ဒီနေရာက လာနီးနီးနဲ့တခြားလူအနေနဲ့ကြည့်ရင် ကျွန်တော်ဟာ အရူးတစ်ယောက်ပါပဲ ခင်ဗျာ”

“ဒါကြောင့် အဲဒီနေ့ မတိုင်ခင် တစ်နည်းနည်းနဲ့ ကြံဖန်ပြီး အလုပ်က အခွင့်ယူ အိမ်မှာနေလို့မလုံခြုံဘူးထင်တဲ့အခါမှာ လုံခြုံမယ်ထင်တဲ့နေရာသွားပြီး နေရတော့တာပါပဲ ခင်ဗျာ၊ တစ်ခါတလေလဲ ငါဟာ ဘာမဟုတ်တဲ့ နတ်ကတော် နတ်ရူးတစ်ယောက်က ပြောလိုက်တဲ့စကား အဟုတ်ကြီးမှတ်နေမိတာ၊ငါအသုံးမကျလို့ပဲလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပါတယ်၊

(၃)နှစ်လောက် ကြာသွားတော့ ကြောက်စိတ်နည်းနည်း ပြေသွားပြီး အစွဲအလမ်းတွေဟာ လျော့ပါးသွားခဲ့တယ်၊ ဒါနဲ့ တစ်နေ့ အိမ်ရှေ့ပြတင်းပေါက်ထွက်ပြီး မှန်ကလေးတစ်ချပ်နဲ့ မုတ်ဆိတ်ရိတ်နေတုန်း လက္ခဏာဖတ်လိုက်တဲ့အတိုင်း ကျွန်တော့်ရဲ့ သေမင်းကို သွားမြင်မိတာကို ခင်ဗျ၊ လက်စသတ်တော့ ကျွန်တော့်ရဲ့သေမင်းဟာ ကျွန်တော်နဲ့မဝေးလှဘူး၊ ကျွန်တော်တို့အိမ်နဲ့ ကပ်နေတဲ့ စက်ရုံကြီးက ခေါင်းတိုင်ကြီးက ကျွန်တော်နေတဲ့အိမ်ဘက်ကို ယိုင်ပြီး အပေါ်က မိုးနေလိုက်တာ နေ့ပြီမလား၊ ညပြီမလား မသိဘူး၊ ဒါဟာ ဧကန္တ – ကျွန်တော့်ရဲ့သေမင်းပဲလို့ တွေးမိတာကို ခင်ဗျာ၊ ဒီဟာကြီးရဲ့ အန္တရာယ်ကိုလည်း တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့ဆိုရင် ရှောင်မှဖြစ်မယ်၊ ဒါကြောင့် ကျွန်တော့်ဖြင့် တန်ဆောင်မုန်းလပြည့် ရုံးပိတ်ရက်လောက်ကစပြီး အနည်းဆုံး (၁၀)ရက်၊ (၁၂)ရက်လောက်တော့ အခွင့်ယူလိုက်တာပဲ၊ မတတ်သာလို့ ရှိးရိုးခွင့်မရရင် တစ်နည်းနည်းနဲ့ အကြောင်းပြပြီး လစာမဲ့ခွင့်ဖြစ်ဖြစ်ယူလိုက်တယ်၊ ကိစ္စက သေရေးရှင်ရေးဆိုတော့ လုပ်ရတော့တာပဲ ခင်ဗျ”



သူစိမ်းမောင်ဘစိုးသည် ဦးဘိုးလုံးအား မိမိစကားကိုထောက်ခံစေလိုသည့်သဘောဖြင့် ကြည့်လိုက်၏၊ သို့သော် ဦးဘိုးလုံးသည် တစ်စုံတစ်ရာ ထောက်ခံခြင်းမပြုဘဲ မောင်ဘစိုး၏မျက်နှာကိုသာ စိုက်၍ကြည့်ရှုလျက်ရှိလေသည်၊ ဆီးနင်းများလည်း ကျလျက်ပင် ရှိသေး၏၊ ကိုဘစိုးက ဆက်လက်၍ –

“ကျွန်တော်ဟာအရင်ကဒီလောက်အစွဲလမ်းကြီးတဲ့လူတစ်ယောက်မဟုတ်ပါဘူး ခင်ဗျာ၊ နို့ပေမဲ့ – အဲဒီလိုကျွန်တော့်အသက်နဲ့ပတ်သက်လို့ ဟောလိုက်တဲ့နေ့ကစပြီး ဘယ်လောက်ပဲ အမှတ်မဲ့နေတယ်ဆိုဆို တန်ဆောင်မုန်းလဆန်းလာရင်ပဲ ဒီဟာကို သတိရလာပြီး အိမ်မှာ မနေချင်တော့ဘဲ ထွက်ပြေးချင်တဲ့စိတ်တွေ ပေါ်လာတော့တာပဲ ခင်ဗျ၊ ဒါနဲ့ တစ်နေ့တော့ စိတ်ကူးပေါက်ပြီး ကျွန်တော်သွားချင်တဲ့နေရာ ကျွန်တော်သွားချင်တဲ့အချိန် သွားရအောင် မော်တော်ကားတစ်ပတ်ရစ်ကလေးတစ်စု ဝယ်လိုက်တယ်၊ အဖိုးလည်း သိပ်မများလှပါဘူး၊ ငွေပေးတဲ့ နေရာမှာလည်း လွယ်ကူအောင် လစဉ်အရစ်ကျနဲ့ ပေးရပါတယ်၊ အဲဒီကားကလေးရကတည်းက တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်၊ (၂)ရက်ကျရင်ပဲ ကျွန်တော့်ရဲ့ပစ္စည်းကလေးတွေ ရှိစုမဲ့စုယူ စားရေရိက္ခာကလေး ဘာကလေး လုံလောက်အောင်တင်ပြီး ခရီးထွက်တော့တာပါပဲ ခင်ဗျာ၊

အဲဒီလို ကားကလေးနဲ့ ခရီးထွက်တာ ဒီတစ်ခါတော့ ပြည်ဘက်ကို မသွားဘဲ တောင်ငူဘက်ကို သွားဦးမှပဲဆိုပြီး ထွက်ခဲ့တာကို ခင်ဗျ၊ ကားနဲ့ သွားတယ်ဆိုပေမယ့် ကျွန်တော်က မြို့ကြီးပြကြီးတွေမဝင်ဘူး၊ အင်မတန်မလွဲမကင်းသာမှ ဝင်တယ်၊ လူစည်ကားတဲ့နေရာတွေ တတ်နိုင်သမျှ ရှောင်ခဲ့တယ်၊ ဘုန်းကြီးကျောင်းတစ်ကျောင်း ကျောင်းတွေကို စခန်းချချင် ချနေတာပဲ၊ ဒါနဲ့ – အဲဒီအခါ

www.burmeseclassic.com



တုန်းက တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်နေ့ကတည်းက အိမ်က ထွက်လာပြီး ထောက်ကြံ့မှာ တစ်ညအိပ်၊ ပဲခူးနားက ရွှေလေ့မှာ တစ်ညအိပ်၊ ညောင်လေးပင်တစ်ညအိပ်၊ ပြွန်တန်ဆာမှာ တစ်ညအိပ်ပြီး လပြည့်ကျော်(၇)ရက်နေ့ညနေမှာ ထွက်လာခဲ့တာ ကညွတ်ကွင်းကို ည(၁၀)နာရီကျော်ကျော်လောက်မှ ရောက်လာတယ်။

ဆောင်းဦးပေါက်လည်းဖြစ်ပြန်၊ ရွာကလေးကလည်း ငယ်ပြန်ဆိုတော့ တစ်ရွာလုံး တိတ်ဆိတ်နေတာပဲ။ ဘူတာရုံဘက်မှာသာ မီးမြင်တာနဲ့ လာခဲ့တော့ ဘူတာရုံက ထမင်းဆိုင်ကလေး မပိတ်သေးဘူး။ ဒါနဲ့ - ထမင်းစား၊ ကညွတ်ကွင်းမှာ အိပ်ချင်တဲ့စိတ် မရှိလေတော့ ... ဖြူး ရောက်အောင်ပဲ မောင်းမယ်ဆိုပြီး လာခဲ့တာကို ခင်ဗျ။ ကျွန်တော်က ပေတစ်ရာလမ်းကြီးအတိုင်း မလာဘဲ ကြို့ပိုင်းနားကပ်ပြီး ဖောက်ထားတဲ့လမ်းကလေးတမောင်းလာတယ် ခင်ဗျ။ ဒီလမ်းကလေးဟာ "ဖဟား" ရွာကဖြတ်ပြီး ဖြူးအရှေ့ဘက်က မြို့ထဲကို တစ်ခါတည်း ဖြတ်ဝင်နိုင်တယ်။ ဖြူးမှာ စစ်မဖြစ်ခင် (၄-၅)နှစ်လောက်က ကျွန်တော် နေခဲ့ဖူးလို့ သိတယ်။ အဲဒီလမ်းကလေးအတိုင်းမောင်းလာခဲ့တာ။ တစ်မိုင်လောက် ရှိသေး၊ အင်ဂျင်ဒုက္ခပေးတာပါပဲ ခင်ဗျာ။ နို့ပေမဲ့ ကိုယ်သွားချင်တဲ့နေရာ ရောက်ချင်တဲ့ ဇောနဲ့ ပြင်လိုက်တာ (၂)နာရီထိုးပြီးလောက်မှ ကောင်းသွားတော့တယ်။ အတော်အေးလာတဲ့ရာသီမှာ ချွေးဒီးဒီးကျအောင်ပြင်ရတာပါပဲ၊ ဒါပေမဲ့ - မောရကောင်းမှန်းမသိဘူး ခင်ဗျ။ ဒါနဲ့ ကြို့ပိုင်းဘေးက လမ်းကလေးအတိုင်း မောင်းသွားလိုက်တာ (၁)နာရီကျော်ကျော်လောက် မောင်းမိတော့ လမ်းကလေးဟာ အရင်ကအတိုင်း မဟုတ်တော့ဘဲ တဖြည်းဖြည်း ကျဉ်းမြောင်းလာတယ်၊ ချိုင့်တွေ၊ ဖုန်ဆိုးမြေတွင်းတွေလဲ အရင်ကထက် ပိုများလာတာ တွေ့ရတယ်၊ ဒီတော့မှ ငါလက်ယာဘက်ကို မလိုက်မိဘဲ ရွာနားကပ်နေတဲ့ လက်ဝဲဘက်လမ်း၊ လိုက်မိတာ လမ်းများ မှားသလားဆိုပြီး သံသယဖြစ်မိတယ်၊ နို့ပေမဲ့ - ခရီးက အတော်လွန်လာပြီ၊ လမ်းကလည်း အင်မတန်ကျဉ်းဆိုတော့ နောက်ပြန်လို့မဖြစ်တော့ဘူး။ ဒါနဲ့ - ဇွတ်မှိတ်ပြီး လမ်းကြမ်းလျက်သားနဲ့ ရှေ့ကို တိုးမောင်းလာတာ၊ (၂)ဖာလုံလောက်ရောက်တော့ လမ်းဟာ ကျွန်တော့်ကား ကလေးတစ်စီး မောင်းရရုံလောက်ပဲ ရှိတော့တယ်၊



မှောင်လိုက်တာ ပိန်းလို့။ နှင်းတွေကလည်း ကျလိုက်တာ မပြောနဲ့တော့၊ ချမ်းလိုက်တာလဲ လွန်ပါရော၊ အင်း - ငါ့တော့ မှားပြီ၊ ကိုယ့်အိမ်ကိုယ့်ရာမှာ စိတ်အေးလက်အေး နေနိုင်လျက်သားနဲ့ ဘာမဟုတ်တဲ့ စုန်းရှူးနတ်ရှူးမှော်ရှူး မိန်းမတစ်ယောက်ရဲ့ စကားကို ယုံကြည်ပြီး ထွက်လာခဲ့တာ ငါ့လောက် မိုက်တဲ့လူ ဘယ်မှာရှိမလဲလို့ တွေးမိပါတယ်ခင်ဗျာ။

မိုးသောက်ဘက်နီးလေလေ၊ နှင်းတွေကလည်း ကျလာလေလေ နှင်းပိတ်ပြီ၊ လမ်းစကိုလဲ မမြင်ရတော့ဘူး။ လက်ဝဲဘက်က နည်းနည်းတောရှင်းပြီး ချုံပုတ်တွေ မြင်ရတယ် ခင်ဗျ။ လက်ယာဘက်မှာတော့ ကြို့ပိုင်းတောအုပ်ကြီးပဲ ရှိတယ်။ ဒါနဲ့ - ဟယ် - ခုမှဖြင့် မထူးတော့ပါဘူး။ ငါလည်း ပင်ပန်းလှပြီ၊ တစ်မှေးမှလည်း မအိပ်ရသေးဘူး။ ရောက်တဲ့နေရာ တစ်မှေးလောက်ပဲ မှေးရ မှေးရ ဆိုပြီး ကားကို တစ်ခါတည်း ရပ်ပစ်လိုက်တယ်၊ ရှေ့ကို ဆက်ပြီးမမောင်းနိုင်မယ့်အတူတူ ဒီနေရာမှာပဲ စခန်းချတော့မယ်ဆိုပြီး စိတ်ကို သန္နိဋ္ဌာန်ချလိုက်တယ်။ ဒီနောက် ကားပေါ်တက်၊ အပေါ်ကုတ်အင်္ကျီထပ်ဝတ် ပုလင်းထဲက "ရမ်" ကလေးတစ်ကျိုက် လောက်မော့၊ သတ္တုလတ်စောင်ကြီးခြုံပြီး ကားနောက်ပိုင်းမှာ အသာကလေး လှဲနေလိုက်တယ် ခင်ဗျ။ ချမ်းလိုက်တာလဲ ခိုက်ခိုက်တုန်နေတာပဲ။

စောင်နဲ့ကွေးပြီးမျက်စိကိုမှေးလိုက်ရုံရှိသေး၊ အင်း - ငါသေရမယ့်ရက် တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့တော့ မိုးလင်းလာပြီဆိုတဲ့ဟာ သွားပြီ သတိရလိုက်မိတယ်။ နို့ပေမဲ့ - ဒီမိန်းမကြီးပြောလိုက်တာက ဒီနေ့မှာအင်မတန်အင်အားကြီးမားတဲ့ တန်ခိုးသတ္တိတစ်ခုဟာ ကိုယ့်အပေါ်မှာ အုပ်စိုးနေလိမ့်မယ်။ အင်မတန် ဆိတ်ငြိမ်တဲ့နေရာမှာ သေခြင်းတရားကို တွေ့ရလိမ့်မယ်လို့သာ ပြောလိုက်တာ၊ ငါ သေလိမ့်မယ်လို့ တိတိကျကျ ပြောတာမဟုတ်ဘူး။ အဲဒါကို ရှောင်ကြဉ်ဖို့သတိထားဖို့သာ ပြောလိုက်တာပဲ၊ ပြီးတော့ ဆိတ်ငြိမ်တဲ့နေရာဆိုတာလဲ ဒီနေရာထက် ဆိတ်ငြိမ်တဲ့နေရာတွေ အများကြီးရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ်ကိုယ်အားပေးရတာကို ခင်ဗျ။ ဒီလိုစိတ်ကို တင်းပေးမယ့်အချိန်ကလဲ မနက်(၃)နာရီ၊ (၄)နာရီရောက်နေတဲ့နေရာကလဲ သစ်တောကြီးပိုင်းကြီးနားမှာ လူစလူနလည်း မတွေ့၊ ရွာကလည်း အဝေးကြီးဆိုတော့ ငြိမ်လိုက်တဲ့အမျိုး ဆိုတာလဲ သစ်ရွက်တစ်ရွက် လေတိုက်သံ

www.burmeseclassic.com

www.burmeseclassic.com



တောင် မကြားဘူး။ ဒီတော့ - အတော်ပဲ စိတ်အားငယ်မိပါတယ် ခင်ဗျာ၊ အိမ်ပေါ် ကိုပြိုကျမတတ် မိုးနေတဲ့စက်ခေါင်းတိုင်ကြီး ကြောက်တာနဲ့ ထွက်ပြေးလာခဲ့တာ အခု တောကြီးထဲမှာမှ ဒုက္ခများ ရောက်မှာလားလို့ ကြံပြီး တွေးမိပြန်ပါတယ်။

ပြီးတော့ - အဲဒီအချိန်မှာကျွန်တော် တစ်ခုစဉ်းစားမိတာကဒီနေရာဟာဆိတ်ငြိမ်ပြီးနေပေမယ့် ကျွန်တော်ထင်တဲ့ အတိုင်း သက်ရှိသတ္တဝါကင်းမဲ့တဲ့နေရာ မဟုတ်ဘူး။ အနီးပတ်ဝန်းကျင်မှာ သက်ရှိသတ္တဝါတစ်ကောင်ကောင် ရှိနေသလိုလို၊ ဘာလိုလို ကိုယ့်လိပ်ပြာကိုယ် မလုံဖြစ်မိတယ် ခင်ဗျ။ နတ်များ နိုးဆော်သလားတော့ မပြောတတ်ဘူး၊ နာရီကြည့်လိုက်တော့ (၃)နာရီ၊ (၃၅)မိနစ်ပဲ ရှိသေးတယ်။ လကလေးကလည်း ဝင်လုဝင်ခင် ရွှေဝါရောင်တောက်ပြီး ချုံတွေနောက်ကို တဖြည်းဖြည်းဝင်နေတယ်၊ စိတ်ချမ်းသာတဲ့လူတွေအတွက်တော့ လွမ်းဆွတ်ကြည်နူးစရာကောင်းတဲ့ အချိန်ကလေးလို့လဲ ခေါ်နိုင်တာပဲ ခင်ဗျ။

"အဲဒီလိုနေတုန်း ... ဖြုန်းခနဲ ကျွန်တော့်ရဲ့ ရှေ့လက်ဝဲဘက် ချုံပုတ်ခပ်မြင့်မြင့်ဆီက "ဝါး" ခနဲ အော်လိုက်တဲ့အသံတစ်သံ ကြားလိုက်ရတာကို ခင်ဗျ။ အို - ကျွန်တော့် ရိုးတွင်းချဉ်ဆီထဲ စိမ့်ဝင်သွားသလို အောက်မေ့လိုက်ရတယ်၊ လူ့ပဲလား၊ တောရိုင်းတိရစ္ဆာန်တစ်ကောင်ကောင်ရဲ့အသံပဲလား မပြောတတ်ပါဘူး ခင်ဗျာ၊ ကြက်သီးမွေးညင်းတွေထပြီး ကျွန်တော့်ခေါင်းဟာ ပုတ်လောက် ကြီးသွားတယ် ထင်ရတယ်"

"အို - ဒီနေရာမှာ လူတော့ မဟုတ်နိုင်ပါဘူး၊ တိရစ္ဆာန်တစ်ကောင်ပဲ ဖြစ်ရမယ်၊ ကြိုးဝိုင်းဆိုတော့ ခွေးအတို့ ကျားသစ်တို့ ရှိတာပေါ့လို့ ကိုယ့်ကိုယ်ကိုယ် အားပေးသလို စိတ်ထဲက ရေရွတ်လိုက်မိတယ်၊ နို့ပေမဲ့ - အသံတစ်သံက "ဒါပဲ၊ ဒါပဲ - ဒါဟာ နင့်သေမင်းပဲ၊ နင်ပြေးလို့ မလွတ်ဘူး" လို့ ပြောနေသလိုပဲ၊ ကျွန်တော့်တစ်ကိုယ်လုံးဟာ တဆတ်ဆတ် တုန်ပြီး နဖူးက ချွေးတွေလဲ ရွှဲနေတာပဲ၊ အပေါက်ကနေပြီး အသံကြားတဲ့ဘက်ကို ကြည့်ဖို့တောင် ခွက်တစ်ဆယ် အလေးကိုမ,ရသလိုအတော်အားယူပြီး ကြည့်ရတယ်၊ ကြည့်တော့ ဘာမှမမြင်ပါဘူး ခင်ဗျာ၊ အဝါရင့်ရောင်သန်းနေတဲ့ အလင်းရောင် ခပ်မှုန်မှုန်ကို နောက်ခံထားပြီး ပေါ်နေတဲ့ ချုံပုတ်ကြီးပဲ မြင်ရ



တယ်၊ ဒါနဲ့ - ကေန္တ - လူတော့ မဟုတ်ဘူး။ လရောင်ကိုကြည့်ပြီးခွေးအများဟာ အူတတ်သတဲ့၊ ဩော် - တစ်ခုလဲ ရှိသေးတယ်၊ အရူးများဟာ ဒီလိုလရောင်ကို မြင်ရတဲ့အခါ အရူးထတတ်တယ်ဆိုပဲ၊ နို့ပေမဲ့ - ရွာက ဝေးလို့ အရူးလဲ မဟုတ်နိုင်ပါဘူးလို့ တစ်ခါ စဉ်းစားမိပြန်တယ်၊ အသံကတော့ အင်မတန် ကြောက်စရာကောင်းတဲ့အသံမျိုးလို့ ထင်လိုက်တာပဲ ခင်ဗျ"

ဒီအချိန် လရောင်ကလေးကလည်း ဝင်းလာ၊ နှင်းကလေးကလည်းအတော်ကွဲ သွားတော့ ရှေ့သွားရမယ့် လမ်းကလေးကို နည်းနည်းမြင်ရလာတယ် ခင်ဗျ၊ ဒါနဲ့ ကျွန်တော်လည်း ဒီနေရာမှာ နေရတာတော့ ကားမောင်းပြီး သွားနေတာက တော်လိမ့်ဦးမယ်ဆိုပြီး ကားကို ကပျာကယာ စက်နှိုးထွက်ပါလေရော ခင်ဗျာ၊ အဲဒီလိုလည်း ထွက်ရော ချုံပုတ်နောက်က လူတစ်ယောက်ရဲ့အရိပ်ဟာ မားခနဲ ထလာပြီး ဒီလူဟာ ချုံထဲက လမ်းပေါ်ကို ပြေးထွက်လာတာ မြင်ရတာကို ခင်ဗျ၊ လက်တစ်ဖက်ကို မြှောက်ပြီး ကျွန်တော့်ကို ဘာပြောမှန်း မသိဘူး၊ ပြောလိုက်တယ်၊ ဘောင်းဘီတိုနဲ့ ဂျာကင်အင်္ကျီအညိုရောင်နဲ့ အဝတ်အစားက ခပ်စုတ်စုတ်ပါပဲ၊ ဒါပေမဲ့ - သူ့လက်ထဲမှာ သေနတ်ကြီးနဲ့ ခင်ဗျ၊ သေနတ်က ကျွန်တော့်ဘက်ကိုတော့ ချိန်မထားပါဘူး၊ နို့ပေမဲ့ - ဘယ်အခါမဆို ချိန်နိုင်တာကို သည်တော့မှ ကျွန်တော့်စိတ်ထဲ လဈွကာဆရာမကြီး ပောလိုက်တဲ့ "ပြောင်းလိုလို ဝိုင်းဝိုင်းအခေါင်းပေါက်နဲ့ လက်နက်" ဆိုတာ ဒါပါကလား၊ ဒီကနေ့ဟာလည်း တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်၊ နေရာကလည်း အင်မတန်ဆိတ်ငြိမ်တဲ့နေရာ၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ သူဟာ ငါ့သေမင်းပဲ၊ လက်စသတ်တော့ သေခြင်းနဲ့ ရင်ဆိုင်တွေ့လိမ့်မယ်ဆိုတာ ဒီဟာပဲကိုး။ ကိုင်း - ဒီတော့ - သူ့မပစ်ခင် ငါက လက်ဦးအောင် ကြိတ်လိုက်မှပဲဆိုပြီး ဂီယာကိုဆောင့်နင်းလိုက်တော့ ကားဟာ အရှိန်နဲ့ တိုးသွားလိုက်တာ၊ ဒီလူလည်း ကားလက်ဝဲဘက်ဘီးအောက်ဝင်သွားပြီး "အင့်" ခနဲ တစ်ချက်တည်းအော်လိုက်တဲ့အသံကလွဲလို့ ကျွန်တော်လည်း မှိန်ထူသွားပြီး ဘာသံမှ မကြားရတော့ပါဘူး ခင်ဗျာ။

ရှေ့ကိုက် (၅၀) လောက်မှာ လမ်းကလေးဟာ တစ်ဖက်ကို တစ်ခေ လောက် စောင်းပြီး ကျဉ်းလိုက်တာက လည်း ကျွန်တော် ကားသီးလွတ်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ကလေးပဲ ရှိတယ်၊ တစ်ဖက်တစ်ချက်မှာလဲ (၁၀)ပေလောက်နက်တဲ့ချောက်ကြီး ခင်ဗျ။ ဟိုဘက်ရောက်မှ ကျွန်တော်သတိပြုမိတယ်၊ ဒီလောက်လမ်းကျဉ်းကလေးကိုကား ဘာမှမဖြစ်ဘဲဖြတ်လာနိုင်တာကျွန်တော်ဖြင့်အံ့သြလို့မဆုံးဘူး။ ကြောက်စိတ်က တိုက်တွန်းနေတော့ ရှေ့မှာရှိတဲ့အန္တရာယ်ကို မမြင်နိုင်ဘူးပေါ့ ခင်ဗျာ။ မျက်စိမှိတ်ပြီးဆင်ကန်းတောတိုးဖွတ်မောင်းခဲ့တာပဲ။

အလင်းရောင်ကလေးကလည်းပေါ်လာပြီး နည်းနည်း ခေါင်းအေးသွားတော့မှ ကျွန်တော်စဉ်းစားမိတယ်၊ ဒီလူဟာ ငါနဲ့ ဖြိုးသူရန်ဘက်လည်းမဟုတ်၊ သူ့ကိုလည်းငါက ဘာမှမလုပ်ဘဲနဲ့လက်တစ်ဖက်ကို သူ ဖြောက်ပြီးအော်လိုက်တာဟာ ရှေ့မှာ ကားသွားလို့မရဘူး။ လမ်းပျက်နေတယ်ဆိုတဲ့ အကြောင်းငါ့ကို သတိပေးမလို့ ထွက်လာတာများလား။ ငါလည်းသေနတ်ပြောင်းကိုမြင်ရဲ့နဲ့ အကြောက်ကြီးပြီး ဘာမှမဆင်ခြင်ဘဲ တရကြမ်း ကားနဲ့ တိုက်ပြီးသတ်ခဲ့တာငါမှားပြီ၊ ဒီလူဟာ လူဆိုးသူဆိုးတွေပစ်ဖို့ပဲ စောင့်နေသလား။ ဒါမှမဟုတ်ရင်လည်း တောကောင်တစ်ကောင်ကောင်ပစ်ဖို့စောင်းနေသလားမပြောတတ်ဘူး။

အကျိုးအကြောင်းသိရအောင်ဆိုပြီး ကျွန်တော် နောက်လှည့်ပြန်ဦးမယ်စိတ်ကူးမိသေးတယ် ခင်ဗျ။

နို့ပေမဲ့ - နောက်ကျနေရောပေါ့။ ပြီးတော့လဲ - ငါဟာ ကြောက်ကြောက်ရွံ့ရွံ့နဲ့ကိုယ့်အသက်ကိုကာကွယ်ဖို့ဒီလိုလုပ်မိပါတယ် ပြောရင်လည်း ဘယ်သူကမှ ယုံမှာမဟုတ်ဘူး၊ ဘယ်တရားသူကြီးကမှ ကင်းလွတ်ချက်ပေးနိုင်မှာ မဟုတ်ဘူး။ ဟယ် - သူ့ထိုက်နဲ့ သူ့ကံ နေပေစေတော့ ဆိုပြီး နောက်ကိုတောင် လှည့်မကြည့်တော့ဘဲ တစ်ခါတည်း သုတ်ခြေတင်ပြီးတွင်တွင်ကြီးမောင်းလာခဲ့တာကို ခင်ဗျ။ ဒီနောက် - မိုးလင်းလာပြီး ကျွန်တော့် လတ်ယာဘက် တစ်မိုင်ကွာလောက်မှာ ရွာကလေးတစ်ရွာ မြင်ရတယ်၊ လက်ယာဘက်ယွန်းယွန်း ရှေ့တည့်တည့် (၂)မိုင်ကွာလောက်မှာ သစ်ပင်အုပ်ကြီးတွေနဲ့ မှိုင်းမှိုင်းကြီး မြင်ရတော့မှ "ဖြူး"မြို့ဖြစ်တဲ့အကြောင်း သိရတယ်။ ဖြူးကို ခကာဝင်ဖို့ညကကြံရွယ်ထားပေမယ့်မဝင်တော့ပါဘူး။ မီးရထားခုံကျော်တလေး ဖြတ်၊ ပြည် - ရန်ကုန်လမ်းမကြီးပေါ်တက်၊ ဒီအတိုင်းမောင်းခဲ့တာ တောင်ငူကို (၉)နာရီခွဲလောက်ရောက်လာတာပါပဲ။



၄၄ ဒီတာတဲ့တစ်ပြီး
ကျွန်တော်လည်း နှစ်စဉ်နှစ်တိုင်း
တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့
ကျရင် သူ့သင်္ချိုင်းကလေးရှိတဲ့နေရာ
ရောက်အောင်လာပြီး သူ့သင်္ချိုင်းမြေပုံပေါ်မှာ
ပန်းခွေတစ်ခွေဖြစ်ဖြစ် မတတ်သာတဲ့အဆုံး
ပန်းပွင့်ကလေးတစ်ပွင့်ဖြစ်ဖြစ် လာပြီး
ချထားတယ် ခင်ဗျ။ ဒီတာ ကျွန်တော်ရဲ့
အဟိတ်ကို ထိပ်ပြီးခံသွားရှာတာကို ခင်ဗျ။



တောင်ငူရောက်တော့မှ ရွှေဆံတော်ဘုရားကြီး ပထမဝင်ဖူးပြီး ကိုယ့်စိတ်ကိုယ်ငြိမ်အောင် မနည်းထိန်းပြီးတဲ့နောက်မှ အုတ်ကြွပ်တန်းမှာရှိတဲ့ သူငယ်ချင်းတစ်ယောက်အိမ် သွားတည်းရတယ်၊ အဲဒီအိမ်မှာ တစ်နေ့လုံး တစ်ညလုံးစိတ်ချလက်ချအိပ်လိုက်တာနောက်တစ်နေ့ တန်ဆောင်မုန်းလဆန်း (၉)ရက်နေ့ မနက်မိုးလင်းခါမှ "ဟင်း"ခနဲသက်ပြင်းတစ်ချက် ချလိုက်မိပါတယ် ခင်ဗျာ၊ အင်း - ငါတော့ ပြောင်းဝကလည်းလွတ်လာပြီ၊ လူသတ်မှုကလည်းလွတ်လာပြီ။ ဘယ်သူမှ ငါ့ကားနဲ့ တိုက်သတ်တာ မြင်တာလည်း မဟုတ်ဘူး၊ ငါ့နောက်ကိုလည်း ဘယ်သူမှ ခြေရာခံလိုက်နိုင်မှာ မဟုတ်ဘူးဆိုပြီး ဒီအခါမှ စိတ်နှလုံးကို တုံးတုံးချလိုက်ရတာကို ခင်ဗျ။ ထူးဆန်းတာက ဒီမိန်းမကြီးပြောလိုက်တာ မမှန်ဘူးလည်း မဆိုနိုင်ဘူး။ အင်မတန် ဆိတ်ငြိမ်တဲ့နေရာမှာ ခေသြင်းတရားနဲ့ ရင်ဆိုင်တွေ့လိမ့်မယ်ဆိုတာ သူပြောတဲ့တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်ဆိုတာလည်း ကိုက်နေတာပဲ၊ ပြောင်းဝတံလိုလိုအခေါင်းပေါက်နဲ့ ဝိုင်းဝိုင်းလက်နက်တစ်ခုဆိုတာလဲ ... လူ့လက်ထဲမှာ ကိုင်လာတဲ့သေ...ကို ဆို

www.burmeseclassic.com



လိုတာပဲ။ တစ်ခု - သူ ပြောလိုက်တာကလဲ၊ ကံကြမ္မာဆိုတာ ဘယ်လိုပဲ ကိုယ့်ဆီကို လာနေပစေ၊ ကာကွယ်ဖို့ လွတ်မြောက်ဖို့ အခွင့်အရေးတစ်ခုခုတော့ ရှိတာပဲဆိုတဲ့အဓိပ္ပာယ်ပါတယ် ခင်ဗျ။ အခုကိစ္စမှာ ကြည့်ပါလား။ ကျွန်တော် ကာကွယ်လိုက်လို့ ကျွန်တော့်အသက်ရှင်လွတ်မြောက်ပြီးသူသေသွားရတယ်၊ လုပ်ရတော့တာပဲ ခင်ဗျ။ ကိုယ့်အသက်ထက် သူများအသက်တော့ ပိုပြီးမခင်နိုင်တော့ဘူး။

တစ်ခုဝမ်းနည်းစရာကောင်းတာက လပြည့်ကျော်(၁၀)ရက်နေ့ ရန်ကုန်ပြန်ရောက်လို့ နောက်တစ်နေ့ သတင်းစာတွေထဲမှာ မြင်ရတော့မှ သာပြီး စိတ်မကောင်းဖြစ်မိတာကို ခင်ဗျ။ သူငယ်က ညောင်ပင်သာရွာက သူငယ်ဆိုပဲ။ အဲဒီနေ့ညက ကြို့ပိုင်းစပ်မှာ ကျားသစ်တစ်ကောင်ဟာ သောင်းကျန်းပြီး ရွာထဲလာကြက်တွေဆွဲ၊ ဘဲတွေဆွဲ၊ ဆွဲလေတော့ ဒီကျားသူ့ကိုပစ်ရအောင်ချောင်းနေတဲ့ သူငယ်ဆိုပဲ။ သနားစရာကောင်းလိုက်လေ ခင်ဗျာ။ ကျွန်တော့်ရဲ့အစွဲအလမ်းကြောင့်မများသက်သက်မဲ့သေသွားရရှာတယ်။

ဒီကတဲကစပြီး ကျွန်တော်လည်း နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့ကျရင် သူ့သချိုင်းကလေးရှိတဲ့နေရာ ရောက်အောင်လာပြီး သူ့သချိုင်းမြေပုံပေါ်မှာ ပန်းခွေတစ်ခွေဖြစ်ဖြစ် မတတ်သာတဲ့အဆုံး ပန်းပွင့်ကလေးတစ်ပွင့်ဖြစ်ဖြစ် လာပြီးချထားတယ် ခင်ဗျ။ ဒါဟာ ကျွန်တော့်ရဲ့ဒုက္ခကို ဝင်ပြီးခံသွားရှာတာကို ခင်ဗျ။

ပုလိပ်ကို တိုင်ချင်လည်း တိုင်ပါတော့ ခင်ဗျာ။ ဒီဟာ ကျွန်တော့်အဖြစ်အပျက်ပါပဲ။

"မတိုင်ပါဘူး - ကျုပ်က ဘာဖြစ်လို့တိုင်ရမှာလဲ"

ဦးဘိုးလုံးသည်နေရာမှအတန်ငယ်ထ၍သွားကာ ပိုက်လုံးပြောင်းများ စုပုံထားသည့်အပုံထဲမှာ တံတောင်သာသာ ခန့်ရှိပိုက်လုံးတစ်လုံးကိုဆွဲယူလိုက်လေသည်။

ထို့နောက် ကျားနာတစ်ကောင်ကဲ့သို့ မောင်ဘစိုးအား ခုန်၍ အုပ်ပြီးလျှင် ဦးခေါင်းကိုပိုက်လုံးဖြင့် တစ်ချက်တည်းတအားရိုက်ချလိုက်ရာ သေဘေးကို ပြေး၍မလွတ်ရှာသော မောင်ဘစိုးသည် သချိုင်းမြေပုံပေါ်သို့ ကန့်လန့်ဖြတ်လဲကျသွားရှာလေ၏။



"ငါသား သတ်တဲ့အကောင် - အခုမှပဲ လက်စားချေရတော့တယ်ကွယ်" ဟု ရေရွတ်ကာ ဦးဘိုးလုံးသည် ဘူတာရုံဘက်သို့ ထွက်သွားလေသည်။

⇨ ဒဂုန်ရွှေမျှား

**လေနာ**

(၁) နံနက်အိပ်ရာထတိုင်း ဆားကို မန်ကျည်းစေ့ခန့် သောက်ပေးပါ။ နာတာရှည်လေနာပျောက်၏။

(၂) ခွေးလှေးယားမြစ် သတ္တုရည်ကို တစ်လတီတီ သောက်ပါ။

(၃) ကသစ်ရွက်၊ ပိုးစာရွက်၊ ကြာဟင်းညှန့်(၃)မျိုးကိုဟင်းချိုချက်၍မကြာခဏ သောက်ပေးပါ။ လေနာလေဖြင် ကွဲ၍ကျ၏။

(၄) ကြက်သွန်ဖြူကို နမ်းဆီနင့်စိမ်၍ ဆားအနည်းငယ်ထည့်ပြီး ထမင်းမစားမီစားပါ။ ပျောက်၏။

(၅) ဆင်တုံးမနွယ် နုပ်နုပ်စဉ်း၊ ရေနင့် ညောင်စေးကျအောင်ကျို၍ ထောပတ်နင့် စားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ရန်လုံးနဲ့ အောင်မင်းမင်းရဲ့ အေးမမရဲ့

ဆွေမြင့်



တိရစ္ဆာန်နှင့် လူသားနှစ်ယောက်ကြားရှိ အကြင်နာတရား၊ အနစ်နာခံမှု၊ မကောင်းမှုကို စက်ဆုပ်မှုကို တွေ့မြင်ရမည့် ..



**အေးမမ**

ကိုအောင်ဟာ ဒီနေ့မှာလဲ သွားနေကျနေရာကိုပဲဝီလီဂျစ်လေးနဲ့မောင်းလာခဲ့တယ်။ အမိုးဖြုတ်ထားတဲ့အတွက် နေရောင်ခြည်အောက်မှာဆိုရင်နေပူရှိန်ခံစားရမှာပါ။ ဒါပေမဲ့ - ကျွန်မတို့ဇနီးမောင်နှံနှစ်ယောက်သား အိမ်က ထွက်လာကြတဲ့အချိန်ဟာ အရုဏ်ဦးကို လွန်မြောက်ခါစအချိန်ကတည်းကဆိုတော့ အခုလို နေမြင့်လာတဲ့အခါမှာ တောအုပ်ထဲကို ရောက်နေကြပြီပေါ့။

သိပ်လည်း ထူထပ်တဲ့ သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်တွေဟာ နေရောင်ခြည်ကို ပိတ်ဆီးကာမိုးထားတဲ့အတွက် သစ်ရွက်အကြိုအကြားကို ဖြတ်သန်းပြီး ကျရောက်တဲ့ အလင်းရောင် အစက်အပြောက်လေးတွေလောက်ပဲ မြေပြင်ပေါ်မှာ တွေ့ရတယ်။

တောအုပ်ပေါ်မှာ ဆိုင်းနေတဲ့ ရေမိုးရေငွေ့တွေဟာ နေရောင်ခြည်နဲ့ ထိတွေ့လိုက်တာနဲ့တစ်ပြိုင်နက်ဝေဟင်အာကာထက်ကို ပြန့်လွင့်တက်သွားကြတော့တာပါပဲ။

အိမ်က စပြီးထွက်ကတည်းကကိုအောင်ရဲ့မျက်နှာကြီးဟာ ရွာတော့မယ့် မိုးလို အုပ်ဆိုင်းညှိုးငိုင်းနေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်လုံးလည်းစကားတစ်ခွန်းတစ်ပါဒမှ မပြောဘူး။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားတယ်။

ကားစတီယာရင်ကိုသာ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ပြီး ရှေ့တည့်တည့်မျက်နှာမူရာအရပ်ကိုပဲ အာရုံစိုက်ပြီး မောင်းနေခဲ့တယ်။ ဒါကြောင့် – ကျွန်မလည်းအလိုက်သိစွာ သူ့ဘေးမှာယှဉ်တွဲထိုင်လျက်သား တိတ်တိတ်ဆိတ်ဆိတ်လိုက်ပါလာခဲ့တယ်။

တစ်စတစ်စ အလွန်တရာ နက်ရှိုင်းတဲ့တောအုပ်ကြီးရဲ့အလယ်ဗဟိုတစ်နေရာကို ရောက်လာချိန်မှာ ကိုအောင်က ထုံးစံအတိုင်း ကားကို ရပ်ပြီး စက်သတ်လိုက်တယ်။

ကားပေါ်က ဆင်းတယ်။ ခြေလှမ်းဆယ်လှမ်းလောက် လျှောက်သွားပြီးတော့ အုတ်ဂူမို့မို့လေးရှေ့မှာ ဒူးနှစ်ဖက်ထောက်ပြီး ထိုင်လိုက်တဲ့ ကိုအောင်က မျက်ဝန်းထဲမှာမျက်ရည်တွေ ပြည့်လျှမ်းလာတဲ့အထိ သူ့နှုတ်ခမ်းနှစ်လွှာကို လှုပ်လှုပ်ရှားရှားနဲ့ တတွတ်တွတ် ရွတ်ဆိုနေတယ်။ ဆုတောင်းပတ္ထနာ ပြုခြင်းလား၊ ဒါမှမဟုတ် တစ်စုံတစ်ရာ ဝန်ချတောင်းပန်နေတာလား ခွဲခွဲခြားခြား မရိပ်မိနိုင်ဘူး။

အုတ်ဂူမို့မို့လေးဘေးပတ်လည်မှာ တောနှင်းဆီရိုင်းပင်တွေ စိုက်ထားတာ တောင်ရှင်သန်လို့ဖူးငုံလေးတွေဖြစ်နေပြီ၊ အုတ်ဂူမို့မို့လေး အမှတ်တရ နေရာချထားတဲ့ ကျောက်တုံးကြီးတစ်တုံးဟာ မှိုးမှိုးမတ်မတ် တည်ရှိနေတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး ပကတိ တိတ်ဆိတ်ငြိမ်သက်လွန်းလို့ သစ်ရွက်သစ်ခက်တွေကြားကို ဖြတ်သန်းတိုက်ခတ်သွားတဲ့ အခါ သစ်ရွက်လေးတွေ အချင်းချင်း ထိခိုက်ပွတ်တိုက်သံကိုတစ်ချက်တစ်ချက်ကြားနေရတယ်။

ကျွန်မဟာကားပေါ်မှာတစ်ယောက်တည်း ငူငူကြီး ထိုင်နေရာက ဆင်းလျှောက်မိတယ်။ ကျွန်မရဲ့ ဦးခေါင်းအထက်မှာရှိတဲ့ သစ်ပင်ပေါ်က ငှက်ကလေးတစ်ကောင်က ပျင်းရိပျင်းတွဲ တေးဆိုနေတယ်။ ကျွန်မက အမှတ်မထင် မော့ကြည့်လိုက်တဲ့အခါမှာ သပိတ်လွယ်ငှက်လေးကို တွေ့ရတယ်။ ငှက်လေးဟာ တေးသီချင်းသီဆိုရင်းနဲ့ သစ်ကိုင်းတစ်ကိုင်းက တစ်ကိုင်း ကူးချည်သန်းချည် အဖော်ကို လှမ်းခေါ်နေတယ်လို့ ထင်ရတယ်၊ အဲဒီလို ခုန်ကူးလိုက်တဲ့အချိန်တိုင်းမှာ သူ့အမြီးလှလှလေး ကော့ကော့ပြီး ထောင်သွားလိုက်၊



ပြီးတော့ – ပြန်ကျလိုက်၊ လှုပ်ရှလှုပ်ရှနဲ့၊

အလွန်တရာ ကြေကွဲပူဆွေးနေတဲ့ ကိုအောင်ဟာ တစ်ယောက်တည်း အတော်ကြာကြာ အုတ်ဂူဘေးမှာ ဒူးထောက်ထိုင်နေရာက ဖြည်းဖြည်းချင်းထပြီး ကျွန်မဘက်ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ နောက်တော့အုတ်ဂူလေးကို နှုတ်ဆက်တဲ့အနေနဲ့ အသာအယာ ပုတ်ခဲ့တယ်။

ဝီလီဂျစ်ကိုပြန်မောင်းလာခဲ့တယ်၊ တစ်ခါတုန်းက အဲဒီအုတ်ဂူလေးနဲ့ပတ်သက်လို့စကားတစ်ခွန်း ပြောပြဖူးတယ်။

"အဲဒါ – ရန်လုံရဲ့အုတ်ဂူ" တဲ့။

ကိုအောင်နဲ့ ကျွန်မရဲ့အိမ်ထောင်သက်ဟာ သုံးနှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ရန်လုံ ဆိုတာ ဘယ်သူလဲ၊ ကိုအောင့်ရင်ထဲမှာ အစဉ်ထာဝရ စွဲစွဲမြဲမြဲ နေရာယူထားတာ ဘာကြောင့်လဲ၊ အဲဒီရန်လုံဟာ ဘယ်လိုဖြစ်ပြီး တောကြီးမျက်မည်းထဲမှာ အထီးကျန်အုတ်ဂူလေးနဲ့ တည်ရှိနေတာလဲ၊ ကျွန်မရဲ့ သိချင်စိတ်ဟာ အလွန်တရာပြင်းပြနေခဲ့တယ်။

ကိုအောင်နဲ့ ကျွန်မ အိမ်ထောင်သက် သုံးနှစ်အတွင်း အဲဒီအုတ်ဂူလေးရှိရာကို လာခဲ့တဲ့အကြိမ်ဟာ စုစုပေါင်း ဘယ်နှကြိမ်ထက် မနည်းတော့ပါဘူး။ သူ ဘယ်တော့ပြောပြမလဲဆိုတဲ့ မျှော်လင့်ချက်ဟာ ကျွန်မရဲ့အတွေးထဲမှာ အစိုင်အခဲ ဖြစ်ပေါ်လာတယ်။

တစ်ခါတစ်ခါတော့ အမှတ်မထင် မေးမိတယ်။ "အဲဒီရန်လုံဟာ ကိုအောင်နဲ့ ဘယ်လိုပတ်သက်ဆက်နွယ်ခဲ့သလဲ" လို့၊ ဒါပေမဲ့ – သူက –

"တစ်နေ့နေ့ကျမှ အေးမမကို ပြောပြရဦးမယ်"

လို့ဆိုနှင့်ကြေကွဲစွာ ပြောဖူးတယ်။ အဲဒီတစ်နေ့နေ့ဆိုတာကို ကျွန်မ စောင့်စားနေခဲ့တာ ကြာပါပြီ။ သူ့ဝေဒနာကို ကျွန်မလည်း မျှဝေခံစားချင်လို့ပါ၊ ဒီနေ့ဟာ အဲဒီ တစ်နေ့နေ့ ဖြစ်ချင်ရင်တော့ ကောင်းမှာပါပဲရှင်။

□

အောင်မင်းမင်း

ကျွန်တော့်အနေနှင့်အေးမမသိချင်နေသောအကြောင်းအရာအဖြစ်အပျက်ကို ပြောပြဖို့ ဝန်လေးခဲ့တယ်၊ တကယ်တော့ အဲဒီဖြစ်ရပ်နဲ့ပတ်သက်ဆက်နွယ်နေတဲ့ ကျွန်တော့်ရဲ့ ဆိုးသွမ်းရမ်းကားရက်စက်မှုကိုပါ ထည့်ပြောရမှာ ဖြစ်နေတဲ့အတွက် ရင်ဘတ်ထဲမှာပဲ မျိုသိပ်ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ – ကျွန်တော်တို့ အိမ်ထောင်သက် သုံးနှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ဒါကြောင့် – အတိတ်က ကျွန်တော် ပြုမူခဲ့တဲ့ဖြစ်ရပ်ကို အေးမမ နားလည်ခွင့်လွှတ်နိုင်လောက်ပြီလို့ယူဆတဲ့အတွက် ဖွင့်ပြောဖို့ သန္နိဋ္ဌာန်ချလိုက်မိတာပါ။

အကယ်၍ အေးမမက ခွင့်မလွှတ်နိုင်ခဲ့လို့ လမ်းခွဲချင်တယ်ဆိုရင်လဲ ကျွန်တော် မတားတော့ပါဘူး။ အရှိကို အရှိအတိုင်း ဖွင့်ဟဝန်ခံလိုက်ခြင်းအားဖြင့် ကျွန်တော့်နှလုံးသားထဲမှာ ခံစားနေရတဲ့ ဝေဒနာ တနင့်တပိုးဟာ သက်သာလိုသက်သာငြား ဆိုတဲ့ရည်ရွယ်ချက်နဲ့ပါ။

အေးမမနဲ့ မတွေ့ကြခင်က ရန်လုံဟာ ကျွန်တော့်အတွက် အနီးကပ်အဖော်မွန်ပါ။ သွားအတူ၊ လာအတူ၊ အိပ်အတူ၊ စားအတူဘဝမျိုးနဲ့ ပေါင်းသင်းဆက်ဆံနေထိုင်ခဲ့ကြပါတယ်။

အဲဒီအချိန်တုန်းကဆိုရင်ကျွန်တော်ကလွတ်လွတ်လပ်လပ်တစ်ကိုယ်တည်းသမား၊ ကြမ်းကြမ်းရိုင်းရိုင်းနဲ့ စိတ်ထင်တိုင်း ဆိုးသွမ်းနေသူဖြစ်ပါတယ်။ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားခဲ့ကြပြီး ဆွေမျိုးသားချင်းအရင်းအချာ ဆိုတာလဲမရှိ။ မိတ်ဆွေအပေါင်းအသင်းတွေအနေနဲ့ ကျွန်တော့်ကို တတ်နိုင်သမျှ ရှောင်ကြဉ်ရှားကြတယ်။

ကျွန်တော်နဲ့ ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် သူတို့အတွက်ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ရရှိလိမ့်မယ်လို့ တစ်ထစ်ချယူဆထားကြတယ်။ အဲဒီလိုမျိုး မပေါင်းသင်းလေ၊ ကျွန်တော်က ကြိုက်လေဖြစ်နေတယ်။

ကျေးရွာဇနပုဒ်နဲ့ တစ်မျှော်တစ်ခေါ်လောက်ဝေးတဲ့ သစ်တောအုပ်အစပ်မှာ စမ်းချောင်းလေး စီးဆင်းနေတယ်၊ အဲဒီနံဘေးက မြေလွတ်မြေရိုင်းပေါ်မှာ ကျယ်ပြန့်တဲ့တဲကလေးတစ်လုံးဟာကျွန်တော်နဲ့ ရန်လုံရဲ့ကွန်းခိုရာ တဲနန်းဖြစ်ပါတယ်။

တဲနန်းပတ်လည်မှာ အလေ့ကျတောပန်းတွေ၊ နွယ်ဆီရိုင်းတွေ၊ ဆောင်တော်ကူးပန်းတွေ၊ ထားဝယ်မှိုင်းပင်တွေ အနှံ့အပြား လွတ်လပ်စွာ ပေါက်ရောက်နေကြတယ်။

ကျွန်တော့်မှာ ကိုယ်ပိုင်လက်နက်ဖြစ်တဲ့ ဒူးလေးတစ်လက်နဲ့ မြားတံအလုံအလောက်နဲ့အတူ အမဲလိုက်ဓားမြှောင်တစ်လက်ကို ခါးကြားထိုးရတဲ့ မုဆိုးကျော် တစ်ယောက်ဘဝကို နှံမင်နှစ်သက်ခဲ့စွာ ကျင်လည်ခဲ့သူဖြစ်ပါတယ်။



အဲဒီအချိန်မှာ ရန်လုံဟာ တခြားအမဲလိုက်ကျွမ်းကျင်တယ်ဆိုတဲ့ အင်းခွေးတွေအားလုံးထဲမှာ ထိပ်ဆုံးက ခနရာယူထားသူဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်ဘဝမှာ ဒူးလေးနဲ့ မြားဘူးကိုလွယ်၊ ဓားမြှောင်ကို ခါးကြားထိုးပြီး ရန်လုံအမဲလိုက်နေရတဲ့ဘဝမှာနှစ်ခြိုက်ပျော်မွေ့နေပါတယ်။

ရသမျှတောကောင်အသားကိုစား၊ အခြောက်လှန်း၊ ပိုလျှံတဲ့အသားတွေ၊ အရေခွံတွေ၊ အစွယ်တွေ အားလုံးနဲ့ မြို့တက်ပြီး လိုအပ်သမျှ အသုံးအဆောင် ဆန်၊ ဆီ၊ ဆား စတဲ့ ပစ္စည်းပစ္စယတွေနဲ့ လဲလှယ်ခဲ့တယ်။ ကျွန်တော့်အတွက် ငွေမလို၊ ရွှေ မလိုဘူး။ အဖိုးတန် အသုံးအဆောင်ဆိုတာလည်း လုံးဝမသုံးဘူး။

ဒီလိုနဲ့ ရက်ပေါင်း၊ လပေါင်းများစွာ ရန်လုံနဲ့ အတူနေလာခဲ့ချိန်မှာ ရန်လုံလောက် အလိုက်သိသူ၊ အကင်းပါးသူဆိုတာ လုံးဝမရှိနိုင်ဘူးလို့ သဘောပေါက်ခဲ့တယ်။ ဒါကြောင့်ကျွန်တော်ဟာ ရန်လုံကလွဲလို့ တခြားဘယ်သူ့အပေါ်မှာမှ သံယောဇဉ်တွယ်စရာ၊ သစ္စာစောင့်ထိန်းနေစရာမလိုတဲ့အခြေအနေမျိုးဖြစ်နေတယ်။

ဒါပေမဲ့ကံကြမ္မာအလှည့်အပြောင်းတစ်ခုဟာ မထင်မှတ်ပဲ ရောက်ရှိလာခဲ့တယ်၊ အဲဒီဖြစ်ရပ်ဟာ ပကတိအားဖြင့် တည်ငြိမ်နေတဲ့ရေကန်တစ်ကန်ရဲ့မျက်နှာပြင်ပေါ်ကို ကျောက်ခဲကျလို့ ဂယက်ထသွားတဲ့အလားတူ ကျွန်တော့်ဘဝမှာ ဂယက်ထ လှုပ်ရှားသွားစေခဲ့တယ်။

အမဲလိုက် ဝါသနာပါတဲ့ မြို့ပိုင် (အငြိမ်းစား)ဟာကျွန်တော်တို့ဒေသကို ရောက်လာခဲ့တယ်။ သူတစ်ယောက်တည်းဆိုရင်ပြဿနာပေါ်စရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ – သူနဲ့အတူ ဟယ်လင်ဆိုတဲ့ဇနီးမယားဘိုကပြားမတစ်ယောက် လဲပါလာတယ်၊ သူမဟာမစ္စတာဟာဝ်နရီစမစ် ဆိုသူ ပင်စင်စားမြို့ပိုင်ကြီးထက် အသက်တစ်ဝက်လောက် ပိုငြိမ်းငယ်တယ်၊ ရုပ်ရည်ချင်းယှဉ်ကြည့်မယ်ဆိုရင်လဲ လူကြမ်းကြီးနဲ့ ရုပ်ရှင်မင်းသမီးချောလောက်ကွာခြားတယ်၊ ဘာကြောင့်များ ဒီလိုအသွင်အပြင်ခြားနားတဲ့ယောက်ျားနဲ့ မိန်းမကို ဘယ်လိုဖူးစာရေးနတ်က ပေါင်းစပ်ပေးလိုက်ပါလိမ့် ဆိုတဲ့အတွေးမျိုးဖြစ်ပေါ်စေတယ်။

တကယ်တော့ ကျွန်တော့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာသူက သူကြီးဖြစ်ပါတယ်။ မစ္စတာ ဟင်နရီစမစ်ဟာ ပင်စင်မယူခင်တုန်းက အဲဒီကျေးရွာဇနပုဒ်ကို တစ်ကြိမ်နှစ်ကြိမ် ရောက်ဖူးတယ်။ ဒါကြောင့် ပင်စင်ယူပြီးတဲ့နောက်ပိုင်းမှာ သူ့ဇနီးချောလေးနဲ့ အတူသစ်တောအုပ်ကြီးထဲမှာ အမဲလိုက်ဖို့အတွက် ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။

အမဲလိုက်ကျွမ်းကျင်တဲ့ လမ်းပြ တစ်ယောက် ရှာပေးဖို့ သူကြီးဆီမှာ အကူအညီတောင်းတဲ့အခါ သူကြီးဟာ ချက်ချင်း ကျွန်တော့်ကို သတိရလိုက်ပါသတဲ့။

"ကျွန်ုပ်တို့ ရွာနီးချုပ်စပ်မှာ တောအကျွမ်းဆုံးဟာ အောင်မင်းမင်းတစ်ယောက်ပဲ ရှိပါတယ်။ သူဟာ အဲဒီတောအုပ်ကြီးထဲမှ နက်နက်ရှိုင်းရှိုင်း တိုးဝင်ပြီး မှဆိုးဘဝနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတာ ကြာပါပြီ။ သူ့အဖေဖြစ်တဲ့ အင်းခွေးကြီးရန်လုံဟာလည်း အမဲလိုက်ခွေးထဲမှာ အတော်ဆုံးဖြစ်ပါတယ်"

ဆိုတဲ့ထောက်ခံချက်ကြောင့် ပင်စင်စားမြို့ပိုင်ဟောင်းကြီး ဟင်နရီစမစ်ဟာ ကျွန်တော့်ဆီကို ယုံကြည်စိတ်ချစွာနဲ့ ရောက်လာကြပြီးနောက် သူရယ်၊ သူ့ဇနီးချောရယ်၊ ကျွန်တော်ရယ်၊ ရန်လုံရယ် လေးယောက်ဆိုရင် (ရက်သတ္တတစ်ပတ်ကြာမယ့်အမဲလိုက်အပန်းဖြေအစီအစဉ်ဟာ) လုံးဝအဆင်ပြေပြီလို့ နိုင်မာစွာ သန္နိဋ္ဌာန်ချလိုက်ပါတော့တယ်။

ဒါကြောင့် သူကြီးဟာ ကျွန်တော့်လက်ထဲမှာ မစ္စတာ ဟင်နရီစမစ် နဲ့ ဇနီးချော ဟယ်လင်ကို သေချာအပ်နှံပြီးတာနဲ့ တစ်ချီထဲ လာလမ်းအတိုင်း နောက်ကြောင်းပြန်လှည့်တော့တာပါပဲ။

မြို့မှာ ခမ်းနားကြီးကျယ်၊ ထည်ဝါခမ်းနားတဲ့အဆောက်အအုံကြီးထဲမှာ စတိုင်ကျကျ စည်းစိမ်၊ အခြွေအရံတွေနဲ့ နေလာခဲ့တဲ့ ဟယ်လင်ဟာ သစ်တောအုပ်ကြီးအစပ်မှာရှိတဲ့ စမ်းချောင်းလေးနံဘေးက တဲပုတ်ကိုဘာကြောင့်များနှစ်သက်မြတ်နိုးနေပါလိမ့်ဆိုတာကျွန်တော် စဉ်းစားလို့မရခဲ့ဘူး။

ဆိုဖာ၊ စပရိန်မွေ့ရာ၊ ကတ္တီပါကော်ဇောစတဲ့ပရိဘောဂအဆင်တန်ဆာတွေ လွှမ်းမိုးခဲ့တဲ့ ဖိတ်ဖိတ်တောက် ဝန်းကျင်ထက် စမ်းချောင်းစပ်က ကျောက်တုံးကြီးပေါ်ထိုင်ပြီး ခြေသလုံးနှစ်ဖက် ဒူးဆစ်မြုပ်တဲ့အထိ ချောင်းရေစိမ်ပြီး ဆယ်ကျော်သက် ကလေးသူငယ်တစ်ယောက်လို ဆော့ကစားရတာက ပိုပြီး နှစ်သက်စရာ



ကောင်းနေတယ်လို့ ပြောတာကို ကျွန်တော် သဘောမပေါက်ခဲ့ဘူး။

ညဆိုရင် တဲရှေ့မှာ မီးပုံကြီးဖိုပြီး ကျွန်တော့်ဆီမှာ ဖောဖောသီသီဖြစ်နေတဲ့ အသားခြောက်တွေကို တံစို့ထိုးကင်စားရတာ မြိန်ရေယှက်ရေ ရှိပါသတဲ့၊ ဘာပဲဖြစ်ဖြစ် သူတို့လင်မယားအတွက် ကျွန်တော့်တဲရဲ့အတွင်းဘက်မှာ အကာအရံလေး ယာယီပြုလုပ်ပြီး နေရာချထားပေးလိုက်ရတယ်။ ကျွန်တော်နဲ့ ရန်လုံကတော့ တဲရှေ့ကွပ်ပျစ်မှာ သူတို့မပြန်မချင်း ရက်သတ္တတစ်ပတ်လောက်တော့ သည်းညည်းခံပြီး ခွင့်လွှတ်မှာပေါ့။

ခွင့်လွှတ်လို့မရတဲ့အချက်တစ်ခုက ကျွန်တော့်ဆီရောက်လို့မှ သုံးရက်တောင် မပြည့်သေးဘူး၊ ဘရာစီယာနဲ့ အတွင်းခံဘောင်းဘီလေးဝတ်ပြီး ကြည်လင်သန့်စင်တဲ့ စမ်းရေထဲမှာ ရေကူးလိုက်သေးတယ်။

"ဖလ်ဖလားဝယ်၊ ရွှေငါးမြူးသည့် အသွင်၊ ကျွန်ုပ်မြင်သည်၊ ရွှေရင်လွှမ်းတုံ့၊ မလွှမ်းတုံ့" ဆိုတဲ့ မှတ်မိသမျှကဗျာအတိုအစလေးအတိုင်းပါပဲ။ ဟယ်လင်အရက် မရှိပေမယ့် ကျွန်တော့်လို မြန်မာလူမျိုးတောရွာဇနပုဒ်သားတစ်ယောက်အဖို့ မကြည့်ရဲလို့ မျက်နှာလွှဲနေခဲ့ရတယ်၊ တစ်ခါတစ်ခါ ရန်လုံနဲ့အတူ တောအုပ်ထဲကို အကြောင်းမဲ့သက်သက် ထွက်သွားရတာမျိုးလဲ ရှိပါရဲ့။

ဘာပဲဖြစ်ဖြစ်၊ သူ့လင်ယောကျ်ားကြီးကတော့ သူ့မယား လွတ်လွတ်လပ်လပ် နေချင်သလိုနေ စိတ်ချမ်းသာရင် ပြီးရောဆိုတဲ့သဘောနဲ့ လွှတ်ထားခဲ့တာများလား။ ဒါမှမဟုတ် "နွားအို မြက်နုကြိုက်" ဆိုတဲ့စကားလုံး ကြည့်ကောင်းကောင်းနဲ့ကြည့်ပြီးစားကောင်းကောင်းနဲ့ ဝါးချင်နေတာထင်ပါရဲ့။

ကျွန်တော်တင်မကဘူး၊ ရန်လုံပါ အနေကြပ်လာတာကို သတိထားမိတယ်။ ခါတိုင်းလို လွတ်လွတ်လပ်လပ် ပြေးခုန်ဆော့ကစားမြူးထူးနေတဲ့ရန်လုံဟာ မကြာခဏ ကျွန်တော့်ကို ကွက်ကြည့်၊ ကွက်ကြည့်နဲ့ ငြိမ်ငြိမ်သက်သက် ဣန္ဒြေရရလေး အပြောင်းအလဲဖြစ်သွားတယ်။ အတောင်းဆုံးက သူတို့လင်မယား ရက်သတ္တတစ်ပတ်ပြည့်ပြီး ဒီနေရာက အပြီးတိုင်ပြန်သွားကြဖို့ပါပဲ။ ဒါဆိုရင် ကျွန်တော်နဲ့ ရန်လုံဟာ မူလအတိုင်း လွတ်လပ်ပျော်ရွှင်စွာ နေကြရမှာပေါ့။

▣

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ခြောက်ရက်မြောက်နေ့။

ငါးရက်လုံးလုံး ကျွန်တော်နဲ့ ရန်လုံဟာ စိတ်ကျဉ်းကြပ်စွာနဲ့ အချိန်ကုန်ခဲ့ရတယ်။

အမဲလိုက်တဲ့အခြေအနေ အရပ်ရပ်မှာ ဟင်နရီစမစ်က ဦးဆောင်သူ ကျွန်တော်က အလိုလိုနေရင်း သူ့အစီအစဉ်အတိုင်းလှုပ်ရှားရတဲ့ လမ်းပြမှုဆိုး ဆိုပေမယ့် နောက်လိုက်ဖြစ်မှန်းမသိ ဖြစ်ခဲ့ရတယ်။

ရှင်းရှင်းပြောရရင်အဲဒီ့ခေတ်အချိန်အခါက မျက်နှာဖြူအုပ်ချုပ်ရေးပိုင်းက သတ္တဝါကြီးတွေဟာ သူတို့ကိုယ်သူတို့ အမြဲတမ်း နယ်ရှင်၊ ပယ်ရှင်ကြီးတွေ၊ လူကြီးလူကျယ်တွေသဘောမျိုးထားပြီး အထက်စီးနင်းနေရာယူလေ့ရှိတယ်။

ဒါကို ရွာသူကြီးအပါအဝင် သူတို့နဲ့ဆက်ဆံနေကြသူမှန်သမျှဟာ မျက်နှာလိုမျက်နှာရနဲ့ အောက်ကျနောက်ကျခံပြီး ဆက်ဆံကြတဲ့အတွက် ပိုပြီး နိုင်လိုမင်းထက်အခြေအနေမျိုးဖြစ်သွားတော့တာပါပဲ။ အကျင့်ပါသွားသလိုမျိုး။ ကျွန်တော်တို့မြန်မာလူမျိုးတွေကိုလူတာလေးတဲ့၊ သူကလူကြီးနေရာကိုတက်ယူလိုက်တယ်၊ သူ့ထက်ငယ်သူတွေကို အဲဒီလိုခေါ်တာ ထားပါတော့၊ ဒါပေမဲ့ – သူ့အဖေအရွယ်ဖြစ်နေတဲ့ သူကြီးကိုလည်း "လူကလေး" လို့ပဲ ခေါ်တယ်၊

ငါးရက်အတွက် အမဲလိုက်ကြတဲ့ အကြောင်းတွေကိုတော့ သိပ်မထူးခြားပါဘူး။ သားကောင်တွေကျက်စားတဲ့နေရာမျိုးတွေမှာ သွားပစ်ကြတယ်။ ညအိပ်စောင့်ရမယ့်အခါမျိုးမှာလင့်ထိုးပြီးစောင့်ပစ်တယ်၊ သွားလေရာမှာ တောစီးဖိနပ်၊ ဂျာကင်၊ ဦးထုပ်၊ ခေါင်းဘီရှည်တို့ကို ဆင်မြန်းပြီး ပိုင့်တူးတူး ပြောင်းရှည်တစ်လက်နဲ့ ကန့်လန့်ကန့်လန့် ပါနေတာက ဟယ်လင်၊

နောက်ပြီး အထူးသဖြင့် တောနက်ထဲ ရောက်ပြီဆိုရင် ဟယ်လင်ဟာ ကျွန်တော့်အနားကိုအမြဲတမ်းတိုးကပ်တယ်၊ ပွတ်သီးပွတ်သပ် လုပ်လေ့ရှိတယ်၊ တရင်းတနှီး ဆက်ဆံသလိုမျိုး လက်မောင်းကို ဖက်တွယ်လိုက်ပါလာလေ့ ရှိတယ်၊ အဲဒီလိုအခြေအနေမျိုးကို မြင်ရတွေ့ရတဲ့ဟင်နရီစမစ်ကြီးကဘာဆိုဘာမှ မတားဘူး။ ကလေးဆိုးတစ်ယောက်ကို ခွင့်လွှတ်ထားတဲ့အတိုင်း တဟီးဟီး တဟားဟားနဲ့ သဘောကျနေတယ်၊

ဒါပေမဲ့ – ခွင့်မလွှတ်သူက ကျွန်တော့်ရန်လုံပါပဲ၊ သူကဟယ်လင်နဲ့ကျွန်တော့်ကြားမှာ နေရာယူတယ်၊ မနှစ်မြို့



တဲ့အမူအရာမျိုး ပြတယ်၊ တစ်ခါတစ်ရံမာန်ဖီပြီး ဒေါသဖြစ်တဲ့အကြောင်း ဖော်ထုတ်တယ်၊

ရန်လုံက ကျွန်တော့်ကို မျက်လုံးချင်းဆိုင်ပြီး ကြည့်တဲ့ အကြည့်ဟာ ခါတိုင်းနဲ့ မတူဘူး၊ သူ့အကြည့်ထဲမှာ သက်သာမကောင်းဖြစ်နေတယ် ဆိုတဲ့ အဓိပ္ပာယ်မျိုး ပေါ်လွင်နေတယ်၊ ရန်လုံလိုတိရစ္ဆာန်တစ်ကောင်ဟာ သူ့ရင်ထဲမှာ အရာလိုသံသယဖြစ်နေတာကိုဖော်ပြနိုင်တာရှားပါတယ်၊ ကျွန်တော်ကဟယ်လင်ကို အလိုက်အထိုက် လိုက်လိုက်ရောရော ဆက်ဆံတာမျိုးမြင်ရရင်ရန်လုံဟာ မကျေမနပ်တဲ့အမူအရာနဲ့ ရှောင်ထွက်သွားလေ့ရှိတယ်၊

ဒီနေ့မနက် ကျွန်တော့်အိပ်ရာထကတည်းက ဟင်နရီစမစ်တို့စုံတွဲကို မတွေ့မိဘူး၊ ဒါပေမဲ့ – တဲရှေ့မီးဖိုမှာ ရေနွေးအိုးတည်ထားတာ တွေ့တယ်၊ ကျွန်တော်မျက်နှာသစ်၊ ရေချိုးဖို့ချောင်းစပ်ရောက်သွားတယ်၊ ဟယ်လင်ဟာ အရွယ်မရောက်သေးတဲ့ကလေးသူငယ်တစ်ယောက်လို ချောင်းရေထဲမှာ လွှတ်လွှတ်လပ်လပ် မြူးထူးပျော်ပါး ဆော့ကစားနေတာကိုမြင်လိုက်ရတယ်၊

"ဟော့ – လူကြီး – လာလေ၊ ရေကူးပြိုင်ကြမလား၊ လောင်းကြေးစားကြေး"

ကျွန်တော်ဟာ ခါတိုင်းနေ့တွေမှာ ဟယ်လင်ကို ခပ်တန်းတန်းပဲ ဆက်ဆံခဲ့တယ်၊ ဒါပေမဲ့ – မနက်ဖြန်ကာဆိုရင်ပြန်တော့မှာပဲဆိုတဲ့အသိစိတ်နဲ့ ခွင့်လွှတ်ထားလိုက်တယ်၊ နောက်ဆုံးနေ့ဆိုတာ တောသဘာဝမှာ ပျော်ပါစေ ဆိုတဲ့ဆန္ဒမျိုးနဲ့ အတတ်နိုင်ဆုံး လိုက်လျောမိတယ်၊

"ဘာကြေးလောင်းမလဲ – တာကယ်ပေးမှာလား"

ကျွန်တော်က "တစ်ကျပ်ကြေး၊ နှစ်ကျပ်ကြေး" စသည်ဖြင့် အပျော်တမ်းငွေကြေးအလောင်းအစားမျိုးကို ရည်ရွယ်ပြီး မေးလိုက်ခြင်း ဖြစ်ပါတယ်၊

ဟယ်လင်က ဦးခေါင်းညိတ်ပြီး သွက်သွက်လက်လက်ဖြေတယ်၊ ဒါပေမဲ့ သူမရဲ့စကားသံ တိုးလွန်းလို့ သဲသဲကွဲကွဲ မကြားလိုက်မိဘူး၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်တော်ကချောင်းအထက်ကမ်းစပ်ကိုက်တစ်ရာ အကွာမှာ ရှိတဲ့ ရောမကုက္ကိုပင်ကြီးကို လက်ညှိုးညွှန်ပြပြီး –

"အဲဒီကုက္ကိုပင်ဟာ ပန်းတိုင်ပဲ၊ အရင်ရောက်အောင် ကူးနိုင်သူ အနိုင်"

ကျွန်တော်က သူ့ကို ဦးစားပေးပြီး တာထွက်ခိုင်းလိုက်တယ်၊ ဝတ်ထားတဲ့ ပုဆိုးကို ခါးတောင်းမြောင်အောင် ကျိုက်လို့၊ ချောင်းရေထဲကို ဘွမ်းခနဲ ပစ်ချလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ထိုး ခုန်ဆင်းပြီး အရှိန်အဟုန်နဲ့ ကူးခတ်တော့တာပါပဲ။

တောင်ကျစိမ့်စမ်းရေတွေနဲ့ ပေါင်းဆုံစီးဆင်းလာတဲ့ချောင်းဟာ အကျယ်အားဖြင့် ပေ(၂၀)ရှိပြီး တချို့အနက်ဆုံးနေရာတွေမှာ လက်တစ်ဖောင်သာသာရှိတယ်။ ကျွန်တော်က ဒီနယ်မြေဒေသမှာ မွေးကတည်းက နေလာခဲ့သူ ဒီစမ်းချောင်းဝန်းကျင်မှာ အရွယ်ရောက်ကတည်းက ကျင်လည်ကျက်စားခဲ့သူ၊ ဒါကြောင့် - မနေ့တစ်နေ့ကမှ ဒီနယ်မြေကိုရောက်လာတဲ့ဟယ်လင်ဆိုတဲ့မိန်းမသားကို အလွယ်တကူနဲ့ ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်လို အားကောင်းမောင်းသန် ယောကျာ်းရင့်မာကြီးတစ်ယောက်အဖို့ဂုဏ်ယူစရာတော့မဟုတ်ပါဘူး။

ကျွန်တော်က ကုက္ကိုပင်ကြီးရဲ့မြစ်ဆုံပေါ်မှာ ထိုင်ပြီး စောင့်နေချိန်မှာ ဟယ်လင် ရောက်လာတယ်။ မြုံစေ့စေ့အပြုံးနဲ့ စမ်းရေထဲက တက်လာတယ်။ ကျွန်တော်နဲ့ ဘေးချင်းတစ်လျက် ဝင်ထိုင်တယ်။

သူမရဲ့ဖြူနုဝင်းမွတ်နေတဲ့ အသားရောင်ဟာရေစိုနေတဲ့အတွက် ပိုပြီးစိုပြေတောက်ပနေတယ်။ ဟယ်လင်က ကျွန်တော့်မျက်နှာရှေ့မှာ တစ်ထွာလောက်အကွာ မျက်နှာချင်းဆိုင်ပြီး စူးစူးရဲရဲကြည့်လိုက်တယ်၊

"ကဲ - ဟယ်လင်ကို အနိုင်ယူသွားတဲ့ကိုအောင်မင်းမင်း - လောင်းကြေးရေယူတော့မလား" လို့ မေးတယ်။ သူမနဲ့ကျွန်တော် "လောင်းကြေးစားကြေး" ဆိုပေမယ့်ဘယ်လိုအလောင်းအစားလဲဆိုတာ ကျွန်တော် သေချာမကြားလိုက်မိဘူး။ အဲဒီ့တုန်းက သူမအနေနဲ့မပွင့်တပွင့်ပြောခဲ့လို့ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်က အနိုင်ရသူဖြစ်တဲ့အတွက် ဟယ်လင်ပေးမယ့်ဆုကို ဘယ်လိုအမျိုးအစားမဆို ယူရတာ မနစ်နာနိုင်ပါဘူး။ ဟယ်လင့်အနေနဲ့ ဟင်နရီစမစ်လို လင်ယောကျာ်းမျိုးကို ရရှိထားသူဖြစ်တဲ့အတွက် လောင်းကြေးငွေ တစ်ရာကျပ်ဖြစ်စေ၊ နှစ်ရာကျပ်ဖြစ်စေ နမြောစရာအကြောင်းမရှိပါဘူး။ ရတဲ့ကျွန်တော့်လိုလူအတွက်တော့ အမြတ်ထွက်မှာ သေချာပါတယ်။

ဒါကြောင့်ကျွန်တော်က လန်းဆန်းတဲ့အပြုံးနဲ့ ခေါင်းညိတ်ပြလိုက်ပါတယ်။ ရုတ်တရက်အားဖြင့် မထင်မှတ်တဲ့ဖြစ်ရပ်တစ်ခုဟာ အဆက်မပြတ် ဖြစ်ပေါ်လာတယ်။



ဟယ်လင်ဟာ အသွက်လက်၊ အလျင်မြန်ဆုံး လှုပ်ရှားမှုနဲ့အတူ ရှေ့ကိုတိုးကပ်ပြီး ကျွန်တော့်မျက်နှာပေါ်ကို အနမ်းမိုးတွေ ဆက်တိုက်ရွာချလိုက်ပါတော့တယ်။ မျက်နှာတစ်ပြင်လုံး နဖူး၊ မျက်ခုံး၊ နှာတံ၊ နုတ်ခမ်း၊ ပါး၊ မေးစေ့၊ လည်ပင်း နေရာမလပ် တရစပ် နမ်းနေတာကို ကျွန်တော့်အနေနဲ့ ဖယ်ရှားဟန့်တားနိုင်ခြင်း မရှိပဲ ပကတိ ငြိမ်ခံပြီး ထူးကဲတဲ့ခံစားမှုတစ်ရပ်ဖြစ်ပေါ်နေပါတယ်။

ကျွန်တော့်ဘဝ သက်တမ်းတစ်လျှောက်လုံး ဘယ်လိုအမျိုးသမီးနဲ့မှ လက်ပွန်းတတီး နီးနီးကပ်ကပ် မဆက်ဆံခဲ့ဖူးပါဘူး။ ဆက်ဆံစရာအကြောင်းလည်း မရှိခဲ့ပါဘူး။

ဒါကြောင့်ကျွန်တော့်အဖို့ ဘယ်လိုခံစားမှုနဲ့မှမတူတဲ့အရသာကို ကျေကျေနပ်နပ် ခံစားလိုက်ရပါတယ်။ အဲဒီ့အချိန်ကစပြီးဟယ်လင်ဟာကျွန်တော့်ဘဝမှာ စွဲမက်စရာ အကောင်းဆုံးလို့ သတ်မှတ်လိုက်မိပါတယ်၊ သူမအနေနဲ့ စိတ်ရှိလက်ရှိ အားရပါးရ နမ်းပြီးတော့မှ -

"အနိုင်ရတဲ့လူကို ရှုံးသူက မွှေးမွှေးပေးကြေး ဆိုတဲ့အလောင်းအစားအတိုင်း မွှေးမွှေးပေးပြီးပြီ။ ကဲ - ဘာလိုသေးလဲ"

"ကိုယ် သေချာမကြားလိုက်ဘူး။ တကယ်လို့သာ ကြားခဲ့ရင် အဲဒီလောင်းကြေးကိုပြန်လည်ပြင်ဆင်ချင်တယ်"

"ဘယ်လိုမျိုးလဲ"

သူမက မသိနားမလည်တဲ့ အသွင်သဏ္ဍာန်နဲ့ မေးတယ်။

"နိုင်တဲ့လူက ရှုံးတဲ့သူကို မွှေးမွှေးပေးကြေးဆိုရင် ပိုမကောင်းဘူးလား - ဟယ်လင်"

ကျွန်တော်က ဘိုဆန်ဆန်ကပြားမလေးကိုချစ်သူသဘောမျိုးထားပြီးအကဲစမ်းလိုက်မိတယ်၊ တကယ်လို့ လက်မခံလဲ နောက်ဆုတ်ရုံပေါ့။

ဒါပေမဲ့ ဟယ်လင်က -

"ရတယ်လေ - ကဲ"

သူမက မျက်နှာဝင်းဝင်းလေးကို မော့ပြီး မျက်လုံးအစုံက မှေးစင်းနေတယ်။ ကျွန်တော့်အနမ်းကို ဖိတ်ခေါ်တဲ့သဘောမျိုး။ ပန်းနုရောင်မရင့်၊ တရင့်နှုတ်ခမ်းသား ထွေးထွေးအိအိလေးကို တရွရွ လှုပ်ရှားနေတယ်။

ကျွန်တော်ဆိုတဲ့ကောင်ဟာ အဲဒီ့အချိန်အခါ အခိုက်အတန့်မှာ တကယ့်ဘီလူးရဲ့ပူးကပ်ခြင်းခံရသူတစ်ယောက်လိုဖြစ်သွားတယ်၊ ကျွန်တော့်နှုတ်ဖူးဆံစပ်

www.burmeseclassic.com

www.burmeseclassic.com



ကာနေ ခြေဖျားအထိ ကိလေသာတွေနဲ့ ထုံမွှန်းထားသလိုဖြစ်နေတယ်။ တကယ်လို့များ တစ်စုံတစ်ယောက်က (အထူးသဖြင့် ဟယ်လင်က) "ရဲပြည်ကို သွားကြစို့" ဆိုရင်တောင်မဟာအဝီစိငရဲအထိ ဖြတ်လမ်းက အရောက်သွားမှာပါ။

ကျွန်တော်နဲ့ ဟယ်လင်တို့နှစ်ယောက်သား ချစ်ရည်လူးပြီးခါစအချိန်မှာ သူမရဲ့အကြောင်းကို အကျဉ်းချုံးပြီး ပြောပြတယ်။

□

# ၄၄

ကျွန်တော့်ဒူးလေးက ထိလွှတ်လိုက်တဲ့မြားတံဟာ ပိုးခန့်လေဟုန်ကို တိုးခွဲပြီး ထွက်သွားတယ်။ ဒါပေမဲ့ – တစ်စုံတစ်ခုသော ကြားခံအတားအဆီးတစ်ခုဟာ ကျွန်တော်နဲ့ ဟင်နရီစမစ်ရဲ့ကြားမှာ ရိုဝခန့် ဖြတ်သန်းသွားတယ်။



ဟယ်လင်

ရန်ကုန်မြို့မှာ ဘိုကတော်ဒေါ်ညိုလှဆိုရင် မသိတဲ့သူ မရှိဘူး။ အရမ်းနာမည်ကြီးခဲ့တယ်။ ကာလပ်တက်တယ်၊ မြင်းပွဲသွားတယ်၊ ပါတီပွဲမှန်သမျှ (ဘော့သ်ဒေးပါတီ၊ ဒင်နာပါတီ၊ ငွေရတု၊ ရွှေရတု၊ စိန်ရတု) မင်္ဂလာပွဲတိုင်းမှာ ဒေါ်ညိုလှကို အမြဲတမ်း တွေ့ရတယ်။ နှုတ်ခမ်းကို ရဲတွတ်နေအောင်ဆိုးပြီး စီးကရက်ခဲလျက်သားနဲ့ဒေါ်ညိုလှရဲ့အသွင်သဏ္ဌာန်ဟာ ပေါ်လွင်ထင်ရှားနေတယ်။

ဒါပေမဲ့ – ခဲလုံးတစ်လုံးကို ဘယ်လောက်မြင့်မြင့်ရောက်အောင် အထက်ကို ပစ်တင်လိုက်ပါ။ အမြင့်ဆုံး ရောက်ပြီးတာနဲ့ အရှိန်ပြင်းထန်စွာ ပြန်ကျလေ့ရှိတာ မမွှတာတစ်ရပ်ပါ။

အဲဒီနိယာမအတိုင်း ဒေါ်ညိုလှနဲ့ လင်ယောကျ်ားမျက်နှာဖြူကြီးနဲ့ညားပြီး သမီးတစ်ယောက်မွေးတယ်။ မျက်နှာဖြူကြီး ဘိလပ်ပြန်သွားတော့ ဒေါ်ညိုလှနဲ့ သမီးအတွက်တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ ဘဏ်ထဲမှာ ငွေအတော်အသင့် ထည့်ထားပေးခဲ့တယ်။

ဒါပေမဲ့ – ဒေါ်ညိုလှဟာ ဘိုကတော်ကျဘဝကို ရောက်သွားပေမယ့် အသုံးအဖြုန်း မလျော့ဘူး။ နှုတ်ခမ်းနီရဲရဲမှာ စီးကရက်ကို မပြတ်ခဲစမြဲ၊ မြင်းပွဲသွားမြဲ၊ ပါတီတက်မြဲ၊ သမီးလေး ဟယ်လင်ကို ကလေးထိန်း (နာနီ) နဲ့ထားတယ်၊ သမီးအရွယ်ရောက်ပြီး ပညာစုံတဲ့အခါ ဒေါ်ညိုလှရဲ့အဆုတ်မှာ ရောဂါဝေဒနာ ဖြစ်လာတယ်၊ နောက်ဆုံး သွေးတွေပါ စလဟောအန်ပြီး ဘဝပြောင်းသွားတယ်။

အဲဒီအချိန်မှာ ဟယ်လင်ဟာ မျက်နှာဖြူမြို့ပိုင်ကြီးဟင်နရီစမစ်ဆီမှာ စက္ကရီတရီအဖြစ်နဲ့အလုပ်လုပ်နေပြီးဟယ်လင့်အနေနဲ့ ဖခင်ကိုလည်း ဓာတ်ပုံထဲကလွဲလို့ တစ်ခါမှ မမြင်ဖူးဘူး။ လက်ရှိအရွယ်ရောက်တဲ့အထိ အတူနေခဲ့ကြတဲ့ မိခင်လည်း ကွယ်လွန်သွားခဲ့တယ်၊ ဒါကို အခွင့်အရေးယူပြီး အနိုင့်အထက် ကျူးလွန်ခဲ့တာကို ခံလိုက်ရတော့တာပါပဲ။

ဟယ်လင့်ကို စက္ကရီတေရီအဖြစ် ခန့်ထားတာကိုက ဟင်နရီစမစ်ဟာ ရည်ရွယ်ချက်နဲ့ပါ။ အခြားမြို့တွေကိုခရီးထွက်တဲ့အခါ သူနဲ့အတူ လိုက်သွားရတယ်၊ သူတို့လို မျက်နှာဖြူအရာရှိကြီးတွေအတွက် တည်းခိုစရာဟိုတယ်မှာ အစစအရာရာ သီးသန့်စီစဉ်ထားပေးခဲ့တယ်၊ ဟယ်လင်နဲ့ဟင်နရီစမစ်အတွက်အခန်းချင်းကပ်လျက် နေရာချထားတယ်၊ ညသန်းခေါင်ယံမှာ အရေးတကြီး စာပြန်စရာရှိတယ်ဆိုပြီး ဟယ်လင်ကိုနှိုးတယ်၊ နိုင်ငံခြားကို လုပ်ငန်းဆိုင်ရာ အထူး "ဦးစားပေးအဆင့်" စာတစ်စောင် ရေးနိုင်းတယ်၊ ဟယ်လင့်အတွက် စာမူကြမ်းရေးပြီးရင်သောက်ဖို့ "လစ်ပ်တန်တီး" တစ်ခွက် အဆင်သင့် ဖျော်ပေးထားတယ်၊ ဒါနဲ့ – သူ့ "ဦးစားပေးအဆင့်" စာမူကြမ်း ရေးအပြီးမှာ ဟယ်လင် ကိုယ့်အခန်းကိုယ်ပြန်အိပ်ခါနီး အဲဒီလစ်ပတန်တီးကို ကပျာကယာ မော့သောက်လိုက်တယ်၊ သောက်ပြီးတာနဲ့တစ်ခါထဲ ဒူးညွှတ်ပျော့ခွေကျသွားတဲ့ဟယ်လင်ကို သူ ပွေ့ချီ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ နောက်ဆုံး သိလိုက်ရပြီး ဟယ်လင့်ဘဝမှာ လုံးလုံးလျားလျား အမှောင်ကျသွားတော့တာပါပဲ၊

စကားအဆုံးမှာ ဟယ်လင်က ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါတယ်၊ ကျွန်တော့်မှာ ရှိရှိသမျှ ဒေါသတွေအားလုံး ဟင်နရီပေါ်မှာ ကျသွားပါတယ်၊

ကျွန်တော့်အနေနဲ့ အခါအခွင့်သင့်တဲ့အချိန်ကို ရွေးချယ်ရမယ်၊ ဟင်နရီစမစ်ဟာ ကြီးထွားတဲ့ခန္ဓာကိုယ်၊ မြင့်မားတဲ့အရပ်နဲ့ သစ်ပင်တွေအောက်က ခပ်သွက်သွက် လျှောက်သွားနေတယ်၊ အတားအဆီး ချုံနွယ်ပိတ်ပေါင်းတွေကို တိုးဝှေ့သွားတယ်၊

သမင်အုပ်စုရဲ့ခြေရာတွေကို တွေ့လိုက်ကတည်းက သူ့လှုပ်ရှားမှုဟာ ကျွန်တော့်ရှေ့က ဦးဆောင်နေတယ်၊ သူ့လက်ထဲမှာပါလာတဲ့ စဝရင်းဖီးလ်အမျိုးအစား ရိုင်ဖယ်ပြောင်းရှည်ကို ခပ်ဆဆ ကိုင်ထားတယ်၊ သားကောင်မြင်လိုက်တာနဲ့ တစ်ပြိုင်နက် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ပြီး မောင်းခလုတ်ညှစ်ဆွဲဖို့ အသင့်အနေအထား ဖြစ်နေတယ်၊

ကျွန်တော်က သူ့နောက်တည့်တည့်က ခြေလှမ်းဆယ်လှမ်းစာ ခွာပြီး လိုက်ပါနေတယ်၊ ဟယ်လင်က ကျွန်တော့်နောက်ဘက် သင့်တော်တဲ့အကွာအဝေးက လိုက်ခဲ့တယ်၊

ကျွန်တော့်ညာဘက်ဘေးမှာ ထုံးစံအတိုင်း ကပ်လျက်သား နေရာယူပြီး လိုက်ပါလာတာက ရန်လုံပါပဲ၊

ကျွန်တော့်အကြံအစည်က ဟင်နရီစမစ်ရဲ့ ရိုင်ဖယ်သေနတ် မောင်းဖြုတ်လိုက်တဲ့အချိန်မှာ တစ်ပြိုင်တည်း ဒူးလေးမြားတံကို ပစ်လွှတ်လိုက်ရမှာပါ၊ ဒါကြောင့် လေးညှို့ကို ဆွဲတင်ပြီး အရာခပ်သိမ်းအသင့်ပါပဲ၊

အဲဒီဖြစ်ရပ်တစ်ခုလုံးဟာ စက္ကန့်ပိုင်းအတွင်း လျှပ်တစ်ပြက်အချိန်အခိုက်အတန့်မှာ ပြီးစီးရမှာပါ၊ ဟယ်လင်အနေနဲ့လဲ ဒီဖြစ်ရပ်က အမဲလိုက်ရင်း တွေ့ကြုံလေ့ရှိတဲ့ မတော်တဆအဖြစ်မျိုးလို့ ဆုံးဖြတ်နိုင်ပါလိမ့်မယ်၊

ကျွန်တော့်ရှေ့က လျှောက်နေတဲ့ ဟင်နရီစမစ်ဟာ ရုတ်တရက် ခြေလှမ်းကို တန့်ခနဲ ရပ်လိုက်တယ်၊ သူ့လက်ထဲမှာ အသင့်ရှိနေတဲ့ ရိုင်ဖယ်သေနတ်ပြောင်းကို အသွက်လက်ဆုံး ထိုးချိန်တယ်၊ သေနတ်ပြောင်းဝရဲ့ ရှေ့တည့်တည့် ကိုက်ငါးဆယ်အကွာမှာ နားရွက်နှစ်ဖက်ကို ထောင်ပြီး ဦးခေါင်းလေး ငုံ့စောင်းကြည့်နေတဲ့ သမင်ဖိုကြီးတစ်



ကောင်ဟာ ဟင်နရီစမစ်ရဲ့ပစ်မှတ်ပါပဲ၊ အဲဒီသမင်ဟာ သူ့ရဲ့သားကောင်ပါ၊

ကျွန်တော့်ရှေ့က ကျောပေးထားတဲ့ ဟင်နရီစမစ်ဟာ ကျွန်တော့်ပစ်မှတ်ပါပဲ၊ ဟင်နရီစမစ်ရဲ့ သေနတ်ပြောင်းထဲက ပြောင်းရစ်အတိုင်း လည်ထွက်သွားတဲ့ ကျည်ထိပ်ဖူးဟာ ကော်ဒိုက်ယမ်းပေါက်ကွဲသံနှင့် ရှေ့ဆင့်နောက်ဆင့် အရှိန်အဟုန်နဲ့ သမင်ရှိရာကို ဦးတည်သွားတယ်၊

တစ်ချိန်တည်းမှာပဲ ကျွန်တော့်ဒူးလေးက ပစ်လွှတ်လိုက်တဲ့မြားတံဟာ ဝှီးခနဲ လေဟုန်ကို တိုးခွဲပြီး ထွက်သွားတယ်၊ ဒါပေမဲ့ - တစ်စုံတစ်ခုသော ကြားခံအတားအဆီးတစ်ခုဟာ ကျွန်တော်နဲ့ ဟင်နရီစမစ်ရဲ့ကြားမှာ ရိပ်ခနဲ ဖြတ်သန်းသွားတယ်၊

တစ်ချိန်တည်းမှာပဲ ညည်းတွားသံ တိုးတိုးပြတ်ပြတ်နဲ့အတူ တစ်စုံတစ်ခုသော လေးလေးပင်ပင် ခန္ဓာကိုယ်တစ်ခုဟာ မြေပြင်ပေါ်ကို ဖုန်းခနဲ ပစ်ကျသွားသံကို ဆက်တိုက်ကြားလိုက်ရတယ်၊

ဟင်နရီစမစ်ဟာ သူ့လက်ထဲက ရိုင်ဖယ်သေနတ်ပြောင်းကိုအောက်စိုက်ပြီး ကျွန်တော်ရှိရာ သူ့နောက်ဘက်ကို ရှာခနဲ လှည့်ကြည့်တယ်၊ "ဘာဖြစ်တာလဲ" ဆိုတဲ့အမူအရာ ဦးခေါင်းဆတ်ပြတယ်၊

နောက်တော့ ဟင်နရီစမစ်ရော ကျွန်တော်ပါ နှစ်ယောက်စလုံး ကျွန်တော့်ရှေ့ခြေတစ်လှမ်းစာအကွာ မြေပေါ်က အသွင်သဏ္ဌာန်တစ်ခုကို ပြိုင်တူ ငုံ့ကြည့်လိုက်မိကြတော့တာပါပဲ၊

ရွက်ခြောက်တွေ ကြွေကျပြန့်ကြဲနေတဲ့ တစ်ယောက်သွား တောလမ်းကလေးပေါ်မှာ ခွေခွေကလေးလဲကျနေတဲ့ ရန်လုံရဲ့ဦးခေါင်းဟာ သူ့လက်နှစ်ဖက် အလယ်စပ်ကြားမှာ ရောက်ရှိနေပြီး သူ့မျက်လုံးအစုံဟာ ကျွန်တော့်ကို တည့်တည့်မတ်မတ် စူးစူးရဲရဲကြည့်နေတယ်၊ သူ့အကြည့်က ကျွန်တော့်အပြုအမူကို ပြင်းပြင်းထန်ထန် ဟန့်တားနေတဲ့အမူအရာမျိုးပါပဲ၊ နောက်တော့ မှေးစင်းသွားတယ်၊ ကျွန်တော်ဟာ သူ့ရှေ့တည့်တည့်ကို ဒူးထောက်ထိုင်ချလိုက်မိတယ်၊

ကျွန်တော့်ရင်ဘတ်ကြီးတစ်ခုလုံးဟာ ဖိထိုးထားသလို တက်ချည်ကျချည်နဲ့ ပူလောင်ပြင်းထန်တဲ့ဝေဒနာကို တင်းနင့်တစ်ပိုး ခံစားနေရပါတယ်၊ ရန်လုံရဲ့ မျက်လုံးထဲကို တည့်တည့်မတ်မတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး "ငါ မှားပါတယ်" ဆိုတဲ့ အသံတိုးတိုးစကားလုံးနဲ့ ထပ်ကာတလဲလဲ တောင်းပန်နေမိတယ်။

ရန်လုံရဲ့ခန္ဓာကိုယ်မှာ မြားတံတန်းလန်းစိုက်နေလျက်သားနဲ့ အသာအယာ ပွေ့ချီပြီး ကျွန်တော့်ရင်ခွင်ထဲကို ထွေးပိုက်ထားလိုက်ပါတယ်။ ရန်လုံဟာ သူ့ကိုယ်သူ သေရတော့မယ်ဆိုတာကို သိနေတဲ့အမူအရာနဲ့ ဝေဒနာကို အသည်းအသန် ခံစားနေရတာ သိသာပါတယ်။

ဟင်နရီစမစ်ဟာ ကျွန်တော်နဲ့ ရန်လုံအနားကို ဖြည်းညင်းစွာ ပြန်လှည့်လာတယ်။ နောက်ပြီးမျက်တောင်မခတ်ငုံ့ကြည့်တယ်။

"သိပ် - ကြေကွဲစရာကောင်းတဲ့ဖြစ်ရပ်ပါလား - လူကလေး။ ကျွန်ုပ် အများကြီး စိတ်မကောင်းဘူး၊ ရန်လုံလို အရည်အချင်းရှိပြီး လူကလေးအပေါ်မှာ သစ္စာရှိတဲ့ အမဲလိုက်ခွေး နောက်ထပ်ရဖို့ အကြောင်းမရှိဘူး"

လို့ သူ့ထင်မြင်ယူဆချက်နဲ့သူ မှတ်ချက်ချလိုက်တယ်၊ တကယ်တော့ ရန်လုံဟာ ကျွန်တော် ကျူးလွန်တော့မယ့်ရာဇဝတ်မှုကြီးကို အသက်ပေးပြီး ဟန့်တားခဲ့တာပါ။ ရန်လုံရဲ့ရည်ရွယ်ချက်အောင်မြင်ပါတယ်၊ ကျွန်တော့်အနေနဲ့ သူ့ကိုနောင်တကြီးစွာနဲ့ ထွေးပိုက်လို့ ကျွန်တော့်တဲရှိရာကိုနောက်ကြောင်းပြန်လှည့်သွားခဲ့တယ်၊ ဒါပေမဲ့ - ရန်လုံ အသက်မရှိတော့ပါဘူး။ ကျွန်တော့်ရင်ထဲမှာ ရန်လုံကလွဲလို့ တခြား ဘာဆိုဘာမှမရှိဘူး။ ဟင်နရီစမစ်ရော၊ ဟယ်လင်ရော၊ တစ်လောကလုံးဟာကျွန်တော့်အတွက်ထည့်စဉ်းစားစရာ မလိုတော့ဘူး။

"မိမိကိုယ်ကို အပြစ်မတင်ပါနဲ့ - လူကလေး။ အမဲလိုက်ခြင်းမှာ မတော်တဆအက်ဆီးဒင့်ဆိုတာ ဖြစ်လေ့ဖြစ်ထရှိတတ်တာမျိုးမဟုတ်လား"

❒

နောက်တစ်နေ့မှာ ဟင်နရီစမစ်တို့ လင်မယားပြန်သွားကြတယ်။ ကျွန်တော့်ကို မကောင်းမှု ရမ္မက်နွံထဲက ဆွဲထုတ်ရှိကြီးစားရင်း တမလွန်ဘဝကို ရောက်ရှိသွားတဲ့ ရန်လုံအတွက် (သူ... အသက်ရှိလဲပြီး ကျွန်တော့်ကို သင်ခန်းစာပေးခဲ့တဲ့နေရာလေးမှာ) အမှတ်တရ အုတ်ဂူလိုသချိုင်းဂူလေးနဲ့ ကျကျနန မြှုပ်နှံထားခဲ့တာပါ။

အဲဒီအချိန်ကစပြီး ကျွန်တော့်ရင်ဘတ်ထဲ၊ ဦးနှောက်ထဲမှာ ရှိရှိသမျှမကောင်းမှုတွေအားလုံး ခဝါချလိုက်မိပါ



တော့တယ်။ ရန်လုံ သေဆုံးပြီး နောက်ထပ်တစ်နှစ်အကြာမှာ ကျွန်တော့်ဘဝဟာလည်း စိုက်ပျိုးရေးသမား လုံးလုံးလျားလျားဖြစ်ခဲ့ရတယ်။

နောက်တော့ ကျွန်တော့်အပေါ်မှာ ကြင်ကြင်နာနာနဲ့ စေတနာထား ဆက်ဆံလေ့ရှိတဲ့ အေးမမနဲ့ ဆုံစည်းကြပြီး အကြင်လင်မယားအဖြစ် အတည်တကျ ပေါင်းသင်းနေထိုင်ကြပါတယ်။

တကယ်လို့များရန်လုံအသက်ထင်ရှားရှိနေခဲ့ရင်လဲ အေးမမကိုတော့ ကျွန်တော့်ဘဝခရီးဖော်အဖြစ် ခွင့်လွှတ်နိုင်လိမ့်မယ်ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အေးမမက ကျွန်တော့် လိုပဲ တိရစ္ဆာန်လေးတွေ၊ ငှက်ကလေးတွေ အပေါ်မှာ နှစ်နှစ်ကာကာ စေတနာထားပြီး ဆက်ဆံသူဖြစ်လို့ပါ။

⇨ ဆွေမြင့်

လှို့ရ
လော
က
ဆေး
မြူး
ကို

**ရောင်ရမ်းနာ** - စပါးလင်ကို ထုထောင်း၍ အဝတ်ဖြင့် ထုပ်ပြီး ကျပ်ထုပ် ထိုးပေးပါ။
**လေငန်း(ရှူ့ဓောင်း)** - ခွေးလျှာလေးယားအစေ့ကို အခွံခွာ၍ နွားနို့နှင့် ကျိုသောက်ပါ။
**ရင်ဘတ်နာ** - သဘော်ရွက်ပြုတ်ရည်နွေးနွေးတွင် ထန်းလျက်ခတ်၍ သောက်ပါ။

www.burmeseclassic.com



# ဟောကောင်ငါ့ ကားခြား

မြဝဓီ



လူတစ်ယောက်
အသက်ဆုံးရှုံးခဲ့ကာ
သူနိုင်ကိုယ်နိုင် အပြိုင်ကြဲခဲ့ရသည့်
လူသားစားကျားပစ်ပုံကို
ဖတ်ရှုရပါမည့် ..

## ကျွန်တော်တို့ . ..

ဂျစ်ကားသည် လီဒိုလမ်းမကြီးအတိုင်း တဝီဝီမြည်အောင် ပြေးလွှားနေသည်။ မြင့်မားလှသော သစ်ပင်ကြီးများနှင့် ဝါးရုံကြီးများသည် ကားလမ်း၏ဘေးတစ်ဖက်တစ်ချက်တွင် မည်းမှောင်နေအောင် ပေါက် လျက်ရှိသည်။

မြစ်ကြီးနားမှနေ၍ မိုင်(၂၀)ခန့်ရှိသော တာကောညစခန်းသို့ ထွက်လာရခြင်းမှာ အင်မတန်မှပင် အန္တရာယ်များလှသော စွန့်စားခြင်းလုပ်ငန်းသာ ဖြစ်ပါချေသည်။

ကျွန်တော်တို့ကားသည်တစ်ဝက်မန္တမ်းဘေးသော အမေရိကန်စစ်ဂျစ်ကားဖြစ်သည်။ ၁၉၄၄ - ခုနှစ်မြန်မာနိုင်ငံ စစ်ဆင်ရေးတွင်အင်ဂျင်နီယာတပ်ရင်းအမှတ်(၁)သို့ ထုတ်ပေးခဲ့သည့်ကားဖြစ်လျက် မြန်မာနိုင်ငံသို့ရောက်သောအခါတွင် ဘားမားရိုင်ဖယ်တပ်သို့ ပြောင်းလွှဲပေးရာတွင် ပါဝင်ခဲ့သည့်ကားဖြစ်သည်။

ထို အချိန်က ကျွန်တော်သည် အိန္ဒိယအင်ဂျင်နီယာစစ်တပ်တွင်စကောင်းလက်ဖတင်နင်ရာထူးအဆင့်ဖြင့် အမှုထမ်းဆောင်ခဲ့သော်လည်း မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသောအခါ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာတပ်တွင် ပြောင်းလဲအမှုထမ်းဆောင်ခဲ့သည်။

ကျွန်တော်ပါဝင်သော အိန္ဒိယအင်ဂျင်နီယာတပ်ခွဲကို ကက်ပတိန်ဂျွန်မက်သကရှုးက အုပ်ချုပ်ခဲ့လေသည်။ အချိန်မှာ၁၉၄၄-ခုနှစ်ဖြစ်လျက်မြစ်ကြီးနားမြို့ကိုသိမ်းပိုက်ပြီးပြီးချင်းပင်မန္တလေးသို့ စစ်တစ်ကြောင်းနှင့် ဗန်းမော်သို့ စစ်တစ်ကြောင်းခွဲထွက်ကာ ချီတက်သွားကြသည့်အချိန်လည်း ဖြစ်ပါ၏။

ကျွန်တော်ပါဝင်သော အင်ဂျင်နီယာတပ်ခွဲကလေးမှာရှေ့သို့ဆက်မလိုက်ရတော့ဘဲ လီဒိုလမ်းမကြီးတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန်အတွက် ကျန်ရစ်ခဲ့ပါသည်။အမှန်တော့-ထိုလမ်းမှနေပြီးလျှင် နောက်ထပ် စစ်တပ်များအဆက်မပြတ်ချီလာလျက်ရှိနေရာတွင် ကျိုးပြတ်သွားသော တံတားများနှင့် အချို့သောလမ်းများကို ပြင်ဆင်ရေးအတွက် ကျွန်တော်တို့တပ်ခွဲက တာဝန်ယူထားရပြန်ပါသည်၊ တာကောညစခန်းတွင် တံတားတစ်ခုပျက်စီးနေခြင်းနှင့်တောင်ပြို၍လမ်းများမြေဖုံးနေသည်များကို တရကြမ်းပင် ဘူဒိုဇာမြေကော်စက်ကြီးများဖြင့် ပြင်ဆင်လုပ်ဆောင်နေရသည်။

တံတားပြင်ဆင်ရာတွင် အလုပ်သမားများကို အိန္ဒိယမှ မဒရပ်နှင့်စစ်တကောင်း အာသံအမျိုးသားများအားအလုပ်သမားများအဖြစ်ခေါ်ဆောင်လာခဲ့သည့်အလျောက် အလုပ်သမား(၇၀)ကိုတာကောညစခန်းတွင်အစောင့်များချထားကာ လုပ်ဆောင်စေရသည်။

အထူးသဖြင့်တာကောညစခန်းသို့ညနေဘက်ကျွန်တော်တို့ထွက်လာကြခြင်းသည် ရည်ရွယ်ချက်များအပြည့်နှင့်ထွက်လာကြခြင်းဖြစ်ပါသည်။ကပ္ပတိန်ဂျွန်မက်သရှုးမှာမြစ်ကြီးနားမြို့တွင်ကျန်ရစ်ခဲ့သည်။ကျွန်တော်တို့နှင့်ပါလာသောသူမှာ လက်ဖတင်နင်ဘော်လဒွင်ဘောကာဆိုသူ အသက် (၄၀)ကျော်ခန့် အင်္ဂလိပ်အမျိုးသားဗိုလ်တစ်ဦးဖြစ်ပါ၏။

ကျွန်တော်၏အမည်မှာ"တော်မီမိုး"ဖြစ်သည်။အင်္ဂလိပ်-မြန်မာကပြားအမျိုးသားတစ်ဦး ဖြစ်ပြီးလျှင် စိန်ပေါ်ကျောင်းထွက်တစ်ဦးဖြစ်လျက် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီကလေးတွင်အိန္ဒိယနိုင်ငံသို့ရောက်ရှိကာအင်ဂျင်နီယာကောလိပ်တွင်တက်၍ပညာသင်ကြားခဲ့သည်။စစ်ဖြစ်လာသောအခါတွင်အိန္ဒိယအင်ဂျင်နီယာတပ်သို့ဝင်ကာမြန်မာနိုင်ငံသို့စစ်ချီရာတွင်ပါဝင်ခဲ့ခြင်းဖြစ်ပါ၏။ဤသို့ကျွန်



တော်နှင့်ဘောကကတို့အပြင် ကချင်အမျိုးသား ဆာဂျင်မာဂျန်းလ၊ ကချင်အမျိုးသား စစ်သားကြီး တန်ကိုဝါးတို့ ပါရှိကြသည်။ဂျစ်ကား၏နောက်တွင်ပစ္စည်းများအနည်းငယ်တင်ယူလာသောထရေလာခေါ်အပိုတွဲဆွဲကား ပါလာသေး၏။

လက်ဖတင်နင်ဘောကာသည် အမဲပစ်ဝါသနာကြီးသူဖြစ်သည်။ သူနှင့် တွဲနေရစဉ်တွင် ကျွန်တော့်မှာ မကြာခဏအမဲလိုက်ကြရသည်။သူသည်အမဲလိုက်ရမည်ဆိုပါက စစ်တိုက်ရသည်ထက်ပျော်ကြောင်း၊ စိတ်ပါဝင်စားကြောင်းကို မကြာခဏပင်ပြောတတ်သည်။အမဲကြီးများပစ်ခတ်ရာတွင်လည်း စိတ်ပါဝင်စားစရာကောင်းပုံများကိုပါ ပြောပြတတ်ပါချေသည်၊ သူပစ်ခဲ့ဖူးလေသောအမဲကြီးများတွင် ခက်ခက်ခဲခဲနှင့် ပစ်ခတ်ခဲ့ရသည့် အမဲကြီးများအကြောင်းလည်း မကြာခဏ ပါရှိတတ်ပါ၏။ သူနှင့်ပေါင်းသဖြင့်လည်း ကျွန်တော်သည် အတော်အတန် အမဲပစ်ဝါသနာ ပါလာသည်နှင့် ပတ်သက်ပြီးလျှင် အတော်ကလေး စိတ်ဝင်စားနေမိချေသည်။

မြစ်ကြီးနားမြို့မှ တာကောညအလုပ်စခန်းသို့ညနေစောင်း ခရီးထွက်လာခြင်းမှာလည်း အမဲကြီးများအားကားမီးထိုး၍ ပစ်ခတ်ရန်ပင် ဖြစ်ပါ၏။ ဤလမ်းဤခရီးတွင်မဟာမိတ်စစ်သည်အများသည် သဘာဝဘေးဒဏ်ဆိုး အမျိုးမျိုးဖြင့် အသေဆိုးသေခဲ့ကြရလေသည်၊ ဤသို့ အသေဆိုး သေခဲ့ကြရသော မဟာမိတ်စစ်သည်များသည် သဘာဝ၏ ဥတုလွန်ကဲမှုကြောင့်ဟုသော တစ်ခုတည်းသော ဖောက်ပြန်မှုကြောင့်လည်း မဟုတ်ပါချေ။ တကယ်တမ်းဆိုသော် တောအမဲကြီးများ၏ လက်ချက်ကြောင့် စစ်သားအတော်များများ အသက်ထွက်ခဲ့ရခြင်းဖြစ်သည်။

ကျွန်တော်တို့ အင်ဂျင်နီယာတပ်မှ ရဲဘော်များဆိုလျှင် သံဆူးကြိုးဝိုင်းအတွင်းတွင် စခန်းချထားရပါ၏။ သံဆူးကြိုးဝိုင်း၏အမြင့်မှာ အနည်းဆုံး (၁၅) ပေအမြင့်ရှိမှသာ တောအမဲကြီးများ၏ အန္တရာယ်ကို စိတ်ချရသည်၊ အမှုမဲ့၊ အမှတ်မဲ့ဖြင့် တောတွင်းသို့ ဝင်မိသော ရဲဘော်များဆိုပါမူ ဟင်းကောင်ခေါ် လူသားစားကျားများ၏အန္တရာယ်ကိုမကြာခဏ တွေ့ရသည်သာဖြစ်ပါ၏၊ ညခရီးထွက်တိုင်းပင်လျှင် ကျားများနှင့် အများဆုံးတွေ့ရသလို သူတို့၏ တိုက်ခိုက်ခြင်းကိုလည်း ကျွန်တော်တို့ ခံကြရသည်၊ သို့တစေ နောက် ကျွန်တော်တို့၏လက်

www.burmeseclassic.com

www.burmeseclassic.com



ချက်ဖြင့် သာလျှင် သေပွဲသို့ ဝင်ကြရသည်သာ ဖြစ်၏။

ကျွန်တော်တို့တွင် လက်နက်ကြီးများဆို၍ စစ်သုံးရိုင်ဖယ် (၁၀၃)နှင့် ဝင့်ချက်စတာ (၄၇၅)ရိုင်ဖယ်တို့သာ ပါရှိသည်။ ကျွန်တော်တို့ဆာဂျင်၏ လက်ထဲတွင် တော်မီဂန်းတစ်လက်နှင့် ကျွန်တော်၏ကိုယ်တွင် (၄၅)ဘို့ ကာလီဘာအမျိုးအစား ခြောက်လုံးပြူးအပြင် ဒသမ (၄၄) ဝင့်ချက်စတာရိုင်ဖယ် ပါရှိသည်။ လက်ဖတင်နင်ဘေကာသည် ဒသမ (၄၇၅) ဝင့်ချက်စတာရိုင်ဖယ်ကြီးနှင့် ဂျာမန်လုပ် လူဂါပစ္စတိုကို ခါးတွင် သားရေအိတ်နှင့် တွဲကာပါရှိလာ၏။ ဆာဂျင်ကြီးမာဂျန်းလတွင် ကချင်အမျိုးသားကိုင်ဓားကြီးကို ခါးတွင် ချိတ်ဆွဲပါရှိသကဲ့သို့ စစ်သားကြီးထန်ဘိုဝါးမှာလည်း ဂေါ်ရခါးဓားကောက်ကြီးကို ခါးတွင် သစ်သားဓားအိမ်ပြားကြီးဖြင့် ဟန်ပါပါ ချိတ်ဆွဲထားသည်မှာ မာန်ပါလှချေသည်။

ဘမျိုးဘိုးတူဟူသကဲ့သို့ ကျွန်တော်တို့တွင်ပင် အမဲပစ်ဝါသနာပါကြသည် မဟုတ်သေးဘဲ မာဂျန်းလနှင့် ထန်ဘိုဝါးတို့ကလည်း ဝါသနာပါကြသည်။

"ကျုပ်တို့ကတော့ ကျားလောက်တော့ သေနတ်နဲ့တောင်မဟုတ်ဘူး။ ဟောဒီဓားနဲ့ပဲ အသေခုတ်သတ်နိုင်တယ် - လက်ဖတင်နင်"

ဆာဂျင်မာဂျန်းလက ကျွန်တော်တို့အား သူကိုယ်တိုင် ကျားကို ဓားဖြင့် ခုတ်သတ်ဖူးကြောင်းကို ပြောပြသလို ယခုလည်း ကျားကိုတွေ့လျှင် ဓားဖြင့် ခုတ်သတ်ဝံ့ကြောင်းပြောသည်။ ကျွန်တော်တို့အား ခပ်တည်တည်ဖြင့် ဗိန်းသလော၊ အတည်ပင် ပြောသလောဟူ၍တော့ မသိ၊ သူ၏မျက်နှာကို ကြည့်ရသည်မှာ တကယ်ပင်ခုတ်သတ်ဝံ့ကြောင်းကိုဖော်ပြနေပါချေသည်။ ကျွန်တော်နှင့် လက်ဖတင်နင်ဘေကာတို့ကမူ ဆာဂျင်၏ စကားကို အလွန်သဘောကျသွားကာ ရယ်မောမိချေသည်။

❐

ငှက်များ အိပ်တန်းတက်ချိန်ဖြစ်၍ သစ်ပင်ကြီးများပေါ်တွင် ဆူညံနေသည်။ ဤသို့ငှက်များဆူညံကာအိပ်တန်းတက်နေရာမှပင် ကျွန်တော်တို့၏ ဂျစ်ကားသည် ကြောင့် လန့်ဖျပ်ကာ ဝုန်းခနဲထ၍ပျံပြေးကြသည်။

အမှောင်ရိပ်များက တောတော တစ်ခွင်ကို တဖြည်းဖြည်း ကြီးစိုးလာ



သည်။ အေးမြလှသောလေသည် အကာအကွယ်ကင်းမဲ့နေသော ကျွန်တော်တို့ တစ်ကိုယ်လုံးအား ရေခဲရေများနှင့် ဖြန်းပက်နေဘိအလား ထင်ရအောင် တိုးဝှေ့နေချေသည်။ လမ်းခရီးမှာ မြို့ပေါ်မှ လမ်း

၄၄ ကျားတစ်ကောင်မှာ ချိုင့်ဝှမ်းအတွင်း လဲကျနေသည်။ သို့တစေ အသက်တော့ မပျောက်သေးချေ။ တဝုန်းဝုန်းမြည်ညည်းညူသံပေးနေသေး၏။ အနီးပတ်ဝန်းကျင်တွင် ကျောက်တုံးကျောက်ခဲကြီးများက ရှိနေသည်။ အံ့ဩစရာကောင်းသည်မှာ နှစ်ကောင်အနက် ကျားတစ်ကောင် မတွေ့ရခြင်းပင်ဖြစ်သည်။ ကျွန်တော်သည် ချက်ချင်းပင် စဉ်းစားလိုက်မိ၏။



များကဲ့သို့ ချောမွတ်နေသည် မဟုတ်ပါချေ။ စစ်ရေးအတွက် တရကြမ်းဖောက်လုပ်လိုက်ရသော စစ်လမ်းဖြစ်သည့်မို့ လမ်းမှာ ကြမ်းတမ်းနေသည်။ အနီမှုံ့အမြင့်ဖြင့် မညီညာသော တောင်ကြောများ ကွေ့ပတ်ကာ ဖောက်လုပ်ထားရသည်။

ဤသို့ ဂျစ်ကားကို လက်ဖတင်နင်ဘေကာကိုယ်တိုင် မောင်းလာခဲ့ရာမှ ကျွန်တော်တို့ကားလမ်းရှေ့ကိုက်(၅၀) ကျော် တောင်ကုန်းတစ်ကုန်းအတက်တွင် ဆင်များ၏အော်သံများကို ကြားရလေသည်။ အထူးသဖြင့် ကျွန်တော်တို့ တက်လာသော တောင်ကုန်းသည် ပေပေါင်း(၂၀၀)ခန့်မျှ မြင့်မည်ဟု ခန့်မှန်းလိုက်သည်။ တောင်ကုန်းအထက်တွင် ဆင်အုပ်များ ရှိနေသည်မှာ သေချာ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဆင်နှင့်ကြုံရမည်ကိုတော့ ကျွန်တော်သည်အတော်ကလေးစိုးရိမ်မိချေသည်၊

ကားမီးကိုထိန်လင်းစွာထိုး၍တက်လာခဲ့ရာ တောင်ကုန်းပေါ်ရောက်သည်နှင့် တစ်ပြိုင်တည်းမှာပင် မီးရောင်အတွင်းတွင် အဝါနှင့်အနက် ကန့်လန့်စင်းကြီးများပါသည့် ကျားနှစ်ကောင်ကို တွေ့လိုက်ရသည်၊ ချက်ချင်းပင်လျှင် လက်ဖတင်နင်ဓာကာသည် မီးရောင်တွင် မျက်လုံးတဝင်းဝင်းဖြင့် ပေစောင်းစောင်းကြည့်နေသည့် ကျားများကို ပစ်ရန်အတွက်ဒသမ(၄၇၅)ရိုင်ဖယ်ကြီးကို ဆွဲယူလိုက်သည်၊

"မဟုတ်ဘူး – လက်ဖတင်နင်၊ ကျုပ်တို့ ဒီဟင်းကောင်တွေပစ်မယ့်အစားလမ်းမှာတွေ့ရမယ့်ဆတ်ကြီးတွေ ဖြစ်ဖြစ်၊ တောဝက်တွေဖြစ်ဖြစ် ပစ်ရရင်မကောင်းဘူးလား"

"အို – လက်ဖတင်နင်ကလည်း – ဒီကောင်တွေဟာကျုပ်တို့ရန်သူတွေဗျ"

လက်ဖတင်နင်ဓာကာသည် ရိုင်ဖယ်ဖြင့် ချက်ချင်းပင် ထိုးချိန်လိုက်သည်၊ ကျွန်တော်သည် ကျားများကိုပစ်ရန် မလိုလားသော်လည်း သူကဲ့သို့ပင် (၃၀၃)ရိုင်ဖယ်ကို ယူ၍ချိန်ရွယ်လိုက်ရ၏၊ အမှန်တော့ – ဤနေရာမျိုးတွင် ကျားများကိုပစ်မည့်အစား ဆတ်နှင့်ရေများသည် ညဥ့်အခါတွင် အုပ်လိုက်ဖွဲ့၍ တွေ့ရတတ်သောကြောင့် ထိုအမဲမျိုးကိုသာပစ်ရန် ကျွန်တော်က လိုလားခြင်းဖြစ်၏၊

ကျွန်တော်သည် ကိုက်(၃၀၀)အကွာအဝေးကို အမှောင်တွင်မှန်းကာ နောက်ရှိန်သီးကို ရွှေ့လိုက်သည်၊ ကျားနှစ်ကောင်သည်ကားမီးရောင်တွင်ထင်းထင်းကြီးပင် ရပ်နေကာ မျက်လုံးများကလည်းတဝင်းဝင်းလက်နေသဖြင့်အလွန်ပင် ပစ်ကွင်းကောင်းနေတော့သည်၊ ဆာဂျင်မာဂျန်းကလည်း ကျွန်တော်တို့ကို ကူ၍ပစ်ရန် အသင့်ဖြစ်နေသည်၊ တစ်ချိန်တည်းမှာပင်သေနတ်သံများက ဝေါခနဲပြိုင်၍ထွက်သွားတော့၏၊ ယမ်းနံ့များသည်လည်းထောင်းခနဲ ထသွားချေသည်၊ ကျားနှစ်ကောင်မှာ မီးရောင်အတွင်းဝယ် နောက်ကျွမ်းပစ်ကာ လိမ့်ထွက်သွားသည်ကို တွေ့လိုက်ရ၏၊

"ထိသွားတာတော့ ချက်ကောင်းပဲဟေ့၊ လာ – လာ – လိုက်ရအောင်"

ဓာကာသည် ထိုသို့ပြောရင်းက ဂျစ်ကားတို့ စက်နှိုးကာ ကျားများ လိမ့်သွားသည့်ဘက်သို့ မောင်းတော့သည်၊



ဆာဂျင်မာဂျန်းလနှင့် တန်ကိုဝါးတို့ကလည်း – "ဒီကောင်တွေ လဲနေမှာ သေချာတယ် – ဗိုလ်ကြီး" ဟုပြောလိုက်သည်၊

ကျွန်တော်တို့ကားမောင်းလာသောတောင်ကုန်းမှာ မြေပုံအမှတ် (၁၂၀) တောင်ကုန်းဖြစ်သည်၊ ကျွန်တော်တို့ပစ်လိုက်သောကျားနှစ်ကောင်သည်တောင်ကုန်းလမ်းဘေးရှိ ချိုင့်ဝှမ်းအတွင်းဝယ် တဝူးဝူး အော်နေရာ၏၊ တောင်ကုန်း၏ ယာဘက်တွင်တောင်လက်မောင်းတစ်ခု၏တောင်ကမ်းပါးသည်ပေ(၂၀၀)ခန့် ဆင်ခြေလျှော ရှိနေချေသည်၊ ချိုင့်ဝှမ်းအထက်တွင် မိုးမခချုံကြီးများက ကောဒွတ်လျက် အစီအရီ ပေါက်နေသည်၊ ဂျစ်ကားကို ချိုင့်ဝှမ်းဘေးတွင် ကပ်၍ရပ်လိုက်ပြီးလျှင် ကားမီးကို ချိုင့်ဝှမ်းအတွင်းသို့ ထိုးလိုက်သည်၊

ကျားတစ်ကောင်မှာ ချိုင့်ဝှမ်းအတွင်း လဲကျနေသည်၊ သို့တစေအသက်တော့ မပျောက်သေးချေ၊ တဝူးဝူးဖြင့် ညည်းညူသံပေးနေသေး၏၊ အနီးပတ်ဝန်းကျင်တွင် ကျောက်တုံးကျောက်ခဲကြီးများက ရှိနေသည်၊ အံ့သြစရာ ကောင်းသည်မှာ နှစ်ကောင်အနက် ကျားတစ်ကောင် မတွေ့ရခြင်းပင်ဖြစ်သည်၊ ကျွန်တော်သည် ချက်ချင်းပင် စဉ်းစားလိုက်မိ၏၊ ကျားတစ်ကောင်မှာ ချက်ကောင်းကို ပစ်ကွင်းမှ လွဲသွားကာ နာရုံပင် နာသွားပေမည်၊ သို့ကြောင့်လည်း ရှာဖွေ၍မတွေ့ရခြင်းပင်ဖြစ်ပါ၏၊ ကျွန်တော်ထင်သည့်အတိုင်းပင်တကယ်တမ်းရှာဖွေကြသောအခါ သွေးစက်များ ကျကျန်နေသောမြေရာဖြင့် တောင်ကမ်းပါးပေါ်သို့တက်သွားသည်ကို တွေ့ရသည်၊

အသက်မသေသေးသော ကျားကိုမူ ဆာဂျင်ကြီး မာဂျန်းလကိုယ်တိုင် (၃၀၃)ကျည်ဆန်တစ်တောင့်ကို ဦးခေါင်းထဲသို့ ပစ်သွင်းလိုက်သည်၊ ကျွန်တော်က ဘာမျှအမိန့်မပေးရသေးမီ ထုံးစံအတိုင်းလက်မနှေးသောမာဂျန်းလအား "သူ့ရဲကောင်းကြီးပါလားကွ" ဟုပင် ပြောလိုက်မိသေး၏၊ ဤမျှဒဏ်ရာရထားသော ကျားတစ်ကောင်အား ထပ်မံ၍ သတ်စရာမလိုတော့ချေ၊ မိနစ်အတွင်း သေရမည်မှာ တွေးစရာပင် မလိုပါ၊ ကျည်ဆန်တစ်တောင့်ကို နမြော၍ မဟုတ်ဘဲသက်သက်တောသံပေးလိုက်သကဲ့ သို့ရှိသဖြင့် မနှစ်မြို့ခြင်းပင် ဖြစ်ပါသည်၊

"တစ်ကောင်တော့ နာသွားပြီ၊ အနှောင့်လိုက်ရင် ရမယ်၊ ဒီကောင် ဝေးဝေးတော့ မပြေးနိုင်ဘူး – တော်မီ"

www.burmeseclassic.com



"ဟာ - ညကြီးဗျာ၊ ကျုပ်တို့မှာ လက်နှိပ်ဓာတ်မီးတစ်လက်ထဲနဲ့ အရာမရောက်ပါဘူး။ မနက်ဖြန်ကျမှ လာပြီးပစ်ရင် မကောင်းဘူးလား၊ ဒီအကောင် ဒီညတော့ အစာရှာမစားနိုင်တာတော့ သေချာတယ်၊ ဘယ့်နယ်သဘောရလဲ၊ ကျုပ်တို့လိုက်ရင် ဒီအကောင်က ချုံကောင်းကောင်းက စောင့်နေရင် ဒုက္ခများသွားမယ် - လက်ဖတင်နင်"

"အို - ကျုပ်တို့ သေသေချာချာ ချိန်ပြီးပစ်တာပဲ - တော်မီ၊ လာဗျာ - ခင်ဗျားပါ လိုက်ခဲ့ပါ။ ကျုပ်တို့ အားအကောင်းသားပဲ"

လက်ဖတင်နင်ဘောကာသည်တစ်ဖွတ်ထိုးသမားပီပီ တန်ကိုဝါးအား လက်နှိပ်ဓာတ်မီး အယူခိုင်းလိုက်ပါသည်၊ လက်နှိပ်ဓာတ်မီးမှာ (၅)တောင့်ထိုးဖြစ်၍အားကောင်းလှသည်။ လက်ဖတင်နင်ဘောကာ ထွက်သွားလျှင် ကျွန်တော်လည်း နေ၍မဖြစ်ချေ။ သို့ကြောင့် ကျွန်တော်သည်သူနှင့်အတူပင်နာသွားသောကျားနောက်ကို လိုက်ရန်အတွက် တောင်ကမ်းပါးပေါ်သို့ သွေးစက်ခံ၍ လိုက်ခဲ့ကြသည်၊ အချိန်မှာ မိုးချုပ်စပင်ဖြစ်သေး၍ တစ်တောလုံး အမှောင်ရိပ်များ လွှမ်းမိုးစပြုနေသောအချိန်လည်းဖြစ်သည်၊ ဂျစ်ကားကိုမူ လီဒိုလမ်းမကြီးပေါ်မှာပင် စိတ်ချလက်ချ ထားပစ်ခဲ့ကြသည်၊

သည့်တစ်ခါမူ ကျွန်တော်၏လက်ထဲတွင် ပြောင်း(၂၈)လက်မအရှယ် ဒဿမ(၄၄)သို့ ဝင့်ချက်စတာရိုင်ဖယ်ပါလာသည်၊ ကျန်သောမာဂျန်းလနှင့် တန်ကိုဝါးတို့က (၃၀၃)ရိုင်ဖယ်များကိုင်ထားကြသည်၊ တော်မီကန်းတစ်လက်ကိုလည်း ဆာဂျင်မာဂျန်းလက စလင်းကြိုးဖြင့် ညာပခုံးတွင် လွယ်ထားသေး၏၊

နာသွားသောကျား၏သွေးစက်များသည် အဆက်မပြတ် တစက်စက် ကျသွားသဖြင့် ခရီးလမ်းညွှန်ပြနေသည်၊ ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး တန်းစီ၍တောင်ကုန်းတောင်စွယ်ကမ်းပါး၊ တောင်လက်မောင်းတောင်ကမ်းပါးပေါ်သို့ ရောက်လာကြသည်၊ ရှေ့ဆုံးမှ လက်ဖတင်နင်ဘောကာဖြစ်၍သူ့နောက်မှကျွန်တော်ဖြစ်သည်၊ တစ်ဦးနှင့်တစ်ဦး ခွဲမသွားကြအောင် ကြိုတင်သတိပေးထားရသည်၊ ညအချိန် တောပစ်သွားသူများအဖို့ သတိထားရသောအဖြစ်မှာ "တောမှောက်"ဟုခေါ်သောမျက်စိမှားမှုပင်ဖြစ်သည်၊ အချင်းချင်းသော်လည်း မျက်စိမှား၍ပစ်မိတတ်သဖြင့်တစ်ဦးနှင့်တစ်ဦး ကွဲကွာမသွားရေးကိုကြိုကြိုတင်တင် စီစဉ်ရခြင်းဖြစ်လေသည်၊



လက်ဖတင်နင်ဘောကာအား စိတ်မချသောကြောင့်သာကျွန်တော်တို့လိုက်၍လာရသည်၊ တကယ်တော့ - နာသောကျားကို ညဘက်တွင် လိုက်ရှိုးထုံးစံ မရှိပါ၊ ကျွန်တော်တို့ တောင်ကမ်းပါးပေါ်ရောက်သည်နှင့်တစ်ပြိုင်တည်းမှာပင် တောကြီးတစ်တောလုံး "ပြောင်းပြောင်း - ပြောင်းပြောင်း" ဟူသောအသံကြီးနှင့် မြည်ဟည်း၍သွားလေသည်၊ "ဝေါ" ဟူသော တောတိုးသံကြီးနှင့်အတူ "ကွပ်ကွပ် - ကွပ်ကွပ် - အီးအက်အက် - အက်အက်" ဟူသော ငှက်ကြီးများ၏အသံ "ဂီး - ဂီး - ဂစ်ဂစ် - ဂစ်ဂစ်" ဟူသော ငှက်ဝါခေါ်ငှက်ဆိုးထိုးသံများကိုပါကျွန်တော်တို့ကြားလိုက်ရသည်၊

ကျွန်တော်မှာ ထိုအသံများကြောင့် ရင်တစ်ခုလုံးတုန်လှုပ်သွားမိသည်၊ ကျွန်တော်ကဲ့သို့ပင် လက်ဖတင်နင်ဘောကာကို ယ်တိုင်လည်း အံ့အားသင့်ကာ အနည်းငယ်တုန်လှုပ်သွားပုံရလေသည်၊ ဆာဂျင်မာဂျန်းလ၏မျက်နှာနှင့်တန်ကိုဝါးတို့၏မျက်နှာမှာ ဖြူရော်ရော်ပင်ဖြစ်နေသည်ကို တွေ့ရသည်၊ သူတို့၏မျက်နှာသည် ပြန်လှည့်၍သွားလိုသောဆန္ဒကိုထုတ်ဖော်နေသကဲ့သို့ရှိနေ၏၊ လက်ဖတင်နင်ဘောကာသည်အသံများကြားရာဆီသို့ ဓာတ်မီးဖြင့် မပြတ်ထိုးထားသည်၊

"တော်မီ - ခင်ဗျားတို့ဘာမြင်ရလဲ၊ တွေ့တာနဲ့ တီးထည့်ပေတော့ဗျို့"

"စိတ်ချဗျို့ - တစ်ခုခုတော့ ထူးခြားနေတာပဲ"

ဤသို့ပြောရင်းကပင် "အူး"ဟူသော ဆင်ကြီးများအော်သံက ကျွန်တော်တို့နှင့် အနီးကပ်ဆုံး ပေါ်ထွက်လာ၏၊ မြင်လိုက်ရသည်မှာ လျှင်မြန်လှ၏၊ မြင့်မားသောဝါးပင်ကြီးများသည် လေသိမ်းရာတွင် ယိမ်းခနဲဖြစ်သွားဘိသကဲ့သို့ ဖြူဖွေးသောအစွယ်နှင့် သန်မာလှသောနှာမောင်းများမြှောက်ကာ ဝါးရုံတောအား တိုး၍ထွက်ပေါ်လာသည့် ဆင်မည်းကြီးများကို အံ့အားသင့်စွာတွေ့လိုက်ရသည်၊ ခပ်စောစောက ကြားခဲ့ရသော ဆင်အော်သံများသည်ဤဆင်များပင် ဖြစ်ရမည်ဟု ကျွန်တော်က ခန့်မှန်းမိသလို ရုတ်တရက် စူးရှစွာ ထိုးထားသည့် မီးရောင်တွင် ရှေ့သို့မတိုးသေးဘဲ တွေတွေကြီးကြည့်နေဘိသော စွယ်စုံဆင်ကြီးများကို ကိုက်(၅၀)ခန့်အကွာ တွေ့လိုက်ရသည်မှာ အသည်းတုန်ရာကောင်းနေပါဘိသည်၊

www.burmeseclassic.com

www.burmeseclassic.com



တိုက်(၅၀)ဆိုသည်မှာလည်းကျွန်တော်တို့နှင့် ဝေးလှသည်မဟုတ်ပါ၊ တစ်ရတော့ရှိသည်၊ ကျွန်တော်တို့က ကုန်းမြင့်ဖြစ်၍ သူတို့က ကုန်းနိမ့်ပိုင်းဘက်တွင်ဖြစ်သည်၊ ခပ်စောစောက တဖြောင်းဖြောင်း တဝုန်းဝုန်း ရှည်သွားခြင်းသည် ထိုဆင်ကြီးများကြောင့် ဖြစ်ရမည်ဟုလည်း ကျွန်တော်တို့ ခန့်မှန်းမိပါချေသည်၊ တန်ကိုဝါးကို လက်နှိပ်ဓာတ်မီးနှင့် ထိုးထားစေပြီးလျှင် ရှေ့ဆုံးမှ ဗိုလ်ကြီးအား လက်ဖတင်နင်ဘေကာက သူ၏ဒသမ (၄၇၅)ဝင့်ချက်စတာ မက်နမ်ရိုင်ဖယ်ကြီးဖြင့်ပစ်ရန် ပြောင်းဦးကို ညွှန်လိုက်ပါသည်၊

ကျွန်တော်ကမာဂျန်းလအားလည်း အသင့်ပြင်ဆင်ထားစေကာ ကိုယ်တိုင်လည်း တန်ကိုဝါး၏ (၃၀၃)ရိုင်ဖယ်ဖြင့် အသင့်ရှိနေပါသည်၊ ဆင်ဗိုလ်ကြီး ကျသွားသော် အခြားဆင်များ ထွက်ပြေးတတ်သည်သာဖြစ်၏၊ ယခုအချိန်မှာမူ ကျွန်တော်တို့အဖို့နောက်ဆုတ်ရန်မဖြစ်နိုင်တော့ချေ၊ အထူးသဖြင့် သစ်ဝင်ပေါ်သို့ တက်ပြေးရန်မှာ အနည်းဆုံး ရှန်းပင်ကြီးများနှင့် မိုးမခပင်များ၊ သစ်ရာပင်များ ရှိနေသည်၊ သို့တစေ သစ်ပင်ပေါ်သို့ မရောက်မီ တောဆင်အုပ်က ကျွန်တော်တို့အနီးသို့ရောက်လာမည်မှာ သေချာ၍ နေလေသည်၊

လက်ဖတင်နင်ဘေကာသည် ရှည်လျားသော အစွယ်ကြီးနှင့် အနည်းဆုံး ရနစ်ပေခွဲရှိမည်ဟုထင်ရသော ဆင်ဗိုလ်ကြီးကို ပြောင်းဦးပေးရင်းက ခလုတ်မောင်းကို ညှစ်ချလိုက်သည်၊ နာမောင်းကို မြှောက်၍ ဦးအနည်းငယ်နိမ်လာသော ဆင်ဗိုလ်ကြီး၏ဦးကင်းမှန်ကွက်အတွင်းသို့ (၄၇၅)မက်နမ်ကျည်ဆန်သည် လုလုပပကြီး ဝင်သွားပုံရပါ၏၊ "ဒိုင်း"ဟူသောအသံသည် (၃၀၃)ရိုင်ဖယ်ထက် ပြင်းထန်၍ တွန်းကန်အားများလှသည်၊ ဆင်ဗိုလ်ကြီးသည် သိမ့်ခနဲဖြစ်ကာ မြေပြင်သို့ ဒိုက်ကျသွားပေသည်၊ သို့အခိုက်ဒုတိယကျည်ဆန်တစ်တောင့်ထပ်မံလွှတ်လိုက်သဖြင့် မြေပြင်သို့ ဆင်ဗိုလ်ကြီး ဒိုက်ကျသွားချိန်တွင် ဆင်များ၏အော်သံနှင့် တဝေါဝေါ တောတိုးထွက်ပြေးသံများ ပေါ်လာသည်၊

ကျွန်တော်တို့လည်း အားရဝမ်းသာစွာဖြင့် ဆင်ကြီးလဲကျနေရာဆီသို့ ပြေးသွားကြသည်၊ အထူးသဖြင့်လက်ဖတင်နင်ဘေကာသည်ရှေ့ဆုံးမှပြေးသွားခြင်းဖြစ်သည်၊ ထိုအခိုက်မှာပင် လက်ဖတင်



နင်ဘေကာ၏အပေါ်သို့ အဝါနှင့် အနက်စင်းကျားထားသည့် ကိုးတောင်ခန့်ကျားကြီးသည် ဆင်ကြီး လဲနေရာဆီသို့ မရောက်မီ ဒင်းကောပင်များ၊ တောကင်းပွန်းချုံကြီးများ ပေါက်နေသည့်အထဲမှ ဝေါခနဲ ပေါ်ထွက်လာလျက် လက်ဖတင်နင်ဘေကာ၏လည်ကုပ်ကို ထိုးဟပ်ပြီး မြေပေါ်သို့ ဆွဲချလိုက်ပါသည်၊

တစ်ချိန်တည်းမှာပင် ကျွန်တော်၏ လက်တွင်းမှ (၃၀၃)ရိုင်ဖယ်နှင့် ဆာဂျင်မာဂျန်းလ၏လက်ထဲမှ (၃၀၃)ရိုင်ဖယ်များက မီးပွင့်ထွက်သွားကြသည်၊ ကျွန်တော်ပစ်လိုက်သောကျည်ဆန်သည် ကျား၏ဦးခေါင်းကို ကောင်းကောင်းကြီး မမိသော်လည်း ကျား၏ကိုယ်ထဲသို့မူ ဖောက်ဝင်သွားပေသည်၊ ဆာဂျင်မာဂျန်းလ၏ကျည်ဆန်ကတော့ ကျား၏ နောက်ပေါင်ရင်းကို မှန်သွားသဖြင့် ကျားမှာဖင်တရွတ်ဆွဲသွားသည်ကိုတွေ့ရသည်၊

ဤအချိန်တွင် တန်ကိုဝါးမှာ သူ၏ ဂေါ်ရခါးဓားကောက်ကြီးကိုကိုင်၍ ပြေးသွားသည်၊ ကျားမှာ ခပ်စောစောက ထွက်ပြေးသွားသည် ကျားနာပင် ဖြစ်သည်၊ ကျားနာခဲဆွဲသော် မပြေးလွှတ်နိုင်ချေ၊ ကျားနာ့များသည် ဝေးဝေးသို့ မပြေးနိုင်ဘဲ နီးရာချုံကောင်းကောင်းတွင်ဝပ်ကာ နေတတ်သည်ကို လက်ဖတင်နင်ဘေကာသည် သတိမပြုမိဘဲတော့ ရှိမည်မဟုတ်ပါချေ၊ သို့တစေ၊ တောဆင်ရိုင်းများနှင့် တွေ့ကြုံလိုက်ရသောကြောင့် ဘေကာသည် ကျားနာကို သတိမေ့အာရုံပြောင်းသွားသကဲ့သို့ ကျွန်တော်တို့ကိုယ်တိုင် သတိမေ့သွားရခြင်းသာဖြစ်ပါ၏၊

တန်ကိုဝါးသည် လက်ဖတင်နင်ဘေကာအား မလွှတ်တမ်း ဆွဲယမ်းနေသေးသော ကျားနာ၏ခါးပေါ်သို့ ဓားကောက်ကြီးဖြင့် တအားလွှဲခုတ်လိုက်သဖြင့် ဒုတ်ခနဲအသံ ပေါ်ထွက်လာပြီးသော် ဒုတိယအကြိမ် ကျား၏လည်ပင်းနှင့် လက်ပြင်အတွင်း ထိုးခုတ်လိုက်ပြန်သည်၊ ကျားနာ၏ပါးစပ်ထဲမှလက်ဖတင်နင်ဘေကာ လွတ်သွားသော်လည်း အသက်မပါလာတော့ချေ၊ ဘေကာ၏လည်ကုပ်မှာ ပြတ်ထွက်ကာ လည်ပင်းသားများသည် ကျားပါးစပ်ထဲတွင် အတော်များများ ပါသွားသောကြောင့် သွေးများ တရဟော ပန်းထွက်နေချေသည်၊

ထိုနေ့ညတွင် ကျားနစ်ကောင်၊ ဆင်တစ်ကောင်ရရှိသော်လည်းလူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၏အသက်ကို လဲလှယ်လိုက်ရသည်မှာ အရှုံးထွက်သည်နှင့် မခြားလှပါချေ။ ဖြူဖွေးသော ဆင်စွယ်ကြီးများကို နစ်သက်မြတ်နိုးတတ်သည့်လက်ဖတင်နင်ဘေကာမှာ ဘဝတစ်ပါးမှာသာ ပျော်ရွှင်ကြွားဝါနိုင်ပါတော့မည်။ အမှန်တော့ နာသွားသောကျားသည် မိမိအားပစ်သူကို ကောင်းကောင်းကြီး ကလဲ့စားချေတတ်ခြင်းကိုလက်ဖတင်နင်ဘေကာက သတိမပြုခဲ့ခြင်းပင် ဖြစ်၏။

မည်သို့ဖြစ်စေ၊ တောလိုက်သမားတစ်ဦး၏ ဖွတ်တရွတ်နိုင်မှုနှင့် မညှာမတာသော အမဲပစ်လိုသည့်စိတ်ဓာတ်များသည် မိမိအားတန်ပြန်၍အကျိုးပေးကာ မိမိအသက်ကို တောကောင်များအတွက် စတေးရဖို့ ဖြစ်လာကြောင်းကို တော့ ထိုအချိန်မှစပြီး သင်ခန်းစာကောင်းကောင်းကြီး ရရှိခဲ့ပါသတည်း။

(၁၉၄၅-ခုနှစ်၊ တောင်ဝှစရိုင်၊ သာဂရမြို့တွင် ဗမာ့မျိုးချစ်တပ်မတော် တပ်ရင်း(၁)၌ အမှုထမ်းဆောင်နေစဉ် အိန္ဒိယအင်ဂျင်နီယာတစ်ဖြင့် ပါလာသော လက်ဖတင်နင်တော်မီဆိုသူ၏ ပြောပြချက်ဖြစ်သည်။

⇨ မြဝင်း

ဂျို့ရှိ လော က ဆေး မြီး တို့

မြွေဆိပ်

(၁) ချောပင်မှအကိုင်းနကိုဖြစ်စေ၊အရွက်ကိုဖြစ်စေ ရေနှင့် သွေး၍ မြွေကိုက်ရာ၌ လိမ်းပါ။ မြွေဆိပ်ကျ၏။

(၂) ကန့်ပလူဥကို ရေနှင့် သွေးလိမ်းပါ။ တိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**အမှောင်ထု** စိုးမိုးထားသော ညနက်ချိန်တွင် မိုးကလည်း မစဲနိုင်၊ တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့်အဆက်မပြတ် ရွာရျလျက်ရှိသည်၊ ည(၁၂)နာရီကျော် ပြီဖြစ်၍ လူအများ အိပ်စက်အနားယူနေကြပြီဖြစ်သော်လည်း မအိပ်စက်နိုင်သော လူတစ်စုသည် အရေးတကြီးတိုင်ပင်စည်းဝေးလျက် ရှိနေကြသည်၊

မြို့ဖွန်ရပ်ကွက်ရှိ ရှေးဟောင်းအိမ်ပျက်ကြီးသည် မိုးသည်းသောညတွင် တိတ်ဆိတ်ငြိမ်သက်နေပေသည်၊ ကျယ်ဝန်းသောခြံကြီးဖြစ်သလို ကြီးမားသောသက်ရင့်သစ်ပင်ကြီးများ၏ အမှောင်ရိပ်များက မှောင်သထက်မှောင်အောင် လွှမ်းမိုးဖုံးအုပ်ထားသည်၊

တစ္ဆေ၊ သရဲများ ခိုအောင်းလျက် ရှိသည်ဟု နာမည်ကြီးနေသော အိမ်ပျက်ကြီးဖြစ်သည်၊ ထို့ကြောင့်လည်း အိမ်ပျက်ကြီးရှိရာခြံဝန်းအနီးအနားတစ်ဝိုက်သို့မည်သူမျှ ယောင်လို့ပင် ခြေဦးမလှည့်ရဲကြပေ၊ အဆိုပါ အိမ်ပျက်ကြီး၏ မြေအောက်ခန်းထဲတွင် မှိန်ဖျော့ဖျော့မီးရောင်များက အမှောင်ထုအား မဝံ့မရဲတွန်းလှန်လျက်ရှိသည်၊

မြေအောက်ခန်းအလယ်တွင်စားပွဲရှည်ကြီးတစ်လုံး ရှိသလို လူ(၆)ဦးက

လုယူတိုက်ခိုက်
လာသော အဖိုးထိုက်
ပတ္တမြားကြီးတစ်လုံးအတွက်
ကလိမ်ကကျစ်၊ ကွက်ကျော်ရိုက်ကြရာ
အချင်းချင်း အထင်မှားပြီး
နောက်ဆုံးတွင် ..



ဝိုင်းထိုင်ပြီးအရက်သောက်နေကြသည်၊ စားပွဲပေါ်တွင် အမြည်းများ စားသောက်ဖွယ်ရာများကအပြည့်ရှိသည်၊ စားပွဲထိပ်တွင် ကြံ့ခိုင်တောင့်တင်းသောလူကြီးတစ်ဦး ရှိသည်၊

မားရှည်တစ်လက်ကို ကျောပိုးလွယ်ထားပြီး သူ့ဖရှာညှို့တည့်အရက်ရှက်နားတွင် တောက်ပြောင်ဝင်းလက်နေသည့် အသွားရှည် ဓားမြှောင်တစ်ချောင်းကို စိုက်ထားသည်၊ အဆိုပါလူကြီးအားကျန်သည့်လူများကကြောက်ရွံ့စွာ ငေးကြည့်နေကြသည်၊ ခက်ထန်မာကြောစွာနှင့် ဒေါသထွက်နေသော အဆိုပါလူကြီးမှာ နာမည်ကြီးဓားပြဂိုဏ်းခေါင်းဆောင် ဦးသဏ္ဌ ဖြစ်သည်၊

"မင်းတို့ကို ဒီအချိန်မှာ ဒီစကားမျိုးပြောနေရတာ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်၊ ဒါပေမဲ့ - ဒီကိစ္စက မပြောမဖြစ်တဲ့ကိစ္စ၊ ငါတို့တစ်ဖွဲ့လုံးအတွက် အသေရေးရှင်ရေးလို အရေးတကြီးကိစ္စဖြစ်နေတယ်၊ ဒါကြောင့်မို့လို့လည်း ခုလိုပြောနေရတာပဲ၊ ငါ့တပည့်တွေထဲမှာ သစ္စာဖောက်တဲ့ကောင်တစ်ယောက်တော့ ကျိန်းသေရှိနေပြီ၊ အဲဒီသစ္စာဖောက်တဲ့ကောင်ကို ဒီည ရှာဖွေဖော်ထုတ်ဖို့ ငါစီစဉ်ထားတယ်"

"မင်းတို့သိတဲ့အတိုင်းပဲပြီးခဲ့တဲ့(၆)လလောက်က နယ်ဘက်မှ ခွင်ကောင်းပြီး အလုပ်ကောင်းကောင်း ရခဲ့ရတယ်၊ ရလာတဲ့ ရွှေထည်ပစ္စည်းတွေကို ထုခွဲပြီး မင်းတို့ငါးယောက်စလုံးကို အညီအမျှခွဲဝေပေးခဲ့ပြီးပြီ၊ ဈေးဖြတ်လို့မရတဲ့ အင်မတန်တန်ဖိုးကြီးတဲ့ ပတ္တမြားကြီးတစ်လုံးပဲ ကျန်တော့တယ်၊ ဒီပတ္တမြားကြီးကိုလည်း ဒီမြေအောက်ခန်းထဲမှာ လျှို့ဝှက်လုံခြုံစွာ သိမ်းထားတာ အကုန်လုံးသိတယ်၊ ခုတော့ - ပတ္တမြားကြီးက ခြေထောက်ပေါက်ပြီး ပျောက်သွားပြီ၊ မရှိတော့ဘူး၊ ဒီည လူစုံတက်စုံ ခေါ်လိုက်ရတာက ဒီပြဿနာကို ဖြေရှင်းဖို့ပဲ"

လူဆိုးလူမိုက်ကြီး (၅)ယောက်သည် သူတို့ထက်ပိုမိုတ်သော ဆရာကြီး ဦးသဏ္ဌ ပြောနေသည့်စကားများကို ရင်တထိတ်ထိတ်နှင့် နားထောင်နေကြသည်၊ ဦးသဏ္ဌကား ပရိယာယ်များသော၊ သူများ မျက်ခုံးမွေးပေါ် စကြဲလျှောက်သော ပန်ကာထိပ်က ဝက်အူ ဆရာကြီးဖြစ်သည်၊ ညက်နီညက်နက်များသလို အကင်းပါးပြီး ဖျတ်လတ်သွက်လက်သည်၊ တပည့်များအားလုံးက ကြောက်ရွံ့ရိုသေလေးစားကြသည်၊ ဦးသဏ္ဌသေဆိုသေ၊ ရှင်ဆိုရှင်၊ ဟိတ်ဆိုသည်နှင့် တုန်နေအောင် ကြောက်လန့်ကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဦးသက္ကစကားပြောသံများကထွက်ပေါ်လာသည်။

"အဲဒီတော့ - သူနိုးလက်က သူဝက်လှ၊ မြွေပွေးပိုးထိဆိုတာမျိုး ငါ လက်မခံနိုင်ဘူး။ ဒီပတ္တမြားကြီးကို ထိုက်ထိုက်တန်တန် ထုခွဲရောင်းချပြီးရင်လည်း မင်းတို့အားလုံး အညီအမျှ ဝေစုရကြမှာပဲ၊ ဒါကိုမစောင့်နိုင်ပဲ တစ်ကိုယ်ကောင်းကြံပြီး အလစ်သုတ်သွားတဲ့သူနိုးက ရှိသေးတယ်၊ ငါ့အကြောင်းလည်း မင်းတို့သိကြတာပဲ၊ သက္ကဆိုတာ မြေအောက်လောကမှာဘယ်သူမှခေါင်းမော်မကြည့်ဝံ့တဲ့ဆရာကြီးပါ"

"ခုတော့ - ငါ့လို ဆရာကြီးကို မင်းတို့ထဲက တစ်ယောက်ယောက်က စိန်ခေါ်လိုက်တာပဲ၊ ငါ့ရဲ့အယုံကြည်ဆုံး၊ စိတ်အချရဆုံး တပည့်ရင်းကြီးတွေ ဖြစ်ပါရက်နဲ့ မင်းတို့ လုပ်ရက်တယ်၊ ဒီပတ္တမြားကြီး အခု ဘယ်မှာရောက်နေလဲ၊ ဘယ်ကောင်က ခိုးဝှက်ထားတာလဲ၊ မင်းတို့ထဲက တစ်ယောက်ယောက်ကတော့ ယူထားတာ သေချာတယ် - ငါသိနေတယ်"

"ဘယ်ကောင်ကငါ့အပေါ်တစ်ပတ်ရိုက်ပြီး ဒီပတ္တမြားကြီးကို ယူထားတယ်ဆိုတာ ငါသိနေတယ်၊ မင်းတို့တစ်တွေက ငါ့ကို လှည့်စားလို့ရမယ်လို့ ထင်နေကြတာကိုး"

လူဆိုးဂိုဏ်း ခေါင်းဆောင် ဦးသက္ကသည် မောသွားဟန်နှင့် စကားပြောခြင်းကိုခေတ္တရပ်လိုက်သည်၊ စားပွဲပေါ်မှ သောက်လက်စ အရက်ခွက်ထဲမှ လက်ကျန်အရက်ခွက်ကို လှမ်းယူရင်း မနားတမ်း မော့ချလိုက်သည်၊ အမြည်းပန်းကန်ထဲမှ ကြက်ကင်တစ်ဖတ်ကို ကောက်ယူဝါးစားလိုက်သည်၊ စားသောက်ရင်းမှပင် သူ့တပည့်များကို အလစ်မပေးဘဲ အကဲခတ်လျက်ရှိသည်။

မြေအောက်ခန်းထဲရှိ မှေးမှိန်သော မီးအိမ်မှုန်မှုန်မွှားမွှား အလင်းရောင်များက လူဆိုးများ၏ မျက်နှာအသီးသီးပေါ်တွင် ကွက်တိကွက်ကျားထင်ဟပ်လျက်ရှိသည်၊ အပေါ်ဘက်ရှိ ရှေးဟောင်းအိမ်အိုကြီးသည် သဲသဲမဲမဲ ရွာချနေသော မိုးထဲလေထဲတွင် နစ်မြုပ်နေပေသည်၊ မြေအောက်ခန်းထဲရှိလူအားလုံးမှာ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်၊ စားပွဲပေါ်ရှိ အရက်ခွက်များ စားသောက်ဖွယ်ရာ အမြည်းများသည်ပင် စားသောက်ယူငင်သူမရှိဘဲ အထီးကျန်ဖြစ်သွားကြသည်။



လူဆိုးဂိုဏ်းခေါင်းဆောင်ဆရာကြီးဦးသက္ကပြောသည့်အတိုင်း သူတို့အဖွဲ့စားပြတိုက်လုယက်လာသော ပတ္တမြားကြီးက ပျောက်ဆုံးနေပြီဖြစ်သည်၊ အားလုံးသိသော ထားနေကျနေရာမှာလည်း ခြေရာလက်ရာ ပျက်လျက်ရှိသည်၊ တစ်ယောက်နှင့်တစ်ယောက် သူယူနိုးနိုး၊ ငါယူနိုးနိုးနှင့် သံသယရှိစွာ လှမ်းကြည့်ကြသည်၊ ပတ္တမြားကြီးမှာ သူတို့အားလုံးပိုင်ဆိုင်သော ဘုံပိုင်ပစ္စည်း ဖြစ်သည်၊ တစ်ဦးတည်းပိုင် မောင်ပိုင်စီး၍ရမည်မဟုတ်ပေ၊

ထုခွဲရောင်းချပြီးပါက တစ်သက်စာ ဖူလုံသွားကြမည်ကို သူတို့အားလုံး သိရှိထားကြသည်၊ ယခုလို ရုတ်တရက်ပျောက်ဆုံးသွားသည်ကိုတော့ အံ့ဩမဆုံး ဖြစ်နေကြသည်။

ဆရာကြီးဦးသက္ကသည် မထီလေးစားပြုံးလိုက်သည်။

"အခု - မင်းတို့အထဲမှာ ငါပြောတာကို ကြားပြီး တုန်လှုပ်ချောက်ချားနေတဲ့သူတစ်ယောက်ရှိတယ်၊ စောစောစီးစီး ကိုယ့်အပြစ်ကိုယ်သိပြီး ကျွန်တော် ယူမိတာပါ - ဆရာကြီးရယ်လို့ ပြောပြီး ပတ္တမြားကြီးကို ပြန်အပ်ရင်တော့ အချိန်မီသေးတယ်၊ ငါ ခွင့်လွှတ်နိုင်စရာအကြောင်းရှိတယ်၊ ကိုယ်ကျူးလွန်တဲ့အပြစ် ကိုယ့်အမှားကို ကိုယ်တိုင်ဝန်ခံမယ်ဆိုရင်အချိန်မနှောင်းသေးဘူး၊ မင်းတို့ စဉ်းစားကြ၊ ဒါမှမဟုတ်ရင်တော့ ငါတို့တစ်ဖွဲ့လုံးကိုသစ္စာဖောက်တဲ့အတွက် သစ္စာဖောက်တို့သွားရာလမ်းကြောင်းအတိုင်း ငါစီရင်ရမှာပဲ၊ ကဲ - မင်းတို့အားလုံး ပြောစမ်း၊ သစ္စာဖောက်တို့ သွားရာလမ်းဟာ ဘာလဲ"

"သေဒဏ်ပါ - ဆရာကြီး"

လူဆိုးများက တစ်ညီတစ်ညွတ်တည်း ဝိုင်းပြောကြသည်၊

"အေး - သေဒဏ်ပဲ - ပတ္တမြားကြီးကိုခိုးထားတဲ့ကောင်ဟာ သူ့အပြစ်ကိုသူဝန်ခံပြီးအခုနေ အများရှေ့မှာ ထုတ်ဖော်ဝန်ခံမယ်ဆိုရင်တော့သေဒဏ်က လွတ်နိုင်ပါတယ်၊ အချိန်မီသေးတယ်၊ မင်းတို့က ငါ့ကိုလျှော့တွက်နေကြသလား မသိဘူး၊ ဒီပတ္တမြားကြီးကို ဘယ်ကောင်ဖုံးထားတယ်၊ ဘယ်ကောင်အပျောက်ရိုက်ထားတယ်၊ ဘယ်နေ့က ဘယ်ချိန်မှာ ငါတို့မသိဘဲ မြေအောက်ခန်းထဲကနေ ခိုးသွားတယ်ဆိုတာ ငါသိတယ်၊ မင်းတို့တစ်တွေထဲမှာ အပြစ်ကျူးလွန်တဲ့ကောင်ဟာ ဒီမြေအောက်ခန်းထဲကနေ လွယ်လွယ်ကူကူထွက်သွားလို့မရတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒေး – မင်းတို့ထဲက နိုးထားတဲ့ ကောင်ကတော့ အလောင်းအဖြစ်နဲ့ပဲ အပြင်ထုတ်သွားရလိမ့်မယ်”

ဆရာကြီး ဦးသဏ္ဍ စကားပြောသံ ရပ်သွားသည်နှင့် မြေအောက်ခန်းသည် တိတ်ဆိတ်သထက် ပိုပြီး တိတ်ဆိတ်သွားသည်၊ ညအချိန် အော်မြည်တတ်သော ပိုးကောင်ငယ်လေးများ၏အသံကိုလည်း မကြားရတော့ပေ။ မိုးကလည်း အဆက်မပြတ် သဲသဲမဲမဲ ရွာချနေတုန်းပင်ဖြစ်သည်၊

❐

လူဆိုးများအားလုံးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း လေသံပင်မဟဝံ့တော့ပေ။ သူတို့ ဆရာကြီး ဦးသဏ္ဍ ဆက်ပြောမည့်စကားကို ရင်တထိတ်ထိတ်နှင့် နားစွင့်နေကြသည်၊ ဦးသဏ္ဍသည် ဘာကိုတွေးမိလိုက်သည်မသိ၊ မကျေမနပ်နှင့် သူ၏မျက်နှာသည် ဒေါသရောင်လွှမ်းကာ ခက်ထန်တင်းမာလာသည်၊

“တောက် – ဒီကောင်က ဒီလောက်အခွင့်အရေးပေးထားတာကို မယူချင်ဘူးထင်တယ်၊ ကောင်းပြီလေ – ဒီလိုဆိုတော့လည်း မင်းတို့အားလုံးကို ငါက တစ်ယောက်ချင်းစီ ပွင့်ပွင့်လင်းလင်းပဲ အရင်မေးကြည့်ရမှာပေါ့၊ ဒါမှလည်း ရှင်းရှင်းလင်းလင်း သိသွားကြမှာ”

“ကဲ – သော့ဝိဇ္ဇာ ညိုအေး – မင်းက သော့မှန်သမျှကိုဖွင့်နိုင်တဲ့ကောင်၊ ဒီမြေအောက်ခန်းက တံခါးသော့ကို ဖွင့်နိုင်တာ မင်းတစ်ယောက်ပဲရှိတယ်၊ ဒီတော့ မင်း ပတ္တမြားကြီးကို ခိုးထားသလား”

မျက်လုံးပြူးပြူး သွားခေါခေါသော့ဝိဇ္ဇာညိုအေးက ခေါင်းကို ခါယမ်းလိုက်သည်၊

“ဆရာကြီး ခင်ဗျား – ကျွန်တော့်အနေနဲ့ ဆရာကြီးနဲ့အတူ လက်တွဲပြီး အလုပ်လုပ်ခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး၊ ဒီပတ္တမြားကြီးကို အကောက်ကြံပြီး ခိုးဖို့မပြောနဲ့၊ စိတ်နဲ့တောင် မဖြစ်မှားဝံ့ပါဘူး – ဆရာကြီးရယ် – ယုံပါ”

“ဒါဖြင့် – နောက် တစ်ယောက် ပေသီးထက်မိုး”

“ကျွန်တော် မခိုးပါဘူး – ဆရာကြီးရယ်၊ တခြားကိစ္စတွေမှာသာ ကျွန်တော် ဝီဇအတိုင်း ပေသီးခေါက်ရင်ခေါက်မယ်၊ ဒီပတ္တမြားကြီးကိုတော့ လောဘမတက်ခဲ့ပါဘူး၊ ဆရာကြီးတို့ခွဲဝေပေးသမျှကျေကျေနပ်နပ် ယူပါ့မယ်လို့ ဆုံးဖြတ်ထားတာ၊ ကျွန်တော်လက်ဖျားနဲ့တောင်တို့ရဲ



စိတ်မကူးခဲ့ပါဘူး – ဆရာကြီးရယ်၊ အခု ပတ္တမြားကြီးပျောက်သွားတော့ ကျွန်တော်ရမယ့်ဝေစုလည်း မရတော့ဘူး၊ အဲဒါကိုတွေးပြီး ဝမ်းနည်းနေရတာပါ”

ပေသီးထက်မိုးမှာ လွန်စွာမှ ကပ်စေးနဲကော်တစ်ရာဖြစ်သည်၊ အတ္တကြီးသည်၊ အမြဲတမ်း သူ့အတွက် သူ့အဖို့သာကြည့်သည်၊ လူတစ်ဖက်သားပေါ် ညှာတာထောက်ထားခြင်းမရှိ၊ ငွေကြေးနှင့်ပတ်သက်လာလျှင် တစ်ပြားကို နှစ်ပြားမှတ်ပြီး ခွာတတ်သူ၊ စားပြတိုက်ရာတွင်လည်း အိမ်ရှင်ဝှက်ထားသောပစ္စည်းကို မရမကရှာဖွေဖော်ထုတ်နိုင်သူဖြစ်သည်၊ တရုတ်တန်းလောင်းကစားလောကတွင် ကျင်လည်ကျက်စားခဲ့သော ကြေးစားလူမိုက်တစ်ဦးဖြစ်သည်၊

“ဟိုကောင် – ညီပုရှေ”

“ကျွန်တော် မယူပါဘူး – ဆရာကြီးရယ်”

ညီပုရှေသည် သံတွဲနယ်ဘက်က ဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းတွင်နာမည်ကြီးပင်လယ်ဓားပြဖြစ်သည်၊ ထောင်အကြိမ်ကြိမ် ကျခဲ့ပြီးနောက် ဆရာကြီးသဏ္ဍထံရောက်လာသူဖြစ်သည်၊ လူသတ်ရာတွင် လက်ယဉ်သောလူဆိုးလူမိုက်တစ်ဦးဖြစ်သည်၊

“ဒေါ်ပုံ ဌေးသိန်းကရော – ဘယ်လိုလဲ”

“ကျွန်တော် မယူပါဘူး – ဆရာကြီးရယ်၊ ဆရာကြီးက ကျွန်တော့်ကိုတောင် မသင်္ကာတော့ဘူးလား”

ဌေးသိန်းမှာ သာကေတ၊ ဒေါ်ပုံလူမိုက်တစ်ဦးဖြစ်သည်၊ ဦးသဏ္ဍ၏ လက်ရင်းတပည့်တစ်ဦးဆိုလျှင် မမှားပေ၊ ဦးသဏ္ဍ၏လူယုံတော်လည်းဖြစ်သည်၊ လက်ဖြောင့်သေနတ်သမားတစ်ဦးဖြစ်ပြီး ကုတ်အင်္ကျီအိတ်ကပ်ထဲတွင် ပစ္စတိုတစ်လက်ကို အမြဲဆောင်ထားသူဖြစ်သည်၊

“ကဲ – ဒါဖြင့် – နောက်ဆုံး တစ်ယောက်ပဲကျန်တော့တယ်၊ မိုက်ခဲကိုသီး – မင်းကလည်း ငြင်းမှာမဟုတ်လား”

“ကျွန်တော်လည်း မခိုးရပါဘူး ဆရာကြီးရယ်”

မြေအောက်ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်၊ အတန်ကြာမှ ဆရာကြီး ဦးသဏ္ဍ၏ စကားပြောသံ ထွက်ပေါ်လာသည်၊

“ငါ့တပည့်ကျော် လူမိုက်ကြီး (၅) ယောက်စလုံးငြင်းနေကြတယ်၊ ပတ္တမြားကြီးကို ဘယ်သူမှ မယူဘူးပေါ့ – ဟုတ်လား၊ ကောင်းပြီ – ခိုးတဲ့ကောင်က မင်း

www.burmeseclassic.com



တိုင်းယောက်ထဲကတစ်ယောက်ပဲလေ။ ဒီသူနိုးက ခုထိ မျက်နှာပြောင်တိုက်ပြင်း နေတုန်းပဲ။ သူ့ကိုယ်သူ မရိုးလေဟန် ဟန်ဆောင်တော်တော်ကောင်းတဲ့ ကောင်ပဲ။ မင်း ဘယ်လိုပဲ ဟန်ဆောင်ကောင်းပစေ၊ ငါကတော့ ဘယ်သူလည်းဆိုတာ သိနေတယ်။ အဲဒီတော့ ပျောက်နေတဲ့ပတ္တမြားကြီးက မကြာခင်မှာ မင်းတို့ရှေ့က စားပွဲပေါ်ကို ပြန်ရောက်လာလိမ့်မယ်"

"ဆရာကြီးခင်ဗျား – တကယ်လို့ သူနိုးကိုသေသေချာချာဖော်ထုတ်မိရင် ဘယ်လိုအပြစ်ဒဏ်ပေးပြီး စီရင်မှာလည်း ခင်ဗျာ"

"စောစောက ငါပြောခဲ့ပြီးပြီလေ။ သေဒဏ်ပဲပေါ့ညီပုရေ။ အဆိပ်သောက်ပြီး သေရမယ့်သေဒဏ်ပဲ"

"ဒါဖြင့်ဘယ်တော့သေဒဏ်ပေးမှာလဲ – ဆရာကြီး"

"သိပ်မကြာတော့ပါဘူးကွာ။ နာရီဝက်လောက်ဆိုရင်ပဲအဖြေပေါ်လာတော့မှာ။ သူနိုးက အခု အဆိပ်တွေ သောက်ပြီးပြီ။ အဆိပ်သောက်ပြီး သေတဲ့ မသာ သူနိုးကို မင်းတို့ မကြာခင် တွေ့ရမှာပဲ"

မြေအောက်ခန်းထဲတွင် အသက်မရှိတော့သလို တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။

စိုးရိမ်တကြီးဖြစ်နေသော ပေသီ ထက်မိုးကကြောက်ကြောက်ရွံ့ရွံ့နှင့်မေ လိုက်သည်။

"ဆရာကြီးပြောတဲ့အတိုင်း ခိုးတဲ့ ကောင်ကအဆိပ်မိပြီးသေမယ်ဆိုတော့ ဘယ်လိုလုပ်ပြီး အဆိပ်မိသေမှာလည်း ဆိုတာကို ကျွန်တော် သိပ်မရှင်းဘူး – ဆရာကြီး"

"အေး – စောစောက မင်းတို့ သောက်ခဲ့တဲ့ အရက်ခွက်တွေထဲမှာ ပတ္တမြားကြီးခိုးတဲ့ကောင်ရဲ့အရက်ခွက် ထဲကိုငါအဆိပ်ခတ်ထားတယ်။ အဲဒါကို သူနိုးက ဘယ်သိမှာလဲ၊ အဲဒီအဆိပ်က အရက်နဲ့အတူ ဝမ်းထဲ ရောက်သွားပြီ နာရီဝက်လောက်ကြာရင် အာနိသင် အဆိပ်စွမ်းအင်တွေ ပြလာလိမ့်မယ်၊ အဆိပ်ကဘယ်လောက်ပြင်းသလဲမေး နဲ့၊ ဝမ်းထဲ အူတွေ၊ အသည်းတွေ၊ ကလီ စာတွေ မြတ်သတ်ထွက်ကုန်လိမ့်မယ်၊ နာရီဝက်ပြည့်တာနဲ့ မခံမရပ်နိုင်ဖြစ်ပြ အသက်ရှူရပ်၊ သွေးပွက်ပွက်အန်ပြ သေမှာပဲ။ အခု – ငါတို့ အရက်သောက တာ မိနစ်(၂၀)ရှိသွားပြီ။ နောက် (၁၀ မိနစ်ပဲ ကျန်တော့တယ်။ ကဲ – ငါ့တပည တွေစောင့်သာကြည့်ကြပေတော့။ ဘယ်



ကောင်က အူတွေပြတ်ပြီး မခံမရပ်နိုင်အောင်ဖြစ်လာမလဲ၊ သွေးတွေပွက်ပွက်အန်လာမလဲဆိုတာစောင့်ကြည့်ကြတာပေါ့ကွာ"

ဦးသဏ္ဍာသည် သူ့ရှေ့တွင်ရှိသော အရက်ပုလင်းအား လှမ်းယူပြီး ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်၊ အရက်ခွက်ကို ဖြည်းညင်းစွာ သောက်ရင်း တပည့်များအားလုံး၏ မျက်နှာများကို စေ့စေ့စပ်စပ် လိုက်ကြည့်လျက်ရှိသည်၊ အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ပြီး အင်္ကျီအိတ်ထဲမှ အညိုရောင်ပုလင်းလေးကို ထုတ်ယူလိုက်သည်၊ လူဆိုးလူမိုက် တပည့်တော်များအားလုံးက ဦးသဏ္ဍာ လှုပ်ရှားမှုကို ရင်တထိတ်ထိတ် စောင့်ကြည့်နေကြသည်။

အညိုရောင်ပုလင်းလေးအား အများမြင်သာအောင် မြှောက်ပြရင်း ပြောလိုက်သည်။

"ဟောဒီပုလင်းအညိုလေးထဲက ဆေးရည်ဟာ စောစောက မင်းတို့ သောက်ထားတဲ့ အရက်ခွက်ထဲ ပါသွားတဲ့ အဆိပ်တွေကို ပြေစေနိုင်တဲ့ အစွမ်းထက်အဆိပ်ပြေဆေးရည်ပဲ။ ဒီအဆိပ်ပြေဆေးကို အချိန်မီ သောက်လိုက်တာနဲ့ အူတွေ၊ အသည်းတွေ၊ ကလီစာတွေ မပြတ်တော့ဘူးပေါ့ကွာ။ သွေးလည်း အန်မှာမဟုတ်တော့ဘူး၊ အဆိပ်တွေ အားလုံး ပြေပျောက်စေနိုင်တဲ့ အစွမ်းထက် အဆိပ်ပြေဆေးပဲ၊ သစ္စာဖောက်တဲ့ သူနိုးကို နောက်ထပ်တစ်ကြိမ် ငါ အခွင့်အရေးပေးလိုက်မယ်၊ နာရီဝက်မတိုင်ခင် ယူတဲ့ကောင်ကကျွန်တော်ယူမိပါတယ် – ဆရာကြီးရယ်ဆိုပြီးပတ္တမြားကြီးကို ထုတ်ပေးရင်တော့ အဆိပ်ပြေဆေးကို ချက်ချင်းသောက်ခွင့်ရမယ်"

"ဒါမှမဟုတ်ရင်တော့ ငါ့မျက်စိအောက်မှာ ငါနဲ့ နှစ်ပေါင်းများစွာ တွဲပြီး ခုရိုက်အလုပ်တွေလုပ်လာခဲ့တဲ့တပည့်ကြီးတစ်ယောက် မရှိမဆန့် သွေးပွက်ပွက်အန်ပြီး သေရမှာကို စိတ်မကောင်းစွာနဲ့ ငါကြည့်နေရတော့မှာပေါ့ကွာ။ ကဲ – အချိန်သိပ်မရှိတော့ဘူး။ ယူထားတဲ့သူနိုးအခုနေနဲ့ အမြန်ဆုံးစဉ်းစားပြီး ပတ္တမြားကြီးကို အချိန်မီ ထုတ်ပေးပေတော့"

ဦးသဏ္ဍာပြောစကားကို ကြားလိုက်ရ၍လူဆိုးငါးယောက်မှာတုန်လှုပ်ချောက်ချားသွားကြသည်၊ မိမိတို့ဝမ်းထဲက အသည်းများ၊ အူများ၊ ကလီစာများ လှုပ်စီလှုပ်စီ လှုပ်ရှားလာသည်ဟု ထင်မိကြသည်။ရင်ထဲတွင်အောင့်တက်လာသလို

www.burmeseclassic.com



အာခေါင်များ ပူလောင်ခြောက်ကပ်လာသည်ဟု ထင်မှတ်လာမိသည်၊ မြေအောက်နံရံတွင် ချိတ်ထားသော ရှေးဟောင်းတိုင်ကပ်နာရီကြီးမှ တဒက်ဒက်နှင့်သွားနေသော စက္ကန့်တံလေးသည် ယခုမှ ပိုပြီးအသံမြည်လာသလို အရှေ့မြန်နေသည်ဟု ထင်မှတ်ကြသည်၊

အားလုံးကလည်း တိုင်ကပ်နာရီကြီးကို စိုက်ကြည့်နေကြပြီး သူတို့ရင်ထဲတွင် စက္ကန့်တံလေး ရွေ့လျားနေသကဲ့သို့ တထိတ်ထိတ်မြည်နေသည်ဟု ထင်နေကြသည်၊

❑

"ကျွန်တော် တစ်ခုပြောပါရစေ ဆရာကြီး၊ ကျွန်တော်တို့အားလုံးပိုင်တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားကြီးတို့ ခိုးသွားတဲ့သစ္စာဖောက်ဟာ ဆရာကြီးခတ်တဲ့အဆိပ်ကိုသောက်ပြီး သေရမယ်ဆိုတာ အလွန်သင့်မြတ်တဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ပါ၊ သေဒဏ်ပေးလိုက်တာ ပိရိပါတယ် – ဆရာကြီး"

ဒေါ်ပုံရွှေသိန်းက လတ်ကျန်ခွက်ထဲမှ အရက်ကို မော့ချရင်း ပြောလိုက်သည်၊

တုန်တုန်လှုပ်ဖြစ်နေသော ပေသီးထက်မိုးက ခြောက်တပ်နေသော လည်ချောင်းများကို လည်ချောင်းရှင်းလိုက်သည်၊

"အဟမ်း – အဟမ်း – ကျွန်တော် စိုးရိမ်မိတာ ရှိပါတယ်"

"ဘာလဲ – ပေသီး"

"စောစောကကျွန်တော်တို့သောက်တဲ့အရက်တွေထဲမှာအဆိပ်ခတ်ထားတဲ့ အရက်ခွက်ကို တခြားသူတစ်ယောက်က မှားမှတ်ပြီး သောက်မိသွားရင် ဘယ်လိုလုပ်မလဲ – ဆရာကြီး၊ တကယ်တမ်း ပတ္တမြားကြီးခိုးတဲ့ကောင်ကိုမထိဘဲ မခိုးတဲ့သူကို မှားပြီး အပြစ်ဒဏ်ပေးတာမျိုး ဖြစ်သွားမှာပေါ့"

ဆရာကြီး ဦးသက္ကသည် သဘောကျစွာဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်သည်၊

"ဟား – ဟား – ဟား – မင်းက တယ်လည်း စိုးရိမ်တာကိုး၊ ဘယ်လိုမှ မှားပြီး သောက်မိမှာမဟုတ်ဘူး၊ မင်းတို့ရောက်မလာခင်ထဲက အဲဒီကောင်သောက်မယ့် အရက်ခွက်ထဲကို ငါက အဆိပ်ခတ်ပြီးသားပဲ၊ နောက်ပြီး ငါတို့ ဒီမြေအောက်ခန်းမှာ ဆုံကြတိုင်း ဘယ်သူက ဘယ်နေရာမှာ ထိုင်ရမယ်ဆိုတာ သတ်မှတ်ပြီးသားပဲ၊ အပြောင်းအလဲမရှိဘဲ ကိုယ်ထိုင်နေကျနေရာမှာ ထိုင်ကြရတာပဲမဟုတ်လား၊ ဒါကြောင့် – ဘယ်သူက ဘယ်နေရာမှာထိုင်မယ်ဆိုတာ ပြောနေစရာမလိုဘူး၊ ငါက သေချာပေါက် သိထားတာမို့ သူခိုးဟာ ဘယ်ကောင်ဖြစ်တယ်ဆိုတာ ငါသိနေတာပဲ၊ မင်းတို့ ဘာမှစိုးရိမ်နေစရာမလိုဘူး၊ မှားစရာအကြောင်းလည်း မရှိဘူး၊ အခု ပတ္တမြားကြီးကို ခိုးထားတဲ့ကောင်ဟာ အဆိပ်ခွက်ကို သောက်ပြီးသွားပြီဆိုတော့ မကြာခင် အစွမ်းပြတော့မယ်၊ ဒါတွေကို ငါက သေသေချာချာ အကွက်ကျကျ စီစဉ်ထားတာ၊ ဘယ်လိုမှမမှားဘူး၊ အခင်း – ပတ္တမြားခိုးတဲ့ကောင်ကတော့ မကြာခင် မရှုမလှ သေဆုံးရတော့မယ်"

"ဆရာကြီး – ဒီလိုလုပ်တာ လုံးဝမတရားဘူး"

ညီပုရွေလူဆိုးက အော်ပြောလိုက်သည်၊

"ဆရာကြီးက ဘာပြုလို့ အခုလို ဇွတ်ပိုက်နေရတာလဲ၊ ပတ္တမြားကြီးကို ခိုးတဲ့သူခိုးကို သိထားပြီဆိုတော့ ဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောလိုက်ပါ၊ ဘယ်ကောင်ယူထားတယ်ဆိုတာ ပေါ်တင်



ပြောချလိုက်ပါ၊ အခုတော့ သူလိုလို ငါလိုလို ယုန်ထင်ကြောင်ထင်ဖြစ်ပြီး အချင်းချင်း မသင်္ကာစရာတွေ ဖြစ်လာတာကတော့ မကောင်းပါဘူး"

"ဒါကတော့မင်း စိုးရိမ်နေစရာမလိုပါဘူး၊ မင်းကမခိုးရင် ဘာပြုလို့စိုးရိမ်နေရမှာလဲ၊ အခု ဘယ်အချိန်ရောက်ပြီလဲ၊ နောက်ထပ် (၅) မိနစ်ပဲကျန်တော့တယ်၊ ပတ္တမြားကြီးကို ခိုးထားတဲ့ကောင်က ဘယ်သူဖြစ်မယ်ဆိုတာ မင်းတို့မျက်စိနဲ့ တပ်အပ်သေချာ သိကြတော့မှာပဲ၊ ဘာပြုလို့လည်းဆိုတော့ ခိုးတဲ့ကောင်ဟာ သွေးပွက်ပွက်အန်ပြီးမကြာခင်ကိုစွေချာတော့မှာပဲ"

"ကောင်းပါတယ်၊ အခုလို ဆရာကြီး စီစဉ်ထားတာလည်း အကောင်းဆုံးပါပဲ၊ ကျွန်တော်တို့အဖွဲ့ထဲမှာ ဒီလိုသစ္စာဖောက်တစ်ယောက်ရှိနေတာ ဒီနည်းလမ်းနဲ့ပဲ အပြတ်ရှင်းပစ်ရမှာပေါ့"

ဒေါ်ပုံရွှေသိန်းသည် အိတ်ကပ်ထဲမှ ပစ္စတိုကို မသိမသာ လှမ်းကိုင်ရင်း ပြောလိုက်သည်၊

"ကဲ ရွှေသိန်း – အချိန်က မရှိတော့ဘူး၊ ငါတို့ရဲ့ ဝင်ပေါက်ထွက်ပေါက်တစ်ပေါက်ထဲဖြစ်တဲ့ မြေအောက်ရှင်းတံခါးကို သော့ခတ်လိုက်တော့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုလို့လဲ – ဆရာကြီး"

မိုက်ခဲကို သီးက ဝင်ပြောလိုက်သည်။

"ဘာပြုလို့လည်းဆိုတော့ အဆိပ်သောက်ထားတဲ့သူနိုးဟာ သေခါနီးမှာ ရုတ်တရက် အပြင်ထွက်ပြေးသွားရင် ပြေးသွားနိုင်တာပဲ။ ငါ့အနေနဲ့အဲဒီကောင်ကို ဟောဒီစားပွဲဝိုင်းမှာပဲ သေစေချင်တာ။ အပြင်ထွက်ပြေးသွားရင် အပြင်မှာ သေဆုံးသွားရင်ငါတို့အတွက်အန္တရာယ်ရှိတာပေါ့ကွာ။ သေတဲ့အလောင်းကို စစ်ဆေးရင်း ငါတို့လုပ်ရပ်တွေ ပေါ်သွားနိုင်တယ်။ ဒါကြောင့် မြေအောက်ခန်းကို အသေပိတ်ထားလိုက်ရတာပဲ"

ဦးသတ္တက ပြုံးရွှင်စွာဖြင့် ရှင်းပြသည်။ လူယုံတော်ဖြစ်သော ဒေါ်ပုံရွှေသိန်းက မြေအောက်ခန်းတံခါးကို သော့ခတ်လိုက်ပြီး သော့အား ဦးသတ္တထံ လှမ်းပေးလိုက်သည်။ ဦးသတ္တသည် အညိုရောင်အဆိပ်ပုလင်းလေးအား လှမ်းကိုင်ရင်း အများမြင်သာအောင် မြှောက်ပြလိုက်သည်။

"ပတ္တမြားကြီးကို ခိုးထားတဲ့ကောင် သေဖို့အချိန်က သိပ်ကို နီးကပ်နေပြီ။ ခုဆိုရင် မိနစ်ပိုင်းတောင် မရှိတော့ဘူး။ စက္ကန့်ပိုင်းလောက်ပဲ ကျန်တော့တယ်။

“ပိတ်ထားသော သော့ခလောက်အား ဖွင့်ရန် သော့တံကို ထိုးလိုက်စဉ်မှာပင် တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်ပြီး အပေါက်ဝနားတွင် လဲကျသွားသည်။ လက်ထဲတွင် ကိုင်ထားသော ပစ္စတိုသေနတ်မှာလည်း အောက်သို့ ပြုတ်ကျသွားသည်။ မျက်လုံးများ ပြူးထွက်လာပြီးနောက် ဆန့်ငင် ဆန့်ငင် အကြောများ ဆွဲကာ အသက်ထွက်သွားပေတော့သည်။





နောက်ဆုံး သူ့အသက်ရှင်ခွင့်ဖြစ်တဲ့ ဟောဒီအဆိပ်ဖြေဆေးကိုလည်း ငါ မပေးတော့ဘူး။ ဒီကောင်ကတော့ သွေးအန်ပြီး အသေခံမယ့်သဘောပဲ။ ဒီတော့ ဟောဒီအဆိပ်ဖြေဆေးဟာ စွမ်းအားထက်မြက်တဲ့ အသက်ရှည်ဆေးလည်း ဖြစ်တယ်။ ဒါကြောင့် ငါပဲ သောက်လိုက်တော့မယ်"

လူဆိုးများအားလုံး၏ မျက်လုံးများသည် တိုင်ကပ်နာရီကြီးမှ တရွေ့ရွေ့သွားနေသော စက္ကန့်တံလေးအား စိတ်မောစွာကြည့်နေကြသည်။ စက္ကန့်တံလေးမှာ နာရီဝက်ပြည့်ရန် အနည်းငယ်ပင် လိုတော့သည်။ လူဆိုးများသည် အမူအရာပျက်ပြီး သွေးအန်မည့်သူမှာ မည်သူဖြစ်မည်နည်းဟု တစ်ယောက်နှင့် တစ်ယောက် မယုံသင်္ကာဖြစ်နေကြသည်။ ဆရာကြီး ဦးသတ္တမှာ သူ့တပည့်များအားလုံး၏ လှုပ်ရှားမှုကို သတိကြီးစွာ စောင့်ကြည့်နေသည်။

ထိုအချိန်တွင် ဆရာကြီးဦးသတ္တ၏ လူယုံတော် တပည့်ရင်းဖြစ်သော ဒေါ်ပုံရွှေသိန်းသည် ကုတ်အင်္ကျီထဲမှ ပစ္စတိုသေနတ်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီး ချိန်ဝင်လိုက်သည်။

ဆရာကြီးရှေ့တွင် စိုက်ထားသော ဓားမြှောင်ကိုလည်း မြေဖြင့် ခတ်ထုတ်လိုက်သလို ဦးသတ္တ၏နားထင်အား သေနတ်ပြောင်းနှင့် တေ့ထောက်ထားသည်။ ဦးသတ္တသည် လွယ်ထားသော ဓားရှည်ကို ဆွဲထုတ်ရန် နောက်ကျသွားပေတော့သည်။

"ဆရာကြီး နည်းနည်းမှ လှုပ်မယ် မကျန်နဲ့နော်။ ကျည်ဆန်မှာ ဆရာကြီး မရှိဘူးဆိုတာ ဆရာကြီးလည်း သိပါတယ်။ ဆရာကြီးလက်ထဲက အဆိပ်ဖြေဆေးပုလင်းကိုပေးပါ"

"ဘာလို့ပေးရမှာလဲကွ။ မင်းလိုသစ္စာဖောက်တဲ့တပည့်မျိုးကို ငါက ပေးရမှာလား။ ဒီမှာဒေါ်ပုံရွှေသိန်း – တကယ်တော့ မင်းက ငါ့ရဲ့လူယုံတော်လက်ရင်းတပည့်ဖြစ်သလို ခုကိစ္စမှာ ပတ္တမြားကြီးကို မင်းပဲ ခိုးထားတာပဲကိုး"

"ဆရာကြီး ဘာမှ ရှည်ရှည်ဝေးဝေး တွေ ပြောမနေနဲ့။ အဲဒီအဆိပ်ဖြေဆေးနဲ့ လဲပေတော့ပေါ့ဗျာ။ ခင်ဗျားကြီးကို အဆိပ်ဖြေဆေးသောက်ခွင့်မပေးဘူး၊ ကျည်ဆန်ပဲ ပေးမယ်"

ပြောပြောဆိုဆို ဒေါ်ပုံရွှေသိန်းသည် ဆရာကြီးလက်ထဲမှ အဆိပ်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



ဆေးကို ဖျတ်ခနဲ လှမ်းယူကာ အဖုံးဖွင့်ပြီး မော့ချလိုက်သည်။ စောစောက ဦးသတ္တာအမိန့်ပေးသည့်အတိုင်း မြေအောက်ခန်းတံခါးကို ပိတ်ပြီး သော့ပိတ်ပေးခဲ့သည်၊ အဆိုပါသော့မှာ ဆရာကြီး၏အတွင်းအိတ်ထဲမှာ ရှိနေသည်၊ ဒေါ်ပုံငွေသိန်းသည် မြေအောက်အခန်းတံခါးသော့ကို နှိုက်ယူလိုက်သည်။

ဦးသတ္တာမှာ ရွှေးသီးရွှေးပေါက်များကျလာသလို သူ့နားထင်ရင်းတွင် တွေ့ထားသည့် သေနတ်ပြောင်းဝမှ ကျည်ဆန်ထွက်လာမည်ကို စိုးထိတ်ကြောက်ရွံ့နေမိသည်၊ ဒေါ်ပုံငွေသိန်း၏လက်ညှိုးအကွေးတစ်ချက်နှင့် သူ့အသက်ပျောက်သွားနိုင်သည်။

ဒေါ်ပုံငွေသိန်းမျက်နှာမှာ ဝင်းလက်သွားသည်၊ ဆရာကြီးဦးသတ္တာ၏အတွင်းအိတ်ထဲမှ မြေအောက်ခန်းတံခါးကိုပိတ်ထားသောသော့နှင့်အတူ နီညိုရောင် ကတ္တီပါအိတ်ကလေးကိုပါ တွေ့ရှိလိုက်သည်။ ဒေါ်ပုံငွေသိန်းစိတ်ထဲတွင်လည်း မယုံကြည်နိုင်လောက်အောင် အံ့သြသွားမိသည်၊ အဖြစ်အပျက်အားလုံးကို သူ နားလည်သွားသည်၊ ဆရာကြီး ဦးသတ္တာတား ပရိယာယ်များလှသည်၊

တပည့်များထဲမှ တစ်ယောက်ယောက် ခိုးယူသွားသည်ဟု အထင်မှားစေပြီး ပတ္တမြားကြီးအား သူကိုယ်တိုင် အပျောက်ရိုက် ခိုးဝှက်ထားခြင်းဖြစ်သည်။ နီညိုရောင်ကတ္တီပါအိတ်လေးထဲတွင် တန်ဖိုးမဖြတ်နိုင်သောပတ္တမြားကြီး ရှိရသည်ကို သူတို့အားလုံး သိကြသည်၊

“ဘယ်လိုလည်း ဆရာကြီးရဲ့၊ ခင်ဗျားလိမ်ဆင်တွေကဒါအကုန်ပဲလား။ ကျုပ်တို့အားလုံးကိုထင်ယောင်ထင်မှားဖြစ်အောင် ပညာပြခဲ့တာပဲ၊ ကဲ - အခုနိုးထုတ်ခိုးထည်နဲ့မိပြီ၊ ခင်ဗျား ဘာပြောချင်သေးလဲ၊ ခော်ဒါတို့ ဟောဒီကတ္တီပါအိတ်ထဲမှာတန်ဖိုးမဖြတ်နိုင်တဲ့ပတ္တမြားကြီးကို ဦးသတ္တာ ခိုးထားတယ်၊ ပတ္တမြားကို သူ ခိုးတာဗျို့ - ခုမှ ဆရာကြီး မြွေပွေးပိုးထိတာပဲ”

ဒေါ်ပုံငွေသိန်းသည် ဟက်ဟက်ပက်ပက် ရယ်မောရင်း အပြင်ဘက်သို့ ထွက်သွားရန် မြေအောက်ခန်းတံခါးဝဆီသို့ ခြေလှမ်းများဦးတည်လိုက်သည်။

“ကဲ - ထိုင်နေကြတဲ့ ခော်ဒါ အပေါင်းတို့ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ မင်းတို့အားလုံးလိုချင်တဲ့ပတ္တမြားကြီးကတော့ ငါရဲ့တစ်ဦးတည်းပိုင် ဖြစ်



သွားပြီပေါ့ကွာ။ မင်းတို့နောက်ဆုံးအနေနဲ့ ဟောဒီမှာ တစ်ဝကြီး ကြည့်ထားကြပေတော့”

ဒေါ်ပုံငွေသိန်းသည်ကတ္တီပါရှုံ့အိတ်လေးထဲမှ ပတ္တမြားကြီးကို ထုတ်ယူပြီး လက်ဖဝါးပေါ် တင်ပြလိုက်သည်၊ မြေအောက်ခန်း မှောင်ပျပျသည် ပတ္တမြားရောင်ကြောင့် လင်းထိန်သွားသည်ဟု ထင်လိုက်ရသည်။ ဒေါ်ပုံငွေသိန်းသည် ပတ္တမြားကြီးအား ကတ္တီပါ ရှုံ့အိတ်လေးထဲသို့ပြန်ထည့်လိုက်ပြီး သေချာစွာ ချည်နှောင်ကာ ကုတ်အကျႌထဲသို့ထည့်လိုက်သည်။

“အားလုံးကို နှုတ်ဆက်ပါတယ်၊ ရမ်ုန်ကစပြီး အားလုံးနဲ့ လမ်းခွဲလိုက်ပါပြီ၊ ကျုပ်လိုချင်တဲ့ပတ္တမြားကြီးကိုလည်း ရပြီ၊ မကြာခင်မှာ တာဝန်ရှိတဲ့ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာတော့မှာပါ။ ကျုပ်ကိုယ်တိုင် ဆရာကြီး ဦးသတ္တာတို့အဖွဲ့အကြောင်းကိုပြည့်ပြည့်စုံစုံ သတင်းပေးပြီးပါပြီ၊ အပြင်ဘက်ကနေ သော့ခတ်ခဲ့ပါမယ်၊ စိတ်ချပါ - အားလုံး ဆရာကြီးနဲ့အတူ တစ်ပျော်တစ်ပါးကြီး အဖမ်းခံကြပါတော့၊ ကဲ - သွားပြီ - ခော်ဒါတို့ရေ”

ဒေါ်ပုံငွေသိန်းသည် မြေအောက်ခန်းတံခါးဝနားသို့ အပြေးလျှောက်လာခဲ့သည်၊ သူ့လက်ထဲတွင်ပစ္စတိုသေနတ်ရှိနေသောကြောင့်လည်း လူဆိုးအဖွဲ့ဝင်များအနေနှင့် ပြန်လည်တိုက်ခိုက်ရန် မဝံ့မရဲ ဖြစ်နေကြသည်၊ သူတို့လှုပ်ရှားလိုက်သည်နှင့် ဒေါ်ပုံငွေသိန်း ပစ္စတိုပြောင်းဝမှ ကျည်များက အရင်ရောက်လာပေလိမ့်မည်၊

ပိတ်ထားသော သော့ခလောက်အားဖွင့်ရန် သော့တံကိုထိုးလိုက်စဉ်မှာပင် တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်ပြီး အပေါက်ဝနားတွင် လဲကျသွားသည်၊ လက်ထဲတွင် ကိုင်ထားသော ပစ္စတိုသေနတ်မှာလည်း အောက်သို့ပြုတ်ကျသွားသည်၊ မျက်လုံးများ ပြူးထွက်လာပြီးနောက် ဆန့်ငင်ဆန့်ငင်အကြောများဆွဲကာအသက်ထွက်သွားပေတော့သည်၊

❐

လူဆိုးများဖြစ်ကြသော သော့ဝိဇ္ဇာညိုအေး၊ ပေသီးထက်မိုး၊ ညီပုချေ၊ မိုက်ခဲကိုသီးတို့မှာ အဖြစ်အပျက်များကို နားမလည်နိုင်အောင် ငေးကြောင်ကြည့်နေကြသည်။ အပေါက်ဝနားတွင် လဲကျသေဆုံးသွားသော ဒေါ်ပုံငွေသိန်းမှာ အဆိပ်မိသွားခြင်းဖြစ်သည်၊ ဆရာကြီးဦးသတ္တာ

www.burmeseclassic.com

www.burmeseclassic.com



သည် ဒေါ်ပုံဖွေးသိန်းအနီးသို့ အမြန်ဆုံးရောက်ရှိလာပြီး ပတ္တမြားကြီးထည့်ထားသော ကတ္တီပါအိတ်နီလေးအားကောက်ယူသိမ်းဆည်းထားလိုက်သည်။

"ဟား - ဟား - ဟား - ဘယ်ရမလဲ ဒေါ်ပုံဖွေးသိန်းရာ။ ငါက မင်းရဲ့ဆရာပါ။ မင်းက ငါ့တပည့်ပါ။ သစ္စာဖောက်တဲ့ကောင်၊ ရဲကို သတင်းပေးတဲ့ကောင်ဆိုတာ ဒီလိုပဲ ဇာတ်သိမ်းရမှာပဲ။ ခုတော့ အသေဆိုးနဲ့ သေရပြီ။ ဘယ်လိုလည်း တပည့်တို့ - မင်းတို့တစ်တွေမျက်စိလည်နေကြပြီထင်တယ်။ မျက်စိလည်မယ်ဆိုရင်လဲ လည်စရာပေါ့ကွာ၊ ငါ ရှင်းပြပါ့မယ်၊ မင်းတို့ စောစောက သောက်တဲ့အရက်ခွက်ထဲမှာ အဆိပ်ခတ်ထားတာမဟုတ်ဘူး။ ငါ့ဆီက ဒေါ်ပုံဖွေးသိန်းအတင်းလုပြီးသောက်တဲ့ အသက်ရှည်ဆေး အဆိပ်ဖြေဆေးဆိုတဲ့ ဟာက အဆိပ်ပုလင်းအစစ်၊ အဲဒါမှ အဆိပ်အစစ်"

"တကယ်လို့ ဒီပုလင်းကို သူက တကယ်အဆိပ်ပုလင်းမှန်းသိလို့ ငါ့ကိုပြန်သောက်ခိုင်းရင်လည်း ငါ့ပါးစပ်ထဲမှာ အဆိပ်ဖြေဆေးပြားကို ကြိုပြီးငုံထားတယ်၊ မင်းတို့ဆရာ ဘယ်တော့မှမသေဘူး - မှတ်ထားကြ၊ ဆရာက ပိုင်လို့လုပ်တာ၊ မပိုင်ရင် ဘယ်တော့မှမလုပ်ဘူး။ အစောကြီးထဲက ဒီကောင်ကိုငါမသင်္ကာဖြစ်နေတာ ကြာပြီ၊ ရဲကို သတင်းပေးထားတဲ့ကောင် ရှိတယ်ဆိုတာ ငါသိတယ်၊ မင်းတို့အထဲက ဘယ်သူလည်းဆိုတာကိုသာ ငါမသိတာ၊ ဒါကြောင့် ပတ္တမြားကြီးနိုးတဲ့တရားခံကိုရှာဖွေဖော်ထုတ်တဲ့အနေနဲ့ တမင်အကွက်ဆင်ပြီး ငါ စမ်းကြည့်လိုက်တာပဲ၊ ခု - ရဲကို သတင်းပေးထားတာ ဒေါ်ပုံဖွေးသိန်းဖြစ်နေတယ်၊ ခု - ဒီကောင်လည်း သေပြီ၊ မကြာခင် ရဲတွေ ရောက်လာတော့မယ်၊ ဒီကောင့်ကို အခန်းထဲ ပြန်သွင်းပြီး မြေအောက်ခန်းကို သော့ခတ်ခဲ့၊ မိုက်ခဲကိုသီးနဲ့ညီပုဂျေတို့ ဒီကောင့်အလောင်းကို သွားသယ်ကွာ၊ သော့ဝိဇ္ဇာညိုအေးက ပစ္စည်းတွေကို အမြန်ဆုံးရှင်း၊ ငါတို့ ဒီကနေ အမြန်ဆုံးလစ်ထွက်မှဖြစ်တော့မယ်"

ဆရာကြီး ဦးသက္ကအစီအစဉ်အတိုင်း လူဆိုးများသည်အမြန်ဆုံးလှုပ်ရှားလိုက်ကြသည်။ ညနက်ပိုင်းက သဲသဲမဲမဲ ရွာချနေသောမိုးသည် တိတ်သွားသည်။ ဦးသက္ကသည် မြေအောက်ခန်းထဲမှ အပေါ်သို့ တက်လာခဲ့သည်။



အပေါက်ဝရောက်လျှင် မီးမောင်းများထိုးထားပြီး သေနတ်များနှင့် ချိန်ထားသော ရဲတပ်ဖွဲ့ဝင်များကို ရုတ်တရက်တွေ့လိုက်ရသည်။

"ဟေ့ကောင်တွေ - မင်းတို့ ပြေးမယ်မကြံနဲ့နော်၊ မင်းတို့အဖွဲ့ကို ငါတို့ရဲတွေ ပတ်ပတ်လည် အကုန်ဝိုင်းထားပြီးပြီ။ အေးအေးဆေးဆေးသာ အဖမ်းခံပေတော့"

"အင်း - ဒေါ်ပုံဖွေးသိန်းကတော့ သေသွားရှာတယ်၊ ဒါမင်းတို့လက်ချက်ဖေါ့၊ မသေခင်က ငါတို့ဆီမှာ မင်းတို့ရှိမယ့်နေရာအတိအကျနဲ့မြေအောက်ခန်းကို သေချာလမ်းညွှန်ထားခဲ့တယ်၊ နယ်မှာ မင်းတို့ ဓားပြတိုက်ပြီး အဖိုးတန်ပတ္တမြားကိုဒီည ဝေစုခွဲမယ်ဆိုတာ ဒီကောင်က သေချာသတင်းပေးသွားတယ်"

လူဆိုးခေါင်းဆောင်ကြီး ဦးသက္ကနှင့် တပည့်ကျော်များသည် ဘာမှပြန်မပြောနိုင်တော့ဘဲ လက်ထိတ်တန်းလန်းနှင့် ရဲများ ခေါ်ဆောင်သွားရာသို့ လိုက်ပါသွားကြပေတော့သည်။

⇨ နန်းကြေးချွင်

ဂမ္ဘီရ လောက ဆေး မြီး တို

မျှော့တွယ် - ဒွေးမတိတ်လျှင် နနွင်းမှုန့်နှင့် သိပ်ပေးပါ။


ယားနာ(ဝဲဆေး) - ကြက်သွန်ဖြူကိုကြိတ်၍ အုန်းဆီ နှင့် လိမ်းပါ။

**ယောင်ပြီးလန့်အော်တတ်သောရောဂါ -**
ကြိတ်မှန့်ရွက်ယို ဆေးစားပါ။

www.burmeseclassic.com

www.burmeseclassic.com

ငြိမ့်မှုဆေးမျိုးမျိုးဖြင့်
ငြိမ်ဆေးတိုက်ချိန်ရသော ထောင်ထဲ
ရောက်သောကြသည့် အမျိုးသမီးများ၏
သတ္တဝါ၊ သံဝေဂတရား၊ ရယ်စရာ ခံစားစရာဖြင့်
ကြောင်း ဘဝတို့ နှစ်ဖျော်ဆောင်
နေကြရသည့် ထောင်ကျများ၀၀၀ . .



**တစ်ခါတစ်ရံ** တော့လည်း ထောင်ထဲမှာ နေနေရတာကိုက ပျော်စရာကြီးပါ။ ဟုတ်တယ်လေ၊ ကျွန်မတို့လို အကျဉ်းထောင်ဝန်ထမ်းတွေဘဝက တစ်နေ့လုံး မိုးလင်းက မိုးချုပ်ထိ ထောင်ကျခံနေရသလိုဘဝမျိုးတွေမဟုတ်ပါလား။ ခုလို အကျဉ်းထောင်တွေထဲကို လှည့်လည်ဖျော်ဖြေပေးနေသည့် ဖျော်ဖြေရေးအဖွဲ့တွေ လာရောက်ဖျော်ဖြေပေးမယ်ဆိုတော့ စိတ်အနှမ်းတွေ လန်းဆန်းသွားတာပေါ့ရှင်။ များသောအားဖြင့် အကျဉ်းသူများ စိတ်အပန်းဖြေစေနိုင်ဖို့ သက်ဆိုင်ရာ တာဝန်ရှိသူများက စီစဉ်ပေးသည့် ဖျော်ဖြေပွဲလေးတစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့ ဘဝကလည်း အားလပ်ချိန်ဆိုတာ မရှိတော့ အပြင်လောကမှာလို ကေတီဗွီတို့၊ ရှိုးပွဲတွေဆိုတာ ဘယ်မှာသွားရောက် နားထောင်နိုင်ပါ့မလဲ။

# သီချင်းလေးနဲ့ပဲ လွမ်းတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



ခု လာရောက်ဖျော်ဖြေမယ့်ပွဲလေးက အပြင်လောကမှာ နာမည်ကြီးနေသည့်အဆိုတော်ကြီးတွေ တစ်ယောက်မှမပါဘူး။ အကျဉ်းထောင်ထဲမှာ ထောင်ကျနေကြသည့် အကျဉ်းသူများနှင့် ကျွန်မတို့ဝန်ထမ်းမိသားစုပဲ ပါတယ်၊

ဒါပေမဲ့ - အားလုံးကိုတော့ သီဆိုခွင့်ပေးလို့လည်း မဖြစ်ဘူးလေ။ တော်ကြာ ဖိုးဆိုချင်၊ မဆိုချင်တွေက အများကြီးမဟုတ်လား။ သီချင်းဆိုတယ်ဆိုတာက အိမ်မှာလို ရေချိုးနေရင်းဆိုတဲ့၊ အိမ်သာတက်ရင်း ဆိုရတဲ့နေရာမျိုး မဟုတ်ဘူးလေ။ လူပရိသတ်ရှေ့မှာ တက်ဆိုရမှာဆို တော့ ရှက်အမ်းအမ်းဖြစ်ပြီး ကပေါက်တိကပေါက်ချာဆိုနေလို့လည်း မဖြစ်ဘူး။ သတ္တိကို မွေးပြီး ဆိုနိုင်မှဖြစ်မှာ။

အထူးသဖြင့် စင်တင်တေးဂီတဖျော်ဖြေတဲ့အဆိုတော်တွေထဲကထောင်ကျနေသည့် အကျဉ်းသူများကို ဦးစားပေးဆိုနိုင်းရမှာ။ သူတို့တွေက တကယ့်စင်သရဲတွေ ပရိသတ်ကိုမကြောက်ဘူး။ မလန့်ဘူး၊ အတွေ့အကြုံ ရှိပြီးသားတွေ။ သူတို့ကိုပွဲထုတ်ပေးမှ အဆင်ပြေမှာ။

ကျွန်မလည်း ထောင်မှူးကြီးမမက တာဝန်ပေး ရွေးချယ်နိုင်းထားတော့ အသံကောင်းကောင်းနဲ့ သံစဉ်တေးသွားအံဝင်မယ့်အကျဉ်းသူတွေကိုပဲ ရွေးထုတ်ရမယ်၊ သူတို့လေးတွေထဲက အကောင်းဆုံး သုံးလေးငါးယောက်ကို အဓိကထားပြီးမှ ဂါသနာရှင်အဆင့်တွေကိုကြားညှပ်သုံးရမယ်။ ဒါမှလည်း ပွဲကြည့်ပရိသတ်က ကျေနပ်နှစ်ခြိုက်မှာပေါ့။

ဒါကြောင့် ဖျော်ဖြေရေးအဖွဲ့တွေ ရောက်လာသည့်အခါ အဆင်သင့်ဖြစ်အောင် အိပ်ဆောင်ဘေး မြေကွက်လပ်မှာ တစ်ယောက်ချင်း အသံစီစစ်နေရတယ်၊ ကျွန်မတို့ ထောင်ကျဆောင်ထဲမှာ ဖျော်ဖြေရေးအဖွဲ့ လာရောက်ဖျော်ဖြေမယ်ဆိုကတည်းက အကျဉ်းသူအားလုံး သီချင်းဆိုသံတွေ စီစီညံနေတာပဲ၊ ရေချိုးရင်းလည်း ဆို၊ အလုပ်လုပ်ရင်းလည်းဆို၊ အိမ်သာတက်ရင်းတောင် ဆိုနေကြတော့တာပဲ၊

ကျွန်မက ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဟဲ - ဟဲ - ကိုယ့်ဘာသာကိုယ် ရာထူးတက်ထားတာပါ။ မမထောင်မှူးကြီးက တာဝန်ပေးထားတော့ အကျဉ်းသူအားလုံး ကျွန်မနားမှာပဲ ဝိုင်းဝိုင်းလည်နေတော့တာပဲ၊ သူတို့မျာလည်း ခုလိုကြုံကြိုက်တုန်း အစွမ်းအစလေးတွေ ပြချင်ကြရှာမှာပေါ့လေ။



အားလုံးထဲကမှ ကျွန်မက ခေါင်းခေါက်ရွေးချယ်ပေးရတာပေါ့၊ အကျဉ်းသူအဆိုတော်တွေထဲက အသံကောင်းသည့် အကျဉ်းသူများကို မိမိသီချင်းနှင့်အံဝင်ခွင်ကျအောင် ဇာတ်တိုက်လေ့ကျင့် သီဆိုနိုင်းရတယ်။

"ဆရာမ - ကျွန်မလဲ ဆိုချင်တယ်"

"ဟဲ့ - ကုလားမရယ် - နင်က ဘာသီချင်းဆိုမှာမို့လဲ"

"အိုး - ကုလားသီချင်းဆိုပြီး ကလဲကပြဦးမှာ"

"အမလေး - နင့် ကုလားကနဲ့ ကုလားသီချင်းကို ဘယ်သူကတီးလို့ နားလည်မှာလဲ၊ တော်ကြာ - ကြည့်မယ့်သူမရှိဖြစ်နေပါ့မယ် ဟယ်"

"အို - ဘယ်သူကြည့်ကြည့်မကြည့်ကြည့် - ကို ဆိုတေးကြည့်ရင် ကျွန်မ ကျေနပ်ပါတယ်"

"အဆိုတော် ဆိုတေးက နင်ဆိုကတာကို ထောင်ထဲထိ လာဝင်ကြည့်ရမှာလား - သေနာမရဲ့"

အဲဒီလိုပါပဲ၊ အဆိုတော်ဖြစ်ချင်ကြသူတွေ ဘယ်လောက်များနေလဲဆိုတာ စဉ်းစားသာ ကြည့်တော့၊ ကျွန်မမှာဖြင့် ဒီအဆိုတော်ရူးတွေကို ဟိုလူ့ခေါက် ရ၊ ဒီလူ့ဟန့်ရနဲ့ မောင်းထုတ်ပစ်နေရတယ်၊

"ဆရာမ - ညိုပြာညက်ကော - ဆိုမှာလား ဟင်"

"ဟယ် - ရှက်စရာကြီး - ဆိုရဲပါဘူး"

ကျွန်မအခြေအနေကိုသွေးတိုးစမ်းတာလား၊ ဂီတပိုးဝင်နေတဲ့ အဆိုတော်ရူးလားဆိုတာ သိချင်လို့ဗာရာခင်မေက တီးတိုးမေးလာတယ်၊ ဟင်း - ဟင်း - ကျွန်မလည်း လူပဲရှင် - ပုထုဇနော၊ ဥမ္မတ္တကောဆိုသလိုပဲ အဆိုတော်ရူး ရူးခဲ့တာပေါ့။

"အို - ဘာရှက်စရာရှိလဲ - ဆရာမရဲ့"

"ဟဲ့ - ဟိုက ယောကျ်ားအတီးအမှုတ်သမားတွေပါလာမှာ၊ ကိုယ့်အသံက မကောင်းရင် ရှက်စရာကြီးပါဟယ်"

"တယ်ခက်ပါလား - အပျိုကြီးရယ်၊ တော်ကြာမှ ကိုယ့်အသံလေးကြားရင် မောင်ကြီး မပြန်နိုင်တယ်ဖြစ်ပြီး ဒီကောမှာ စိုပြေသွားရင်ကော"

"ဟင်း - ဟင်း - ညည်းကလေ - လူကို သိပ်ခြောက်တာပဲ"

"တကယ်ပြောတာပါ ဆရာမရယ်၊ ဆရာမအသံလဲ မဆိုးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် - နင်က ဘယ်လိုလုပ် ဝါသီချင်းဆိုတာ နားထောင်ဖူးလို့လဲ"

"ဟား - ဟား - ဆရာမက ရှက်နေမြန်ပြီ၊ ဟိုတစ်ခါတုန်းက မိလ္လာဆောင်ရှေ့နားက ကုက္ကိုပင်ကြီးအောက်မှာ တစ်ယောက်တည်း သီချင်းထိုင်ညည်းနေတာ၊ ကျွန်မ အိမ်သာတက်နေရင်းကြားလိုက်ပါတယ်"

"သွား - ညည်း ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ဦးနော်"

အဲဒီလို ကျွန်မ အရှက်သည်းတတ်မှန်း သိနေသည့် ဗာရာခင်မေက တီတီပပ ပြောပြနေတော့ ကျွန်မလည်း မငြင်းသာဘဲ လူကြီးရှက်တော့ ရယ်ဆိုသလိုပေါ့။ တဟဲဟဲနဲ့ ရယ်သွမ်းသွေးရင်း သူ့ကျောပြင်ကို လှမ်းထုနေမိသည်။

ဟုတ်ပါတယ်၊ ကျွန်မကလည်း ကျွန်မပဲ၊ တစ်ကိုယ်တည်း အပျိုကြီးဆိုတော့လည်း သီချင်းလေးနဲ့ပဲအဖော်လုပ်နေခဲ့ရတာပေါ့။ ကျွန်မလည်း ချစ်တတ်တဲ့စိတ်ကလေး ရင်မှာ ရှိတာပေါ့ရှင်။ အချစ်စံစားမှုလေးတွေ ရင်မှာနိုးထလာတဲ့အချိန်တွေဆို လွမ်းသလိုလို၊ ဆွေးသလိုလိုရင်ထဲမှာ ခံစားလာခဲ့ရပြီး ဂျူတီစောင့်နေရင်း တစ်ကိုယ်တည်း ဖျင်းဖျင်းနဲ့သီချင်းလေးတွေဆိုညည်းနေမိတာပါ။

ဒါကို လူမိသွားတော့ ရှက်အားပိုမိသွားတာပေါ့ရှင်။

အမှန်တော့ ဒီလိုပွဲမျိုး ကြုံကြိုက်တုန်းမှာ ကိုယ့်ဝါသနာကို ဖွင့်ဟသီဆိုလိုက်ချင်တာပေါ့။ ကိုယ်ကလူအများကြီးဝိုင်းကြည့်ရှုနေကြသည့်ကြားထဲမှာ ဝင်ရောက်သီဆိုရမှာကို လိပ်ပြာမလုံဘူးဖြစ်နေတယ်။

ဟုတ်တယ်လေ၊ ထောင်ပိုင်ကြီးနဲ့ထောင်ဝန်ထမ်းတွေရှေ့မှောက်မှာသီဆိုဖျော်ဖြေရတယ်ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်တာ၊ ကိုယ့်စိတ်ထဲမှာ မဝံ့မရဲဖြစ်နေမိတာပေါ့။ ကျွန်မအကြောင်းကိုများ နားစွန်နားဖျားကြားခဲ့လို့လားမသိပါဘူး။ ခုကိစ္စမှာ ကျွန်မကို မမထောင်မှူးကြီးက တာဝန်ပေးစီစဉ်ခိုင်းတာဆိုတော့ ကျွန်မလည်း အဆင်ပြေအောင် စီစဉ်ရတယ်။

"ကဲ - သဲသဲတို့ - ဝိုင်းစိန်မတို့ရေ၊ တို့တစ်တွေအားလုံး ပေါဒီသစ်ပင်ကြီးအောက်မှာ လူစုသီချင်းတိုက်ကြမယ်"

ကျွန်မကလည်း ဘုတ်အသီးသီးမှာ အလုပ်လုပ်နေကြသည့်အကျဉ်းသူများကို လိုက်လံစုစည်း ခေါ်နေရတယ်၊ ထောင်နောက်နားက ကုက္ကိုပင်ကြီးအောက်မှာပဲအေးအေးဆေးဆေးသီချင်းဆိုကြဖို့ လိုက်လံစုစည်းနေရတယ်။



အကျဉ်းထောင်ထဲက အမျိုးသမီးဆောင်ထဲမှာတော့ သီချင်းသံတွေတည်ညံ့နဲ့ ဝါသနာပါလို့ ဆိုနေကြတာလား။ ယောကျ်ားဆောင်ဘက်က အကျဉ်းသားတွေကိုကြားအောင် မသံပေးနေလားဆိုတာ ကာယကံရှင်များကလွဲလို့ သိနိုင်ပါဘူးရှင်၊

နောက်ဆုံးဖျော်ဖြေရေးအဖွဲ့ရောက်လာသည့်အခါမှာ စားပွဲတွေကို အကျဉ်းသူတစ်သိုက်က သယ်မပြီးစင်ပြုလုပ်နေကြတယ်၊ တီးဝိုင်းအဖွဲ့ထဲမှာတော့ ဂစ်တာ၊ ဒရမ်သမားတွေမပါဘဲ ကီးဘုတ်တစ်လက်နှင့်တီးခတ်သူတစ်ယောက်ပဲပါတယ်။

ကျွန်သည် အဆိုတော်အဖွဲ့က ထောင်ထဲက ဝါသနာရှင်ဝန်ထမ်းများနဲ့ အကျဉ်းသူများပဲပါတယ်၊ ထောင်ပိုင်ကြီးနှင့် ထောင်အရာရှိအချို့ပဲ ပါပြီး ကျန်တာကတော့ အမျိုးသမီးဆောင်ပရိသတ်ပဲပါတယ်။ အမိကက ထောင်ထဲက အကျဉ်းသူများအားလုံးကို စိတ်အပန်းဖြေစေဖို့ ဖျော်ဖြေပေးခြင်းဖြစ်ပါတယ်။

"တို့နှစ်ယောက်အတူ ဖူးမြော်ခဲ့ရာ ကျိုက်ထီးရိုးဘုရား ဆံတော်ရှင်စေတီမှာတော့ တစ်ခေါက်တစ်ခါ ဆုတောင်းမယ်၊ အလွမ်းအဆွေးများကို တပည့်တော် ကျေပါရစေ"

ဗညားဟန် သီဆိုထားသည့် "ဝါဆိုမိုး" သီချင်းကိုစင်တင်တေးဂီတမှထောင်ကျလာသည့် သဲမြနွယ်က ဆွဲဆွဲငင်ငင်၊ ဝိုင်ဝိုင်နိုင်နိုင် သီဆိုသံအဆုံးမှာတော့ လက်ခုပ်သြဘာသံတွေကိုကြားလိုက်ရတော့ ရင်သပ်ရှုမောဖြစ်သွားတယ်၊

စင်ပေါ်မှာသီချင်းတက်ဆိုနေသည့် အကျဉ်းသူလေးသဲမြနွယ်မှဟုတ်မှဟုတ်ပါ့မလားတောင် ထင်သွားတယ်။ သူမလို အသံကောင်းပြီး ရုပ်ရည်အသင့်အတင့်ရှိသူတစ်ယောက်က စင်ပေါ်တက်ဖျော်ဖြေနေရပေမယ့် သူမတို့ သီဆိုဖျော်ဖြေခဲ့ရသည့် စတိတ်စင်ပေါ်မှာလို ရောင်စုံမီးရောင်အောက်မှာ မိတ်ကပ်အဖွေးသား လိမ်းပြီးတော့ ဖျော်ဖြေနေရတာမဟုတ်ဘဲ၊

ပကာတိရိုးသားသည့် အသွင်အပြင်နှင့် ပုံစံအကျႌလုံချည်လေးကို ဝတ်ဆင်ပြီး မျက်နှာမှာ သနပ်ခါးပါးကွက်လေးနှင့် သီဆိုဖျော်ဖြေနေရတာဆိုတော့ ပွဲကြည့်ပရိသတ်ကလည်း ခန္ဓာကိုယ်အလှအပကို ဘယ်လိုခံစားလို့ ရနိုင်ပါ့မလဲရှင်။

ထောင်ထဲမှာဘဝတူတွေနဲ့အတူနေထိုင်ရင်း မိမိဝါသနာပါသည့် သီချင်း

www.burmeseclassic.com



သီဆိုမှုကို ပြနေရတာဆိုတော့ အလှ တရားဆိုတာကို ဘယ်တွေ့နိုင်ပါ့မလဲ။ ဒါပေမဲ့ - သူမရဲ့ ဆိုဟန်ဆိုပေါက်က ကရုဏာသံအပြည့်နှင့် ဆွဲဆွဲငင်ငင် သီဆိုပြလိုက်သည့်အခါလူတိုင်းရင်သပ် ရှုမောဖြစ်သွားတယ်။

ကျွန်မတောင် မိနွယ်ကို ငေးမော ကြည့်နေရင်း လက်ဖျားခါသွားတယ်။ မိနွယ်သီဆိုမှုကိုနားထောင်နေကြသည့် ပရိသတ်က ကျေနပ်နှစ်မြို့သွားကြ တယ်။ အဲဒီလိုပါရမီအခံရှိနေသည့်အဆို ကောင်းတစ်ယောက်ရဲ့ဘဝဟာ ဘယ် လောက်ကြမ်းတမ်းခက်ထန်ခဲ့ရလည်း ဆိုတာ ကျွန်မသာလျှင် အသိဆုံးဖြစ်ပါ တယ်။

မိမိဘဝဝမ်းစာရေးအတွက်ရုန်းကန် ရှာဖွေစားသောက်နေကြရတော့ ခက်ခဲ ကြမ်းတမ်းမှာပေါ့လေ။ မိမိမိသားစုတစ်စု ဘဝရပ်တည်မှုရနိုင်အောင်လို့ညစဉ်စင် တင်တေးဂီတပိုင်းမှာ ဖျော်ဖြေသီဆိုပေး နေကြရတာကိုး။

မိနွယ်နှင့်စကားစပ်မိခဲ့ကြလို့မိနွယ် ရဲ့ဘဝတစ်စိတ်တစ်ဒေသကို သိလာခဲ့ရ တယ်။ ညနေငါးနာရီလောက်ကတည်း က စင်တင်ပိုင်းက ကားလာကြိုသည့် အချိန်မှာ သမီးကလေးကို ချော့မြူလို့ အမေနဲ့အပ်ထားခဲ့ပြီး ဗီးလိမ်းပြင်ဆင် ကားပေါ်လိုက်ပါရင်းစားသောက်ဆိုင် သွားခဲ့ရတယ်။

သူမအလှည့် ကြေညာပြီးချိန် ချိုသာကြည်လင်ပြီး ကရုဏာအပြည့် သည့် တေးသွားလေးကို စင်ပေါ်က သီဆိုဖျော်ဖြေလိုက်ချိန်မှာ အော ကစားပိုင်းတွေမှာဘီယာ၊အရက်သော စားရင်း အာသာငမ်းငမ်းကြည့် ရှ သည့် ပရိသတ်ရှေ့မှောက်မှာ ရဲရဲဝံ့ဝံ့ ဆိုပြနေတယ်။

"ချမ်းမြေ့ - ချမ်းမြေ့ပါစေ၊ အား ပဲ ချမ်းမြေ့ပါစေ၊ ဖေဖေလည်းချမ်းမြေ့ စေ၊ မေမေလည်းချမ်းမြေ့ပါစေ၊ အား ပဲ ချမ်းမြေ့ကြပါစေရှင်"

စင်ပေါ်ထက်ကနေ မီးရောင် အောက်မှာ သဲမြနွယ်တစ်ယောက် အပြည့် သီဆိုလိုက်ချိန်မှာဘဲ အော စားပိုင်းတွေဆီက ပရိသတ်ထဲ လှုပ်လှ ရှုရှုဖြစ်သွားကြတယ်။ ပိုက်ဆံရှိတဲ့ဝါလ တွေပိုင်းက တစ်ယောက်တစ်လှည့် ပ ကုံးတွေ အသီးသီးတက်စွပ်လို့ ဩဘ ကောင်းချီး ပေးနေကြတယ်။

"ဘယ်လိုလဲ ဆရာမှိုင်းရေ၊ ကော မလေးဆိုတာကို ဗီလင်ဝင်နေပြီမို့လာ သွားလေဗျာ၊ ပန်းကုံးစွပ်အားပေးလိုက်ဦး



"အာ - မလုပ်ပါနဲ့ - မောင်ဝင်းနိုင် ရယ်၊ ကိုယ်က အနုပညာကို တကယ် စားမိပြီး ရိုးရိုးသားသားသဘောကျတာ ပါဗျာ"

"အံမယ် - ရှုမှုရှက်မနေနဲ့၊ တော် ကြာ - သူများပိုင်းတွေက ဦးသွားမယ်၊ မြန်မြန်ထစမ်းပါဗျာ - ဟော့ - ဝိတ်တာ၊ ဒီဆရာကို ပန်းကုံးတစ်ကုံး ပေးလိုက် စမ်းကွာ"

အရက်ဝိုင်းထဲမှာဘီယာစုပ်နေရင်း စာရေးဆရာမောင်ညိုမှိုင်းတစ်ယောက် ဟတ်ထိနေဟန် ထင်ပါတယ်၊ ဘေးက အဖော်ဖြစ်သည့် ဆရာဝင်းနိုင်မှနေပြီး ဘီယာရိုးတွေ ယစ်မူးနေသည့် မောင် ညိုမှိုင်းကို အားပေးအားမြှောက်ပြုပေး နေတယ်၊

ကြာတော့လည်း မောင်ညိုမှိုင်း လည်း ဘာသားနှင့်ထုထားသည်မို့လဲ၊ ဝိတ်တာလက်ထဲက ပန်းကုံးကြီးကို ဆွဲ ယူလိုက်ပြီးစတိတ်စင်ပေါ်ကိုဒယီးဒယိုင် လှမ်းတက်သွားတော့တယ်၊ စင်ပေါ်မှာ

၄၄ တီဗွီဖန်သားပြင်ပေါ်မှာ
သူ ကြိုက်တတ်သည့် ထွန်းအိန္ဒြာဗိုလ်ရဲ့
သီချင်းတွေကို မိစနေက တစ်ပုဒ်ချင်း
သီဆိုဖျော်ဖြေပေးရတယ်၊ မိစနေတို့ကလည်း
ဒီမျိုးဆို အထာနပ်ပြီးသားပဲ၊ သူက အရက်
ဖန်ခွက်လေးကို လက်တစ်ဖက်က
ကိုင်ထားတယ်၊ ကျန်လက်တစ်ဖက်က
သူ့ခန္ဓာကိုယ်ပေါ်မှာ မှီတွယ်လဲလျောင်း
နေသည့် မိစနေတစ်ကိုယ်လုံးကို
ချော့မြှူပွတ်သပ်ပေးနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သဲမြနွယ်ကို ပန်းကုံးစွပ်ပေးတော့ ခေါင်းလေး အသာငုံ့ပေးတယ်၊ ပြီးတော့မှ သဲမြနွယ်ရဲ့လက်ကလေးကို ဆွဲပြီး နှုတ်ဆက်နေလိုက်သေး၊

"အဲဒါ - မှတ်ထား - ညီမှိုင်းကွ"

တစ်ခုခု ပြုလုပ်ပြီးတိုင်း ခုလို ကြွေးဝါးတတ်သည့်ဝသီက ပါနေခဲ့တယ်၊ စင်ပေါ်ကနေ အောင်နိုင်သူအပြုံးမျိုးနှင့် အောက်ကို ဆင်းလာစဉ်မှာ လက်မတစ်ဖက်ကို ထောင်ပြီး ကြွေးဝါးလိုက်တယ်၊ မျက်နှာပြင်တစ်ခုလုံး သွားကြီးဖြီးပြနေတာကို ဝိုင်းထဲက ဘော်ဒါတွေက လက်ခုပ်လက်ဝါးတီးလို့အားပေးနေကြတယ်၊

အဲဒီလိုပါပဲ၊ သဲမြနွယ်တို့ စင်တင်တေးဂီတဖျော်ဖြေပေးရသူတွေဟာ သူမထံကို လာရောက်ပန်းကုံးစွပ်မယ့် ဧည့်သည်တွေကို ကျေနပ်နှစ်မြို့က်အောင် သီဆိုပြီး ဖျော်ဖြေပေးရတာပါ၊ သူမတို့အတွက် ပန်းကုံးများများစွပ်ပေးနိုင်မည့် ဘောစိတွေကိုပဲ အားထားသီဆို ဖျော်ဖြေပေးနေရတယ်၊

❐

တကယ်တော့ စားသောက်ဆိုင်မှာ သီဆိုဖျော်ဖြေမှု ပေးနေရပေမယ့် လစာငွေတစ်ပြားမှမရပါဘူး၊ စားသောက်ဆိုင်က ကားနှင့်ပဲ ကြိုပို့လုပ်ပေးခဲ့တာပါ၊ သူ

တို့အတွက် ရမှာက ပန်းကုံးပေါ်က ...

ကြေးပဲ ဖြစ်ပါတယ်"

တစ်ညကို ပန်းကုံးများများစွပ်...

ရှိမှလည်း သူတို့ တွက်ချေကိုက်မှာ၊ ...

ဖြစ်လို့လဲဆိုတော့ ပန်းကုံးတစ်ကုံးပေါ်...

(၃၀%)ပဲ ခံစားခွင့်ရခဲ့ကြတယ်၊ ပန်း...

တစ်ကုံးမှ (၃၀၀ဝိ/ -)လောက်ပဲ ရ...

တာလေ၊ ဒီအထဲမှာမှ ကရောင်း(Crown...

လို့ခေါ်သည့် သရဖူကို စွပ်ပေးမည့်သူ...

လျှင်တော့ အတိုင်းထက် အလွန်ပဲ၊

ဘာပဲဖြစ်ဖြစ်၊ သဲမြနွယ်တို့လို ဂီ...

ပိုးဝင်နေသူများကတော့ သီချင်း...

အလျှဉ်းသင့်သလို သီဆိုဖျော်ဖြေပေး...

ခဲ့ရတာပါ၊ ခုလို အဆိုတော်မလေးတွေ...

အလှအပနဲ့ သီဆိုနေမှုကို ဖမ်းစားပြီး ...

ဝင်များအောင် ဖန်တီးခဲ့ကြတာပါ၊

ဒီလိုစားသောက်ဆိုင်ကိုလာရော...

ကြသည့် ဧည့်ပရိသတ်ဆိုတာကလည်...

ငွေဝင်ထောသည့်ပိုက်ဆံဝါလားများသ...

စိတ်အစာကျွေးရင်း စိတ်အပန်းဖြေနိုင်...

လာရောက်ကြတာ များပါတယ်၊ တစ်...

တာ ပင်ပန်းနွမ်းနယ်မှုကို အပန်းဖြေချ...

ကြလို့ ကိုယ်ဝါသနာပါရာ ဂေတီမှာသွ...

သည့်သူနှင့် စင်တင်တေးဂီတဝိုင်း သွ...

ပြီး အားပေးချင်သူနှင့် မာဆတ်သွားရ...

အညောင်းဖြေကြသူတွေပဲ များပါတယ်...



ကျွန်မလည်း သဲမြနွယ်ရဲ့သီချင်းသီဆိုဖျော်ဖြေနေမှုကို ငေးကြည့်နေမိရင်း အတွေးတွေ ဆန့်ကြည့်နေခဲ့မိတယ်၊ သူမနှင့် ဆုံတွေ့ခိုက်မှာ သူမ ပြောပြနေသည့်အကြောင်းများကို နားထဲမှာ ပြန်လည်ကြားယောင်နေမိခြင်းပဲ ဖြစ်ပါတယ်၊

ကျွန်မ မည်မျှကြာအောင် အတွေးရေယာဉ်ကြောမှာ မျောပါသွားနေမိသလဲ၊ မသိပါဘူးရှင်၊ သီချင်းဆိုဟန်အသစ်ပြောင်းသွားသံ ကြားလိုက်ရတော့မှာဘဲ လွင့်ပျံ့နေသည့်အတွေးများကို ပြန်လည်စုစည်းခဲ့မိတော့တယ်၊

ကျွန်မ သတိပြန်ဝင်လာလို့ စင်ပေါ်ကို လှမ်းကြည့်လိုက်သည့်အခါ ကာရာအိုကေ မိစနေတစ်ယောက် သီချင်း သီဆိုဖျော်ဖြေနေသည်ကို လှမ်းမြင်လိုက်ရတော့တယ်၊ သူကလည်း ခေသူမဟုတ်ပါဘူး၊ သီချင်းခပ်ပေါ့ပေါ့တွေကို ပိုင်ပိုင်နိုင်နိုင် သီဆိုတတ်သူပဲ ဖြစ်ပါတယ်၊

"တိတ်တိတ်ကလေး × × × တို့တစ်တွေ × × × လမ်းခွဲပြတ်စဲအပြီးမှာ × × × (မချစ်ရင် × × × မနေနိုင်တာက × × × လွဲလို့)၂ ရှိတာကို × × × ယူသွားလေ × × × မင်းကို မငြိုငြင်ရက်ပေ"

ကာရာအိုကေ ... မိစနေတစ်ယောက် ရှာန်ဝင်နေဟန် တူပါတယ်၊ မိုက်ကလေးကို လက်မှာ ဆုပ်ကိုင်ထားလျက် အားရပါးရ မျက်စိကို မှိတ်၊ ခေါင်းကိုမော့ပြီးတော့ ဇီလင်အပြည့်နဲ့ သီဆိုဖျော်ဖြေလို့နေတယ်၊

သူမကလည်း ကာရာအိုကေဆိုင်မှာ ဝင်အလုပ်လုပ်နေရင်း ဘောစိတစ်ယောက်နဲ့ ငြိသွားခဲ့သူဖြစ်ပါတယ်၊ သူမတို့ဆိုင်ကို အမြဲတမ်း လာရောက်နေသည့်ဘောစိကြီးက ဆိုင်ကိုရောက်လာတိုင်း စပါယ်ရှယ်ခန်းမကြီးကို တစ်ဦးတည်းမောင်ပိုင်စီးပြီးမိစနေတစ်ယောက်တည်းကိုပဲ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုခိုင်းခဲ့တယ်၊

အဲဒီအချိန်မှာ သူကတော့ နစ်ယောက်ဆိုဖာကြီးပေါ်မှာထိုင်ပြီး မိစနေ စပ်ပေးနေသည့်ရက်လေဘယ်လ်အရက်ခွက်ကို တမျှဉ်းမျှဉ်း စုပ်ယူသောက်နေရင်း သီချင်းသံကို နားဆင်ခံစားလေ့ရှိတယ်၊

တီဗွီဖန်သားပြင်ပေါ်မှာ သူ ကြိုက်တတ်သည့် ထွန်းအိန္ဒြာဗိုလ်ရဲ့ သီချင်းတွေကိုမိစနေက တစ်ပုဒ်ချင်းသီဆိုဖျော်ဖြေပေးရတယ်၊ မိစနေတို့ကလည်း၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးဆို အထာနပ်ပြီးသားပဲ၊ သူက အရုတ်ဖန်ခွက်လေးကို လက်တစ်ဖက်က ကိုင်ထားတယ်၊ ကျန်လက်တစ်ဖက်က သူ့ခန္ဓာကိုယ်ပေါ်မှာ မှီတွယ်လဲလျောင်းနေသည့် မိစနေတစ်ကိုယ်လုံးကို ရော့မြူပွတ်သပ်ပေးနေတယ်။

အဲဒီလို ဆိုင်ကို နေ့စဉ်လာနေကျ ဖောက်သည်ဘောစိကြီးကနေ တစ်နေ့ ဒိတ်လုပ်လာတယ်၊ အဲဒါကတော့ မြို့ပြင်တစ်နေရာက သူပိုင်ခြံဝင်းကျယ်ကြီးထဲက တိုက်ပုလေးတစ်လုံးဆီ သူ့အဖိုးတန်ကားကြီးကိုစီးပြီး လိုက်ပါသွားခဲ့တယ်။

တကယ်ပါ … မိစနေဘဝမှာ ဒီလိုခမ်းနားကြီးကျယ်လွန်းတဲ့နေရာမျိုးတစ်ခါမှ မရောက်ဖူးဘူး၊ တိုက်ခန်းကြီးထဲမှာလည်း တန်ဖိုးမြင့်မားလွန်းသည့် အဖိုးတန်ပစ္စည်းတွေကလည်း အပြည့်ပဲ။

မိစနေ … ဒီလိုပစ္စည်းပစ္စယတွေကို မြင်ဖူးဖို့ မဆိုထားနှင့် အိပ်မက်တောင် မမက်ဖူးဘူး၊ အိပ်ခန်းထဲမှာ နစ်ယောက်အိပ်ဒန်းလော့မွေ့ရာကြီးကိုလည်း အခန့်သားမြင်ရတယ်၊ မွှေးပျံ့ထုံမွှမ်းနေသည့် ရနံ့တွေကလည်း သင်းသင်းအီအီလေး သင်းပျံ့မွှေးကြိုင်နေတာပဲ။

ဧည့်ခန်းထဲမှာ တီဗွီတစ်လုံးရှိသလို အိပ်ခန်းထဲမှာလည်း တီဗွီတစ်လုံး ရှိနေတယ်၊ မိစနေတို့နှစ်ယောက်သား ရေမိုးချိုးသန့်စင်ပြီး ညဝတ်အင်္ကျီလိုဟာမျိုးကို ဝတ်ပြီး ထုံးစံအတိုင်း မိစနေ စပ်ပေးသည့်ဘလက်လေဘယ်လ်ခွက်ကလေးကိုင်လို့ မိစနေကလည်း အကောင်းစားဝိုင်ဖန်ခွက်ကိုကိုင်လို့ နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်မှာ တူနှစ်ကိုယ် ရွှေဘုံပေါ်မှာ စံနေရသလိုပဲ၊

ဖဲမွေ့ရာကြီးပေါ်မှာ သူ့အကြိုက်ထွန်းအိန္ဒြိယသီချင်းတွေကို တစ်ပုဒ်ချင်း တီဗွီဖွင့်လို့ အရက်ကိုယ်စီ သောက်ရင်း အပန်းဖြေနေခဲ့ကြတယ်၊ လောကစည်းစိမ်ဆိုတာ ဒီတစ်ခါပဲ မိစနေ ခံစားခဲ့ဖူးတယ်၊ မိစနေတို့ နေထိုင်သည့် လှိုင်သာယာက တိုးရဲအိမ်လေးနဲ့တော့ နှိုင်းသာမြူနဲ့ မစင်လို ကွာပါပေ့၊

ဒါပေမဲ့ – မိစနေရဲ့ဝသီက ဖျောက်ဖျက်လို့မှ မရနိုင်ဘဲလေ၊ သူနဲ့အတူတူ တစ်ညတာ ကာလရှည်ကြီးကို နှစ်ယောက်စလုံး ဖြတ်သန်းခဲ့ကြရာက အရက်ပဲ မူးသွားသလား၊ စိတ်ပင်ပန်းနွမ်းနယ်မှုတွေပဲ ဖြေသိမ့်သွားခဲ့လို့လား မသိပါဘူးရှင်၊ နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်မှာ တခူးခူးနဲ့ အိပ်မောကျနေတယ်။

ဒီလိုအချိန်မှာ မိစနေရဲ့စိတ်ထဲမှာ ထိန်းမနိုင်၊ သိမ်းမရနိုင်အောင် စိတ်တွေ



ဖောက်ပြန်လာနေတယ်၊ သူ ပေးလာမယ့်ဘောက်ဆူးကိုပဲ စောင့်ယူရမလား၊ စိတ်က စေ့ဆော်တိုက်တွန်းနေသည့် အရာတွေကို ယူရမလားဆိုပြီး လွန်ဆွဲနေတယ်။

တကယ်တော့ကိုယ်ကျင့်တရားကို စောင့်ထိန်းနိုင်ဖို့ဆိုတာကလည်း မိစနေတို့လောကမှာ ရှိမှ ရှိမနေဘဲ၊ ဒီလိုအခွင့်သာနိုက်မှာ ဧည့်ခန်းအိပ်ခန်းကြီးထဲမှာ ရှိနေသည့်တန်ဖိုးကြီးကြီးပစ္စည်းတွေကို ဆလင်းဘတ်အိတ်လေးထဲ ကျုံးထည့်လိုက်ပြီး ဝှက်ထားလိုက်တယ်။

ပြီးမှ နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ ဇလက်ပြနေသည့် သူ့ရဲ့အနေအထားကို စောင်းငဲ့ကြည့်လိုက်ပြီး ငွတ်ဘိုင်လို့ လက်ပြနှုတ်ဆက် ထွက်ခွာလာခဲ့တယ်၊ ခွေးရူးကောင်းစားတစ်မွန်းတည့်ဆိုသည့် စကား သိပ်မှန်တာပေ့ါရှင်။

ကျွန်မ သူ့အိမ်က ခိုးယူလာခဲ့သည့် အဖိုးတန်ပစ္စည်းတွေကို ဝယ်လက်နဲ့ ဆဖက်သွယ်ပြီး ထုခွဲရောင်းချခဲ့ရာနေရာကနေ မီးစိုကြွက်လျှောက်လိုက်လာခဲ့တာ၊ နောက်ဆုံးအဖမ်းခံရတာပဲအဖတ်တင်တယ်၊ အဲဒီအမှုနဲ့ ထောင်ငါးနှစ်ကျခဲ့တယ်။

❒

ကဲ – ကြည့်ပါဦးရှင်၊ သူတို့တွေများ သူဌေးလိုလို ဘောစိကြီးနဲ့ ဆုံစည်းကြပြန်တော့လည်း ကြာကြာဝါးမှ ခါးမှန်းသိဆိုသလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရပြန်ရော၊ ခုလိုတစ်နပ်စားဉာဏ်နဲ့ သွားလုပ်တော့ နောက်ဆုံး နရသိန်စံအိမ်မှာဘဲ အဆုံးသတ်ခံရပြီပေ့ါ၊

ကျွန်မအတွေးကမ္ဘာထဲမှာတော့ အကျဉ်းသူမလေးတွေရဲ့ခါးသီးစရာဘဝတွေက ပင်ကိုထူးချွန်ကောင်းမွန်မှုလေးတွေ ရှိနေပေမယ့်လည်း ပင်ကိုအကျင့်စာရိတ္တကမလုံခြုံကြတော့ ဒုက္ခပင်လယ်ဝေနေရဦးမှာပဲ၊

ပိုဆိုးတာက မိစနေတို့လို မွေးကတည်းက စောရနက္ခတ်ပါလာသူတွေများ ဘယ်လိုပဲ ကိုယ်ကျင့်တရားကို ကောင်းအောင် ထိန်းသိမ်းနေပေမယ့်လည်း ကံတရားက စောရနက္ခတ်ဝင်စားနေမှာတော့ မခိုးရမနေနိုင်ပေါင် ဖြစ်နေပြီပေ့ါ၊ ကျွန်မလည်း စင်ပေါ်မှာ သီချင်းဆိုနေသည့် မိစနေကိုကြည့်ပြီး ကရုဏာသက်ဝင်နေမိတယ်၊

“ခုတစ်ခါသီဆိုဖျော်ဖြေမည့် အဆိုတော်က ကျွန်မတို့ဝန်ထမ်းမိသားစုထဲက အသံကောင်း၊ ရုပ်ချော၊ ညီပြာဉာဏ်ဖြစ်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားမှူးလုပ်သူက ကြေညာလိုက်သံကို ကြားလိုက်ရတယ်၊ ကျွန်မလည်း အကျဉ်းသူ မိစနေသီချင်းဆိုနေတာကို ငေးကြည့်နားထောင်ပြီး စဉ်းစားတွေဝေနေရာမှ ဖျတ်ခနဲ သတိဝင်လာတယ်၊

"ကဲ - ဆရာမ - မြန်မြန်ကြွ - ဟိုမှာ ပရိသတ်တွေ စောင့်နေပြီ"

အနားက အကျဉ်းသူက လက်တို့ပြောနေမှပဲ သတိပြန်ဝင်လာတယ်၊ ဘေးက အကျဉ်းသူတွေက ကျွန်မသီချင်းဆိုသံကို ကြားချင်နေကြလို့ စင်ဘက်ဆီကို တွန်းထိုးလွှတ်နေကြတယ်၊ ကျွန်မလည်း အယောင်ယောင် အမှားမှားနဲ့ ထရပ်လိုက်တယ်၊

"ညီမြပြာညက်ကွ၊ အပြတ်နိုက်သွားအောင် - ဟဲပစ်လိုက်နော်"

"အပျိုကြီးရေ - ဒီတစ်ပွဲမှ အစွံမထုတ်နိုင်ရင်တော့ ငှက်ပျောတုံးကြီးပဲ ရှာထားလိုက်မယ်နော်"

အဲသလို အကျဉ်းသူတစ်သိုက်က တစ်ယောက်တစ်ပေါက် ပြောဆိုတွန်းထိုး အားပေးနေသောကြောင့် ကျွန်မလည်း စင်ပေါ်မှာ တစ်ခါမှ မဆိုဘူးသူဆိုတော့ စင်ပေါ်ကို တက်ရမှာ ရှုံ့တွန့်တွန့်ဖြစ်နေတယ်၊

ဘာပဲဖြစ်ဖြစ်၊ ဒီပွဲကို မမထောင်မှူးကြီးကိုယ်တိုင်က ပွဲဖြစ်အောင် စီစဉ်နိုင်ထားမှတော့ ကိုယ့်အစွမ်းအစကို ပြရဦးမှာပေါ့လေလို့ စိတ်ကိုတင်းပြီး စင်ရှိရာဆီကို တစ်လှမ်းချင်း လှမ်းသွားတယ်၊

ကျွန်မ စင်ပေါ်ကို ရောက်သွားမှပဲ အမြင့်နေရာကနေ ကြည့်နေရလို့လား မသိပါဘူး၊ စင်ရှေ့ဘက်တန်းမှာ ထောင်ပိုင်ကြီးနှင့် ထောင်အရာရှိဝန်ထမ်းတွေကို တွေ့လိုက်ရတယ်၊ အောက်က ဗျာကြမ်းပေါ်မှာတော့ ရှင်လန်းတက်ကြွပျော်ရွှင်နေသည့် အကျဉ်းသူများကို လှမ်းမြင်လိုက်ရတယ်၊

ကျွန်မစိတ်ထဲမှာ ခပ်ရှုံ့ရှုံ့ဖြစ်နေပေမယ့် စိတ်ကို ပြန်လည်စုစည်းပြီး မိုက်ကလေးကို ဆွဲယူလိုက်တယ်၊ အားလုံးသောမျက်လုံးအစုံဟာ ကျွန်မပေါ်မှာ ကျရောက်နေတယ်၊ ဖြစ်မှ ဖြစ်ပါ့မလားလို့ စိုးရိမ်ကြောင့်ကြနေဟန် တူပါတယ်၊

ကျွန်မကတော့ စင်ပေါ်ရောက်လာနေပြီမို့ မထူးတော့ဘူးဆိုပြီး ချောင်းဟန့်ရှင်းလိုက်တယ်၊ စင်အောက်မှာ ဝမ်းသာအားရ စောင့်မျှော်ကြည့်ရှုနေကြတယ်၊

"ကျွန်မ - သီဆို ဖျော်ဖြေမယ့် သီချင်းကတော့ မောင့်အချစ်မြားစူးပါရှင်"



ကျွန်မ သီဆိုမည့်သီချင်းခေါင်းစဉ်ကို ကြားလိုက်ရသည်နှင့် လက်ခုပ်ဩဘာပေးသံများ ရှည်မြည်ဟည်းသွားတယ်၊ ကီးဘုတ်ဆရာကလည်း သံစဉ်တေးသွားကို စတင်တီးခတ်ပေးနေပြီ၊

"ကန္တာရ × × × ခရီးလမ်း × × × ကြမ်းတမ်းပါစေ × × × မောင်ရေ × × × မောင်ရေ × × ×

ချစ်သူရဲ့အချစ်ဝိညာဉ်လေး × × × နားခိုရာနေရာ × × ×

ဟင် × × × သို့မဟုတ် × × × ချစ်သူနားခိုရာ နေရာ × × ×

တစ်ခုခုတော့ × × × တွေ့ရှာပဲလေ × × ×

ခန္ဓာကိုယ်ရုပ် × × × ဆုတ်ယုတ်ပျက်ယွင်းစေ × × ×

မောင့်ကိုရှာမလေ × × × မောင့်ကိုရှာနေ × × ×

ခြော် × × × မောင့်အချစ်မြားစူး × × ×

မောင့်အချစ်မြားစူး × × × ရှူးရပြီကောလေ × × ×"

ကျွန်မ ဗီလင်အပြည့်နှင့် မောင့်အချစ်မြားစူးသီချင်းကို သီဆိုဖျော်ဖြေနေတာကို စင်အောက်မှာ ရှိကြသည့် ထောင်ပိုင်ကြီးအပါအဝင် အားလုံးသောလူတွေဟာ ခံစားချက်အပြည့်နှင့် ငေးမောနားစိုက်ထောင်နေကြတယ်၊

ကျွန်မလည်း ပထမအကျော့ပိုဒ်ကို မှန်အပြည့်နှင့် သီဆိုပြနေတော့ လူတိုင်းဟာတ်ထိကုန်ကြတယ်ထင်ပါရဲ့၊ တိတ်ဆိတ်ငြိမ်သက်ပြီး ကျွန်မရှိရာ စင်ပေါ်ကို ငေးမောကြည့်နေကြတာများ ကြက်သီးဖြန်းဖြန်းထမိတယ်၊

"မောင့်ကို × × × အသည်းနှလုံးက × × × ချစ်တဲ့ဝေဒနာ × × × ဖြေရာမရ × × ×

အသေအချာ × × × စွဲရွဲပြီလေ × × × စေတနာ ရင်မှာပိုက်ပါလို့ × × ×

အမိုက်ကဗျာတေးဖွဲ့ × × ×

ရှာပုံ တော်ခရီးကရှည် × × × အဆွေးသည် အသည်းနာသူလေးရဲ့ × × ×

အဖြစ်တွေ × × × မောင့်အချစ်မြား × × × အသည်းမှာစူး × × ×

နတ်လည်းနတ်ချင်ဘူးလေ × × × ချစ်ဦးမောင့်ကို × × ×

မောင့်ကို × × × ချစ်တဲ့သက်သေ"

ကျွန်မတပည့်အကျဉ်းသူလေးများကတော့ ကျွန်မ ခုလို သီဆိုဖျော်ဖြေနေတာကိုတစ်ခါမှမတွေ့ဘူးမမြင်ဘူးတော့

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩဝမ်းသာစွာ ငေးမောရင်းကြည့်နေခဲ့ကြတယ်၊ ကျွန်မလည်းအခွင့်သာတုန်းမှာ ကျွန်မရဲ့ မီးခဲပြာဖုံးဘဝကို လူတွေအထင်ကြီးလေးစားလာအောင် အစွမ်းကုန် ထုတ်ပြသီဆိုနေခဲ့တယ်၊

ကျွန်မအသံလေးနဲ့လိုက်ဖက်သည့် သီချင်းလေးမို့လည်း အားလုံးက ကျွန်မအပေါ် ကရုဏာသက်နေကြဟန်တူပါတယ်၊ ကျွန်မ သီဆိုလို့အပြီးမှာ စင်ပေါ်ကနေ ဆင်းလာတယ်၊

ကျွန်မရဲ့အမာခံပရိသတ် အကျဉ်းသူတစ်သိုက်က ဝိုင်းဝန်းရီးကျူးလို့ ဝေဖနာပြုနေကြတယ်၊ ကျွန်မကိုခုလိုမျိုး ဆိုတတ်လိမ့်မယ်မှန်း ထင်တောင်ထင်မထားကြတော့ ခုလိုသီဆိုပြလိုက်တော့မှပဲတစ်ယောက်တစ်ပေါက်ဝိုင်းပြီးသြဘာပေးနေခဲ့ကြတယ်၊

"အပျိုကြီးကတော့ တကယ်မိုက်တာပဲ"

"ဟုတ်ပါရဲ့-ကျွန်မတို့တောင်အပျိုကြီးရဲ့ခံစားချက်ကို ငေးမောနားထောင်ရင်း သနားကရုဏာ ပိုနေမိတယ်"

"တို့အပျိုကြီးကဗီလင်အပြည့်နဲ့ဟဲနေတာကို ထောင်ပိုင်ကြီးမျော မျက်လုံးကျွတ်မတတ် ငေးကြည့်ရင်း ကရုဏာသက်နေသလားပဲ"

"ဟဲ့-ရှူးတိုးတိုး-ဟိုက ဘိုးတော်ကြီး ကြားသွားလို့ ခက်ကုန်မယ်"

"အို-အပျိုကြီးတလည်း ဘာခက်ရမှာလဲ၊ အရှိကို အရှိအတိုင်း ပြောတာပဲ"

အဲသလို ကျွန်မတပည့် အကျဉ်းသူတွေရဲ့ဝိုင်းဝန်းရီးကျူးစကားတွေကြောင့် ကျွန်မမှာ အနေခက်နေတယ်၊ ဟုတ်တယ်လေ၊ တော်တော်ကြာ ဟိုက ထောင်ပိုင်ကြီးများကြားသွားမှ ရှက်ကိုးရှက်ကန်းနဲ့ အရှုံခံထိနေဦးမယ်၊

❑

ကျွန်မတို့ ထောင်ကျတာဝန်ခံထောင်မှူးကြီးမကတော့ မျက်နှာတစ်ပြင်လုံး ရွှင်ပြုံးနေတယ်၊ ကျွန်မရဲ့ စီစဉ်ဆောင်ရွက်မှု အောင်မြင်သွားတော့ ကျေနပ်နစ်မြိုက်လို့နေမှာပေါ့၊

ဒါဟာ ဆရာကောင်းတပည့် ပန်းကောင်း ပန်ဆိုသည့်စကားပုံလိုပဲ မိမိတပည့်မတွေရဲ့စွမ်းဆောင်ရည် မည့်ဘူးဆိုတာ နားလည်သဘောပေါက်ထားပုံရပါတယ်၊

အမှန်တော့ - ဒီပွဲကို ဖြစ်မြောက်အောင် စီစဉ်ပေးခဲ့သည့် ကျွန်မ၏ အနုပညာပိုးကလည်းရှိနေတော့ အဆင်ပြေချောမွေ့သွားတာပါ၊ ကျွန်မအပေါ် အထင်သေးချင်နေကြသည့်လူများကြားမှာ ကျွန်မရဲ့အစွမ်းသတ္တိကို ထုတ်ဖော်ပြသခွင့်ရခဲ့လို့လည်း ကျွန်မက ကျေနပ်ပါတယ်၊

ကျွန်မတို့ မိန်းမဆောင်တစ်ခုလုံး ခုလိုစင်တင်တေးဂီတပွဲနှင့် ဖျော်ဖြေပေးနိုင်လို့ အားလုံးက ဝမ်းသာရွှင်မြူးနေကြတယ်၊ တေးဂီတအဖွဲ့တွေလည်း ဖျော်ဖြေပွဲပြီးသွားတော့ ယောကျ်ားထောင်ကျဆောင်ဘက် ကူးသွားတယ်၊

ဒီတိစ္စနှင့်ပတ်သက်ပြီး ကျွန်မတို့ အမျိုးသမီးထောင်ကျဆောင်ထဲမှာ အကျဉ်းသူများမှာ စမြုံပြန်ပြီး ရီးကျူးသံတွေဟာ စီစီညံလို့နေတော့တယ်၊ ခုလိုတစ်ခဏတာ ဖျော်ဖြေပွဲလေး ကျင်းပပေးလိုက်တော့ရင်ထဲမှာခံစားနေရသည့် စိတ်အနှမ်းတွေလည်း ပြေပျောက်လန်းဆန်းသွားတော့တယ်၊

မွေးပျံ့လန်းဆန်းနေသည့် နှင်းဆီပန်းခင်းလေးထဲမှာတော့ နှင်းဆီပန်းရနံ့တွေ ထုံမွှမ်းသင်းပျံ့လို့နေတယ်၊ ဒီနှင်းဆီခင်းထဲက ပေါင်းမြက်တွေကို ရှင်းလင်းသုတ်သင်ဖို့ အကျဉ်းသူဆယ်ယောက်ခန့်ကို ဘုတ်ထုတ်ခိုင်းနေချိန်ဖြစ်တယ်၊



အကျဉ်းသူ ငါးဦးခန့်က ပေါက်တူးလေးတွေကိုယ်စီကိုင်လို့ပေါင်းမြက်တွေကို ခုတ်ထွင်ရှင်းလင်းနေတယ်၊ ကျန်သည့်အကျဉ်းသူများကတော့ တံမြက်စည်းဖြင့် လှဲသူလှဲ၊ ပေါင်းမြက်အမှိုက်တွေကိုစုပုံသယ်ထုတ်သူကသယ်ထုတ်၊ အလုပ်ရှုပ်နေကြတယ်၊

ကျွန်မလည်း နှင်းဆီပန်းခင်းထဲမှာ မြူနီဝါနှင်းဆီပွင့်ကြီးများကို ကတ်ကြေးတစ်လက်ဖြင့် လိုက်လံဖြတ်တောက် ခူးဆွတ်နေမိတယ်၊ ဒီနှင်းဆီခင်းဟာ ကျွန်မတို့ မိန်းမဆောင်က ဝန်ထမ်းတွေအတွက် ဝဲလ်ဖဲယား (Wellfair) သဘောနှင့် စိုက်ပျိုးထားခြင်းပါ၊

နှင်းဆီခင်းထဲက ခူးဆွတ်ရလာသည့်နှင်းဆီပန်းတွေကိုလည်း ငှက်ပျောရွက်ပေါ်မှာ စုပုံချထားတယ်၊ ကျွန်မတို့ လူသိုက်မှာ နှင်းဆီခင်းကြီးထဲဝယ် နှင်းဆီရနံ့သင်းသင်းအီအီလေးကို မွှေးကြိုရှိုက်နမ်းနေကြရသလိုပဲ၊

"တို့အပျိုကြီးကတော့ မောင့်အချစ်များစူးပြီးကတည်းက နတ်လည်းမနတ်ပဲ ဒီအတိုင်းထားနေတာလား"

"ဟဲ - ဟဲ - ချစ်ဦးမောင့်ကို - မေမောင့်ကိုချစ်တဲ့သက်သေ ဆိုသလိုမေ့သူချစ်ဦးပြန်လာမှ နတ်နိုင်းမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“ဟင် - သူချစ်ဦးကော ရှိလို့လား၊ ဂေါ်မစွံကြီး - တစ်ခါမှ မကြားပေါင်”

“ရှိတာပေါ့အေ၊ သူချစ်တဲ့တပ်ကြပ်ကိုကျော်မောင်ကြီးက ကော့သောင်းရဲ့ဘက်စခန်းကို တာဝန်နဲ့ ပြောင်းသွားရလို့ ဆွေးပြီးကျန်ခဲ့တာ”

“ဟင် - ဟုတ်လား - အပျိုကြီးတော့ သနားစရာပဲ”

“ဟဲ့ - ဟိုတောင်မနှစ်ကောင်၊ ဘာတွေပြောပြီးတော့ သနားနေကြတာလဲ”

“ဟိုက် - မောင့်အချစ်မြားရေးကြီးပါလား၊ပေါက်တီးပေါက်ရှာမေးနေတော့မှာပဲ”

ကျွန်မ နှင်းဆီပန်းလေးတွေကို ကတ်ကြေးတစ်လက်နှင့် လျှောက်ဖြတ်ရှုးနေစဉ်မှာပဲ စိုက်ခင်းအနောက်ဘက်နားဆီမှာအကျဉ်းသူနှစ်ယောက် တိုင်ပြီးစကားတွတ်ထိုးနေလို့ လှမ်းမေးလိုက်ခြင်းဖြစ်တယ်၊ ကျွန်မကိုလည်းပြုံးခနဲမြင်ရောအိုးမလုံ့အုံ့ပွင့်မျက်နှာလေးတွေနှင့် ကြောင်ကြည့်ပြီးတော့ အယောင်ယောင် အမှားမှားတွေ ပြောနေတယ်၊

“ဘာမှမဟုတ်ပါဘူး - ဆရာမရယ်၊ ကျွန်မတို့အလုပ်လုပ်နေကြရင်းမောလို့ ခဏထိုင်နားနေကြတာပါ”

“ဒီလိုပါ - ဆရာမရယ် - သူက ဆူးစူးခံရတယ်ဆိုလို့”

“ဟင် - နှင်းဆီဆူးတွေများ စူးမိသွားတာလား”

“ဟင့်အင်း - တုတ်ထိုးမိသွားတာပါ”

“ဟဲ့ - ဒီစိုက်ခင်းထဲမှာ မြက်တွေပဲရှိတာ၊ ဘယ်က တုတ်ထိုးမိလဲ”

“အာ - အပျိုကြီးနဲ့ စကားပြောရတာ သိပ်ပိန်းတာပဲနော်”

“အံမယ် - ငါက ဘာဖြစ်နေလို့လဲ”

“ဒီလို ဆရာမရေ - သူက တုတ်ထိုးခံရလို့ ကွဲသွားတဲ့အနာ ပြန်မကျက်လို့ ဆေးရုံမှာတက်ပြီး ချုပ်လိုက်ရတဲ့အကြောင်းကို ပြောနေတာ”

“ဟင် - ဟုတ်လား - တုတ်ကလဲ ဒီလောက်တောင် ကြီးလား၊ နင့်မျာ - တုတ်ထိုးမိတော့ တော်တော်နာမှာပဲနော်”

“အမလေး - နာလိုက်တာမှ ဆွေမျိုးမေ့အောင် နာတယ်”

“ဟဲ့ - ကောင်မ - တုတ်ကလေးထိုးမိတာပဲ၊ ဆွေမျိုးမေ့အောင် ခံရလား”

“ဟင်း - ဟင်း - အပျိုကြီးကတော့ ခက်ပြီ၊ ကျွန်မတို့လောကမှာ ပြောတဲ့စကားနဲ့ပြောရရင် နာချင်ပြီထင်တယ်”

“ညည်းတို့စကားတွေကလဲ - ငါက ဘာလို့နာရမှာလဲ”



“အဲဒါကြောင့် - ဒီတုတ်ထိုးမအကြောင်း သွားမစပ်စုပါနဲ့လို့ ပြောနေတာပေါ့”

အဲဒီလို မအူမလည် ဝင်ပါတတ်တဲ့ ကျွန်မအကျင့်ကိုက မကောင်းတာပါ၊ ဒီလိုစပ်စုချင်တဲ့အကျင့်ကြောင့် ခဏခဏ ခံရတာကို အမှတ်သည်းခြေမရှိခဲ့တာပဲ၊

ကြည့်ပါဦး၊ သူတို့နှစ်ယောက် ပြောနေသည့် စကားများကိုသာ ဘုမသိ ဘမသိဝင်စပ်စုမိပါလား။ ဘယ်လောက်နားကြားပြင်းကတ်စရာကောင်းတဲ့ ကောင်မတွေလဲ၊ သူတို့လိုမိန်းမရှုပ်အုပ်စုတွေကတော့ သူတို့ကျင်လည်ကျက်စားနေသည့်လောကအကြောင်း ပြောနေရလို့ကတော့ ထမင်းစားရေသောက် ပြောနေကြတဲ့အတိုင်းပဲ၊

ကျွန်မလိုနဝေတိမ်တောင်သမားက အတွေ့အကြုံမရှိခဲ့တော့ သူတို့လောကမှာ ပြောဆိုသုံးနှုန်းနေတဲ့စကားတွေကို ဘယ်အထာ သိနိုင်ပါ့မလဲ၊ ကိုယ်က နားစွန်နားဖျား ကြားမိလို့ ဝင်စပ်စုကြည့်ပါလား။ သူတို့အပြောအဆိုတွေက အော့ကြော့လန် လောက်တယ်၊ ကျွန်မကလည်းကျွန်မပဲ၊နေရာတကာဝင်စပ်စုချင်တော့ ထိတာတောင် နည်းသေးတယ်၊

ခုလည်း ကြည့်ပါလား။ ကျွန်မက ဘုမသိ ဘမသိ နားစွန်နားဖျား ကြားပြီး ဝင်စပ်စုကြည့်မိတော့မှ တုတ်ထိုးမအကြောင်း ကောင်းကောင်းကြီးသိတယ်၊ ဒင်းတို့လိုကောင်မတွေကလည်း ငွေရပေါက်တစ်ခုတည်းကိုပဲ သိထားကြတယ်၊

တကယ်ဆို - စကတည်းကပစ္စည်းတွေ၊ ဘာတွေ စစ်ဆေးကြည့်ပြီးမှ လက်ခံပါတော့ လား။ ခုတော့ - လူကြားမကောင်း၊ သူကြားမကောင်း တုတ်ထိုးခံခဲ့ရလို့ သေလုမျောပါးဖြစ်ပြီး ဆေးရုံတောင် တက်ချုပ်ရတယ်လို့၊

“တုတ်ထိုးမိတာတောင်နည်းသေး၊ မော်တာနဲ့ ထိုးခံရမယ့်ဟာတွေ”

ကျွန်မလည်း မြင်ပြင်းကတ်ကတ်ရှိတာနဲ့ ပါးစပ်ကနေ ပွစိပွစိ လုပ်လို့ကျိန်ဆဲရင်း နေရာကနေ လစ်ထွက်လာခဲ့ရတယ်၊ သူတို့တွေအုပ်စုနားကိုများမကပ်လိုက်နဲ့ ကပ်လိုက်တာနဲ့ ညစ်တီးညစ်ပတ်စကားတွေ အလွှန်ပြောတဲ့ဟာမတွေ၊

ကျွန်မလိုအတွေ့အကြုံမရှိတဲ့အပျိုကြီးမျာ ဒင်းတို့အုပ်စုတွေနဲ့ တိုးမိတိုင်း နားရှက်စရာစကားတွေချည်း ကြားကြားနေရတော့ ကျွန်မလည်း နားရည်တောင် ဝနေပြီ၊

www.burmeseclassic.com



ကျွန်မ မိန်းမရှင် ပိုင်းစိန်မတို့အုပ်စုနဲ့ ခပ်ဝေးဝေးမှာ သွားပြီး နင်းဆီပန်းတွေကို ဆက်ရှုနေတော့တယ်။ ကျွန်မတို့ နင်းဆီစိုက်ခင်းထဲမှာ အလုပ်လုပ်နေကြသည့် အကျဉ်းသူတစ်သိုက်မှာ ခုလို စကားပြောရင်း အလုပ်လုပ်နေသူတွေက လုပ်လို့တချို့ကလည်း နင်းဆီပန်းရနံ့လေးမွှေးကြိုင်ကြိုင်နေတာကို ရှူရှိုက်ခံစားနေရင်း သီချင်းညည်းသူကလည်း ဆိုညည်းနေရှာတယ်။

"ပန်းနီနီ – မပေးနဲ့ကွယ် – ပန်ချင်ပါဘူး"

ဆိုသည့်သီချင်းတေးသွားလေးကို ဆိုညည်းနေရင်းအမှိုက်တွေကိုစုပုံသိမ်းကျုံးကောက်နေတာက ခါးပိုက်နှိုက်မှုနှင့် ထောင်ကျနေသည့် မိသန်းဆိုသူပဲ ဖြစ်ပါတယ်။ သူမရဲ့အသက်ကလည်းရှိလှမှ သုံးဆယ်ပတ်ဝန်းကျင်လောက်ပဲ ရှိဦးမယ်။

"အံမယ် – သီချင်းလေး တညည်းညည်းနဲ့ ဘာလုပ်နေတာလဲ"

"ခြော် – ဆရာမရယ် – ခုလို တစ်ယောက်တည်း အလုပ်လုပ်နေတုန်း သတိရသလိုလို၊ လွမ်းသလိုလိုရှိနေလို့ ဆိုညည်းနေတာပါ"

"အမယ် – ညည်းက ဘယ်သူ့ကိုများ လွမ်းနေရပြန်တာလဲ"

"မောင့်ကိုပေါ့ရှင်"

"ဟိုက် – ရှားလပတ် – နင်ကလဲ အလာကြီးပါလား။ ခါးပိုက်နှိုက်မ မို့လို့ သာ ခါးပြဒိုလ်များ လုပ်စားရင် ဗိုလ်အောင်ဒင်လို လွမ်းနေမလားပဲ"

"ခြော် – ဆရာမရယ် – သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ၊ လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့်ကြတာ မွေ့တာပါ။ ဆရာမလို ဂေါ်မစွံအပျိုကြီးက အချစ်အကြောင်း ဘာသိမှာလဲ"

"ဟဲ့ – ဟဲ့ – ငါ့ပိန္နဲ့ပင်ကြီးကို ဆွဲမထည့်ပါနဲ့အေ။ ငါလဲ နလုံးသားပါတဲ့လူပါ။ မစွံတာ မဟုတ်ပါဘူး၊ စွံပါတယ်၊ ငါညည်းစားမထားတာက လင်ယူသားမွေး အလုပ်ကို ကြောက်လွန်းလို့ပါတော်"

"အဲဒါပြောတာပေါ့။ ဆရာမက လုပ်ဖြင့်မကြည့်ရသေးဘူး။ သကြန်အမြောက်သံကြားတာနဲ့ နားပိတ်လစ်ပြေးတော့တာပဲ။ လူဆိုတာ စစ်မရောက်ခင် မြားကုန်ဆိုတဲ့စကားလိုပေါ့။ တကယ်လက်တွေ့အကောင်အထည်ဖော်ကြည့်တော့မှ ကောင်းမှန်းသိလို့ သာဒိတစိုစိုဖြစ်နေဦးမယ်"

"အမလေး – တော် – တော် – သာဒိ ...ါ မစိုပါရစေနဲ့တော့။ ငါ့ဟာငါပဲ အပျိုရှာဘဲ ဘုတာလေးလုပ်နေတာပဲ ...ကောင်းမယ်"

"ခက်တာပဲ – အပျိုကြီးကတော့ ...တ်ကြာ ဘုတာဘေးမှာ ဒေသလာပန်း ...တော့မှ ထွက်ပြေးရဦးမယ်၊ ဒီလိုနဲ့ ...ဟာကြောက်၊ ဒီဟာကြောက် ဖြစ်ပြီး ...ဂ်ကွာဝေးကြီး ဖြစ်နေတော့မှာပဲ"

"တော်ပါပြီ – မိသန်းရယ်၊ ညည်း ...ကလဲ မိန်းမတန်မယ့် ခါးပိုက်နှိုက်စားရ ...ယ်လို့၊ ဘယ်လိုဖြစ်တာလဲ – ပြောစမ်း ...ပါဦး"

"ဒါမျိုးကျတော့ ကြားချင်တယ်။ ...ဟာမျိုးကျတော့ ကြောက်သလေး ...ကလေးနဲ့ သက်သက်မဲ့ ဖြဲခြောက်တာ ...ဦးမယ် – ဒီလိုဆရာမရဲ့"

ဟုအစချီလျက် ခါးပိုက်နှိုက်မိသန်း ...စ်ယောက်သူမ၏အမှုဖြစ်ပုံအကြောင်း ...ကို စရေစေ့တွင်းကျ ဖောက်သည်ချ ...ပြလာတယ်။ ကျွန်မတို့လို ဝန်ထမ်း ...တွေဆိုတာကလည်း ဒီထောင်ဝင်းကြီး ...မှာပဲ မနက်မိုးလင်းကမိုးချုပ်ချိန်အထိ ...အကျဉ်းသူတွေကြားမှာပဲ ဖွေးရောယှက် ...နေထိုင်နေခဲ့ကြရတာမဟုတ်လား။

ကျွန်မတို့လို ဝန်ထမ်းတွေအဖို့ ...အကျဉ်းသူဆိုတာ မပေါင်းလည်းခက်၊ ပေါင်းလည်းခက် လူစားတွေမဟုတ်လား။ ဒီလိုပါပဲ၊ ရေလိုက်ငါးလိုက်အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံနေရတော့ သူတို့လေးတွေရဲ့ဘဝကိုထဲထဲဝင်ဝင် သိလာခဲ့ရတော့တယ်။ ခါးပိုက်နှိုက်မိသန်းက အမှိုက်ကျုံးနေတာကို ခေတ္တရပ်လိုက်ပြီး သူမ၏ ဇာတ်လမ်းလေးကို ပြောပြနေရှာတယ်။

□

ကျွန်မတို့မှာမိသားစုကသုံးယောက်တည်းပဲ ရှိတယ်။ ကျွန်မရဲ့ယောကျ်ားကိုဖိုးမောင်ဆိုတာကလည်း ဟိုတုန်းကတော့ ခါးပိုက်နှိုက်လောကမှာ နာမည်တစ်လုံးနဲ့ ကျင်လည်တျက်စားခဲ့သည့် ခါးပိုက်နှိုက် "ပခွလက်ဖိုးမောင်" ရယ်လို့ အလွန်နာမည်ကြီးခဲ့တာပေါ့ရှင်။

သူ့မှာတပည့်တပန်းတွေဆိုတာကလည်း အများကြီးပဲ မွေးထားတယ်။ သူ့လက်အောက်ကလက်သင်တပည့်လေးတွေကို ခါးပိုက်နှိုက်ပုံ၊ နှိုက်နည်း၊ အပေါ်ခွံအောက်ခွဲစသည့် ခါးပိုက်နှိုက်လောကရဲ့ အဋ္ဌာရသ ဆယ့်ရှစ်ရပ်မကျန်အောင် လက်တွေ့သင်ကြားပြသပေးခဲ့တာပေါ့။

ခါးပိုက်နှိုက်လောကမှာ အဓိကကတော့ လက်အနုတ်အသိမ်း လျင်မြန်ဖို့ပဲ

www.burmeseclassic.com



လိုတယ်၊ လူတစ်ယောက်ကိုခါးပိုက်နှိုက် တော့မယ်ဆို အခြေအနေနဲ့ အချိန်အခါ ကို စောင့်ပြီး လူအလစ်အငိုက်ကို အကဲ ခတ်ရတာပေါ့။

ပတ်ဝန်းကျင်အခြေအနေကလည်း ကောင်းပြီဆို ဝင်လမ်းထွက်လမ်းရှာပြီး ပစ္စည်းဂုက်မြန်ဖို့ပဲလိုတယ်၊ အထူး သဖြင့် ဆွဲကြိုးတို့၊ လက်စွပ်တို့ဆို ပါးစပ် ထဲမှာ ဖျောက်လို့ရအောင် မျိုချပစ်ရ တယ်။

သူများတွေဆို ဝမ်းဗိုက်ထဲထိ မျိုချ ပြီးမှ ဝမ်းနုတ်ဆေးကိုစားပြီးပြန်ထုတ်ယူ ရတယ်၊ ကျွန်မယောက်ျား ကိုဖိုးမောင် ကတော့ ဆရာတစ်ဆူလိုကျွမ်းနေသူဆို တော့ ဝမ်းဗိုက်ထဲထိ မျိုမချပဲ ပါးစောင် အံဂုက်နားမှာပဲ ကပ်ထားလိုက်တယ်။ ဖမ်းမိလို့ လူကိုယ်ပေါ်မှာ ရှာဖွေစစ်ဆေး သည့်အခါ ပါးစပ်ဟခိုင်းပြီး ဘယ်လိုပဲ ရှာရှာ မတွေ့နိုင်ဘူး။

ဒါပေမဲ့ - အကြောင်းမသင့်တဲ့အခါ လူပါးပုလင်းထိတယ်ခေါ်မလား၊ ကံ ကောင်းလို့ ပစ္စည်းကို အိမ်ရောက်မှ ပြန် ထုတ်တာ မနည်းထုတ်ယူရတယ်၊ ကံ မကောင်းချင်တော့ ပစ္စည်းမျိုထားတဲ့ ညာပါးစောင်ကိုတဖြည်းဖြည်းတွန်းတင် လိုက်၊ ချောင်းဟန့်လိုက်နဲ့ လူကို မျက်

ရည်တောက်တောက်ကျအောင် ခံ[...] တယ်၊

အမှန်တော့ ခါတိုင်းလို ဆွဲကြိုး[...] နှိုက်ပြီး မျိုချရင် လွယ်ပေမယ့် ...သူ မျို[...] လိုက်တာက လက်စွပ်ဆိုတာ ကျော[...] တစ်လုံးကို ဘေးကနေ ပန်းတိမ်ပညာ[...] ရွှေကွပ်ထားတာလေ၊ အဲဒီကွပ်ထား[...] စွယ်လေးက အာခေါင်မှာ ထောက်[...] တော့ တော်တော်နဲ့ ထုတ်မရဘူးဖြစ်[...] တာပေါ့။

နောက်ဆုံး တွန်းတင်ပေးလိုက်[...] ချောင်းဟန့်လိုက် လုပ်ပါများတော့[...] လက်စွပ်လေးက အာခေါင်ကနေတ[...] ဆင့် ပါးစပ်ထဲကို ရောက်လာတယ်[...] ကောက်ယူကြည့်လိုက်တော့ စွယ်ဂု[...] နေရာမှာ သွေးစသွေးနတောင် စွန်း[...] နေတယ်၊

သူလည်း အဲဒီထဲက တစ်ခါ သော[...] ပျဉ်ဘိုးနားလည်ဆိုသလိုပဲ လက်စွပ်[...] ဆွဲကြိုးတို့ကို ပါးစပ်ထဲ သိပ်မမျိုရဲတော[...] ဘူး၊ နောက်ထပ်နည်းသစ်ရှာပြီး လက်[...] ပြောင်းလက်လွှဲနဲ့ပဲ လုပ်စားကြတော[...] တယ်၊ ဒါကြောင့် ခါးပိုက်နှိုက်အုပ်စု[...] တွေက တစ်ကိုယ်တော်မနှိုက်ရဲတော့[...] လူအုပ်စုနှစ်ယောက်သုံးယောက် ပေါင်[...] ပြီးအကာအကွယ်ယူပြီးမှ နှိုက်ကြတယ်[...]



တစ်နေ့တော့ လည်လွှန်းတဲ့ဘီး ရှေးသင့်တယ်လို့ပဲပြောရမလားရှင်၊ သူ ဘတ်စ်ကားပေါ်မှာ တစ်ကိုယ်တော် အနှိုက်ကောင်းလို့ အဖမ်းခံလိုက်ရ တယ်။ သူ့ပုံစံကလည်း တကယ် စာရေး ယောင်ယောင် ဘာယောင်ယောင်ဝိုက် ဖမ်းထားပြီး ကိုယ်ပေါ်မှာ တိုက်ပုံအကျီနဲ့ နေကာမျက်မှန် တပ်ထားတယ်၊ လက် ထဲမှာ အကာအကွယ်ရအောင် ထိုနေ့ ထုတ်သတင်းစာတစ်စောင်ကိုကိုင်ထား တယ်၊

စောစောကတည်းက နေကာမျက် မှန်ကြီးတပ်ပြီးအကျအနထိုင်လို့သတင်း စာကို စိန်ပြေနပြေဖတ်နေတယ်၊ အမှန် တော့ သတင်းစာဖတ်နေတာကို ဟန်ပြ ပြီး နေကာမျက်မှန်အောက်ကနေ သား ကောင်ကို ချောင်းနေခဲ့တာပါ။ သူ စိတ် ကျေနပ်လို့များ ပိုင်ပြီဆိုမှ ထလှုပ်ရှား တာ။

အဲဒီအချိန်မှာ ဗိုက်ပူဘတ်စ်ကား ကြီးတစ်စီးက မှတ်တိုင်မှာ ထိုးဆိုက်လာ တယ်၊ ထုံးစံအတိုင်း ခရီးသည်တွေက တော့ သူ့ထက်ငါ ဦးအောင်တိုးဝှေ့ပြီး ကားပေါ်ကို အလုအယက် တက်နေကြ တယ်၊ သူက အသာတကြည့်ပဲ ဘယ်သူ မှမတက်တဲ့ နောက်ပေါက်ခြေနင်းခုံပေါ် မှာဘဲ ရပ်လိုက်စီးခဲ့တယ်၊

တကယ်တော့ သူ ပစ်မှတ်ထားနေ သည့် သားကောင်က ဆလင်းဘတ် အိတ်လွယ်ပြီး နောက်က ခြေနင်းခုံပေါ် မှာ တက်လိုက်စီးတယ်၊ သူက ဘေးနား မှာ နေရာယူတက်စီးလိုက်လာနေပေ မယ့် သားကောင်ရှိရာကို စိုးစဉ်းမျှ လှည့် တောင် မကြည့်ဘူး၊ ဘေးပတ်ဝန်းကျင် ကို ငေးမောရင်း တွယ်စီးလာနေတယ်၊

ဖြစ်ချင်တော့လေ၊ အဲဒီလူရဲ့ တစ် ဖက်ဘေးမှာ စွပ်ကျယ်ချိုင်းပြတ်နဲ့ စုတ် ပြတ်ပြတ် လူတစ်ယောက်က ရှိနေ တော့ သားကောင်က သူ့အိတ်ကို ဘယ် မှာထားမယ်ထင်သလဲ၊ သူလို အစိုးရ ဝန်ထမ်းပုံပေါက်နေသည့်လူကိုပဲ ယုံယုံ ကြည်ကြည်နဲ့ အိတ်ကို ဘယ်မှာထား မယ်ထင်သလဲ၊ သူလို အစိုးရဝန်ထမ်းပုံ ပေါက်နေသည့်လူကိုပဲယုံယုံကြည်ကြည် နဲ့ အိတ်ကို ပြောင်းထားမှာပေါ့၊

အဲဒါပေါ့ - သူ့ရိုးလက် ဝကွက်အပ် တယ်ဆိုတဲ့စကားဘယ်လောက်မှန်လဲ၊ အမှန်တော့ တောင်းမှာအကွပ်၊ လူမှာ အဝတ် ဆိုရိုးစကားလိုပေါ့၊ သေသေသား နားနားဝတ်စားထားသည့်လူကိုပဲ လူ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းထင်ပြီး အနုတ်စုတ် ကုပ်စုတ် ကောင်ကို သူခိုးလို ထင်မှာပေါ့။

အဲဒီလိုအခွင့်အရေးကအံဝင်ခွင်ကျ ဝင်လာနေတော့ သူလည်း နိုက်ဖို့ အခွင့် အရေး ချောင်းနေပြီပေါ့။ ဟိုတစ်ဖက်က လူကလည်း သူ့လို ဝတ်ပုံစားပုံကို ကြည့် ပြီး အထင်သေးရကောင်းလားဆိုပြီး ကွက်ကြည့်ကွက်ကြည့်လုပ်နေရော။

ကာယကံရှင်ကလည်း ဒီကောင် ငါ့အိတ်ကို ခွဲချင်လို့များ လူအလစ်ကို ချောင်းနေသလားဆိုပြီး မသင်္ကာလို့ ကွက်ကြည့် ကွက်ကြည့်လုပ်နေတာ။ အဲဒီလိုသူ့မယုံ၊ ငါ့မယုံနဲ့ လမ်းကွေ့လည်း ရောက်ရော ဘတ်စ်ကားကြီးက ဂငယ် ကွေ့ကွေ့ချမောင်းလိုက်ချိန်မှာ ကားကြီး က ယိမ်းထိုးသွားတော့တယ်။

ဒီအခွင့်ကောင်းကိုချောင်းနေသည့် ကျွန်မယောက်ျားကလည်းအလိုက်သင့် လိုက်ပါစောင်းရင်းစောစောကတည်းက သတင်းစာနဲ့ကွယ်ပြီး ဘရိတ်ဓားခွဲထား တဲ့နေရာက ဝရန်းသုန်းကားဖြစ်ချိန်မှာ ဆွဲထုတ်ပြီး အသင့်ဖြစ်နေပြီ။

နောက်ရှေ့မှတ်တိုင်ကားကြီးလည်း ရပ်ရော ကျွန်မပျက်ကားပေါ်က အသာ ဆင်းပြီး တခြားကားတစ်စီးပေါ် ခြေရာ ဖျောက်လစ်ခဲ့တယ်။ သူ ဆင်းသွားခဲ့တာ ကို မသင်္ကာသည့် စွပ်ကျယ်ချိုင်းပြတ်နဲ့ လူက ကာယကံရှင်ဖြစ်သူရဲ့ အိတ်ကို သေချာစစ်နိုင်းတော့ ဓားခွဲ ထားရာ အထင်အရှားကိုမြင်မှ ခါးပိုက်နှိုက်ခံရ မှန်း သိတော့တယ်။

နောက်ရှေ့ကား ပြောင်းစီးသွား သည့် သူ့နောက်ကိုအပြေးအလွှားတက် လိုက်လာပြီး မရဲတရဲစွပ်စွဲစကားများနေ တုန်း အခြေအနေမှန်ကို ရိပ်စားမိနေ သည့် ကားမောင်းသူက ကားမောင်းနေ ရင်း တန်းလန်းက ခရီးစဉ် ပြောင်းပြီး ဘားလမ်းအချုပ်ထဲကို တန်းမောင်း တော့တာပဲ။

“ဟင်း - ဟင်း - သူသွားနှိုက်ခဲ့တဲ့ လူက ဘယ်သူများမှတ်လဲ”

ခါးပိုက်နှိုက်မိသန်းကသူ့ယောက်ျား ၏ အစွမ်းအစများကို ကရားရေလွှတ် တတွတ်တွတ်ပြောဆိုနေရာမှကျွန်မကို လှမ်းမေးလိုက်တယ်။

“ဟဲ့ - ဘယ်သူ့ကိုများ သွားနှိုက်မိ တာလဲ”

“ထောင်မှူးကိုရှင့်၊ ထောင်မှူးကို”

“အလိုတော် - ဒါတို့အကျဉ်းဦးစီး က ထောင်ဝန်ထမ်းကိုလား”



“ဟုတ်ပါတော် - သူကလဲ - ဘယ် သိပါ့မလဲ - ဟိုကလည်း အရပ်ဝတ်နဲ့ နယ်ကလာတဲ့လူဆိုတော့”

“နောက်၊ ဘယ်လိုသိသွားတာလဲ”

ခါးပိုက်နှိုက်မိသန်းကလည်းစကား ဖြတ်မေးရာမှ ဇာတ်လမ်းကို ဆက်လက် ပြောပြနေတယ်။

ဒီလိုဆရာမရေ - စောစောကဟိုးနိုး ကားကြီးက ဘားလမ်းအချုပ်ထဲလည်း ကားကိုရပ်လိုက်တယ်။ အချုပ်ခန်းထဲက ရဲတွေဆိုတာလည်း အခြေအနေမှန်ကို ရိပ်စားမိနေတော့ ကားပေါ်ကလူတွေကို အားလုံးအောက်ဆင်းခိုင်းပြီး ရှာဖွေရေး လုပ်တယ်။

ကျွန်မယောက်ျားတိုက်ပုံအိတ်ထဲ က ပိုက်ဆံအိတ်ကိုတွေ့တော့ သူပိုင်ပါ တယ်၊ ငါပိုင်ပါတယ် အငြင်းအခုံဖြစ်နေ လို့ အများရှေ့မှာ စားပွဲပေါ်ကို ပိုက်ဆံ အိတ်ဖွင့်ပြီး သွန်ချပစ်လိုက်တယ်။ စားပွဲ ပေါ် က ပစ္စည်းပုံတွေကြားမှာ ဝန်ထမ်း ကတ်ပြားလေးတစ်ခုတွေ့လို့ကောက်ယူ ဖတ်ကြည့်လိုက်တော့မှ ထောင်မှူးဆို တာ ဓာတ်ပုံပါ ပူးတွဲပါနေတော့ ငြင်းနေ လို့ မရတော့ဘူးလေ၊

စခန်းက ရဲတပ်ဖွဲ့ဝင်တွေကလည်း ကျွန်မယောက်ျားကိုကြည့်ပြီး မင်းက ကျားရှေ့မှောက်လျက်လဲတဲ့ကောင်ဆို ပြီးအချုပ်ခန်းထဲ တန်းထည့်လိုက်တော့ တယ်။ အဲဒီအမှုနဲ့ပဲ ထောင်သုံးနှစ် ကျခံ နေခဲ့ရလို့ကျွန်မလည်း ထောင်ဝင်စာကို အပတ်တိုင်း လာတွေ့နေရတာပေါ့။

❐

“ဒါနဲ့ - ညည်းကကော - ဘယ်လို ခါးပိုက်နှိုက်မှုဖြစ်တာလဲ”

“ကျွန်မကျတော့လည်း ခါးပိုက်နှိုက် ပညာကိုနားလည်တတ်ကျွမ်းအောင်သူ့ တပည့်လက်သားတွေကို ခါးပိုက်နှိုက် သင်ပေးနေတာကြည့်ပြီး တတ်လာခဲ့ တာပဲ၊ သူက တပည့်တွေကိုခါးပိုက်နှိုက် ပုံနှိုက်နည်း၊ လူကို အကဲခတ်နည်း၊ ဘရိတ်ဓားနဲ့ ခွဲပုံခွဲနည်းတွေကို လက် တွေ့သင်ကြားပြသနေတုန်း ကျွန်မက လည်း သူတို့အဆာပြေစားဖို့လက်ဖက် ရည်နဲ့ ရေနွေးကြမ်း ချပေးရင်း ဘေးက ရပ်ကြည့်နေတာပေါ့”

“ဒါနဲ့ပဲ - ညည်းက အတတ်ဆန်း သွားလုပ်တော့ ဖိနပ်တန်းရောက်လာ တာပေါ့”

ဟုတ်ပါတယ်၊ ကျွန်မကလည်း ဟိုတုန်းက သူ ခါးပိုက်နှိုက်လို့ရလာတဲ့ ပစ္စည်းလေးတွေကို နဝ[illegible]ဈေးဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



သွားထုခွဲရောင်းချ စားသောက်နေထိုင်ခဲ့တာပေါ့။ ဟော – သူလည်း ခုလို အခန့်မသင့်လို့ထောင်ထဲလဲရောက်သွားရော အိမ်အတွက် စားရေး၊ သောက်ရေးက အဆင်မပြေတော့ဘူး။

အစပထမတုန်းကတော့ရှိတဲ့လက်ဝတ်လက်စားလေးတွေကိုပဲ ထုခွဲရောင်းချစားသောက်နေခဲ့တာပေါ့။ တဖြည်းဖြည်းနဲ့ လုံးပါးပါးလာတော့အိမ်က ဆယ်နှစ်အရွယ် သားလေးကို လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးအလုပ် သွင်းထားပေးပြီး သားအမိနှစ်ယောက် နေထိုင်စားသောက်ခဲ့တာပေါ့။

ကျွန်မကလည်း အပတ်စဉ် သူ့ဆီကို ထောင်ဝင်စာ သွားတွေ့နေရတော့ အိမ်မှာ စားဝတ်နေရေး မပြေလည်ဘူးဆိုတာ သူ သဘောပေါက်အောင် ပြောပြတယ်။ သူကလည်း သိပ်အခက်အခဲဖြစ်နေရင် သူ့ဆီကို အမြဲတမ်းမလာဘဲ တစ်ခါတစ်ရံမှပဲလာဖို့ ပြောပါတယ်။

ကျွန်မကို က ဆတ်ဆော့တာပါ ဆရာမရယ်။ ကျွန်မလည်း သူ့တပည့်တွေကို သင်ပြပေးသည့် ခါးပိုက်နှိုက်ပညာကို မျက်စိရည်ဝနေတော့ … ခုလို အကြပ်အတည်းဖြစ်နေတုန်းစမ်းကြည့်ဦးမှပါလေဆိုပြီး ထောင်ဝင်စာတွေ့ပြီး အပြန်အမှတ်(၈)ဟီးနိုးကားကြီးကိုစီး ပြီးအိမ်ကိုပြန်လာခဲ့တယ်။ကျွန်မနေတာ က ဒေါပုံမှာလေ။

မြို့ထဲကိုရောက်ပြီး လူစည်ကားသည့် သိမ်ကြီးဈေးနားမှာပဲ အချဉ်ကို လိုက်ကြည့်နေတယ်။ အဲဒီအချိန်က ကျွန်မစတိုင်လ်ကလည်းခပ်မိုက်မိုက်ပဲ။ ဘလောက်စ်အကျီအပွင့်အခက်တွေနဲ့ ကို ဝတ်ဆင်ပြီး အောက်ပိုင်းက ဘောင်းဘီရှည်နဲ့ဆိုတော့ တော်ရုံတန်ရုံ အထင်ကြီးတာပေါ့။ ရှိန်တာပေါ့နော်။

ကျွန်မလည်းဈေးကြီးပတ်ဝန်းကျင်မှာ သားကောင်ကို ရှာဖွေရင်း ဈေးဝယ်ချင်ဟန်ဆောင်နေခဲ့တယ်။ ဒီအချိန်မှာ တောက ကုန်သည်ပုံစံမျိုးနဲ့ လူတစ်ယောက်က ဟင်းနံ့ဘတ်အိတ်ဖောင်းဖောင်းကြီးကို စလွယ်သိုင်းပြီး ဆိုးဆေးတွေ ဝယ်နေတယ်။

ကျွန်မ သူ့အနီးကိုမယောင်မလည်နဲ့ချဉ်းကပ်သွားလိုက်ပြီးပတ်ဝန်းကျင်ကိုလည်း မျက်စိကစားကြည့်လိုက်တယ်။ သိမ်ကြီးဈေးထဲမှာ လူတွေဟာ သူ့ကိစ္စကိုယ့်ကိစ္စ ဝယ်ခြမ်းနေကြတော့ အလုပ်ရှုပ်နေတာပေါ့။

ကျွန်မ ဆိုးဆေးဆိုင်ရှေ့မှာ ရပ်ပြီး ဈေးဝယ်ဟန်ဆောင်နေတယ်။ အဲဒီ



ပုဂ္ဂိုလ်ကလည်း ကျွန်မလို အစိတ်သုံးဆယ်ဝန်းကျင်အရွယ် ကောင်မလေးက ဟန်နဲ့ပန်နဲ့ဆိုတော့ သူ့လို ဆေးဆိုးပန်းရိုက်လုပ်ငန်းလုပ်သူလို့ပဲ ထင်နေမှာပေါ့။

ကျွန်မကလည်း ဆလင်းဘက်အိတ်လေးကို လွယ်ထားပြီး ဆိုင်ရှင်ကို ဆိုးဆေးဈေးမေးသလို လုပ်နေတယ်။ တဖြည်းဖြည်းနဲ့ သူ့နားကိုရောက်အောင် လို့အထာပေးပြီး ချဉ်းကပ်သွားတယ်။

သူကလည်း သူ လိုအပ်သည့် ဆိုးဆေးမှုန့်တွေကို မှာကြားပြီး ချိန်နိုင်းနေချိန်မှာ ဟင်းနံ့ဘက်အိတ်ကြီးကို နောက်ပစ်ပြီး ပစ္စည်းတွေကို မြွေရေခွံအိတ်ထဲထည့်နေတယ်။ ကျွန်မကလည်းသူ့အနီးအနားမှာ ဆိုးဆေးဝယ်မလို့ ရပ်စောင့်နေဟန်နှင့် လူတွေအလစ်မှာ သူ့နောက်ကျောက ဟင်းနံ့ဘက်အိတ်ကြီးကို အရိတ်ဓားသုံးပြီး အသာခွဲလိုက်တယ်။

အိတ်ကြီးထဲက ပိုက်ဆံအိတ်သေးသေးလေးကို အသာအယာ ဆွဲထုတ်ပြီး ကျွန်မ ဆလင်းဘက်အိတ်ထဲ ပြောင်းထည့်လို့ ထိုနေရာက အသာလစ်ထွက်လာခဲ့တာပေါ့။ နောက်တော့ – သူက ငွေရှင်းမယ်ဆိုပြီး ဟင်းနံ့ဘက်အိတ်ဇစ်ကို ဆွဲဖွင့်လိုက်ချိန်မှာတော့ ဓားခွဲရာကြီးနှင့် ပိုက်ဆံအိတ်က ပျောက်ချင်းမလှ ပျောက်နေတယ်။

အဲဒီတော့မှသူလည်းကျွန်မနောက်ကို ပြေးလိုက်လာပြီး အော်ဟစ်လို့ ဈေးလုံခြုံရေးတွေက ကျွန်မကို ဝိုင်းဆို့ဖမ်းဆီးကြလို့ အဖမ်းခံခဲ့ရတယ်။ အဲဒီအမှုနဲ့ပဲ ကျွန်မ ထောင်သုံးနှစ် ကျခံလာခဲ့ရတယ်။

❐

ခါးပိုက်နှိုက် မိသန်းတစ်ယောက် သူမ၏ အမှုဖြစ်စဉ်လေးကို အစအဆုံး ပြောပြနေရာမှ မောသွားဟန်ဖြင့်သောက်ရေအိုးထဲမှရေကိုခပ်သောက်နေတယ်။ ထောင်ထဲမှာဆိုတာကလည်း လူအမျိုးမျိုး၊ အမှုအမျိုးမျိုးနဲ့ လာဆုံတွေ့နေရတာဘဲ။

ကျွန်မတို့လိုဝန်ထမ်းတွေမှာလည်း အကျဉ်းသူမလေးတွေရဲ့ အဖြစ်သနစ် ဇာတ်လမ်းစုံကို နေ့စဉ်လိုလို မြင်တွေ့ကြားသိနေရတော့လည်းသနားကရုဏာ ပိုမိသလိုလိုပဲ၊ ဒါပေမဲ့ – ဒင်းတို့ကိုများ ရှေ့ကြည်အေးတရားဟောပြီး သွားနားမချလိုက်လေနှင့်၊ သူတို့တွေဟာ ခွေးမြီးကောက် ကျည်တောက်စွပ် သလိုပဲ နောက်တစ်လမကြာဘူး၊ နရသိန်စံအိမ်ထဲကိုပြန်ရောက်လာကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်းကျွန်မနဲ့သူတို့တွေ ကမကြာခဏ ရေစက်ဆုံပြီးပြန်ပြန်တွေ့ နေရတာများတယ်။ ဒါ့ဘာကြောင့်လည်း စားဝတ်နေရေး မပြေလည်ကြလို့လား၊ ဒီလိုမကောင်းမှုဒုစရိုက်ဝက်ပါမှာပဲ သံသရာလည်နေချင်ကြလို့လား။

ဘာပဲဖြစ်ဖြစ်၊ မကောင်းတာလုပ် နေသမျှတော့ ကျွန်မတို့ရဲ့နှရသိန်စံအိမ် ထက်ဆီကဆီးကြိုပြီးနွေးထွေးစွာဆက် ဆံနေရမှာပဲ၊ သူတို့ကလည်း သူတို့ အကျင့်စာဂကို မရှောင်ကြဉ်၊ မထိန်း သိမ်းနိုင်သေးသမျှ ကာလပတ်လုံးမှာ ဒီဝဲဩယသံသရာကြီးထဲမှာပဲ တဝဲလည် လည် ရှိနေဦးမှာပဲလေ။

ကျွန်မညနေထောင်ပိတ်ချိန်နီးကပ် လာနေပြီမို့ အိမ်ဆောင်ကြီး၏ ပတ်ပတ် လည်မှာ ရှိနေကြသည့် အကျဉ်းသူများ ကို လိုက်လံသတိပေး နှိုးဆော်နေရ တယ်။ တချို့အကျဉ်းသူများမှာ ထောင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားလို့ ရေကန်ဗာရာ၏ ခွင့်ပြုချက်ဖြင့် ရေမိုးချိုး ပြီး ဖီးလိမ်းပြင်ဆင် ဝတ်စားထားကြ တယ်။

ထောင်အုတ်ရိုးကြီးအတွင်းဘက် က အိပ်ဆောင်ဒေါ်ပတ်ဝန်းကျင်မှာ ဖြနီဝါပြာရောင်စုံအလှတွေနှင့်ဘယ်သူ

၄၄ အို – ငါက ဒီလိုခရမ်းသီး နင်တို့ အိမ်မှာ လုပ်စားလို့ရတယ်။ နင်တို့က ထောင်ထဲ လုံးဝမသွင်းရတဲ့ ခရမ်းသီးကို ခုလိုခိုးသွင်းတုန်း တစ်ယောက်ယောက်မြင်သွားရင် ပြဿနာတက်ပြီး မိုးမီးလောင်ကုန်မယ်။ ဒီတော့ ...





ပြိုင်လို့ လှပါတော့နိုင်ဆိုသလို အပြိုင် အဆိုင် ဝတ်စားပြီး အလှချင်းပြိုင်နေကြ တယ်၊ အိပ်ဆောင်ဒေါ်းပတ်ပတ်လည် မှာ သူ့အုပ်စုနှင့်သူ ကက်ဝေါ့(Cat walk) လျှောက်သလိုလျှောက်လှမ်းလို့ဟန်ရေး ကိုယ်စီပြနေကြတယ်၊

ကျွန်မတို့ဝန်ထမ်းတွေမှာတော့ သူ တို့လေးတွေအလှချင်းပြိုင်နေကြတာကို ကြည့်မအားနိုင်ဘူး။ တော်ကြာ – ထောင် ပိတ်ချိန်မှာ အိပ်ဆောင်အပြင်ဘက်တစ် ယောက်ကျန်နေခဲ့ရင်ပြဿနာတက်မှာ စိုးလို့အိပ်ဆောင်ပတ်ပတ်လည်ကိုမျက် လုံးဒေါက်ထောက် လိုက်ကြည့်နေရ တယ်။

အိပ်ဆောင်ကြီး အနောက်ဘက် ကုက္ကိုပင်ကြီးရဲ့ အောက်မှာတော့ အကျဉ်းသူတစ်သိုက် တဝါးဝါးနှင့် ပွဲကျ နေကြလို့ ဘယ်သူတွေများ မဟုတ်က ဟုတ်ကတွေ လုပ်နေကြမလဲလို့ သွား ကြည့်လိုက်တော့မှ မိန်းမရှုင်အုပ်စုက ဟာတွေပဲ ဖြစ်နေတယ်။

အဲဒီကောင်မတွေက တရားလွန် တယ်။ ထောင်ထဲရောက်နေတာတောင် အပိုးမကျိုးကြဘဲ မဟုတ်က၊ ဟုတ်က တွေပဲ လုပ်တတ်ကြတယ်။ သူတို့လူစု တွေကလည်း ခုလို ညနေစောင်းချိန်ဆို

အလုပ်က အနားယူနေချိန်မှာ သူတို့ကို သူတို့ငွေဆောင်ကမ်းခြေမှာများအပန်း ဖြေနေသလားမှတ်ရတယ်။ လူစုလူဝေး နဲ့ အေးအေးဆေးဆေးနေပြီး ပိုင်းဖွဲ့ဟား တိုက်နေကြတယ်။

□

"သူ – တော်တော်ဝ"

"ငွေးသီး – စားမိလို့ပါဟယ်"

အကျဉ်းသူတစ်ယောက်က ကုက္ကို ပင်ကြီးအောက်မှာ ကက်ဝေါ့ လျှောက် သလို လျှောက်ပြနေပြီး လက်ထဲမှ ငွေး သီးကို ကိုက်စားပြဟန် ပြနေတယ်။

"ဟဲ့ – ကောင်မတွေ – ဘာမဟုတ် က၊ ဟုတ်က လုပ်နေကြပြန်ပြီလဲ"

"ဟော – အမျိုးကြီးတော့ ပေါက်ချ လာပြန်ပြီ – ဟိုမှာလေ မတွေ့ဘူးလား။ ဗိုက်ကြီးသည် မိအေးနွယ်ပေါ့။ ဟိုတီဗွီ ကြော်ငြာထဲက ရွှေဝါဝင်းဆေးကြော်ငြာ နေသလို သူက ဗိုက်ကြီးနေတာကို ငွေး သီးစားပြနေတယ်"

တကယ်ပါပဲ။ ညဘက် အိပ်ဆောင် ထဲမှာ အကျဉ်းသူအားလုံး အပျင်းပြေ ကြည့်ရှုလို့ရအောင် တီဗွီပြပေးထားတာ။ သူတို့တွေက အတုမြင် အတတ်သင် ကြည့်ပါဦး၊ ရုပ်ရှင်မင်းသမီးမိုးမြတ်သူဇာ

www.burmeseclassic.com

www.burmeseclassic.com



အိုက်တင်မျိုးနဲ့ ငွေးသီးစားပြပြီး ကြော်ငြာသရုပ်ပြနေကြတာလေ။

"ဟဲ့ - ငွေးသီးစားတာနဲ့ ဗိုက်ကြီးတာ ဘာဆိုင်လို့လဲ"

"ဟဲ - ဟဲ - အဲဒါ - ချဉ်ခြင်းတပ်နေတာ နေမှာပေါ့"

"အလိုတော် - ကြားဖူးပေါင်"

"ဆရာမကော - ငွေးသီးစားဘူးလား"

"အမလေး - သွားကြိမ်းလွန်လွန်းလို့ စားရဲပေါင်"

"အဲဒါပေါ့ - ဒီအေးနွယ်ဆိုတဲ့ ကောင်မက အပြင်မှာနေကတည်းက ငွေးသီးကို ခရေဇီဖြစ်ပြီး နိုးစားနေကျ။ ခုတော့ - သွားကြိမ်းရုံတင်မကဘူး၊ ခါးပါ တစစ်စစ် ကိုက်ဦးမှာ"

"ဟင် - ညည်းတို့စကားကလည်း ငွေးသီးစားတာနဲ့ ခါးပါ ကိုက်ရတယ်လို့"

"အဲဒါပေါ့ - ဆရာမရဲ့၊ သူက မက်မပြေငွေးသီးဆိုပြီး ထောင်ထဲမှာတောင် တခုတ်တရ စားချင်နေတာ"

ကျွန်မဖြင့် နားကို မလည်တော့ပါဘူး။ ဘယ့်နယ်တော် - ငွေးသီးကိုများ သူ့မို့ မက်မက်ဆက်ဆက်စားချင်တယ်၊ ဒီလိုငွေးသီးကို စားတာနဲ့ သူ့ ဗိုက်ကြီးတာက ဘာဆိုင်လို့လဲ။ ပြော် - ဟုတ်မှာပေါ့လေ။ ဗိုက်ကြီးသည်တွေဆိုတော့ အချဉ်စားပေးရတယ်ဆိုတာတော့ ကြားဖူးသလိုလိုပဲ။

"သူ - တော်တော်ထ"

ဟော - လုပ်ရျလိုက်ပြန်ပြီးနောက် တစ်ယောက်ကလည်း ခရမ်းချဉ်သီးရှည်ကြီး လက်မှာကိုင်လို့ ပါးစပ်ပေါက်မှာ တွေ့ပြနေတာကို -

"ခရမ်းသီးနှပ်လေး - စားချင်လို့ပါရှင်"

"ဟဲ့ - ဝိုင်းစိန်မ - ကြည့်စမ်း၊ ဒီခရမ်းချဉ်သီးကြီး ဘယ်က ရလာပြန်တာလဲ"

"ဆရာမရယ် - ခရမ်းသီးနှပ်မစားရတာ ကြာလှပေါ့။ အဲဒါနဲ့ ဟိုဆရာမလေးကို လိုင်းဝင်ပြီး နိုးသွင်းခိုင်းခဲ့တာ။ မနက်စာ ကျွေးတဲ့အခါ ထောင်က ပေးတဲ့ ငါးပိလေးနဲ့ အိမ်က မှာသွင်းထားတဲ့ ပုစွန်ခြောက်မှုန့်လေး ရောပြီး ခရမ်းသီးနှပ်လုပ်စားမလို့ပါ"

"ပေး - ပေး - အဲဒီခရမ်းသီးကြီး ဒီကို ပေးစမ်း"

"ဟာ - တို့အပျိုကြီးလဲ ချဉ်ခြင်းတပ်ပြီထင်တယ်"

"အို - ငါက ဒီလိုခရမ်းနှပ်ကိုအိမ်မှာ လုပ်စားလို့ရတယ်၊ နင်တို့က ထောင်ထဲ လုံးဝမသွင်းရတဲ့ ခရမ်းသီးကို ခုလိုနိုး



သွင်းတုန်း တစ်ယောက်ယောက်မြင်သွားရင် ပြဿနာတက်ပြီး မိုးမီးလောင်ကုန်မယ်၊ ဒီတော့ ..."

ကျွန်မလည်း စိတ်ပေါက်ပေါက်နှင့် ခရမ်းသီးတောင့်ရှည်ကြီးကို အလယ်က ထက်ပိုင်းချိုးပစ်ရုံ အားမရနိုင်သေးဘဲ နောက်ထပ် အပိုင်းပိုင်းဖြစ်သွားအောင် ချိုးလိုက်တယ်၊

"ကဲ - ဒီလောက်တောင် ဝတ်ကြီးကျနေတဲ့ဟာမတွေ၊ နင်တို့ဘာသာ နှပ်ပဲစားစား၊ ဖုတ်ပဲစားစားကြိုက်သလိုစားကြ"

"အမလေး - ရက်စက်ပါပေ့ - အပျိုကြီးရယ်၊ ကျွန်မမှာတော့ ဒီဟာကြီးနဲ့ ညဘက် နှစ်ပါးသွားရမလား မှတ်ပါတယ်၊ ခုတော့ - သွားပြီပေါ့ - ဟား - ဟား - ဟား"

"နေစမ်းပါဦး - နင်က ဒီခရမ်းသီးကြီးနဲ့များ ဘယ်လိုဘယ်ပုံ နှစ်ပါးသွားချင်ရပြန်တာလဲ - သေနာမ"

ကျွန်မ သူတို့ကိုပျစ်ပျစ်နစ်နစ်ဆဲပြီး အဲဒီနေရာကနေ လစ်ထွက်လာခဲ့ရတယ်။ အဲဒီမိန်းမရှင်အုပ်စုတွေတတော့ ဘယ်အချိန်၊ ဘယ်အခါကြည့်လိုက်ကြည့်လိုက် တကယ့်ကို ဩချလောက်စရာကောင်းတဲ့မိန်းမတွေ၊ တစ်နေ့တစ်နေ ထောင်ထဲမှာနေပြီး ဒီအညီအဟောက်စကားတွေကို ပြောပြီး သရုပ်ပြလုပ်နေကြတယ်၊

ကျွန်မကလည်း ကျွန်မပဲ မတွေ့လိုက်နှင့် တွေ့လိုက်တာနှင့် အဲဒီပေါက်ကရလုပ်တတ်တဲ့ကောင်မတွေနဲ့ချည်း အက်ထိတိုးနေတော့တာပဲ၊ ကိုယ်က နားမလည် ပါးမလည်နဲ့ ယောင်လို့များ ဝင်မေးကြည့်လိုက်ပါလား၊ နားရှက်စရာ စကားတွေ၊ အပြုအမူတွေပဲ ကြားရ၊ မြင်နေရတော့တယ်၊

ခုလည်း ကြည့်ပါလား။ ညည အိမ်ဆောင်ထဲမှာ အပန်းဖြေကြည့်ဖို့ တီဗွီတစ်လုံးနဲ့ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွေကို လွှင့်ပေးနေခဲ့တာတောင် ပညာပေးဇာတ်လမ်းတွေကိုကြည့်ပြီး အတုခိုးမယ်၊ ဗဟုသုတရမယ်လို့ မရှိကြဘူး။ မဟုတ်တဲ့ကြော်ငြာခန်းတွေကို ကြည့်ပြီး အဲဒီထဲကဟာမျိုးတွေ လုပ်ပြနေကြသေးတယ်၊

ညနေ ထောင်စောစောပိတ်မှပဲ ကျွန်မတို့ဝန်ထမ်းတွေလည်း အိမ်မြန်မြန် ပြန်နားရမယ်မဟုတ်လား၊ အိမ်ရောက်မှ ရေမိုးချိုးပြီး ထမင်းစားရမယ်၊ ပြီးမှ - တီဗွီဇာတ်လမ်းကိုကြည့်ပြီး အပန်းဖြေရမယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

ဂါတ်မကြီးပေါ်ကနေ ထောင်ပိတ်တော့မည်ဖြစ်ကြောင်း သတိပေးသံချောင်းခေါက်သံထွက်ပေါ်လာတယ်။ ကျွန်မလည်း ထောင်ပိတ်တော့မည်ဆိုတော့ အိပ်ဆောင်ပတ်ပတ်လည်မှာ လမ်းသလားနေသည့် အကျဉ်းသူအားလုံးကို အိပ်ဆောင်ထဲ ဝင်ကြဖို့ လိုက်လံဆော်ဩနေရတယ်။

အကျဉ်းသူတွေကလည်း သိတဲ့အတိုင်း ညထောင်ပိတ်ချိန်မှာ အိပ်ဆောင်ထဲကို တော်တော်နဲ့ မဝင်ချင်ကြဘူး။ ပေကတ်ကတ်လုပ်နေကြသေးတယ်။ ဟုတ်တယ်လေ၊ သူတို့မှာလည်း သိတဲ့အတိုင်းလွတ်လပ်မှုရဲ့အရသာကို အပြည့်အဝ ခံစားချင်သေးတာပေါ့။

ခုလို ညနေ နေဝင်ရီတရော တိမ်တောက်နေချိန်မှာ မိုးပေါ်က နေမင်းကြီး တဖြည်းဖြည်း ဝင်သွားနေသည့် နေဝင်ဆည်းဆာချိန် အလှအပတရားတွေကို ခံစားကြည့်ချင်သေးတာပေါ့။

သိတယ်မဟုတ်လား။ ထောင်ဆိုတာကလည်း စည်းနဲ့ကမ်းနဲ့ နေရထိုင်ရတဲ့နေရာမျိုးဆိုတော့ ဆရာမတွေ တုတ်တစ်ချောင်းကိုင်ပြီး လိုက်ရိုက်သွင်းရမယ့်အခြေအနေမျိုး အဖြစ်မခံချင်တော့ ကိုယ့်အသိစိတ်ဓာတ်နှင့်ကိုယ် အလျှိုလျှိုအိပ်ဆောင်ထဲကို ဝင်သွားကြတော့တယ်။

ကျွန်မကတော့ ထုံးစံအတိုင်းတုတ်တစ်ချောင်းကိုင်ပြီးတော့ပြဿနာအလွန်ရှာတတ်တဲ့ တုတ်ထိုးမအုပ်စုတွေကို လိုက်လံဟိန်းဟောက်ပြီး အထဲကိုမောင်းသွင်းနေရတယ်။ ဒါတောင် လူကိုမခန့်လေးစားလုပ်သလို -

"ဆရာမက ကိုယ်ချင်းစာစိတ်မရှိဘူး။ သူများရေမ်းသီးကို ခုလိုရက်ရက်စက်စက် ချိုးဖဲ့လုပ်ပစ်လိုက်တော့ မောင်ဘယ်သူနဲ့နေရမှာလဲလို့ - ဟေ့ ချစ်ချစ်"

ဆိုပြီး ဝိုင်းစိန်မတစ်ယောက် မျက်နှာငိုမဲ့မဲ့အမူအရာ လုပ်ပြရင်း အဆိုတော်မျိုးမြင့်လေးရဲ့သီချင်းကို မကြားတကြား ဆိုသွားနေသေးတယ်၊ ကျွန်မ မျက်နှာထားတင်းတင်းနဲ့ လှမ်းကြည့်ချိန်မှာ သူမလက်ထဲက အစိပ်စိပ် အမြွာမြွာဖြစ်သွားသည့် ရေမ်းသီးကြီးကို နမြောတသဖြစ်ပြီး မှုပြသွားနေသေး၊ လျှာထုတ်ပြသွားသေးတယ်၊

တော်တော်ကိုထိန်းမရသိမ်းမရတဲ့ဟာတွေ၊ အကွပ်မရှိတဲ့ကြမ်းပရမ်းပတာဆိုသလိုပဲနေတတ်ထိုင်တတ်တဲ့ကောင်မတွေ။ ကျွန်မမှာတော့ သူတို့လေးတွေနဲ့ပဲ နှစ်ရှည်ဆက်ဆံပေါင်းသင်းနေရတော့ သည်းခံစိတ်ကိုပဲ မွေးနေရတယ်။

"ဒေါင် - ဒေါင် - ဒေါင့် - ဒေါင်"

ဆိုသည့် ဂါတ်မကြီးပေါ်က ထောင်ပိတ်သံချောင်းခေါက်သံ ပေါ်ထွက်လာမှ ကိုယ့်ပစ္စည်းလေးတွေကို ကြိမ်ခြင်းတောင်းလေးထဲ ထည့်သိုသိမ်းဆည်းပြီးတော့အမျိုးသမီးထောင်ဝန်ထမ်းများနှင့်အတူ အိပ်ဆောင်ထဲက ထွက်လာခဲ့ကြပြီ၊ ဘူးတံခါးဝဆီ လျှောက်လာခဲ့ကြတယ်၊

လူက စိတ်စောနေလို့လား မသိပါဘူး၊ တံခါးတာဝန်ဝန်ထမ်းတွေကလည်း အရေးထဲ အရစ်ရှည်နေကြတယ်။ အကျဉ်းထောင်ကြီးထဲက တစ်နေ့တာ၊ တာဝန်ပြီးဆုံးလို့ အိမ်ကို ပြန်ကြမည့်ဝန်ထမ်းတွေကိုလူရေတွက်စစ်ဆေးပြီး ရှာဖွေရေးလုပ်နေပြန်တယ်။

တကယ်ဆို - ဘယ်သူတွေကများ အိပ်ဆောင်ထဲမှာကျန်နေရစ်ချင်ပါ့မလဲ။ ဗိုက်ကလည်း ဆာ၊ အချိန်ကလည်း မှောင်နေပြီဆိုတော့အိမ်ဆီကိုပဲမြန်မြန်ပြန်ချင်ရှာမှာပေါ့။



ဒီကြားထဲတံခါးထဲမှာတစ်ယောက်ချင်းစီတလာစီနေပြန်သေးတယ်၊ ကျွန်မမှာတော့ အိမ်ကို အမြန်ပြန်ရောက်ချင်နေသည့်စိတ်က စောနေလို့ စိတ်မရှည်ချင်တော့ဘူး။ သူတို့က ရှာဖွေရေးလုပ်နေလို့ မြန်မြန်ပြီးအောင် ပါလာသည့် ပစ္စည်းတွေကိုလည်း ထုတ်ပြနေရသေးတယ်။

ထောင်ထဲကဂျူတီပြီးလို့ထွက်လာခဲ့ကြတာ ဘယ်သူတွေကများ ထောင်ထဲကပစ္စည်းကို ခိုးထုတ်လာကြမှာလဲ။ မသကာ ပါလာရင်တောင် အထဲကပါတနာဆီက လက်ဆောင်ပေးလိုက်သည့် ထောင်ဝင်စာပစ္စည်းထဲက ကိတ်မုန့်၊ ခေါက်ဆွဲကြော်ထုပ်လောက်ပဲ ပါမှာပေါ့။

ခုတော့ - တံခါးကြီးထဲမှာ ရှာလို့ဖွေလို့ကိုမပြီးစီးနိုင်ဘူး။ ကျွန်မမှာစိတ်စောနေလို့လားမသိပါဘူး။ လက်ကနာရီလေးကို တကြည့်ကြည့် လုပ်နေတယ်။ ခုပဲ ညခြောက်နာရီခွဲပြီးသွားပြီ။ တော်ကြာ မမီလိုက်မှာကို စိုးရိမ်ကြောင့်ကျနေတယ်။

အားလုံးရှာဖွေပြီးစီးသွားတော့မှ တံခါးတာဝန်ကျဝန်ထမ်း[illegible] သော့ဖြင့်

www.burmeseclassic.com

တံခါးသေးသေးလေးကို ဖွင့်နေတယ်၊ ဒီတော့လည်းဝန်ထမ်းတွေအားလုံးပြန် ချင်စောနဲ့အလုအယက်တိုးထွက်နေကြ တယ်၊

ကျွန်မစိတ်ထဲမှာထင်လိုက်ပါတယ်၊ သူတို့တွေလည်းငါ့လိုပဲ၊ မြဝတီကထုတ် လွှင့်နေသည့် "ဂျူမုံ"ပရိသတ်တွေပဲဖြစ် မှာပါလို့ တွေးနေမိတယ်၊ အိမ်ရောက် တာနဲ့ ကမန်းကတန်း ရေမိုးချိုးလိုက်ပြီး တီဗွီခလုတ်ကိုဖွင့်လိုက်တယ်၊

ထမင်းပန်းကန်ထဲကို ဟင်းတွေ ပုံထည့်ပြီးတီဗွီရှေ့မှာ ပြေးထိုင်နေရာယူ နေတာကို အမေက –

"ဟဲ့ – ဒီည – ဘာသတင်းထူးများ လာမှာမို့လဲ"

"မဟုတ်ဘူး – အမေရယ်၊ မြဝတီက ဂျူမုံဇာတ်ကား လာတော့မှာမို့ပါ"

"အမလေးတော်၊ သဲပဲ သဲနိုင်လွန်း"


ဟုတ်တယ်လေ၊ ကျွန်မကလည်း၊ ဂျူမုံဇာတ်ကားကို အသေအလဲ ကြိုက် နေတော့ မင်းသားဂျူမုံနဲ့ မင်းသမီး ဆိုအောနီတို့ကိုမကြည့်လိုက်ရဘဲလွတ် သွားမှာစိုးလို့ ထောင်ထဲကနေ ဂျူတီပြီး လို့ အိမ်ကို သုတ်ခြေတင် ပြန်လာခဲ့ပြီး တီဗွီရှေ့မှာ ဂျူမုံကားအလာကို ထမင်း စားရင်း ထိုင်စောင့်နေရတာပေါ့ရှင်၊

⇨ ထောင်မှူးမ

**ဂမ္ဘီရလောကဆေးမြီးတို့**

**မြွေဆိပ်နိုင်ဆေး**


ဖြူကြီးရွက်ကို ဖြူကြီးအစေ့နှင့် ကြိတ်၍လုံးပါ၊ ယင်းဆေးလုံးကိုတစ်နာရီ ခြား၍တစ်လုံးကျတိုက်ပါ၊ ပြင်းထန်သော မြွေဆိပ်များကျ၏၊ တစ်လုံးကိုရွှေကြီးစေ့ ခန့်သာသာ လုံးပါ၊




www.burmeseclassic.com

www.burmeseclassic.com





ရောဂါသည်
မုဆိုးမညီမနှင့် တူတော်သူ
အတွက် ရာဇဝတ်မှုတစ်ခုကို
ကျူးလွန်မိသည့် လူတစ်ယောက်
အကြောင်း ..

**လူ့ဘဝကို** တိုက်ပွဲတစ်ခုအနေနဲ့ သတ်မှတ်လိုက်ပြီဆိုရင် အဲဒီတိုက်ပွဲအစမှာပဲ ဖိုးကိုဆိုတဲ့ ကျွန်တော်တစ်ယောက် စောစောစီးစီး တိုက်ပွဲကျပြီလို့ ဆိုရမှာပါပဲ။ လူရယ်လို့ဖြစ်လာကတည်းက လူဖြစ်ရှုံးနေရတဲ့ကျွန်တော့်အဖို့ဘဝ တိုက်ပွဲ ကျဆုံးသွားခဲ့ပြီဆိုရင်လည်း ကျွန်တော့်အနေနဲ့ သိပ်အကြောင်းထူးလှမှာမဟုတ်ပါဘူး။ လတ်တလော ကျွန်တော့်ဘဝကိုပဲ ကြည့်လေ။ မြို့နှင့်မြို့ဖျားစက်မှုဇုန်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ လမ်းနံ့ဘေးက တဲငယ်တစ်လုံးပေါ်မှာ ကျွန်တော်ရယ်၊ ညီမလေး ထားရီရယ်၊ ပြီးတော့ ထားရီရဲ့ရင်သွေး ကျွန်တော့်ရဲ့တူ တစ်နှစ်သားလေး ဖိုးချိုရယ်၊ ကျွန်တော်တို့ မောင်နှမ တူဝရီးသုံးယောက်ဘဝတွေဟာ လူ့ဘဝ လျှောက်လှမ်းဖို့အတွက် မသေမရှာ၊ မရှေမရာ ဖြစ်နေရတယ်။ ကျွန်တော်တို့သုံးယောက် လူ့ဘဝရဲ့တစ်ဖက်သတ်ဆန်တဲ့လောကဓံတရားကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းမှ ရှိပါ့မလားဆိုတဲ့ မဝံ့မရဲ သံသယစိတ်တွေနဲ့ ကြောက်လန့်တကြား ညည်းတွားမှုတွေ၊ ငိုကြွေးမှုတွေ တုန်လှုပ်မှုတွေနဲ့ အလျှံညီးညီး ရှိနေခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူမမည် ကလေးတစ်ယောက် အပါအဝင် ကျွန်တော်တို့သုံးဦးလောက အလယ်မှာသောကအပူမီးတွေပိုင်းတာ ခံနေရပေမယ့် ထားရီရဲ့ယောက်ျား ကျွန်တော့်ယောက်ဖ ငြိမ်းချမ်းကတော့ ငြိမ်းငြိမ်းချမ်းချမ်းလေးပါပဲ။ မိသားစုကမ္ဘာလေးထဲက အတ္တဖက်ပြီး ရုန်းထွက်သွားခဲ့တာ ကြာပါပြီတော။

ပြောရရင်တော့ဗျာ၊ ယောက်ဖဖြစ်သူ ငြိမ်းချမ်းရဲ့ လုပ်ရပ်တွေက လူသားမဆန်ပါဘူး။ နလုံးသားမရှိ၊ အကြင်နာမဖက်၊ ကရုဏာကင်းတဲ့ရိုင်းစိုင်းတိရစ္ဆာန်တစ်ကောင်ရဲ့ အကျင့်လက္ခဏာတွေနဲ့ ယှဉ်တွဲမှာခဲ့တယ်လို့ ဆိုရမှာပါပဲ။ ဒီလိုစာနာခြင်းကင်းမဲ့တဲ့လူမျိုးကို နှစ်သက်စွဲလမ်းနေခဲ့တဲ့ထားရီကိုလည်းကျွန်တော်မကျေမနပ်ဖြစ်မိပါရဲ့။ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းမရှိတဲ့လူကိုမှထားရီတစ်ယောက် စွဲလမ်းဖက်တွယ်မိခြင်းဟာ ကံကြမ္မာဆိုးတစ်ခုကိုပွေ့ဖက်ထားသလိုဖြစ်ခဲ့တာကို ထားရီ မသိခဲ့တာအတွက် အစ်ကိုဖြစ်တဲ့ကျွန်တော် ယူကျုံးမရဖြစ်ခဲ့ရပါတယ်။

တကယ်လို့သာ ငြိမ်းချမ်းဆိုတဲ့ကောင်ဟာ နာမည်နဲ့လိုက်အောင် ငြိမ်းငြိမ်းချမ်းချမ်းရှိနေမယ်ဆိုရင်ကျွန်တော့်ညီမ ထားရီနဲ့ သဘောတူမိမှာပါ။ ညီမလေးကပြင်းမယ်ဆိုရင်ကျွန်တော်ကိုယ်တိုင် ဖွတ်အတင်း လက်ထပ်ပေးမှာပါ။ အခုတော့ ငြိမ်းချမ်းက မငြိမ်းချမ်းဘူးလေ။ သောက်လိုက်တဲ့အရက်၊ ရိုက်လိုက်တဲ့ဖဲ၊ ရှုပ်လိုက်တဲ့မိန်းမ၊ အရက်သောက်လို့ မူးပြန်ရင်လည်း ဓားတစ်ချောင်းနဲ့ ရပ်ကွက်ထဲမှာ ရမ်းချင်တိုင်းရမ်း၊ ခဏခဏရောက်ရလွန်းတဲ့ ရပ်ကွက်ရုံး၊ ရောက်ရလွန်းတဲ့ရဲစခန်း၊ ခံဝန်တွေ ခြေချုပ်တွေက ထပ်လို့။

သည်လိုအကျင့်စရိုက်တွေနဲ့ ပြည့်စုံနေတဲ့လူမျိုးနဲ့ကျွန်တော့်ညီမထားရီကို ကျွန်တော်က သဘောတူတယ်လို့ရှိပါ့မလား။ ညီမလေး ထားရီကို သနားပေမယ့် သည်လိုလူမျိုးနဲ့ အကြောင်းမပါရလေအောင် ကျွန်တော် တားခဲ့ပါတယ်၊ ကျွန်တော့်ညီမလေးရေ့ရေး ရတက်မအေးစရာတွေ ကြိုတွေးမိလို့အနန္တ(ည)နဲ့ရော၊ အကြမ်းနည်းနဲ့ရော တားပါတယ်၊ ဒါပေမဲ့ - ကိုယ့်လူ သူ့ဘက်ပါနေတော့ ကျွန်တော်လေ၊ ကျွန်တော် ရင်နာနာနဲ့ အရှုံးပေးလိုက်ရတယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးသွားတဲ့ညီမလေး ထားရီအတွက်



ကျွန်တော် ရင်နာရပါတယ်။ ပြောရရင်တော့ ခုနေခါမှာ ကျွန်တော့်ညီမလေး ထားရီဟာ ရေတိမ်နစ်ခဲ့ပြီလို့ ပြောရမှာပါပဲ၊ ညီမလေး ထားရီဟာ လူယုတ်မာငြိမ်းချမ်းကြောင့် ကုရာနတ္ထိ ဆေးမရှိတဲ့ရောဂါ၊ သေမင်းရောဂါ ရနေခဲ့ပါပြီ။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ သည်လိုရောဂါကိုထားရီတစ်ယောက်တည်းပဲ ရရှိခဲ့တာလားဆိုတော့ မဟုတ်ပါဘူး။ ကျွန်တော့်ရင်ထဲမှာမကောင်းလိုက်တာ။ ကျွန်တော့်တူလေး ဖိုးချိုလေးမှာလည်း တာမှမသိ၊ နားမလည် အပြစ်မဲ့တဲ့ ကလေးတစ်ယောက်။ ခုလို ကျွန်တော့်တူလေး ကံဆိုးလိုက်တာဗျာ။

□

လတ်တလော ကျွန်တော်တို့ နေထိုင်တဲ့အများအခေါ်(ကျူး) တဲငယ်လေးရဲ့ အပြင်ဝန်းကျင်မှာတော့ နေရဲ့ အပူရှိန်ဟာ လွန်ကဲစွာ ပူလောင်ပြင်းပြနေပါတယ်။ ဒါ့အပြင် လူတွေ ပြောပြောနေကြတဲ့ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အညွန်းကိန်းကလည်း အတော်လေး မြင့်မားနေပုံရပါရဲ့၊ ဒါပေမဲ့ - ခရမ်းလွန်ရောင်ခြည်မြင့်မားမှုတွေ၊ နေရဲ့ပူလောင်ပြင်းပြမှုတွေဟာ လတ်တလော ဖြစ်ပေါ်နေတဲ့ ကျွန်တော့်ရင်ထဲက မငြိမ်းချမ်းနိုင်တဲ့ ပရိဒေဝ၊ သောကအပူမီးတွေကိုတော့ မီနိုင်မယ်မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ကျွန်တော့်ရင်တစ်ခုလုံးအပူမီးတွေနဲ့ ဆယ်နေထက် ကဲနေလို့ပါပဲ၊

ကျွန်တော့်ရင်ထဲမှာ ရောက်နေတဲ့ ဖိုးချိုလေးဟာ သူ့မိခင်ရဲ့နို့ကို ဝလင်အောင်မစို့ရရှာပါဘူး။ ကလေးကထမင်းမာမာကို ခွံ့ကျွေးရမယ့်အရွယ်လည်း မဟုတ်တော့၊ ကျွန်တော်ကပဲ ထမင်းဖြူလေးတစ်ဆုပ်တစ်ခဲကို လက်နဲ့တွန်းပြီး ခွံ့ပေးမယ့် ကလေးက မစားဘူးလေ။ နို့စို့ချင်ပုံရနေပေမယ့် မိခင်ကလည်း ဖြားကပ်ကပ်၊ ပိန်ခြောက်ခြောက်ရောဂါသည်ဆိုတော့ ဘယ်တိုက်နိုင်ပါ့မလဲ။ ကလေးဆိုတာကလည်းနို့စို့မှအားရှိမှာ၊ နို့မစို့ရတဲ့ ဖိုးချိုလေးတစ်ယောက် ကျွန်တော့်ဆီမှာ အငြိမ်မနေပါဘူး၊ လူးလွန့်လှုပ်ရှားပြီး တအဲ့အဲ့နဲ့ ငိုကြွေးနေပါတယ်၊

ကျွန်တော့်ရှေ့မှာရှိတဲ့တုံးလုံးလဲနေတဲ့ ညီမလေးထားရီကတော့ ကျွန်တော် ချီပိုးထားတဲ့ သူမရဲ့သားငယ်လေးကို ရင်နာနာနဲ့ စိုက်ကြည့်နေပါရဲ့၊ သူ့ရင်သွေးအမိနှစ်ယောက်ရဲ့ရင်နင့်ဖွယ်ဖြစ်ရပ်မျိုးကို ရှုပ်ရှင်တွေထဲမှာ မြင်ဖူးပါ

www.burmeseclassic.com



တယ်။ အဲဒီတုန်းက ဟန်လုပ်နေကြတဲ့ ရုပ်ရှင်မို့လား မသိဘူး။ ကျွန်တော့်ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းသိပ်မရှိလှဘူး။ အခု မြင်တွေ့နေရတဲ့ ဒိဋ္ဌမမြင်တွေ့နေကြရတဲ့ မြင်ကွင်းကတော့ ကျွန်တော့်ရင်ထဲမှာ ပြောမပြတတ်အောင်ပါပဲ။ နာကျင်မှု ဝေဒနာတွေနဲ့ နှလုံးသားတစ်ခုလုံး ကွဲကြေမတတ် ခံစားရတယ်။ ရင်ထဲက ဆို့တက်လာတဲ့ ဝမ်းနည်းကြေကွဲခြင်းကြောင့်လား မသိပါဘူး။ ကျွန်တော့်ရဲ့ မျက်ဝန်းအိမ်ထဲက မျက်ရည်တွေဟာ ပါးပြင်ပေါ်ကို စီးဆင်းလာရတယ်၊ ပါးပြင်ပေါ်မှာ အဆီးအတားမဲ့ သွယ်ဆင်းလာရတဲ့ မျက်ရည်စက်တွေဟာ ငိုညည်းနေတဲ့ လှမည်ဖိုးချိုလေးရဲ့နဖူးပေါ်ကို တစ်ပေါက်ချင်းကျနေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အဖြစ်သနစ်ကို မြင်နေရတဲ့ ထားရီက ကျွန်တော့်ကို ဝေဒနာခံစားနေသည့် ကြားမှ နက်နက်နဲနဲ တောင်းပန်ဝန်ချခဲ့ပါတယ်။

"ထားရီရဲ့မိုက်လုံးကြီးမှုတွေကြောင့် အစ်ကိုကြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခဲ့ရပြီ၊ ထားရီ မှားခဲ့တာကို အနူးအညွတ်တောင်းပန်ပါတယ်၊ အစ်ကိုကြီးရဲ့ ဆိုဆုံးမတဲ့စကားတွေကို မနာခံခဲ့လို့၊ နားမထောင်ခဲ့လို့ ထားရီ အခုလို ဒုက္ခ ရောက်ခဲ့ရတာပါ။ ထားရီ မှားပါတယ်၊ အခုအချိန်မှာထားရီနောင်တရခဲ့ပေမယ့် နောင်းခဲ့ပြီဆိုတာကို ထားရီ သိပါတယ်၊ ထားရီရဲ့မိုက်ပြစ်တွေကိုထားရီကျေကျေ နပ်နပ်ကြီး ခံယူမှာပါ – အစ်ကိုကြီး၊ ဒါပေမဲ့လေ – ဘာမှ မသိနားမလည်တဲ့ သားလေးအတွက်ကိုတော့ ထားရီ ရင်နာလို့မဆုံးပါဘူး – အစ်ကိုကြီးရယ်၊ ထားရီရဲ့ သားလေး ကံဆိုးပါတယ်၊ ထားရီရဲ့ သားလေးကိုလေ ထားရီ မရှိတော့ရင် အစ်ကိုကြီးကပဲ တတ်နိုင်သမျှ ပြုစုစောင့်ရှောက်ပေးပါနော်၊ ထားရီကို နောက်ဆုံးအနေနဲ့ ကူညီပါ၊ ထားရီလေ ဒီဝေဒနာဆိုးကြောင့် ကြာကြာနေရမှာ မဟုတ်ပါဘူး"

မရီတင်ကဲ အားယူပြောနေတဲ့ ထားရီရဲ့စကားများကိုကျွန်တော့်အနေနဲ့ နှလုံးသားနာကျင်စွာနဲ့ နားထောင်ခဲ့ရပါတယ်၊ ကျွန်တော့်ရဲ့ရင်ခွင်ထဲမှာတော့ ဖိုးချိုလေးတစ်ယောက် ငိုညည်းနေလေရဲ့၊ အကယ်၍သာ ကျွန်တော့်ညီမလေး ထားရီသာ လူ့လောကမှာ မရှိခဲ့တော့ဘူးဆိုရင် မိမိအဖို့ ဖိုးချိုလေးကို လူလားမြောက်အောင် ဘယ်လိုမွေးမြူရပါ့မလဲ၊ ကျွန်တော် စဉ်းစားလို့မရပါဘူး။ ကျွန်တော်ကိုယ်တိုင်က အလုပ်အကိုင် အတည်တကျမရှိ၊ ကျပန်းအလုပ်သမားဆိုတော့ ကျွန်တော် ဦးနှောက်ခြောက်နေရပေမယ့် ဝေဒနာခံစားနေရတဲ့ ညီမ ငယ်ကိုတော့ ကြံဖန်ပြီး အားပေးနှစ်သိမ့်ခဲ့ပါတယ်။



"စိတ်ကို နိုင်နိုင်ထားပါ – ညီမလေးရယ်၊ ညီမလေး ဘာမှမဖြစ်နိုင်ပါဘူး။ ညီမလေးရဲ့ရောဂါကို ဒီမြို့မှာရှိတဲ့ ဆေးရုံကြီးတွေက ကုမပေးနိုင်ဘူးဆိုရင် ဘာမှမပူနဲ့ – ညီမလေး၊ အစ်ကိုကြီးတို့ငယ်ငယ်က မိဘတွေနဲ့ နေခဲ့ကြတဲ့ ဇာတိရွာကို ပြန်ပြီး တိုင်းရင်းဆေးနဲ့ ကုမယ်ကွာ၊ ညီမလေး ဘာမှမဖြစ်စေရဘူး"

ပြောလို့သာ ပြောလိုက်ရတယ်၊ ညီမလေးထားရီကျန်းမာရေးချွတ်ယွင်းနေသည်မှာ တော်တော်ကြာခဲ့ပေပြီ၊ ညီမလေးထားရီနားမှာ အချိန်ပြည့်မနေနိုင်တဲ့ကျွန်တော်စားရေးအတွက်အလုပ်ထွက်ရှာလုပ်လိုက်၊ ညီမလေးနဲ့တူလေးကို ပြန်ကြည့်လိုက်နဲ့ လုံးချာလည်နေခဲ့ပါတယ်၊ ရလာတဲ့လုပ်ခ ပိုက်ဆံလေးနဲ့ ညီမလေးထားရီနဲ့ တူလေးဖိုးချိုအတွက် စားစရာ၊ သောက်စရာလေးများဝယ်လာပြီး ကျွေးမွေးခဲ့ပါတယ်။

ယခုတလော အလုပ်မလုပ်ဖြစ်သည်မှာ ရက်အနည်းငယ် ကြာနေခဲ့ပါပြီ။ ကျွန်တော့်ဆီမှာလည်း လက်ကျန်ပိုက်ဆံမရှိသလောက်ဖြစ်နေပါပြီ၊ ဇာတိရွာကို ပြန်မယ်ဆိုရင် တကယ်ပြန်နိုင်ပါ့မလား၊ လောလောဆယ်တော့ ရှိတဲ့ပိုက်ဆံလေးနဲ့ မိခင်နို့မစို့ရတဲ့ ဖိုးချိုလေးအတွက် ပက်နို့မှုန့်နဲ့ မိခင်အတွက် ကွေကာအုတ်၊ မုန့်ဝယ်ဖို့ ဆုံးဖြတ်ခဲ့ရပါတယ်။ ကျွန်တော့်ဘဝ ရှေ့ဆက်ဖို့ မရေရာသလို သူတို့သားအမိနှစ်ယောက် သက်တမ်းစေ့နေရပါ့မလား၊ ကျွန်တော် နှလုံးတုန်လှပါဘိ။

ကျွန်တော် အံကြိတ်မိပြီး ညီမနင့်တူလေးအတွက်ကျွန်တော်တစ်ခုခုလုပ်မှဖြစ်တော့မယ်ဆိုတာကို ကျွန်တော် နားလည်လိုက်ရပေပြီ၊ မဆိုင်းမတွပါပဲ၊ ကျွန်တော့်မှာရှိတဲ့ လက်ကျန်ပိုက်ဆံလေးနဲ့ ဖိုးချိုလေးနဲ့ ညီမလေး ထားရီအတွက် စားစရာလေးများကို ကမန်းကတန်း ထွက်ဝယ်ပြီး တိုက်ကျွေးခဲ့ပါတယ်၊ ကာသိကရိုနိုင်လှတဲ့ကျွန်တော့်ကို ကြည့်ပြီး ထားရီတစ်ယောက် ဝမ်းနည်းလာပုံရပါတယ်၊ ကျွန်တော့်ကို စိတ်မကောင်းဖြစ်စွာနဲ့ ထပ်တလဲလဲတောင်းပန်လို့မဆုံးတော့ပါဘူး။

"ညီမလေး စိတ်မကောင်းဘူး – အစ်ကိုကြီးရယ်၊ ညီမလေးတို့ သားအမိ

www.burmeseclassic.com

www.burmeseclassic.com



နစ်ယောက်အတွက် အစ်ကိုကြီး အနစ်နာခံပြီး လုပ်ကျွေးနေတာကြည့်ပြီး ညီမလေးရဲ့မိုက်ပြစ်အတွက် နောင်တရမိပါတယ်။ ညီမလေးကို ခွင့်လွှတ်ပါ"

ကျလုလုဖြစ်နေတဲ့ကျွန်တော့်မျက်ရည်ကို သက်ပြင်းရှိုက်ပြီး ထိန်းထားလိုပါတယ်။

"အဲဒီတုန်းက ညီမလေးကို လမ်းမမှားရအောင် အစ်ကိုကြီး တားစဉ်တုန်းကသာ ညီမလေး - အစ်ကိုကြီးစကားကို နားထောင်ခဲ့ရင် ဒီလိုဘဝမျိုး ဘယ်ဖြစ်မလဲ - ညီမလေးရယ်"

ထိုစကားသည် ပါးစပ်မှ ထွက်လာသောစကားများမဟုတ်။ ရင်ထဲ၌သာ ပြောသောစကားများသာ။ အဲဒီတုန်းကလေ ...။

❐

"ဟေ့ကောင် ဖိုးကို - မင်းကတော့ ငါ့ညီမလေးအတွက်ဆိုပြီးပင်ပင်ပန်းပန်း အလုပ်လုပ်နေလိုက်တာ။ မင်းညီမ ထားရီကတော့ ဟိုဘက်ရပ်ကွက်ထဲက ဖြိမ်းချမ်းဆိုတဲ့ကောင်နဲ့ အင်းစိန်ပန်းခြံဘက်မှာ တွေ့လိုက်တယ်"

ခရီးရောက်မဆိုက် ကျွန်တော့်ညီမနဲ့ပတ်သက်ပြီး မဦးမချွတ်ပြောနေတဲ့ ကိုထွန်းမောင်ကို ကျွန်တော် စိတ်တိုမိပါတယ်။ ဒါကြောင့် - ကိုထွန်းမောင်ကို လှည့်ပြီးပြောမိပါရဲ့။

"မနက်စောစောစီးစီး မဟုတ်တရုတ်တွေ မပြောပါနဲ့ - ကိုထွန်းမောင်၊ ကျွန်တော် သည်းမခံနိုင်ရင် ခင်ဗျား နာမှနော်"

ဒါပေမဲ့ - ကိုထွန်းမောင်ကတော့ စကားကို ရပ်မသွားပါဘူး။ မျက်နှာထားတည်တည်နဲ့ သူပြောချင်တာ ဆက်ပြောနေခဲ့ပါတယ်။

"ငါက ဟုတ်တိုင်းမှန်ရာပြောလို့ မင်းငါ့ကိုသတ်ချင်လည်း သတ်ပေါ့ကွာ။ ငါကိုယ်တိုင်မြင်ခဲ့တွေ့ခဲ့လို့မင်းကို အသိပေးတာ။ ဒီမှာဖိုးကို - မင်းနဲ့ငါနဲ့ဆိုတာက အညာက အတူတူလာခဲ့ကြတဲ့ ဘဝတူတွေပါကွာ။ မင်းကို မဟုတ်တာ ပြောပါ့မလား။ မင်းထားရီကိုကြပ်ကြပ်မတ်မတ်ဆုံးမဖို့ လိုတယ်နော်။ ကျားစေဦးလဲဟာဘယ်တော့ မြက်မစားဘူး။ ဖြိမ်းချမ်းဆိုတဲ့ ကောင်ကလည်း မြက်မစားတဲ့ အသားစားကျားကွ - ကျား"

ကိုထွန်းမောင်ရဲ့စကားက ကျွန်တော့်ကိုခေါင်းငိုက်စိုက်ကျစေခဲ့ပါတယ်။ ဒါ့အပြင် ညီမလေးထားရီရဲ့ကံကြမ္မာကိုလည်း စိုးရိမ်သောက ဖြစ်စေရပါတယ်။ ညနေအလုပ်ဆင်းတဲ့အခါမှာတော့ကျွန်တော်တို့ နေထိုင်တဲ့ ကျူးကျော်တဲရပ်ကွက်ထဲက တဲကလေးဆီကိုအပြေးပြန်လာခဲ့ပါတယ်။ ကိုထွန်းမောင်ပြောသလိုပါပဲ။ ထားရီက အိမ်မှာ မရှိပါဘူး။ အဲဒီတော့ ညီမဖြစ်သူကို အစ်ကိုဖြစ်သူက စိတ်ဆိုးမယ်ဆိုရင် မမှားပါဘူး။ စိတ်ဆိုးသင့်တာပေါ့။

တကယ်တမ်းပြောရရင်ကျွန်တော်တို့မောင်နှမ လူ့လောကအလယ်မှာ မိမရှိ ဖမရှိနဲ့ နေလာခဲ့ကြတာ အတော်ကြာခဲ့ပါပြီ။ ပြောရရင်ကျွန်တော့်အနေနဲ့ အိမ်ထောင်ထူမယ်ဆိုရင် ထူသင့်ထူထိုက်တဲ့အရွယ်ပါ။ ဒါပေမဲ့ - ကျွန်တော့်မှာက တစ်ဦးတည်းသောညီမလေးရှိနေသေးတယ်လေ။ သူမရဲ့ဘဝလေး လှပပြောင့်ဖြူးဖို့အတွက်ရှေ့ရှုပြီးအိမ်ထောင်မထူပဲ ကျွန်တော် အလုပ်လုပ်နေတာ။ အခုတော့ အစ်ကို တစ်ယောက်ရဲ့ စေတနာကို ညီမလေး ထားရီက အသိအမှတ်မပြုတဲ့အပြင် စော်ကားတဲ့သဘောဖြစ်နေတော့ ကျွန်တော် စိတ်မဆိုးသင့်ဘူးလား။ မိန်းကလေးတန်မဲ့ကာမဟုတ်တဲ့ယောကျ်ားတစ်ယောက်နဲ့ ထင်ရာမြင်ရာလျှောက်သွားနေလိုက်တာ။ ကျွန်တော့်ရဲ့မေတ္တာစေတနာကို



နားမလည်နိုင်တဲ့ညီမကိုကျွန်တော်ရိုက်သင့်တာပေါ့။

ကျွန်တော် တဲကို ပြန်ရောက်လို့ သိပ်မကြာပါဘူး။ ထားရီတစ်ယောက်ကြောက်ကြောက်ရွံ့ရွံ့နဲ့ ပြန်ရောက်လာပါတယ်။ တဲပေါ်မှာထိုင်နေတဲ့ကျွန်တော့်ကို ကြည့်ပြီး မငုံ့ မရဲပုံ စံဖြစ်နေတဲ့ ညီမလေးကိုကျွန်တော်စိတ်ရှိသလောက်ရိုက်မိခဲ့ပါတယ်။ ပြောတုန်းက မခုတ်တတ်တဲ့ကြောင်လိုဖြစ်နေပေမယ့်မျက်ကွယ်ရာမှာ ထင်ရာစိုင်းတတ်တာမျိုးကို ကျွန်တော် မကြိုက်ပါဘူး။

"ကြောက်ပါပြီ - အစ်ကိုကြီးရဲ့၊ ထားရီ နောက်မလုပ်တော့ပါဘူး"

အသားနာ၍သာ ဝန်ခံကတိပြုပေမယ့် ထားရီ၏စိတ်ထဲ၌မူ ထင်ရာစိုင်းနေဦးမယ့်ပုံစံပင်။ ညီမဖြစ်သူရဲ့နာကျင်စွာငိုကြွေးမှုတွေက ကျွန်တော့်ရဲ့လွတ်နေတဲ့စိတ်ကိုပြန်ပြီးထိန်းသိမ်းစေပါတယ်။

"အစ်ကိုဖြစ်တဲ့ငါကတော့ - အော် - ငါ့ညီမလေးတစ်ယောက်တည်းပါလား ဆိုပြီး ရှာဖွေကျွေးမွေးနေရတာကိုနင်က မထေမဲ့မြင်လုပ်ပြီးအလေနတောတွေနဲ့ သွားချင်တဲ့နေရာသွား၊ လာချင်တဲ့နေရာမှာ လာနေတာ - ဒါ မိန်းကလေးတစ်ယောက်ရဲ့အလုပ်လား။ နေဦးပါဦး -

www.burmeseclassic.com

www.burmeseclassic.com



ဒီလို စိတ်လွတ်ကိုယ်လွတ်ကြီး ထင်ရာသွားနေတော့ – နင် – မိန်းမကောင်းရောဟုတ်ရဲ့လား”

အရမ်းဒေါသထွက်နေတဲ့ ကျွန်တော့်ရဲ့စကားတွေ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိတော့ပါဘူး။

“အစ်ကိုကြီး – ညီမလေးကိုမဟုတ်တာတွေ မစွပ်စွဲပါနဲ့။ ညီမလေးက မိကောင်းဖခင်သားသမီးပါ။ညီမလေးက အရွယ်လည်း ရောက်နေပါပြီ၊ အရွယ်ရောက်လို့ ချစ်သူရည်းစားထားတာ အပြစ်လို့ယူဆနေတာလား အစ်ကိုကြီးရယ်။ ညီမလေးအပြစ်ရှိတယ်လို့ထင်လို့ ရိုက်တာကို ညီမလေး သည်းခံနိုင်ပေမယ့် အခုဟာက ညီမလေးရဲ့ကိုယ်ကျင့်တရားကို ထိခိုက်ပြီး ပြောလာရင်တော့ ညီမလေး သည်းမခံနိုင်ဘူး”

“အေး – ငါပြောတာ နင့်ကိုပြောချင်လို့ပြောတာမဟုတ်ဘူး။ မိန်းကလေးတန်မဲ့ ဘာမဟုတ်တဲ့ယောကျ်ားနဲ့ သွားတာလာတာ အမြင်မတော် အကြားမတော်လို့ပြောရတာ၊ ရိုက်ရတာ။ နင့်ကို မိဘတွေမရှိတဲ့အချိန်ကစပြီး လူလားမြောက်အောင်ရှာဖွေကျွေးမွေးလာတာ၊ နင့်ကိုသနားလို့၊ အစ်ကိုကြီးတော့ အဖ အရာဆိုတာ နင် ကြားဖူးလား။ နင့်ကို သည်အရွယ်ထိကျွေးမွေးပြုစုပျိုးထောင်လာတာ တွေ့ကရာလူတွေနဲ့ ရည်းစားထားဖို့မဟုတ်ဘူး။ မိန်းကလေးတစ်ယောက်မှာရှိတဲ့တန်ဖိုး၊ ကုန္ဒြေယဉ်ကျေးမှု၊ ဂုဏ်သိက္ခာ၊ ဟီရိဩတ္တပတရားတွေ ရှိပြီး မိန်းမကောင်းမိန်းမမြတ်ဖြစ်စေချင်လို့ အစ်ကိုတစ်ယောက်အနေနဲ့ နင့်ကို မရိုက်ချင်ပဲ ရိုက်ရတာ”

“ရိုက်ပါ – အစ်ကိုကြီးရယ် – ရိုက်ပါ၊ ဒါပေမဲ့ – အခုအခါမှာ ညီမလေးချစ်သူနဲ့တော့ မခွဲပါနဲ့ – အစ်ကိုကြီးရယ်”

“နေစမ်းပါဦး – ထားရီ၊ နင့်ချစ်သူဆိုတာက ငြိမ်းချမ်းဆိုတဲ့ကောင်ကိုပြောတာလား။ အဲဒီကောင်က နင့်ကို အပျော်သဘော ဒွေးတိုးစမ်းနေတယ်ဆိုတာ နင် မသိဘူးလား ဟင်၊ နင့်ကို သားမှတ်မှတ်၊ မယားမှတ်မှတ် ယူမယ်များ ထင်နေလား။ အဲဒီကောင် အကြောင်းကို တစ်ရပ်ကွက်လုံး သိတယ်၊ နင် မသိဘူးလား”

“သူ့အကြောင်းကို – ထားရီ – ဘာမှ မသိချင်ဘူး – အစ်ကိုကြီး။ ညီမလေး သူ့ကိုချစ်တာပဲသိတယ်၊ အစ်ကိုကြီး ဘယ်လိုတားတား ညီမလေးစိတ်နဲ့ ညီမလေး၊ ကိုယ်ပဲ”

ပြောနေဆိုနေရင်းက ဖွတ်တရွတ်နိုင်လှတဲ့ထားရီကို စိတ်ပေါက်ပေါက်နဲ့ စိတ်ရှိသလောက် ရိုက်မိခဲ့ပါတယ်။ ကျွန်တော် ရိုက်သမျှခံယူပြီး သူမ မငိုပါ။ နောက်ဆုံး ကျွန်တော်ပဲ လက်မြှောက်အရှုံးပေးလိုက်ရတယ်။ နောက်ရက်တွေမှာ ထားရီတစ်ယောက် ငြိမ်ချနေခဲ့ပေမယ့် တစ်ပတ်ခန့်ကြာတဲ့အခါမှာတော့ ကျွန်တော့်စကားကို နားမထောင်ပဲ ငြိမ်းချမ်းရဲ့နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားပါတော့တယ်။

❒

ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျွန်တော်တို့ဘဝကဘိုးစဉ်ဘောင်ဆက် ပစ္စည်းမဲ့လူတန်းစားပါ။ အညာဒေသမှာ မိဘတွေ ဆုံးပါးသွားပြီး ကျွန်တော်တို့မောင်နှမနှစ်ယောက် အားကိုးရာမဲ့ဘဝ ဖြစ်ခဲ့ရတယ်။ နောက်ဆုံးအဖော်ကောင်းတာနဲ့ အောက်ပြည်အောက်ရွာကို ပြောင်းရွှေ့လာခဲ့ကြတယ်။ သည်လိုနေရာမျိုးမှာ ကျောတစ်နေရာစာ ရှာနေရင်း ကျပန်းလုပ်ငန်းနဲ့ အသက်ဆက်နေကြရတာ။ ကျွန်တော့်ညီမကို ကျွန်တော် တန်ဖိုးထားခဲ့သမျှ အခုတော့ သဲထဲရေ



သွန်သလိုပါပဲ။ ကျွန်တော်သဘောမတူတဲ့သူနောက် လိုက်သွားတဲ့ ထားရီကို ခေါင်းထဲကထုတ်နိုင်အောင်ကြိုးစားပေမယ့် ထားရီက ကျွန်တော့်ညီမလေး၊ ကျွန်တော် ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာ ညီမလေး ထားရီ မသိခဲ့ပါဘူး။

ငြိမ်းချမ်းနောက် လိုက်သွားတဲ့ ကျွန်တော့်ညီမထားရီဟာတစ်နှစ်ကျော် ကျော်ကာလမှာ တစ်ခါလည် သားကလေးကို ရင်မှာပိုက်ပြီး ကျွန်တော့်ထံပြန်ရောက်လာတယ်။ သူ့ယောကျ်ားက သူတို့သားအမိထံက ထွက်သွားတာကြာလှပြီတဲ့။ ကျွန်တော် သူတို့သားအမိကိုကြည့်ပြီးရင်ဆို့သွားရပါတယ်။ ထားရီခများ လောကဓံကို ဘယ်လောက်ခံရလဲဆိုတာမသိပါဘူး။ သူမမှာနဂိုရုပ်ပျောက်ပြီး မည်းမည်းခြောက်ခြောက် ဖြစ်နေတော့တာပဲ၊ ထားရီဟာ ဟိုတုန်းက ထားရီ မဟုတ်ပါဘူး။ ကျွန်တော် ရင်နာရပါတယ်။

“ဘယ်သူမပြုမိမိမှု” ဆိုတာမှန်ကန်ပါတယ်။ ညီမထားရီဟာ သူ့သဘောသူဆောင်ခဲ့တာပါ။ အစ်ကိုဖြစ်သူရဲ့စကားကို နားမထောင်ပဲ ကိုယ်ထင်ရာကိုယ်စိုင်းခဲ့လေသမျှ အခုတော့ ကျွန်တော့်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ပြန်ရောက်လာတော့ ဒေါ်သထွက်ရတာလည်း ကျွန်တော်၏စိတ်ဆိုးရတာလည်း ကျွန်တော် သနားပြီး မျက်ရည်ကျရတာလည်း ကျွန်တော်ပါပဲ။

❐

ကျွန်တော်ဆိုတဲ့ ဖိုးကိုက အလုပ်အကိုင်ကို နေ့စဉ်ရှာလုပ်နေရတဲ့ ကျပန်းအလုပ်သမားတစ်ယောက်ပါ။ အုတ်စက်မှာ အလုပ်ကြမ်း ဝင်လုပ်ရတာရှိသလို တစ်ခါတလေကျတော့လည်း အိတ်ထမ်း၊ မြေကြီးပေါက်ရတာမျိုးလည်း ရှိပါတယ်။ ဒီလိုအခြေအနေနဲ့ ညီမလေး ထားရီတို့ သားအမိကို ဆေးကုသပေးနိုင်ပါ့မလား ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ပူပင်သောက ရောက်နေမိပါတယ်၊

ထားရီရဲ့ယောကျ်ား ငြိမ်းချမ်းကတော့ မိသားစုစိတ်ဓာတ်မရှိ၊ အတ္တဆန်စွာနဲ့ ကိုယ်လွတ်ရုန်းသွားလိုက်တာကြားရတဲ့ သတင်းက ငြိမ်းချမ်းဆိုတဲ့ကောင်ရောဂါဆိုးနဲ့ကာလနာတိုက်သွားပြီဆိုတာပါပဲ။ ဒီကောင် သေဆုံးသွားပြီ ဆိုတဲ့ သတင်းက ကျွန်တော့်အတွက် ထူးခြားမှုမရှိသလို ထားရီအတွက်လည်း စိတ်ခံစားမှု အလျဉ်းမရှိတော့ပါဘူး။

သူမတို့ သားအမိကို ရောဂါဆိုး အမွေပေးခဲ့တဲ့ ငြိမ်းချမ်းကို သူမ နာကြည်းမယ်ဆိုလည်း နာကြည်းစရာပါပဲ။ ဘယ်လိုဖြစ်ဖြစ် ထားရီတို့သားအမိဟာ ကျွန်တော့်ညီမ၊ ကျွန်တော့်တူ ကျွန်တော့်သွေးသား၊ သူတို့ကို ကျွန်တော် ရှာဖွေကျွေးမွေးရဦးမှာပါ။ သူတို့လေးတွေရဲ့ ယိမ်းယိုင်နေတဲ့ ကျန်းမာရေးတွေ ကျွန်တော် တည့်မတ်ပေးလိုပါတယ်။ ဒါ့ကြောင့် – သူတို့အတွက် ကျွန်တော် အလုပ်တစ်ခု လုပ်ရပါလိမ့်မယ်။ လုပ်ဖို့လည်း ဆုံးဖြတ်မိပါတယ်၊ သမုဒယ သံယောဇဉ်အမျှင်တန်းတွေကြောင့် ကျွန်တော် လုပ်မယ့်အလုပ်က မှားသလား၊ မှန်သလားမသိပါဘူး။ ဥပဒေဘောင်တွင်းကလား၊ ဥပဒေပြင်ကလား ဆိုတာလည်း မခွဲခြားနိုင်တော့ပါဘူး။ အမိကလိုရင်းကတော့ ကျွန်တော့်ညီမနဲ့ ကျွန်တော့်တူ လူ့ဘဝမှာ အသက်ဆက်လက် ရှင်သန်ရေးပဲ ဖြစ်ပါတယ်၊

လမ်းမကြီးထိပ်မှာရှိတဲ့ ဘတ်(စ်)ကားဂိတ်တစ်ခုမှာ ကျွန်တော်တစ်ယောက်ထိုင်ပြီး ဟိုဟိုဒီဒီ တွေးလျက်ဝေးနေမိပါတယ်၊ ဘတ်(စ်)ကားလိုင်းကားတွေကတော့ တစ်စီးပြီးတစ်စီးဂိတ်ရောက်တာနဲ့ ဆိုက်ရောက်ထွက်ခွာ

“ပြေးနိုင်လျှင် လွှတ်မည် ဟူသောအဆိုသည် မှားပါတယ်။ လူအများ၏ ဝိုင်းဝန်းခြင်းကို ခံလိုက်ရသော ကျွန်တော့်အဖို့ အရိုးတခြား အသားတခြား ဖြစ်တော့မည်လား။ လူတွေက ကျွန်တော့်ကို ဒိုးပိတ်နှိပ် လုယက်သမားတဲ့ စွပ်စွဲကာ ဝိုင်း၍ဆွမ်းကြီးလောင်းကြပါတယ်။





သာရှိနေပါတယ်၊ ထိုခဏ ရန်ကုန်ဘက်ကို ဦးတည်မောင်းနှင်လာသော ဘတ်(စ်)ကားတစ်စီးဟာ ဂိတ်ရှေ့မှာ ထိုးရပ်လိုက်ပါတယ်၊ ထိုကားပေါ်မှ ခရီးသည်အမျိုးသမီးတစ်ယောက် ဆင်းလာပြီး ပလက်ဖောင်းအတိုင်း တစ်ယောက်တည်း လမ်းလျှောက်သွားနေပါတယ်။ ကျွန်တော်ထိုအမျိုးသမီးကိုလှမ်းကြည့်မိပါတယ်၊ သူမရဲ့ လက်မောင်းကြားမှာ ညှပ်ထားတဲ့ ပိုက်ဆံအိတ်ကြီးက ကျွန်တော့်ကိုလက်ယက်လှမ်းခေါ်သလိုပါပဲ။ သူမရဲ့ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံတော်တော်များများ ပါလာပုံရပါတယ်။ ဒီအခွင့်အရေးကို ကျွန်တော် လက်လွှတ်အဆုံးအရှုံးမခံချင်ပါဘူး။ ဒါကြောင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီးတဲ့နောက် သူမနောက်ကို ထက်ကြပ်မခွာ လိုက်သွားပြီး သူမရဲ့ပိုက်ဆံအိတ်ကို ဆွဲလုပြီး အားသွန်ထွက်ပြေးခဲ့ပါတယ်၊ ဒါပေမဲ့ ...”

“လာကြပါဦးရှင် – လာကြပါဦး – လူတစ်ယောက် ကျွန်မ လက်ဆွဲအိတ်ကို လုသွားလို့ပါ”

သူမရဲ့ ကျယ်လောင်တဲ့အော်သံကြောင့် အနီးအနားဝန်းကျင်မှ လူများ ဝိုင်းလိုက်ကြပါတယ်၊ ဖောဖျောပြန်နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကျွန်တော် ရင်တုန်ပန်းတုန် ဖြစ်လှပါတယ်၊ နောက်မှာလိုက်လာတဲ့ လူအုပ်ကြီးရဲ့လက်မှ လွတ်ပါတော့မလား။ ကျွန်တော့်မျက်လုံးများ ပြာဝေလာပါတယ်၊ ပြေးမိပြေးရာပြေးပေမယ့်အရာမရောက်ပါဘူး။ တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဘူးသော ဒုစရိုက်အလုပ်ကို လုပ်ခဲ့မိခြင်းကိုက ကျွန်တော့်အမှားပါ။ ကျွန်တော် မှားသွားခဲ့ပါပြီ။

□

"ပြေးနိုင်လျှင် လွတ်မည်" ဟူသော အဆိုသည် မှားပါတယ်။ လူအများ၏ ဝိုင်းဖမ်းခြင်းကို ခံလိုက်ရသော ကျွန်တော့်အဖို့ အရိုးတခြား အသားတခြား ဖြစ်တော့မည်လား။ လူတွေက ကျွန်တော့်ကို ခါးပိုက်နှိုက် လုယက်သမားဟု စွပ်စွဲကာ ဝိုင်း၍ဆွမ်းကြီးလောင်းကြပါတယ်၊ ကျွန်တော်မှာ လူအများရဲ့ ဝိုင်းရိုက်ခံရလို့ ထိပ်ပေါက်ခေါင်းကွဲဖြစ်တဲ့တိုင် ရရှိတဲ့ဒဏ်ရာများရဲ့နာကျင်မှုရှိခြင်းထက် တဲမှာကျန်ခဲ့တဲ့ ဝေဒနာသည် ညီမလေး ထားရီတို့သားအမိကို တွေးတောမြင်ယောင်ရင်း ကျွန်တော့်ရင်တစ်ခုလုံး နာကျင်တဲ့ဝေဒနာ ပိုလို့ခံစားနေရပါတော့တယ်။ ကျွန်တော့်ရဲ့ ကိုယ်ခန္ဓာတစ်ခုလုံး ရိုက်နှက်ခြင်းဒဏ်ကြောင့် နာကျင်ရသော်လည်း ကျွန်တော့်စိတ်နှလုံးသား၌မူ -

"ညီမလေးတို့သားအမိ - ဒါမရှိရင် ဘယ်လိုနေကြမှာပါလိမ့်"

ခေါင်းမှသွေးများ ယိုစီးနေသည့်တိုင် ကျွန်တော် ညီမလေးတို့သားအမိအတွက် ဆုတောင်းပေးခဲ့ပါရဲ့။

"အရှင်မြတ်ဗုဒ္ဓဘုရား - တပည့်တော်ရဲ့ ရင်နဲ့အမျှ ချစ်ရပါသော ရောဂါသည်ညီမလေးနဲ့ ရောဂါသည် လူ့မည်ကလေးတို့ကိုအရှင်ဘုရားစောင့်ရှောက်ပေးတော်မူပါ ဘုရား"

ကျွန်တော့်အတွက် ကျွန်တော် မပူပါ။ ကျွန်တော့်ရဲ့ကံကြမ္မာလို့ဆိုရပေမယ့် ဒီလိုဖြစ်ရပ်မျိုးက ကျွန်တော် တမင်ဖန်တီးခဲ့ခြင်းမဟုတ်ပါ။ ကျွန်တော့်ရဲ့ သွေးသားများအတွက် မိမိရဲ့ကြင်နာတတ်သည့်နှလုံးသားကိုဖွင့်လှစ်ပြခဲ့ခြင်းသာ။

ကျွန်တော့်အမြင်၊ ကျွန်တော့်ဗဟုသုတ၊ ကျွန်တော့်အတွေးတို့သည် မှားယွင်းခဲ့ပါတယ်။ ထိုမှားယွင်းမှုကြောင့် ကျွန်တော် ဥပဒေအတိုင်း ပြစ်ဒဏ်ခံရပါမယ်၊ ခံနိုင်ပါသည်၊ ခံလိုက်ပါတယ်။ သို့သော် ထိုသို့ ကျွန်တော့်ရဲ့ ကြိုးစားခြင်းဟာ ကျွန်တော်ရဲ့ ညီမလေးထားရီတို့



သားအမိအတွက် မည်သို့မျှအရာမထင်ခဲ့ပါ၊ သက်ရောက်မှုမရှိခဲ့ပါဘူး၊ သို့အတွက် ကျွန်တော် မျက်ရည်ကျမိပါတယ်၊ လွန်စွာကြေကွဲရပါတယ်၊ ကျွန်တော့်ရဲ့ နှလုံးသားတစ်စုံ ပေါက်ကွဲမတတ် နာကျင်ခံစားရပါတယ်။ ကျွန်တော့်ရဲ့ ဘဝ၊ ကျွန်တော့်ရဲ့ သမုဒယ သံယောဇဉ်တွေအားလုံး ပျက်သုဉ်းခဲ့ရပြီလား ကျွန်တော် မပြောတတ်နိုင်ပါတော့။

⇨ မောင်သာမန် (စီးကုန်း)

ဂျိုရ လော က ဆေး မြီး တို

ယားနာ

(၁) ခံပင်၏အမြစ်ကို ရေ (သို့မဟုတ်) နမ်းဆီနှင့်ရော၍ သွေးလိမ်းပါ။

(၂) ကျွန်းသီးကို ဆီနှင့် သွေးလိမ်းပါ။

(၃) ကြွက်နပေါင်းမြစ်မှုန့်ကိုသကြားနှင့် စပ်၍ သောက်ပေးပါ။

(၄) အရေပြားပေါ်တွင် အဖုအပိမ့်များ ဖြစ်ပေါ်၍ ယားယံလာလျှင် ကောက်ရိုးနွယ်ကို ထုထောင်းပြီး အရက်ညှစ်၍ သုတ်လိမ်းပေးပါ။

လေသင်တုန်း

နနွင်းမှုန့်နှင့် မှိုင်းတိုက်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ငှက်လိုက်သမားနှင့် တာယာမျှားသည့် ချိုးအမြူတေ ....

## သိုရောင်




အကုသိုလ်သည်
တစ်စုတည်းမက ထက်ကြပ်မကွာ
အလုံးအရင်းနှင့် ရောက်လာတတ်
သကဲ့သို့ ချိုးအမြူတေကို အကြောင်း
ပြုကာ မိသားစုသေကွဲရှင်ကွဲ
ကွဲရသည့်အကြောင်းရင်း...


### ချိုးငှက်ခေါ်ရာ သိုက်မြုံဆီ

ငုံးတစ်ကောင်၏ တောချိုစပ်တစ်နေရာမှ ငုံးထောင်ချောက်ဆီသို့ ကမူးရှူးထိုး မြေလျှောက်ပြေးသွားသံကိုကြားလိုက်ရသဖြင့် ငှက်လိုက်သမား "ဖိုးဆောင်" နစ်မြိုက်စွာ ပြုံးလိုက်မိသည်။ အသင့်ယူဆောင်လာသော ငုံးငှက်ကို သွားရာလမ်းကြောင်းပေါ်ချထားခဲ့သည်။ "တည်ငုံး" ကတော့ သခင့်အတွက် တာဝန်ကျေကျေဖြင့် တခွပ်ခွပ် တကွပ်ကွပ် မြည်သံပေးနေပေသည်။ မျိုးနွယ်အချင်းချင်းပင်ဖြစ်သော်လည်း အဇဆိုဝိုလ်မထားတတ်သည့် "တိုက်ကြက်ဖ" သို့နယ်၊ ငုံးဖို (ငုံးထီး) ကြီးသည် စိန်ခေါ်သံပေးလာသည်။ တစ်ဖက်ငုံးဖိုအသံကြောင့် "စိန်ခေါ်လျှင် အိမ်ပေါ်အထိ တက်တိုက်မပေ့" ဟူသောဒေါသစွဲမာန်ဖြင့် ထောင်ချောက်ကိုပင် မမြင်နိုင်ရှာပဲ အငိုက်မိသွားရှာတော့သည်။

လှတိုင်းထောင်ထားသည့် ထောင်ချောက်ထဲတွင် ရှန်းရင်းကန်ရင်း သေငယ်ဇောဖြင့် ရှိုမှုံ့စုခွန်အားတို့ကို စုစည်းကာ တောင်ပံတဖျပ်ဖျပ် ခတ်နေသည့် ငုံးအနီးသို့ ချုံပုတ်ကွယ်ရာတွင် အသော ကလေးစောင့်နေသည့် ဖိုးဆောင်ထွက်ချလာသည်။

www.burmeseclassic.com



"အင်း - သည်အကောင်က (၉) ကောင်မြောက် ကံဆိုးသူမောင်ရှင် ငုံးကလေးပေါ့ကွာ၊ ကဲ - ကဲ - မင်းလည်း အဖော်တွေနဲ့အတူ ဖွဲ့ပလိုင်းထဲ ဝင်နေပေတော့"

ဖိုးဆောင်က အသင့်လွယ်ထားသည့် အဖုံးပိတ်ပလိုင်းထဲသို့ အနီငုံးကောင်ကို ထည့်ရင်း ဝမ်းသာအားရ ဥဒါန်းကျူးရင့်လိုက်သည်။

တောင်စွယ်မှာ နေကွယ်လုပြီ၊ နေပျောက်ပင်မထိုးနိုင်သည့်ရိုးမတောတန်းထဲမှ သစ်ကြီးရိပ်မြုံထဲမှာတော့ မဆိုစလောက် အလင်းဖျော့ဖျော့တို့က သစ်ရွက်ကြိုသစ်ရွက်ကြားမှ မေ့မြောမြောလူမမာလက်လို ချိနဲ့စွာ ပစ်ချပေးနေပေသေးသည်။

"အင်း - မကြာခင်မှောင်တော့မယ်၊ ရွာပြန်ရမယ့်ခရီးကလည်း ရှိနေသေးတော့လောဘသတ်ပြီး နောက်ကြောင်းပြန်ရတော့မှာပဲ"

ဖိုးဆောင် တစ်ကိုယ်တည်း စိတ်ပိုင်းဖြတ်ကာရေရွှတ်ရင်းတည်ငုံး(တယ ငုံး)ထည့်ထားသည့် အုပ်ဆောင်းဆီသို့ ဦးတည်လိုက်သည်။ ဝါးနှင့်ရက်ထားပြီး သစ်ခက်တို့ အုပ်မိုးထားကာ အမိုးနုံးနုံး ထဲမှာတော့တည်ငုံးကလေးသည်သခင်ဖြစ်သူ ဖိုးဆောင်အား မြင်သည်နှင့် တဂစ်ဂစ် တဂွပ်ဂွပ်မြည်ကာ အသံပေးရင်း ကြိုဆိုလိုက်သည်၊ သူ့အသွင်သဏ္ဍာန်ကဒီနေ့တော့ဖွဲ့သခင်အတွက် တာဝန်ကျေပြီဟုသည့် ဆောင့်ကြွားကြွားအသံဖြင့် မာန်ထယ်နေပုံရသည်။

"ကဲ - ကဲ - ဖွဲ့သားကြီးရေ၊ သိပ်လည်း ကြွားလုံးထုတ်မနေနဲ့ဦး၊ အိမ်ရောက်ရင် စားဦးစားဖျားနဲ့ မင်းကို မြှုမှာပါ၊ ဘာတဲ့ - ငုံးရှု လူမသိလို့ ဆိုထားကြတယ်မို့လား။ မနက်ဖြန်ဆိုရင် မြို့ထဲက စပါးပွဲစားတွေ၊ ငုံးတွေ လာဝယ်ဖို့ ချိန်းထားလို့ လာကြလိမ့်မယ်။ နောက်နေ့တွေလည်း ခုလို ဖွဲ့သားကြီး တာဝန်ကျေပေးဦးနော်"

ဖိုးဆောင်က သူ့"တည်ငုံး"ထီးကြီးကို လူတစ်ယောက်အား ပြောပြသည့်အလား ငှက်အုပ်ဆောင်းကိုပုတ်ကာ ထရင်း ထန်းပြောလိုက်သည်။

ငုံးထီးကလေးခမျာမှာတော့ သခင့်အတွက် မိမိတို့မျိုးနွယ်စုများကို များခေါ်ပေးရင်း သေတွင်းပို့နေသည်အား မသိရှာရေ၊ "သခင်အားရ ကျွန်ပါး၀" ငှက်မြည်သံဖြင့် အုပ်ဆောင်းတွင်းဟိုသည် ပြေးလျှောက်ရင်း အူမြူးနေပေသည်၊ ဖိုးဆောင်သည် အုပ်ဆောင်းအပေါ်မှ



လက်ကိုင်ငွင်း(ကွင်း)ကိုဘယ်လက်ဖြင့် မ,ယူပြီးလျှင် ညာလက်မှလည်း ဝါးမှုတ်ပြောင်းကိုကိုင်ကာ ရွာပြန်ရန် အစပြုခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်တစ်ခုသောပင်စောက်ပင်၏ အကိုင်းအခက်ရွက်အုပ်အုပ်များကြားတွင် အပန်းဖြေအရိပ်ခိုနေကြသည့် ချိုးတစ်အုပ်ကို ကျင့်သားရနေသည့် မျက်လုံးများဖြင့် ရိပ်ခနဲ တွေ့လိုက်ရလေသည်။

"အင်း - ဖွဲ့မှာ မှုတ်ပြောင်းလည်းပါလာတော့ အခန့်သင့်တာပဲ၊ ကြုံတုန်းကြုံခိုက် ဟင်းစားရလည်း နည်းသလားလို့၊ မှန်းစမ်း၊ ဒီမှုတ်ပြောင်းနဲ့ အိမ်ကမိန်းမကို မျက်နှာလုပ်ဖို့ မှုတ်လိုက်ရတာပ"

စိတ်ကူးနှင့်တစ်ဆက်တည်းမှာပင် ဖိုးဆောင်သည်ငုံးအုပ်ဆောင်းကိုအသာချ၊ မှုတ်ပြောင်းထဲသို့ အထူးစီမံထားသည့် အဆိပ်လူးမြားတံလေးကိုထည့်ကာရင်ခေါင်းမှထွက်လာသည့်လေစွမ်းအားကို အတိုးအလျှော့လုပ်ပြီး ချိုးအုပ်ရှိရာသို့ မှုတ်လွှတ်လိုက်သည်။

"ဖလူး - ဖလူး - ဖျပ် - ဖျပ် - ဘုတ်ဘုတ် - ဘုတ်"

ဖိုးဆောင် မှုတ်လွှတ်လိုက်သည့် မြားဒဏ်ချက်ကြောင့် အတန်းလိုက်အရိပ်ခိုကာ "တကျီကျီ တကျာကျာ" အသံပေးနေသည့် ချိုးငှက်သုံးကောင်သည် ထင်မှတ်မထားသည့် မနသလှုသားတစ်ဦး၏ လျှပ်တစ်ပြက် အတိုက်အခိုက်ခံရ၍အငိုက်မိကာတဘုတ်ဘုတ်ဖြင့် ကျဆင်းရရှာလေတော့သည်။

"ဟဲ - ဟဲမြားတစ်စင်းတည်းနဲ့ငှက်သုံးကောင် ရတယ် ဆိုတော့ - ဒီနေ့ငဆောင် ကံကောင်းတဲ့နေ့ပဲကွ"

ပီတိအဟုန်ဖြင့် ချိုးငှက်သေတို့အား ချုံတိုးပြီး ကောက်ဖို့အသွားတွင် မြားချက်နှင့် လွဲကာ မသေဘဲ လွတ်မြောက်သွားသည့် ချိုးငှက်တစ်ကောင်ကိုတော့ ဖိုးဆောင် သတိမထားမိလိုက်ပါချေ။

ချိုးငှက်မသည် ကံအားလျော်စွာ အသက်ဖေးမှလွတ်မြောက်လာရသည့် အတွက် နောက်ကြောင်းလှည့်ပြန်ရင်းလိုက်ဖို့သောရင်ဖြင့် ခပ်ဝေးဝေးရှိ သစ်ပင်ထက်တွင် အရှိန်သတ်နားလိုက်သည်၊ ချုံပုတ်ထဲ ကျသွားသည့် ချိုးငှက်တို့ကို ဖိုးဆောင် ရှာနေစဉ်အတွင်း ချိုးငှက်မသည် နာကျင်ဆွေးမြည်သည့်

www.burmeseclassic.com

www.burmeseclassic.com





သဏ္ဍာန်ဖြင့်ဖိုးဆောင်အားမမှိတ်မသုန်ငေးကြည့်နေပေသည်။ ချိုးငှက်သုံးကောင်အား ဖိုးဆောင် ပလိုင်းထဲသို့ထည့်ပြီးရွာဘက်သို့စထွက်လာစဉ်တွင်ချိုးငှက်မသည် ဖိုးဆောင်ရှိရာ ခေါင်းအထက်ဆီသို့ဝဲကာပျံကာ တောင်ပံတဖျပ်ဖျပ်ခတ်ရင်း လိုက်ပါလာလေသည်၊ ချိုးငှက်မသည်ဖိုးဆောင်ခေါင်းတည့်တည့်ပေါ်သို့ရောက်သည်နှင့် လေထဲတွင် (၃-၄) ပတ်မျှဝဲကာ ဝလုံးသဏ္ဍာန် ပတ်ပြနေပေသည်။

ပြီးလျှင်-နောက်ကြောင်းပြန်လှည့်လိုက်၊ ရှေ့သို့ဝဲလာလိုက်ဖြင့် တစ်စုံတစ်ရာအား ဖော်ညွှန်းနေသလို ဖိုးဆောင်ခေါင်းပေါ်မှာပင် ဗဟိုပြုကာ ထူးဆန်းစွာပျံသန်းနေသည်၊

"ဟာ-ဘာအဓိပ္ပာယ်လဲကွ၊ ဒီငှက်ကတော့ ရှုးများ ရူးနေလားမသိဘူး၊ ဝဲလာလိုက်၊ လှည့်ပျံလိုက် လုပ်နေတယ်"

တောလည်၊ ငှက်လိုက်၊ ငှက်ပစ်ထွက်လာသည့်အကြိမ်ပေါင်း နှစ်ပေါင်းလည်း မနည်းတော့ပြီ၊ ယခုအခေါက်ကျမှ ချိုးငှက်မတစ်ကောင်က မိမိခေါင်းပေါ်သို့ဝဲပျံလိုက်၊ လှည့်ပြန်လိုက်၊ ပြီးလျှင်ပြန်လာရိုက်လုပ်နေသည်မှာ "ထူးဆန်းလေစွ" ဟု တွေးရင်း ဖိုးဆောင်ရင်ထဲမှာ အဖြေရှာမရသည့် ပဟေဠိတစ်ပုဒ်ပမာဖြစ်နေရသည်။

သို့ဖြင့် ဖိုးဆောင်သည် တစိမ့်စိမ့်တွေးရင်း လေးကန်သည့် ခြေလှမ်းများဖြင့် ခေါင်းငိုက်စိုက်ချလျက် တောလမ်းတစ်နေရာမှ ရွာသို့ပြန်ရန် ဆက်လျှောက်လာခဲ့သည်၊

ထိုစဉ် ချိုးငှက်မသည် ရှေ့(၁၀) ကိုက်(၁၅)ကိုက်ရှိ သစ်ပင်တစ်ပင်ပေါ်သို့ ရုတ်ခြည်း နားလိုက်သည်၊ ပြီးလျှင် အသိုက်အမြုပ်ဟုထင်ရသည့် သစ်ကိုင်းကြား ခွဆုံထဲသို့ တိုးဝင်ကာ ခေါင်းတညိတ်ညိတ် လုပ်ပြနေသည်၊

မကြာပါချေ၊ ချိုးငှက်မသည် အသိုက်ပေါ်မှ "ဖျပ်ခနဲ" ပြန်လာပြီးလျှင် ဖိုးဆောင် ခေါင်းပေါ်သို့ဝဲလာပြန်သည်၊

ချိုးငှက်မသည် အသိုက်တွင်းမှ နှုတ်သီးဖြင့် ကိုက်ချီယူလာသည့် ငှက်မွေးစုတ်ဖွားတို့အား လေတွင်ဝဲကာတော့ ထိုးနေအောင် ဖြန့်ချပြီးလျှင် ထိုအသိုက် ဆီသို့ ပျံသန်းသွားပြန်သည်၊

ဤနည်းမျိုးစုံဖြင့် အနီ ချိုးငှက် သည်အကြိမ်ကြိမ်အလီလီပျံသွားလိုက် ပျံလာလိုက်ဖြင့် ဖိုးသီ၏ စိတ်အာရုံအား ဝေဝါးသွားလေအောင် ပဟေဠိတစ်ပု လိုထူးဆန်းသည့်အပြုအမူဖြင့်လှည့်စားမြူဆွယ်သယောင်ပြုနေလေသည်၊

တရွေ့ရွေ့ဖြင့် ရှေ့ဆက်လှမ်းလာသည့် ဖိုးဆောင်မှာလည်း အိပ့်အိပ့်နှင့်အနီ ချိုးငှက်မနားသည့် သစ်ပင်အနီးသို့ပင် ရောက်လာခဲ့ချေပြီ၊

ဖိုးဆောင်သည် တစ်သက်နှင့်တစ်ကိုယ်၊ ငှက်လိုက်၊ ငှက်ပစ်သည့် တောအတွေ့အကြုံအတွင်း မကြုံဘူးချေ၍ ပါးစပ်အဟောင်းသားဖြင့်ပင် ထိုချိုးငှက်မ၏ ထူးခြားသည့် လှုပ်ရှားဟန်ကို ငေးကြည့်နေလိုက်သည်၊

ချိုးငှက်မသည် သစ်ပင်ထက်မှ ငှက်သိုက်နှင့် နီးကပ်လာပြီဖြစ်သည့် ဖိုးဆောင်အား တစ်စုံတစ်ခုကို ချီလာသည့်နှယ်လုပ်ပြလိုက်၊ ပြီးတော့အသိုက်ပေါ်သို့ပြန်သွားလိုက်ဖြင့် မိမိထူးကဲလာသည့် အသွင်ဖြင့် ကူးချည်သန်းချည်ပျံသန်းပြလာတော့၏၊

ရံဖန်ရံခါတွင် အကောင်ပေါက်ပြီးစ ငှက်တို့ကို နှုတ်သီးဖြင့် ကိုက်ချီလာလိုက်၊ ဖိုးဆောင်ခေါင်းပေါ် တည့်တည့် သို့ ရောက်လာလျှင် ပစ်ချလိုက်ဖြင့် နိမိတ်ဆောင်သည့် ပြယုဂ်တစ်ခုကို မာဂဓဘာသာစကားဖြင့် ပြောနေသည့်နှယ် တကျိုကျို တကျာကျာဖြင့် အော်မြည်အသံပြုနေပေသေးသည်၊

သည်သို့ဖြင့်ပင် ငုံးအုပ်ဆောင်းက တစ်ဖက်၊ မှုတ်ပြောင်းက တစ်ဖက်ဖြင့် လက်မအားနိုင်အောင် သယ်လာသည့်ဖိုးဆောင်သည် အနီသစ်ပင်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချေတော့သည်၊

ခြေနှင့်လက်တို့မအားသော်လည်း အားနေသည့် ဖိုးဆောင်၏ မျက်လုံးနှစ်လုံးတို့သည် ချိုးငှက်နားလိုက်၊ ပြန်လာလိုက်လုပ်နေသည့် အပင်ပေါ်သို့ အကြည့်ရောက်သွားသည်၊

ဖိုးဆောင်ထက် အရင်ရောက်နှင့်နေသည့် ချိုးငှက်မသည် ရှေ့တူရူသို့ ဖိုးဆောင် ရောက်လာသည်နှင့် ငှက်သိုက်ပေါ်တွင် ခြေနှစ်ချောင်းအား စုံရပ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်ပြနေသည်၊ ပြီးလျှင် တောင်ပံတဖျပ်ဖျပ် ခတ်ကာ လက်ခုပ်ခေါ်သည့်နှယ် ဟန်ရေးပြနေရပါတော့သည်၊ နှုတ်မှလည်း ဖိတ်ခေါ်သည့်လား၊ နှုတ်ခွန်းဆက်သည့်လား အဓိပ္ပာယ်မဖော်ဆောင်နိုင်သည့် မာဂဓဘာသာဖြင့် ကူသံပေးလိုက်ချေ၏၊

"တကူကူကူး-တကူကူကူး"

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှဖိုးဆောင်ခေါင်းထဲသို့ အတွေးစတစ်ခုသည် လျှပ်တစ်ပြက်သည့်အလား ပြတ်သားစွာ ဝင်ရောက်၍လာပါသည်။

"အင်း - ဒီနေ့မှ ငါ့ကံကလည်း ထူးလေတော့၊ ငှက်တွေလည်း တသီကြီးရလာတယ်။ ဟော - အခုလည်း ဒီချိုးငှက်မက ငါ့ကို တစ်ခုခုပေးချင်လို့ ထင်ပါရဲ့၊ အမျိုးမျိုး အရိပ်အခြေယောင်ပြနေတာ ဖြစ်မယ်၊ အင်းပေါ့လေ - အချိန်လည်း ရှိသေးတာပဲ၊ ဘာအပန်းကြီးတာလိုက်လို့၊ သူပြနေတာ သူ့ချိုးသိုက်ပဲဖြစ်ပုံရတယ်၊ ကဲ - ဘာဘာညာညာသိရအောင် တက်ကြည့်ဦးမှ"

သို့ကလို အတွေးဝင်လာသည်နှင့် ဖိုးဆောင်သည် ခါးတောင်းကို မြှောင်အောင်ကျိုက်ကာ ယင်းသစ်ပင်အောက်မှာပင် အုပ်ဆောင်းနှင့် မှုတ်ပြောင်းတို့ကို ချကာ ထိုအမျိုးအမည်မသိ သစ်ပင်ပေါ်သို့ ခဲရာခဲဆစ် ကုပ်ကပ်တက်လေတော့သည်။

ဖိုးဆောင်ငှက်သိုက်အနီးရောက်စဉ်မှာတော့ ချိုးငှက်မသည် သူ့တာဝန်ပြီးဆုံးလေသည့်အလား ငှက်သိုက်ပေါ်တွင် နားနေရာမှ "ဖူးခနဲ" အရပ်တစ်ပါးသို့ ထပျံသွားချေတော့သည်။

သစ်ရွက်ခြောက်များ၊ မြက်ခြောက်များဖြင့် အုံဖွဲ့ဆင်ယင်ထားသည့် ငှက်သိုက်အတွင်းမှာတော့ ငှက်ပေါက်ကလေးများ မရှိချေတော့ဘဲ ဥခွံများဖြင့်သာ အတိပြီးလျက် ရှုပ်ထွေးပွေလီနေကြောင်း ဖိုးဆောင်တွေ့ရှိလိုက်ရသည်။

"ဟယ် - ဒီငှက်မ ငါ့ကို သက်သက်အလုပ်ရှုပ်အောင် ဒုက္ခပေးလိုက်တာပဲ၊ သူ့ဥခွံတွေကလွဲပြီး ဘာမှမရှိဘဲနဲ့ ဘာအဓိပ္ပာယ်နဲ့ ငါ့ကို မျှားခေါ်တာပါလိမ့်"

စိတ်ပေါက်ပေါက်ဖြင့် ဖိုးဆောင်သည် ငှက်သိုက်အတွင်းမှ ဥခွံတို့ကို စိတ်ဆိုးမာန်ဆိုးဖြင့် ကောက်ယူပစ်ချလိုက်သည်။

ထိုစဉ် ငှက်သိုက်၏ ဘေးဘက်နံရံတစ်ခုတွင် မြက်ခြောက်တို့ဖြင့် ကပ်ညိနေသည့် ဥတစ်လုံးအား ဖိုးဆောင်အမှတ်မထင် စမ်းမိသွားသည်။

"ဟင် - ချိုးဥလေးတစ်လုံးပါလား၊ ကေန္တ - အကောင်မပေါက်တဲ့ အဆိုးချောင်ချိုးဥပဲ ဖြစ်ရမယ်"

သို့အတွေးဖြင့်ဖိုးဆောင်အနီငှက်ဥအား မြက်ခြောက်များအတွင်းမှ နှိုက်ယူလိုက်သည်။

"အလိုလေး - ဒီငှက်က လေးလချည်လား၊ အင်း - ခန့်မှန်းရရင်တော့ ဟသာအလေးနဲ့ (၁၀ - ၁၅) ကျပ်သားလောက်ကို ရှိမယ်၊ ဟာ - အရောင်ကလည်း ပန်းသွေးရောင်ရင့်ပါလား၊ အဆံချောင်တဲ့ပုံလည်း မပေါက်ဘူး၊ လှုပ်ကြည့်ဦးမှ"

မြင်ဖူးနေကျ ချိုးဥနှင့် မတူသည့် အဖြစ်ကြောင့် ဖိုးဆောင် လွန်စွာအံ့ဩသွားသည်။ အဆံချောင်မချောင် သိရအောင်လှုပ်ကြည့်ပါသော်လည်း အထဲမှ မည်သည့် ဂလောက်ဂလောက်အသံမှ မကြားရသည့်အခါ ဖိုးဆောင် ပို၍ပို၍ အံ့ဩလာပါသည်။

"ဟား - ထူးဆန်းလိုက်တာ၊ ကြက်တို့ ငှက်တို့ ဆိုတာမျိုးဟာ တစ်ခါတစ်ခါ လေဥ - ဥတယ်လို့သာ ကြားဖူးတယ်၊ ဟယ် - ဒီငှက်ကမြင်းမကတော့ လေဥမဥဘဲ - ကျောက်ဥ - ဥလားလားမှမသိတာ၊ ဘာဖြစ်ဖြစ်ကွာ၊ ဒီလိုထူးဆန်းတာ ရခဲတော့ အိမ်ပြန်ယူသွားဦးမှ"

ပြောပြောဆိုဆိုဖြင့်ဖိုးဆောင်သည် တညာသာရကာတွေးမနေတော့ဘဲ အနီဥကလေးအား မြက်ခြောက်တို့ဖြင့် လုံးထွေးပြီးသကာလ ပလိုင်းထဲသို့ ကောက်ထည့်လိုက်လေတော့သတည်း။



ဖိုးဆောင် သစ်ပင်ပေါ်မှ ဆင်းသက်လာချိန်တွင် သူရိယနေမင်းကြီးသည် စစ်ရှုံးသည့် စစ်သူကြီး၏မျက်နှာမျိုးလို မသာယာသည့် ရောင်စဉ်ဖြာ မှုန်တဝါးကို အသာအယာရုတ်သိမ်းပြီးလျှင် အနောက်ဂေါယာကျွန်းသို့ တစ်ဆုတ်ဆုတ်သွားချေတော့သည်။

❐

မီးကွင်းအမြှေတေ

"ဟော့ မယ်မြ၊ ငါ့မိန်းမ အကောင်းစားမကြီးရဲ့၊ မြန်မြန် ထွက်လာခဲ့ဟေ့၊ ဟယ် - ဒီမိန်းမ ဘာလို့ ဒီလောက်ကြာနေရလဲ၊ မင်းယောက်ျား အဖိုးတန်ကြီးကို လာကူပါဦးဟ၊ ငါ့မှာ အကောင်ပလောင်တွေနဲ့ မနိုင်မနင်း သယ်လာရလို့ မောနေပြီဟ"

တစ်လမ်းလုံး မောကြီးပန်းကြီးဆောင်ယူလာရသည့်ငုံးအုပ်ဆောင်းနှင့် ဝါးမှုတ်ပြောင်းရှည်အား အိမ်ရှေ့ကွပ်ပြစ်တွင် ပစ်ချပြီးသည်နှင့် ဖိုးဆောင်သည် မိန်းမဖြစ်သူအား အော်ခေါ်လိုက်ခြင်းဖြစ်သည်။

"လာပါပြီ - ကဖိုးဆောင်ရဲ့တကတဲ့ သံကောင်းဟစ်နေလိုက်တာ၊ အော် - တောကပြန်လာတာ ဘာများထူးဆန်းလို့

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ခုမှ ရေးကြီးခွင်ကျယ်လုပ်လို့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်နေရတယ်လို့"

"အေး - အော်ကို အော်ရမယ်၊ ငါ့ဘာများမှတ်လို့၊ ဒီနေ့ နင့်ယောက်ျားကံထူးလို့၊ ငှက်တွေလည်း အများကြီးရလို့ ထမ်းပြန်လာနိုင်ခဲ့ပြီ၊ ပြီးတော့ ထူးထူးဆန်းဆန်းတစ်ခုရ"

ဖိုးဆောင်သည် ဇနီးဖြစ်သူမယ်မြနှင့် စကားအရှိအရျပြောနေရင်း အိမ်ပေါက်ဝမှနေ၍ မျက်လုံးအကြည့်တစ်ချက် ရောက်သွားသည်နှင့် ပြောလက်စ ပါးစပ်ပေါက်ကို ချက်ချင်း ဘရိတ်အုပ်လိုက်ရသည်။

ဖိုးဆောင်အနေနှင့် သူ့ပါးစပ်ကို အလျင်အမြန် ဘရိတ်မအုပ်၍မဖြစ်သာသည့် အနေအထားကလည်း သူ့ရှေ့မြင်ကွင်းမှာ ရှိနေပေသည်ကိုး။

ဟုတ်ပေသည်။ စားလက်စထမင်းဝိုင်းမှ ထလာသည့် မယ်မြနှင့်အတူ ဖိုးဆောင်၏သူရင်းငှား(စားရင်းငှား) "စံရ" ဆိုသူက ကလေးနှစ်ဦးနှင့်အတူ ထမင်းအတူတူစားနေသည့်မြင်ကွင်းကြောင့် ပေတည်း။

"အင်း - လူစိမ်းစံရရှေ့မှာ ငါရထားတဲ့ပစ္စည်းကို ပြောပြလို့ မဖြစ်သေးဘူး။ ဒီပစ္စည်းက ဘာမှန်းလည်း မသိဆိုတော့ တော်ကြာ - အဖိုးတန်ပစ္စည်းဖြစ်နေမှ ဒီကောင့်ရှေ့အသိပေးလိုက်ရင် မောင်းထုလိုက်သလို ကြော်ငြာပြီးသားဖြစ်နေမှ…"

ဖိုးဆောင် သည် သို့ စိတ်ကူး ပေါက်လာသည်နှင့် -

"လာ - လာ - မယ်မြ၊ အိမ်ခန်းထဲ လိုက်ခဲ့" ဟု ပြောပြောဆိုဆိုနှင့် အိပ်ခန်း ထဲသို့ ဆွဲခေါ်သွားလေတော့သည်၊ မယ်မြမှာတော့ ဘာမသိဘာမသိ မျက်လုံ အပြူးသားဖြင့် ဖိုးဆောင် ဆွဲခေါ်ရာ နောက်သို့ ဒရွတ်တိုက် ပါသွားလေ သည်။

"လွှတ်ပါ - ကဖိုးဆောင်ရဲ့ တော လုပ်လိုက်ရင် တဖောက်ကန်းချည်းပဲ ကလေးတွေနဲ့ လူစိမ်းတွေရှေ့မှာ ရှက် စရာကြီး"

ဖိုးဆောင်တို့လင်မယားကိုကြည ရင်း ပါးစပ်ဟောင်းလောင်းဖြစ်နေသ စံရမှာလည်း ထမင်းစားရင်း အယော ယောင် အမှားမှားဖြစ်ကာ ပါးစပ်ပေါ ထဲ ထည့်ရမည့် ထမင်းလုတ်ကိုပ မထည့်သင့်သည့်အပေါက် (နှာခေါ ပေါက်၊ နားပေါက်) တို့သို့ထည့်လိုထ ဖြင့်ယောင်တောင်ပေါက်တောင်ပင် နေချေသေး…။



"အင်း - တို့ - ကိုဖိုးဆောင်ကတော့ တောထဲက ရောက်လာပြီးမှ ဘာစိတ်တွေမွှန်ပြီး မအောင့်နိုင် မအည်းနိုင် သူ့မိန်းမကို ချက်ချင်းကြီး အိပ်ခန်းထဲ ဆွဲသွင်းရတာ ပါလိမ့်။ ဟဲ - ဟဲ - ကေန္တတော့ ကေန္တပဲ၊ တောထဲမှာ သူ့ယောင်မယ်နဲ့ပဲ တွေ့ခဲ့တာလား၊ ဥစ္စာစောင့်မ ချောချောနဲ့တွေ့လို့၊ စိတ်မထိန်းနိုင်လို့ပဲလား"

စံရတွေးလည်း တွေးလောက်စရာ၊ ဖိုးဆောင်လုပ်ပုံက သူ့သားသမီးတွေနှင့် သူစိမ်းယောက်ျားရှေ့မှာ ရုပ်ပျက်ဆဝ်းပျက်နိုင်လှသည် မဟုတ်ပါလား။

ဖိုးဆောင်ကတော့ သူ့မိန်းမကို အိပ်ရာပေါ်သို့ တွန်းလှဲချလိုက်ရင်း -

"ငါ့မိန်းမ မယ်မြ၊ မင်းကို ပြစရာရှိတယ်"

"အို - ကဖိုးဆောင်ကလည်း ရှက်စရာကြီး၊ အမှောင်ကြီးထဲမှာ တော်က ကျုပ်ကို ဘာပြမှာတုံး"

"အဲ - ဟုတ်သားပဲ၊ မီးခွက်ထွန်း၊ မီးခွက်ထွန်း၊ ငါ - နင့်ကိုအခုကိုပြချင်နေပြီ"

ထူးခြားဆန်းကြယ်စွာ ရလာခဲ့သည့် ချိုးဥကလေးကို မိန်းမထံ မျက်နှာလုပ် ပြချင်ဇောသန်နေသည့် ဖိုးဆောင်သည် အိပ်ခန်းထဲရှိ အမှောင်ထုကိုပင် သတိမထားနိုင်ဘဲ လှစ်ခနဲ ပြောပြီးမှ သတိရလာသည်နှင့် မီးခွက်ထွန်းခိုင်းလိုက်ရသည်။

သည်တော့မှ မယ်မြသည်အတွင်းရွှေးစံ (ဘော်လီ) အိပ်ထဲမှ ဓာတ်မီးခြစ်ကို ယူခြစ်ပြီး မီးခွက်ထွန်းလိုက်သည်၊

"တော် ပြမှာဖြင့် မြန်မြန်ပြပါလား၊ တကတဲ - ကျုပ်စိတ်ကို မယိုးမရွဖြစ်အောင် သိပ်ဆွတာပဲ"

"အေးပါဟ၊ ပြမှာပါ၊ ငါလေ - တောထဲက သစ်ပင်ပေါ်မှာ ချိုးသိုက်ကို တက်နှိုက်ရင်း ရလာတာကွ၊ သေသေချာချာကြည့်လိုက်စမ်း - မိန်းမရ၊ ဒီချိုးဥက သံလုံးတစ်လုံးလို မလေးဘူးလား။ ပန်းရောင်ရင့်ရင့်လေးနဲ့ဆိုတော့ လှတောမလှဘူးလား"

ဖိုးဆောင်သည်ပလိုင်းထဲမှအသင့်နှိုက်ယူလာခဲ့သည့် ကျောက်ချိုးဥလေးအား မှိုင်းတိုက်နေသည့် ရေနံဆီမီးခွက်၏မီးရောင်အောက်တွင် မြန့်ပြရင်း မျက်နှာချိုသွေးကာ လေပြေထိုးလိုက်၏။

"အေးဟဲ့၊ဒါ - ဒါ - သာမင်ချောင်ညာ (သာမညာ) ချိုးဥတော့ မဖြစ်နိုင်လောက် ဘူး။ မှန်း - ကျုပ်ကိုင်ကြည့်မယ် အလိုအားပါးပါး - ဒီဥက လေးလှချည်လား

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို၊ အင်း – ဟုတ်ပြီ၊ ဟုတ်ပြီ၊ ခုမှ ကျုပ် စဉ်းစားမိတယ်။ ဟိုး – လွန်ခဲ့တဲ့ (၄ – ၅ – ၆) နှစ်ကပေါ့။ ကျုပ် – တော်နဲ့ မညားခင် ကျုပ်တို့ရွာမှာနေတဲ့ မုဆိုးတစ်ဦးပေါ့၊ တော့်လိုပဲ ကျောက်ဖြစ်နေတဲ့ ရှိုးဥတစ်လုံးကို ငှက်ဥနှိက်ရင်း ရခဲ့တယ်တော့။ အဲဒီရှိုးဥက "ရှိုးအမြဲတော" ဆိုလားပဲ။ ဒါနဲ့ နံ့နံ့စပ်စပ်ရှိတဲ့ အဲဒီမုဆိုးကြီးဟာ ဟိုး "အမြဲတောမုဆိုး" ဆိုလား၊ အဖွဲ့တစ်ဖွဲ့နဲ့ ချိတ်ဆက်ပြီး ရောင်းလိုက်တာ သိန်းတစ်ရာ့ငါးဆယ်လား ရလိုက်တယ်တဲ့ရှင့်"

မယားဖြစ်သူ၏စကားကို နားထောင်လိုက်ရသည့် ဖိုးဆောင်သည် ထင်မှတ်ထားသည့်စကားကြောင့် နားထင်နားရင်းများပင် ထူပူသွားသည်။

ဘယ်လိုမှ မျှော်လင့်မထားသည့် မက်လုံးတစ်ခုကြောင့်အနာဂတ်ကောင်းစားရေးကိုတွေးမျှော်ကြည့်မိရင်းကတုန်ကယင်ပင် ဖြစ်လာသည်။

"ဟုတ်ရဲ့လားမိန်းမရဲ့ တော်ကြာ ရှိုးအမြဲတောမဟုတ်ဘဲ ကျောက်စရစ်ခဲဖြစ်နေရင် ဘယ့်နှယ်လုပ်မတုံး"

"အို – သေချာတယ်။ မယုံရင် ကျုပ် ထုပြမယ်၊ ကွဲရင် အတု၊ မကွဲရင်တော့ အစစ်ပဲလို့မှတ်၊ ကဲ – တော့်ခေါင်းရင်းက

## ၄၄ အဲ – နောက်တစ်ခါ

အပြင်ဘက်တနေ ရှို့ကြည့်တော့လည်း မိုးမကုန်ကုန်တော့ "အမြင်မိုး" ပါ ပြီးတယ်ပေါ့ ကိုဖိုးဆောင်ရယ်၊ ဟင်း – ဟင်း – ကိုဖိုးဆောင်ရယ် – ရှင်ယူလာခဲ့လို့ ဒီအမြဲတောကို ရလိုက်တယ်ဆိုတော့ အင်း – ကျွန်မတို့ ဒီနေ့ကစပြီး ကြီးပွားပြီလို့သာ မှတ်လိုက်ပေတော့ ကိုဖိုးဆောင်၊ ကျုပ်လေ ရှင့်ကို တော်ရုံးတင်လိုက်တာဟယ်၊ ပြီးတော့ – ရှင့်ကို ကျုပ်လေ အရမ်းအရမ်း ချစ်သွားပြီတော့ ကိုဖိုးဆောင်ရေ။





"တူ" ယူပေး။ ကျုပ် ထုတော့မယ်၊ ဖဝါင်ဖဝါင်ရေးဝေးဝေးရှောင်၊ အား – ကျုပ်နဖူး တက်စင်ပဟာ၊ ကျွတ် – ကျွတ်"

စိတ်မြန်လက်မြန်ထက်သန်ပေးသည့် မယ်မြကဖိုးဆောင်လက်ထဲရှိ အနီ ပန်းရင့်ရောင် ကျောက်ရှိုးဥလေးအား ဆိတ်ချိုတူဖြင့် နက်လေတော့၏။

ထူးဆန်းလှစွာ ထိုရှိုးဥသည် ကွဲကြေမသွားရှေ့ဘဲ မယ်မြနဖူးဆီသို့ ခုန်တက်ခြေဆောင့်ပြီးသကာလ မယ်မြနဖူးတွင် အာလူးသီး သီးလေတော့၏။

"အား – ကျွတ် – ကျွတ် – နာလိုက်တာ။ ကျုပ် – ကျုပ်ကို ဒက်ကြေးဆေး ရှာလိမ်းပေး၊ တော့် ရှိုးအမြဲတောက တယ်နေတယ်မသိသေးဘူး၊ လောလောလတ်လတ်တော့ ကျုပ် ခံလိုက်ရပြီ"

အပြင်ဘက် ညှေ့ခန်းတွင် ထမင်းစားရင်းထိုင်ရမလိုလို၊ ထရမလိုလိုထွက်ပဲပြေးရတော့မလိုလို ဖြစ်နေသည့် စံရသည်တစ်ဖက်အိပ်ခန်းဆီမှ သဲ့သဲ့မျှသာကြားနေရသည့်တီးတိုးသံ၊ ထုသံနက်သံ၊ "နာသည်" ဟုအော်ညည်းသံတို့ကြောင့် အင်း – ငါ့ဆရာတော့ သူယောင်မယ် တန်ခိုးပြနေပြီထင်ပါရဲ့ – ဟုဆိုကာ မျက်နှာပူပူဖြင့် အိမ်အောက်သို့ ဖိနပ်ပင် ရှာမစီးနိုင်ဘဲ ဆင်းပြေးလေတော့သည်။

ဖိုးအောင်၏ ရှစ်နှစ်အရွယ်သမီးကြီးနှင့် (၅) နှစ်အရွယ်သားငယ်တို့မှာလည်းတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မှိုင်းစွဲနေပြီဖြစ်သည့်မီးခွက်မီးရောင်အောက်ဝယ် ယောင်နနဖြင့် ငုတ်တုတ်ကလေး ထိုင်နေကြရှေ့တော့သည်။

☐

ဘယ်လိုပင် တူနှင့်ထုထု၊ ခုန်စဉ်လွင့်ပျံသွားသည်မှအပ အရာမယွင်းရှေ့သည့် ယင်းရှိုးဥကြောင့် ဖိုးဆောင်တို့လင်မယားနှစ်ယောက်သည် အနီ ရှိုးဥအား "ရှိုးအမြဲတော" ဥအဖြစ် ခံယူလိုက်ကြသည်။ ကံအားလျော်စွာ ရှိုးအမြဲတောရသည့်နေ့မှစ၍ ဖိုးဆောင်သည် အိတ်ရှုံ့ကလေးတစ်ခုအား မယ်မြကို ချုပ်စေတာ သွားလေရာလည်ပင်းတွင်ဆွဲလျက်ကိုယ်နှင့်မကွာရှိစေလိုက်သည်၊ တစ်နေ့တွင် ဖြစ်၏။ မယ်မြသည် မိမိတို့လို ပဲခူးရိုးမတောင်ခြေရွာတွင် နေထိုင်သည့် မုဆိုးကြီးတစ်ဦးထံသို့ သွားရောက်တွေ့ဆုံခဲ့လေသည်။ ကိစ္စကတော့ (စာဖတ်သူတို့) သိပြီးဖြစ်သည့်အတိုင်း ရှိုးအမြဲတောကိစ္စ စုံစမ်းရန်နှင့် အလျဉ်းသင့်ပါက

www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်ဈေးစကားများပြောရန်ဖြစ်လေသည်။

အကြောင်းစုံသိခဲ့ပြီးပြန်လာသည့်တစ်နေ့....။

စံရအိမ်တွင်မရှိခိုက် မယ်မြသည် ယောက်ျားဖြစ်သူ ဖိုးဆောင်အား ခေါ်ကာ တိုးတိုးတိတ်တိတ် ပြောလိုက်သည်။

"ကဲ - ကဖိုးဆောင်၊ ရှင့်အမြုတေကို ရှင့်အိတ်ရှဲ့ထဲက ထုတ်။ အမြုတေစစ်မစစ် စမ်းကြည့်ရအောင်"

မယ်မြစကားကြောင့် ဖိုးဆောင်တွေခနဲ ဖြစ်သွားသည်။

"ဟာ - မယ်မြရ ဒီချိုးအမြုတေကို ဘယ်လိုစမ်းရမှာတုံး"

"တော် မသိသေးရင် တိတ်တိတ်ကလေး နားရွက်မခတ်ပဲ စောင့်ကြည့်နေ၊ လောလောဆယ် ဝါဂွမ်းတွေထည့်ထားတဲ့ပုတ်ထဲက ဂွမ်းတစ်ပြည်နှစ်ပြည်စာလောက် သွားယူလာချေ၊ ကျုပ် စမ်းပြမယ်"

မယ်မြစကားကြောင့် သိလိုစိတ်တို့ ပြင်းပြနေသည့် ဖိုးဆောင်သည် အိမ်အောက်သို့အပြေးတစ်ပိုင်းဖြင့်ဆင်းကာ မယ်မြညွှန်ကြားသည့်အတိုင်းဂွမ်းတစ်ပုံကြီး မရလာကာ အိမ်ပေါ်သို့ ပြန်တက်လာသည်။

"ရော့ - မယ်မြ၊ ဒီဂွမ်းပုံနဲ့ ဒီချိုးအမြု တေကို ဘယ်လိုလုပ်ပြမှာလဲ၊ ငါ - အင် မတန်စိတ်ဝင်စားနေပြီ။ ဟိုကောင် စံရ မရှိတုန်း မြန်မြန်လုပ်ပြပါဟ"

"အေး - စိတ်ချ၊ ကျုပ်မှဆိုးကြီးပြော ပြလို့ အခုပဲ စမ်းပြမယ်၊ ရှင့်အမြုတေလုံး ကို ထမင်းစားပွဲဝိုင်းပေါ် တင်ပြီးတော့ အဲဒီအမြုတေဘေးမှာ ဂွမ်းတစ်ဆုပ် လောက် ချထား၊ အဲဒီအမြုတေနဲ့ တစ် ထွာသာသာလောက်မှာ ဝိုင်းကြီးပတ် ပတ်လိုလုပ်ပြီးရှင်ယူလာတဲ့ဂွမ်းတွေကို ဝိုင်းပြီးထားလိုက်။ အဲ - ဟုတ်ပြီ၊ အခု ရှင့်အမြုတေ ဘေးက ဂွမ်းစကို ကျုပ် မီးရှို့ကြည့်မယ်"

မယ်မြသည် ပြောပြောဆိုဆို ချို အမြုတေအနီးရှိ ဂွမ်းပုံအား ဓာတ်မီးခြစ် ဖြင့် မီးရှို့လိုက်သည်။

ဓာတ်ဆီသည် မီးခြစ်မှ ထွက်လာ သည့်မီးညွန့်သည် ဟုတ်ခနဲတောက် လောင်ကာဘေးပတ်လည်ရှိဂွမ်းစိုင်ဂွမ်း လိပ်တို့ဆီသို့လျှပ်တစ်ပြက်အတွင်းကူ စက်သွားသည့်အသွင်ဆောင်နေရာ မီးကို ရေနှင့် ငြိမ်းသက်လိုက်သည့်နယ် ရုတ်ခြည်းငြိမ်သွားလေသည်။

"ဟာ - မီးမကူးဘူးဟ၊ ထူးဆေ လိုက်တာကွာ"



"ဟင်း - ဟင်း - နောက်တစ်မျိုးစမ်း ပြဦးမယ်၊ အဲဒါကို ထပ်တွေ့ရင် ရှင် ပိုလို့တောင် အံ့ဩဦးမယ် ကဖိုးဆောင်ရေ"

မယ်မြသည် မိမိဆောင်ရွက်လိုက်သည့်ကိစ္စ အောင်မြင်လာ၍ လင်သားဖြစ်သူ ကိုဖိုးဆောင်အား ကြွားလုံးထုတ်ရင်း အောင်မြင်သူ၏ အပြုံးများဖြင့် ပြုံးပြလိုက်သည်။

"ဂွါမိန်းမတော့ လုပ်ချလိုက်ပြန်ပြီ၊ ကဲ - ဒီတစ်ခါ ဘာလုပ်ပြဦးမှာလဲ မယ်မြရေ"

"စောင့်ကြည့်ပေါ့၊ အခုရှင့်အမြုတေကို သည်အတိုင်းထား၊ ကျုပ် အပြင်က ဂွမ်းတွေကို မီးရှို့ပြမယ်"

မယ်မြသည် စောစောကအတိုင်း ကိုင်လက်စဓာတ်မီးခြစ်နှင့်ပင် ချိုးအမြုတေအပြင်ဘက်ရှိ ဂွမ်းပုံပတ်ပတ်လည်အား မီးရှို့လိုက်ပြန်သည်။

မှိုတို့၊ ဂွမ်းတို့၊ စက္ကူစုတ်တို့မည်သည် မီးရှို့သည်မဆိုထားနှင့်၊ မီးပွားကျလျှင်ပင် ဟုတ်ခနဲ ထတောက်သည့် သဘာဝရှိမည့်အတိုင်း မီးရှို့ခါစတွင် အရှိန်အဟုန်ပြင်းစွာတောက်လောင်နေပါသော်လည်း ဂွမ်းများပင် မီးစွဲလောင်မည်မကြံသေး၊ ချိုးအမြုတေရှေ့ရောက်သည်နှင့် ချက်ချင်းပင် ချုပ်ငြိမ်းခြင်းသို့ တိုင်လေတော့သည်။

"ကဲ - ကျုပ်မပြောလား၊ တော့ ကျောက်ချိုးဥဟာ အဖိုးတန်အမြုတေ ပါလို့ဆိုနေ၊ စောစောပိုင်းက တော်မြင် တယ်မဟုတ်လား၊ အမြုတေရှိတဲ့ အတွင်းဘက်ကနေ မီးရှို့တော့ အပြင် ဘက်ကို မီးမကူးဘူးလေ။ အဲဒါ အတွင်း မီးငြိမ်းတယ်လို့ဆိုတယ်။ အဲ - နောက်တစ် ခါ အပြင်ဘက်ကနေ ရှို့ကြည့်တော့ လည်းမီးမကူးပြန်တော့ "အပြင်မီး" ပါပြီး တယ်ပေါ့ - ကဖိုးဆောင်ရယ်၊ ဟင်း - ဟင်း - ကဖိုးဆောင်ရယ် - ရှင်ယူလာခဲ့ လို့ဒီအမြုတေကိုရလိုက်တယ်ဆိုတော့ အင်း - ကျွန်မတို့ဒီနေ့ကစပြီး ကြီးပွားပြီ လို့သာမှတ်လိုက်ပေတော့ကဖိုးဆောင်၊ ကျုပ်လေ ရှင့်ကို ကျေးဇူးတင်လိုက်တာ ဟယ်၊ ပြီးတော့ရှင့်ကို ကျုပ်လေ၊ အရမ်း အရမ်း ချစ်သွားပြီတော့ - ကဖိုးဆောင် ရေ"

မယ်မြသည် ဖိုးဆောင်အား တလက်လက်တောက်ပနေသည့် မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ကာ စိတ်အား ထက်သန်စွာ ရှင်းပြနေပေသည်။

သူမသည်ဝမ်းသာလုံးဆို့လာသည့် စိတ်ဆန္ဒတို့ကို မိန်းမသားပီပီ မျိုသိပ် ထားနိုင်စွမ်းမရှိတော့ လေရကား

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဆောင် ပါးနှစ်ဖက်ပေါ်သို့ တစ်ပြန်စီ "မြွတ်ခနဲ" နမ်းလိုက်လေတော့သည်။

ဖိုးဆောင်သည် ကလေးနှစ်ယောက်ပင် ရပြီးခါမှ ထူးထူးခြားခြား အချစ်နာလန်ထပြနေသည့် ဇနီးဖြစ်သူ၏ အပြုအမူကြောင့် ပါးစပ်ဟောင်းလောင်းဖြင့် မြူးကြောင်ကြောင်ဖြစ်သွားသည်။

"ဟာ - နှင်းမြကလည်းကွာ၊ ကလေးမဟုတ် သူငယ်မဟုတ်၊ ဖြတ်သွားဖြတ်လာတွေ မြင်သွားမှ - ဟင်း ရှက်စရာကြီး"

"အောင်မယ် - တော်ကများပြောရတယ်ရှိသေး၊ တောက်ညှင်းက မစေး၊ ဆန်ကြမ်းက စေးရတယ်လို့၊ ကျုပ် ဝမ်းသာလုံးဆို့သွားလို့၊ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတာနဲ့ ရှင့်ကို နမ်းလိုက်တာ၊ ရှင် တော်တော် နစ်နာသွားသလား - ဟင်း"

"အေးပါ - အေးပါ - မိန်းမရာ၊ မင်း ဝမ်းမသာလည်း ဝါဝမ်းနည်းတာနဲ့အတူတူ - အဲ - ဟုတ်ပါဘူး၊ ဝမ်းသာတာနဲ့ အတူတူပဲပေ့ါ - ဟီဟိ။ အင်း - ဒီအတိုင်းဆို ဒီချိုးအမြှုတေကို ဒီနေ့ကစပြီး ငါ အသက်နဲ့လဲပြီးကာကွယ်စောင့်ရှောက်ရတော့မှာပ"

ဖိုးဆောင်သည် ပြောပြောဆိုဆို "ချိုးအမြှုတေ" ဥကလေးအား ကောက်ခါငင်ခါ သူ့အိတ်ရှဲ့လေးထဲသို့ ဖြန်းတားကြီး ကောက်ထည့်လိုက်သည်။

"တော့်မှာလည်း ဒီချိုးဥကလေး ရပြီးကတည်းက ဥစ္စာခြောက်နေလိုက်တာ၊ ဥစ္စာစောင့်ကြီးကိုဖြစ်လို့၊ တကတဲ သွားလေရာလည်ပင်းမှာ ဆွဲနေရတာနဲ့ အချိန်ကုန်တယ်၊ ဟို မာရ်နတ်ခွေးသေကောင်ပုပ်ကို ဆွဲထားရတဲ့အတိုင်းပဲ၊ ဟွန်း - ပြောကိုပြောချင်ဘူး"

"ဟဲ့ - ဖွဟဲ့ - ဖွဟဲ့ - လွဲစေဖယ်စေများ၊ တယ် - ဒီမိန်းမ - နိမိတ်မရှိ၊ ငါ့အမြှုတေများ၊ ခွေးသေပုပ်နဲ့ နှိုင်းရတယ်လို့"

"အို - မဟုတ်ဘူးလား၊ တော်က ကျုပ်ကို မယုံသလိုနဲ့ တော့်ဥစ္စာကို အပ်လည်းမထားဘူး။ တော် လယ်လုပ်တုန်းတောလည်တုန်း၊ မတော်လို့ ဝယ်သူလာရင် ဘယ့်နှယ်လုပ်မှာလဲ၊ ကဲ - ကဲ - ကျုပ်ပဲ သိမ်းထားပါရစေလား"

မယ်မြစကားကြောင့် ဖိုးအောင်သည် သူ့ချိုးအမြှုတေအတွက် ဥစ္စာခြောက်ရလေပြီ။ အမှန်တော့ ဖိုးဆောင်သည် တစ်မိုးအောက်ထဲ တစ်အိမ်ထဲ ဇနီးဖြစ်သူနှင့်အတူ ပေါင်းဖော်နေရပေမယ့် မယ်မြအား အယုံအကြည်မရှိ။



သူရင်ငှားစံရဆိုသူနှင့် မယ်မြတို့ အရိပ်အခြည် ကြည့်ရတာကလည်း သံသယဖြစ်စရာ သိပ်ဟန်ပုံမပေါ်။

ကြည့်လေ - နှစ်ယောက်သား လယ်အတူလုပ်ရင်းလိုအပ်သည့်စားနပ်ရိက္ခာ အဝယ်နိုင်းတိုင်း မလိုအပ်ဘဲ အချိန်ကြာလင့်မှ ပြန်လာတတ်သည့် စံရ၏အပြုအမူတို့ကြောင့်သံသယဖြစ်ရသလို ၊ မိမိမရှိသည့် အချိန်တွင် အကြောင်းအမျိုးမျိုးပြကာ အိမ်သို့ ဝင်ထွက်နေသည့်စံရကြောင့်ပတ်ဝန်းကျင်ကလည်း ပြောပေါင်းများလှပြီ။

မှဆိုးတစ်ပိုင်း လယ်သမားပေမို့ တောလည်ထွက်ရင်း တောခြောက်တောမှောက်ခံရကာ အိမ်မပြန်နိုင်သည့်ညများ အသဖျော့တို့ဖြင့် ဖိုးဆောင်အနေနှင့် ကြုံခဲ့ရဖူးပြီမဟုတ်လား။ ဝမ်းတွင်းမွေးရာပါတောလိုက်ဇက်တောင်ဝါသနာပါချေ၍ လယ်အလုပ်ပါးသည့်နေ့တွင် စံရအား မိမိကိုယ်စား လွှဲအပ်ခံရသည်များလည်း ရှိခဲ့လေသည်။

ထိုဇရာအခါ အတွင်းသိ၊ အစင်းသိ စံရသည့် "ရိက္ခာ ဝင်ယူဦးမယ်" ဟု အကြောင်းပြကာ မိမိအိမ်သို့ တံခါးမရှိ ဓားမရှိဝင်ထွက်သွားလာတတ်ကြောင်း သားသမီးများ၏ စကားအသွားအလာ အရရိပ်မိခဲ့ဖူးချေသည်။

"အဖေ - ညတုန်းက အဖေ ဘာလို့ ပြန်မလာတာလဲ ဟင်၊ ဦးစံရတောင်ပြန်လာသေးတာပဲ၊ သမီးတို့အိမ်မှာတောင် ထမင်းစားသွားသေး"

သမီးကြီးဖြစ်သူက သည်သို့အမေး ရှိလာသည့်အတွက် ဖိုးဆောင် စဉ်းစားရပြီ။ "အင်း - ငါ့မိန်းမ မယ်မြဟာ ငါ့ထက် အသက် (၁၅) နှစ်လောက် ငယ်တယ်၊ စံရနဲ့မယ်မြက သက်တူရွယ်တူလောက်ပဲ ရှိဦးမှာ၊ အိုးချင်းထား၊ အိုးချင်းထိ၊ ကြိုးချင်းထား၊ ကြိုးချင်းငြိ" ဆိုသလို စံရနဲ့ မယ်မြ တိတ်တိတ်ပုန်း ညားနေကြပြီလား၊ ဘုရား - ဘုရား၊ အို - ငါ ဘာတွေ စဉ်းစားနေဝါလိမ့်၊ မဖြစ်နိုင်ပါဘူးလေဟု ကိုယ့်စိတ်ကိုယ်ဖြေ၍ တွေးတွေးနေရပေမယ့် တစ်ခါတစ်ခါ တွေးမိလေတိုင်း ဖိုးဆောင် နှလုံးသားမှာ ကျင်စက်စက်နှင့် အတို့ခံလိုက်ရသည့်နှယ် "အင့်" ခနဲ တော့ နာကျင်စူးနင့်မိချေသေး။

သို့ကြောင့်မို့ပင် ဖိုးဆောင်သည် မယ်မြ အခါခါတောင်းနေသည့် "ချိုးအမြှုတေ" အားပေးမထားဝံ့ချေဘဲ ခါးခါး သီးသီးပင် ငြင်းလိုက်ရသည်။

"အို - နင့်ပေးမထားပါဘူး၊ တော်ကြာ - နင်က ဘုမသိဘမသိ သူခိုးဈေးနဲ့ ရောင်းလိုက်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

□

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလှစွာ အိမ်ထဲမှာ

တစ်နေ့တွင်ဖြစ်သည်။ ငှက်လိုက်သမားဖိုးဆောင်သည် ကျွန်ုပ်တို့ဇာတ်လမ်းအစတွင် ဖော်ပြခဲ့သလို ငှက်များများ ထောင်ချောက်ထဲ မိလာ၍လည်းကောင်း၊ ချိုး၊ ခါ၊ ဘုတ်နှင့် ရစ်ငှက်တို့ကို မှတ်ပြောင်းဖြင့် အပြီးတိုင် ဇီဇိန်ချေမှု၍လည်းကောင်း၊ ပလိုင်းထဲတွင် ငှက်ကောင်များမဆန့်ရင်ကန်ရလာခဲ့သဖြင့် အိမ်သို့ စောစောပြန်လာခဲ့သည်။

"မိန်းမရေ - ဒီနေ့စောစောအလုပ်ဖြစ်ခဲ့လို့ ငါတော့ နေ့ခင်း တစ်ရေးတစ်မော အိပ်ချင်ပြီ။ တောတိုးရ၊ သစ်ပင်တက်ရလွန်းလို့ ငါ့ခြေထောက်တွေလည်း ညောင်းကိုက်လှပေါ့၊ ငါ့ကို နှိပ်ပေးရင်းမင်းပါတစ်ရေးတစ်မောငါ့အနားလာအိပ်စမ်းပါဦးဟ"

"တော်ကလည်း - ဟင်း - ပြောကိုပြောချင်ဘူး။ ကလေးတွေရှေ့မရှောင်၊ ဘာမရှောင်နဲ့။ တော် ပြောချလိုက်ရင် အရမ်းရျည်းပဲ၊ ဒီနေ့ ကျောင်းပိတ်လို့ ကလေးတွေ ဘယ်မှမသွားဘူးတော့"

"ဟေ - ဟုတ်လား။ ငါတော့တစ်နေ့တစ်နေ့ လယ်ထဲဆင်းလိုက်၊ တောတိုးလိုက်နဲ့ မင်းကလေးတွေ ကျောင်းပိတ်ရက်ဆိုတာတောင် သတိမထားမိပါဘူး ကွာ။ ဟော့ - သမီးနဲ့သားတို့အဖေပစ်ခတ်လာတဲ့ ငှက်သေတွေကိုရွေးပြီး အမွေးနုတ် ဖြုတ်၊ ကြိုက်သလောက်သာ ကင်စားကြစမ်းကွာ၊ အဖေမောလာလို့နင်တို့အမေကို နှင်းနှိပ်ခိုင်းပြီး တစ်ရေးတစ်မောအိပ်ဦးမယ်ဟော့၊ ဟဲ - ဟဲ"

"ဟုတ်ကဲ့ - အဖေ၊ အဖေ့ငှက်တွေကိုကင်ပြီး သားတို့ တစ်ဝကြီး တုတ်ပစ်လိုက်မယ် - စိတ်ချ"

စကားတတ်သည့် အငယ်ကောင်က ဝမ်းသာအားရပြောအပြီးတွင် မောင်နှမနှစ်ယောက် ထင်းခြောက်ကောက်စုကာ အိမ်ထဲ မီးဖိုချောင်ရှိ ဖိုခနောက်ဆိုင်မီးဖိုထဲမှာပင် ချွေးတလုံးလုံးဖြင့် မီးစတင် မွှေးနေကြတော့သည်။

ဖိုးဆောင်ကတော့ မယ်မြ၏အနှင်းအနှိပ်တို့ကို ခံယူရင်း ဇရက်(ဆက်ရက်) မင်း စည်းစိမ်ယစ်ကာ မျက်တောင်းမှေးစက်လာလျက် မယ်မြကိုပင် ဖွတ်ဖက်ထားလိုက်ချေသေး။

"ဟင်းနော်၊ နှိပ်ဆိုရင် နှိပ်တာပဲရမယ်၊ ထပ်ပြီး အတွန့်မတက်နဲ့"

"ဟဲ - ဟဲ - ဒါတော့ဒါပေါ့ကွာ၊ ဒီပြင်ကော - အဆစ်တလေး မပေးချင်ဘူးလား - မိန်းမရယ်"



"ဟင်း - ပြောကိုမပြောချင်ဘူး"

မည်သို့ဆိုဆို လင်မယားပေပဲလေ။

ဖိုးဆောင်သည် ဖနီးဖြစ်သူ မယ်မြ၏ အယုအယ၊ အထွေးအဖွေ့ အတွေ့အထိတို့ဖြင့် ထုံမွှန်းပေသည့်အိမ်ထောင်ရေးသုခတို့ကို ခံယူကာ မယ်မြအား ဖက်ထားရင်းမှာပင် အိပ်မောကျခြင်းသို့ ရောက်လေ၏။

"ဟော့ - မြသက်နဲ့အောင်မြရေ - တို့တူတူပုန်းတမ်း ကစားရအောင်၊ ဟိုး - တောစပ်နားက ညောင်မုတ်ဆိတ်ပင်နားကို သွားကြမယ်ကွာ၊ လိုက်ကြမလား"

"အေး - လိုက်မယ်၊ လိုက်မယ်"

အမွေးနုတ်ထားပြီးသည့် ချိုးငှက်နှစ်ကောင်အား သီတံဖြင့် မီးကင်နေသည့် မောင်နှမနှစ်ယောက်သည် သူငယ်ချင်းများ လာခေါ်သံ ကြားရ၍ထင့်၊

ငှက်သီတံအားမီးဖိုနံဘေးတွင် ထိုးစိုက်ထားပြီးလျှင် အဆင်ခြင်မဲ့စွာ အိမ်အောက်သို့ ဆောလျင်စွာ ပြေးဆင်းသွားကြသည်။

ကျောင်းပိတ်ရက်လည်းဖြစ်ပြန်၊ မကစားရတာလည်း ကြာပြီဖြစ်လေရကား ကလေးပီပီ ဆင်ခြင်တိုင်းထွာနိုင်သည့်စိတ် မရှိရှာဘဲမီးဖိုမီးမှာငြိမ်းသတ်မည့်သူမရှိလေ၍ ဘေးတွင်ပုံထားသည့် ထင်းပုံရှိလောင်ကျွမ်းကာ ဟိုမှတစ်ဆင့် ကျူထရံအကာဘက်သို့မီးညွန့်တလူလူ တက်လေတော့၏။

ထိုအချိန်တွင် အနှင်းအနှိပ်ခံလိုက်လင်မယားတို့သဘာဝ ချစ်ပလူးလိုက်ကြဖြင့် အိပ်မောကျနေသည့် ဖိုးသီတို့သည် အိမ်မီးလောင်သည်ကိုပင် မသိလိုက်ကြ။

မီးတောက်မီးလျှံတို့သည် မီးဖိုမှ တစ်ဆင့် ဖိုးဆောင်တို့ အိပ်ခန်းဘက်ထရံဆီသို့တစ်မဟုတ်ချင်းကူးစက်လာတော့သည်။ ထိုမီးညွန့်တို့သည် အနီးအလျှံ၊ မီးခိုးငွေ့၊ မီးခိုးလုံးတို့အဖြစ်သို့ ပြောင်းလဲပြီးသကာလ ဖိုးဆောင်တို့အနီးသို့ ရောက်လာသည်နှင့် ဇကာတစ်ဖြုတ် တောက်လောင်နေရာမှ ချက်ချင်းဆိုသလို "ဟုပ်ခနဲ" ညည်းသံပေးကာ နောက်ကြောင်းပြန်လှည့်ပြီး တိခနဲ ငြိမ်းသွားပါတော့သည်။

တစ်စုံတစ်ယောက်၏ "ဖူးခနဲ" မီးမှုတ်လိုက်သလို အသံကြီးကြောင့် ဖိုးဆောင်တို့လင်မယားမှာ မျက်လုံးဆန်ပြာ လန့်နိုးလာကြသည်။

www.burmeseclassic.com



"အဟွတ် - အဟွတ် - အဟွတ် - ကဖိုးဆောင် - မြန်မြန်ထ - မီး - မီးလောင်နေပလား မသိဘူး၊ တစ်အိမ်လုံး မီးခိုးတွေ မွှန်ထူနေတာပဲ၊ ရေ - ရေ အမြန်သွား - သွားခပ်ချည်၊ ဟင့် - ကျုပ်ကလေးတွေ ဘယ်မှာလဲ၊ ဒုက္ခပါပဲတော် ကျုပ်သမီးနဲ့သား မီးထဲ ပါသွားပြီလား မသိဘူး၊ ကဲ - လိုက်ကြည့်စမ်းပါဦး - ကဖိုးဆောင်ရဲ့"

မွှန်ထူနေသည့် မီးခိုးလုံးတွေကြားမှ မယ်မြ၏ အထိတ်တလန့် အော်သံကြောင့် ဖိုးဆောင်လည်း မနေသာတော့ဘဲ အိပ်နေရာမှ ကသောကမျောထကာ ရေခပ်ရန်အလို့ငှာ အောက်သို့ပြေးဆင်းပါတော့သည်။

အိမ်ပေါ်သို့ ရောက်သည်နှင့် ဖိုးဆောင်သည် မီးလောင်ထားနိုင်ချေရှိမည့်နေရာတို့အား ပြူးတူးပြဲတဲ ရှာဖွေလိုက်သည်။

"ဟင် - မီးဘယ်နားလောင်လို့လဲ မယ်မြရဲ့ ထင်းပုံကတော့ မီးလောင်ထားလို့ မီးသွေးခဲပဲ ကျန်တော့တယ်။ မင်းကလေးတွေလည်း တစ်ယောက်မှ မတွေ့ပါလား။ ဘယ်နားသွားသေနေကြလည်းမသိပါဘူးကွာ၊ ကလေးတွေ ကင်ထားတဲ့ ငှက်ကင်တွေလည်း နလောက်ဆို မီးကျွမ်းလို့ ပြာဖြစ်ကရောပေါ့၊ အင်း စောစောပိုင်းကတော့ တို့ အိပ်ရာနားထိ တောင် မီးလောင်နေတဲ့အသံကြားသေးတယ်မဟုတ်လား၊ ကဲ - ခုကြည့်စမ်း၊ မွှန်ထူနေတဲ့မီးခိုးလုံးတွေကလွဲပြီး ဘာမှ မီးလောင်ရာမတွေ့ပါလား - မယ်မြရယ်၊ အင်း - ဆန်းတော့ အဆန်းသားကွ"

ဖိုးဆောင်စကားကြောင့် မယ်မြလည်း တစ်အိမ်လုံး အနှံ့ပတ်ကြည့်ရင်၊ မီးလောင်ရာမတွေ့သည်နှင့် အံ့သြတကြီး ဖြစ်နေပေသည်။

"ဟုတ်တယ်တော့ - ကဖိုးဆောင်၊ ကျုပ်စိတ်ထဲ မီးလောင်နေသလို ခံစားရပေမယ့် - ဟော - ခုကြည့်လိုက်တော့လည်း ကျုပ်တို့ တဲစုတ်လေးက အကောင်းအတိုင်းပါပဲလား၊ အင်း - မဟုတ်မှလွဲရော - ဒါ - တော့်လည်ပင်းမှာ ဆွဲထားတဲ့ ချိုးအမြီးတော့ရဲ့သိဒ္ဓိတန်ခိုးကြောင့် မီးကွင်းသွားတာပဲ ဖြစ်မယ်"

❐

မာယာများသည့် ပဒ္မလက်ချိုးအမြီးတော

ဤအဖြစ်အပျက် ဖြစ်သွားပြီးနောက် ရစ်လခန့်အကြာတွင်ဖြစ်သည်။ ဖိုးအောင်တို့အိမ်မှ ရေတွက်လျှင် (၇) အိမ်မြောက် တဲအိမ်တစ်အိမ်မှစတင်ကာ ဤတောင်ခြေရွာကလေးတွင် မီးလောင်မှု ဖြစ်ပွားလိုက်သည်။



"မီးစလောင်တဲ့ အိမ်ရှင်က ငမူးထော်ကြီးတဲ့ဟေ့၊ ဒီကောင် သူ့မိန်းမနဲ့ စိတ်ဆိုးပြီး သူ့အိမ်ကို မီးတက်ရှို့ရတယ်လို့ကွာ၊ သွားပါပြီ - ငါတို့အိမ်တွေပြာလုံးလုံးကျပါပေါ့၊ မိုက်ချက်က ကမ်းကုန်ပါပေ့ထော်ကြီးရာ"

"အင်း - ဒီကောင့်ကို ငါကိုယ်တိုင် သတ်ပစ်မယ်"

"ခုမှပြောမနေကြနဲ့တော့၊ ဒီကောင်ကိုဖမ်း၊ သူကြီးဆီအပ်ပြီး ထိတ်တုံးသာ ခတ်ခိုင်းပေတော့ဗျို့"

"အောင်မယ်လေး - အကျိုးတော့ နည်းပါပေါ့ - ထော်ကြီးရာ၊ နင်သောက်မှန်းကမ်းမှန်းမသိ လုပ်ရက်လို့ အမယ်အိုကြီး - ငါ့မှာ နေစရာ စားစရာမရှိတော့တဲ့ ဘဝပျက်ပြီဟဲ့၊ ခွေးသူတောင်းစားရဲ့ ဟီး - ဟီး - ဟီး"

လေသင့်တုန်း ပင့်လိုက်သည့် မီးညွန့်ကြောင့် ဖိုးဆောင်အိမ်မှလွဲ၍ ညာ (၆)အိမ် (၇)အိမ်၊ ဘယ်သုံးလေးအိမ်တို့မှာ မီးထဲ ပါသွားကြသည်။

အလျှံတညီးညီးဖြင့် မီးတောက်မီးလျှံတို့သည် ဖိုးဆောင်၏အိမ်၏ ညာဘက်ခြမ်းမှ စတင်လောင်ကျွမ်းပြီးသကာလ ထူးဆန်းအံ့သြဖွယ် ဖိုးဆောင်အိမ်ကို ကွေ့ကျော်ကာ ဘယ်ဘက်သုံးလေးအိမ်ရှိရာသို့ ကူးစက်လောင်ကျွမ်းလေတော့သည်။

ချိုးအမြီးတော၏ အံ့မခန်းသည့် သိဒ္ဓိအစွမ်းကြောင့်ပေလားမသိ။ ဖိုးဆောင်အိမ် မီးမကူးခြင်း၊ မီးကွင်းခြင်းအတွက် တောင်ခြေရွာရှိ ရွာသူရွာသားတို့သည် လွန်စွာ အံ့သြခြင်း ဖြစ်ကြရေသည်၊

"မီး - ဒီလောက် လောင်နေတာတောင်၊ ဖိုးဆောင်အိမ် မီးမကူးဘူးဟဲ့၊ အံ့ပါရဲ့ကွာ၊ အင်း - ဖိုးဆောင်မှာ ချိုးအမြီးတောဆိုပါလား၊ အဆောင်ကောင်းကောင်း ရှိတယ်တဲ့ကွ၊ ဒါကြောင့်ပဲ ဖြစ်မှာ"

တစ်ယောက်စကား တစ်ယောက်နားဖြင့် မြို့နေ အမြီးတောမှဆိုးတို့သည် ဖိုးဆောင်အိမ်သို့ ချောင်းပေါက်ခတာတ် ရောက်လာကြကာ သူ့ထက်ငါ ဈေးပြိုင်ပေးဝယ်ရန် စကားဆိုင်ကြလေ၏။ ထိုစဉ်က ဖိုးဆောင်သည် ကြိုက်ဈေးမရသေးဟုဆိုကာ ထိုချိုးအမြီးတောဥအားသူ့လည်ပင်းမှာပင် ဆွဲလက်စနှင့် ဆွဲထားလိုက်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ - တစ်နေ့ ငုံးထောင် ချိုးပစ်ခြင်းဖြင့်သာ ဝါသနာကို အရင်းခံလျက်၊ ငှက်လိုက်မှုဆိုးအဖြစ်နှင့်သာအချိန်ကုန်နေသည့်ဖိုးဆောင်သည် သားပစ်မယားပစ်အခြေသို့ပင် ရောက်ရှိနေပေပြီ၊ လုပ်လိုက်စလယ်ကလေး (၄ - ၅) ဧကအား သူရင်းငှား လုပ်ယုံတော်စံရအား အလုံးစုံပုံအပ်ပြီး လက်လွှဲလိုက်သည့် ဖိုးဆောင်အဖို့တော့သို့တက်ပြီး ငှက်လိုက်ခြင်းဖြင့်သာ သုခဘဝ ပြီးပြည့်စုံပြီဟု ယူဆထားနေသူဖြစ်၏။

တစ်နေ့တွင် ဖိုးဆောင်နှင့် ငယ်သူငယ်ချင်းဖြစ်သူ "သန်းဆင့်" တို့တော ထဲရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ငုံးထောင်ရင်း စကားပြောဖြစ်ကြသည်၊

"ဖိုးဆောင် - မင်းကို ပြောရမှာ အားလည်းနာ၊ သနားလည်းသနားတယ်ကွာ၊ မင်းက ရိုးလွန်းအလွန်းတော့ မင်းမိန်းမ လှည့်စားသလို ခံနေရတဲ့ကောင်၊ မင်းပေါ့လေ၊ မိန်းမငယ်ငယ်လေးကိုယူထားမိတော့ "အိမ်ထောင်" ဆိုတဲ့ အတိုင်းထောင်ဝက်ကြွေးတွေကို ခံနေရတာပေါ့ကွာ"

သူငယ်ချင်းဖြစ်သူ သန်းဆင့်စကားကြောင့် ဖိုးဆောင်သည် မည်သို့မျှ နားမလည်နိုင်ရှာဘဲ နဝေတိမ်တောင်ဖြစ်သွားရသည်၊

"မင်း ဘာတွေ လာပြောနေတာလဲ သန်းဆင့် ရာ ...၊ မင်းစကားက ဘာအဓိပ္ပာယ်လဲ၊ ငါ နားမလည်ပါလား"

ဖိုးဆောင် အမေးရှိ လာပြီမို့ သန်းဆင့်သည် မပြောမပြီး မတီးမပြည် ဆိုသည့်ကိန်း ဆိုက်လာပြီဖြစ်ချေ၍ မျက်နှာပူပူနှင့်ပင် ပြောချလိုက်ရတော့၏၊

"ကဲ - နားထောင်၊ ငါပြောမယ် ဖိုးဆောင်၊ မင်းမိန်းမ မယ်မြဟာ ပင်ပန်းတကြီး ရှာကျွေးနေတဲ့ မင်းမျက်နှာကိုမှ မထောက်ပဲ မင်း ယုံကြည်လှပါတယ်ဆိုတဲ့ မင်းရဲ့လုပ်ယုံစံရနဲ့ ဖောက်ပြန်နေကြတာကွ၊ ဒါကို မင်း မသိဘူးမှတ်လား၊ အေး - မိန်းမလင်ငယ်နေတာကိုတစ်ရွာလုံး သိကြပေမယ့် ကာယကံရှင်ဖြစ်တဲ့ မင်းကတော့ ဘယ်သိပါ့မလဲကွာ၊ ဒါမျိုးက ပြောကောင်းတဲ့စကားမှ မဟုတ်တာ၊ ငါ့လို မင်းနဲ့ လည်ပင်းဖက်ကြီးလာတဲ့ ငယ်သူငယ်ချင်းကလွဲရင် မင်းကို ဘယ်သူ ပြောရဲ သတိပေးရဲမှာလဲကွာ၊ ငါကတော့ ငါ့သူငယ်ချင်းရဲ့ နွားကျတဲ့ဒုက္ခကို ကြည့်မနေနိုင်ဘူးဟေ့၊ မင်းက တောထဲမှာ ငှက်ထောင်လိုက်၊ ယုန်လိုက်နဲ့ လောကကြီးတစ်ခုလုံးကို မေ့နေတဲ့ အချိန်မှာ မင်းမိန်းမနဲ့ စံရ၊ အိုကွာ - ငါ မပြောလိုက်ချင်ဘူး၊ ပြောရမှာတောင်



ပါးစပ်သနတယ်ကွ၊ မင်းပေါ့၊ မင်းက အကောင်ပလောင်တွေနဲ့ ဟာ - ဟား ဟား - လောကကြီးကိုက မတရားဘူးကွ၊ မင်းအစား ရင်နာလွန်းလို့ ခုလို ရင်ဖွင့်လိုက်ရတာ၊ ငါ့ကို ခွင့်လွှတ်ပါကွာ"

ငယ်သူငယ်ချင်းသန်းဆင့်၏ ထင်မှတ်မထားသည့် စကားကြောင့် ဖိုးဆောင်မှာ ငယ်ထိပ်ကို မြွေပေါက်ခံရသလို "မိုက်ခနဲ" ရောက်ရှားတုန်လှုပ်သွားသည်၊

အဆိပ်ပြင်းသည့်မြွေ ပေါက်ခံရပြီးနောက် ထိုမြွေဆိပ်တို့သည် ခန္ဓာကိုယ်ထဲရှိ အာရုံကြောတစ်လျှောက်သို့ ပြင်းရှသည့်ဝေဒနာအဖြစ်သို့ ကူးပြောင်းသွားသလို ဖိုးဆောင်တစ်ကိုယ်လုံးအား ကတုန်ကယင်ဖြစ်သွားစေသည်၊ နာလိုခံခက်သည့် ဝေဒနာတစ်ရပ်နှင့်အတူ မူးသြခြင်း၊ ရှက်ခြင်း၊ နာကြည်းခြင်း စသည်းဟူသည့် ခံစားချက်တို့မှာ ရင်နှင့်အမျှ ရှန်းကြွလာသည်၊

"ဒါ - ဒါ - တကယ်လားသူငယ်ချင်းရာ၊ မင်းစကား ကြားရတာ ငါတော့ ရူးပြီကွ၊ မင်းပြောတာမဟုတ်ဘဲ အခြားတစ်ယောက်ယောက်ပြောတာသာ ငါ ကြားရရင် ပြောတဲ့အကောင်ကို ငါသတ်ပြီမှာအမှန်ပဲ - သူငယ်ချင်း"

"အေးပေါ့ကွာ၊ ဒါကြောင့် ဒီလိုကိစ္စမျိုးကို ဘယ်သကောင့်သားက အမှန်းခံ အတိုးအကြိုတ်ခံပြီး မင်းကိုပြောရဲမှာလဲ၊ မင်းဘဝက ထောင်ကျနေတဲ့ ထောင်သားတွေထက် ဆိုးပါ့တွာ၊ နစ္စရူပ ဒီအိမ်၊ ဒီတောနဲ့ပဲ တဝဲလည်လည်နေရတော့ မာယာများတဲ့လောကကြီးအကြောင်း မင်း ဘာမှမသိလိုက်ရဘူး၊ မင်းရဲ့အချစ်၊ မင်းရဲ့ မာယာများတဲ့ လောကကြီး အကြောင်း မင်း ဘာမှမသိလိုက်ရဘူး၊ မင်းရဲ့အချစ်၊ မင်းရဲ့အယုအယတွေကို မျှော်လင့်စောင့်စားနေတဲ့ မယ်မြအပေါ် မင်းဖြည့်ကောဖြည့်ဆည်းပေးနိုင်ရဲ့လား ငါ့သူငယ်ချင်းရယ်"

သန်းဆင့်စကား ပစ်မှတ်၊ မြားချက်က ဖိုးဆောင်၏ အိမ်ထောင်ရေးလျှို့ဝှက်ချက်အပေါ် ဒက်ထိ ပစ်မလွဲ ထိမှန်သွားချေ၍ ဖိုးဆောင် ပါးစပ်အဟောင်းသားဖြစ်သွားရသည်၊

"အဲ - အဲ - မင်းပြောလည်း ခံရမှာပဲ သူငယ်ချင်း၊ တစ်နေ့တစ်နေ့ မောမော ပန်းပန်းနဲ့ ငှက်ထောင်ရောက် ထမ်းပြန်လာရတဲ့ ငါ့မှာ ညည့်နက်မှ ပြန်လာရတော့ - အမှန်ပြောရရင် မယ်မြနဲ့ အိပ်ဖို့ ငါ့စိတ်မပါခဲ့တာ အမှန်ပဲ၊ အင်း - ခေါင်းချ

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ အိပ်မောကျသွားတဲ့ဒါဟာ ၄က် အိပ်မက်ကလွဲပြီး ဘာဆိုဘာမှ မသိတော့ဘူး”

“အဲဒါဟာ အဓိကအချက်ပဲသူငယ်ချင်း၊ အိုး – ဟိုး – ဒါကြောင့်ကို၊ ခုဆိုရင် မယ်မြဟာစံရကိုပတ်ဝန်းကျင်အမြင်မှာ အိမ်သားတစ်ယောက်လို တရင်းတနီး နေပြနေပေမယ့်အမှန်တော့စံရနဲ့မယ်မြဟာတိတ်တိတ်ပုန်းညားနေကြတာကြာပြီကွ”

သန်းဆင့်၏ပြင်းထန်သည့်ထိုးနက်ချက်ကြောင့် ဖိုးဆောင်သည် ကြက်ကြီးလည်လိမ်သည့်ပမာ ငိုင်တွေကျသွားရှာလေတော့သည်။

“အင်း – မယ်မြ – မယ်မြ၊ အယုတ်တမာမ၊ နေနှင့်ဦးပေါ့ကွာ – တောက်”

ထိုနေ့က သူငယ်ချင်းသန်းဆင့် စကားကြောင့်ဖိုးဆောင်သည် ပေါက်ကွဲလာသည့်ဒေါသကို မျိုသိပ်ပြီးသကာလ ခေါင်းငိုက်ဖြင့်အိမ်ပြန်လာခဲ့တော့သည်။

နောက်တစ်နေ့တွင် အကြံသမား ဖိုးဆောင်သည် စပါးဖိုး သွားတောင်းမည်ဟု အကြောင်းပြကာ တစ်ဖက်ရွာသို့ ထွက်သွားလေသည်။

“မယ်မြ – စပါးကြွေးတွေလာမဆပ်ကြလို့၊ ငါ လိုက်တောင်းလိုက်ဦးမယ်၊ (၄၊၅)ရက်လောက်တော့ကြာလိမ့်မယ်၊ ငါမရှိတုန်း ကလေးတွေကို တော်တော်ကောင်းကြည့်ရှထား – မယ်မြ၊ ငါ့လယ်ကိုတော့ စံရနဲ့ပဲ လက်လွှဲထားနှင့်”

အကြံအစည်တစ်ခုဖြင့် ထွက်လာသည့်ဖိုးဆောင်သည်မယ်မြအား ဤသို့မှာကြားပြီးလျှင် လွယ်အိတ်တစ်လုံးကို လွယ်ကာ ရွာမှ ထွက်လေ၏။

လဆုပ်ပက္ခရက်မို့ညသည်မဟုရာမည်းညစ်ရောင်ဆေးသား ထူလျှစ်တို့ကို တို့ကာ၊ ထိကာ ဖွာလန်ကြဲသည့် စုပ်ချက်ကြမ်းကြီးဖြင့် လက်သရမ်းလိုက်ရေ၍ တောင်ခြေတစ်ရွာလုံး ပိတ်ပိတ်ပိန်းမျှ မှောင်အတိ ကျသွားရေပြီ။

ဖိုးဆောင်သည် ညအမှောင်ထု အစေါ်အခွင့်ကောင်းယူရင်းမိမိအိမ်အနီး သို့ သူခိုးချွတ်နင်းသလို ကပ်လာသည်။

သူငယ်တိတ်ဆိတ် လှခြေတိတ်ပြီ ဖြစ်ရေ၍ တစ်ရွာလုံးမှာ အပ်ကျသံပင် ကြားရလောက်အောင် ငြိမ်ဆိတ်နေပေပြီ။

ဖိုးထောင်သည် ပေါက်ပြဲနေသည့် ထရံပေါက်မှတစ်ဆင့်အိမ်အတွင်းဘက်သို့ချောင်းကြည့်လိုက်၏။ဘုရားကျော ဆောင်အောက်တွင် ကွေးကွေးလေး အိပ်ပျော်နေသည့် သမီးနှင့်သားတို့အ



မှိန်ပျပျ ဘုရားမီးရောင်အောက်တွင် ရိုးတိုးရိပ်တိတ် မြင်လိုက်ရသည်။

အိပ်ခန်းထဲမှာတော့ လူရိပ်လှုပ်ယောင် အကောင်အထည်ကို မမြင်ရပေမယ့် တိုးညှင်းသည့်အသံနှစ်သံအား မသဲမကွဲတော့ ကြားလိုက်ရသည်။

“စံရ – နင် သိပ်မကဲနဲ့နော်၊ တော်ကြာ – ငါ့ယောက်ျားရောက်လာမှ ဟုတ်ပေ့ဖြစ်နေဦးမယ်၊ တကတဲ – ခုမှ နွားတော်ရေကျ လုပ်ပြမနေနဲ့”

“ဟာ – မမယ်မြကလည်းဗျာ၊ ကိုဖိုးဆောင် ခရီးထွက်သွားတယ်ဆို၊ တယ်လိုလုပ် ဒီည ပြန်လာနိုင်မှာလဲ”

“ဟီး – ဟီး – နင် ကဲလွန်း ဆိုးလွန်းလို့ကြောက်မလားဆိုပြီးဖြဲခြောက်ကြည့်တာ၊ တဲ – သဘောရှိပရောဟီ – ဟင်း – ဟင်း”

တိုးလျှလျှ ခြင်ထောင်သံဖြင့်သာ ပြောနေကြသော်လည်း ကြားလိုက်ရသည့်ဖိုးထောင်အဖို့ နားယံ၀သို့ မိုးကြိုးပစ်ခံရသည့်နှယ် ဒိန်းခနဲ၊ အုန်းခနဲ ပေါက်ကွဲမြည်ဟည်းသွားတော့သည်။

“သောက်ကမြင်းမ – လင်ငယ်နေတဲ့ကောင်မ – နင်သေပေတော့ – သစ္စာဖောက်စံရ – မင်းကိုလည်း အရှင်မထားဘူး”

“မယားထိ ဓားကြည့်”ဆိုရိုးစကားအတိုင်း မျိုသိပ်နိုင်စွမ်းမရှိတော့သည့် ဖိုးဆောင်သည် အိမ်တံခါးမကြီးကို ရှိသမျှအားဖြင့် ဆောင့်တန်ပြီး ဖွင့်ဝင်လိုက်သည်။

“ဒီညဖြင့် ကဖိုးဆောင်မလာနိုင်” ဆိုသည့်အတွေးနှင့် စိတ်ချလက်ချ အချစ်ပလူးနေ့ာကသည့် စံရနှင့် မယ်မြတို့သည် မကောင်းဆိုးဝါးအကောင်တစ်ကောင်အား မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသည့်နှယ် ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

အခိုက်အတန့် အချိန်တွင်းမှာပင် သူတို့သည် အသင့်ဖွင့်ထားသည့် အိပ်ခန်းပြတင်းပေါက်မှ ခုန်ဆင်းပြေးလေတော့၏။

ဘယ်လိုပင် သတ်မည်ဖြတ်မည်ဟု ကြုံးဝါးလိုက်ပါသော်လည်း တကယ့်လက်တွေ့မှတ်တော့ လူသတ်ဖို့ ဖိုးဆောင် စိတ်မရဲခဲ့ချေ။

ရိုးသားသည့်တောသူတောင်သားပေမို့လည်း စိတ်ဆိုးဒေါသာ ငြိမ်းခြောက်လိုက်ပေမယ့် သည်အခြေထိ ဖိုးဆောင် မရှည်ရှယ်။

သို့ဖြင့် ဖိုးဆောင်သည် မငှာခင် ကတည်းက ရဲဆေးတင်ခေါက်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် အရက်ရှိန်ဖြင့် ဘုရားကျောင်းဆောင်အောက်တွင် အိပ်နေသည့်သမီးနှင့်သားကို ဘေးနားမှာပင် စိတ်မောလူမောဖြင့် ခွေအိပ်လိုက်တော့၏။

❒

အကုသိုလ်တို့မည်သည် တစ်ခုတည်းမလာ၊ အဖော်ခေါ်လာတတ်သည် ဆိုသလို ဖိုးဆောင်အဖို့ ကံဆိုးမိုးမှောင်ကျသည့်နေ့ဟု ပြောရမည်လားမသိ၊

ညက အရက်နာကျပြီး စောစောက ရေမိုးချိုးစဉ်ကရှုတ်ထားမိသည့်အိတ်ရှုံကလေးနှင့်ချီးအမြှေတေအားဖိုးဆောင်သည် မေ့မေ့လျော့လျော့ဖြင့် ခေါင်းအုံးအောက်တွင် သိမ်းထားမိလိုက်သည်၊ ဖြစ်ချင်တော့ ရွာထိပ်မှ သူငယ်ချင်းဖြစ်သူ အောင်ငြိမ်းလာခေါ်သည်နှင့် တောထဲသို့ကတိုက်ကရိုက်လိုက်သွားမိလိုက်သည်၊

ထိုနေ့က တောကြက်၊ ဘွတ်ခလုံနှင့် ချိုးငှက်များ ခပ်များများရလိုက်၍ သူငယ်ချင်းနှစ်ဦး အညီအမျှခွဲဝေပြီး ပြန်လာသည့်အချိန်တွင် ဖိုးအောင်အတွက် ငြိုဟ်ဆိုးဝင်လေတော့၏၊ ညတွင်းချင်း မိမိအိမ်မှထွက်ပြေးသွားပြီး ဘယ်အချိန်က ပြန်လာမှန်းမသိသည့် မယ်မြ၏ ဇာတစ်စောင်...။

"ကဖိုးဆောင် - ရှင့်ချီးအမြှေတေကို ကျုပ်တို့ ယူသွားပြီ၊ ရှင့်ကို မပေါင်းချင်တော့လို့ စံရနဲ့ လိုက်သွားပြီ၊ လိုက်မရှာပါနှင့်"

အမိုက်မမယ်မြ

မီးဖိုဘေးမှ မှိုင်းစွဲနေသည့် ထရံကြားတွင်ညှပ်ထားသည့်ညစ်ထေးထေးလက် ရေးမညီ စာကြောင်းတို့က ဖိုးဆောင်ရင်ဘတ်ကိုဖနောင့်နှင့်ပေါက်လိုက်သည့်နှယ် ကြိုးဆိုလိုက်သည်၊

အမိုက်မမယ်မြသည် အခြေမဟန်လေပြီမို့ တိတ်တိတ်ပုန်းညားနေသည့် လင်ငယ်ဖြစ်သူ စံရနှင့် အထုပ်ကလေးပိုက်ကာ နီးကြောင်နိုးဝှက်ဖြင့် ရွာမှ တိတ်တဆိတ် ထွက်ပြေးသွားလေပြီ၊

မိန်းမယုတ်တို့မည်သည် ယုတ်မာပြီဆိုလျှင် ကမ်းကုန်အောင် ယုတ်မာတတ်ကြချေ၏ဆိုသည့် စကားအတိုင်း မယ်မြသည် ကျောင်းသွားနေသည့် သူ့ရင်သွေးနှစ်ဦးကိုပစ်ကာ လင်ငယ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားချေပြီတကား၊

"ပေး - ပေး - ပေး - ငါ့ချီးအမြှေတေ ငါ့ပြန်ပေး"

"စံရရေ - ငါ့မိန်းမ ငါ့ပြန်ပေးလေကွာ"

"ချီးလေးတွေကိုမှတ်ပြောင်းနဲ့မှတ်ပြီး ငါ့မိန်းမနဲ့ လဲမယ်လေကွာ"

"ပေး - ပေး - ပေး - မယ်မြရေ - ငါ့အမြှေတေ ငါ့ပြန်ပေး"

မယ်မြနှင့် ချီးအမြှေတေပျောက်ဆုံးသွားသည့် နေ့မှစ၍ ဖိုးဆောင် စိတ်ဖောက်လာသည်၊ ထိုမှတစ်ဆင့် သွက်သွက်ခါအောင် ရူးလေတော့သည်၊ သူသည်စိတ်နှင့်ကိုယ်မကာပ်ချေဘဲ အသိမဲ့ခန္ဓာဖြင့် ငုံးတောင်သည့်အုပ်ဆောင်းကို ယူလာ၍လည်းကောင်း၊ မှတ်ပြောင်းကို ထမ်းလျက်လည်းကောင်း မရနိုင်သည့်နေရာ၊ မမြင်နိုင်သည့်ငှက်တို့ကိုအချည်းနှီးပစ်ခတ်ရင်း အရူးတစ်ယောက်လို ဦးတည်ရာမဲ့ ခြေဦးတည့်ရာ လျှောက်သွားနေပေသည်၊ အစာကျွေးဖို့ပင် သတိမရနိုင်တော့သည့် ဖိုးဆောင်ကြောင့် တည်ငုံးဝှက်ကလေးမှာ ငှက်အုပ်ဆောင်းထဲမှာပင် အစာငတ်၍သေ



ရာပြီ၊ မိမိတို့ မျိုးနွယ်စုအပေါ် သစ္စာဖောက်ကာ သေစေညွှန်းခဲ့သည့် ထိုတည်ငုံးအတွက် ဘဝကြွေးမှာကပင် ဒဏ်ခတ်လိုက်လေသလား၊ ထိုစဉ်ခါမှစ၍ ဖိုးဆောင်သည်တစ်ရွာဝင်တစ်ရွာထွက်၊ တစ်တောဝင်၊ တစ်တောင်တက်ဖြင့် အရူးကြီးလုံးလုံးဖြစ်ကာ တောင်ခြေရွာကလေးမှ ထူးဆန်းစွာ ပျောက်ဆုံးသွားလေတော့၏၊ မိဘမဲ့ကျန်ရစ်သူ လူမမည်ကလေးနှစ်ယောက်တို့မှာလည်း စားရမဲ့၊ သောက်ရမဲ့ဘဝနှင့်ပင် တစ်အိမ်ဝင်တစ်အိမ်ထွက်၊ မသထာရေစာတို့ကို တောင်းရမ်းစားသောက်ရင်း လေလွင့်ငှက်ငယ်ပမာ ပေါက်လွှတ်ပဲစားဘဝ အခြေသို့ ရောက်ရှိကြကုန်၏၊ တစ်နေ့မှာတော့ ဆာလောင်မွတ်သိပ်နေကြသည့် မောင်နှမနှစ်ဦးသည် တောကြီးမျက်မည်းကဲ့သို့ မျက်စိလည် လမ်းမှားကာ ရောက်ရှိသွားကြလေ၏၊

ထိုစဉ် ချိုးငှက်မတစ်ကောင်သည် ထိုမောင်နှမနှစ်ဦး၏ ဦးခေါင်းထက်ဆီသို့ ဝဲပျံလာကာ တစ်ရစ်ဝဲဝဲ လုပ်နေချေသည်၊

"မမ - မောင်လေးဗိုက်ဆာတယ်၊ ဟိုမှာ ငှက်ကလေးတစ်ကောင်၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



အသိုက်ထဲက ထွက်လာလိုက် – မောင်လေးတို့ဆီ ရောက်လာလိုက် လုပ်နေတာ၊ သူ့အသိုက်ထဲမှာ ငှက်ဥရှိမယ်ထင်တယ်။ မောင်လေးတို့ ငှက်ဥနှိုက်စားရအောင်နော်”

မောင်နှမနှစ်ယောက်အဖို့ ထမင်းနှင့်ကင်းကွာနေသည်မှာ နှစ်ရက်ခန့်ပင်ရှိချေပြီ။ မိမိမောင်လေးမျက်နှာကိုကြည့်လိုက်တော့လည်း အာဟာရမတော်ပြတ်ချေ၍ လူရုပ်သည်ပင် မပီပြင်တော့ပြီမို့ အစ်မဖြစ်သူမြသက်လေးခမျာ သူ့မောင်လေးစိတ်အလိုကို ယတိပြတ် လိုက်လျောရချေတော့၏။

“လာ – မောင်လေးနဲ့မမ ဒီအပင်ပေါ်တက်ပြီး ငှက်ဥ အတူတူနှိုက်စားကြတာပေါ့နော်”

မောင်နှမနှစ်ဦးတို့သည် ရှိစုမဲ့စု လက်ကျန်အင်အားတို့ကို ဖျစ်ညှစ်စုစည်းပြီးသကာလ ချိုးငှက်သိုက်ရှိသည့် သစ်ပင်ပေါ်သို့ ခဲခဲယဉ်းယဉ်း ကုပ်ကပ်တက်လိုက်ကြ၏။ ပြီးလျှင် ငှက်သိုက်အုံကြီးထဲသို့ လက်ထိုးနှိုက်လိုက်ကြသည်။

“အား – အမလေး”

ကံဆိုးရှာသည့် မောင်နှမနှစ်ဦးသည် မီးစနှင့် အထိုးခံရသည့်ပမာ စူးရှပြင်းထန်သည့်ဝေဒနာတစ်ရပ်ကြောင့် တဒင်္ဂအတွင်းအသိကင်းလွတ်ကာ သစ်ပင်ထက်မှ ပြုတ်ကျလေတော့သည်။

ကလေးပီပီ၊ မဆင်မခြင်စိတ်ဖြင့် ငှက်ဥတက်နှိုက်သည့်မောင်နှမနှစ်ဦး၏ အဖြစ်မှာ အမှန်ပင် ကံဆိုးလှပေစွ။ ထိုစဉ်က ငှက်ဥချိုးဥတို့ကို အစာအဖြစ် ရှာဖွေစားသောက်နေတတ်သော အဆိပ်ပြင်း မြွေဆိုးကြီးတစ်ကောင်သည် အနီး ငှက်သိုက်ထဲတွင် ငှက်ဥတို့ကို ဖောက်သောက်နေစဉ် ကံဆိုးသူမောင်နှမနှစ်ဦး၏ အဖြစ်သည် ဆွမ်းခံရင်း ငှက်သင့်သွားသည်ဟုသာ ဆိုရချိမ့်မည်၊

ချိုးငှက်မကြီးသည် မြွေဆိုးသင့်ကာ အကြောဆွဲရင်း မချိမဆန့် သေဆုံးသွားရှာပြီဖြစ်သည့် မောင်နှမနှစ်ဦး၏ ကိုယ်ခန္ဓာပေါ်သို့ ဖြတ်ပျံရင်း တကျိုကျိုတကျာကျာကြွေးကြော်အော်မြည်ရင်း အသိုက်ဟောင်းကိုစွန့်ကာ အသိုက်အမြုံသစ်တစ်ခု ဖန်တီးတည်ဆောက်ရန် ခရီးဆက်လိုက်ပါသည်။

အမှန်တော့ – ဗိုးဆောင်သည့်ငှက်လိုက်သမားဘဝတွင် ကျင်လည်စဉ် အတွင်း ထိုချိုးငှက်မ အစဉ်အဆက် မြေမြုံပေါက်ဖွားလာခဲ့သည့်ချိုးငှက်ကလေးပေါင်း မြောက်မြားစွာတို့ကို သေမင်း



တမန် မရဏမှတ်ပြောင်းဖြင့် သုတ်သင်သတ်ဖြတ်ပစ်ခဲ့ချေသည်၊

သတ္တဝါပင်ဖြစ်သော်ငြားအငြိုးကြီးသည့် ချိုးငှက်မသည် အမြုံတေတစ်ခုအရင်းပြုကာ ပဋ္ဌလက်မာယာများဖြင့် ကျားကွက်ရွှေ့သလို မှားခေါ်ခဲ့လေရော့သလားဆိုတာကိုတော့ မည်သူတစ်ဦးတစ်ယောက်မှ သိမသွားခဲ့ပါချေ။

သည်သို့ဖြင့် ဤကြေကွဲဖွယ်ရှိုးမတစ်နေရာရှိတောင်ခြေရွာမှမြွေပါလည်းဆုံး သားလည်းဆုံးဆိုသည့် ဇာတ်လမ်းတစ်ပုဒ်သည် လူမသိ သူမသိအဖြစ်နှင့်သာ ဖြစ်ပျက်ခဲ့ချေတော့သည်၊

⇨ ညိုရောင်

**ဂျိုရလောကဆေးမြီးတို**


**မြွေပတုတ်ကိုက်** – ကျွန်းသားမီးသွေးကို ကြိတ်၍သိပ်ပါ။


**မြွေဟောက်ကိုက်** – ငမြွေကြီး၊ စဥ္စမခံနှစ်ပါးကို အရက်၊ ရေနွေး ရရာနှင့် အမှုန့်သွေး၍ သောက်ပါ။

**ရေငတ်ဝမ်းကျ** – မန်ကျည်းဖျော်ရည်တိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



**သစ္စာမသိဘဲ** အနှစ်တစ်ရာ အသက်ရှည်သော်လည်း လူ့ဘဝရခြင်းသည် အပိုသာဖြစ်၏။

သစ္စာသိပြီး တစ်ရက်မျှ အသက်ရှည်သော် မြတ်၏။

တရားအရသာကို မခံစားဘူးလျှင် ကာမကို အထင်ကြီး၏။

ကိုးဆယ့်ခြောက်ပါးရောဂါပျောက်ချင်လျှင် တရားဆေး သောက်ရမည်။

အကြားအမြင်မရှိလျှင် တဏှာနိုင်းတာကို ကျွန်ပီပီ လုပ်နေမည်သာဖြစ်၏။

တဏှာခိုင်းတိုင်း လုပ်နေခြင်းသည် အရှက်မရှိလို့သာဖြစ်၏။

တဏှာနှင့် ပေါင်းမိလျှင် အနေလည်း မအား၊ အသေလည်း မအားနိုင်တော့ပေ။

❐

ရွှေပြည်သာမြို့တည်တည်စအချိန်ကာလဖြစ်၏။

မြို့သစ်ဟုသာ အမည်နာမတပ်ထားရသော်လည်း ကျွန်ုပ်တို့နေထိုင်ရသော ပန်းခြံတစ်ဆယ့်ခြောက်ရပ်ကွက်သည် လော်ကားဘူတာနှင့် တစ်မိုင်ခွဲသာသာခန့် ဝေးနေသေးသလို တညင်းကုန်း၊ လော်ကားသို့ ပြေးဆွဲနေသော လိုင်းကားကြီးများဆီ ရောက်ရန်မှာလည်း မိုက်ဝက်ခန့် လမ်းလျှောက်မှ ရောက်နိုင်လေ၏။

တိုမိုင်ဝက်ခရီးမှာလည်း ရွံ့ဗွက်ထဲ ရှန်းကန်လှုပ်ရှားသွားလာနိုင်မှသာ လိုရာခရီးကို ရောက်နိုင်ပေ၏။

ထိုကြောင့်များ ရွှေပြည်သာမြို့သစ်ဟု ခေါ်ဆိုလေသလား မသိပါချေ။

အော် – ရွှေပြည်သာမြို့သစ်ရယ်၊



❐

ကျွန်ုပ်တို့နေထိုင်သော ပန်းခြံတစ်ဆယ်ခြောက်ရပ်ကွက်၏ရှေ့တည့်တည့်တွင် ပန်းခြံကိုးရပ်ကွက်ရှိ၏။

ပန်းခြံတစ်ဆယ့်ခြောက်ရပ်ကွက်နှင့် ပန်းခြံကိုးရပ်ကွက်ကြီးနှစ်ရပ်ကွက်ကြားတွင် ရိုးချောင်းလေးတစ်ခု ခြားသလို ကျူတောလေးတစ်ခုလည်း ခြားလေ၏။

ရိုးချောင်းလေးမှ ရေသည် ပါးတစ်ရာမြစ်ကြီးထဲသို့ စီးဝင်၏။

ရိုးချောင်းလေး၏ ကမ်းစပ်တစ်လျှောက်တွင် လမုပင်၊ ဓနိပင်၊ ကျူပင်များ ရှုပ်ရှုပ်ထွေးထွေး ပေါက်ရောက်နေလေ၏။ ထိုချောင်းလေးနှင့် လမုပင်၊ ကျူပင်၊ ဓနိပင်၊ မြို့ပင်များ ပေါက်ရောက်နေသော တောတန်းလေးနှင့် ကျွန်ုပ်တို့နေသော ပန်းခြံတစ်ဆယ့်ခြောက်ရပ်ကွက်ကြားတွင် လယ်ကွက်ကြီးများ တည်ရှိလေ၏။

မိုးအခါတွင် ထိုလယ်ကွက်ကြီးများကို ဒေါ်ဆစ်တို ဟူသော လယ်သူမကြီး မိသားစုမှ သူမ၏ လယ်ကွက်များကို ထွန်ယက်စိုက်ပျိုး၏။

နွေအခါဆိုလျှင်တော့ ရိုးပြတ်နှင့် အတိပြီးလေ၏။

ကျွန်ုပ်တို့ရပ်ကွက်သည်သာရေးမြို့၊ နာရေးဖြစ်ဖြစ် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများကြွရောက်ရသည်မှာ ဝေးကွာသီခေါင်လှလေ၏။ ဆွမ်းခံရဟန်းပင် နေ့စဉ်ဆွမ်း၊ ဆွမ်းဟင်းခံယူရန် အတော်ပင်ကြိုးစားရပေမည်။

အဘယ်ကြောင့်ဆိုသော် ရဟန်းသံဃာများ နေထိုင်သီတင်းသုံးရာ ထဆင်ထူးရပ်ကွက်သည် ကျွန်ုပ်တို့ရပ်ကွက်ရာ၊ ပန်းခြံတစ်ဆယ့်ခြောက်နှင့် ဆိုသော် အတန်ငယ်လှမ်း၏။ မဖြစ်မနေပင့်ရမည့် နာရေး၊ သာရေးကိစ္စများအတွက် ကားဖြင့်ပင့်ပြီး အမိုးကြီး ကားဂိတ်သို့မဟုတ်အောင်ချမ်းသာမှတ်တိုင်ရောက်မှ ကျွန်ုပ်တို့ရပ်ကွက်သို့ ဆိုက်ကားဖြင့် ခေါ်ဆောင်ရလေ၏။

တို့ဆိုက်ကားဆရာများမှ ဆိုက်ကားကို နိုင်း၍ပို့ရသည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



တွန်း၍ ပို့ရလေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ရပ်ကွက်အတွင်း ဝင်ရသောလမ်းများသည်လမျက်နှာပြင်ပမာ ကျင်းများ၊ ချိုင့်များ လွန်စွာ ပေါများသောကြောင့် ဖြစ်လေ၏။

ထိုသွားရေးလာရေး ခက်ခဲသော ရပ်ကွက်ကို ပန်းခြံတစ်ဆယ့်ခြောက်ဟု ခေါ်လေသတည်း။

ပန်းခြံတစ်ဆယ့်ခြောက်ရပ်ကွက်တွင် ကျွန်ုပ် စာရေးသူနှင့် လွန်စွာရင်းနှီးသော ကိုတိုးဝင်း၊ ကိုမြသိန်း၊ ကိုကျော်ဝင်း၊ ကိုချမ်းအေး၊ နိုင်နိုင်၊ ဖိုးဖော်၊ သော်တာ အမည်ရှိကဖော်သမားအုပ်စုနှင့်အတူ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း နေထိုင်ကြလေ၏။

သို့သော် ထိုကဖော်သမား၊ အရက်သမားတို့အထဲတွင် ကိုမြသိန်းသည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး ယခင်ရုပ်ရှင်ရုံမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူး၏။

သော်တာမှာ လျှပ်စစ်ကျွမ်းကျင်လုပ်သားဖြစ်၏။

ဤ၌ကျွန်ုပ်၏ဇနီးသည်တွင်မောင်နှမ်ယောက်ရှိပြန်၏။ တစ်ယောက်သောသူမှာ ကိုတိုးဟု ခေါ်လေ၏။

နိုင်နိုင်မှာ ကာယလုပ်သားဖြစ်ကာ စိတ်သဘောထား ဖြူစင်လေ၏။

ထိုအထဲတွင်မှ ကိုတိုးဝင်းသည် ပညာမတတ်၊ လူမှုရေးလည်း မဆော်ရှက်၊ လုပ်ကိုင်စားသောက်သည် အသက်မွေးမှုအလုပ်ကလည်း အနေ့ယာဉ်လုပ်သား ဆိုက်ကားသမား ဖြစ်၏။

တုတ်တပြက်၊ ဓားတပြက် ရှုည်ပွက်တယ်ဆိုသည့် အဆိုတော်လွှမ်းမိုး၊ သီဆိုထားသည့်ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဒီလိုပဲရှိတယ်ဆိုသည့်လူစားမျိုး ဖြစ်လေ၏။

သို့သော် ကိုတိုးဝင်းသည် လူသားချင်းသာ မကြောင်နာလျှင်သာရှိမည်၊ ခွေးကလေး၊ ကြောင်ကလေးများအပေါ်တွင်တော့ လွန်စွာမှ ကြင်နာတတ်သူတစ်ယောက်ဖြစ်၏။

ကိုတိုးဝင်း တစ်ယောက်တည်းသာ ခွေးကလေး၊ ကြောင်ကလေးများကို ချစ်တတ်၊ ကြင်နာတတ်သည် မဟုတ်ချေ။ ကိုတိုးဝင်း၏ ဇနီး မစိန်ဥသည်လည်း၊ လင်သားဖြစ်သူ ကိုတိုးဝင်းကဲ့သို့ပင် ခွေးကလေး၊ ကြောင်ကလေးများကို ချစ်တတ်၊ ကြင်နာတတ်သူ ဖြစ်လေ၏။

ထိုကြောင့်များအသွင်တူ၍အိမ်သူဖြစ်လေရော့သလား မသိပါချေ။

ကိုတိုးဝင်းနှင့် မစိန်ဥတို့ ဇနီးမောင်နံသည် ဖိုးရှပ်၊ ဖိုးကဲ အမည်ရှိကြောင်



ကလေးနှစ်ကောင်နှင့် ဘဝခရီးလမ်း၌ တွေ့ကြုံဆုံတွဲ ဟူသော လောကဓမ္မ၊ တရားအတိုင်း ဆုံစည်းခဲ့ကြဖူး၏။

ထိုကြောင်ကလေးနှစ်ကောင်နှင့် မစိန်ဥတို့ တွေ့ကြုံ၊ ဆုံစည်းရပုံမှာ မထူးဘူးဟု ပြော၍ရပေမယ့် ဆန်းသည်ဟုတော့ ပြော၍ ရပေ၏။

ထိုနေ့သည်ကား မစိန်ဥ ဖဲပြုတ်ရောင်းပြီး အပြန်၊ ဆောင်းနံနက်ခင်း၏ ရှနစ်နာရီဝန်းကျင်ခန့် ဖြစ်၏။

မစိန်ဥ ပဲပြုတ်သွားရောင်းသည့် ရပ်ကွက်ကား မစိန်ဥတို့နေသော ပန်းခြံ တစ်ဆယ့်ခြောက်ရပ်ကွက်ရှေ့ရှိ ပန်းခြံကိုး ရပ်ကွက်ဖြစ်၏။

ပန်းခြံကိုးရပ်ကွက်မှ ပဲပြုတ်ရောင်းပြီး ပြန်အလာ ရပ်ကွက်နှစ်ခုကြားရှိ ရိုးချောင်းလေးကိုအဖြတ်၊ ထူးထူးဆန်းဆန်းအရာတစ်ခုကို မြင်တွေ့လိုက်ရ၏။

ထိုနေ့က ဆောင်းနှင်းတို့လည်း ဝေသီအုပ်ဆိုင်းကာ မှိုင်းမှိုင်းဝေရီနေသလို အောက်ခြေ၊ မြေကမ္ဘာနှင့်မြတ်တို့သည်လည်း နှင်းမိုးတို့ ပက်ဖြန်းထားလေ၍ စိုစွတ်နေလေ၏။

မစိန်ဥ တွေ့လိုက်ရသော ထူးထူးဆန်းဆန်းအရာမှာလည်းရိုးချောင်းလေး၏ အစပ် ကျူတောလေး၏ အောက်ခြေ အုပ်အုပ်ဆိုင်းဆိုင်းလေးအတွင်းကြောင်မကြီးတစ်ကောင်နှင့်မွေးကင်းစကြောင် ပေါက်စလေးနှစ်ကောင်ကို ဖြစ်လေ၏။

ကြောင်မကြီးမှ လှုပ်ရှားမှု မရှိတော့ချေ။

ကြောင်ချစ်တတ်သည့် မစိန်ဥ ကြောင်မကြီးထံအသွားတွင် ကြောင်မကြီးမှာ သနားစဖွယ်မျက်လုံးများဖြင့် မစိန်ဥကို ကြည့်နေဘိအလား၊ ညှိုးငယ်နွမ်းလျစွာ မြေကမ္ဘာ မျက်ခင်းစိမ်းတို့အပေါ်တွင် လဲကျနေလေ၏။

ပေါက်စကြောင်ကလေးနှစ်ကောင်မှာမူ ဆာလောင်မွတ်သိပ်မှုကြောင့်မိခင်ကြောင်မကြီးကို တညောင်ညောင်ဖြင့်တိုးဝှေ့၍ကြောင်မကြီး၏နို့လုံးလေးများကို အလုအယက် သောက်စို့လိုက်၊ နို့မထွက်၍ မိခင်ကြောင်မကြီး၏ ဦးခေါင်းကြီးအား ခေါင်းလေးများဖြင့် နို့ချပေးရန်တိုးဝှေ့လိုက်ဖြင့် ဆာလောင်မွတ်သိပ်မှုကို ပြသနေလေ၏။

သို့သော်မိခင်ကြောင်မကြီး၏မျက်စိသူငယ်အိမ်မှာ လှုပ်ရှားမှု ကင်းမဲ့နေလေတော့၏။

ကြောင်မကြီး သေဆုံးနေပြီဖြစ်၏။

□

မစိန်ဥမှာ ကြောင်မကြီး အဘယ်ကြောင့် သေဆုံးရသနည်း ဟူသည်ကို သိလို၍ ကြောင်ကလေးနှစ်ကောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားပြီး ကြောင်မကြီး၏ ခန္ဓာကိုယ်ရှိ အမွှေးအမျှင်တို့ကို လက်ဖြင့် ပွတ်သပ် ဖယ်ရှား၍ကြည့်ရှုရာ သွေးစို့ပေါက်လေး နှစ်ပေါက်ကို ထင်ထင်ရှားရှား တွေ့မြင် လိုက်ရလေရာ ပိုးထိသေဆုံးသွားမှန်း သိလိုက်ရလေတော့၏။

မစိန်ဥမှာ ကြောင်သေကြီး လဲကျ သေဆုံးသွားသည့် ကျူတောအုပ်အုပ် လေး၏ အောက်ခြေအနီးအပြားကို စူးစူး စိုက်စိုက် ရှာဖွေကြည့်ရှုလိုက်ပြီး ကြောင် ကလေးနှစ်ကောင်ကို ပဲပြုတ်တောင်း လေးအတွင်းသို့ အသာအယာ ပွေ့ယူ ကောက်ထည့် လိုက်ပြီး အိမ်သို့ ခေါ် ဆောင်ခဲ့လေတော့၏။

အိမ်သို့ရောက်သောအခါတွင် နွား နို့အတွက် သားကိုနို့ကုလားကြီး ဆွာမိ၏ နွားခြံသို့ သွားရောက်ဝယ်ယူကာ နွားနို့ ကြို့ချက် တိုက်ကျွေး၏။ ဈေးသွားကာ မွေးမြူရေးငါးများ ကြော်၍ ဆီချက်လေး များဖြင့် နယ်ဖတ်ကာ ထမင်းကျွေး၏။

ကိုတိုးဝင်း အလုပ်မှ ပြန်လာသော အခါတွင် ကြောင်ကလေးနှစ်ကောင်ကို မစိန်ဥမှ ရိုးရောင်းလေး၏အစပ်မှ တွေ့ မြင် ရရှိခဲ့ကြောင်း သိရှိသွားကာ တစ် ကိုယ်လုံး မည်းမည်းကြုတ်ကြုတ် အဝါ ကွက်ကြီးများ ကြိုကြား ကြိုကြား ဖောက် ထားသည့် ကြောင်ထီး အကြီးကောင် လေးကို "ဖိုးရှုပ်" ဟုအမည်ပေးကာ တစ် ကိုယ်လုံးအဖြူနှင့်အဝါကြားများဖုံးလွှမ်း ထားသည့် ကြောင့် ဝါကြားလေးအား "ဖိုးကဲ" ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြလေ၏။

ဖိုးကဲမှာ မစိန်ဥ၏ အသည်းကျော် ကြောင်ထီးလေးဖြစ်သလို ဖိုးရှုပ်မှာ ဆိုက်ကားသမားကြီး ကိုတိုးဝင်း၏ အသည်းစွဲကြောင်ကလေးနှစ်ကောင် ပင်ဖြစ်လေ၏။

ဆိုက်ကားသမား၊ အနေးယာဉ်လုပ် သားကြီး ကိုတိုးဝင်းမှာ နေတာက ရွှေပြည်သာ၊ ဆိုက်ကားနင်းတာ ရန်ကုန် မြို့ လမ်းမတော် သံဈေးတစ်ဝိုက်ဖြစ်ပြီး တစ်ခါတစ်ရံ ညနေပိုင်းနှင့် ညနက်ပိုင်း တို့တွင် ဆိုက်ကားနင်းပြီး (၁၂) နာရီ တစ်ချက် အရက်ဆိုင်ဝင်၊ သောက်စား ပြီးမှ အိမ်သို့ပြန်လာတတ်၏။

အိမ်သို့ပြန်ရောက်လာလျှင်လည်း ဇနီးမယား မစိန်ဥ၏ ပြုစုယုယမှုထက် သူ့အသည်းစွဲကြောင်ကလေးနှစ်ကောင် နှင့်သာ ဆော့ကစားပြီး နေတတ်၏။

ကိုတိုးဝင်း၊ မစိန်ဥတို့လင်မယားနေ ထိုင်သည့် ပျဉ်ထောင်ခနီးမိုးအိမ်ဂေဟာ လေးသည် ဖိုးရှုပ်၊ ဖိုးကဲ ကြောင်ညီနောင် တို့၏ အိမ်ခေါင်မိုးပေါ်တက်ရောက်ဆော့ ကစားမှုကြောင့် ခနီးဖက်တို့မှာ ပေါက်ပြဲ ကုန်သည့်အတွက် မိုးရွာလျှင် ကိုတိုးဝင်း၊ မစိန်ဥတို့ အိမ်ကလေးသည် ခနီးဖက် အပေါက်အပြဲတို့မှ မိုးရေတို့သည် တရ စပ် ကျဆင်းလာလေသည်။ စက္ကူစုတ်၊ ပလတ်စတစ်စတို့ဖြင့် မဖာနိုင်၊ မပန်း နိုင် ဖာထေးရသည်မှာလည်း အကြိမ် ကြိမ် ဖြစ်၏။

**၄၄** မစိန်ဥမှာ ကြောက်ရွံ့ ထိတ်လန့်စွာ ခြေထောက်အစုံကို လှုပ်ရှားမြန်ဆန်စွာ နောက်သို့ ဆုတ်ခွာလိုက်သော်လည်း မြွေဟောက်ကြီး၏ ဦးခေါင်းကြီးမှ ဖြူတစ် ဖြူတစ်ဖြူနေသော လျှာကြီးတစ်ချောင်းနှင့် အစွယ်ကြီးတစ်စုံမှာ မစိန်ဥ၏ ခြေဖမိုးပေါ်သို့ တိတိကျကျကြီး ပေါက်ခွဲလိုက်လေတော့၏။



ဤသည်လည်းကိုတိုးဝင်း မစိန်ဥတို့ ဇနီးမောင်နှံမှာ သူ့သားများဟု စိတ်ထဲ တွင် နှစ်၍ ချစ်ထားသောကြောင်များဖြစ် ၍ ဖိုးရှုပ်၊ ဖိုးကဲ ကြောင်ညီနောင်အပေါ် အချစ်စိတ် လျော့မသွားခဲ့ချေ။

ကြောင်ညီနောင်မှာ မည်မျှ ဆိုး သွမ်းခဲ့သနည်းဆိုသော် ...

မစိန်ဥ ဘုရားဆွမ်းတော်တင်သည့် ဆွမ်းဟင်း၊ ဆွမ်းထမင်းများကို တက် ရောက်စားရင်း ဘုရားကျောင်းဆောင် ပေါ်မှ ဘုရားပုံတော်၊ ဘုရားကားကြီးများ ကို အောက်သို့ပြုတ်ကျခဲ့သည့်အတွက် မှန်တွေ အစိတ်စိတ် အမွှာမွှာ ကွဲကြေ သွားခဲ့သော်လည်း ဖိုးရှုပ်၊ ဖိုးကဲ ကြောင် ညီနောင်အပေါ်ဒေါသစိတ်မပွားခဲ့သလို အပြစ်မဆိုရှာ ... အချစ်တွေသာ ပိုခဲ့လေ ၏။

ကြောင်ညီနောင်၏ အရှင်သခင် ကိုတိုးဝင်း၏ ပြောစကားကိုလည်း ခံစား ကြည့်။

တိရစ္ဆာန်ပဲ - ဘာသိမှာလည်း။ သူ့ သားနှစ်ကောင် မိုးကို မီးနဲ့တက်ရှို့ရင် တောင် ခွင့်လွှတ်မှာတဲ့။

ကဲ - တိရစ္ဆာန်ကိုချစ်တဲ့အချစ်ကမ်း ကုန်သွားပြီ။

ရွှေပြည်သာမြို့သစ် တည်စက ထဆင်ထူးရပ်ကွက်ကြီးမှ ဆွမ်းကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တော် ဘဒ္ဒန္တ ရှင်ဓမ္မသာမိမှ မစိန်ဥနှင့် ကိုတိုးဝင်းတို့ဇနီးမောင်နှံအိမ်ကို ဆွမ်းခံရင်း ကြောင်တွေကို ချစ်လွန်းလှသည့် ဂှင်းတို့ မောင်နှံကို ခေါင်းလေးတညိတ်ညိတ်နှင့် မျက်လုံးအစုံမှာတော့ ပြုံးယောင်သမ်းနေလေ၏။

ဆွမ်းလောင်းလှူမည့် ကိုတိုးဝင်းနှင့်မစိန်ဥတို့ဇနီးမောင်နှံမှာ ဒီနေ့မှ ပဏာစိတ်ကူးများပေါက်လေသည်မသိပါချေ။ ဆွမ်းခံကိုယ်တော်ကို ထိုင်ခုံလေးတစ်လုံးဆွဲ၍ထိုင်ဆွမ်းအဖြစ်လောင်းလှူရန်ပြင်ဆင်ပြီး ဆွမ်းခံကိုယ်တော် ဘဒ္ဒန္တ ရှင်ပညာသာမိရှေ့တွင်ဖျာလေးတစ်ချပ်ခင်းကာ လက်အုပ်လေးချီမိုး၍ ဝင်ရောက်ထိုင်ကာ ဦးချလေ၏။ မစိန်ဥမှာ အိမ်တွင်း၌ ဆွမ်းဟင်း၊ ဆွမ်းထမင်းများ ဆွမ်းခံကိုယ်တော်အား လောင်းလှူရန် ပြင်ဆင်နေလေ၏။

ဖိုးရှပ်၊ ဖိုးကဲ ကြောင်ညီနောင်မှာ ပြောင်းဆန်စွာ အိမ်ခေါင်ပေါ်၌ ဆော့ကစားနေ၏။

"ဒကာကြီးက ကြောင်လေးတွေကို တော်တော်ချစ်တာကိုး"

"တင်ပါ့ ဘုရား၊ ကျွေးမှစားရမယ့် သတ္တဝါလေးတွေမို့ပါ - ဘုရား"

"ကောင်းပါတယ် - ဒကာကြီး။ သတ္တဝါလေးတွေကို အလှူအတန်းသဘောမျိုးနဲ့ ကျွေးပါ၊ လှူပါ။

ငါ့ကြောင်ပဲ၊ ငါ့ခွေးပဲ ဆိုတဲ့ အစိုးရဦးစီးတဲ့စိတ်နဲ့ မကျွေးနဲ့ပေါ့။ ကုသိုလ်ရပါတယ်"

ကိုတိုးဝင်းမှာ ခေါင်းတညိတ်ညိတ်ပြုကာ နားထောင်နေ၏။

"သမုဒယသစ္စာဆိုတဲ့ တွယ်တာခြင်းအမှန်ဆိုတဲ့ တဏှာစိတ်နဲ့ပြုရင် ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်းအမှန်ဆိုတဲ့ ဒုက္ခတရားကြီးအမှန်ရလိမ့်မယ် - ဒကာကြီး"

"ဘယ်လိုဒုက္ခမျိုးတွေလည်းအရှင်ဘုရား"

"ကာယိကဒုက္ခလို့ဆိုရမယ့် ရုပ်ဒုက္ခနဲ့ စေတသိက်ဒုက္ခလို့ ခေါ်ရမယ့် စိတ်ဒုက္ခတွေပေါ့ - ဒကာကြီး"

ထိုအချိန်တွင် ဒကာမကြီး မစိန်ဥမှာ ဆွမ်းထမင်း၊ ဆွမ်းဟင်းများ ဆွမ်းခံကိုယ်တော်အား လောင်းလှူခဲ့ပြီးဖြစ်လေ၍ ဆွမ်းခံကိုယ်တော်မှာ သူ၏သပိတ်ကိုပွေ့ပိုက်၍ဆွမ်းခံလမ်းသို့ပြန်လည်ကြွသွားလေတော့၏။

□

ဤသို့ဖြင့် နွေရာသီကုန်ဆုံး၍ မိုးရာသီအစသို့ပင် ရောက်ရှိလာခဲ့ချေ၏။

ဖိုးရှပ်၊ ဖိုးကဲ ကြောင်ညီနောင်မှာလည်း တစ်နှစ်သားအရွယ်ခေါင်းမှအမြီး



များအထိ နှစ်ပေနီးပါးအရွယ်ခန့် ရှိခဲ့တော့၏။

ကြောင်လားမြောက်ခဲ့ပြီဖြစ်၏။

ဖိုးရှပ်၊ ဖိုးကဲတို့ကြောင်လားမြောက်ခဲ့သည့် မိုးရာသီကား နှစ်စဉ်နှစ်တိုင်းရာသီတဲ့သို့ မိုးရာသီသီးသန့် မဟီလှချေ။ မိုးနှင့် နှင်းတို့ ရောထွေးယှက်တင် ဖြစ်နေလေ၍ မိုးမဟီ၊ ဆောင်းမမြောက် အုပ်ဆိုင်း ညို့မှိုင်းသော ကြောက်စရာ ရာသီအသွင် ရှိခဲ့လေ၏။

အေးသည်လည်း မမည်၊

ချမ်းသည်လည်း မဟုတ်၊

စွတ်စိုထိုင်းမှိုင်းသော ရပ်ရှစ်ခွင်တိုင်း တစ်ခုလုံး လျှပ်စစ်မီးများ ဝင်းခနဲပျက်၊ မိုးကြိုးကြီးများ ဒိုင်းခနဲ ပစ်နှင့် ပဲပြုတ်ရောင်းပြန်လာသောပဲပြုတ်သည်မ မစိန်ဥပင် ပြန်လာသည့်လမ်းတစ်လျှောက်လုံး ဘုရားတ ပြန်လာခဲ့ရ၏။

ကိုတိုးဝင်းမှာ ရန်ကုန်မြို့တွင်း ဆိုက်ကားနင်းထွက်သွားရာမှ ပြန်ရောက်မလာသေးချေ။

ထိုအချိန်မှာပင် ကိုတိုးဝင်း၊ မစိန်ဥတို့မွေးမြူထားသောဖိုးရှပ်၊ဖိုးကဲကြောင်ညီနောင်မှာလည်း မိုးအေးအေးနှင့် စောင်ပုံများအပေါ်တွင် ဇိမ်ကျကျ အိပ်စက်နေလေ၏။

မစိန်ဥမှာ အိမ်အဝင်တွင်ရှိသော ရေတုံကင်မှရေကို ခပ်နှိက်ပြီး ခြေလက်ဆေး၏။ ပြီးသော် အိမ်သာလေးများအသာအယာ ဖွင့်၏။ ပြီးသော် ပဲပြုတ်တောင်းလေးအိမ်ထဲသို့ မချသွင်းကာ မီးဖိုချောင်သို့ သွားရောက်ရာ မီးဖိုအောက်မှ "ဖြီး" ဟူသော ကြောက်မက်ဖွယ်အသံဆိုးကြီးတစ်သံကို ကြားလိုက်ရပြီး လွန်စွာကြီးမားသော ပါးပျဉ်းကြီးထောင်၍ လွန်စွာမှလည်း ကြီးမားလှသော ကိုယ်လုံးကြီးမှာ ပါးပျဉ်းကြီးနောက်မှ ရွေ့လျားလိုက်ပါလာပြီး မစိန်ဥအား "ဖြီး" ဟူသည့်အသံပြတ်ကြီးပြုကာ ပေါက်ချလိုက်လေတော့၏။

မစိန်ဥမှာ ကြောက်ရွံ့ထိတ်လန့်စွာ ခြေထောက်အစုံကို လျင်မြန်ဖျတ်လတ်စွာ နောက်သို့ ခုန်၍ ဆုတ်လိုက်သော်လည်း မြွေဟောက်ကြီး၏ဦးခေါင်းကြီးမှ ပြူတစ်ပြူတစ်ပြူနေသော လျှာကြီးတစ်ချောင်းနှင့်အစွယ်ကြီးတစ်စုံမှာ မစိန်ဥ၏ ခြေဖမိုးပေါ်သို့ တိတိကျကျကြီး ပေါက်ချလိုက်လေတော့၏။

"အွတ် - အား"

□

မစိန်ဥ၏ ငယ်သံပါအောင် အော်ဟစ်လိုက်သံကြီးမှာ စူးရှရှကြီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ် ကောင်းစွာ အိမ်ငယ်လေးအတွင်းထိတ်လန့်ဖွယ်ကောင်းစွာ ပေါ်ထွက်လာလေ၏။

မစိန်ဥ၏ အော်သံကြီးမှာလည်း "ဂျိန်း - ဒလိန်း" ဟူသော မိုးကျိမ်းသံကြီးနှင့်အတူ ရောထွေးသွားကာ ပျောက်ကွယ်သွားလေ၏။

ထိုစဉ်အခိုက်မှာပင် "နွီး" ဟူသော ကြောင်မာန်ဖီသံကြီးတစ်သံ ကြားလိုက်ရပြီး မြွေဟောက်ကြီးရှေ့ မလှမ်းမကမ်းတွင် လဲကျနေသော မစိန်ဥနှင့် မြွေဟောက်ကြီးကြားသို့ ခုန်ချရောက်ရှိလာသူကား မစိန်ဥ၏အသည်းကျော်ကြောင်ကြီး ဖိုးကဲပင် ဖြစ်လေတော့၏။

ဖိုးကဲမှာ တစ်ကိုယ်လုံးရှိ အမွေးအမျှင်များအားလုံး ထိုးထောင်ထနေသလို၊ မြွေဟောက်ကြီးမှာလည်း သူ့၏ရှေ့သို့ကြောင်ဝါလေးဖိုးကဲ၊ ခုန်ချရောက်ရှိလာလေ၍ သူ့၏ ကြီးမားပြန့်ကားလှသော ပါးပျဉ်းကြီးနှင့် ရှည်လျားနက်မှောင်လှသော ကိုယ်လုံးကြီးအားနောက်သို့ လျင်မြန်စွာ တွန့်၍ တွန့်၍ ရုတ်သွားပြီး ထပ်မံ၍ အားယူကာ ပါးပျဉ်းကြီးကို ထောင်ထလိုက်ပြန်ပါတော့၏။

မြွေဟောက်ကြီး ထပ်မံအားယူမာန်ထလိုက်ချိန်မှာပင် ဖိုးရှပ်ဟု အမည်ပေးထားသော ကျားကြီးနှင့် အလားသဏ္ဍာန်တူလှသော ကြောင်မည်းကြီး ဖိုးရှပ်မှာ မြွေဟောက်ကြီး၏ ထောင်ထကာ ဘယ်ညာယိမ်းထိုးနေသော ပါးပျဉ်းကြီးအား ခုန်၍ ဝင်ရောက်လာပြီး ထိုးဟပ်ကိုက်ချလိုက်ပါတော့၏။

ကြောင်ကြီး ဖိုးကဲမှာလည်း မြွေဟောက်ကြီး၏ တွန့်လိမ်ကောက်ကွေးနေသည့် ကိုယ်လုံးကြီးအား ဝင်ရောက်ကိုက်ခဲလိုက်ပြန်ပါတော့၏။

မြွေဟောက်ကြီး၏ခန္ဓာကိုယ်မည်းမည်းရှည်ရှည်ကြီးတွင် နီစွေးစွေးသွေးတို့ထွက်နေသလိုကြောင်ကြီးဖိုးကဲအားလည်း မြွေဟောက်ကြီး၏ နောက်ပြန်ပေါက်ချက်တစ်ချက်မိပြီး "နွီး" ဟုအသံပြတ်တစ်ချက် ထွက်ပေါ်လာကာ တစ်လံခန့်နောက်သို့လွင့်စဉ်ထွက်သွားလေ၏။

မစိန်ဥ၏ ခြေဖမိုးမှာလည်း သွေးမည်းမည်းများ ယိုစီးကျနေသလို မျက်လုံးအစုံမှာလည်းမြင်မြင်သမျှအရာအားလုံးမှာ ဝေဝါးနေ၍ ကြောက်ရွံ့မှုစိတ်အစဉ်မှာလည်း အထွတ်အထိပ်သို့ပင် ရောက်ရှိနေလေ၏။

မစိန်ဥ၏အမြင်အာရုံများဝေဝါးနေသလို ကောင်ကြီးဖိုးကဲမှာလည်း မြွေဟောက်၏ ပေါက်သတ်ချက်ကြောင့်



ခန္ဓာကိုယ်ကြီးမှာ ယိုင်တိယိုင်ထိုးဖြင့် သခင်မဖြစ်သူ မစိန်ဥအား တစ်ချက် စူးစူးစိုက်စိုက် ကြည့်ရှုလိုက်ကာ ဖိုးကဲနှင့် လုံးထွေးသတ်ပုတ် ကိုက်ခဲနေသည့် မြွေဟောက်ကြီး၏ ဦးခေါင်းပိုင်းအား ထပ်မံ၍ ခုန်အုပ်ကိုက်ခဲလိုက်ပြန်လေတော့၏။

မစိန်ဥမှာ သူ့၏သားကြီး ဖိုးရှပ်နှင့် ဖိုးကဲတို့ ကြောင်ညီနောင်မှာ သူမ၏ အသက်နှင့် ခန္ဓာအတွက် မြွေဟောက်ကြီးအားအသေအကြေခုခံတိုက်ပေးနေ၍ ဝမ်းသာဝမ်းနည်းမှုကြောင့်ကျသည့် မျက်ရည်စက်များ မထိန်းနိုင်၊ မသိမ်းနိုင် ကျဆင်းလာလေတော့၏။

ထိုအချိန်မှာပင် ဆိုက်ကားနင်းပြီး ပြန်လာသော ကိုတိုးဝင်းအား မစိန်ဥ တွေ့မြင်သွားပြီးလက်ကလေးတစ်ဖက်ကို အနိုင်နိုင် အားယူ၍ ဖိုးရှပ် ဖိုးကဲတို့ နှစ်ကောင်နှင့် မြွေဟောက်ကြီးတို့ရှိရာသို့ အားယူကာ လက်ညှိုးထိုးပြ၍ သတိလစ် မေ့မြောလဲကျသွားလေတော့၏။

ကိုတိုးဝင်းမှာ မြွေဟောက်ကြီးနှင့် သူ့၏ သားကြီးနှစ်ကောင်ဖြစ်သည့် ကြောင်ညီနောင်ရှိရာသို့ ကြည့်လိုက်သောအခါတွင်တော့ သူ့၏သားကြီး ဖိုးရှပ်နှင့် ဖိုးကဲတို့ ကြောင်ညီနောင်မှာ မလှုပ်မယှက် သေဆုံးနေသလို မြွေဟောက်ကြီးမှာလည်း ဖိုးရှပ်၏ လည်ကုပ်ကို ကိုက်လျက်တန်းလန်း သွေးအလိမ်းလိမ်းဖြင့် သေဆုံးနေလေ၏။ ဖိုးကဲလေးမှာလည်း မစိန်ဥ၏ခြေထောက်အနီး မြွေဟောက်ကြီး၏ ကိုယ်လုံးကြီးအလယ်ပိုင်း ခန္ဓာကိုယ်ကြီးအား အသေအကြေကိုက်ခဲလျက်တန်းလန်းဖြင့် သေဆုံးလျက် ရှိနေသည်ကို တွေ့မြင်လိုက်ရပေတော့၏။

ယခုအခါတွင်တော့ ပဲပြုတ်သည် မစိန်ဥမှာ လင်သားဖြစ်သူ ကိုတိုးဝင်း၏ အရှိန်မီ အင်းစိန်ဆေးရုံကြီးသို့ပို့ဆောင်ပေးနိုင်ခဲ့မှုကြောင့် အသက်ရှင်သန်နိုင်ခဲ့လေ၏။

သို့သော်...

မစိန်ဥ၏ အသက်သခင် ဖိုးရှပ်နှင့် ဖိုးကဲတို့ကြောင်ညီအစ်ကိုမှာမူ ရွှေပြည်သာမြို့နယ်၊ ပန်းခြံတစ်ဆယ့်ခြောက်ရှေ့ရှိ ရိုးချောင်းလေးအနီးရှိ၊ ခရာပင်လေးများနှင့် ကျူပင်လေးများကြားတွင် ဖိုးရှပ်၊ ဖိုးကဲဟူသောအထိမ်းအမှတ်ဆိုင်းဘုတ်လေးတစ်ခု စိုက်ထူထားသည့် မြေပုံမို့မို့လေးတစ်ခုကို ကြေကွဲစွာ တွေ့နိုင်လေတော့သတည်း။

⇨ နန္ဒဝင်းကျော်ခေါင်
(ရွှေလုံ့ပြည်)

www.burmeseclassic.com

www.burmeseclassic.com



# မုဆိုး နှောင်တ

နှောင်းမြ ရ



ငယ်ရွယ်သော
လူငယ်ကလေးဖြစ်သော်
လည်း မုဆိုးအတွေ့အကြုံမှာ
မုဆိုးရင့်မကြီးတစ်ယောက်ကဲ့သို့
အတွေ့အကြုံရှိပုံကို
ဖတ်ရှုရမည့် ...

**ကိုယ့်** ကိုယ်ကိုယ် ကျွမ်းကျင်ပိုင်နိုင်လှပါသည်၊ သားကောင်ပေါင်းစုံကိုလည်း ပစ်ခတ်သတ်ဖြတ်ခဲ့ဖူးသည်ဆိုသော ကျွန်တော်လို မုဆိုးတစ်ယောက်အတွက် ထင်မှတ်မထားသော ကလေးငယ်တစ်ယောက်နှင့် လက်တွဲကာ သားကောင်တွေ ပစ်ခတ်ရန် လိုက်မိတော့မှ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိခဲ့တာတွေ ခေါ်ချပစ်လိုက်မိခဲ့သူက ကျွန်တော်ရယ်သာပင်။

မည်ကဲ့သို့ဖြစ်သည်မှန်းတော့မသိ၊ ကျွန်တော်သည် ရွာကလေးဆီ ရောက်ခဲ့ပြီး ထိုကလေးကို စတင်တွေ့မြင်လိုက်ရသည်ဆိုရုံဖြင့် သံယောဇဉ်ဖြစ်မိခဲ့သည်က အမှန်။ ထိုကလေးမှာ အရပ်လေးပေသာသာရှိ၊ အသားက ဖြူဖြူ၊ လူဟန်က နွဲ့နှောင်းနှောင်း ပိန်ပိန်ပါးပါးနှင့် လူရည်သန့်ကလေး။

ဖြူသောအသားအရည်နှင့် လိုက်ဖက်စွာ နက်မှောင်သောမျက်ခုံး၊ စိမ်းပြာရောင်သမ်းသောမျက်လုံး၊ ချွန်ထက်သောနှာတံ၊ ညီညာဖြူဖွေးသောသွားတို့ အပြင် သွားတက် ကလေးများနှင့် အမှတ်တမဲ့ကြည့်လိုက်လျှင် လူပုံပေါ်ကလေးမိုမိန်းကလေးများပင် ထင်ကြည့်ရလောက်သည့်ရုပ်ရည်မျိုး။

www.burmeseclassic.com



ယခု ကျွန်တော်တို့အဖွဲ့ အမဲပစ်ထွက်ခဲ့ကြသည့်ခရီးက ပဲခူးရိုးမကြီးအတွင်း ဆိုသော်လည်း မရောက်တာကြာပြီဖြစ်တဲ့ ရွာကလေးဆီသို့ပင်၊ ခရီးစဉ်က ကမ္ဘောဇသာဒီ၊ ပဲခူးမြို့ကို ကျော်လာခဲ့ပြီး ဘုရားလေးမှ အတွင်းကို ဝင်လိုက်လျှင်ပြန်လည်ထူထောင်ရေးတပ်စခန်းလမ်းအတိုင်း ဝင်ခဲ့ပါလျှင် လျှော်ထုံးကြီးကျေးရွာ၊ ကုလားစခန်း (သစ်နီစခန်း)ကိုရောက်ပြီးထိုစခန်းမှရွာခံမုဆိုးကိုသိန်းဝင်းတဲတွင် ကားကိုထားကာ ရွှေတာလေးချောင်းဘက်ရှိဖီးတောကျေးရွာကိုကျော်ပြီး ကြိဂံပုံသဏ္ဍာန်ရွာငယ်ကလေး(၃)ရွာမှ ဆင်စွယ်ရွာသို့ ရွာခံမုဆိုးဝင်းမြိုင်နှင့် ဇနီး ဆုမွန်ဦးတို့တဲဆီသို့ လာခဲ့ကြခြင်းပင်၊ ထိုကျေးရွာနှင့်အတူကျွန်းပင်ရွာ၊ အုပ်ဖိုရွာငယ်ကလေးတို့အကြား၊ ရွှေတာလေးချောင်းက ဖြတ်သန်းစီးဆင်းနေသည်မို့ သားငါးတို့ကလည်း လွန်စွာ ပေါများသလို သားငှက်တွေကလည်းလွန်စွာပေါများပြီးအမဲပစ်ခတ်လို့ကောင်းသည့်နေရာကလေးဖြစ်သည်မို့ပင်၊

ထိုဆင်စွယ်ရွာကလေးကို ရောက်ရှိပြီးဝင်းမြိုင်နှင့်ဆုမွန်ဦးတို့တဲဆီကိုဝင်လိုက်တော့မှ ကျွန်တော် ထိုကလေးကိုမြင်တွေ့လိုက်ရခြင်းဖြစ်သည်၊ သို့အတွက် ကျွန်တော်က –

"ဝင်းမြိုင် – ဒီကလေးက ဘယ်ကလဲကွ၊ အရင်လာတုန်းက မတွေ့မိပါလား၊ ဘယ်သူ့သားလဲ"

ကျောပိုးအိတ်နှင့်သေနတ်တွေကို နေရာချထားလိုက်ပြီးမို့ ကျွန်တော်က ရွာခံမုဆိုး ဝင်းမြိုင်ကို လှမ်းမေးလိုက်တော့ ဇနီးဖြစ်သူ ဆုမွန်ဦးက အဖန်ရည်အိုးလာချပေးရင်းဝင်ထိုင်လိုက်ပြီး သူမ ပြောပြလိုက်ပုံက –

❐

ဒီးတောရွာလေးအစွန် တွင် ကိုစိုးဖေ၊ မညိုစိမ့်တို့လင်မယား ကြံ့ရာကျပန်း ရှာဖွေလုပ်ကိုင်စားသောက်နေကြရင်း ဘဝကို ရုန်းကန်ရပ်တည်နေကြရသည့် လင်မယားဖြစ်သည်၊ သူတို့လင်မယားက ထိုရွာသားများမဟုတ်၊ ဘယ်နယ်ရပ်ဝန်းက ပြောင်းလာကြမှန်းလည်းမသိ၊ သူတို့နောက်ကြောင်းကိုလည်းသိကြသူမရှိ၊ ဇာတ်မြှုပ်ပြီးနေကြသည့်အနေအထား၊ သူတို့ထံသို့ မည်သည့်ဆွေသည်မှလည်းရောက်လာကြခြင်းကို မတွေ့ရ၊ သို့သော်လည်း သူတို့လင်မယားက တစ်ရွာလုံးရှိ လူကြီးရ



ဝယ်တွေကို ဖော်ရွေစွာ ဆက်ဆံကြသလို သာရေးနာရေး၊ အစစ အရာရာ ကိုယ်ဖိရင်ဖိအကူအညီပေးတတ်တဲ့သူတို့ကို ဖော်ရွေစွာ ပြန်ဆက်ဆံကြတဲ့အတွက် လူချစ်လူခင် ပေါများကြသည်၊

ကိုစိုးဖေဆိုသူက မွန်လူမျိုးတစ်ဦးဖြစ်သည်၊ အချို့က သူပုန်တစ်ယောက်ဟုလည်းပြောကြသည်၊ အချို့ကလည်း လူသတ်ပြီး ရှောင်ပြေးလာကြသည်ဟု ဆိုကြသည်၊ သို့သော် မည်သူကမှ တပ်အပ်သေချာစွာ မပြောနိုင်ကြ၊ စကားပြောလျှင် ဝဲတဲတဲနှင့်၊ ဇနီးဖြစ်သူကတော့ တရုတ်လူမျိုးကပြားပင်၊ ဖြူဖြူချောချော၊ သူမကို ကြည့်ရသည်မှာ တောရွာနေသူနှင့်မတူ၊ လုပ်သည့်အလုပ်ကတောတွင်းဝင်မှိုနုတ်၊ မျှစ်ချိုး၊ ဇရစ်ရိုး၊ ဖလံတောင်မွေး၊ ဂုံမင်း၊ တောက်တာ၊ ပုတတ်စာတို့ကိုတူးပြီးရောင်းချစားသောက်ကြသလိုခင်ပွန်းဖြစ်သူစိုးဖေက ကြံ့ရာကျပန်း ရရာအလုပ်ကို လုပ်ရှာသည်၊ အဲဒီရွာမှာ သူတို့လင်မယား ရောက်ဖြီး အထိုင်ချနေလို့ (၈)လလောက်အကြာ အဲဒီကလေးကို ဆင်းတောင့်ဆင်းရဲ မွေးခဲ့ပြန်သည်၊ ထူးခြားတဲ့အချက်က စိုးဖေဆိုတဲ့လူက အမဲလိုက်ခြင်း၊ သားကောင်တွေကို ထောင်ချောက်ဆင်ဖမ်းတဲ့အလုပ်ကိုကျွမ်းကျင်စွာ တတ်မြောက်သည်၊ ဒီကလေးကိုမွေးပြီး(၁၀)နှစ်လောက်အကြာ အမဲပစ်ထွက်ရင်း တောဆင်ရိုင်းတစ်အုပ်နဲ့တိုးကာ နင်းချေသတ်ဖြတ်ခြင်းကို ခံလိုက်ရရှာတယ်၊

ကျန်ရစ်သူမိသားစုနှစ်ဦးလည်း ကြံ့ရာကျပန်း ရှာဖွေလုပ်ကိုင် စားသောက်နေကြရင်း (၄)နှစ်လောက်အကြာ မိခင်ဖြစ်သူကလဲ မှိုကျင်းရှိရာဆီကို အသွား ငန်းမြွေကြီးတစ်ကောင်ပေါက်သတ်ခံလိုက်ရလို့သေဆုံးခဲ့ရပြန်တယ်၊ ထိုကလေးအဖေ ဆုံးပါးခဲ့စဉ်ကလည်းဘယ်အမျိုးမှမရှိ၊ မလာကြလို့ရွာကပဲ ဝိုင်းဝန်းချလိုက်ရသလို သူ့မိခင်ကိုလဲအရပ်ကပဲဝိုင်းဝန်းလိုက်ရပြန်သည်၊ ထိုကလေးကိုလည်း မွေးကြမည့်သူမရှိသဖြင့် သူတို့လင်မယား မွေးစားထားသည့်ကိတ္တိမသားဖြစ်နေကြောင်းကိုသိရှိလိုက်ရပြန်သည်၊ သူတို့လင်မယားတွင် သားထောက်သမီးခံကလည်း မရှိကြသည့်အတွက် လီမွှာသည့် ထိုသားကလေးကို လွန်စွာပင် ချစ်ကြကြောင်းကိုပါ သိရှိလိုက်ရပေသည်၊

❐

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး - ဒီကလေးအမည်က ဘယ်သူဆိုတာ ပြောပါဦးဟ"

"သူ့နာမည်က အောင်မြင့်မြတ်တဲ့၊ ရွာဦးကျောင်းဆရာတော် ဘဘုန်းက တော့ပျံလွန်သွားရယ်လို့ခေါ်တယ်၊ မိဘတွေက ဆင်းရဲလွန်းတော့ ပညာလည်း မတတ်ရှာဘူးပေါ့၊ ဆရာတော်ဘုရားကြီးက သနားလို့ဆိုပြီး စာသင်ပေးထားတော့ သေစာရှင်စာလောက်တော့တတ်ပါတယ်၊ ဒါပေမဲ့ - ဒီကလေး သူ့ဖခင်တတ်ထားတဲ့ မှုဆိုးပညာအားလုံးကိုတော့ သူ ကျွမ်းကျင်တယ် ခင်ဗျာ့၊ ခုအချိန် သူ့အတွက် ရန်ကလည်း များလာတယ်လေ"

"ဘာကွ - ဒီကလေးကိုမွေးမည့်သူတော့မရှိဘူး၊ ရန်က များနေတယ်ဟုတ်လား၊ ဘယ်လိုရန်မျိုးလဲကွ - ပြောစမ်းပါဦး"

"ဒီလိုပါဗျာ - ဒီကလေးရဲ့ရုပ်ရည်ကလေးတစ်ခု၊ ဘိုလေးမြင်လိုက်ရတဲ့အတိုင်းပဲလေ၊ ဒီရွာမှာရှိကြတဲ့ ကလေးတွေ ရုပ်ရည်နဲ့ တခြားစီမို့လား၊ အသားကလဲဖြူ၊ မျက်လုံးမျက်ဖန်နဲ့ နှာတံကအစချောမောပြီး ချစ်စရာအသွင်လေဗျာ၊ အရွယ်ကလေးကလည်း ရောက်လာတော့ ပိုပြီးချောလာတယ်၊ အဲဒီလိုပိုပြီးချောလာတာကိုကပဲ သူ့အတွက်ရန်များဖို့ အစပျိုးခဲ့ရတာပဲ ခင်ဗျာ့"

"ဟာကောင် - ဝင်းမြို့ - မင်းစကားကို ငါ နားထောင်ရင်း နားရှုပ်သွားပြန်ပြီ၊ ရုပ်ချောတာနဲ့ ကလေး ရန်များရတာက ဘယ်လိုပတ်သက်နေတယ်ဆိုတာ ငါ ရှင်းအောင် ပြောစမ်းပါကွာ"

"အဲဒီအချက်ကပဲ သူ့ကို ဒုက္ခပေးနေတာပေါ့ဗျာ၊ ရုပ်ကလေးကချောတော့ ဒီရွာကရော အနီးအပါးမှာရှိကြတဲ့ရွာတွေက မိန်းကလေးတွေက သူ့ကို မျက်နှာသာပေး၊ ဦးစားပေးကြတော့ အခြားလူငယ်တွေက မနာလိုကြဘူးလေဗျာ၊ ပြဿနာက အဲဒါပဲပေါ့"

"အိုး - အိုင်ဆီး - အိုင်ဆီး"

ကျွန်တော်သူဆိုလိုရင်းကိုသဘောပေါက်သွားပြီး ပြောလိုက်တော့ -

"ဘိုလေး - အဲဒါဘာပြောလိုက်တာလဲ ဟင် - ဘာစကားလဲ"

သူ့အမေးကြောင့်အဘကောင်းနှင့်အဖွဲ့သားတွေက ဝိုင်းရယ်မောလိုက်ကြသည်၊ တောသူတောင်သားတွေ၏ ရိုးသားချက်က အဲသည်လိုမျိုး၊

"ဟာကွာ - မင်းပြောတာကို ငါ သဘောပေါက်ပြီလို့ ပြောတာကွ၊ အင်္ဂလိပ်လို ပြောလိုက်တာ၊ ဆက်ပြီး ပြောပါဦး"

"အဲဒီကလေးပါပဲ၊ အဲဒီကလေးကြောင့် ကျွန်တော်တို့လင်မယားလဲ မျက်နှာပွင့်လာတော့တာပဲ၊ မိန်းကလေးတွေက မျက်နှာသာပေး၊ ဆင်းရဲမွန်းသိလို့ ဟိုဟာလာပေး၊ အဝတ်အစားတွေ ဝယ်လာပေး၊ စားစရာတွေ လာပေး၊ ဟင်းစားလာပို့သူက ပို့၊ အိမ်ကို အကြောင်းရှာပြီး အလည်လာကြ၊ ဇနီးသည်ကိုဝိုင်းကူလျှော်ဖွပ်ချက်ပြုတ်လုပ်ကိုင်ပေးကြတာပဲဗျ၊ ပြဿနာကလဲအဲဒီက စတာပါပဲလေ၊

နောက် ပြဿနာတစ်ခု ကလဲ ရှိသေးတယ်၊ နဖူးစာဆိုတာကလဲ ဆန်းကြယ်သလားဗျ၊ ရွာလယ်ပိုင်းက ပယောဂဆရာကြီး ဦးညိုမှိုင်းမှာ သမီးတစ်ယောက်ရှိတယ်၊ သူ့နာမည်က မြမြအေးတဲ့၊ အဲဒီမြမြအေးဆိုတဲ့ကောင်မလေးက ဒီရွာတွေရဲ့ ကွမ်းတောင်ကိုင်လှစကေရီလေးဗျ၊ ကိုယ်လုံးကိုယ်ထည်ကလဲ အချိုးအဆစ်၊ အဖုအထစ်တွေနဲ့ မေးက သွယ်သွယ်၊ မျက်လုံးမျက်ဖန်က သမင်မငယ်လို အရည်လဲ့နေတယ်၊ နှာတံကလည်း စင်းစင်း၊ အသားကလဲ ညိုတဲ့ဘက်ကိုအားသာပေမယ့်ဝင်းဝါပြီး ညက်နေတယ်ဗျ၊ နက်မှောင်ရှည်လျားတဲ့ဆံကေသာ၊ ရှိနေတဲ့ရင်နှစ်မွှာ၊ သူ့မကို အသေအချာဆိုရင် သူ့ကလေးရဲ့ အလှကလည်း (ပဂေး)ပဲဗျ၊ အိမ်က ဟာမကြီးနဲ့ဆို ကွာတာပေါ့လေ"

သူ့အပြောကြောင့် ကျွန်တော်တို့အဖွဲ့ဝိုင်းဝန်းရယ်မောလိုက်ကြသည်၊ ထိုစဉ် -

"အဲ - အဲ - အဲဒီလို အလှပိုင်ရှင်မလေးဆိုတော့ ရွာတွေမှာရှိကြတဲ့ကာလသားတွေက ဝိုင်းပြီး ပိုးကြပန်းကြတာပေါ့၊ ကောင်မလေးကလဲဆေးဆရာကြီးရဲ့ တစ်ဦးတည်းသောသမီးဖြစ်သလို၊ ဖခင်မုဆိုးဖိုကြီးရဲ့သမီးဆိုတော့ ဝိုင်းကောင်းကျောက်ဖိ၊ ဘဝကို ရှန်းကန်နေရသော်လည်း ဖခင်အိုကြီးကို သမီးလိုတစ်မျိုး၊ သားလိုတစ်သွယ် လုပ်ကျွေးပြုစုနေသူလည်းဖြစ်တယ်၊ ကောက်စိုက်၊ တောတိုး ဟင်းရွက်ရှူး၊ ဖောက်သည်ဆီပို့လုပ်ရင်း ဘဝရပ်တည်နေရတယ်ဆိုပေမဲ့ အသင့်အတင့် စားသောက်နိုင်တယ်၊ သိက္ခာလည်း ကြီးသလို ဘယ်ကာလသားကိုမှဦးစားမပေး၊ ဘဝလည်းနာသူမို့အလုပ်ကြိုးစားသူကိုသာအထင်ကြီးသူ၊ ဘယ်ရွာသားကိုမှလည်းအထင်မကြီး၊ ဆေးဖော်ကြောဖက် တောင်မလုပ်တဲ့ အဲဒီကလေးမက ကျွန်တော့်မွေးစားသားပျံလွှားကိုကျတော့မျက်နှာ



www.burmeseclassic.com

သာပေးပြီး အလေးထား ဆက်ဆံတော့ ဒီကလေးကို အလိုလိုမုန်းပြီး ရန်လုပ်လာကြတာပေါ့ဗျာ"

"ဟုတ်လား - အဲဒီလိုဆို ကလေးနစ်ယောက်ကရော ချစ်ကြိုက်နေကြပြီလား"

"ခုနေတော့အဲဒီအဆင့်ထိမရောက်သေးဘူး။ နောင်တော့သံယောဇဉ်တွယ်သွားကြလိမ့်မယ်လို့ ကျွန်တော်တို့နစ်ယောက် တွက်ထားကြတယ်၊ ခန့်မှန်းတယ်ပေါ့"

"ဒါနဲ့ မေးရဦးမယ်၊ မိန်းကလေးက အလုပ်ကြိုးစားသူကိုမှ အထင်ကြီးတယ်ဆိုတော့ မင်းသားက အခု ဘာအလုပ်ကို လုပ်နေလို့လဲကွ ဟင်"

"အမဲလည်း တောင်တယ်၊ ပစ်လည်း ပစ်တယ်၊ အခြားအလုပ်တွေကိုလည်း ကြုံရာကျပန်းလုပ်နေပါတယ်"

"အမဲလိုက်လို့ တောင်လို့တော ရရဲ့လားကွ - အခြေအနေက"

"ဖြစ်ပါတယ်၊ တစ်ပတ်မှာ သုံးလေးကောင် လောက် တော့ ရပါတယ်၊ သူလေး ရှာပေးနေလို့လည်း ကျွန်တော်တို့ အထိုက်အလျောက် အဆင်ပြေနေတယ်၊ ဒီကြားထဲ ဝါးလည်းခုတ်၊ ထင်းလည်းခုတ်၊ မီးသွေးလည်းဖုတ်၊ ကြိမ်လည်း ခုတ်လို့ရတာတွေ ပါသေးတယ်လေ"

သူ ပြောပြနေစဉ် မီးဖိုခန်းအတွင်း မွေးစားမိခင်ကြီးနှင့်အတူ ထမင်းစား... သည့် ထိုကလေးကို ကြည့်လိုက်ရင်း စိတ်မကောင်းဖြစ်မိသလို ရင်ထဲတွင် လည်း နင့်သွားသည်က အမှန်။

အောင်မြင့်မြတ် (ခ) ပျံလွှား... ထမင်းစားလို့အပြီး ပုဆိုးပိုင်းနှင့် လက်... သုတ်ကာ ကျွန်တော်တို့အနီး လာ... အဖန်ရည်တစ်ခွက်ကိုသောက်ရင်း... လောက်လေးခွနှင့်လေးသီးအိတ်ကို... လျက် အပြင်ထွက်တော့မည်အလုပ်... ကျွန်တော်က -

"ပျံလွှား - ကလေး - မင်း ဘယ်... သွားမလို့လဲကွ"

"ကျွန်တော် စားပင်သွားထိုင်ပြ... စောင့်ပစ်မလို့ - အဘရဲ့၊ အဘတို့အ... ညနေ အမြည်းရအောင်ပစ်မလို့"

"ဘာစားပင်လဲ၊ ဘယ်လိုအကော... တွေ ဝင်စားကြလို့လဲ"

"ဥနဲ့ပင်ပါ - အဘ၊ အများဆုံး... တော့ ဘွတ်ကလုံ၊ ဘွတ်ရွှဲ၊ ငှက်ဝါ... ငှက်ပြာ - အဲဒီကြားထဲ - ငှက်ငွား၊ ... ကြက်၊ ငုံ၊ အောက်ချင်း။ အောင်လော... အပြင် တောကြောင်နဲ့ မျောက်တွေ... လာတတ်တယ်"



"ဘယ်အနားမှာလဲ၊ ဘယ်လောက်ဝေးသလဲကွ"

"ရွှေတာလေးချောင်းဟိုဘက် ဂုံမင်းတောကြီးမှာပါ။ အဆင်ပြေရင် ဖြုကိုလဲ တွေ့ရင်ပစ်လို့ရတယ်"

သူ့အပြောကြောင့် ကျွန်တော်က စိတ်ဝင်စားသွားသည်မို့ -

"ဒီလိုဆို နေဦးကွာ - ငါလဲ မင်းနဲ့ လိုက်ပစ်မယ်၊ ထမင်းစားပြီးအောင် စောင့်ဦးဟ"

အမှန်တော့ - ကျွန်တော်တို့အဖွဲ့ မနက်စာ ဗိုက်ဖြည့်စားသောက်ပြီးကြ လျှင်တောမောင်းပစ်တော်ကြဖို့စီစဉ်ထားကြသော်လည်း ကျွန်တော်က ပျံလွှား ကလေးကိုမြင်ပြီး အထိုက်အလျောက် သူ့အကြောင်းကိုလည်းသိပြီး စိတ်ဝင်စားလာခဲ့သည်မို့ သူနှင့် ဆက်နွယ်ပတ်သက်နေသည့် မြမြအေးဆိုသည့် မိန်းမပျိုလေးအကြောင်းကိုလည်းလေ့လာတီးခေါက်ကြည့်လိုသည့်အပြင် သူ၏မှုဆိုးအရည်အသွေးကိုပါ အကဲခတ်လိုသည့်အတွက်ကြောင့် ဖြစ်ပေသည်၊ အဘကောင်းနှင့် အဖွဲ့သားတို့က ယခုလို အစီအစဉ်ပြောင်းလိုက်ရခြင်းအပေါ်အကြောင်းတစ်ခုခုရှိလို့ဆိုသည်ကို သိရှိထားကြသည့်အတွက် ဘာမှဝင်မပြောကြ။

နံနက်စာကို စားသောက်လို့အပြီး ကျွန်တော်က လေသေနတ်နှင့် ဗို့ငှတူးတူး(ဘရှနိုလ်)ကလေးနစ်လက်ကိုတစ်ယောက်တစ်လက်စီလွယ်ကာ ထွက်လာခဲ့ကြပေသည်။

"ပျံလွှား - မင်းတို့ရွာထဲမှာ အရက်ရောင်းတဲ့ဆိုင် ရှိလားကွ"

"အဘ - ခုပဲ ထမင်းစားပြီးတယ်၊ အရက်သောက်လို့ရပါ့မလား"

"ဝယ်သွားမှာလေကွာ၊ ဟိုကို ရောက်ရင် အပင်ပေါ် တက်စောင့်ကြရမယ်လေ၊ ငှက်အလာကို စောင့်ရင်း သောက်ချင်ရင် သောက်လို့ရတာပေါ့"

"ရွာလယ်မှာ အပျိုကြီးမော်မော် အရက်ပုန်းဆိုင်ရှိတယ်၊ အမြည်းလဲ ရောင်းတယ်၊ ငါးရှဉ့်ကျပ်တိုက်ကြော်သိပ်ကောင်းတယ် - အဘ"

နစ်ဦးသား သေနတ်ကိုယ်စီလွယ်လျက် ရွာလယ်လမ်းအတိုင်း လျှောက်လှမ်းခဲ့ကြသည့်ကျွန်တော်တို့နစ်ဦးအား ရွာခံများနှင့် ပြိုင်ဘက်ဝင် လူငယ်အချို့က ကွက်ကြည့်ကွက်ကြည့်လုပ်ကြရင်း တီးတိုးတီးတိုး သဖန်းပိုးထိုးကြသည်ကိုလည်း သတိပြုလိုက်မိသည်။

သည်အချက်ကလည်း ကျွန်တော့် ရည်ရွယ်ချက်တစ်စိတ်တစ်ဒေသကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မြင်သည်ဟု ပြောရမလိုပင်၊ အဘယ့်ကြောင့်ဆိုသော် သည်ကလေးတွင်မိဘနှစ်ပါးလုံးကလည်းမရှိ၊ ဆွေမျိုးသားချင်းလည်း နတ္ထိ၊ နေစရာကလည်းမရှိ၊ စိုးဖေတို့လင်မယားက သနားသဖြင့် ခေါ်ယူပြီးမွေးစားထားကြသည်ကိုလည်း အားလုံးက အသိ၊ သူတို့လင်မယားတွင် သားထောက်သမီးခံကလည်း မရှိကြသည်မို့ သည်ကလေးအပေါ် စုပုံကာ သနားချစ်ချစ်သလို ရွာတွင်းနေမိန်းမပျို ကလေးတို့ကလည်းအရေးပေးလာခြင်းကို ခံနေရသည့် အမြင်တောင်းနေပြီး ကွမ်းတောင်ကိုင် ပျိုဖြူချော မြမြအေးနှင့်ပတ်သက်ပြီး လူငယ်ကာလသားပေါက်အစ်ကလည်း၊ အမြင်မကြည်၊ အစာမကြေဖြစ်နေကြသည့်အချိန်၊ ထိုအချိန်က ကျွန်တော်ကလည်း အထိုက်အလျောက် အရေးပါ အရာရောက်နေသူတစ်ဦးဖြစ်သည်ကို သူတို့ရွာသူရွာသားတွေကလည်း သိရှိထားကြသည်မဟုတ်ပါလား။ သို့အတွက်ကျွန်တော်က ပျံလွှားလေးကို ဦးစားပေးနေသည့်အသွင်မျိုးဖြင့် သေနတ်ကိုပင် ပေးကိုင်ခိုင်းထားလိုက်သည့်အနေအထားကို တွေ့မြင်လိုက်ကြရသည့် သူတို့အဖို့ နောင်ကို စော်ကားအနိုင်ကျင့်မလာနိုင်

# ၄၄

အဲဒီအပင်ကြီးက
နတ်ကြီးတယ်လို့လဲ ပြောကြတယ်၊
အပင်ကြီးအောက်ကို သားငါး လူမသွားရဘူး၊
သူ့ကို ပသရင်လည်း သစ်သီးတွေတိုသာ
တင်ကြရတယ်၊ ဦးထုပ်ကို ပြောင်းပြန်
မဆောင်းရ၊ အပေါ့အပေါ့သွားရ၊ သဓိရည်စား
ချိန်းတွေ့တာ လက်မခံဘူး၊ မယုံလို့
စမ်းကြည့်ရင် နတ်ကိုင်ခံရတယ် အဘရဲ့





ခေါင်နှင့် အကာယ်၍များ ထပ်မံအနိုင်ကျင့်စော်ကားလာခဲ့လျှင် ကျွန်တော်က မခံ၊ အန္တရာယ်ရှိနိုင်သည်ကို သူတို့တစ်တွေ သိစေ၊ မြင်စေ၊ နားလည်ကြစေချင်သည့်ဆန္ဒနှင့် ထိုသို့ ဖန်တီးပြလိုက်ခြင်း ဖြစ်ပေသည်။

နစ်ဦးသား ရွာလယ်ပိုင်းရှိအပျိုကြီး မော်မော် အရက်ပုန်းဆိုင်တွင် အရက်တစ်ပုလင်းနှင့် စားသောက်စရာတို့ကို လွယ်အိတ်အတွင်းထည့်ကာ နှစ်ဦးသား ဆက်လက်၍ လျှောက်လှမ်းခဲ့ကြရင်း ရွာထိပ်အလွန် ခင်တန်းကိုကျော်ပြီး လှည်းလမ်းကြောင်းအတိုင်း ချောင်းရှိရာဘက်ဆီသို့ ဦးတည်ထွက်ခဲ့ကြပေသည်။

"ဒါနဲ့ - မင်းအရက်ပုန်းရောင်းတဲ့ အပျိုကြီးက မဆိုးဘူးပဲကွ၊ ဘာကြောင့် အပျိုကြီးဖြစ်နေရတာလဲ၊ ယူမယ့်သူ မရှိလို့လားကွ"

"ဟုတ်တယ် - ယူမယ့်လူမရှိလို့၊ သူကတော့ ယူချင်နေတာ နန့်နန့်ကို တက်နေတာပဲ၊ ဒီလောက်ကပ်စေးနဲပြီး ကုတ်ကုတ်စိဖြစ်နေတာ ဘယ်သူက သူ့ကို ယူမှာလဲ"

သူ့အပြောကြောင့် ကျွန်တော် ပြုံးလိုက်မိသည်၊ အသံတော့ မထွက်၊ စကားလမ်းကြောင်းလွှဲသည့်အနေနှင့် -

"မင်း သေနတ်ပစ်ဖူးလားကွ"

"မပစ်ဖူးဘူး - အဘ၊ ခုမှကိုင်ဖူးတာ၊ ဒါ ဘာသေနတ်တွေလဲ ဟင်"

"မင်းလွယ်လာတာက လေသေနတ်၊ ငှက်ငန်းလိုအကောင် (၁၅) ကျပ်သားလောက်ထိကြီးတဲ့အကောင်ထိပစ်လို့ရတယ်၊ ငါကိုင်ထားတဲ့ သေနတ်ကလေးက ဒရယ်လို ပိဿာချိန်အစိတ်လောက်ရှိတဲ့ကောင်ထိ ပစ်လို့ရတယ်၊ သူ့ထက်ပိုကြီးတဲ့အကောင်ဆိုရင် သေကွင်းထိရင်လဲ ရတယ်ကွ"

"ဒါနဲ့ - အဘကို ပြောရဦးမယ်"

"အေး - ပြောလေ - ဘာပြောမှာတုန်း"

"အခု ကျွန်တော်တို့သွားမယ့်လမ်းမှာ သစ်ပင်ကြီးတစ်ပင် တွေ့လိမ့်မယ် သတိထားနော်"

"ဟာ - မင်းကလဲ တောထဲကိုလာမှတော့ သစ်ပင်ကြီးတစ်ပင်ပဲလား၊ အများကြီးရှိတာ ငါသိတာပေါ့ကွာ"

"မဟုတ်ဖူး - အဘရဲ့၊ အဲဒီအပင်ကြီးက ထူးခြားလို့ အဘသိအောင် ပြောပြနေတာပါ"

"ဟုတ်လား - ဘာပင်လဲကွ၊ ဘယ်လိုများ ထူးခြားလို့လဲ၊ သိထားမှတော့ ဆောင်ရန် ရှောင်ရန် သိရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အပင်ကတော့ လက်ခုပ်ပင်ကြီးပဲ အဘရဲ့၊ အတော်ကြီးတဲ့အပင်ကြီး။ အဲဒီအပင်ကြီးကို ဒီရွာသုံးရွာမှာရှိတဲ့ ရွာသားတွေအပြင် အနီးအပါးရွာကလူတွေလဲ လာပြီးပူဇော်ပသကြတယ်လေ။ အဲဒီအပင်ကြီးက နတ်ကြီးတယ်လို့လဲ ပြောကြတယ်။ အပင်ကြီးအောက်ကို သားငါး ယူမသွားရဘူး။ သူ့ကို ပသရင်လည်း သစ်သီးတွေကိုသာ တင်ကြရတယ်။ ဦးထုပ်ကို ပြောင်းပြန်မဆောင်းရ၊ အပေါ့စွန့်တာ၊ သမီးရည်းစား ချိန်းတွေ့တာ လက်မခံဘူး။ မယုံလို့စမ်းကြည့်ရင် နတ်ကိုင်ခံရတယ် - အဘရဲ့"

"ဟုတ်လား - ဘယ်လိုနတ်ကိုင်ခံရတာမျိုးလဲ၊ မင်းပြောတော့ ငါတောင် စိတ်ဝင်စားသွားပြီ - ဆက်ပါဦး"

"နတ်မောင်နှမလို့ ပြောကြတာပဲ အဘရဲ့၊ အရုက်အကြောက် အလွန်ကြီးတဲ့နတ်တွေလို့ ပြောနေကြတာပဲ"

သူ့စကားကြောင့် ကျွန်တော်က ပသီမောင်နှမအပိုင်လို့ သိလိုက်သည်။ ဟုတ်တော့လဲ ဟုတ်သည်။ ထိုမောင်နှမအပိုင်ဆိုလျှင် ကျွန်တော် မုဆိုးဘဝဖြင့် ကျင်လည်ကျက်စားရောက်ရှိခဲ့ဖူးသည့် တောတောင်များတွင် အတွေ့အကြုံရထားခဲ့သည်မဟုတ်ပါလား။

အများအားဖြင့် ယခုလို ပသီမောင်နှမအပိုင်များတွင် နှမဖြစ်သူ ပိုင်သည့်ဘက်အခြမ်းက ပိုမိုသတိထားရသည်။ အဘယ့်ကြောင့်ဆိုသော် နှမဖြစ်သူက လုံးဝအမှားမခံပဲ၊ စိတ်ကြီးသူဖြစ်သည်ဟုလည်း သိထားသည်။ ထိုစဉ်သူ ဆက်ပြောလိုက်သည်က -

"ကျွန်တော့်အဖေ ဆင်ရိုင်းတွေ နင်းသတ်ခံရလို့သေရတာက အဲဒီအပင်ကြီးထက်မှာ အမှားတစ်ခု လုပ်ခဲ့မိလို့ဆိုပြီး အမေက ပြောပြခဲ့ဖူးတယ်"

"ဟုတ်လား - ဘယ်လိုအမှားမျိုး လုပ်ခဲ့မိလို့လဲ"

"ဒီလို - အဘရဲ့ - သူ တောလည်ကပြန်ရင်း တောဆင်ရိုင်းအုပ်နဲ့တိုးတော့ ရှောင်ပြေးတာ၊ မလွတ်သာတဲ့အဆုံး သစ်ပင်ထက်ကို တက်ပုန်းနေတာကို ဆင်ရိုင်းအုပ်ကသိတော့ အပင်အောက်က မခွာဘူးလေ၊ သူ ပြန်အဆင်းကို စောင့်နေကြတယ်။

အဖေကလည်း အောက်မှာ တောဆင်ရိုင်းအုပ်ကြီးရှိနေတော့ အောက်ကိုလဲ ဆင်းလို့က မရ၊ အချိန်ကလည်း အမှောင်ဘက်ကို လုနေပြီဆိုတော့ အမျိုးမျိုး စဉ်းစားရင်း အကြံတစ်ခုရတယ်၊ တောခွေးတွေပေါက်တဲ့သေးကို ကျား၊ ကျားသစ်၊ တောဆင်ရိုင်းနဲ့ အခြားသတ္တဝါတွေ သူ သတိရလိုက်တယ်။ ဒါနဲ့ အပင်ထက်ကနေ အောက်မှာရှိတဲ့ တောဆင်ရိုင်းတွေကို သေးနဲ့ ဝေ့ပန်းလိုက်ပြီးတော့မှ သတိပြုလိုက်မိတာက အဲဒီလက်ခုပ်ပင်ကြီးမှန်း သိလိုက်တော့ ပြန်ပြီး တိုးလျှိုးတောင်းပန်နေတုန်း အောက်မှာရှိတဲ့ ဆင်ရိုင်းအုပ်က ပင်စည်လုံးကို ပြေးပြီး ဦးကင်းနဲ့ ဆောင့်လိုက်ကြတာ အပေါ်က အဖေ ခြေလွတ်လက်လွတ် ပြုတ်ကျပြီး ဆင်ရိုင်းတွေ နင်းသတ်လိုက်ကြလို့ဆိုပြီး အမေက ပြောတယ်"

"ဟဲ့ ကောင်လေး ပျံလွှားရယ် - ဟုတ်ကော ဟုတ်ရဲ့လားကွ၊ မင်းအဖေက သေသွားပြီးပဲဟာ၊ အဖော်ကလဲ မပါဘဲနဲ့ မင်း အမေက အဲဒီအဖြစ်ကို ဘယ်လိုလုပ်သိနေရတာလဲ"

"အဖေက အမေ့ကို အိပ်မက်ပေးတာ၊ လေးကြိမ်တောင် - အဘရဲ့၊ ဒီပုံစံ အတိုင်းချည်း အိပ်မက်ပေးနေတာဆိုတော့ သူယုံကြည်တာပေါ့၊ နောက်ကျန်သေးတာက ကျွန်တော့်ကိုလည်း အိပ်မက်တိုင်း မှာနေတာက အဲဒီအပင်ကြီးအောက်ကိုရောက်ရင် ပြောမှားဆိုမှား လုပ်မှားကိုင်မှားမဖြစ်ဖို့ အိပ်မက်တိုင်း မှာတယ်လေ - အဘရဲ့"

ပျံလွှားဆိုသည်ကား ကလေးတစ်ယောက်ဆိုပေမယ့် သူပြောနေသည့် စကားတို့က ကလေးတစ်ယောက်နှင့် မတူ၊ သူ့အဖေဖြစ်ရပ်ကို ပြောပြနေရင်း ကျွန်တော့်ကိုသတိပေးနေသည်မှာ့တအံ့တဩပင် ဖြစ်သွားမိသည်။ အလေးမထားလို့က မရသည်က အမှန်၊

"ကိုင်း - ထားပါတော့ကွာ၊ စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့တော့၊ ငါတို့ သူ့လိုမဖြစ်အောင် ဆင်ခြင်ကြတာပေါ့နော် - ကလေး"

ကျွန်တော်တို့ ဆက်လက်လျှောက်လှမ်းနေကြသော်လည်း သူ့အဖေလိုဖြစ်ရပ်မျိုးပန်းတောကုန်းရွာတွင် ကျွန်တော့်ရွာခံမုဆိုးလင်မယားဖြစ်ခဲ့ရသည့်အဖြစ်ကို ပြန်လည်သတိရနေလိုက်မိသည်၊

အဖြစ်ကကြည်သာနှင့်ခင်အုန်းမြင့်တို့လင်မယားနှစ်ယောက် တောထဲမှာ မီးသွေးဖုတ်ပြီးလို့ ခွေးကိုခေါ်ပြီး ရွာဆီရှိအိမ်ကိုအပြန် ကျားသစ်တစ်ကောင်က နောက်က အလစ်ဝင်ဆွဲလို့ လိုက်လံရှောင်းမြောင်းနေသည်ကို သိလိုက်ကြတဲ့ အတွက် ဖင်သီနေသောခွေးကို အောက်တွင်ထားခဲ့ပြီး သူတို့က သစ်ပင်ထက်ဆီသို့တက်ပြီးနေစဉ် ကျားသစ်က အောက်တွင် ကျန်နေသည့်ခွေးကို ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကိုက်ခဲ ခါယမ်းလိုက်ပြီး ထိုခွေးအသက်ပျောက်တော့ မစားသေးဘဲ အစာကိုလွှတ်ကာ အပင်ပေါ် တက်နေသည့် သူတို့လင်မယားကို မော့ကြည့်လျက် ဟဲစနဲ့မာန်သွင်းလျက် အပင်ပေါ်တက်ရန်ရှာ ကိုက်ခဲဖို့အတတ် ခင်အုန်းမြင့်က ကြောက်ကြောက်နှင့် အော်ဟစ်ရင်း (ကြောက်သွေး ဖျန်းဖျန်း) တို့ပါထွက်ကျကုန်ရာ ထိုသေးတို့မှာ ပင်စည်လုံးမှတစ်ဆင့် ကျားသစ်တစ်ကောင်၏ကိုယ်ပေါ်သို့ စီးဆင်းသွားသည်ကို ခံလိုက်ရသော ထိုအကောင်ကြီးမှာ လူသေးနံ့ကို ရှူလိုက်ရသောကြောင့် တောခွေးသေးနံ့ဟု၍ထင်လိုက်မိလေသလား တော့မြင့်မသိ၊ ပင်စည်လုံးကိုဖက်တက်နေရာမှ ရုတ်ခြည်း တထိတ်တလန့်ဖြစ်ကာ အောက်ဘက်ကို ခုန်ချပြီး ကြောက်ရွံ့စွာနှင့် အဝေးကို ထွက်ပြေးသွားသဖြင့် ယခုတိုင် ထိုရွာတွင် သက်ရှိထင်ရှား ရှိနေကြသည့်လင်မယားအဖြစ်။

မုဆိုးရင့်မကြီးတွေ ပြောကြသည့် အထဲတွင် လူသားတွေ၏ ကျင်ငယ်နံ့ သည်တောခွေးတို့ပေါက်ကြသည့်သေး နံ့နှင့်တူကြောင်းကိုလည်း ကြားဖူးနားဝ ရှိထားသည်၊ ယခု သူ့ဖခင်က ထိုအချက်ကို သိရှိထားသဖြင့် အပင်အောက်တွင် ရှိနေကြသည့် တောဆင်ရိုင်းအုပ်ကို သေးနှင့်ပန်းကာ ခြောက်လှန့်မောင်းထုတ်လိုက်သော်လည်း သူတက်ရောက်နေသည့်အပင်က သာမန်အပင်မဟုတ်၊ နတ်မောင်နှမနေပြီး ရွာသူရွာသားများ ယုံကြည်အားထားကိုးကွယ်နေကြသည့် အဝင်ကြီးဖြစ်သည့်အတွက် နတ်ကိုင်လိုက်ခြင်း ခံရသည်ဆိုသည်က ယုံမှား သံသယဖြစ်စရာ မရှိသည်က အမှန်။

"အဘ - ချောင်းနားကိုနီးနေပြီ၊ ရေသောက်ဆင်းတဲ့အကောင်တွေကိုတွေ့နိုင်တယ်နော် - အဘ၊ ချောင်းရဲ့ဟိုဘက်ကမ်း ဂုံမင်းတောကြီးကိုလဲ သတိထား။ မြူတွေ အုပ်လိုက် ဆင်းစားကြတယ်၊ ဒါနဲ့ အဘ - မြူကို ပစ်ဖူးလား ဟင်"

"ဟား - ဟား - ဟား - မင်းကလဲ မုဆိုးလုပ်နေပါတယ်ဆိုမှ မြူတင် ဘယ်ကမလဲကွ၊ ဆိုင်၊ ပြောင်၊ ဝံ၊ ကျား၊ ကျားသစ်နဲ့ ဆင်လိုအကောင်ကြီးတွေကို ပစ်နေတဲ့အကောင်ပဲကွ၊ မင်းမြူလို အကောင်လောက်ကတော့ စာရင်းထဲ တောင်မထည့်ဘူး၊ ငါ့ကိုမင်းကဘယ်လို အကောင်လို့များ မှတ်နေလို့လဲ - ပြောပါဦး"

ကျွန်တော် စိတ်တိုသွားမှန်းကို သိသွား၍လားတော့မြင့်မသိ၊ သူက -



"ကျွန်တော် အပြောလောသွားလို့ပါ - အဘရယ်၊ တစ်ကောင်ချင်းကို ပြောတာမဟုတ်ဘူး - အုပ်လိုက်ကိုပြောတာပါ"

"အုပ်လိုက်ကိုပြောတာ - ဟုတ်လား၊ ဘယ်လိုမျိုးလဲကွ - ပြောပါဦး"

"မိသားစုအုပ်ပေါ့ - အဘရဲ့၊ တချို့အုပ်ဆိုရင် (၁၅) ကောင်လောက်ရှိမယ်၊ အနည်းဆုံး (၅) ကောင်အုပ်ပဲလေ"

"ဟုတ်လား - အဲဒီလိုမြူအုပ်ကို မမြင်ဖူးသလို ပစ်လည်း မပစ်ဖူးဘူးကွ၊ ဘယ်လိုအချိန်မျိုးမှာ ပစ်ရတာလဲဟင်"

"အဘကိုပြောပြဖို့က လိုရာဆီကို ရောက်တော့မှာမို့ နောက်မှ ရှင်းပြမယ်၊ တကယ်လို့များ မြူအုပ်နဲ့တိုးရင် အပစ်မလောနဲ့နော်၊ ကျွန်တော်က အပစ်နိုင်းတဲ့အကောင်ကိုသာ အဘပစ်မယ်ဆိုတဲ့ ကတိကို ပေးမလား"

"ဟာကွာ - မင်းလို မလောက်လေး မလောက်စားကောင်လေးက ငါ့လိုမုဆိုးရင့်မကြီးတစ်ယောက်ကို ခင်းအပစ်နိုင်းတဲ့အကောင်ကိုမှ ငါက ပစ်ရမယ် - ဟုတ်လားကွ"

"ဟုတ်ပါတယ်၊ အဘ မြင်လည်း မမြင်ဖူးဘူး၊ မပစ်ဖူးဘူးဆိုတော့ အပစ်လောသွားရင် အကုန်မရလိုက်မှာစိုးလို့ပါ"

သူပြောပြနေသည်ကလည်း ဟုတ်နေသည်၊ ကျွန်တော်ကလည်း အတွေ့အကြုံအသစ်ကိုလိုအပ်နေသူမို့ သူပြောသည့်စကားကို လက်ခံကာ ကတိပြုလိုက်တော့ သူကျေနပ်သွားသည်၊ ကျွန်တော့်တွင်လည်း အတွေးတစ်ခုက ဝင်လာသည်၊ သူ့ကလေးကို သေနတ်ပစ်နည်း သင်ပြပေးလိုသဖြင့် ဝန်းကျင်ကို လိုက်လံရှာဖွေကြည့်လိုက်တော့ ဝါးရုံထိပ်ဖျားနားနေသည့် ချိုးငှက်တစ်ကောင်ကို မြင်လိုက်ရသဖြင့် ပခုံးတွင် လွယ်ထားသော ပိုင့်တူးတူးသေနတ်ကလေးကိုဖြုတ်ကာ -

"ဟောဒီသေနတ်ကလေးကို ပိုင့်တူးတူးသေနတ်လို့ခေါ်တယ်ကွ၊ ပြောင်းဝအကျယ် ဒသမ ၂၂ လက်မ ရှိတယ်၊ ယမ်းအားကလဲ ဂရိမ် (၄၀) က (၄၄) ထိသာရှိတယ်၊ ကျည်တောင့်နဲ့ ပစ်ခတ်ရပြီး ငှက်ပစ်သေနတ်မျိုးပဲကွ၊ စစ္စလီ၊ ရေဘဲ၊ ချိုး၊ ကြက်နဲ့ ယုန်၊ ကြောင်လေးတွေပစ်တဲ့သေနတ်မျိုးပဲ၊ အသံကလဲ သိပ်မကျယ်ဘူး၊ ခြေပြင်ကိုဝါးခြမ်းပြားနဲ့ ရိုက်တဲ့အသံလောက်ပဲ ထွက်တယ်၊ မောင်းတံကို အပေါ်လှန်တင်ပြီး နောက်ကိုပြန်ဆွဲ၊ ပြောင်းရင်းကို ကျည်သုံးပြီး မောင်းတံကို ရှေ့ကိုပြန်ထိုး အောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ရင်မောင်းတင်ပြီးသားဖြစ်တယ်၊ မှတ်ထားကွ၊

ပစ်တော့မယ်ဆိုရင် ဒီနောက်ချိန် ခွက်ရယ်၊ ဟိုရှေ့ချိန်သီးရယ်ကိုကိုယ်ပစ်မယ့်အကောင်နဲ့ ထမ်းပိုးထမ်းချိန်ပြီး ပစ်ခလုတ်ကိုညှစ်ရတယ်ကွ၊ ခု မင်းကို ဟိုဝါးရုံဖျားမှာ နားနေတဲ့ ချိုးကို ပစ်ပြမယ်၊ ကြည့်ပြီးမှတ်ထား"

ပြောပြောဆို ဆို ကျွန်တော်က သေနတ်ကို ဝါးရုံထိပ်ဖျားဆီကို ထောင်လျက် နားနေသည့် ဝါးရုံထိပ်ဖျားဆီမှ ချိုးငှက်ဆီ လှမ်းချိန်လိုက်သည်။ အကွာအဝေးက ကိုက်တစ်ရာသာသာခန့် -

"ဖြန်း"

သေနတ်သံအဆုံး ဝါးရုံထိပ်ဖျားထက်ရှိ ချိုးငှက်သည် အတောင်တဖျတ်ဖျတ်ခတ်ရင်း မြေပြင်ထက်ဆီ ပြုတ်ကျလာသည်။ ကလေးပီပီ ပျံလွှားက ပြေးကောက်လိုက်ပြီး -

"တော် သေးရဲ့- အသံ က သိပ် မကျယ်လို့"

နှစ်ဦးသား ဆက်လက်လျှောက်လှမ်းခဲ့ကြရာတောစပ်ဆီသို့ရောက်လာသည်။ တောက အမြဲစိမ်းတောလို ဖြစ်နေသည့်အတွက်ချုံနွယ်ပင်များရစ်သိုင်းထားကြသောပင်တောက်၊ တဲ့ကော်၊ သစ်အယ်၊ မကျီးသြယ၊ တောင်သရက်၊ တောတည်း၊ တောင်ပိန္နဲ စသည့်အပင်ကြီးတို့ နှင့် စိမ်းစိုအုံ့ဆိုင်းနေပြီး နေပြောက်ပင် မထိုးနိုင်အောင် စိမ်းစိုမည်းမှောင်နေသည်။

ချောင်းအတွင်းရှိရာသွားသောလမ်းသည် တောင်ကြားလျှိုများအတွင်း သစ်ပင်တို့က ခပ်စောင်းစောင်း ပေါက်နေကြသည်။ လူလျှောက်လမ်းအတိုင်း အထဲကို တိုးဝင်လိုက်ကြပြီး ကမ်းပါးယံအထက်မှ ချောင်းတွင်းကို လှမ်းကြည့်လိုက်ရာ ရှေ့လက်နှစ်ဖက်ကိုကားလျက် ရေကို ငုံ့သောက်နေသည့် မည်းမည်းလုံးလုံး တောဝက်ငယ်တစ်ကောင်ကို တွေ့လိုက်ရသဖြင့် လည်တိုင်ရင်းဆီသို့ ပစ်သွင်းလိုက်ရာ ချောင်းကမ်းစပ်အတွင်းရေ့ကိုငိုက်လျက် ဘေးတိုက်လဲကျကာ ခွေးများ ပန်းထွက်ပြီး လူးလိမ့်ရင်းငြိမ်သက်သွားသည်ကိုတွေ့လိုက်ရပေသည်။ တောဝက်က သိပ်မကြီးလှ၊ အလွန်ဆုံး ရှိမှ (၈)ပိဿာခန့်ရယ်သာ။

နှစ်ဦးသား ချောင်းအတွင်း မဆင်းသေးဘဲ ဂုံမင်းတောကြီးရှိရာဘက်ဆီ တိုးကပ်လာခဲ့ရာ -

"ဂါး - ခွီး - ဖျီး - ဖျီး - ဖျီး၊ ရှူင် - ရှူင် ရှူင်"



"ဟော - အဘ - ဖြူအုပ်ဝင်စားနေတဲ့အသံ ကြားတယ်မို့လား"

ဟိုရှေ့ဆီတွင် မြက်ပင်များချည်းသာ ပေါက်နေသည့် တောင်ခေါင်းတုံးအနီး တိုးကပ်သွားလိုက်ကြပြီး ဟိုဘက်ရှိဆင်ခြေလျှောကိုဆင်းကာသစ်ပင်ကြီးဘေး နှစ်ဦးသား ကပ်ပြီး မှဆိုးထိုင် ထိုင်လိုက်ကြရင်း အသံလာရာဆီ လှမ်းကြည့်လိုက်တော့ဂုံမင်းအရိုး၊ အရွက်နှင့် ဥတို့ကို တူးဆွကိုက်ဖဲ့ စားသောက်နေကြသည့် ဖြူ(၃)ကောင်ကို တွေ့လိုက်ရပေသည်၊

"ခွီး - ဖျီး - ဖျီး - ဖျီး - ရှူင် - ရှူင်"

ကြားနေရသည့် အသံ တို့ က ကြောက်စရာကောင်းသေးသည်။ အကောင်တွေက သောက်ရေအိုးနီးပါး အရွယ်တွေမို့ မက်လောက်စရာ၊ အမြီးတွေ နောက်ပိုင်းတွင် ဆူးချွန်မည်းမည်းကြီးတွေနှင့် ဆယ်လက်မလောက်အရှည်၊ ရန်သူကိုတွေ့လျှင်နောက်ကျောပေးပြီး ဆူးတောင်တွေ ခါထုတ်ပြီးတိုက်ခိုက်တတ်ကြသည်၊ အသီးအရွက်နှင့် ဥများကို စားကြသည့်အပြင် အသားကျန်တွေကိုလည်း ရှာဖွေစားသောက်တတ်ကြသည်၊ အထူးသဖြင့် ပြောင်း၊ မုန်လာဥနှင့် ကန်စွန်းဥတို့ကို ကြိုက်နှစ်သက်ကြသည်၊ များသောအားဖြင့် ထိုအကောင်မျိုးက နေ့ဘက်တွင် အပြင်မထွက်၊ ညပိုင်းသာ အပြင်ထွက်တတ်ကြပြီး ရေကူးလည်း ကျွမ်းကျင်ကြသည်၊

ကျွန်တော်က မပစ်သေးသော်လည်း သေနတ်နှင့် လှမ်းချိန်ထားလိုက်သည်မို့ ပျံလွှား တံတောင်နှင့် တို့ထိကာ ခေါင်းခါပြနေသည့်အတွက် ခေါင်းညိတ်ပြလိုက်ရင်းစောင့်ကြည့်နေလိုက်သည်၊ အခြားသောအကောင်များပါသူတို့ဆီကို ရောက်လာသည့်အတွက် ခန့်မှန်းခြေ (၇)ကောင်လောက်တော့ဖြင့် ဖြစ်ပေမည်။

"ဝွါး - ရှီး - ရှူင် ရှူင် ရှူင် - ဂုတ် - ဖျီး"

အသာငြိမ်လျက် စောင့်ကြည့်နေစဉ် ဂုံမင်းတောကြီး ဟိုမှာဘက်အစွန်းဆီမှ ပိုမိုကြီးထွားသည့်အကောင်ကြီး တစ်ကောင်က ဆူးတောင်တွေကို ရိုက်ခတ်လျက် ကျယ်လောင်သည့်အသံဖြင့် ဟစ်ကြွေးလျက် သူ့အဖော်များရှိရာဆီသို့တိုးကပ်လာနေသည်ကို တွေ့လိုက်ရပြန်သည်။ ထိုအချိန် ပျံလွှားက လက်တို့ကာ လေသံနှင့် ပြောလာသည်က -

"အဘ - အဲဒါဒီအုပ်ရဲ့ခေါင်းဆောင် အထီးကြီး၊ သူ့ကို အရင်စပစ်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို ပြန်မပြောတော့ သူပြောသည့်အတိုင်း ထိုအကောင်ကြီး ချောင်းကမ်းပါးယံဟိုဘက်အဖျားဆီသို့ အရောက် ကိုက်တစ်ရာသာသာတွင် ပစ်တန်ကောင်းမို့ ဦးခေါင်းပိုင်းဆီ ပစ်သွင်းလိုက်ရာ သေနတ်ပေါက်ကွဲသံကလေးနှင့်အတူ "ခွီး-ဖျီး ဖျီး ဖျီး" ဟူသောအသံကြီးကို နက်ကျော့ကျယ်လောင်စွာ အော်ဟစ်လူးလိမ့်လျက် ကမ်းပါးယံထက်မှ ချောင်းအတွင်း လိမ့်ဆင်းသွားသည်ကိုမြင်လိုက်ရပေသည်။

အပစ်ခံလိုက်ရပြီး ချောင်းအောက်ဆီ လိမ့်ဆင်းသွားသည့် ဖြူထီးကောင်ကြီး၏နာနာကြည်းကြည်းသေငယ်ဇောနှင့် အော်ဟစ်ညည်းတွားလိုက်သည့် အသံကြောင့်ဂုံမင်းတောကြီးတွင်းကိုက်ဖဲ့စားသောက်နေကြသည့် ကျန်အကောင်တို့ကစားလက်စကိုလွှတ်ကာ အသံကြားရာဆီ ပြေးထွက်လာကြရှိန်-

"အဘ-သူတို့ရောက်လာရင်စိတ်ကြိုက်သာ ပစ်ပေတော့"

ထိုအချိန် ပြေးထွက်လာကြသော အကောင်တို့မှာ ဟိုမှာဘက်ကမ်းပါးယံထက်ဆီမှချောင်းအတွင်းမှအော်ဟစ်သံကြားရသည့်ဖြူကြီးကို လှမ်း၍ငုံ့ကြည့်နေလိုက်စဉ်-

"အဘ-စိတ်ကြိုက်သာ ပစ်ပေတော့"

"ဖန်း-ဖန်း-ဖန်း-ဖန်း"

သေနတ်ပေါက်ကွဲသံ (၄)ချက်နှင့်အတူ ဖြူ(၄)ကောင် ချောင်းအတွင်းကို ပြုတ်ကျသွားသည်ကိုတွေ့လိုက်ရသလို ကျန်အကောင်တို့ကလည်း တထိတ်တလန့်ဖြင့် သူတို့တိုးထွက်လာရာဂုံမင်းတောကြီးအတွင်း ပြေးဝင်ပုန်းလျှိုးလိုက်ကြသဖြင့်မြင်ကွင်းကပျောက်ကွယ်သွားပေသည်။ ထိုအချိန် ကျွန်တော်က မဝ့ဖင်းသောက်ကိုဖြုတ်ကာ ကျည်ထပ်ဖြည့်နေစဉ်-

"အဘ-အသာလေး စောင့်ကြည့်နေ။ ဒီအကောင်တွေ ပြန်လာဦးမှာ"

သူ့စကားကြောင့်ကျွန်တော်အသာငြိမ်ပြီး စောင့်နေလိုက်သည်။ သိပ်မကြာလိုက်။ မိနစ်(၂၀)လောက်ကြာတော့ စောစောကဂုံမင်းတောကြီးအတွင်းပြေးဝင်ပုန်းအောင်းနေကြသည့် ဖြူကောင်တို့တလှုပ်လှုပ်ဖြစ်လာကြသည်။အတန်ကြာတော့ ရန်သူမရှိတော့ဟုအထင်ဖြင့် အရှုပ်တောအတွင်းမှ တိုးထွက်လာကြပြီး ချောင်းအတွင်း စောစောကပြုတ်ကျသွားကြသောနေရာသို့ လှမ်းကြည့်နေကြပြန်သည်။ ကျွန်တော့်သေနတ်မှလည်း ပေါက်ကွဲသံ ထွက်ပေါ်သွားပြန်သည်နှင့်အတူ ဖြူကောင်များ ချောင်းအတွင်း လိမ့်ဆင်းသွားကြပြန်သည်။

နောက်တစ်ဖန် ပစ်စရာမကျန်တော့သည့်အတွက် မိသားစုအုပ်ဖြစ်သည့်ဖြူ(၉)ကောင်မှာ ချောင်းကမ်းစပ်ရေကြည်ကြည်ထဲတွင် ပုံစံမျိုးစုံဖြင့် သေပွဲဝင်ကာ သွေးသံရဲရဲတို့အကြား အံ့ဩဖွယ် မြင်တွေ့လိုက်ရပေတော့သည်။

ပျံလွှားအမည်ရ ကလေးငယ်ကြောင့် တစ်နေ့ရာထဲတွင် ပိဿာချိန် (၁၀)နီးပါးစီ ရှိကြသော ဖြူမိသားစုအုပ် အပြင်တောဝက်ဝယ်တစ်ကောင်ကိုပစ်ခတ်လို့ရရှိလိုက်သော ကျွန်တော်က "အောင်မြင့်မြတ် (ခ) ပျံလွှား" အမည်ရ ကလေးကိုနှစ်လိုအားရစွာပွေ့ဖက်လိုက်ရင်း မေးဖူးတင်နေလိုက်မိသည်က အမှန်။

"ကဲ-ပျံလွှား-ငါတို့နှစ်ယောက်တစ်နေ့ရာထဲ ရလိုက်တဲ့အကောင်တွေကလည်းမနည်းတော့ပါဘူးကွာ။စားပင်ကို တက်ထိုင်ကြဖို့ လိုသေးလို့လား။ ဘယ်လိုသဘောရလဲကွ-ပြောပါဦး"

"ဘယ်လိုသဘောရမှာလဲ-အဘရယ်။ ရွာကိုပြန်ပြီး လူခေါ်ထမ်းကြရုံကလွဲရင် ဘာများ လုပ်လို့ရဦးမှာလဲ။ ပြန်ကြမယ်၊ အမျိုးကြီးဆိုင်က ဝင်ဝယ်လာတာတွေကို အိမ်ကို ရောက်မှ သောက်စားပြီး နားလိုက်ကြရုံပေါ့။ မနက်ဖြန်မှလာကြတာပေါ့"

နှစ်ဦးသား သေနတ်ကိုယ်စီထမ်းကာပြန်လာခဲ့ကြရင်းကျွန်တော့်အတွေးတို့က ကိုယ့်ကိုယ်ကိုယ် မုဆိုးရင့်မကြီးတစ်ယောက်အဖြစ် အထင်ကြီးနေပြီး သွေးနားထင်ရောက်နေသည့် ကျွန်တော် ဖြူအုပ်ကို မမြင်ဘူးခဲ့သလို ပစ်လည်း မပစ်ခတ်ခဲ့သူတစ်ယောက်ကယခုလိုထင်မှတ်မထားပဲ ထိုကလေးနှင့်တွေ့ပါမှ ဖြူမိသားစုတစ်အုပ်လုံးကိုကုန်အောင် ပစ်ခဲ့ဖူးသလို မြင်ပင် မမြင်ဘူးသည့် ကျွန်တော့်အဖြစ်ကို ခပ်ရှက်ရှက်ဖြင့် မရျင့်မရဲ မေးလိုက်မိသည်က-

"ဖြူမိသားစုအုပ်အကြောင်း ဘယ်လိုဆိုတာ ပြောပြစမ်းပါဦးကွ"

"ဒီလိုအဘရဲ့-မိသားစုတစ်အုပ်လုံးဂုံမင်းတောကို အစာစားဖို့ဦးဆောင်ခေါ်လာတာက အရင်ဆုံးပစ်လိုက်တဲ့ဖြူကြီးက ခေါ်လာတာလေ။ သူက အသက်အကြီးဆုံးလဲဖြစ်ပြီး စားကွက်ဆီကို ရောက်တော့ အဲဒီအကောင်ကြီးက အပြင်စည်းကနေ သူတို့ရဲ့လုံခြုံရေးကို ကင်းလှည့်ရင်း တာဝန်ယူကြတာက

သူတို့ရဲ့သဘာဝပဲလေ၊ အဲဒီအကောင်ကြီး လမ်းမှာ အကြောင်းအရာတစ်ခုကြောင့် သေသွားခဲ့ရင် ကျန်တဲ့နောက်လိုက်အကောင်တွေ မသွားတတ် မလာတတ်ဖြစ်ပြီး စမ်းတဝါးဝါး ဖြစ်ကုန်ကြတော့တာပဲ၊ မုဆိုးလုပ်သူက သူတို့ရဲ့သဘာဝကို သိတော့ ဦးဆောင်တဲ့အကောင်ကြီးကို အရင်ဆုံး သတ်လိုက်တော့ နောက်က လိုက်ကြတဲ့အကောင်တွေ ဘယ်သွားလို့ ဘယ်လာကြရမှန်း မသိတော့ဘူး။ ဒီနေရာတစ်ဝိုက်မှာပဲ တဝဲလည်လည်နဲ့ ခေါင်းဆောင်ကို တွေ့လိမ့်နိုးဖြင့် လှည့်ပတ်ရှာကြတော့တာပဲ၊ ဒီကောင်တွေရဲ့သဘာဝကို သိထားတဲ့မုဆိုးက အဲဒီအားနည်းချက်အပေါ်အနိုင်ယူလိုက်ကြတာပါပဲ၊ အဲဒါ မုဆိုးတစ်ယောက်ရဲ့ပညာရပ်လေ - အဘရဲ့"

သူ ပြန်ဖြေလိုက်သည့် စကားကြောင့် ကိုယ့်ကိုယ်ကိုယ် မိုးတစ်လုံးလေတစ်လုံးဖြင့် အထင်ကြီးနေမိသည့် ကျွန်တော် မုဆိုးကြီးက နဖူးကို လက်ဝါးနှင့် ပြန်ရိုက်လိုက်ရင်း -

"အေးပါ - ကလေးရယ်၊ မင်းကို ငါ သိပ်ကျေးဇူးတင်မိပါတယ်၊ ဖြူတွေကို ငါ ပစ်သတ်ခဲ့ပေါင်း များပါပြီ၊ ခုလို ဖြူအုပ်ကိုတော့ တစ်ခါမှလည်း မပစ်ခဲ့ဖူးဘူး၊ ပြောသံလည်း မကြားမိဘူး။ မြင်လည်း မမြင်ဖူးဘူး။ ခု - မင်းကျေးဇူးကြောင့်မြင်လည်း မြင်ဖူးသလို ငါကိုယ်တိုင်လည်း ပစ်ခဲ့ရလို့ ယုံကြည်ပါတယ်၊ မင်းကို အများကြီး ကျေးဇူးတင်ပါတယ်ကွာ"

ကျွန်တော်က အမှန်အတိုင်း ပြောပြဝန်ခံလိုက်တော့ သူက စောင်းငဲ့၍ပြန်ကြည့်လိုက်ရင်း ပြန်ပြောလိုက်သည်က -

"အဘဝန်ခံလိုက်တယ်နော်၊ ဒါဆိုရင် - နောက်တစ်ခု အသိပေးလိုက်ဦးမယ်"

"ဟုတ်လား - ဖြူနဲ့ပတ်သက်လို့ပဲလား"

"ဟုတ်တယ် - အဘရဲ့၊ ခု အဘပစ်ခဲ့တာ မိသားစုအုပ်နော်"

"အေးလေ - မိသားစုအုပ်ပဲဟာ"

"တကယ်လို့မိသားစုအုပ်မဟုတ်ပဲ ချစ်သူရည်းစားနဲ့ ချိန်းတွေ့တဲ့နှစ်ကောင်ကိုတွေ့ရင် ဘယ်အကောင်ကို အရင်ပစ်မလဲ - အဘ"

"စောစောကလို အထီးကောင်ကို အရင်ပစ်မှာပေါ့ကွ"

"မှားတယ် - အဘရဲ့၊ အထီးကောင်ကို အရင်ပစ်လိုက်ရင် အမကောင်က



တစ်ချိုးထဲလစ်တော့တာပဲ၊ တစ်ကောင်ထဲသာ ရတော့မှာပေါ့၊ အဲဒါကျတော့ အမကောင်ကို အရင်ပစ်ရတယ်၊ အထီးကောင်က လန့်ပြီးထွက်ပြေးလည်း စောစောကလို ငြိမ်ပြီး နေရာမှာ စောင့်နေလိုက်ရင် သံယောဇဉ်စိတ်နဲ့ အထီးကောင် ပြန်ရောက်လာတယ်လေ၊ အဲဒီတော့ နှစ်ကောင်လုံး ပစ်လို့ရတာပေါ့၊ အထီးကို အရင်ပစ်လိုက်ရင် ထွက်ပြေးတဲ့အမကောင်က အထီးဆီကို ဘယ်တော့မှပြန်မလာတော့ဘူး။ သံယောဇဉ်ထားကြတာချင်း မတူဘူးလေ အဘရဲ့"

ကျွန်တော် သူကလေးကို စောင်းငဲ့ကြည့်လိုက်ရင်း စိတ်တွင်းကလည်း အလွန်အမင်း လေးစားသလို အထင်လည်း ကြီးသွားမိ၏၊ ထို့အတူ အတွေးတို့ကလည်း -

သားကောင်တစ်မျိုးချင်းစီ၏ စရိုက်သဘာဝကို စုံလင်အောင် တတ်သိနားလည်သိရှိထားကြရမည့် ကျွန်တော်လို မုဆိုးအနေနှင့် တောတွင်းသားကောင်တွေ၏ စရိုက်သဘာဝကို စုံလင်အောင် သိရှိထားပါသည်ဆိုသည့် ကျွန်တော်ပင်လျှင် အမှတ်မထင် ထိုကလေးနှင့် ဆုံတွေ့တော့မှ ကိုယ့်ကိုယ်ကိုယ်အလကား မုဆိုးတစ်ယောက် ဖြစ်နေမှန်းကို သဘောပေါက်သွားမိလိုက်သည်က အမှန်ပင် ဖြစ်ပေတော့သည်၊

⇨ လေးမောင်

ရှိရ
လော
က
ဆေး
မြီး
တို

**လေငန်းရောဂါ** - ရှားစောင်းလက်ပပ်၏ ငါးဆေဆင်တုံးမနွယ်တမှုန့်ထည့်၍ပျားရည်နှင့် ကြိတ်၍စားပါ။

**လေဆေး** - နံ့ရှိုးကြားတွင်ထိုးသောလေမျိုးအတွက် ကင်မွန်းသီးမီးဖုတ်၊ စမုန်နက်၊ ဆင်သမနွယ်၊ ဆားဆတူရောစပ်၍တိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



# မိုးသည်းည၏

တိုင်းတစ်ပါးကိုအထင်ကြီးသူနှင့်
အမိမြန်မာပြည်မှာအခြေချချင်သူ
နှစ်ယောက်အကြားကမြေစာပင်
ဖြစ်ရသည့်ကလေးငယ်များ၏ဘဝ ..



**ကောင်းကင်တွင်** တိမ်ညိုတိမ်မည်းတွေက တွဲရိုင်းအုပ်ကြီးလို ပြေးလွှားနေပြီ၊ မကြာခင် မိုးရွာတော့မည်၊ "ခရေမြိုင်"ကြီးမားကျယ်ဝန်းသော ခြံကျယ်ကြီးတစ်ခြံ ထို "ခရေမြိုင်"ခြံကျယ်ကြီးအတွင်း ထည်ဝါကြီးမားစွာ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်ကြီး၏ အောက်ထပ်ရှိ လေ့ခါးထစ်တစ်ခုပေါ်တွင် ဝမ်းနည်းကြေကွဲစွာ ထိုင်ပြီး ငိုကြွေးနေသော အမျိုးသမီးတစ်ယောက်၏ ငိုရှိုက်သံမှလွဲ၍ တခြားဘာဆိုဘာသံမှပင် မကြားရပဲ တိတ်ဆိတ်ငြိမ်သက်လွန်းလှပေသည်၊ မိုးတွေက တစိမ့်စိမ့် ရွာချက်လာလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



နေရာကား ရန်ကုန်မြို့ပြင်တစ်နေရာအတွင်းရှိလူကုံထံအသိုင်းအဝန်းများသာ နေထိုင်ကြသည့်နေရာဖြစ်သည်။ နေထိုင်သည့်နေရာ အနေအထားအရ ခြံဝန်းကြီးများမှာ အလွန်ပင် ကျယ်ဝန်း၍ တစ်ခြံနှင့်တစ်ခြံ အရေးအကြောင်းရှိပါက အော်ဟစ်ခေါ်၍ပင် မကြားနိုင်သည့် နေရာဖြစ်သည်။

ထိုကဲ့သို့ လူကုံထံအသိုင်းအဝန်းများသာ နေထိုင်ပြီး လှပခန့်ညားထည်ဝါစွာဆောက်လုပ်ထားသောနှစ်ထပ်တိုက်အိမ်ကြီးအတွင်း ဧည့်ခန်းဆောင်မှ အပေါ်ထပ်သို့တက်သည့် လှေကားမှာ စမတ်ကျ၍ နင်းရက်စရာ မရှိလောက်အောင် တောက်ပြောင်သားနားလွန်းနေသော်ငြားလည်း ထူးခြားနေသည်က လှေခါးတစ်ခုပေါ်တွင် ထိတ်လန့်စရာကောင်းသည့် သွေးကွက်သွေးစက်များ ရင်တုန်ဖွယ် စွန်းထင်ပေကျံနေပေသည်။

ထိုသွေးကွက်အနီးတွင်ထိုင်၍ ပူဆွေးသောကကြီးစွာ ငိုကြွေးနေသူမှာ သရဖီစိုးပင် ဖြစ်သည်။ ထိုအိမ်ကြီး၏ အိမ်ကြီးရှင်သခင်မဖြစ်သူ သရဖီစိုး၏ ငိုရှိုက်သံများကြောင့် ကျက်သရေရှိလှသော တိုက်အိမ်ကြီးနှင့်အတူ လှပစွာ ဖွဲ့စည်းထားသော ဧည့်ခန်းဆောင်ကြီး တစ်ခုလုံးကို အရုပ်ဆိုး အကျည်းတန်သွားစေတော့သည်။ သွေးစိမ်းလွှမ်းသည့်အခန်းပင်။

ကောင်းကင်တွင် လျှပ်စီးလက်လျက် ရှိ၏။ မိုးက ဖွဲလျက်။

သရဖီစိုးသည် ဝမ်းနည်းစွာ ငိုရှိုက်နေရင်းနဲ့ ခြောက်သွေ့၍ပင် နေပြီဖြစ်သောသွေးကွက်ကို သူမ၏ ဖြူဖွေးလှပသော လက်ချောင်းလေးများဖြင့် အသာအယာ ပွတ်သပ်နေသည်။ သူမ၏နှုတ်ခမ်းများမှလည်း ငိုရှိုက်သံကြောင့် မသိမသာဗလုံးဗထွေးဖြစ်နေသောစကားသံ ခပ်တိုးတိုးလေးနှင့်လည်း တိုးလျှိုးတောင်းပန်နေသေးသည်။

သူမ၏ လှပဖူးငုံနေသော နှုတ်ခမ်းများအစုံမှ ထွက်ကျလာသောစကားသံများကိုသေချာစွာအနီးကပ်၍နားထောင်ကြည့်မည်ဆိုပါက -

“သားလေးနဲ့ သမီးရယ် - မာမီကို ခွဲသွားကြပြီလား၊ မာမီ့ကို ခွင့်လွှတ်ကြပါ၊ အို - မဟုတ်ဘူး - ဟင့်အင်း - ဟင့်အင်း - ခွင့်မလွှတ်ကြနဲ့၊ မာမီ့ကို ဘယ်တော့မှ ခွင့်မလွှတ်ကြပါနဲ့”တဲ့။

သရဖီစိုး၏ ရုပ်ဆင်းသဏ္ဌာန်က အသက်(၃၈)နှစ်စ ဆိုသော်ငြား တင့်



တယ်လှပပြီး ကျက်သရေရှိလှသည်။ သူမသည် အလွန်ပင် ဝမ်းနည်းကြေကွဲစွာ ရင်တစ်ခုလုံးကွဲကြေလုမတတ် ခံစားရင်း ငိုရှိုက်နေသော်လည်း သူမ၏ လှပသည့် ရုပ်ရည်ကြောင့် မြင်ရသူအပေါင်းမှာ နိုင်ငံကျော် ရုပ်ရှင်မင်းသမီး၏ စတိုင်ကျကျ အလွမ်းခန်း သရုပ်ဆောင်နေသည်နှင့်ပင် တူနေပေသည်။

သို့သော် သူမ၏ မနီးမဝေးရှိ ဆိုဖာခုံပေါ်တွင် စီးကရက်ခဲ၍ မာကြောရီဝေအေးစက်သည့်မျက်ဝန်းအစုံဖြင့် သူမအား စူးစူးစိုက်စိုက် ကြည့်နေသူမှာ သရဖီစိုး၏ ခင်ပွန်းဖြစ်သူ ဦးထက်သာပင် ဖြစ်သည်။ ဦးထက်သာမှာ အမေရိကန်တွင် နေထိုင်သူဖြစ်ပြီး ထိုနိုင်ငံသား ခံယူထားသူ ဖြစ်သည်။ ဦးထက်သာမှာ မြန်မာနိုင်ငံသို့ သူ၏ရင်နှစ်သည်းချာများအရေးကြောင့် ခေတ္တလာရောက်ခြင်းပင် ဖြစ်သည်။ မိသားစုကို လာရောက်ခေါ်ယူခြင်းပင်။

ဦးထက်သာ၏ရင်အစုံသည်ဒေါသထွက်ခြင်း၊ မကျေနပ်ခြင်းများ၏နှိပ်စက်မှုကြောင့် နိမ့်ချည်မြင့်ချည်ဖြစ်နေပြီး သူ၏ ဇနီးချော သရဖီစိုးအား မကျေနပ်သည့်စိတ်၏ ဖိစီးမှုကြောင့် သူ၏မေးကြောကြီးများပင် တင်းမာနေပေသည်။

“အခုမှ ငိုမနေပါနဲ့တော့၊ ငိုနေတော့လည်း တို့ရဲ့ကလေးတွေက အသက်ပြန်ရှင်လာတော့မှာမှ မဟုတ်တော့တာ၊ မင်းသာ ဟိုတစ်ချိန်က ခေါင်းကြောမမာခဲ့ရင်၊ ငါခေါ်ရာလိုက်ခဲ့ရင် ငါတို့ရဲ့ကလေးတွေ အခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံရမှာ မဟုတ်ဘူး၊ ဒီမှာ သရဖီ - ရှေ့အပတ်ဆိုရင် ငါ ပြန်တော့မယ်၊ ငါမနေတော့ဘူး၊ မင်းဟာ ကိုယ့်သားသမီးနှစ်ယောက်ကိုတောင် ဂရုမစိုက်နိုင်တဲ့မိန်းမယုတ် - မင်းကို ငါ သိပ်ရွံတယ်၊ မင်းဟာ လူသလောက်လင်ကိုလည်း မခင်၊ သားကိုလည်း မခင်တဲ့ မိန်းမ - ဟင်း - မင်းကြောင့် ကလေးတွေ သေရတာ”

ဦးထက်သာမှာ ဒေါသထွက်လွန်း၍ သူ၏စိတ်ကို အနိုင်နိုင် ထိန်းချုပ်နေရလေသည်။ သရဖီစိုးကလည်း ဆတ်ဆတ်ထိမခံ ပြန်၍နှုတ်လှန်ထိုးလေသည်။

“ဒီမှာ ကိုထက် - ရှင်မကောင်းလို့ ဒီလိုဖြစ်တာ၊ ဘာမှ ကျွန်မကိုပဲ အပြစ်တွေ ပုံမချနဲ့၊ အခုလိုအဖြစ်ဆိုးကို ဖြစ်လာလိမ့်မယ်လို့ ဘယ်သူကတွေးမှာလဲ၊ ရှင်သာ မြန်မာနိုင်ငံမှာပဲ ကျွန်မတို့နဲ့ အတူရှိနေမယ်ဆိုရင် ဒီလိုတွေ ဘယ်ဖြစ်ပါ့မလဲ၊ အခုလဲကြည့်လေ - သားနဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီးဆီက ထွက်ကျလာတဲ့သွေးစက်တွေတောင် မခြောက်သေးဘူး၊ ရှင်က ဟိုကိုပြန်တော့မယ်၊ ဒီကလေးနှစ်ယောက်က ကျွန်မတစ်ယောက်တည်း မွေးထားတဲ့ကလေးတွေလား၊ ရှင်နဲ့လည်း ဆိုင်တယ်လေ၊ အဲဒါ ရှင် တခြားနိုင်ငံကို အထင်ကြီးလို့ဖြစ်ရတာ၊ ရှင်သိရဲ့လား၊ အဲဒါ ရှင့်ကြောင့် - ရှင်မရှိလို့ - ဟင့် - ဟင့် - ဟင့်၊ ကျွန်မက ကိုယ့်မြေကိုယ့်ဒေသကိုပဲ ချစ်တယ်ရှင့်"

"ဘာ - ငါကြောင့်၊ ဟုတ်လား၊ ကြည့်လဲပြောစမ်းပါ၊ ငါဟိုကိုခေါ်တယ်၊ မင်းမှမလိုက်တာ၊ ဒီမြို့ကြီးက မိဘဘိုးဘွားပိုင်မို့ ကျွန်မ မခွဲနိုင်ဘူး၊ ဟိုနိုင်ငံရောက်ရင် ကလေးတွေကို ပြောရဆိုရခက်မယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့၊ အခုတော့ ကောင်းကြသေးရဲ့လားကွာ - တောက်၊ မင်း တွယ်ကပ်နေလို့ဖြစ်တာ"

"ဒုန်း"

ဦးထက်သာမှာ သရဖီစိုးအပေါ် ဒေါသများ စုပြုံလာ၍ သူ၏ရှေ့တွင်ရှိသော စားပွဲခုံပေါ်သို့ လက်သီးတစ်ချက်ပစ်သွင်းရင်း သူ၏ဒေါသကို ဦးတည်ရာပြောင်းလိုက်သည်၊ ညှော်ခန်းတွင် ဆူညံဆူညံနှင့် လင်မယားနှစ်ယောက် အခြေအတင် ပြောဆိုရန်ဖြစ်သည့်နေရာသို့ နောက်ဖေးမီးဖိုချောင်ခန်းတွင် ရှိနေသော သရဖီစိုး၏အဒေါ်ဖြစ်သူ အပျိုကြီး ဒေါ်သဲမာတစ်ယောက် အလျင်အမြန် ပြေးထွက်လာပြီးလျှင် -

"ဟဲ့ - ဟဲ့ - ဒီလင် မယားနှစ်ယောက် တော်ကြပါတော့ဟယ်၊ ဖြစ်ပျက်ပြီးတဲ့ကိစ္စတစ်ခုက ပြန်ဖြစ်မလာကြတော့ဘူး၊ ဘယ်သူ့ကိုမှ အပြစ်ပုံမချနဲ့တော့၊ ဒါဟာ ကံတရားတစ်ခုလို တွေးကြစမ်းပါ၊ သွားလေသူလေးတွေ နောင်ဘဝတွေမှာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံရမတွေ့ရလေအောင် သာ ငါတို့တွေ ဆုတောင်းပေးကြရအောင်၊ ကဲ - ထမင်းကို ဝင်သလောက် စားကြ၊ မကြာခင် မိုးချုပ်တော့မယ်၊ မောင်ထက်သာ - ရေသွားချိုးတော့နော်"

ဦးထက်သာသည် မျက်ခုံးကြီးနှစ်ဖက်ကိုတွန့်၍ မျက်မှောင်ကြီးကျုံ့လျက် သရဖီစိုးအားမကျေမချမ်းတစ်ချက်စိုက်ကြည့်ရင်း ရေချိုးခန်းရှိရာသို့ ထသွားတော့သည်၊ ဒေါ်သဲမာလည်း ဦးထက်သာ ထွက်သွားသည်နှင့် သူ၏တူမဖြစ်သူ သရဖီစိုးအနားသို့သွား၍ -

"တူမလေးကို မောင်ထက်သာ မြန်မာပြည်မှာရှိတုန်း အလိုက်အထိုက်



ပြေပြေပြစ်ပြစ် ဆက်ဆံပြောဆိုပါကွယ်၊ တူမလေးရဲ့ကျန်းမာရေးကို ဂရုစိုက်ပါဦးကွယ်၊ ထမင်းလည်းမစား၊ အိပ်လဲမအိပ်ဘဲနဲ့ ကြာရင် ခက်ကုန်တော့မယ်ကွယ်"

ဒေါ်သဲမာသည် တတွတ်တွတ်ပြောရင်း ထိုနိုက်ကြေကွဲစွာ ခံစားနေရသော သရဖီစိုး၏ ပါးပြင်ထက်မှ ပေကျံနေသော မျက်ရည်များကို သူ၏လက်များနှင့် ပွတ်သုတ်ပေးရင်း ဆွဲမထူလိုက်သည်၊ သေဆုံးသွားခဲ့သော ကလေးနှစ်ယောက်မှာ ဒေါ်သဲမာလက်ပေါ်တွင်ကြီးပြင်းလာသူလေးများပေမို့ သူ၏ သားသမီးအရင်းအချာဆိုလည်း မမှားပေ၊ ဘဝဝဋ်ကြွေးကံကြမ္မာအလှည့်အပြောင်းများမှာ ဆန်းကြယ်လွန်းလှပေရာ ဘုရား၊ ရဟန္တာများပင် အတိတ်က ဝဋ်ကြွေးကို မတတ်နိုင်၊ ထို့ကြောင့် တရားကို နှလုံးပိုက်ရန်သာရှိသည်၊

ဒေါ်သဲမာသည် တစပြင်ကဲ့သို့ ခြောက်သွေ့တိတ်ဆိတ်လွန်းသည့် ညနေစာ ထမင်းဝိုင်းကိုကြည့်ရင်း ရင်ထဲမိုနစ်လာသည်၊ အဖြစ်ဆိုးများနှင့် သေဆုံးသွားကြရှာသော ကလေးနှစ်ယောက်သာရှိလေလျှင် ထိုကဲ့သို့ခြောက်သွေ့နေမည်မဟုတ်ဘဲ ပျော်ပျော်ရွှင်ရွှင်နှင့် စည်ကားသိုက်မြိုက်နေသော ထမင်းဝိုင်းတစ်ခုဖြစ်နေမည်ကိုတွေးမိရင်း ဒေါ်သဲမာ၏ မျက်ဝန်းနှစ်ဖက်မှ မျက်ရည်ကြည်ဥများ ရုက်ချင်းဆိုသလို ရစ်ဝိုင်းလာသည်၊

ကလေးနှစ်ယောက်ကိုလည်း မျက်လုံးထဲမြင်ယောင်လာမိသည်၊ ငယ်ရွယ်နုငယ်လွန်းတဲ့ ကလေးနှစ်ယောက် ဒီလိုကြောက်မက်ဖွယ်ရာအဖြစ်ဆိုးမျိုးနဲ့ ရင်ဆိုင်နေစဉ်က ဘယ်လောက်များ ထိတ်လန့်ကြောက်ရွံ့နေလိမ့်မလဲဟု ဒေါ်သဲမာတစ်ယောက် တွေးမိရင်း ရင်ခေါင်းထဲမှ ဆို့တက်လာသည့် နှလုံးသားအက်ရာကို မထိန်းသိမ်းနိုင်တော့ပဲ သူ၏နှုတ်မှ "အင့်" ခနဲ ရှိုက်သံခပ်တိုးတိုးလေး ထွက်လာစဉ် ဦးထက်သာနှင့် သရဖီစိုး မမြင်ခင် ထမင်းစားခန်းထဲမှ အမြန်ပင် ပြေးထွက်လာခဲ့သည်၊ အိပ်ခန်းထဲတွင်အားရအောင် ရှိုက်ငိုရင်း ထိုမိသားစုလေး၏ အတိတ်က အရိပ်များနှင့်အတူ ကလေးနှစ်ယောက်၏ ကြေကွဲဖွယ်အဖြစ်များကို တရေးရေး ပြန်၍ မြင်ယောင်နေမိသည်၊

❒

www.burmeseclassic.com

www.burmeseclassic.com



ဦးထက်သာသည် လက်သည်းခွံလေးများကို လှပစွာ ဆေးရောင်ခြယ်နေသော ဖနီးချောလေး သရဖီစိုးအား သေချာကြည့်ရင်း -

"သရဖီ"

သရဖီစိုးက သူ၏ယောကျ်ားအား မျက်လုံးတစ်ချက် ဝင့်ကြည့်ရင်း -

"အင့် - ဟင် - ပြောလေ ကိုထက်"

"ဟို - ကိုထက် (L.A) သွားဖို့ ဗီဇာကျလာပြီ၊ မင်းတို့သားအမိတွေပါ ခေါ်ဖို့ လုပ်ထားတယ်၊ ရှေ့လကုန်ရင် ဒီက အပြီးသွားရတော့မှာမို့သရဖီအဆင်သင့် ပြင်ထားပါ"

"ကိုထက်ရယ် - မသွားလို့မဖြစ်ဘူးလား"

"မဖြစ်ဘူး - မင်းတို့ အစကတည်းက ပြောပြီးသားလေ၊ အဆန်းမှမဟုတ်တော့တာ၊ ငါနဲ့မခွဲနိုင်ရင် လိုက်ခဲ့ပါ - သရဖီ"

"ကိုထက်ရယ် - ကျွန်မလည်းရှင်နဲ့ ဘယ်ခွဲချင်ပါ့မလဲ၊ ဒီခြံကြီးနဲ့ ဒီတိုက်ကြီးက သရဖီရဲ့မိဘဘိုးဘွားပိုင်ကြီး မခွဲပါရစေနဲ့အုံး၊ ကိုထက်ပဲ အရင်သွားနှင့် - နောက်မှ သရဖီတို့ သားအမိတွေ လိုက်ခဲ့မယ်နော် - ယောကျ်ားရယ်"

ချစ်ဇနီး၏ မူနွဲ့နွဲ့ အပြောချိုချိုအောက်တွင်ဦးထက်သာမှာ ရှုန်းမထွက်နိုင်တော့ပဲ ဘာမှဆက်ပြောချင်စိတ်မရှိတော့သဖြင့် သားနှင့်သမီး အိပ်ခန်းရှိရာသို့ ထွက်လာခဲ့သည်၊ မွေ့ရာပေါ်တွင် နွေးထွေးစွာ အိပ်ပျော်နေကြရှာသော ခုတင်ထက်မှ သားနှင့် သမီးတို့ကို တစ်ချက်စိုက်ကြည့်ပြီး သူ၏အိပ်ခန်းရှိရာသို့ ထွက်လာခဲ့သည်၊

ဦးထက်သာ တစ်ရေးနိုးလာသောအခါ သူ၏ရင်ခွင်ထဲ တိုးဝင်၍ မှေးစက်အိပ်ပျော်နေရှာသောဇနီးဖြစ်သူသရဖီစိုး၏အပြစ်ကင်းစင်စွာ လှပချောမောလွန်းလှသည့် ဇနီးချော၏မျက်နှာအား ငေးကြည့်နေမိသည်၊ သူမသည် လှနေမှအဆင့်မြင့်မားပြီးခေတ်မီတိုးတက်သည့် တိုင်းတစ်ပါးမှ ဘာ့ကြောင့်မနေချင်ရတာလဲ၊

ဦးထက်သာမြန်မာပြည်မှ ထွက်ခွာသွားသည်မှာ (၁)နှစ်တင်းတင်းပင်ပြည့်လုပြီ၊ သရဖီစိုးမှာဦးထက်သာမရှိသည့်အချိန်မှစပြီး ရန်ကုန်မြို့အတွင်းရှိနာမည်အထင်ကရရှိသော ဈေးတစ်ခုတွင် အထည်ဆိုင်ဖွင့်ထားသည်၊ ထိုအထည်ဆိုင်သို့ မနက်သွား၊ ညနေပြန် လုပ်ကိုင်နေသဖြင့် အိမ်တွင်မရှိသည်က များသည်၊ အိမ်မှုကိစ္စများနှင့် အိမ်တွင် ကျန်ရစ်ခဲ့သည့် သားနှင့် သမီးကိုလည်း ဒေါ်သဲမာတာပဲ ဦးစီး၍ တာဝန်ယူသဖြင့် နောက်ကြောင်းပြန်ကြည့်စရာမလိုအောင် စိတ်ချလက်ချ ထားခဲ့နိုင်သည်၊

သရဖီစိုး အထည်ဆိုင် ဖွင့်လှစ်ရောင်းချရာသို့ သူမထက် (၁၀)နှစ်ခန့်ငယ်ရွယ်သော စည်သူ ဆိုသူ လူငယ်တစ်ယောက်မကြာခဏလာပြီးအထည်ဝယ်လေ့ရှိသည်၊ စည်သူသည် နယ်မြို့လေးတစ်မြို့မှ မြို့ခံသူဌေးသားတစ်ယောက်ဖြစ်ပြီး ဆောင့်ကြွားကြွား ချစ်ကန်ကန်အမူအရာ ရှိသည်၊

သူ နေထိုင်ရာ မြို့လေးမှ ခွာ၍ ရန်ကုန်လိုမြို့ကြီးပြကြီးတွင်လာရောက်အခြေချ နေထိုင်လိုသူ ဖြစ်သည်၊ ထို့ကြောင့် ရန်ကုန်မြို့တစ်နေရာတွင် သင့်တင့်သည့်အိမ်လေးတစ်ဆောင်ငှားရမ်းနေထိုင်ပြီးနယ်မှမိဘနစ်ပါးလှမ်းပို့သောငွေကြေးကို ထိုင်၍သုံးစွဲရင်း သင့်လျော်သည့်အလုပ်တစ်ခုကို လုပ်ကိုင်ရန် တာစူနေသူဖြစ်သည်၊

သရဖီစိုး၏ ဆိုင်သို့ အထည်လာဝယ်တိုင်းလည်း သူ့ထက် အသက်များစွာ ကွာခြားပြီး အမြဲလိုပင် ကြည့်လိုက်



တိုင်း (၁၈)နှစ်အရွယ်မိန်းကလေးတစ်ယောက်၏အလှထက် ပိုနိုင်လွန်းသော သရဖီစိုးအား တိမ်းညွတ်ယစ်မူးဖြိုးအချစ်စိုးများ တရိပ်ရိပ်တက်နေသည့် မျက်လုံးများဖြင့် -

"မမဆိုင်က အထည်ဆန်းလေးတွေက မမလိုပဲ အရမ်းလှတာပဲ၊ မမနဲ့ တူတဲ့ အထည်လှလှလေးတစ်ထည် လောက်ရွေးပေးပါနော်" စသည့်အပြောချိုချိုလေးများနှင့်မိန်းမအကြိုက်မြှောက်ပင့်၍ ချဉ်းကပ်လေတော့သည်၊ စည်သူသည် မကြာခဏ ဈေးဝယ်ရင်း ချိုသာသောစကားများကိုပြော၍ အချစ်အိမ်တည်ဆောက်ရန် ဖန်တီးနေသူဖြစ်သည်၊

သံရဖီစိုးမှာ လင်ယောကျ်ားဦးထက်သာ၏ အကြင်နာမေတ္တာမှာ ဝေးကွာနေပြီးလျှင် လှပသောသူမကို ရက်ရက်စက်စက် ဥပေက္ခာပြုပြီး နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားသည်ကို စိတ်ထဲက ကြိတ်မှိတ်နာကြည်းနေမိသည်၊ ကလေးဆန်ဆန် အရွဲ့တိုက်ချင်လာမိသည်၊

ထို့ကြောင့်မကြာခဏ ပိုးကြေးမင်းကြေးနှင့် အထည်လာဝယ်နေလေ့ရှိသော စည်သူကို နဂိုစိတ်ရင်းက မောင်

www.burmeseclassic.com

www.burmeseclassic.com



အရင်းတစ်ယောက်ထက် မပိုမိသော်လည်း လင်သားဖြစ်သူ ဦးထက်သာကို လွမ်းမိလေလေ အရွဲ့တိုက် အဆောင်းလုပ်မိချင်သည့်စိတ်က ပိုမိုလာနေတော့ရာ စည်သူ ၏ အပြောချိုချိုလေးများကို သာယာဟန် လုပ်ပြီး ချိုသာပျော့ပျောင်းသော စကားလေးများ ပြန်လည်၍ ခွန်းတုံ့ပြန်မိခြင်း ဖြစ်လေ၏။

"မမ"

"ဆို"

"နက်ဖြန် - မမရဲ့အသက် (၃၈) နှစ်ပြည့်တဲ့အထိမ်းအမှတ်နဲ့ မမကို တစ်ခုခု လက်ဆောင်ပေးပါရစေနော်"

သရဖီစိုးသည် စည်သူ၏ လက်ဆောင်ဆိုသောစကားကြောင့် သူမ၏ နှလုံးသားတစ်နေရာမှ စူးခနဲ တစ်ချက်ဖြစ်သွားမိပြီးလျှင် သူမ၏ လှပသော မျက်နှာလေးမှာ ကွက်ခနဲ နေအောင် တစ်ချက်ပျက်သွားမိသည်။ စည်သူမရိပ်မိစေရန် အတွက် ဟန်ဆောင်ပန်ဆောင် ရယ်ရွှင်သောစကားသံလေးနှင့် -

"အဟင်းဟင်း - ရပါတယ် - မောင်စည်သူရယ်။ မမအတွက်က ဘာအမှတ်တရလက်ဆောင်မှ မလိုပါဘူးကွယ်။ မကြာခဏ မောင်စည်သူက မမဆိုင်မှာ လာလာပြီး အားပေးနေတာတွေက မမအတွက် ကျေးဇူးတင်ရတာပေါ့ကွယ်၊ မဟုတ်ဘူးလား"

တကယ်လိုနေတဲ့ အမှတ်တရ လက်ဆောင်က သူမ သိပ်ချစ်ပြီး သိပ်လွမ်းဆွတ်နေရတဲ့ သူမ၏ တိုင်းတစ်ပါးကို အထင်ကြီးသည့် လင်ယောကျ်ား ဦးထက်သာထံကပင် ဖြစ်သည်။ သူမ၏ (၃၈) နှစ်ပြည့်မွေးနေ့က မနက်ဖြန်ဆိုတာတောင် သိရဲ့လား။

သရဖီစိုးသည် ရင်ထဲက နက်ရှိုင်းနင့်သီးစွာ ခံစားမိလိုက်ရ၍ သူမ၏ လှပနေသောနှုတ်ခမ်းသားလေးများမှာ မသိမသာ မဲ့ပြုံးလေးတစ်ခု ခိုဝင်သွားလေသည်။ ဒါကို သူမ၏မျက်နှာလှလှလေးကို တွေ့တိုင်း အမြဲ အရိပ်တစ်ခုလို ထိုင်ကြည့်နေတတ်သော စည်သူက -

"ဟင်း - မမရယ် - မျက်နှာလည်း မကောင်းပါလားဟင်။ မှန်းစမ်း - နေများ မကောင်းဘူးလား။ စည်သူ - မမရဲ့နဖူးလေးကို စမ်းကြည့်မယ်နော်"

"မမရယ် - မောင်လေး စိုးရိမ်လိုက်ရတာ။ ကိုယ်လည်း မပူပါပဲနဲ့ဗျာ။ မမက ကျွန်တော်နဲ့ စကားပြောနေရတာ မပျော်လို့များလား ဟင်"

ထိုအခါမှ သရဖီစိုးသည် စည်သူအား အားနာစွာနှင့် -



"အာ - မဟုတ်ရပါဘူးရှင်၊ မင်းနဲ့ စကားပြောရတာရော မနက်ဖြန်အတွက် လက်ဆောင်တစ်ခုရမှာကိုရော မမ ပျော်တာပေါ့ကွယ်"

၄၄ သရဖီစိုးသည် လှပသော မျက်ဝန်းမှ မျက်ရည်များ ဝဲနေသည်အထိ ရင်ထဲက ရေရွတ်နေမိလေသည်။ မှန်ပေသည်။ စည်သူသည် သူမတို့ အိမ်ကြီးမအတစ်ယောက် ဟုပင် ထင်မှတ်နေခြင်းဖြစ်သည်။ ထိုတိုင်ကို သရဖီစိုးကလည်း ရေငုံနှုတ်ပိတ်ထားခြင်း ဖြစ်လေရာ ရိုးသားမှုမရှိဟု ဆိုနိုင်သည် မဟုတ်လား။



"ဟင် - ဒါဆိုစောစောကမမရဲ့မျက်နှာ မကောင်းတာတွေဟာ မမအတွက် စိတ်အနှောင့်အယှက်တွေရှိရင် ဒီကနေ့က မနေဘူးနော်။ အကုန်ရှင်းပစ်မှာ။ ဒါကို တို့မမက သိထား"

"အမလေး - ဘာမှမရှိပါဘူးရှင် - ဟင်း - ဟင်း - ဟင်း"

သရဖီစိုးက ပန်းလေး အသာတွန့်ရင်း ကလေးဆန်ဆန် တဟင်းဟင်းနဲ့ ရယ်မောပြီး ပြောနေပုံလေးကိုကြည့်ရင်း သိပ်ပြီးချစ်ရလွန်းတဲ့သူ၏ မမကိုယ်စား စည်သူ၏နှလုံးသားထဲ အပျော်လေးတစ်ခု စီးဝင်သွားရပြီး သရဖီစိုးအား သိပ်ချစ်ပြီး သိပ်မြတ်နိုးလွန်းသောမျက်လုံး စူးစူးတောက်တောက်ကြီးများ စိုက်ကြည့်ရင်း သူ၏ရင်ထဲက -

"သိပ်ပြီး လှနိုင်လွန်းတဲ့မမရယ်ဗျာ၊ မမကို ကျွန်တော် သိပ်ချစ်နေမိပြီ။ ဒါကို ခင်ဗျား သိရဲ့လား။ တစ်နေ့မှာ - မ - ကျွန်တော်ကိုပြန်ချစ်ရမယ်နော်" ဟု သေချာသောရင်ခုန်သံတစ်ခုနှင့် ရင်ထဲက နွေးထွေးလှိုက်မောစွာ သရဖီစိုး မကြားနိုင်စွာ ပြောနေမိလေသည်။

ထိုကြောင့်ပင် စည်သူသည် သူ၏ မမအနီးကပ်ဆုံးသို့တိုးကပ်သွားပြီးလျှင် နှစ်ကိုယ်တူ ကြားနိုင်လောက်သော

www.burmeseclassic.com

www.burmeseclassic.com



အသံခပ်တိုးတိုးလေးတစ်ခု ဆိုလိုက်သည်။

"မမ - ကျွန်တော်ပေးမယ့် မနက်ဖြန်အတွက် မမရဲ့မွေးနေ့လက်ဆောင်ထက် အများကြီး တန်ဖိုးကြီးတဲ့အရာတစ်ခုက ကျွန်တော့်မှာ တစ်ခါတည်းပါလာပြီးသား မမရဲ့"

စည်သူ၏အပြောကြောင့် သရဖီစိုးသည် လှပစွာ ပြုံးလိုက်ပြီး သူမ၏ သေးသွယ်နက်မှောင်၍ ညီညာသော လှပသော မျက်ခုံးနှစ်ဖက်ကို အသာပင့်၍ -

"ဟင် - ဒါများကွယ် - မမကို စောစောကထဲက ပြောရောပေါ့ရှင့်၊ ရှင်ကလေးကလည်း အလာသား၊ ပဟေဠိတွေ ဘာတွေနဲ့ - ဟင်း - ဟင်း - ဟင်း"

ခပ်ညုညုပြောလိုက်ပေသည်။

စည်သူသည် လှပသော ကိုယ်ကလေးအားလှုပ်အောင်ပင်ရယ်မောပြီး တိုးညက်စွာပြောနေသော သရဖီစိုးအား ကြည့်ရင်း သူမ၏ လက်ကလေးအားအသာဆွဲယူလိုက်ရင်း သူ၏ရင်ဘတ်ရှိရာသို့ ဆွဲကပ်လိုက်မိလေတော့၏။

ထိုအခါ သရဖီစိုးသည် သူမ၏ သွယ်တန်းနက်မှောင်သောမျက်ခုံးလေးကို ပင့်လိုက်ပြီး ကော့ညွတ်နေသော မျက်တောင်ရှည်ရှည်လေးများ၏ ဝိုင်းရံခစားနေမှုကြောင့် ပို၍တင့်တယ်လှပလွန်းရသော မျက်ဝန်းတစ်စုံမှာ နားမလည်နိုင်လွန်းသော အရိပ်အငွေ့များရဲ့ အတူလှပသောမျက်ဝန်းကိုထောင့်ကပ်ကာ -

"ဟေ့ - ဒါက - ဟင်းနော် - ကောင်လေး"

"ဟာ - မမကလည်းဒါလေးတောင် မသိဘူးလား။ ကဲ - မမ အခုနေတဲ့နေရာက ဘယ်နေရာလေးလဲ"

သရဖီစိုးက မျက်လွှာလေး အသာချရင်း -

"သိဘူးလေ"

"ဒီနေရာက ကျွန်တော့်ရဲ့နှလုံးသားရှိတဲ့နေရာ မမကို စပြီးတွေ့ရတဲ့နေ့တိုင်း သိပ်ခုန်နေရတဲ့ ကျွန်တော့်ရဲ့နှလုံးသားရှိတဲ့နေရာပါ - မမရယ်၊ ကျွန်တော့်ရဲ့နှလုံးသားတစ်စုံက မမအပေါ်ထားတဲ့ အချစ်တွေကို ဘယ်သူမှ လိုက်မမီနိုင်တဲ့ မေတ္တာတွေ၊ အချစ်တွေ၊ အလွမ်းတွေကို ထုတ်ပေးတဲ့စက်တစ်ခုလေ၊ ဒါကြောင့် သိပ်တန်ဖိုးကြီးလွန်းလို့မမကိုမနက်ဖြန်ပေးမဲ့မွေးနေ့လက်ဆောင်က ဘယ်မှီပါ့မလဲ၊ တတ်နိုင်ခဲ့ရင် ဒီနှလုံးသားတစ်စုံကို ပါကင်ထုပ်ပေးချင်ပါတယ်ဗျာ"



"ဒါဖြင့် ခုထုတ်ပေးလေ - အဟင်း ဟင်း - ဟင်း"

"မမရယ် - ကျွန်တော် သေသွားမှာပေါ့"

"ဟွန်း - သူသေမှာတော့ ကြောက်သားပဲ"

"သိပ်ကြောက်တာပေါ့ - မမရယ်၊ ကျွန်တော် ချက်ချင်းသေသွားခဲ့ရင် ဒီက သိပ်လှတဲ့မမကို ဘယ်သူလာခင်တွယ်မလဲ"

"အောင်မယ် - မင်းပြောပုံက တို့ကို မင်းမခင်တွယ်ရင် ဘယ်သူတွေကမှ ခင်တွယ်မယ့်သူ မရှိဘူးပေါ့ - ဟုတ်လား"

"ဟာ - မမကလည်း - ဒီလိုမဟုတ်ဘူးလေ၊ မမသရဖီက သိပ်လှသိပ်ချောသိပ်ပြီး ကျက်သရေရှိတဲ့အလှကို ပိုင်ဆိုင်ထားတာပါ၊ ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာ ဒီကကောင် မသိဘဲနေပါ့မလား - မမရဲ့ - အဟား - ဟား - ဟား"

သရဖီစိုးသည် သူမ၏အနားတွင် ထိုင်ပြီး သံယောဇဉ်စကားတွေ ပြောနေသည့်ငယ်ရွယ်နငယ်သေးသောကလေးတစ်ယောက်လိုအားရပါးရရယ်မောနေသော အချစ်အမိဖွာယ်ဖွင့်လိုဟန်ရှိနေသော စည်သူအား သနားကရုဏာပြည့်လျှံနေသော မျက်ဝန်းအစုံနှင့် နူးနူးညံ့ညံ့လေး ရီဝေစွာ စိုက်ကြည့်လိုက်သည်။

သို့သော် သူမရဲ့စိတ်တွေ ထူးထူးခြားခြား လှုပ်ရှားခြင်းမရှိ၊ ပကတိ ငြိမ်သက်နေလေ၏။ သရဖီစိုးသည် သက်ပြင်းမောတစ်ချက်ကို ခပ်တိုးတိုးပင် မသိမသာ ချလိုက်ရင်း စိတ်ထဲက ရေရွတ်နေမိသည်။

"စည်သူရယ် - မမ - မင်းကို သနားလိုက်တာ - မမရဲ့နှလုံးသားတွေက မင်းဆီမှာ မရှိဘူးကွယ်၊ မင်းဆီကိုရောက်နေတဲ့ မမရဲ့အချစ်တွေက မင်းကိုမောင်လေးအရင်းတစ်ယောက်လို သံမန်ရွှေးထွေးတဲ့အကြင်နာ မေတ္တာတရားတွေပါကွယ်။ မမက အိမ်ထောင်သည်ကလေးနှစ်ယောက်မိခင် - ဒါကို မင်း မသိဘူး၊ မမကလည်း ပြောမပြခဲ့ဘူး၊ ငါ ဘာလို့အကြောင်းစုံပြောမပြပါလိမ့်။

ဒါကို - မမ - မင်းကို ဘယ်လိုပြောရက်ပါ့မလဲ၊ ခွင့်လွှတ်ပါ - ကလေးရယ်၊ မမကတော့"

သရဖီစိုးသည် လှပသောမျက်ဝန်းမှ မျက်ရည်များ ဝဲနေသည်အထိ ရင်ထဲကရေရွတ်နေမိလေသည်။ မှန်ပေသည်၊ စည်သူသည် သူမကို အပျိုကြီးမတစ်ယောက်ဟုပင် ထင်မှတ်ရှ ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ထိုကိစ္စကို သရဖီစိုးကလည်း ရေငုံနှုတ်ပိတ်ထားခြင်း ဖြစ်ပေရာ ရှိုးသားမှုမရှိဟု ဆိုနိုင်သည်မဟုတ်လား။

ထိုစဉ် ကြော့ရှင်းလှပသော သူမ၏ လည်တိုင်ထံသို့ ခပ်ဖွဖွ တိုးတိုက်သွားသော အသက်ရှူသံလေးတစ်ခုကြောင့် နွေးခနဲဖိန်းခနဲရှင်းရှင်းလေးခံစားမိလိုက်ရာ သူမ၏ နူးညံ့နွေးထွေးနေသော မျက်ဝန်းအရောင်မှာ တစ်ချက်ဖြာထွက်သွားပြီး လျှင် စည်သူ၏ မျက်နှာအား ထိတ်လန့်စွာ ကြည့်လိုက်မိ၏၊ စည်သူသည် ယောကျ်ားပီသပြီး တိကျပြတ်သားစွာ ပြောတတ် လုပ်တတ်သည်ကိုညွှန်ပြနေသည်၊ ပိရိထူထဲနေသောနှုတ်ခမ်းတစ်စုံ ထံတွင် မထိတရိ အပြုံးစလေးများက တွဲလဲခိုဝင်နေသည်၊

ထိုထက် သူမအား နက်မှောင်ထူအမ်းနေသည့်မျက်ခုံးကြီးနှစ်ဖက်ကိုကျူ၍မျက်လုံးစူးစူးကြီးနှင့်စိုက်ကြည့်နေရာ သရဖီစိုးခမျာ ငြိမ်သက်နေသောနှလုံးသားမှာ လေပြေဝေ့ခံလိုက်သဖြင့် အေးခနဲ တစ်ချက်ဖြစ်မိသွားသည်၊

ထို့ကြောင့်သူမသည်မျက်ဝန်းအစုံကို အောက်သို့ ကပျာကရာ ချလိုက်မိရှာသည်၊ သရဖီစိုးသည် မသင့်လျော်လေသော နှလုံးသားခံစားချက်များကြောင့် ကမန်းကတန်းပင် လူချင်းနီးကပ်နေရာမှ ခပ်ခွာခွာ ထိုင်လိုက်ရင်း -

"မောင်လေး - ပြန်တော့နော်၊ မနက်ဖြန် မမဆီလာရင် ဖုန်းကြိုဆက်သိလား"

သရဖီစိုးက ခပ်ပြုံးပြုံး မျက်နှာလေးနှင့် စည်သူ၏လက်မောင်းလေးအား အသာဆုပ်ကိုင်ရင်း စကားဆိုလိုက်လေသည်၊ စည်သူက စကားမပြောပဲ သူ၏ ပိရိနေသောနှုတ်ခမ်းကိုသေချာစေ့ပိတ်ထားပြီး ခပ်ပြုံးပြုံးပင် ခေါင်းညိတ်အဖြေပေးလိုက်သည်၊

စည်သူရဲ့စိတ်ထဲမှာတော့ -

"ဟား - မမရယ် - မမရဲ့နွေးထွေးတဲ့ ကိုယ်ငွေ့လေးကို ခံစားခွင့်ရလို့ ဒီနေ့က ကျွန်တော့်ရဲ့အပျော်ဆုံးနေ့လေးပဲ"

သရဖီစိုးသည် စည်သူနဲ့ တစ်နေ့ကုန် လည်ပတ်စားသောက်ရင်း စည်သူထံမှ အသည်းပုံစိန်လော့ကတ်သီးလေးကို ဝတ်ဆင်ပြီး အိမ်သို့ ပြန်လာခဲ့သည့်တိုင် သူမ၏စိတ်က လန်းဆန်းပျော်မွေ့ခြင်းမရှိခဲ့၊ အိမ်သားများအိပ်ချိန်ညု (၁၀) နာရီကျော်နေသည့်တိုင် အိပ်၍မပျော်နိုင်သေးသဖြင့် အပေါ်ထပ် ဝရန်တာပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သူမ၏မွေးနေ့သော တစ်နေ့ကုန်သွားသည်၊



ချစ်ရတဲ့ခင်ပွန်းထံဆီမှ "Happy Birthday" လို့ လှမ်းမပြောနိုင်လောက်အောင် သတိမရနိုင်တော့ဘူးတဲ့လား။

"အဟင်း - ဟင်း - ဒီလိုမျိုးစိမ်းကားရက်စက်တတ်တဲ့အချစ်တစ်ခုကြောင့်လည်း ငါတို့သားအမိတွေကို ပစ်သွားခဲ့တာပဲလေ - အဟင့် - ဟင့်"

သရဖီစိုး၏ နူးညံ့သည့် နှလုံးသားများက သူ၏အတွေးတို့ကို ဖယ်ရှားနိုင်ခြင်းမရှိ၍မျက်ဝန်းမှ မျက်ရည်များစီးကျလာပြီး နှုတ်ဖျားမှ အသံတိုးတိုးလေး ထွက်လာသည့်အထိ ရှိုက်ငိုနေမိ၏။ အဝေးတစ်နေရာတွင် ရောက်နေသော ဦးထက်သာသည် သူ၏ ပင်ကိုစရိုက်ကို ကအေးဆေးပြီးတည်ကြည်သူဖြစ်သော်လည်းမြန်မာပြည်ကိုအထင်မကြီးတတ်သူဖြစ် သည်၊ မြန်မာဖြစ် ရသည်ကို အောက်ကျသူဟု ထင်နေသူ။

သူ၏ အေးစက်စက်အမူအကျင့်အတိုင်းပင် မွေးနေ့ရက်ကို "Happy Birthday" ဟု လေလှိုင်းကြားမှပင် ဂရုတစိုက် လှမ်း၍ မလုပ်ပေးဖြစ်ခဲ့၊ သူ၏ ရင်ထဲက နောက်နှစ်တွေ ရှိသေးတာပဲ "ဟန်နီ" ဟုသာ ရင်ထဲက ပြောဖြစ်သည်၊

တစ်နေ့တစ်ချိန်မှာတော့ သူ၏ချစ်ဇနီးနဲ့ သမီးနဲ့ သားလေးကိုပါ သူနေထိုင်ရာ အမေရိကာသို့ ခေါ်ဆောင်နိုင်ရမည်၊ ဒါက သူ အမြဲတမ်း တွေးနေတတ်သည့် သူ၏ဆုံးဖြတ်ချက်၊ ဒီလိုသတိတရနဲ့ တွေးမိလိုက်တိုင်းလည်း သူ၏မာနက ရှန်းကြွလာရသည်၊ ထို့ပြင် ခင်ပွန်းဖြစ်သူ၏အတွင်းစိတ်ကိုနားမလည်နိုင်လွန်းသည့် သရဖီစိုးသည် နေ့စဉ် နာကျင်ရသောခံစားချက်များကြောင့်သူမ၏စိတ်ထဲလည်း မကြာခဏ ဆုတောင်းမိပါ၏၊ ခင်ပွန်းဖြစ်သူသည် တိုင်းတစ်ပါးကို အထင်ကြီးကာ မွေးရပ်မြေကို စွန့်ပစ်နိုင်သူဟု ထင်သည်၊

"သိပ်ရက်စက်တတ်တဲ့ လူကြီး၊ ရှင်နဲ့ ဘယ်ဘဝမှ မတွေ့ဆုံပါရစေနဲ့၊ မိမိဆန္ဒကိုသာ ရှေ့တန်းတင်သည့် ခင်ပွန်းသည်"

သရဖီစိုးသည် သူမ၏ လှပချောမွေ့နေသောမျက်နှာကို ခပ်မဲ့မဲ့လေး ပြုံးလိုက်ရင်း -

"ရှင့်ရဲ့မာနကြီးတဲ့စိတ်၊ ရက်စက်တတ်တဲ့နှလုံးသားတွေက ရှင့်ရဲ့ဘဝကြီးကို လှလှကြီး လက်စားချေလိမ့်မယ်၊ အဲ့ဒါကို ရှင်စောင့်ကြည့်နေပါ"

သရဖီစိုးသည် အောက်နှုတ်ခမ်းလေးကို သူမ၏ လှပသော သွားဖြူချွန်လေးများနှင့် ဖိကိုက်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတို့ရဲ့ဇီဇာအတိုင်း အချစ်ကြီးမှုကြောင့် ပေါက်ပွားဖြစ်ပေါ်လာတတ်သော အမုန်းတရား၏ ဘက်တော်သားမာနတရားများကို စိတ်၏ တဒင်္ဂဖြေဆေးအဖြစ် အသုံးချ၍ အရွဲ့တိုက်မှုတို့ကြောင့် မိသားစုဘဝကြီးတစ်ခုလုံး နစ်နာပြီး ပျက်စီးဆုံးရှုံးတော့မည်ဆိုတာကို သူမကိုယ်တိုင်ပင် သိရှိခဲ့ပါမှ ...။

သရဖီစိုးသည် သူမထက် များစွာငယ်ရွယ်သော စည်သူအား ရင်တွင်းကသူမ၏ဖောက်သည်တစ်ယောက်ထက် မပိုသည့်စိတ်ဖြင့် ခပ်ပေါ့ပေါ့ပင်သဘောထားကာအလိုလိုက် အကြိုက်ဆောင်၍ ဟန်ဆောင်ကာအလိုက်အထိုက် ဆက်ဆံပြောဆိုမြဲဖြစ်လေသည်၊ အတူတကွမကြာခဏတွေ့ဆုံခြင်း၊ စားသောက်ဆိုင်တစ်ခု၌အတူတူပျော်ရွှင်စွာစားသောက်တတ်ခြင်းတို့ဖြင့်ကြောင်တစ်ကောင်ကကြွက်ကလေးကို ဆော့ကစားသလိုမကြာခဏအပျင်းပြေစိတ်ဖြေနေရှာသူသရဖီစိုးကြောင့်။

ဒါကို စည်သူက အခြေအနေကောင်းပြီဟု သဘောထားယူဆနေသူပါ၊ ထို့ကြောင့် တစ်ဆင့်ပြီးတစ်ဆင့်အတဲပိုလာသည်၊ သရဖီစိုး သွားတတ်လာတတ်သည့်နေရာများကို အရိပ်လိုလိုက်ပြီး ရှောင်းမြောင်းနေသည်၊ ဒါကိုသရဖီစိုးက မသိမဟုတ်၊ သိသော်ငြားလည်း ကိုယ်ကောင်းရင် ခေါင်းမရှေ့ဟုသဘောထားပြီးမသိဟန်ဆောင်သည်၊ သူမအတွက် စည်သူက အရုပ်တစ်ရုပ်လိုပါပဲ မဟုတ်ပါလား၊ "မမကို သိပ်ချစ်တယ်" လို့ ပြောလိုက်တိုင်း ဟန်ဆောင်အပြုံးလေးနှင့်သူမ၏အတွင်းစိတ်လေးအား မသိသလို ဖုံးကွယ်ထားတတ်သည်၊

ခရေမြိုင်အိမ်ကြီးတစ်ခုလုံးလူတစ်ယောက်မှမရှိ၊ တိတ်ဆိတ်ငြိမ်သက်နေသည်၊ ခြံဝန်းအတွင်းတွင်အမြိုင်အဆိုင်စကိတ်စီးနေကြသော မောင်နှမနှစ်ယောက်သာရှိသည်၊ ခရေမြိုင်ခြံကြီးအား ကာရံထားသော အုတ်တံတိုင်းအပြင်ဘက်တွင် ခရေပင်ကြီး(၃)ပင်ကအုပ်ဆိုင်းဆိုင်း ညို့မှိုင်းစွာ ပေါက်နေပြီးလျှင် ထိုအပင်ကြီးများက ပွင့်သော ခရေပွင့် အပွင့်ဖွေးဖွေးလေးတွေက ခရေပင်ကြီးများ၏အောက်ခြေတွင် ကောက်သူမဲ့ကြွေကျမြေခနေကြသည်၊

❐

ခရေမြိုင်ခြံကြီး၏ အဝင်တံခါးပေါက်အား ကြီးမားခိုင်ခံ့လှသည့်



သံတံခါးကြီးဖြင့် ကာရံထားသည်၊ ထိုတံခါးပေါက်မှ တိုက်အိမ်ကြီးရှေ့ထိ ညီညာပြန့်ပြူးစွာ ကွန်ကရစ်လမ်းကို ခင်းထားလေရာ ထိုအိမ်ကြီးတွင် နေထိုင်သော ယုထက်သာနှင့် ကျော်ထက်သာတို့မောင်နှမနှစ်ယောက်သည်စကိတ်စီးကျွမ်းကျင်၍ဝါသနာပါသည့်ကလေးများဖြစ်ကြသည့်အတွက် စကိတ်စီး၍ဆော့ကစားရန် အဆင်ပြေစေသည်၊

တစ်နေ့တွင် သရဖီစိုးနှင့် ဒေါ်သဲမာတို့နှစ်ယောက် အိမ်တွင်မရှိ၊ ဈေးဝယ်ထွက်နေသည့်အချိန်တွင် ဖြစ်သည်၊ သရဖီစိုး ဈေးချင်သလိုလို ဖြစ်နေသဖြင့် ဈေးမထွက်ဖြစ်သည်မှာ (၃၊ ၄)ရက်ပင်ရှိနေပြီ၊ သက်သာလာသည်နှင့် အမျှမနက်ဖြန်အတွက် ဆိုင်နှင့်အိမ်အတွက် လိုအပ်သည်များကိုဖြည့်ဆည်းရန် ဈေးဝယ်ထွက်ကြခြင်းဖြစ်သည်၊ လူကြီးများမရှိကြ၍ မောင်နှမနှစ်ယောက် ထုံးစံအတိုင်း စကိတ်တစ်ခုစီ စီးပြီး တံခါးဝမှအိမ်ကြီးရှေ့ထိခေါက်တုံ့ခေါက်ပြန်ဆော့ကစားနေကြစဉ် ယုထက်သာက –

"ကျော်လေးရေ – ခရေပန်းရနံ့လေးက မွှေးနေတာပဲနော်၊ မမ ခဏနေရင် ရေချိုးတော့မယ်၊ ရေချိုးပြီးရင် ခရေပန်း ပန်ချင်မိတယ်၊ ကျော်လေးရယ် – စိတ်ထဲက ဘာဖြစ်နေမှန်းလဲမသိဘူး၊ ဒီနေ့မှ ပန်းပန်ချင်နေတယ် – ခစ် – ခစ် – ခစ်"

ယုထက်သာသည် (၁၄)နှစ်ခွန်းစပြုလာပြီဖြစ်သောကြောင့် မိန်းကလေးတို့ဇီဇာအတိုင်း အလှအပကို နှစ်သက်ခံစားစ ပြုလာလေသည်၊ ကျော်ထက်သာသည် (၁၁)နှစ်သာ ရှိသေးသော်လည်း မြေပေါ်တွင် ကြွေကျနေသော ခရေပွင့်လေးတွေကိုခြံဝန်းတံခါးပေါက်မှ အပြင်သို့ လှမ်းကြည့်ရင်း ရယ်မော၍ ခရေပန်းပန်ချင်ကြောင်းပြောလာသော အစ်မဖြစ်သူအတွက် ခရေပန်းပွင့်လေးများကောက်၍ သီကုံးပေးချင်မိသည်၊ ထို့ကြောင့် –

"မမပန်ချင်ရင် ကျော်လေး သွားကောက်ပြီး သီပေးမယ်၊ မမ – ရေအရင်သွားချိုးထားတော့နော်"

ယုထက်သာသည် ဝမ်းသာပျော်ရွှင်စွာ သူမ၏ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ပြီး စကိတ်ကို ကျွမ်းကျင်လှပစွာစီးရင်းအိမ်ကြီးဆီသို့ ရေချိုးရန် ပြန်သွားတော့သည်၊

ကျော်ထက်သာလည်း ဝင်းတံခါးကြီး၏ဘေးတွင်လူတစ်ကိုယ်စာဖောက်လုပ်ထားသော တံခါးအား ဖွက်ဖွင့်၍

www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ခရေပန်းကောက်ရန်ထွက်လာခဲ့သည်။

မိုးတဖွဲဖွဲ ရွာလျက်ရှိသည်။ ကောင်းကင်မှာ တိမ်ညိုတွေ အုံ့ဆိုင်းလျက်။

ထို အချိန် တွင် စည်သူ သည် သရဖီစိုး ဆိုင်လာမဖွင့်သည်မှာ (၃၊ ၄) ရက်ခန့်ကြာပြီဖြစ်သဖြင့် သူမ၏အခြေအနေကိုအကဲခတ်ရင်းအိမ်ထဲသို့ဝင်ရန် ခြံပြင်မှ ရှောင်းမြောင်းနေသည်။ မမသရဖီကို အပြတ်မေးမယ်၊ ရေလာမြောင်းပေးပြီး ချစ်ဟန်ပြရဲ့သားနဲ့ သူ၏နှလုံးသားကိုစွန်လွှတ်သလိုဆော့ကစားနေသည်လေ၊ မကျေနပ်၊ လုံးဝမကျေနပ်၊ နှလုံးသားတစ်ခုလုံး ဖြောင်းဆန်နေပြီ၊ ညက လုံးဝအိပ်မပျော်နိုင်၊ မနက်စောစောထပြီး ရဲဆေးနည်းနည်း တင်လာမိသည်၊

စည်သူတစ်ယောက် နည်းနည်းတော့ ဖြုံသည်၊ မမသရဖီ၏ နေထိုင်မှုအဆင့်အတန်းက မြင့်မားလွန်းသည်၊ ခြံထဲမှာလည်း ဘယ်သူ့ကလေးတွေလည်းမသိ၊ ဝုန်းဒိုင်းကြဲ ဆူညံပြီး စကိတ်စီးနေကြသည်ကို လှမ်းကြည့်ရင်း အိမ်ထဲ မရမက ဝင်ရန် လူအလစ်ရှောင်းနေသည်၊

ဟော - တစ်ယောက်ကတော့အိ
ထဲကို ဝင်သွားပြီ၊ ကောင်လေးက
ခြံတံခါးပေါက်လေးကိုဖွင့်ပြီး ခရေပ
ကောက်နေသည်၊ သူ့အား ကျောခိုင်း
ခရေပွင့်လေးတွေကို စိမ်ပြေနပြေ ထို
ကောက်နေတဲ့ အတွက် ကျားချော
ချောင်းနေတဲ့ စည်သူအဖို့ ဟန်ကျသွ
စေသည်၊ စည်သူအတွက် ရင်တံခါးက
အဆင်သင့်ပွင့်နေစေပါလား၊ အရက
မသောက်စဖူး အရက်အရှိန်တက်ဧ
သလို အချစ်သောကမီးတွေ တဟု
ဟုန်းတောက်လောင်နေသည့် ရမ္မက်မီ
နှင့် အရက်မီး စသည့် မီးနှစ်မီး လော
ကျွမ်းခြင်း ခံနေရသော စည်သူသည်
ရဲရဲတင်းတင်းပင် ပွင့်နေသော ခြံတံခ
ပေါက်မှ အိမ်ကြီးဆီသို့ တိတ်တဆိတ်
တစ်လှမ်းချင်း ဝင်လာလေသည်၊

စည်သူ့စိတ်ထဲတွင် မမသရဖီ
မိသားစုအလွန်နည်းပါးမှန်းသိပြီးသာ
မမသရဖီက သူ၏အိမ်တွင်း၊
အကြောင်းတော့ဘာမှမပြောပြ၊ စည်
မေးလျှင် သူမ၏ ချောမောလွန်းတဲ့မျ
နှာလေးမှာ ပြုံးတော့မည့်မိုးလို အုပ်မှို
သွားပြီးလျှင်သူမ၏လှပကြော့ရှင်း
လည်တိုင်လေး ဟိုဘက်သည်ဘ

လှစ်ယမ်းသွားအောင် ယမ်းပြရှာသည်၊ ဘာမှဆက်မမေးတော့နဲ့ဆိုတဲ့သဘောကြောင့် ချစ်ခင်စွဲလမ်းရတဲ့မမကို ဆက်မမေးရက်နိုင်၊ ဒီနေ့တော့ အကြောင်းစုံမေးမည်၊ သိရမှဖြစ်မည်၊ နှလုံးသားတဆက်ပြီး မထိန်းချုပ်နိုင်တော့၊

စည်သူ သည် အိမ်ကြီးထဲ သို့ ဟ,ထားသော တံခါးပေါက်မှ အသာပင် ဝင်လိုက်ပြီး "မမသရဖီ" "မမ" ဟုခပ်တိုးတိုးနှာမည်ခေါ်ရင်းအိမ်ကြီးအောက်ထပ်တစ်ခုလုံးကို မျက်လုံးကစားရင်း ရှာဖွေကြည့်ရာ မည်သူတစ်ဦးတစ်ယောက်၏ အရိပ်အယောင်ပင် မတွေ့ရသောကြောင့် အပေါ်ထပ်သို့ တစ်လှမ်းချင်း ပေါ့ဖွဖွနင်း၍တက်လာသည်၊

□

အပေါ်ထပ်တွင် ရေချိုးပြီး စကါဝန် အဖြူရောင်လေးကို ဝတ်ဆင်၍မှန်တင်ခုံရှေ့တွင် ထိုင်ပြီးကုပ်ပေါ်ဝဲကျနေသော ဆံစလေးများကို ဖီးသင်နေသည့် ယုထက်သာသည် မှန်ထဲတွင် ပေါ်လာသော လူစိမ်းယောကျ်ားတစ်ယောက်၏ မျက်နှာကြီးအား မြင်လိုက်ရသဖြင့် -

"ဟင် - ဟင် - ဦးလေး - ဦးလေးက တယ်သူလဲ၊ ဘာလို့အပေါ်ထပ်ထိတက်လာတာလဲ၊ မာမီရေ - မာမီ - အမလေး ကယ်ပါ၊ ဒီမှာ ဘယ်ကလူကြီးလည်း မသိဘူး - ကျော်လေးရေ - မာမီရေ"

"ဟိတ် - ကောင်မလေး - နင်တို့က ဘာလဲ၊ ဟဲ့ - တိတ်တိတ်နေစမ်း၊ ဖွတ်အော်ခေါ်မနေနဲ့၊ ငါက သူခိုးမဟုတ်ဘူး၊ ဒီအိမ်ကမမသရဖီနဲ့တွေ့ချင်လို့လာတာ၊ မမသရဖီ ရှိလား - ဘယ်မှာလဲ - ပြောစမ်း"

စည်သူသည် သူ့အားပြုံးခနဲ တွေ့မြင်လိုက်ရပြီး လန့်ဖျပ်တုန်လှုပ် ချောက်ချားစွာ အော်ဟစ်အကူအညီတောင်းနေသော မိန်းကလေးအား ဆွဲဖက်၍သူမ၏ ပါးစပ်အားအတင်းလိုက်ပိတ်နေစေကာမှ ယုထက်သာမှာ စည်သူ၏လက်ထဲမှ အတင်းရုန်းကန်တိုးတွန်း အော်ဟစ်နေလေတော့သည်၊

အပေါ်ထပ် အခန်းထဲ တွင် ယုထက်သာနှင့် စည်သူတို့ ရုန်းရင်းဆန်ခတ်ဖြစ်နေချိန်တွင် ကျော်ထက်သာ သည် ခရေပန်းများကို အားရပါးရ ကောက်ပြီး အစ်ရည်နှင့် သီကုံးရန် အိမ်ကြီးဆီသို့ ပြန်လာစဉ် အိမ်ကြီးထဲသို့ လှမ်းအဝင် ယောကျ်ားတစ်ယောက်၏ ဖိနပ်တစ်ရံအား တွေ့သည့်အပြင် အပေါ်ထပ်မှ ဆူဆူညံညံအသံများကြောင့်အိမ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကိုလှုစိမ်းရောက်နေပြီဆိုသောအသိနှင့် နောက်ဖေးဘက်သို့ အပြေးဝင်ရင်း သားလိုးဓားကို ယူ၍ ယုထက်သာရှိရာ အပေါ်ထပ်သို့စိုးရိမ်ကြီးစွာဖြင့်ပြေးတက်လာသည်။

အပေါ်ထပ်သို့ ရောက်သောအခါ အမည်မသိလှုစိမ်း၏လက်ထဲတွင်မလှုသာ မလွှန်သာနှင့်အော်ဟစ်ရုန်းကန်ပြီး ကြောက်လန့်တုန်လှုပ်နေသော အစ်မဖြစ်သူ အား တွေ့လိုက်ရသော ကျော်ထက်သာသည်ငယ်ပင်ငယ်သော်ငြား ယောကျ်ားတစ်ယောက်၏ ရှိသင့်သောသတ္တိနှင့်အတူဒေါသများငယ်ထိပ်သို့ ရောက်ရှိလာသဖြင့် စည်သူအား လက်ထဲတွင် ကိုင်ထားသောဓားနှင့် အတင်းဝင်ထိုးလေသည်။

ထိုအခါ စည်သူသည် သူ၏လက်ထဲတွင်ရှိသော ယုထက်သာအား လွှတ်လိုက်ပြီး ကျော်ထက်သာ၏ဓားချက်ကို ရှောင်လိုက်ရင်း အင်အားချင်း မမျှရှာသေးသည့် ကျော်ထက်သာ၏လက်ကို ဖမ်းချုပ်၍ ကျော်ထက်သာ၏ ဝမ်းဗိုက်ထဲသို့ တစ်ဖန် ဓားအား ထိုးသွင်းလိုက်လေသည်။

ထိုအခါ ကြမ်းပြင်ပေါ်တွင် ပုံ၍လဲကျနေသော ယုထက်သာသည် သူ၏မောင်ဖြစ်သူ၏ဝမ်းဗိုက်မှသွေးများရဲရဲနီဖြာ၍ ထွက်ကျလာသည်ကို တွေ့မြင်လိုက်ရသောအခါ ဒေါသတကြီး ထရပ်လိုက်ပြီး စည်သူ၏ လက်ထဲမှ ဓားကို အတင်းဝင်၍လုယူရင်း သူမ၏အင်အားလေးနှင့် ကိုက်ဖဲ့ဆွဲကုတ်၍ ကျားနာခဲလေတော့သည်။

စိတ်ဆတ်၍ ဒေါသကြီးသော စည်သူသည် ယုထက်သာအား သူ၏လက်ထဲမှ ဓားဖြင့် အားကုန်ထိုးစိုက်လိုက်လေသည်။ စည်သူသည် မထင်မှတ်ဘဲ ကလေးနှစ်ယောက်၏ တိုက်ခိုက်မှုကြောင့် အမှားအမှန်ကို မဝေဖန်နိုင်တော့ပဲဝမ်းဗိုက်တွင်ဓားရာအသီးသီးရ၍ သွေးအိုင်ထဲတွင် လဲကျပြီး အသက်မသေသေးပဲ ကုန်းရုန်းထ၍ ထွက်ပြေးရန် အားယူနေကြရှာသော ကလေးနှစ်ယောက်အားကြည့်ပြီး သူ၏လက်နှင့်အင်္ကျီတွင် စွန်းပေနေသောသွေးများကို ဂရုမစိုက်နိုင်ပဲ အခန်းထဲမှ ကတုန်ကယင်ဖြင့် ဆင်းပြေးလေသည်။

ကလေးနှစ်ယောက်မှာသွေးအလူးလူးဖြင့် လှေကားထစ်အတိုင်း ဆင်းလာစဉ် အစ်မဖြစ်သူ ယုထက်သာမှာ လှေကားနစ်ထစ်အရောက်တွင်အမြင်အာရုံများ မှုန်ဝါးလာပြီး လှေကားအောက်သို့ အလိမ့်ခေါက်ကွေးပြုတ်ကျရင်းလှေကားရင်းတွင် သွေးအိုင်ထဲ လဲကျအသက်ပျောက်သွားလေသည်။

ကျော်ထက်သာသည် သူ၏ ဝမ်းဗိုက်မှဓားဒဏ်ရာကိုလက်နှင့်ဖိကိုင်ရင်း အကူအညီရရန် မြို့ပြင်ရောက်သည့်အထိ အားယူရင်း ပြေးထွက်ရှာသော်လည်း ဒဏ်ရာမှာ ပြင်းလွန်းသဖြင့် အိမ်အပြင်ဘက်အရောက် မြုံထဲတွင်ပင် လဲကျ၍သေဆုံးသွားတော့သည်။

အပြင်ဘက်တွင်မိုးကရွာလျက်ပင်ရှိသေးသည်။

စည်သူမှာ ပေကျံနေသောသွေးများကို ဂရုမစိုက်နိုင်ပဲ မြို့ပြင်သို့ သွေးရှူးသွေးတန်းနှင့် ထွက်ပြေးရန် အားခဲသော်လည်း အရှည်းအဲနီးပင်။ သူ့အား လမ်းသွားလမ်းလာအချို့က သင်္ကာမကင်းဖြစ်၍လိုက်လံကြည့်ရှုကြလေရာ အဝေးပြေးလိုင်းကားပေါ်သို့တက်ပြေးရန်ကြိုးစားသော်လည်း မအောင်မြင်၊ မသင်္ကာသည့် ကားမောင်းသူနှင့်တကွ ကားပေါ်တွင်ပါလာသောလူစုကဝိုင်းဝန်းဖမ်းဆီးလိုက်လေသည်။

ညနေ(၄)နာရီထိုးပြီးနောက် အိမ်သို့ ပြန်လာကြသော သရဇီစိုးနှင့် ဒေါ်သဲမာတို့မှာ သွေးပျက်လုမတတ်တုန်လှုပ်ချောက်ချားဖွယ်ရာအဖြစ်ဆိုးကြီးနှင့်ကြုံရလေသည်။

လှေကားထစ်များပေါ်တွင် သွေးစက်များနှင့် ရောထွေးလျက် ခရေပန်းပွင့်လေးများက လှေကားထစ်များပေါ်တွင် နေရာအနှံ့ ပြန့်ကျဲနေကြရှာလေသည်။ အလွန်ထိတ်လန့်တုန်လှုပ်၍ ကြေကွဲဖွယ်ရာအဖြစ်အပျက်များပြီးဆုံးသွားသောတစ်နေ့၌ ဦးထက်သာသည် သူနေထိုင်ရာ အမေရိကန်နိုင်ငံသို့ ပြဿနာများကို ထားရစ်ကာ သူတစ်ဦးထဲ ပြန်သွားပြီဖြစ်လေသည်။

သူ၏ဇနီးဖြစ်သူ သရဇီစိုးကို သူနှင့်တစ်ပါထဲ ခေါ်သွားရန် နားချသော်လည်း ကြေကွဲဖွယ်ရာအဖြစ်ဆိုးများနှင့်အတူ ခေါင်းမာလှသော သရဇီစိုးသည် သူမ၏ သားနှင့်သမီးခေါင်းချရာ ဤမြန်မာနိုင်ငံတွင်ပင် သေတစ်ပန် သက်တစ်ဆုံး နေထိုင်တော့မည်ဆိုသည့် ဆုံးဖြတ်ချက်စကားဖြင့်သာ ငြင်းပယ်ခဲ့သည်ချည်းပင်။

အထက်ပါအဖြစ်အပျက်များ၏ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ဆိုးများကြောင့် ခရေမြိုင်မိသားစု၏ ဘဝလေးများ တစ်စစီ ပြိုကွဲပျက်စီးကြရသည်။ သရဇီစိုးသည် သူမ၏ ရင်နှစ်သည်းချာ



www.burmeseclassic.com

www.burmeseclassic.com

သားသမီးရေကနာထဲမှထွက်ကျွန်းထင်ခဲ့သောသွေးစက်များကိုမြင်ယောင်ရင်း ဖနစ္စဉ်လွမ်းဆွတ်ကြေကွဲစွာဖြင့် တနုံ့နုံ့ခံစားရင်း နှလုံးသားများကြေကွဲစွာ ထိုင်ကြည့်ရင်း အရူးတစ်ယောက်လို စကားများ တတွတ်တွတ် ပြောဆိုနေတတ်သည်။

တစ်ခါတစ်ရံ လမိုက်ညများတွင် ခရေမြိုင်မြုံကြီးအတွင်း သွေးများ စွန်းထင်ပေကျံနေသော အဝတ်အစားများနှင့်ကလေးနှစ်ယောက်မှာစကိတ်စီးရင်း ဆော့ကစားပြေးလွှားနေကြသည်ကိုလည်းကောင်း၊ ခရေပင်ကြီးများအောက်၌ ခရေပန်း ကောက်နေကြသည်ကိုလည်းကောင်း ရပ်ကွက်ထဲမှ မြင်တွေ့ကြရသည်ဟုတီးတိုးပြောဆိုနေကြသေးသည်။ သရဇီစိုး၏အဒေါ်ဖြစ်သူဒေါ်သဲမာသည် တစ်နေကုန် အိမ်မှုကိစ္စအဝဝနှင့် လုံးပမ်းနေရရှာရာ ညရောက်သည်နှင့် မနီးတတ်သောအိပ်ခြင်းမျိုးဖြင့် အိပ်ပျော်တတ်လေရာ သူမ၏တူမဖြစ်သူ၏ အထီးကျန်ညများအား တစ်ယောက်တည်း ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းနေရသည်ကို အဖော်လုပ်မပေးနိုင်ရှာ။

□

မိုးသည်ညသန်းခေါင်ယံ ...

တိုင်ကပ်နာရီမှ (၁၂)နာရီထိုးနေပြီဖြစ်ကြောင်း အချက်ပြနေသော်လည်း သရဇီစိုးမှာ အိပ်၍မပျော်နိုင်၊ အပြင်လောက အမှောင်ထုထဲတွင်လည်း မိုးနှင့်လေများသည်းထန်စွာရွာသွန်းတိုက်ခတ်နေသည်၊ သူမ၏ ပါးပြင်နှစ်ဖက်မှ မျက်ရည်စက်များမှာလည်းမိုးသည်းည၏မိုးရေစက်များကိုအံတု၍ဖက်ပြိုင်နေ၏။

"စည်သူမင်းက လူယုတ်မာပဲ၊ ငါ့လိုက်လျောလွန်းလို့ မဖြစ်သင့်တာတွေ ဖြစ်ရတာ၊ ငါ့ကြောင့် ကလေးတွေ သေရတာ"

သူမ၏ ထိခိုက်ကြေကွဲနေသော နှလုံးသားတစ်ခုလုံးတို့ ကျယ်လောင်သည့် မိုးမြိမ်းသံက ဆွဲဆုပ်နင်းချေမွလိုက်သလိုခံစားရပြန်သည်၊ လူသွားလူလာပြတ်သည့်အရပ်ဒေသ ဖြစ်သည့်အပြင် အခုလို မိုးသည်းညဖြစ်သည့်အတွက် လူပင်မဆိုထားနှင့် ခွေးတစ်ကောင်ပင် မြုံပြင်ထွက်ဝံ့မည်မဟုတ်၊ တစ်ချက်တစ်ချက်၌ သရဇီစိုး၏နားထဲလေတိုးသံလိုလို၊ ငိုသံလိုလို ခပ်တိုးတိုးကြားနေရ၍တုန်လှုပ်သွားမိသည်။



ဒီအသံတွေက ဘယ်ကလာသလဲ၊ သူမ၏ သားငယ်၊ သမီးငယ်လေးဆီကများလားဟု စိုးရိမ်ပူလောင်သည့်စိတ်ကြောင့် ရင်တစ်ခုလုံး ပြုတ်ထွက်လုမတတ် ခံစားရလေသည်။ ထိုလိုစိတ်တွေ၏ပြင်းပြစွာ နှိုးဆော်မှုကြောင့် သူမ၏ မျက်လုံးနှစ်လုံးမှာ ဂနာမငြိမ်နိုင်ရှာပဲ ပတ်ဝန်းကျင်ကို ဝေ့ဝိုက်၍ ပင်ပန်းကြီးစွာ ရှာဖွေနေမိလေသည်။ ထိန်းချုပ်ခြင်းကင်းမဲ့ နေသည့် စိတ်၏ စေစားရာအတိုင်း ခြေနှစ်ဖက်ကို ခပ်ဖွဖွနင်းရင်း လှေကားထစ်များပေါ်တစ်ထစ်ချင်းနင်းလျှောက်လာခဲ့ရင်း လှေကားထစ်တစ်နေရာ၌ သူမ၏ ခြေလှမ်းများကို တုံ့ခနဲရပ်လိုက်သည်။ ပြီးနောက်ကျောက်ဆစ်ရုပ်တစ်ရုပ်လို တွေတွေကြီး ရပ်ပြီး ဧည့်ခန်းထဲ တစ်နေရာသို့ မမှိတ်မသုန် မျက်တောင်ပင် မခတ်နိုင်ပဲ စိုက်ကြည့်ကာရင်ထဲမှာ ဖြန်းခနဲ ဖြစ်သွားသည်၊

သူမသည် ပြုံးကြောင်နေသော မျက်ဝန်းအစုံနှင့် -

"ဟင် - ဟိုမှာ သားငယ်လေးနဲ့ သမီးလေးတို့ပါလား။ ဧည့်ခန်းထဲမှာ ဘာထိုင်လုပ်နေကြပါလိမ့်။ ဟင် - လက်ထဲမှာလည်း ခရေပန်းလေးတွေနဲ့၊ အောင်မယ် - ခရေပန်းလေးတွေ သီနေကြပါလား"

သရဇီစိုးသည် သားနဲ့သမီးကိုလွမ်းဆွတ်သတိရနေဖဲသောစိတ်များက သူမ၏ နှလုံးသားတစ်ခုလုံးကို စိုးမိုးလွှမ်းနေရကား သူတို့လေးတွေ သေဆုံးသွားကြပြီဆိုတဲ့အသိကို ခေတ္တခဏမေ့လျော့သွားဟန်ရှိသည်။ ဧည့်ခန်းထဲမှ ပစ္စည်းတချို့၏ အရိပ်များသည် ညအိပ်မီးသီး၏ ခပ်မှိန်မှိန်အလင်းရောင်အောက်တွင် ယုထက်သာနှင့် ကျော်ထက်သာတို့၏ ပုံရိပ်များအဖြစ် သူ၏စိတ်အာရုံ၌စွဲထင်နေ၏။

သရဇီစိုးသည် သူမ၏ပင်ကိုစရိုက်အရ သိမ်မွေ့နူးနယ်သောစိတ်ဓာတ်ရှိသည့်အပြင် နှလုံးသားတစ်ခုလုံးကို ဘဝမုန်တိုင်းက မညှာလင့်ဘဲ ရိုက်ချိုးပျက်စီး ချေမွပစ်လိုက်သဖြင့် အအိပ်ပျက်၊ အစားပျက်သည့်ဒဏ်များက ဖိစီးနှိပ်စက်မှုကြောင့် သူမ၏ မှန်ကန်သောအတွေးများ မှေးမှိန်ပျောက်ကွယ်စ ပြုနေပြီဖြစ်သည်၊

သရဇီစိုးသည် သူ့အင်မတန်ချစ်မြတ်နိုးရသော ရင်နှစ်သည်းချာနှစ်ယောက်အား အာရုံထင်မှုဖြင့် တွေ့မြင်လိုက်ရသဖြင့် ရင်တစ်ခုလုံး အထိန်းအချုပ် ကင်းမဲ့စွာ ဆို့နစ်သွားမိပြီး လှေကားထစ်များအား လျင်မြန်စွာဖြတ်ကျော်ရင်း ဆင်းလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



"သားရေ - သမီးရေ"

သို့သော် သူမ ထင်သလို ဖြစ်မလာဘဲ မျှော်လင့်ချက်မဲ့စွာ ကလေးနှစ်ယောက်ကို မတွေ့ရသဖြင့် အရူးမတစ်ယောက်လို ငိုရှိုက်ရင်း ခြံဝန်းမအတွင်း ဝဲယာပတ်၍ ရှာဖွေနေမိလေတော့သည်။ သရဖီစိုးသည် သူမ၏ နှလုံးသားတစ်ခုလုံး သွေးစိမ်းရှင်ရှင် ပန်းထွက်လုမတတ် ပြင်းထန်စွာ ပူလောင်မှုများကြောင့် နှလုံးသားတစ်ခုလုံး အပြင်သို့ ထွက်ကျသွားမလားမတတ် ရင်ထဲမှာ လစ်ဟာသွားရသည်။

သူမ၏ သိစိတ်နှင့် မသိစိတ်တို့မှာလည်း ယုထက်သာနှင့် ကျော်ထက်သာတို့ကသာ စိုးမိုးချုပ်ကိုင်နေသည်။

ယခုလို မိုးသည်းညများစွာတို့နှင့် ကြုံကြိုက်တိုင်းလည်း သူမ၏ ကလေးနှစ်ယောက်မှာ သူမ၏ ရင်ခွင်ကြားထဲ တိုးဝင်၍ မိခင်ရင်ခွင်၏ နွေးထွေးလုံခြုံမှုကို ခံယူရင်း အမြဲတမ်း အိပ်စက်တတ်ကြသည် မဟုတ်လား။

သရဖီစိုး၏ လှပသောနှုတ်ခမ်းများမှ ငိုရှိုက်သံများ ရောထွေးလျက် ခပ်ဖွဖွ စကားသံများ ရေရွတ်ရင်း လေ့ကားထစ်များပေါ်ပြေးတက်၍ ကလေးများအသောက်

# ၄၄

သားငယ်လေးနဲ့
သမီးလေးတို့ရယ် - ဒီလို မိုးတွေလေတွေ
သည်းနေတဲ့ ညတွေမှာ မာမိရဲ့ ရင်ခွင်ထဲမှာ
နွေးနွေးထွေးထွေးနဲ့ အိပ်နေကြကျတဲ့
ကလေးတွေ။ အခုတော့ - အခုတော့
အဟင့် - ဟင့် - ဟင့် - သိပ်ချမ်းတယ်
မာမီ - ဟုတ်လား။ ကြောက်လည်း
သိပ်ကြောက်တယ်။ ဒါဆို - မာမီလာခဲ့မယ်။
အခုပဲ လာခဲ့မယ်၊ မကြောက်ကြနဲ့။





ရှင်စဉ်က အိပ်စက်သည့် အိပ်ခန်းအတွင်းသို့ ဝင်ရောက်ပြီး ယုထက်သာနှင့် ကျော်ထက်သာတို့ မောင်နှမနှစ်ယောက် ရှိလို့ရှိငြား သွေးရူးသွေးတန်း ရှာဖွေနေပြန်သည်။

မိုးသည်းညမို့ လျှပ်က လက်သေးသည်။ မိုးသည်းညဖြစ်သည့်အတွက် အိပ်ခန်းအတွင်းရှိ ပြတင်းပေါက်မှန်တံခါးကို မိုးစက်မိုးပေါက်များ တဖြန်းဖြန်း ပက်လျက်ရှိပြီး အိမ်ကြီးအတွင်းမှာလည်း တိတ်ဆိတ်ငြိမ်သက်လွန်းလှ၏။ မျက်နှာချက်မှ အိမ်မြှောင်(၂)ကောင်၏ ငြိုငြင်တွေ စုတ်ထိုးလိုက်သည့်အသံမှာ သူမ၏ နားထဲသို့ ကြောက်မက်ဖွယ်ရာ အသံဆိုးကြီးအဖြစ် တိုးဝင်လာတော့ရာ သူမသည် နားနှစ်ဖက်အား စုပိတ်၍ ငူငူကြီး ရပ်နေရာမှ အခန်းပြတင်းပေါက်အား ကာထားသော လိုက်ကာကို ရုတ်တရက် ဆွဲဖွင့်လိုက်သည်။

ခြံထဲသို့ ကဏာတာ ငြိမ်သက်စွာ ငေးကြည့်နေပြန်သည်။ ခြံဝန်းအတွင်း စိုက်ပျိုးထားသော နှစ်ရှည်အပင်ကြီးများသည် မိုးသက်လေ တိုးဝေ့သဖြင့် တရှဲရှဲ မြည်သံများက ချောက်ချားစွာ ထွက်ပေါ်နေလသည်။ လေတိုက်တိုင်း ယိမ်းနွဲ့လှုပ်ရှားနေကြသော သစ်ကိုင်းသစ်ခက်များ၏ ပုံရိပ်တို့က သူမ၏ ကယောင်ချောက်ချားဖြစ်နေသော စိတ်အာရုံ အား ယုထက်သာနှင့် ကျော်ထက်သာတို့၏ ပုံရိပ်များအဖြစ်သို့ ပြောင်းလဲသွားစေတော့ရာ တဖြောက်ဖြောက် ကျဆင်းနေသော မိုးစက်များက -

"မာမိရေ - သားနဲ့သမီးတို့ဆီ လာခဲ့ပါ။ သားနဲ့ သမီးတို့ အရမ်းချမ်းနေပြီ၊ အရမ်းလည်းကြောက်တယ် - မာမိရယ်"

ဟု သူမ၏ သားသမီးလေးများ၏ နာကျင်စွာ ငိုညည်းရင်း အချက်ပြနေသယောင် ထင်မြင်ကြားယောင်နေသည်။ သူမသည် မျက်ရည်များနှင့် ပြည့်လျှံနေသော မျက်ဝန်းအစုံဖြင့် ငေးကြည့်ရင်း ကြေကွဲနေသည့် နှလုံးသားအစုံကို ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ပဲ သွေးမျက်ရည်များ ထွက်ကျလုမတတ် ငိုရှိုက်နေရင်း -

"လူယုတ်မာ စည်သူကြောင့် ငါ့ကလေးတွေ သေရတာ။ ပြီးတော့ ယောကျ်ားရဲ့ တိုင်းတစ်ပါးအထင်ကြီးမှု၊ ဇာတိမြေကို မြေကန်လိုမှုကြောင့် ပြဿနာတွေဖြစ်ရတာ"

သူမ၏ မကျေနပ်သံသည် ရင်ထဲမှာပဲ တင်ထပ်နေသည်။

"သားငယ်လေးနဲ့ သမီးလေးတို့ရယ် - ဒီလိုမိုးတွေလေတွေသည်းနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ညတွေမှာ မာမီရဲ့ရင်ခွင်ထဲမှာ နွေးနွေးထွေးထွေးနဲ့ အိပ်နေကြရတဲ့ကလေးတွေ၊ အခုတော့ - အခုတော့ - အဟင့်ဟင့် - ဟင့် - သိပ်ချမ်းတယ်မာမီ - ဟုတ်လား၊ ကြောက်လည်း သိပ်ကြောက်တယ်၊ ဒါဆို - မာမီလာခဲ့မယ်၊ အခုပဲလာခဲ့မယ် - မကြောက်ကြနဲ့"

သရဖီစိုးသည်အနားမှာအမြဲကူညီအားပေးနစ်သိမ့်မည့် တစိမ်းဆန်လှသည့် ခင်ပွန်းသည်လည်း မရှိသည့် အပြစ်သားသမီး(၂)ယောက်ကို အချိန်မတိုင်ခင် မရဏမင်းထံ အပြီးပေးအပ်လိုက်ရသဖြင့် သူမအဖို့ကား အမှန်ပင် သတိလက်လွှတ်ဖြစ်သွားခဲ့ခြင်း ဖြစ်လေပြီတည်း။

သရဖီစိုးသည် သူမ၏နှုတ်ဖျားမှ တောင်စဉ်ရေမရ စကားလုံးများကို တတွတ်တွတ် ပြောဆိုရင်း ကလေးဆောင်းထီး (၂)လက်ကို ဆွဲယူ၍ မိုးသည်းညအမှောင်ထုထဲသို့တိုးဝင်ရင်းကားကို တရကြမ်း မောင်းထွက်သွားတော့သည်။

❐

တစ်ညလုံး မဟူရာထုထည်ဖြင့် အော်ဟစ်ငိုကြွေးနေသော မိုးကောင်းကင်တစ်ခုလုံးသည် မနက်မိုးသောက်အလင်းရောက်ပြီဆိုသည်နှင့် ဖြူစဝ်ပြီး ကြည်လှဲ့လို့နေသည်၊ ညကား အနက်ရောင်ခြုံထည်ဖြင့် သူ ဘာမှမဖြစ်ထားသလို ဟန်ဆောင်ကောင်းလွန်းလှပေသည်။

သို့သော် သက်မဲ့လူသားတို့ နားခိုအိပ်စက်ရာနယ်မြေလေး၏အပြင်ဘက်မိုးတစက်စက်အောက်တွင် ကားအဖြူရောင်တစ်စီး ရပ်နားထားပြီး ထိုနယ်မြေလေးအတွင်းသို့ ဝင်ကြည့်လိုက်ပါက အုတ်ဂူဖြူဖြူလေး (၂)ခုကို တွေ့ရမည်ဖြစ်သည်၊ ထိုအုတ်ဂူဖြူဖြူလေးပေါ်တွင် ထီးအနီရောင်လေးတစ်ချောင်းနှင့် ထီးအဝါရောင်လေးတစ်ချောင်းစီက မိုးမစိုအောင် အုပ်မိုးထားသည်၊ ထိုအုတ်ဂူဖြူဖြူလေး (၂)ခုကြားတွင်မှာတော့ ...

တစ်ကိုယ်လုံးမိုးရေများရွှဲစို၍အေးစက်တောင့်တင်းကာ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော သရဖီစိုးအားတွေ့မြင်ကြရမည်ဖြစ်၏၊ အော် - သူမ၏လက်ထဲမှာလည်း သွေးစွန်းနေတဲ့ ခရေပန်းခြောက်လေးတွေနဲ့ပါလား၊ ပန်းခြောက်ကလေးတွေကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်။

⇨ အသင်ဇာသက်ဝေ



www.burmeseclassic.com

www.burmeseclassic.com



**ဘိုကလေး** မြို့နယ်၊ ပင်လယ်ကမ်းခြေဒေသရှိ "ပသီ"၊ "ကမာဟောက်" စသော ဒေသများသည် နွေရာသီတွင် ပင်လယ်ရေလုပ်ငန်းများ၊ စခန်းချလုပ်ကိုင်လေ့ရှိသော အရပ်ဒေသများဖြစ်သည်။ သံချောင်းနှင့် မြင့်လွင်တို့ ညီအစ်ကိုနှစ်ယောက်သည် "ပသီချောင်း" တွင် ခေတ္တစခန်းချနေထိုင်၍ ပင်လယ်ရေလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်နေကြသော ပင်လယ်ရေလုပ်သားလူငယ်များဖြစ်သည်။ သံချောင်းတို့ညီအစ်ကိုသည် ရေလုပ်ငန်းစခန်းတွင် ချက်ပြုတ်စားသောက်ရန် ခုတ်ယူစုဆောင်းထားသော ထင်းများကုန်သွားပြီဖြစ်သဖြင့် တောထဲသို့ ထင်းခုတ်ထွက်လာခဲ့ကြသည်။ ပသီ၊ ကမာဟောက် စသောဒေသများသည် ရေနန်ပိုင်ဦးရှင်ကြီးဖာတ်လမ်းစခဲ့သည့် မိန်းမလှကျွန်း၏ မျက်နှာချင်းဆိုင်တစ်ဖက်ကမ်းမှာ ရှိနေသဖြင့် တောကြမ်းသည်ဟု နာမည်ကြီးနေသောဒေသများဖြစ်သည်။ ထို့ကြောင့် မြင့်လွင်သည် လှေငယ်ကို ကမ်းသို့ ဆိုက်ကပ်ကာ ညီငယ်သံချောင်းကို ပြောလိုက်သည်။

"သံချောင်း – မင်းရဲ့ပြောင်တတ်၊ နောက်တတ်တဲ့အကျင့်တွေကိုယူမလာနဲ့နော်"

တောတက်ထင်းခုတ်ရင်း ညီဖြစ်သူ တောထဲတွင် ရုတ်တရက် ပျောက်ဆုံးသွားရာမှ လိုက်လံရှာဖွေရာ ကြောက်မက်ဖွယ် အန္တရာယ်ဆိုးကြီးနှင့် တွေ့ကြုံရလေရာ ..

"သိပါတယ် အစ်ကိုရာ၊ အစ်ကိုကလည်း ထင်းခုတ်တိုင်း ဒီစကားပဲ ပြောနေတာပဲ"

"မင်းက သိပ်စိတ်ချရတဲ့ကောင်မဟုတ်ဘူး။ နောက်တီးနောက်တောက်နဲ့၊ လှေကိုသေသေချာချာချည်ပြီးရင် စခုတ်မယ်။ တို့ညီအစ်ကို တစ်မနက်လောက်ခုတ်လိုက်ရင် ဆယ့်လေးငါးရက်စာလောက်တော့ ရနိုင်တယ်"

ထို့နောက်မြင့်လွင်နှင့်သံချောင်းတို့ ထင်းများကို စတင်ခုတ်ယူကြတော့သည်။ ထိုဒေသရှိတောများသည် ပင်ခြေ(သစ်ပင်များ၏အောက်ခြေ) ရှုပ်ထွေးနေသော "ဒီရေတောများ" ဖြစ်သဖြင့် မိမိခုတ်ယူလိုသော "ထင်းသစ်" များကိုခုတ်ယူရန်အတွက် လမုငုပ်များ၊ သင်ပေါင်းချုံများ၊ ခရာတောများကို အရင်ခုတ်ထွင်း ရှင်းလင်းကြရသည်။ ထိုသို့ ခုတ်ထွင်ရှင်းလင်းနေကြစဉ် မြင့်လွင်က သံချောင်းကိုပြောလိုက်သည်။

"သံချောင်း – တစ်ယောက်နှင့်တစ်ယောက် သိပ်ပြီး ဝေးမသွားစေနဲ့နော်၊ တစ်ယောက်နဲ့တစ်ယောက် သစ်ခုတ်သံ မကြားရရင် အချက်ပေး"

"ဒါလောက်တော့ကျွန်တော်လည်း သိပါတယ်ဗျာ၊ တောထဲကို မရောက်ဘူးတဲ့သူ ကျနေတာပဲ"

"မင်းကို စိတ်မချလို့ ပြောနေတာပေါ့ကွ။ မင်းက ဘယ်နေရာဖြစ်ဖြစ် ပေါ့ပေါ့ဆဆ လုပ်တတ်လွန်းလို့ ပြောနေရတာ"

"ဟုတ်ကဲ့ပါ – အစ်ကိုရာ"

"ကဲ – ဒါဆိုလည်း စခုတ်ကြမယ်"

ထို့နောက် မြင့်လွင်နှင့် သံချောင်းတို့ညီအစ်ကိုမှာ ထင်းများကို စတင်ခုတ်ကြလေတော့သည်။

❒

မြင့်လွင်နှင့် သံချောင်းတို့သည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ထင်းများကို ခုတ်ယူနေကြရာ တဖြည်းဖြည်းတစ်ယောက်နှင့်တစ်ယောက် ဝေးကွာသွားခဲ့ကြသည်။ ချုံနွယ်သစ်ပင်များကွယ်နေသဖြင့် တစ်ယောက်နဲ့တစ်ယောက် မတွေ့မြင်နိုင်သော်လည်းတစ်ဦး၏သစ်ခုတ်သံကို တစ်ဦးက ကြားနေရသဖြင့် ထင်းများကို အလျဉ်းသင့်သလို ဆက်လက်ခုတ်ယူနေခဲ့ကြသည်။ သစ်ခုတ်သံများမှာလည်း တဖြည်းဖြည်း ဝေးလာခဲ့သည်။ သို့သော် ထင်းခုတ်နေ

www.burmeseclassic.com

သည်ကိုသာစိတ်ရောက်နေသည့်အပြင် ကိုယ့်အတွေးနှင့် ကိုယ်ရုတ်ယှက်နေကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် အလှမ်းဝေးကွာနေသည်ကို သတိမပြုမိကြပေ၊ တစ်နာရီခန့်အတွေးနှင့် ကိုယ်ရုတ်ယှက်နေကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် အလှမ်းဝေးကွာနေသည်ကို သတိမပြုမိကြပေ၊ တစ်နာရီခန့်အကြာတွင်မြင့်လွင်မှာညီငယ်ကိုသတိရလာသဖြင့် ညီငယ်၏ သစ်ခုတ်သံများကိုနားစွင့်နားထောင်ကြည့်လိုက်သည်၊ သို့သော် ညီငယ်ထံမှ သစ်ခုတ်သံများကိုမကြားရပေ၊မြင့်လွင်သည်သံချောင်းခေတ္တခဏ နားနေသည်ဟု ထင်မှတ်၍ အချက်ပေးခေါ်ယူလိုက်သည်၊

"ဟေး-ဟေး"

မြင့်လွင်က အသံမြှင့်၍ အချက်ပေးလိုက်သည်၊ သံချောင်းထံမှ ပြန်ထူးသံ မကြားရ၊ ထို့ကြောင့် မြင့်လွင်က အသံတုန်အောင်၍ အချက်ပေးလိုက်သည်၊

"ဟေး-ဟေး-ဟေး-ဟေး"

လေးငါးကြိမ်ခန့် အသံကုန်အချက်ပေးခေါ်ယူလိုက်သော်လည်း သံချောင်းထံမှ ပြန်ထူးသံကို မကြားရ၊ ထို့ကြောင့် မြင့်လွင် စိတ်တိုတိုနှင့် တစ်ကိုယ်တည်[...] ရေရွတ်ပြောဆိုလိုက်သည်၊

"ဒီကောင် တောထဲမှာ မနောက်[...] လို့ ပြောထားရက်နဲ့ ငါ့ကို စိတ်ပူအော[...] လုပ်နေပြန်ပြီ၊ ဒီကောင်နဲ့ အလုပ်လု[...] ရတာ တော်တော်စိတ်ညစ်ဖို့ ကော[...] တယ်"

မြင့်လွင်က သံချောင်း နောက်[...] သည်ထင်သဖြင့် စိတ်တိုသွားခဲ့သည်[...] ထို့ကြောင့် ဒေါသတကြီး အော်ပြေ[...] လိုက်သည်၊

"ဟေ့ -ညီလေး၊ ဒါနောက်စရာ[...] မဟုတ်ဘူး၊ ဒါတောထဲမှာကွ၊ မင်း နာ[...] မလည်ဘူးလား၊ ပြန်ပြီး အချက်ပေ[...] စမ်း"

မြင့်လွင်မှ ဒေါသတကြီး အော်ပြော[...] လိုက်သော်လည်း တစ်ဖက်မှ အသ[...] မကြားရ၊ ဤတွင် မြင့်လွင် စိုးရိမ်သွား[...] သည်၊ ညီငယ်သည် အပြောင်အနောက်[...] သန်သော်လည်း မြင့်လွင်ကို ကြောက်[...] သည်၊ မြင့်လွင် ဒေါသဖြစ်လျှင် ချက်[...] ချင်းငြိမ်ကျသွားတော့သည်၊ ယခုကဲ့[...] ဒေါသဖြစ်လာပြီဆိုလျှင် သံချောင်း ငြိ[...] နေရဲတော့မည်မဟုတ်၊ ချက်ချင်းပြန်[...] အချက်ပေးမည်သာဖြစ်သည်၊ ယခုတော[...]



၄၄ သို့သော် သံချောင်းမှ ဘာမှပြန်မပြောသည့်အပြင် အစ်ကိုဖြစ်သူကို လှည့်၍မကြည့်၊ တစ်နေရာကိုသာ မျက်တောင်မခတ်၊ မလှုပ်မယှက်ငေးကြည့်နေခဲ့သည်၊ ထို့ကြောင့် မြင့်လွင်သည် သံချောင်း ငေးကြည့်နေရာသို့ လှမ်းကြည့်လိုက်ရာ တုန်လှုပ်ချောက်ချားစွာ အော်လိုက်မိသည်၊



သံမှ မကြားရ၊ ဤသို့ဆိုလျှင် သံချောင်း တစ်ယောက် တောနက်ထဲသို့ ကျွံဝင်သွားခဲ့ပြီလား၊ သို့မဟုတ် အန္တရာယ်တစ်ခုခုနှင့် များ၊ ရင်ဆိုင်နေရလေပြီလား၊ မြင့်လွင်တစ်ယောက် သံချောင်း အတွက် အလွန်အမင်း စိုးရိမ်သွားခဲ့ရသည်၊

□

ညို့ကွင်းထဲမှ သံချောင်း

ထို့ကြောင့်မြင့်လွင်သည်သံချောင်း ခုတ်ထွင်ရှင်းလင်းခဲ့သည့် လမ်းကြောင်း အတိုင်း ခြေရာခံလိုက်ခဲ့ရာ ခဏအကြာတွင် ထင်းခုတ်ဓားကိုကိုင်ကာ မတ်တတ်ရပ်လျက် တစ်စုံတစ်ရာကိုမလှုပ်မယှက် ငေးစိုက်ကြည့်နေသော သံချောင်းကို တွေ့မြင်လိုက်ရသည်၊ ထို့ကြောင့် မြင့်လွင်က အော်ပြောလိုက်သည်၊

"ဟေ့ကောင်-ဘာလုပ်နေတာလဲ၊ ငါအချက်ပေးတာ မကြားဘူးလား"

သို့သော် သံချောင်းမှ ဘာမှပြန် မပြောသည့်အပြင် အစ်ကိုဖြစ်သူကို လှည့်၍မကြည့်၊ တစ်နေရာကိုသာ မျက်တောင်မခတ်၊ မလှုပ်မယှက်ငေးကြည့် နေခဲ့သည်၊ ထို့ကြောင့် မြင့်လွင်သည် သံချောင်း ငေးကြည့်နေရာသို့ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရာ တုန်လှုပ်ချောက်ချားစွာ ဖအော်လိုက်မိသည်။

"ဟာ - စပါးကြီးမြွေကြီး - ဒုက္ခပဲ - ဒီကောင် - စပါးကြီး အညှို့ခံနေရပြီ"

သံချောင်းသည် စပါးကြီးမြွေကြီး၏ ညှို့ယူဖမ်းစားခြင်းကို ခံနေရသဖြင့် မလှုပ်မယှက် ငြိမ်သက်နေခြင်းဖြစ်သည်။ စပါးကြီးမြွေကြီးသည် သံချောင်းထံသို့ တရွေ့ရွေ့လာနေပြီ ဖြစ်သည်။ မကြာမီ သံချောင်းအား ရစ်ပတ်ဝါးမျိုတော့မည်ဖြစ်သည်။ ထို့ကြောင့်မြင့်လွင်သည် အလွန်အမင်း တုန်လှုပ်ချောက်ချားသွားခဲ့သည်။ ညှို့ကွင်းထဲ ရောက်နေသောသံချောင်းအား ကယ်တင်ရန် အချိန်ဆွဲ၍ မရနိုင်တော့သဖြင့် မြင့်လွင်မှာ ပို၍တုန်လှုပ်ချောက်ချားနေလေတော့သည်။

□

သံချောင်းကို ကယ်ပြီ

သို့နှင့် မြင့်လွင်သည် စပါးကြီးမြွေကြီးအား ဓားဖြင့် ဝင်ရောက်ခုတ်ပိုင်းရန် ကြံရွယ်လိုက်သည်။ သို့သော် သံဖြတ်မြွေအန္တရာယ်ကို စဉ်းစားမိသဖြင့် ထိုအကြံကို လက်လျှော့လိုက်သည်။ (သံဖြတ်မြွေဆိုသည်မှာ ဓားနှင့်ခုတ်ပိုင်းထားသောမြွေအပိုင်းအပြတ်ဖြစ်သည်။ အဆိုပါမြွေအပိုင်းအပြတ်များမှာ အလွန်အဆိပ်ပြင်းထန်သည်။ ခေါင်းပိုင်း၏ ကိုက်ခဲခြင်းခံရလျှင် ဆေးကုသချိန်မရဘဲ ချက်ချင်းသေဆုံးသွားနိုင်သည်။) မြင့်လွင် စဉ်းစားနေစဉ်မှာပင် စပါးကြီးမြွေကြီးသည် သံချောင်းနှင့် ပေ (၂၀) ခန့်အကွာအဝေးသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုစဉ် မြင့်လွင်သည် အကြံတစ်ခုရလာသည်။ မိမိလက်ထဲမှ ထင်းခုတ်ဓားကို ညီငယ်၏ နောက်ဘက်တည့်တည့်တွင် စိုက်ထောင်လိုက်သည်။ ထို့နောက် မိမိ၏အင်္ကျီကို ချွတ်၍ စိုက်ထောင်ထားသော ဓားပေါ်တွင် ချိတ်ဆွဲထားလိုက်သည်။

ထိုစဉ် စပါးကြီးမြွေကြီးသည် သံချောင်းနှင့် (၅)ပေခန့်အကွာအဝေးသို့ ရောက်ရှိလာပြီ ဖြစ်သည်။ ထို့နောက် မြင့်လွင်သည် နောက်သို့ခြေလှမ်းလေးငါးဆယ်လှမ်းဆုတ်လိုက်ပြီး သံချောင်းရှိရာသို့ တစ်ရှိန်ထိုး ပြေးသွားကာ သံချောင်းအား ကိုယ်လုံးဖြင့် အားကုန်တွန်းထုတ်လိုက်သည်။ သံချောင်းမှာ လေးငါးပေခန့် လွင့်စဉ်ထွက်သွားပြီး လက်တွင် သွေးများ ဖြာထွက်လာလေတော့သည်။ သံချောင်း၏ လက်တွင် ကိုင်ထားသော ထင်းခုတ်ဓားနှင့် ထိခိုက်မိ၍ သံချောင်းလက်တွင်ဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သည်။



သို့သော် မြင့်လွင်မှာ သံချောင်း၏ ဒဏ်ရာဒဏ်များကိုအလေးမထားနိုင်ဘဲ သတိမေ့မြောနေသည့်သံချောင်းကို ပွေ့ချီထွက်ပြေးလေတော့သည်။ ထိုစဉ် သံချောင်းမှာလည်း သတိပြန်ရလာခဲ့သည်။ ထို့ကြောင့် စပါးကြီးမြွေကြီးရှိရာသို့ ပြန်လှည့်ကြည့်လိုက်ရာ စပါးကြီးမြွေကြီးသည် အင်္ကျီချိတ်ထားသော ထင်းခုတ်ဓားကို ရစ်ပတ်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် မြင့်လွင်က ရေရွတ်ပြောဆိုလိုက်သည်။

"တော်ပါသေးရဲ့ကွာ၊ နည်းနည်းလေးများ နောက်ကျသွားရင် သံချောင်းတော့ စပါးကြီးအစာဖြစ်ပြီး အမျိုခံရပြီ။ အခုတော့ ဓားထိတဲ့ ဒဏ်ရာလေးလောက်ဆိုတော့ သံချောင်းတော်တော်လေး ကံကောင်းတယ်"

"ကျွန်တော့် ဒဏ်ရာက မဖြစ်လောက်ပါဘူး။ ကျွန်တော်လည်း ထင်းခုတ်နေရင်း စပါးကြီးမြွေကြီး ကျွန်တော်ကို ကြည့်နေတာ အမှတ်တမဲ့ သွားတွေ့လိုက်မိတယ်။ သူက ကျွန်တော့်ကို ညှို့နေတာနဲ့ တူပါတယ်။ ကျွန်တော် သူ့ကို ပြန်ကြည့်လိုက်တဲ့အချိန်အထိပဲ သတိရတယ်။ ကျန်တာ ဘာမှ မသိတော့ဘူး"

ညီအစ်ကိုနှစ်ယောက် စပါးကြီးမြွေကြီးကိုကြည့်ပြီး ပြောဆိုနေကြစဉ် စပါးကြီးမြွေကြီးသည် ထင်းခုတ်ဓားနှင့် အင်္ကျီကို သားကောင်အမှတ်နှင့် အထပ်ထပ်ရစ်ပတ်ကာ ဆတ်ခနဲ အားကုန်ဆွဲဆန့်လိုက်ရာ အပိုင်းပိုင်းပြတ်ထွက်သွားခဲ့သည်။


မြွေအပိုင်းအပြတ်များမှာ တဆတ်ဆတ် တုန်ခါနေရာမှ ခဏအကြာတွင် ငြိမ်သက်သွားခဲ့သည်။ မြင့်လွင်နှင့် သံချောင်းတို့ ညီအစ်ကိုနှစ်ယောက်မှ ထိုတောတွင် ဆက်လက်မနေရဲကြတော့ဘဲ မြွေအပိုင်းအပြတ်များကြားမှ ဓားနှင့် အင်္ကျီကိုပင် ပြန်မယူရဲတော့ဘဲ စခန်းချရာနေရာသို့ ချက်ချင်းပြန်ပြေးလာခဲ့ကြလေတော့သည်။

⇨ မင်းသစ္စာလှိုင်(ကဒုံကနီ)

www.burmeseclassic.com

www.burmeseclassic.com






နာရေးကိစ္စကို
အကြောင်းပြု၍ နေရပ်ဒေသမှ
ထွက်ပြေးရန် ကြိုးစားသူ
ချစ်သူနှစ်ဦး၏ ရင်ဖိုဖွယ်
ဇာတ်လမ်း ..

**တစ်ခုသော** နွေရာသီကာလသည် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းလှပေသည်။ ဆိပ်ကမ်းမြို့ကလေးတစ်ခုလုံးတွင် ထိတ်လန့်ကြောက်စရာကောင်းသော ပလိတ်ရောဂါကပ်ဆိုးက ကျရောက်လျက်ရှိသည်။ အိမ်တိုင်းအိမ်တိုင်းအား ရောဂါဆိုးကြီး၏ အရိပ်မည်းကြီးက ဝါးမျိုသွားခဲ့လေသည်။ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ရောဂါဆိုးလက်မှ တချို့တလေသာ လွတ်မြောက်ခဲ့လေသည်။

အဖေ၊ အမေ၊ မောင်နှမများနှင့် မိတ်ဆွေအပေါင်းအသင်းများကို မရဏသေမင်း၏ လက်ချက်ဖြင့် တိမ်းပါးသွားရသည်ကို ကိုပေါတစ်ယောက် သူ့မျက်နှာတွင်ပင် မြင်တွေ့လိုက်ရလေသည်။ ကိုပေါအတွက် မေရီတစ်ယောက်သာရှိတော့သည်။ ချစ်စရာကောင်းသော မေရီ၏ သူ့အပေါ်ခင်မင်မြတ်နိုးမှုက ပလိတ်ရောဂါဆိုးကြီးထက် အင်အားကြီးမားသည်ဟု ကိုပေါက ခံစားမိလေသည်။ ထိုမေတ္တာတရားကသာ ကိုပေါတစ်ယောက် ခံနိုင်ရည်ရှိအောင် လုပ်ပေးနေခြင်းဖြစ်သည်။

"ကိုယ်တို့နှစ်ယောက်ကျိန်စာသင့်နေတဲ့ဒီနေရာကနေထွက်ပြေးရအောင်။

www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်နေရာမှာ သွားပြီး ပျော်ပျော်ရွှင်ရွှင် နေကြမယ်လေ။ ရန်ကုန်မှာဖြစ်ဖြစ်ပေါ့။ ဒီမှာနေလို့တတော့ကိုယ်တို့နှစ်ယောက် ပေါင်းရဖို့အကြောင်းမရှိဘူး။ ဒီနေ့မှာပဲ မင်းရဲ့ညီမတစ်ယောက်ကိုမြှုပ်နှံသင်္ဂြိုဟ်ချင် သင်္ဂြိုဟ်ရမှာ၊ ဘယ်သူပြောနိုင်မလဲ။ စိန့်လူးဝစ်ဘုရားကျောင်းမှာကျန်ခဲ့တဲ့တစ်လလုံးလုံးဗျာပနအခမ်းအနားတွေနဲ့ပြည့်နှက်သွားခဲ့တယ်လေ။ ဒီတော့ ကိုယ်တို့နှစ်ယောက် မြည်ပကိုထွက်ပြေးပြီး အဲဒီမှာ ဘဝအသစ် စရအောင်ဟု တောင်းတောင်းပန်ပန်နှင့် စကားစလိုက်သည်။

"ဒါပေမဲ့-အချစ်ရယ်၊တစ်နေရာကတစ်နေရာကို အကူးအသန်း မရှိရလို့အမိန့်ထွက်ထားတယ်လေ။ ကိုယ့်ရဲ့အစီအစဉ်က မဖြစ်နိုင်ဘူး ထင်ပါတယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကိုယ့်မှာအစီအစဉ်တစ်ခု ရှိပါတယ်။ ဒါပေမဲ့ကြောက်စရာကောင်းလို့ စဉ်းစားမိတာနဲ့ ထိတ်လန့်တုန်လှုပ်ရတယ်။ အဲဒါကဘာလဲဆိုတော့ ..."

တိုပေါ ပြောပြသည့်အစီအစဉ်ကိုနားထောင်ရင်း အန္တရာယ်များလှသဖြင့်မေရီမှာ ဆတ်ခနဲ တုန်လှုပ်သွားသော်လည်းအဆုံးတွင်တော့မေရီကသဘောတူလိုက်သည်။

# ၄၄

အေးကွာ၊ ထင်နည်းနည်းဲရာပဲ၊ မြို့တော်ဝန်ကြီးလည်း နှလုံးတွဲ့မတတ်ခံစားနေရတယ်မဟုတ်လား။ ဒါတို့တာဝန်က ဝန်ကြီးရဲ့သမီးရုပ်အလောင်းကို ထင်းရှူးတောကို သယ်ယူသွားရမှာလေ။ ဒါပေမဲ့-မြို့တော်ဝန်ကြီးက နေ့ကွယ်တာနဲ့ စိန့်လူးဝစ်ဘုရားကျောင်းထဲမှာပဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်လေ။





သည်နေ့နံနက်ပိုင်းက မြို့တော်ဝန်၏ သမီး သေဆုံးသွားခဲ့သည်။ ထင်းရှူးတောအရပ်ရှိရာအရပ်တွင် မြေမြှုပ်သင်္ဂြိုဟ်ရန်အတွက် ရုပ်အလောင်းကိုသဘော်နှင့် သယ်ယူရန် အထူးအစီအစဉ်အနေဖြင့် စီစဉ်ထားပြီး ဖြစ်သည်။ စိန့်လူးဝစ်ဘုရားကျောင်းတွင် ရုပ်အလောင်းကို ခေါင်းသွင်းထားပြီး ညဘက်ကျမှသာလျှင် သဘော်ပေါ်သို့ တင်ယူမည်ဖြစ်သည်။

ထိုနေ့ည ခြောက်နာရီလောက်တွင် ဘုရားကျောင်းအတွင်း၌ မြေမြှုပ်သင်္ဂြိုဟ်ရန်အတွက် စောင့်ဆိုင်းနေသူများကလွဲ၍ မည်သူမှ မရှိကြတော့။ ရှည်လျားသောဖယောင်းတိုင်ကြီးများဆီမှ မှုန်ရီမှုန်ဝါးအလင်းရောင်များသည် တိတ်ဆိတ်ငြိမ်သက်နေသော ဘုရားကျောင်းအတွင်း၌ မှိတ်တုတ်မှိတ်တုတ်နှင့် လင်းနေလေသည်။ ကိုပေါနှင့် မေရီတို့နှစ်ယောက်သည် ဘုရားကျောင်းထဲသို့ တိတ်တဆိတ် ဝင်ရောက်လာပြီး မြို့တော်ဝန်၏သမီးရုပ်အလောင်းရှိရာဆီသို့ချဉ်းကပ်လာကြသည်။ ခေါင်းအဖုံးကို စုပ်ထားသော ဝက်အူများကို ကိုပေါက လှည့်ဖြုတ်လိုက်သည်။ သေးသေးသွယ်သွယ် မြို့တော်ဝန်၏သမီးရုပ်အလောင်းကို ထုတ်ယူလိုက်ပြီး ပါလာသောအိတ်ရှည်ကြီးထဲသို့ ထည့်လိုက်သည်။ ထို့နောက် ကြောက်လွန်းသဖြင့် သတိလက်လွတ်နီးနီး ဖြစ်နေသော မေရီအား ခေါင်းထဲ ဝင်နိုင်းလေသည်။

"ဟောဒီမှာ ရေပုလင်း၊ ပြီးတော့ မှတ်ထားနော်၊ ဘာတွေပဲဖြစ်ဖြစ် အသံတစ်ချက်မှ မထွက်နဲ့နော်။ ညကိုးနာရီမထိုးခင် သဘော်ပေါ်ကိုယ် အရောက်လာခဲ့မယ်၊ သဘော်ထွက်ပြီး နာရီဝက်လောက်ရှိရင် မင်းကို ခေါင်းထဲက ကိုယ်ထုတ်ယူမယ်၊ အဲဒါ ကိုယ်တို့အတွက် တစ်ခုတည်းသော အခွင့်အရေးပဲ" ဟု ကိုပေါက လေသံတိုးတိုးနဲ့ ပြောလိုက်သည်။

"ဟုတ်ကဲ့-သိပါတယ်။ အသံလုံးဝမထွက်စေရပါဘူး။ ကဲ-သွားတော့လေ။ ဘုန်းကြီးတွေ ပြန်ရောက်လာကြတော့မယ်။ ပြီးတော့ နောက်ဆုံးအနေနဲ့ နမ်းခဲ့ပါဦး။ သဘော်ပေါ်ကျမှပြန်ဆုံရအောင်" ဟု မေရီက ဆို့နင့်ကြေကွဲစွာနှင့် ပြောလေသည်။

ကိုပေါက ကြင်နာမြတ်နိုးစွာဖြင့် တချက်မက်မက် နမ်းလိုက်သည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com



နောက် ခေါင်းအဖုံးအပေါ်မှ ဝက်အူများကို ခပ်ချောင်ချောင် ပြန်စုပ်ထားလေသည်။

□

ဘုရားကျောင်းနောက် ဘက်ရှိ မြေကွက်လပ်ရှိရာသို့ကိုပေါသည်တိတ်တဆိတ် နိုးဝင်လာခဲ့သည်။ စိတ်ထဲကတော့ စိုးရိမ်ထိတ်လန့်နေလေသည်။ ထိုမြေကွက်လပ်၏ထောင့်တစ်နေရာတွင် ရေမရှိတော့၊ ရေခန်းခြောက်နေသည့် ရေတွင်းပျက်ကြီးတစ်ခုရှိသည်ကို သူသိထားသည်။ ထိုနေရာတွင် အလွယ်တကူ ပုန်းခိုနိုင်မည်ဖြစ်သည်။

ဘုရားသခင်က မေရီအား ကောင်းချီးပေးပါစေဟု သူက ဆုတောင်းလိုက်သည်။ အမှန်တကယ်တော့ သူ့အနေဖြင့် ဘာသာတရားကို တစ်လွဲအသုံးချခြင်း၊ မဟုတ်သည်ကိုတော့ မေရီ နားလည်မှာပါဟု တွေးနေမိသည်။ ယခု အသုံးချလိုက်သည့် အခွင့်အရေးက သူတို့နှစ်ယောက် ပေါင်းရဖို့ ဖြစ်သည်။ သူတို့နှစ်ယောက်၏ တစ်ခုတည်းသော အခွင့်အရေးဆိုတာကိုတော့ မေရီ နားလည်ပါစေဟု ဆုတောင်းနေမိသည်။

စိတ်လက်ပင်ပန်းစွာနှင့် လုပ်ဆောင်ခဲ့ပြီးနောက် ရေတွင်းပျက်ကြီးထဲမှ တက်လာခဲ့သည်။ မြို့ထဲသို့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ ညရှစ်နာရီခွဲသည်အထိ ဟိုဟိုသည်သည် လျှောက်သွားနေရလေသည်၊ သူတို့၏ ထိတ်လန့်တုန်လှုပ်ဖွယ်ရာစွန့်စားမှုကြီး အောင်မြင်ရန် အချိန်က ဘာမှမလိုတော့၊ ဘုရားသခင်၏ ဂုဏ်ကျေးဇူးကြောင့်ဖြစ်မည်ဟု စဉ်းစားမိလေသည်။ ဦးခေါင်းတစ်ခုလုံး နောက်ကျိနေကာရင်ထဲ၌လည်း တူကြီးနှင့် ထုနက်နေသလို ခံစားနေရလေသည်၊ သို့နှင့် သဘော်ပေါ်ရှိ ချောင်ကျကျနေရာတစ်ခုတွင် ဝင်ရောက်ပုန်းခိုနေလိုက်ပြီး အချိန်စောင့်နေတော့သည်၊ စောင့်နေရသည်မှာ နှစ်ပေါင်းတစ်ရာလောက်ကြာသည်ဟု ထင်မိလေသည်၊ သဘော်က တောင်ထွက်ခွာလာလေသည်၊ ဒါဆိုရင် သိပ်ကြာတော့မည်မဟုတ်ပေ၊ တကယ်လို့များ သူဟာ မိသွားလျှင်ဆိုသည်ကို သူက မတွေးတော့၊ မမိအောင်သာ ဂရုစိုက်ရပေတော့မည်။

ထိုစဉ် စကားပြောသံများက သူနှင့်နီး၍ လာလေသည်၊ ကိုပေါ ပုန်းခိုနေရာမှနေ၍ ထင်ထင်ရှားရှား တွေ့လိုက်ရ



သည်မှာ မည်းမည်းသည်းသည်းနှင့် လူနှစ်ယောက် လျှောက်လာသည်ကို တွေ့ရလေသည်။

"အေးကွာ၊ ဝမ်းနည်းစရာပဲ၊ မြို့တော်ဝန်ကြီးလည်း နလုံးကွဲမတတ် ခံစားနေရတယ်မဟုတ်လား၊ ငါတို့တာဝန်က မြို့တော်ဝန်ကြီးရဲ့သမီးရုပ်အလောင်းကိုထင်းရှူးတောကိုသယ်ယူသွားရမှာလေ၊ ဒါပေမဲ့ - မြို့တော်ဝန်ကြီးက နေကွယ်တာနဲ့ စိန့်လူးဝစ်ဘုရားကျောင်းထဲမှာပဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်လေ"

"ဗျာ"

⇨ မြင့်ဆွေဦး

**ရှေးဟောင်းဆေးမြီးတို**

**လေငန်း**

ထန်းနို့ ရှိန်းမို၊ ကျပ်မိုး၊ ကြက်သွန်နီ ခုနစ်တက်တို့ကို အမျှစီကြိတ်၊ ရေနံနှင့်ချက်ပြီး ခပ်နွေးနွေးတွင် လိုရာဆွဲ၍ လိမ်းချပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

"**အမြန်** ... အမြန် ... အမြန်လားဟေ့၊
အသွား ... အသွား အသွားပါစေဗျ၊
လူးလာခေါက်တုံ့ ... ကူးတာသယ်နိုဗြဲ၊ ...
မြတ်ပန်းရဂုံ မြတ်ပန်းရဂုံ ...
မြတ်ပန်း ... ရဂုံ ..."



ဆိုးဝါးလှသောကံတရား၏
လှည့်စားမှုကြောင့် ထောင်ကျသွားခဲ့ရာမှ
ထောင်မှလွတ်ခါနီးတွင်လည်း
ကံတရား၏လှည့်ပတ်မှုကြောင့်လည်း
တစ်ဖန် ..



www.burmeseclassic.com

www.burmeseclassic.com



သူ့ပီတိနှင့်သူ အဝတ်ကြီးကို ဟုတ်ပေ့ဖြစ်နေတော့သည်။ "သူ့စိတ်ထဲ အခဲသားဝင်လိုက်ရ၊ ရှင်လိုက်မယ့်ဖြစ်ခြင်း" ဆိုသည့် ဆရာဇော်ဂျီ၏ စာချိုးထဲကနယ် ကိုဆယ်မောင်တစ်ယောက် မြူးထူးခတ်နေပုံကြီးက ဘေးဘီမှ လူတွေပင် အလိုလို အူရှင်သချင့်ဖွယ်ကြီး။ ခြေဖျားမှ ဆံစအထိ အပျော်ဓာတ်တွေနှင့် ဒိုးဒိုးဒွန်ဒွန် တဖျတ်ဖျတ်တလွန့်လွန့် လျှပ်စီးပြက်နေ၏သို့ပင်တည်း။

"ဩော်-ဆယ်မောင်-ဆယ်မောင်၊ သင်းကြီးရေးတွေတဲ့ ဟိုအကောင်ကြီးလို အိမ်ဖြောင်အမြီးပြတ်၊ အကဲမရဖြစ်နေပုံထောက်ရင်သေရာပြီ။ ဒီကနေ့ဟာ စနေနေ့ကလွဲလို့ ဘာမှမဖြစ်နိုင်ဘူး"

"ပြက္ခဒိန်ကသာ မှားရိုက်မိလို့ လွဲချော်ချင် လွဲသွားလိမ့်ဦးမယ်၊ ဆယ်မောင်တို့ကတော့ မှားဖို့များဖြင့် ခဲယဉ်းသားပေါ့၊ တရာတန်းကို ထုံးတို့ပြီး ဒန်သေမှတ်တဲ့အကောင်စားမျိုးဟ"

"တကတဲကွာ-စနေနေ့များဆို အဖြစ်သည်းနေလိုက်တာ၊ သူ့စအိုကို ကင်းထိုးခံထားရတဲ့အတိုင်းပဲ၊ ထိုင်မရ ထမရ မြင်ရတဲ့သူဖြင့် မျက်စိကိုနောက်ကာရော၊ တကာယ့်အကောင်"

"ရော-ဟုတ်ပါတယ်လေ၊ ဆယ်မောင်တို့ဘဝကြီးကလည်း ဒီလိုစနေတစ်ရက်ပဲ နေသာထိုင်သာ အသက်ရှူချောင်စရာ ရှိပေတော့တာကိုး။ ကံ၊ ကံခွေးဟိုင်းလောက်တောင်မှမချွန်ရှာတဲ့ကံ၊ အိုကံမွဲ၊ ကံဗလချာကြီးကိုးကွ၊ ရှိုးတဲ့မှ---"

ကိုဆယ်မောင်တဖြင့် သူ့အထုပ်ကလေး သူ တပွေ့ပွေ့တပိုက်ပိုက်နှင့် ကော့လန်ကော့လန်၊ ရှပ်ပျာရှပ်ပျာလေ ရှူးတစ်ဝေ့လို ပျောက်သွားပြီ၊ သူ့ကိုကြည့်ပြီး တောစ်တောင်အီအီ တွေလီကေလာ ခံစားနေမိကြသူတို့သည်သာ လျှပ်ဝမ်းထဲမှာ ဖတ်သောဖပ်သပ်မချင့်မရဲကြီးတွေ ဘောင်ဘင်ခတ် ကျန်ရစ်ခဲ့ကြလေ၏။

ဟုတ်ပေသား၊ ဒီကနေ့က စနေနေ့ပဲ၊ အတွင်းထောင်ဝင်စာ တွေ့ပေးရမယ့်နေ့ပဲ၊ အတွေးတစ်စ ဝင်လာသည်၊ ထောင်ဝင်စာ ထောင်မှူးဖြစ်သော ကျွန်တော့်အဖို့တစ်နေ့လုံး ဗတ်သီဗတ်သီနှင့် လုံးလည်ချာလည်လိုက်လျက် မိုးလင်၊ မိုးချုပ် မောရဦးမယ့် နေ့တစ်နေ့ပေတည်း။

မိုးလုံးပြည့်လျှံ မိုင်းအုံ့ရီမှောင်နေသည့် တိမ်စိုင်မည်းမည်းတွေသော်မှ



အနားကွပ် နှုတ်ခမ်းသားကလေးမှာ အလင်းကွက်ကလေး တစ်စက်နှစ်စက် ဝင်းပြက်နေတတ်လေသေးသည် မဟုတ်လား။ စိတ်နှလုံးဝမ်းပါး နောက်ကျိဖွယ် ထောင်တည်းဟူသော ခေါင်ခေါင်ခါးခါး ကျပ်ကျပ်ထုပ်ထုပ်အရပ်မျိုး၌လည်းနေထွက်လာသည်ကိုမြင်သည့် ကမ္ဘာဦးလူများနယ် ထောင်သာ ထောင်သမီးတို့ ဝင်းဝင်းပပကြီး သည်းခြေတွေ့နှလုံးမွေ့တတ်ကြစမြဲ။ အချိန်ကောင်း အခါကောင်းကလေးဖြင့် ရှိပေသား။

ဟုတ်ပ၊ ထောင်ဝင်စာဆိုသည့် ပြင်ပကမ္ဘာနှင့် တွေ့ကြုံ၊ ဆုံမြင်ခွင့်ကြိုက်ကြုံခွင့် ရတတ်မြဲ၊ ညှိတွေ့ရှိန် (Interview Time) ခဏငယ်လေးများပါခင်ဗျား။

(၁၈)ပေ၊ ပေ(၂၀)အမြင့်ရှိသည့် ထောင်နံရံတိုင်း မည်းမည်းကြီး လေးဖက်လေးတန် ကာထားလေသော သီးသန့်လူ့ဘဝ လူ့ကမ္ဘာလေးတစ်ခုထဲသို့ ဟိုးပြင်ပပြင်လွင်ကမျက်နှာတွေ၊ အရယ်အပြုံးတွေ မျက်ရည်စတွေ၊ ငိုသံယိုသံတွေ၊ စေတနာ မေတ္တာ အကြင်နာတွေ၊ စိုးရိမ်သောက၊ ဗျာပါဒတွေ၊ အုံကျင်းဖွဲ့တရပေါ စီးဝင်လာတတ်သည့် တစ်ခုတည်းသောလမ်းကြောင်းကလေးကို ထောင်ဝင်စာဟု ခေါ်ကြပါသည်။

ဖထောင်ကျ အကျဉ်းသားဖြစ်လျှင် တစ်လတစ်ကြိမ်၊ အချုပ်သားဖြစ်လျှင် တစ်လနှစ်ကြိမ်၊ ထောင်အပြင်က ကိုယ့်ဆွေမျိုးတွေနှင့် ပုံမှန်တွေ့ရလေ့ရှိ၏။ တစ်ကြိမ်လျှင် (၁၅)မိနစ်၊ နာရီဝက်၊ ပြောစရာရှိတာများကို သွက်သွက်ပြော၊ ပေးချင်ရာရာ စားဖွယ်သောက်ဖွယ် အကြော်အလှော် အခြောက်အခြမ်းများကို အထုပ်အပိုးကလေးများကို သွက်သွက်ပေး။ တဝေါဝေါ ရှုည်နေသည့် ငါးပိသိပ်၊ ငါးချဉ်သိပ်၊ မြှတ်သီးထိုးကျွတ်ကျွတ်ညံ့ အခန်းကျဉ်းကျဉ်းကလေးထဲမှာကိုယ့်ထောင်ဝင်စာညှိသည့်တွေနှင့် ကိုယ် အာရုံနစ် ပျော်ဝင်နေကြရသော ထိုထို ထောင်ဝင်စာရှိန်ကလေးသည် သာလျှင် ထောင်ကျသားဘဝ လောကငရဲဘုံ သားတို့အတွက် အချိမြိန်ဆုံး အရသာအရှိဆုံး။

ကိုဆယ်မောင်ကြီးလည်း အကျဉ်းသားတစ်ဦးသာ ဖြစ်သည်မို့ ထောင်ဝင်စာကို ငမ်းငမ်းတက် မျှော်တော်ယောင်ခင်းတတ်စမြဲသာ၊ သို့တိုင်ကိုဆယ်မောင်က သူတကာတွေထက် နည်းနည်းဖြင့်ပိုချင်သည်ဟု ဆိုလေက မလွန်တန်ဘူးပြောချင်ရာသာပြော၊ ကိုဆယ်မောင် မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဆယ်မောင်တို့က အတွင်း ထောင်ဝင်စာသမားစစ်စစ်ပေကိုး၊ သူ့မယားနှင့်သူ့သမီးတို့က ထောင်မကြီး၏ ဒေါသချင်းကပ်လျက်ရှိ မိန်းမထောင်ထဲမှာ၊ စနေနေ့ နံနက် (၉) နာရီမှသည် ညနေ (၄) နာရီအထိ ညှော်တွေ့ချိန်အတွင်း သူ့မယားသူ့သမီးနှင့်တွေ့ဖို့တစ်နာရီအထိ ပိုပိုသာသာ အခွင့်အရေးရတတ်ကြစမြဲ၊ ထောင်ဝင်စာတွေ့မည့်သူ သိပ်နည်း သိပ်ပါးခဲ့လျှင် အလုပ်အလွန်ရှုပ်တတ်သည့် ထောင်မှူးကြီးရုံးခန်းထဲ၌ တမေ့တမော ပေါက်ပေါက်ဖောက်လျက် နှုတ်ခမ်းချင်းလိမ်၍နေနိုင်ကြသေး၏၊

ဗဟိုထောင်ကြီးမဟုတ်သည့် (က) အဆင့် နယ်ထောင်တစ်ခုမှာ သူတို့လို အတွင်းထောင်ဝင်စာသမားဆိုသည်မျိုးက တိုရေရှားရေ၊ လောလောဆယ်တွင် ကိုဆယ်မောင်တို့ လေးငါးခြောက်ယောက်လောက်ပဲရှိသည်၊ အဲ-၅(ည) ဟုခေါ်သော သီးသန့်အကျဉ်းသားထောင်ဝင်စာတွေကဖြင့် လွှတ်များ၊ သို့ဖြစ်၍ပင် ကိုဆယ်မောင်ကြီးတို့စနေနေ့ဆိုသည်နှင့် ဗိုးကျိုင်းတုတ်ဖြစ်နေကြပေသည်တော၊

"ကိုဝိုးဟေ့ - သန်းရင်ရေ"

"ခင်ဗျာ - ဆရာ"

"ဘူးတံခါးကြီးထဲက အတွင်းထောင်ဝင်စာမှတ်ပုံတင်စာအုပ်ပြေးယူရေကွာ၊ ဒီကနေ့ဘယ်နှယောက်ရှိသလဲလို့၊ ၅(ည) ထောင်ဝင်စာတွေပုံကျမလာသေးခင် အတွင်းထောင်ဝင်စာတွေကို အရင်ဖြတ်ထားနှင့်ကြရအောင်"

"ဟုတ်ကဲ့ - ဆရာ"

□

"ဆရာ"

"ဟော - ကိုသာမောင် ဘာကိစ္စ"

"ဟို - ဟိုဒင်းလေ - ဒါကလေးတွေကို"

"အယ် - ကိုသာမောင်ရယ်၊ ခင်ဗျား ဒါကလေးတွေကလည်း နည်းပါဘူးလား"

"အဟင်း - အဟင်း - အဟင်း - ဒီတစ်ပတ် ညည်ရဲ့ဘက်တွေဆီက ကောက်တာ များသွားလို့ - ဟီး - ဟီး - ဟီး - ကြည့်ကျက်လုပ်ပေးပါနော် - ဆရာ"

"ကြည့်လုပ်ပေးရအောင် ခင်ဗျား ဥစ္စာကြီးတွေကိုလည်း ကြည့်ဦးလေဗျာ၊ သင်္ကန်းကျောင်းတွေမှာ ဗိုဘီလာလာ



ကောက်တဲ့ ဒုလာမြားတို့၊ တိတ်ဗဟာဒူးတို့ရဲ့ ယူနီဖောင်းထုပ်ကြီးနဲ့ နင်လားငါလားဖြစ်နေပေါ့ဲ၊ မှန်း - ဘာတွေများလဲ၊ ကြည့်ကြရအောင်"

ပုဆိုးလတ်လတ်က လေးငါးခြောက်ထည်၊ အသစ်နီးပါးလုံးဝရေမချရသေးသည့် မျိုးမျိုး သဲတောဝမ်းတွင်းလုံချည် ခပ်သန့်သန့်က အိတ်ကလေးတွေနှင့် သုံးထည်၊ အရပ်ဝတ်အကျီ လက်ရှည်လက်တိုအဆင်မျိုးစုံအရောင်မျိုးစုံ ဆယ့်လေးငါးထည်၊ ပုံစံအိပ်ရာခင်းအစိမ်းစင်းကလေးတွေချည်း ခြောက်ထည်၊ ၁/၃၀ ထောင်ပုံစံ ဘာဘူစောင်ကြား အသစ်စက်စက်က လေးထည်၊ ပခုက္ကူ နှစ်နံစပ်စောင်ကြားကြီးက တစ်ထည်၊ ကလေး - တမူးထွက် ကော်ဇောစောင် ခပ်လှလှက သုံးထည်၊ မွေးပွမျက်နှာသုပ်ပဝါကြီးနှစ်ထည်၊ ချွေးသုပ်ပဝါအသစ်ကလေးတွေမျိုးစုံ လေးငါးဆယ်ထည်၊ ပလတ်စတစ်ဘူးကလေးတွေနှင့် အပြည့်အသိ ထည့်ထားသည့် အကြော်အလှော်၊ အခြောက်အခြမ်းတွေက ကျန်ကျောင်း ကြွပ်ကြွပ်အိတ်ကြီးတစ်လုံး မဆန့်မပြဲ၊ ကဲ - နည်းရော့သလား ခင်ဗျာ၊

"ဒါတွေ အကုန်လုံး ပေးမလို့လား၊ ဟုတ်လား - ကိုသာမောင်"

"ဟုတ်တယ် - ဆရာ၊ ဆောင်းဝင်ဖို့ နီးလာတော့ ရွာဘက်မှာ အသုံးတွင်မယ့် ဟာကလေးတွေ တစ်ချိတစ်လောပို့လိုက်မလားလို့၊ ခြေခင်းလက်ခင်းသာတဲ့အချိန်ဆိုတော့မှာက အလှူအတန်း၊ ဘုရားပွဲ၊ ကျောင်းပွဲတွေက ဖယ်ဆက်နေတာကလား - ဆရာရဲ့၊ အဲဒါကြောင့် ဒါကလေးတွေကို ခါတော်မီပို့ရမှာလေ၊ ပို့ချင်လို့သာ ပို့ရ၊ သူများဆီက တချို့တစ်ဝက်ဆွဲလွဲပြီးဝယ်ထားရ၊ ခြမ်းထားရတာ ခင်ဗျ၊ အတိုးရင်းပွားများလည်း ပေးရတာပ၊ သိပ်မကိုက်ချင်တော့ပါဘူး - ဆရာရယ်၊ ငွေသမားကိုလုပ်ကျွေးနေရသလိုချည်းပါပဲ၊ ကျုပ်တို့က လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့လူတွေပါ ခင်ဗျာ"

ကိုသာမောင်ကြီးကလည်း လေပျော့ကလေးနှင့် မျက်နှာချိုသွေးနေသည်၊ ကျွန်တော့်ဖို့…တဲ့၊ မိုးရေးဘက်မှ ဖွပ်ကျယ်အသစ်ကလေးနစ်ထည်နှင့် သော့တံဆိပ်ပလေကာပ်လုံချည်က တစ်ထည်၊ စံပယ်နံ့ ခပ်သင်းသင်းပေါင်ဒါဘူးကလေးလည်း ပါလာခဲ့သေး၏၊ ထောင်ဝင်စာထောင်မှူးအား လာဘ်ထိုးနေခြင်းဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ရုံ စီနဗာ ပစ္စည်းထုပ်ကြီးကို အတွင်းဆောင်ဝင်စာ တွေ့ရင် သူ့သမီးနှင့် သူ့မယားကို ပေးလိုက်မည်။ မရှေ့စာတို့က လျှော်တန်တာလျှော်၊ ဖွပ်တန်သည်ဖွပ်၊ ပြီးလျှင်မီးမထောင်ထဲရှိမီးပူတိုက်ဘုတ်တွင် အခပေး၍ ပိပိပြားပြားချပ်ချပ်ရပ်ရပ် မီးပူတိုက်မည်။ သင့်ရာသင့်ရာ ပလတ်စတစ်အိတ် သွပ်မည်။ အစစ အိုကေပြီဆိုလျှင် သူတို့လက်က သုံးတောင်ဝတ်ဆရာမကြီး တပ်ကြပ်ဒေါ်အေးသီမှတစ်ဆင့် ကြွက်ဆွဲသလို နည်းနည်းချင်း ကဲ့၍ ထောင်အပြင်ကို ထုတ်မည်။ ဒေါ်အေးသီကြီးထံ ပုံမှန်လာကောက်နေကျ အပေါင်းထည်သမားတွေက သူ့တန်ရာ တန်ဖိုးအလိုက် ဈေးဖြတ်လျက် လက်ငင်းငွေချေ ဝယ်ကြ၊ ခြမ်းကြမည်။ ဒေါ်အေးသီ၏ အကျိုးဆောင်ခကို နုတ်ဖဲ့ပြီး ကျန်ငွေများသည် (၁၀၀) လျှင် (၂၀)အကောက်အစားဖြင့် ကိုသာမောင်ကြီးဆီ ရှောရှောရှူရှူ ကွက်တိလက်ရောက်ပြန်ရောက်လာရှိမည်။ သည်သံသရာကြီးက စနေပတ်တိုင်း လည်နေကျ။

သူ့မယားနှင့် သူ့သမီးကို သံယောဇဉ်ကြီးသည်လည်း တစ်ကြောင်းပ။ သို့တိုင် စနေပတ် ထောင်ဝင်စာတွေ့ချိန်မှာ သူတို့ အရောင်းအဝယ်လမ်းကြောင်းကြီး ပျောက်ခဲ့လျှင် ထောင်ထဲရှိ သင်းတို့ သားမိသားဖ သုံးယောက် စားခွက်ပျောက်မည်။ အူခြောက်မည်။ ပုံစံထမင်းနှင့်ထောင်တာလပေါ်ဟင်း၊ ငါးပိဆီပူတို့ကိုချည်း စုံကန်၍ လွေးကြရတော့မည်။ သည်အမိကကိစ္စကြီးကြောင့် စနေနေ့တိုင်းကိုသာမောင်ကြီးရင်ခုန်သံမြန်နေရခြင်းပင်။

“ဟော့ - လူကြီး - ခင်ဗျားဟာတွေက နည်းနည်းများနေတယ်ဗျ။ အသင့်အတင့် လူမြင်သူမြင်ကောင်းအောင် ခွဲခက်ထားခဲ့ဦး။ ဒီကနေ့ တာဝန်မှူးက ကရာတေးမောင်မောင်တင်လာ၊၊ မင်္ဂလာမောင်မောင်တင်လား မသိဘူးရယ်။ ကိုယ့်လူ သိတဲ့အတိုင်း ဒီကိုယ်တော်မြတ်တွေက ပန်ကာထိပ်က မူလီတွေ။ ကျစ်တဲ့ရစ်တဲ့နေရာမှာ ချောဆီမလိုဘဲ ဝက်အူဆုံးအောင် သံပတ်ကုန်တင်းနိုင်တဲ့ ကျေးဇူးရှင်တွေ ခင်ဗျားရဲ့ ဟိုရစ် ဒီရစ်နဲ့ ခင်ဗျားတို့ အမှုက ကျုပ်ဘက်လာပတ်နေဦးမယ် - သွား - သွား - နည်းနည်း ဝိတ်လျှော့လာခဲ့”

“မဖြစ်ဘူး ဆရာ - မဖြစ်ဘူး။ ရှိကြီးခိုးပါရဲ့ - ကျုပ်ဆရာရယ်။ ဒီတစ်ခေါက်တော့ ဒီအတိုင်းတိုင်းပဲ ဘာမျှမမြင်သလို



မသိသလို လွှတ်ပေးထားလိုက်စမ်းပါ။ အရေးကြီးနေလို့ပါ ခင်ဗျာ - အဟုတ် - အဟုတ်”

“အောင်မယ်မင်း - ကိုဆယ်မောင်ရယ်။ ခင်ဗျား - အရေးမကြီးတဲ့နေ့ရယ်လို့ ဘယ်မှာရှိခဲ့ဖူးလို့လဲ။ ထောင်ဝင်စာတွေ့တဲ့အခါတိုင်း အရေးကြီးလို့ အရေးကြီးလို့နဲ့ အထုပ်ကြီး အထုပ်ငယ်တွေ ထွဲထွဲလာတာ အခေါက်တိုင်းပဲ မဟုတ်ဘူးလား”

“ဒီတစ်ခါ တကယ်အရေးကြီးတာပါ - ကျုပ်ဆရာရယ်။ ဘုရားစူး မိုးကြိုးကြီးပစ်ရစေနဲ့”

“ကိုင်း - လုပ်စမ်းပါဦး၊ ခင်ဗျားရဲ့ အရေးတော်ပုံကြီးက ဘာတဲ့တုံး”

“ဒီတစ်ခေါက် ရုံးချိန်းထွက်ရင် မိန်းမနဲ့ သမီးအတွက် အာမခံပဲ ရမလား။ တရားရှင်နဲ့ပဲလွှတ်မလား။ တစ်ခုခုတော့ တစ်ခုခု လုပ်ရလိမ့်မယ် - ကျုပ်ဆရာ။ ဒီလိုနဲ့ပဲကျုပ်သမီးတလေးကိုထောင်ထဲမှာတင်အညွန့်ကျိုးမခံနိုင်ဘူးရယ်။ အဲဒီအတွက်ရှေ့နေကြီးကိုပိုက်ဆံပေးရမယ်လေ။ သူ ကြည့်လုပ်ပေးမတဲ့၊ ကျုပ်တို့အမှုမှာ မိန်းမနဲ့ ကျုပ်သမီးက ရှန်းနိုင်ကန်နိုင်ရင် လွှတ်မယ်လို့ ပြောတာပဲ။ အဲဒါကြောင့် ဟောဒါတွေကို ငွေမြန်မြန်ဖော်ရမှာ - ဆရာရဲ့ - အဲ - အဲဒါ - အဲဒါ”

ဟု တ် တေ ာ့ ဟု တ် သ ည် ။ ကိုသာမောင်တို့ သားအဖ သားအမိ သုံးယောက်စလုံး လူသတ်၊ အလောင်းဖျောက်မှု၊ ရာဇ ထိတ်ထိတ်ကြဲ ပုဒ်မကြီးပက်ပင်းငြိလျက် ထောင်ထဲ ရောက်လာခဲ့ခြင်းဖြစ်သည်။ သေစားသေစေကြိုးမိန့်ကျနိုင်သည့် အချုပ်တရားခံများဆိုပါစို့။

ဖြစ်ပုံကြီးက လွှတ်ဆန်းသည်။

သူတို့ ကံသစ်ကုန်း၊ ကျွဲတဲစု အိမ်ခြေနှစ်ဆယ်၊ အစိတ်တဲစုကလေးမှာက ကျွဲ၊ နွား၊ သိုး၊ ဆိတ် အစားကျောင်း၊ မွေးဖက်မွေးသည့်အလုပ်ဖြင့် ထမင်းရှာစားနေကြသူတွေချည်း။ ကိုယ့်တဲကိုယ့်အိမ်မှာ အခြေတကျ နေရသူ ရှားသည်။ ကျွဲအုပ်၊ နွားအုပ်၊ သိုးအုပ်၊ ဆိတ်အုပ်တွေဖြင့် ရေကြည်ရာ မြက်နုရာ ဟိုရွှေ့သည်ပြောင်း ပျံကျသွားနေရသည်က ခပ်များများ၊ ကြီးကောင်ဝင်စ အသက်ကလေးမှ (၁၇ - ၁၈) ရှိသေးသည့် သူတို့သမီးစိန်ခြယ်ကလေးကို တစ်လသေသေ၊ တစ်လဆန်းဆန်း တဲစုကျိုးကျဲ၌ ဒသစ်ယောက်တည်း မထားခဲ့ရက်၊ မထားခဲ့နိုင်၊ နွားအကောင် (၁၅၀) သာသာ သူတို့

www.burmeseclassic.com



လွှတ်ကျောင်း၊ နွားအုပ်ကြီး စခန်းချရာ သပြေပင်ကွင်း၊ ဘိုးတော်ကြီးရေထွက်၊ တောင်ပုလုအင်းစပ်၊ စိမ်ရေကုန်းလွင်ပြင်များဆီ တကောက်ကောက် အတူ ခေါ်လာခဲ့ကြ၏။

ဤသည်ကပင် ကြမ္မာဆိုးကို မျက်စပစ်ပြသည်သို့ ဖြစ်ခဲ့ရခြင်းပင်၊ သည်လို … သည်လို။

ကျွဲတဲစု၌ နေစဉ်ကတည်းက စိန်ခြယ်မကို သရိုးသရီ ချိတ်တိတ်တိတ် လုပ်နေခဲ့သော ပဝတ္တိတစ်နယ်သားတစ်ယောက် မြေသား လှမောင်ဆိုသည် ရှိခဲ့၏။ လုပ်ရာကိုင်ရာ ခင်းမည်မည်ရရ မရှိ၊ ဇာပွတ်တိရေရေရာရာ မေးမရ၊ ရွာရိပ်ဝန်းကျင်သို့ပင် ပေါ်လိုက်ပျောက်လိုက်၊ လတ်လျားလတ်လျား ကိုးကုန်းကိုးကျင်းဖြင့် လက်ခြေ ဂနာမငြိမ်တတ်သူ၊ ဘာတွေလုပ်ကိုင်စားသည်ကိုသော်မှ တိတိပပ မသိကြရ၊ သို့ပင်ဖြစ်လည်း လက်ဖျားငွေသီး၍ ပျော့ပျော့ရမ်းရမ်း သုံးနိုင်ဖြုန်းနိုင်သူ၊ ကိုဆယ်မောင်ကြီး နွားအုပ်ထဲမှာပင် လှမောင်အပိုင် နွားသားအမိ လေးငါးတွဲ ပါနေသေး၏။ ထိုနွားတွဲများကို ရမည်ရှာ လျက်ကျွဲတဲစုမှာဝင်လေ့တ်ထွက်လေ့တ် ပြု၍ စိန်ခြယ်ကို ရွှေစွန်ညို ဝဲဝဲနေသူ။

ဆယ်မောင့်မိန်းမ မထောင်းတင်က လှမောင်ကို ကြည့်မရ၊ ဘယ်ဘဝက ဘယ်လိုရေစက်မှန်းမသိ၊ မည်သို့မျှ မေတ္တာထား၍မဖြစ်၊ မနက်အိပ်ရာထကို အရက်ဖြင့် မျက်နှာသစ်လျက် အချိန်ပြည့် ယမကာညှီနံ့ တထောင်းထောင်း ထနေသော လှမောင်ကို သူမ၏ ရင်နှစ်သည်းချာ စိန်ခြယ်မနှင့်များ ဘယ်နည်းနှင့်မျှ လားလားမျှ မကြည့်ဖြူနိုင်။

“တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်ပါပဲ – အရီးလေးရယ်၊ အဲ့သည် အကောင်ကို ဘယ့်နယ်မှ နှလုံးမတွေ့ လွန်လွန်းလို့ပါ၊ အလုပ်အကိုင်ရယ်လို့ လည်း ပြုလို့ပြစား ဘာကမှ မရှိဘဲပဲ၊ အကောင်းမှန်း မသိ၊ အဆိုးမှန်းမသိ ဘယ်က ဘယ်လိုရလာတဲ့ ငွေတွေမှန်း မသိဘဲ ဗုံးပေါလအော သုံးပြနေရုံနဲ့ ကျုပ်သမီးကလေးကိုဖြင့် ထိုးမအပ်လိုက်နိုင်ဘူး – တော်ရေ့ စိန်ခြယ်ကလည်း အင်းကို မြင်ရင် ရှေးတွေ့လိုက်ရသလိုပဲ၊ တော်တွေ၊ တပျစ်ပျစ် နှုတ်ခမ်းတမဲ့မဲ့နဲ့ဟာ၊ မဖြစ်ပါဘူးလေ၊ ထမင်းကြမ်း ယပ်ခတ်ပြီး စားတော့မယ်၊ ကိုယ့်အကုသိုလ်ကိုတော့ ကိုယ့်ဘာသာ ဝယ်မယူနိုင်ဘူး။ ကန်တော့ဆွမ်းပဲ – အရီးရေ့”

“နောက်ပေး ကိုင်းတောစပ်ဆီ ပြေးသွားပြီ – အဲဒါ၊ တစ်ယောက်ယောက်က နောက်တနေ့ တရကြမ်း လိုက်လာတဲ့ပုံပဲ၊ ကျုပ်မြင့် အသက်ပေါင်း ဘယ်ကထွက်လို့ ထွက်ရမှန်း မသိ၊ ကြောက်လိုက်တာများ သေချင်တာပဲ – အဲဒါရယ်။





ရွှေလမ်း ငွေလမ်း ခင်းလာသည့် ဆွေနီးမျိုးစပ်ထဲက အရီးလေး ဖွားလှကျော့ကို စဉ်းစားပင် မနေတော့ဘဲ စကားပြန်မိခဲ့သည်၊

သို့နှင့်တိုင် ရှေ့ကိုယ်တော်လှမောင်က ဖွဲမလျှော့၊ သုံးလေးရက်ခြား တစ်ခါ ရစ်သီရစ်သီ ရစ်ဝဲရစ်ဝဲ မျက်နှာလာလာ မြဲမြဲ။

သည်လိုနှင့် … တစ်နေ့၊

“အောင်မယ်လေး – အမေရေ – လာကြပါဦး – လာကြပါဦး”

စိန်ခြယ့်အော်သံ ကြားလိုက်ရ၏၊ နှလုံးသွေးပျက်မတတ် ထိတ်လန့်တကြား၊ ခုနကလေးကတင် အိုင်စပ်မှာ ရေမိုးချိုးပြီး တက်သွားခဲ့ခြင်းဖြစ်၏၊ မြေခင်းလက်ခင်းသာသည့် မြက်ခင်းလွင်ပြင် ဆိုသော်ငြားလည်း လူရိပ်လူခြေ ကင်းသည့် တွဲနွားစားကျက်ဖြစ်၍ နေရောင်ကလေးရှိတုန်း ကိုယ်လက်သန့်စင်မှုကို မြင်မြင်ထင်ထင် ပြုကြရသည်၊ ဖြုန်းစားအိုင်းစားကြီး မည်သို့ဖြစ်ရလေသည်လဲ၊

“စိန်ခြယ် – စိန်ခြယ် – သမီး ဘာဖြစ်တုံး၊ ဘာဖြစ်တုံး”

“ဟဲ့ – မိန်းကလေး – အထိတ်တလန့်နဲ့ ပိုးကောင်မွှားကောင် ကိုက်ရော့သလား”

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မောင်နှင့် မဆောင်းတင်တို့ သက်ကယ်တဲ ခရိုးခရိုင်အတွင်း ရောက်သည့်တိုင် စိန်ခြယ်ခမျာ မျက်လုံးကြီးပြူး လျက် အကြောက်သည်းကောင်းတုန်း။

"ကို - ကိုလှမောင် - ကိုလှမောင်ရယ်"

"ဟင် - ဒီလိုအယုတ်တမာကောင်၊ ဒီစားကျက်ကွင်းထဲအထိ လိုက်လာပြီး သရဲမင်းရဲ စီးချင်ရသတဲ့လား။ ဘယ်မလဲ - ဒီခွေးမျိုး။ ဒင်းကို ငါသတ်မယ်၊ သတ်မဟဲ့"

"မိန်းကလေး - မိန်းကလေး - ဒီနွားလိုကောင်က ဘာလုပ်လိုက်သလဲ - ပြော - ပြောစမ်း"

"ဘာမှ - ဘာမှမလုပ်ဘူး - အမေ။ အဲ - အဲဒီအထုပ်ကိုပဲ ပစ်ပေးထားခဲ့တာ"

"ဟင်"

"ဓားခုတ်ရာတွေဗလပွနဲ့ပဲ - အဘ။ ဒီလူ ဒီအတိုင်းဆို သေမှာပဲ။ သွေးတွေကလည်း ဒလိန်းထိုးနေတော့တာ၊ ဘာစကားမှလည်းဟဟမပြောနိုင်ဘူးရယ်"

"ဘယ်မလဲ - ဘယ်မလဲ၊ ဒီအကုသိုလ်ကောင် - ဘယ်မလဲ"

"နောက်ဖေး - ကိုင်းတောစပ်ဆီပြေးသွားဖြို - အဘ။ တစ်ယောက်ယောက်က နောက်ကနေ တရကြမ်း လိုက်လာတဲ့ပုံပဲ။ ကျုပ်ဖြင့် အသက်တောင် ဘယ်ကထွက်လို့ ထွက်ရမှန်းမသိ။ ကြောက်လိုက်တာများ သေချင်တာပါပဲ - အဘရယ်"

သွေးစက်သွေးကြောင်းတွေက ပြေးလမ်းတစ်လျှောက် မှုစာကြဲနေသည်။ လှမောင် ခဏရပ်သွားသည့် သက်ကယ်တဲနောက်ဖေး၌လည်း သွေးကွက်သွေးအိုင်တွေ တင်းကျမ်း။

"အလို - ယောကျ်ားရေ - လက်ဝတ်လက်စားတွေ အားကြီးပါကော - တော်ရယ်၊ ဘုရား - ဘုရား - လှမောင်တစ်ယောက် ကျုပ်တို့ကို အမှိုက်ပွေ့ပစ်ခဲ့ပြီထင်တယ်။ ကြည့်စမ်းပါဦး"

"အေးဟယ်"

နောက်တစ်နေ့ သပြေပင်ကုန်းစားကျက်တောမှ ဒရောသောပါး သူတို့ပြောင်းပြေးခဲ့ကြသည်။ ဖြစ်ရိုးဖြစ်စဉ်ထက် လွန်၍အကောင်(၁၅၀)၊ (၂၀၀)ပါ နွားအုပ်ကြီးကို အရှေ့ဘက် ရှမ်းရိုးမအခြေ တောင်ပုလု အုင်းစပ်အထိ တောက်လျှောက် မောင်းချလာခဲ့ကြ၏။ အတန့်အနားမရှိ၊ သပြေပင်ကွင်းက သူတို့ သက်ကယ်တဲဟောင်းနှင့် လှမောင်၏ သွေးစက်လမ်းကြောင်းရှိရာ ဗျိုက်တော ကိုင်းတော၊ သမန်းတောတွေကိုလည်း၊ လက်စလက်န မကျန်အောင် မီးတိုက်ပစ်ခဲ့သည်။



လှမောင်၏ ဟိုဥစ္စာတွေကို မက်လွန်းလှ၍မဟုတ်။ ကြောက်ကြောက်နှင့် စွတ်ရွတ်၍ ပြေးမိပြေးရာ ပြေးခဲ့ကြခြင်းဖြစ်သည်၊ လောလောဆယ် ကြမ္မာဆိုးသင့်ရာ မြေက ဝေးလျှင် ပြီးရော။ နောင်ခါလာ နောင်ဈေးလျှောက်လျှား။

အိပ်မပျော် စားမဝင် စိတ်တထင့်ထင့် နောက်ဆံတငင်ငင် ဖြစ်နေမိသည့်အတိုင်းပင်၊ တောင်ပုလုအင်းရောက်၍မှ လေးငါးရက်ရှိသေး၊ ကံသစ်ကုန်း ကျွဲတဲစု ရွာလူကြီး ဘကြီးထွန်းကျော်နှင့် ရဲတွေ ဖြုတ်ခြည်း ပေါက်ချလာသည်၊

လှမောင်တစ်ကောင် သေပတဲ့။ စစ်စရာ ဆေးစရာရှိလို့ ရဲစခန်း ခဏလိုက်ခဲ့ပါဦး ဆို၍ သားအဖတစ်တွေ မျက်စိသူငယ် နားသူငယ် အူလည်ကြောင် တျားနှင့် လိုက်လာကြပြီးကတည်းက လူသတ်တရားခံများအဖြစ် ထောင်ကြီးချုပ်ထဲ ဒုတ်ဒုတ်ထိသာ ရောက်ခဲ့ကြရော့၊ ဘာတွေ ဘယ်လိုဖြစ်ခဲ့ကြမှန်း မသိခဲ့နိုင်။

"ဘုရားပေးပေး၊ ကျမ်းပေးပေးပါ - ကျုပ်ဆရာရယ်။ လှမောင်ကို ကျုပ်တို့ မသတ်ရိုးအမှန်ပါ။ အဲဒါကြောင့် အမှုမှန်ပေါ်အောင်ဆိုပြီး လှမောင်ရဲ့ဟိုပစ္စည်းထုပ် အစ်လိုက်မိခါမှ ပိုဆိုးတော့တာပဲ၊ ပစ္စည်းယူ၊ လူသတ်၊ အလောင်းဖျောက်သတဲ့ ၊ ဟုတ်တယ်၊ ဟုတ်တယ်၊ လှမောင်အလောင်းကို သပြေပင်ကွင်းအစပ်က ချောင်းနဖူး သပြေပင်ကြီးအောက်မှာ တွင်းတူးမြှုပ်ထားတာကို တွေ့ခဲ့ကြရသတဲ့လေ၊ ဟုတ်မှာပေါ့၊ ပစ္စည်းထုပ်ကြီး ကြည့်ကတည်းက ရန်များမယ့်သေးတွေ့မယ့်ကိစ္စဆိုတာ တွေးမိသား။ ကံပဲပေါ့၊ ကျုပ်ဆရာ - နော - လှမောင်ကို ဘယ်သူသတ်သလဲဆိုတာ ဘုရားမှ သိတော့မှာပဲလေ။ အဲ - ကျုပ်တို့ကတော့"

ဘာပဲဖြစ်ဖြစ်၊ ကိုဆယ်မောင်ကြီးတို့ ကံနံကံမွဲ တစ်သိုက်ခမျာ လူသတ်တရားခံတွေဖြစ်နေကြရသည်၊ ကိုဆယ်မောင်ကထောင်မကြီးဘက်မှာ၊ သူ့သမီးနှင့် သူ့မယားက မိန်းမထောင်မှာ၊ သဲလွန်စတွေအရ ကွင်းဆက်တရားခံဆိုလား ဘာဆိုလား။

"ခက်တယ်ဗျာ၊ ခင်ဗျားဥစ္စာကြီးတွေကို တာဝန်မှူးမောင်ရစ်က တွေ့ရင် ခက်ဦးတော့မယ်၊ ခင်ဗျားတို့ဒုက္ခနဲ့ ခင်ဗျားတို့ကျတော့လည်း ငါမကလို့ရင် သေဖွယ်ရာရှိတော့သတိုးလို့ကြသြား

www.burmeseclassic.com



လေသံမျိုးနဲ့ ညည်းရမလိုတောင် ဖြစ်နေပြန်ရော၊ ခွကျမှကျ"

"မခက်ပါဘူး - ကျုပ်ဆရာရယ်၊ တာဝန်မှူးဆရာကို ကျုပ် ကြည့်ကျက်လုပ်လိုက်ပါ့မယ်၊ ကျုပ်ဆရာ တာဝန်မရှိစေရပါဘူးနော - ကျုပ်ဆရာ"

သူ့နောက်ကြီးဖက်ကို ကျွန်တော် မခံနိုင်၊

သူ့နောက်ထဲမှာ သူတို့ဘဝတွေပါသည်၊ ကျွမ်းကျွမ်းမြည့်မြည့် ငိုသံရှိုက်သံတွေ ပါနေသည်၊ ဟူး - ခက်ဝ၊

"ကဲ - ကဲ - ဖြစ်ချင်ရာ ဖြစ်၊ ကဲ - လိုက်ပေတော့ဗျို့"

"ကျေးဇူးပါ - ကျုပ်ဆရာရယ်"

သူ့ဝန်စည်စလယ် အထုပ်အပိုးတွေကို မနိုင့်ရင်ကန်ဆွဲလျက် ဘူးကြီးထဲသို့ အပြေးတစ်ပိုင်း ဝင်သွားတော့၏၊

သည်ကနေ့ အတွင်းထောင်ဝင်စာလူရှင်းသည်၊ ကိုဆယ်မောင်တို့ သားအဖ၊ သားအမိတွေပဲရှိသည်၊ သို့ဖြစ်၍လည်း ထောင်ဝင်စာခန်းကို မဖွင့်တော့ဘဲ တယ်လီဖုန်းအော်ပရေတာခန်း၏ ထောင့်စွန်းကလေးမှာ ခုံတန်းလေးတစ်ခုဖြင့် တွေ့ပေးလိုက်တော့မည် စိတ်ကူး၏၊

"ဟာ - ဟေ့ - ဟေ့ လူကြီး - ကိုဆယ်မောင်"

"ဗျို့"

"ဗျို့ - လုပ်မနေနဲ့၊ ခင်ဗျားစွပ်ကျယ်နဲ့ လုံချည်အိတ်ပါ ပြန်ယူသွားဦးရော့"

"အယ် - အဲ - အဲဒါကကျုပ်ဆရာကို ဩကာသအဖြစ်နဲ့ ပေးထားတာလေ၊ ဘယ့်နယ် ပြန်ယူရမယ်လို့"

"ဘာလဲ - ကျုပ်ကို မသာပါးစပ်ထဲက ကျူးတို့ခနိုက်ယူစားတဲ့ သချိုင်းစောင့်လို ဖြစ်အောင် လုပ်မလို့လား၊ ခင်ဗျားတို့ သောကနဲ့ ခင်ဗျားတို့တောင် တိုင်ပတ်နေတဲ့ဟာ၊ ကဲပါ - ရော့ပါ - ပြန်ယူသွားလိုက်ပါ၊ ခင်ဗျားတို့ လွတ်ကြ၊ ကျွတ်ကြပြီဆိုတော့မှပဲ လက်ဖက်ရည်တိုက်ချင်သပဆိုတိုက်၊ အခုတော့ ဘာမှလုပ်မနေနဲ့၊ ပြန်ယူသွား"

"အိုး - ဒုက္ခပါပဲ၊ ကျုပ်ဆရာကလည်း - နော်"

ကျေးဇူးတင် အားနာနေသည့် သူ့ကြေးညှိုရောင်မျက်နှာမဲ့ကြီးမှာ ပိုတော့ မလိုညှိုနေတော့သည်၊

□



ကိုဆယ်မောင်ကို စတွေ့တုန်းက တော်တော်စိတ်မချမ်းမသာအဖြစ်မျိုးနဲ့ မျက်စိစူးခဲ့မိခြင်းဖြစ်သည်၊

ထိုနေ့က ကျွန်တော် အနားရသည့်စနေရက်တစ်ရက်ဖြစ်သည်၊ ထောင်ဝင်စာထောင်မှူးတစ်ဦးအဖို့ စနေ၊ တနင်္ဂနွေနှင့် ဂေဇက်ဝင် ရုံးပိတ်ရက်တိုင်း နားရတတ်စမြဲ၊ ထောင်ဝင်စာပိတ်သည်ကိုး၊

သို့တိုင်၊ ကိုယ်စိုးကိုယ်ပိုင် နားအေးပါးအေး ငြိမ့်နေရပြီ မထင်လိုက်ပါနှင့်၊ ခွင့်နှင့်ဖြစ်စေ၊ ယာယီလစ်လပ်နေသည့်အရာရှိတစ်ဦးဦးနေရာမှာ အစားထိုးဂျူတီ ဝင်ပေးရတတ်ပါသည်၊ အစားဝင်ဖို့ မရှိလျှင်သော်မှ အရံလုံခြုံရေး ဖြစ်ရလေသေး၏၊

ထိုစနေရက်ကလည်း ထို့နယ် သီးခြားတာဝန် မရှိသည့် ခွေးဝင်စားအဆောင်မှူးအဖြစ် အချုပ်ဆောင်ဘက်ဗန်ဒါပင်ရိပ်မှာ ပက်လက်ကုလားထိုင်တစ်လုံး၊ ရေနွေးကြမ်း၊ ဓာတ်ဘူးတစ်ဘူးနှင့် စာအုပ်တစ်အုပ်နှင့် အေးရာအေးကြောင်း နတ်နေခဲ့ခြင်းဖြစ်သည်၊ ဆရာမြသန်းတင့်၏ ရွှေပြည်တော် မျှော်တိုင်းဝေး ဘာသာပြန်ဝတ္ထုတွဲကြီးက ဆွဲအားကောင်းလွန်းလှ၏၊ ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲ ရင်တဖိုဖိုနဲ့ စိတ်ကူးကမ္ဘာကြီးထဲ လိပ်ပြာလွင့်နေအောင်ပင် ပြုစားနိုင်လှသည်၊ သို့ဖြင့် မည်မျှကြာအောင် စာထဲနစ်နေမိသည်မသိ၊

"ဟေ့ကောင် - ပြစမ်းဆို - မင်းအထုပ်ထဲ ဘာတွေရှိလဲ၊ ဖွင့်ပြစမ်း"

"မလုပ်ပါနဲ့ဗျာ၊ ဘာမှမဟုတ်ပါဘူး"

"အာ - ဒီအူကြောင်ကျားကတော့ နမူနေထူးနဲ့၊ ဘာမှမဟုတ်ရင်ပြရဲရမှာပေါ့ကွ၊ ပေးမှာသာ ပေးစမ်းကွာ"

"ဟို - အဟုာ - ဟိုဒင်းဗျာ၊ တကယ်ပြောတာပါ၊ ဘာတွေမှ မဟုတ်ရပါဘူး၊ ဖွင့်မပြပါရစေနဲ့"

"တယ် - ငါလုပ်မိတော့မယ် - ပေးစမ်း"

"မလုပ်ပါနဲ့ဗျာ၊ ဘာ - ဘာမှမဟုတ်ပါဘူး"

မျက်စိတစ်ကမ်း နားတစ်ကမ်းမှ ဆူဆူ ဆူဆူ ပူညောင် ပူညောင်တွေကြောင့် စာနှင့်စိတ် ဖျတ်ခနဲ အိုးစားကွဲသွားရ၏၊

အချုပ်ဆောင်တန်းစီး ငရှိနှင့် နွမ်းနွမ်းပါးပါး ပေတီပေစုတ် အညာသားရုပ်မျက်နှာကြမ်းတော်၊ အဆောင်သားတစ်ဦးကို မြင်သည်၊ အရပ်ပုပုပျပ်ပျပ် ကိုယ်ပေါက် ကိုယ်ရောက်တောင့်တောင့်၊ မျက်နှာပြည့်ပြည့် နာခေါင်းပွပွနှင့် ထို

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ဆောင်သား၏ အဝတ်အဆင်မှာ နွမ်းရိလှပါမင့်ကလား။ ပြောင်းဖူးမွေး ရောင် ခပ်စုစုခပ်ကောက်ကောက်ဆံပင် လိမ်ခွေ ဘုတ်သိုက်နှင့် အသွေးတူ၊ အမွေးတူ သူ့မျက်ဆံမျက်သားတွေက အားနည်းလှချည့်။

သူတို့တစ်စုစုကို အကြိတ်အနယ် ငြင်းခုံနေကြပုံ ပေါ်၏။ အခန်းလူကြီး ငရှိက အချုပ်တစ်ဆောင်လုံးကို အာဏာ ပိုင်စိုးရသူဖြစ်၍ အထက်စီးက ခပ်ထည်ထည် ခပ်ဝင့်ဝင့် လေသံမာကြီးနှင့် ပါဝါ ဘာညာပြနေဟန်တူသည်။ နွမ်းဖတ်ဖတ် အဆောင်သားက ခြေမျက်စိ အထက်ထိ တက်မလာသည့်အသံပျော့ မှိန်မှိန်တိမ်တိမ်ကလေးနှင့် ညှိုးညှိုးငယ်ငယ် အသနားခံနေဟန်။

ကြွပ်ကြွပ်အိတ်အထုပ်တစ်ခုကို သူရပါရ လုနေကြသည်။

"ဟေး-ငရှိ"

"ခင်ဗျာ-အာစရိ"

"ဘာဖြစ်နေကြတာတုံး။ ငါ့ကောင်ရ၊ ပူညံပူညံနဲ့"

"အဗ္ဗာ-ဆရာရေ့၊ ဟောဒီမှာ အညာသားပဲစားက ခံတန်တန်ပြန်လုပ် နေလို့။ အိပ်ထောင်ထဲမှာ ဘုရားခန်းက အပက(၃)သမား အန်ကယ်ကြီးရဲ့ ထောင်ဝင်စာထုပ် ပျောက်သွားလို့ တလာစီနေတဲ့ဟာ၊ သူ့ရဲ့ကြွပ်ကြွပ်အိတ်ကိုဖွင့်မပြနိုင်ဘူးတဲ့၊ ထောင်ရောက်တာ နစ်ရက်တစ်ပိုင်းနဲ့ အထူအပါးကလည်း နားမလည်၊ တန်းစီးတောင် ကြောက်ရ လန့်ရကောင်းမှန်း မသိတာဖြင့် အံ့ရော၊ အံ့ရော"

"ကိုင်းပါကွာ-ဒီနားကိုကြွခဲ့ကြစမ်း ပါဦး-တစ်ဆိတ်"

သူတို့အရေးအခင်းကို စိတ်ဝင်စား သွားမိသည်။

ငရှိဆိုသည်က ထောင်စာ၊ ထောင် သင်္ချာရိုးကပ်နေသည့်ထောင်သက်ရှည် ထောင်မင်းသား ဝါရင့်ထောင်သနေ့ ထောင်မြဲပေါက်ငန်း၊ တန်းစီးလုပ်သက် ချည်း ဖင်ဆောင့်နေပြီဖြစ်၍ မြုံးပြရ မလား။ ပြုပြရမလား။ မန်းလိုက်ချ၊ မှုတ် လိုက်ရမလား။ ရှစ်စပ်က ဂျင်ခြေလည် နေသူ၊ သို့ပါလျက်၊

"ကဲ-လာကြ-နေဦး၊ ခင်ဗျား နာမည်"

"ဆယ်မောင်ဗျ"

"အဖေနာမည်"

"ကိုအောင်ထိပ်တဲ့ဗျ"

"ဘာမှုလဲ"



"အဲ-လူသတ်၊ အလောင်းပျောက် တဲ့ဗျ၊ ပြောကြတာပဲ"

အို့ဟိုး-ဟုတ်တော့ ဟုတ်နေပြီ။ အုတ်အုတ်ကြောင်၊ လုံးလည်ချပ်ပြား ငနဲ လား၊ မလည်ရှုပ် အန်ကြီးကွင်းကျယ် လား။ တစ်စုစုဖြင့် တစ်စုစု ကောန်၊

"ချုပ်သစ်လား၊ လူဟောင်းလား"

"လူသစ်ပါ၊ ထောင်ကြီးချုပ်ရောက် တာ တစ်ပတ်မပြည့်သေးပါဘူး"

"ဩော်-ဂလိုကိုး၊ ဒါဆို ပုံစံခန်းက ပေါ့၊ အခန်းလူကြီးက ရွှေမန်းလေ"

"ဟုတ်"

"လူသစ်ပုံစံခန်းကနေ ဘယ့်နယ် အောက်ထပ်ကွင်းပြောင်ထဲ ဘာဆင်း လုပ်နေတာတုံး"

"အဗ္ဗာ-ပေါ်တာရတဲ့အထဲမှာ ပါ လာတာဗျ"

"သန့်ရှင်းရေး လုပ်အားပေးပေါ့"

"ဟုတ်"

"ကိုဆယ်မောင့်လက်ထဲက ဘာ ထုပ်လဲ"

"အင်း-အဲ-ဟိုဟာ"

သူ့မျက်နှာကြီး မည်းခနဲ မှိုင်းညို့ သွား၏။ မိုးရာပါပစ္စည်းနှင့်လက်ပူးလက် ကြပ် ချောင်ပိတ် အမိခံလိုက်ရသည့် လေလစ်သုတ်သမား မျက်နှာအနေမျိုး၊ ပြိုတော့မည့်မိုးလို မျက်နှာကြီးအိုလျက် နားရွက်များတွေနီ၊ နှာသီးပြင်းလာ၏။ သေရာကြည့်လျှင် တစ်စစ ဆိုင်းဆို့လာ သည့် မျက်ရည်တောင်ကြည်လည်ကို မြင်နိုင်သေးသည်။ မျက်သားတွေ ရဲတွတ်လာ၏။

"လုပ်ပါဗျ-ဘာတွေတုံး။ ခင်ဗျား အပေါ် သံသယရှင်းသွားအောင်ဟာ ခင်ဗျားလူ တန်းစီး ဒီလောက်ကြည့်ချင် နေတဲ့ အထုပ်ကို ဖွင့်ပြလိုက်စမ်းပါ၊ ထောင်ဝင်စာပစ္စည်းတွေပဲ မဟုတ်လား"

"ဘာမှ-ဘာမှ မဟုတ်ပါဘူး- ဆရာရယ်"

"ကဲပါလေ-ဘာမဟုတ်တာလဲဆို တာ ရှင်းသွားအောင် ပြလိုက်စမ်းပါ"

မတတ်သာလွန်းလှ၍ မကမ်းချင့် ကမ်းချင် သူ့အထုပ်ကိုတန်းစီးကိုရွှေငရှိ ထံလှမ်းတော်မူ၏။ မျက်နှာကြီးအောက် စိုက်လို့၊

ဆောင့်ခနဲ ဆွဲယူလိုက်ပြီး နိုးထုပ် နိုးထည်နဲ့ဖြင့် တွေ့ပဟဲ့ဟု ကဲသေကံမ မျှော်လင့်မိုးတွေနှင့် ဝင်းထိန်နေခဲ့သော တန်းစီးငရှိမျက်နှာ ရှုံ့မဲ့သွားလိုက်ပုံမှာ လူရွှင်လူပြက်များ၊ ရွတ်တတ်ကြသည့် ဘီလူးသံပုရာသီး ကိုက်မိတဲ့မျက်နှာ

www.burmeseclassic.com



ထက် ဆိုးသေး၊ စိတ်ပျက်လက်ပျက်မဲ့ချွက်ချွက်၊

"ဒါလေးများ ..."

စကားမဆက်၊ အထုပ်ပိုင်ရှင် ချုပ်သစ်ကိုဆယ်မောင်ကိုသာပဲမျက်စောင်းကြီး ခဲကြည့်နေ၏၊ သူ့လိုလူကို လူပါးပုလင်းထိုးကိန်းဆိုက်စေခဲ့၍ကြိတ်မနိုင်ခဲမရဖြစ်နေပုံကြီး၊

"မှန်း - ဘာတွေများတုံး"

ကျွန်တော်ကလည်း ကျွန်တော်၊ ကိုယ့်ဘာသာ ငြိမ်ငြိမ်မနေနိုင်၊ ဆတ်ဆတ်ဆော့ဆော့ သူ့အထုပ်ထဲကဟာတွေကိုကြည့်ဖြစ်အောင်ဖြဲကြည့်လိုက်မိသေး၊

"အဲ - ဟယ်" ရင်ထဲ ကျင်ခနဲ ဆို့တက်သွားမိသည်၊

ဘယ့်နယ် ခင်ဗျာ၊ ထောင်ဝင်စာပစ္စည်းစားဖွယ် သောက်ရာတွေလား၊ အဖိုးတန်တန် အဝတ်အစားတွေလားမှတ်ပ၊ မဟုတ်ပေါင်ဗျာ၊ အများသူတကာ စည်းစိမ်ရှိရှိ ဖွာပြီးရှိုက်ပြီး အစီခံထိ ဆိုက်နေပြီဖြစ်သည့် ဆေးပေါ့လိပ်အတိုများကိုကောက်ယူစုထည့်ထားပေတာကိုး ခင်ဗျ၊

ခေါင်းကြီးငိုက်စိုက် ကြက်နာလည်လိမ်ထားဘိသို့ သူ့ကိုယ်ကောင်ကြီးဒေါင်းတည်မောင်းတည်နှင့် စိတ်အနေကျပ်တည်း ကျုံ့ဝင်သွားရှာလိုက်ပုံမှာ အလိုလို မြေကြီးထဲ မြုပ်ဝင်သွားတော့မည်သို့ ရှိ၏၊

"ကဲ - ကဲ - သွားတော့ - ကိုဆယ်မောင်၊ ခင်ဗျားအခန်းကို ခင်ဗျား ပြန်တော့"

"ဟုတ်"

ရှာခနဲ လှည့်၍အပြေးတစ်ပိုင်းဖြင့် ပျောက်ကွယ်သွားတော့သည်၊ သူ့ဆေးလိပ်တိုတစ်ထုပ်နှင့် တန်းစီးငရဲတို့သာ ကျွန်တော့်အနား၌မတုန်မလှုပ်ငုတ်ငုတ်ကလေး ကျန်နေရစ်ခဲ့ကြ၊

"ငရဲရေ"

"ခင်ဗျာ - ဆရာထောင်မှူး"

"မင့်လူကို သောက်စရာ ဆေးလိပ်ကလေးနည်းနည်းပါးပါးကြံဖန်ရှာဖွေပြီး ပေးလိုက်စမ်းပါကွာ၊ မင့်လူကြည့်ရတာ ဆေးလိပ်သမားနဲ့တူရဲ့၊ ထောင်ထဲရောက်ပြီး ပြတ်ပြတ်လတ်လတ်နဲ့ မီးခိုးလိုင်းပျောက်နေရှာဟန် တူပါတယ်၊ အလွန်အင်မတန် ဆန္ဒပြင်းပြင်းပြပြ မရှိဘဲ သူများတကာ သောက်ပြီး လွှင့်ပစ်ထားခဲ့တဲ့ မြေနင်းဖတ်ထဲက ဆေးလိပ်တိုတွေကိုမက်မက်စက်စက်ကောက်ပြီး



သောက်ဖို့ကြံပါ့မလားကွာ၊ သနားပါတယ်"

"ဟုတ်ပ - ဆရာရယ်၊ သူ့အထုပ်ကြီးဖွတ်အတင်းဖွင့်ပြနိုင်းမိတာကိုအားနာလိုက်တာ"

အမှုအခင်း ကိစ္စကြီးငယ် ကြုံကြရ၍သာ ထောင်နံ့ရုံထဲ ရောက်ခဲ့ရ၊ ထောင်အတွင်းထဲမှစားရေးသောက်ရေးအခက်အခဲများကိုသော်မှ ထောက်ကူပံ့ပိုးမည့် နောက်ခံမရှိ၊ ထောင်ဝင်စာနတ္ထိ၊ တကယ့်ဘဝသမား နင်းပြားများအဖို့ ထောင်ဆိုသည့်အရပ်မှာ လူ့သိက္ခာ လူ့မာန လုံးလုံးတုံးကြရသည့် ပစ္စန္တရာဇ်သုဉ်းမြေ၊

ထောင်အတွင်းထဲမှာ ပုံစံပုဆိုး၊ အကျႌဝတ်၊ ထောင်ပုံစံ ထောင်ထမင်း ထောင်ဟင်းစား၊ ရှေ့ဘာစ်လက်မနောက်ပြောင် ခေါင်းတုံးဆံတောက်ဘိုကေ ညှပ်၊ စားချင်တာ မစားရ၊ သွားချင်တာ မသွားရ၊ နေချင်သလို မနေရ၊ လူပြိတ္တာတွေလိုပဲနေနေကြရသည်ဟုအများက ထင်တတ်ကြ၏၊ လွဲချက်ခင်ဗျာ၊ ထောင်ဆိုသည်ကလည်း လူတွေနေသည့် အရပ်တစ်ခုပင်မဟုတ်လား၊ လူ့သဘောလူ့သဘာဝ လူ့အထာ လူ့ဗီဇလေ့တွေက ဘယ်တိမ်ကောနိုင်လိမ့်မည်ပ၊

ဘုရားကျောင်းဆောင်အောက်က ပြောင်ပြောင်ရောင်ရောင် လူကြီးခန်းမှာ နေ၊ မိုးလင်းမိုးချုပ်စားလိုက်ကြ၊ သောက်လိုက်ကြ၊ ဇောချင်းသောချင်း ရွှမ်းရွှမ်းဝေနေသည့် မိုးပေါ်ကျသော်ဇာကြီးတွေလည်းရှိရဲ့၊ အောင်မယ် - သူတို့ကပေမင့် ဘုရားလူကြီးဘုတ်တဲ့ ခင်ဗျ၊ ထောင်ထဲ အထိဟိတ်တစ်လုံးဟန်တစ်လုံးလူ့ရေးပြလျက် အနံကြီးကွင်းကျယ် လူ့မလိုင်ခဲတွေ လုပ်နေကြတုန်း၊ လုပ်နိုင်ပါသည်ကော၊ သူတို့က ထောင်ဝင်စာ အပတ်တိုင်း၊ အိမ်ဆိုင်ကလေး တစ်လုံးစာ လောက်နီးနီး ပစ္စည်းပစ္စယ ဝါးယောတွေကို အောတိုက်သွင်းနိုင်ကြသည်၊

ထောင်ဝင်စာတွေနှင့် မရှိသည့်နေ့လည်း ပစ္စည်းပါထယ် သွင်းစွင့်ရသည်၊ ဝန်ထမ်းဆရာများနှင့်နေ့ညမဟူ စားချင်ရာရာ မှာလိုက်၍ရသည်၊ ဝါးဆုံလုံး အတောင့်လိုက်၊ ဘဝ်ဆင်ဇာင်နှဟက်ဂျက်အတောင့်လိုက်၊ အိပ်ထောင်တာဝန်ခံထောင်မှူးကိုကြားသေလက်ဆောင်ပေးသည့်တောင် ဒနုံယော်၊ကဝ်၊ ဆိုက်နှင့်မှ၊ နက်စိကပေးသော့များနှင့်မှ၊ ကုလားမခြင်းထွဲ ဟော်လန်နီဆိတ္တာနှင့်မှ၊ ကိုယ်ပိုင်အဝ်ဓဇ္ဇတရင်၊မှာသိန်း၊၏ အင်တာနိုင်ကြသည်၊ အ၏လုံချည်ကို

www.burmeseclassic.com

www.burmeseclassic.com



ထောင်အပြင်မှာ ပင်းမင်းပေးပြီး မနက်တစ်ခါ၊ ညနေတစ်ခါ ဒိုဘီကျ ခေါက်ရိုးမကျေ၊ စတမ်း ဝတ်ကြစားကြ၊ တကယ့်လူ့မလိုင်ထောင်မင်းသားတွေပါခင်ဗျာ၊ လက်ဖျား ငွေသီး၊ သူတို့ကလည်း ရက်ရောပ။ သူတို့ကား ကြေးကြီးစား၊ အပ်ထည်တွေ၊ Untouchable အထိမခံ ရွှေပန်းကန်တွေ၊

အကျ(၁)ဆောင် (၂)ခန်းကိုအောင်ကင်းကြီးပြောသလို "ဘုရားသခင်က မာန်ကလေးမှ နည်းနည်းကျကျဆိုပြီး နောင်ကြဉ်အောင် ထောင်ထဲပို့လိုက်တာ။ ဒီထဲရောက်ခါမှပဲ နားနားနေနေ အေးရာအေးကြောင်းစားကောင်းသောက်ကောင်း ကျန်းမာရေးကောင်းနေသဗျ" ဖြစ်၍နေကြ၏။ ဖတ်စ်ကလပ်တွေချည်းကိုး။

အဲ-ထိုထိုလူ့မင်းသားများအောက်တစ်ဆင့်နိမ့်သည့် ထောင်တွင်းလူတန်းစားတစ်မျိုးကားကျောထောက်နောက်ခံလောက်လောက်လားလား ရှိပြီး ကိုယ့်အမှု ကိုယ့်အပူ ကိုယ့်သောကတွေနှင့် ကိုယ်တွေးလုံးရစ်ပတ် မုန့်လုံးစက္ကူကပ်နေကြသည့် များရာစုထောင်ကျသား၊ အချုပ်သားများတည်း။ ဘယ်သူတွေ အရေးက ဘယ်လောက်ပူပူ ကိုယ့်အသားပေါ်ကျသည့် ဆေးလိပ်ပြာတစ်မှုန်ကမီးစွဲကာကိုယ့်ဒုက္ခထဲကိုယ်ခေါင်းစိုက်နေကြသူတွေ၊ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်တွေဖြင့် နီးမှုရှုဝ အသက်ဆက်နေသူများ။ ထောင်ကြီးရော၏ ဝမ်းဗိုက်အတွင်းရှိ ထောင်လူဦးရေ (၈၀)ရာခိုင်နှုန်း၊ (၉၀)ရာခိုင်နှုန်းသည် သည်လို အပူသည်တွေချည်း။

ထို့နောက် အကျဉ်းသားအရာရှိ (Convict officer)ဆိုသူ တန်းစီး၊ ဗာရာ၊ စည်းကမ်းထိန်း၊ ဘာညာဘာညာ အကောင်ပလောင်တွေ။ ထောင်သက်ရင့်ရင့်အသားစားရက် ချိုးကပ်နေကြပြီး ထောင်တွင်းလုပ်ပိုင်ခွင့် ဖုံးပေါလာအောင် ရထားကြသူ များပေမို့ ရေပေါ်ဆီ လူ့မလိုင်လူတန်းစားတွေ။

သူတို့နောက်မှာ အောင်ဘာလေတို့၊ ကျော်ရွှဲတို့၊ အိုက်တူးတို့၊ စိုးလေးတို့၊ အိကြာကွေးတို့၊ ပူစီနံတို့လို ထောင်ကျိုးဝေလေလေ လက်ကောက်အုပ်စု။ သူတို့လည်း သူတို့နည်းနှင့်သူတို့ ခေါင်းဝင်ကိုယ်ဆံ့၊ အနေချောင်အစားချောင်တတ်ကြသည်။

ဟောဗျို့ ကျုပ်တို့လူကိုဆယ်မောင်တို့နှယ် အခြေမဲ့ အနေမဲ့၊ ထောင်ဝင်တမရှိ၊ ဘာမရှိ၊ မားမနောက်ပိတ်ရွေ၊ လူတန်းစားများကား လူမလေးခွေးမခန့် အဝီစိသို့ ဖောက်ထိုးတူးဆင်းနေကြရသူ၊ ခြေဗလာ လက်ဗလာ ပဲဟင်းရေကျဲ၊ ငါးပိဆီပူထိုးကိုနတ်သုဒ္ဓါလုပ် လွေးနေရသူများ အဖြစ်ကြီးဖြစ်လျက် ပေါ်တာ ဘောက်ဆင်း ရမ်ဘိုဘုတ်၊ ရွှေဘကြီး အမည်အမျိုးမျိုးဖြင့် သူတစ်ပါး အနိုင်းခံ အစေခံ ပေးတာယူ ကျွေးတာစား ခရုဆံကျွတ် လူနှင်းပြားများ ဧကန်စစ်စစ် ဖြစ်ကြရချေ၏။ (ဟုတ်သလေ၊) နတ်ပြည်ဆို သဟာပင် ခြောက်ထပ်ကြီးများတောင် ရှိပြီး ဟိုးအထက်ထက်က ဘိုးသက္ကသိကြားမင်းမှသည် ရွှတ်တား ဝါလားနတ်သိမ်နတ်မွှားလေးများအထိ နတ်ကာလပ် အဆင့်ဆင့် ကွဲပြားခြားနားနေသေးမင့်ဟာလူ့ဘုံ၏ဟိုးအောက်ဆုံး နားကလေးရှိထောင်သံသရာဝဲဩယဉ်၌ လူ့အလွှာချင်း ကွာကြသည်များ ဘာဆန်းသလဲပ၊ ခင်ဗျာ။ နော့ ....။

အင်း - ထိုထိုထောင်တွင်း လူ့ဘုံလူ့ဘဝအနေမှာ သူများတကာတွေ ခြေနင်းဖတ်ပေါ်က ဆေးလိပ်တိုကလေးများကို ကောက်လျက် တဖွာရရ တရှိုက်ရရ အရသာခံ စည်းစိမ်ယူရရှာသည့် ဖွတ်ကျောပြာစု ချုံးချုံးကျ ဆင်းနင်းယပ်တောင် ဖြစ်နေ၍တည်း။



"လူသတ်မှုနဲ့ ထောင်ကျလာတဲ့ လူမိုက်ရင့်မာကြီးတဲ့ကွာ။ ဂုဏ်နဲ့ ဒြပ်နဲ့မှ မဟပ်လိုက်လေ-ရှီး"

ငရိုတစ်ကောင်ဩချမည်ဆိုလည်း ဩချလောက်ပါပေ့။ ဩော် - ကိုဆယ်မောင် - ကိုဆယ်မောင် - သည့် နှယ် ညည်းသံပေးရုံမှ လွဲ၍လည်း မည်သို့မျှ မတတ်နိုင်။

❐

အနီ - ကိုဆယ်မောင်ပင် လျှင် နောက်တစ်ကြိမ် မျက်နှာချင်းဆိုင်မိကြ ရိုန်၍ ရှေးကနှင့်မတူ အသွင်တစ်မူခြား၍ ထောင်ဝါးဝနေရှာပြီ၊

တစ်နေ့၊ လတစ်လ၏ နောက်ဆုံး တနင်္ဂနွေပတ်တိုင်း ထောင်၏ပြုမြဲထုံးစံ အထူးရှာဖွေရေး (တလာကြီးစီခြင်း)ကို အချိန်မီ အခါမီ ပြီးစီးအောင် တက်သုတ်ရိုက်နေကြခိုက်၊

"ဆရာထောင်မှူး"

"ဗျို့-ဗျ"

"အပေါ်ထပ် (၂)ခန်းက ခဏတက်ခဲ့ပါဦးတဲ့"

"အေးဟေ့ - အေးဟေ့ - ဘယ်သို့ အရေးတော်တွေများ ပေါ်နေကြပြန်ပလဲ ဟ - လာပြီ - လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူရျားအဆောင်တွေ၌ တလာစီကြသည့် အဖွဲ့များ မိန်းဈေး(လ်)မှာ စုစုဝေးဝေး ဖြစ်နေကြပြီ၊ ကျွန်တော်တို့မှာသာ အရေးထဲ အရာပေါ်နေရခြင်း။

"ဘာဖြစ်လဲ - ဆရာချစ်မောင် ဘာတွေ့လို့လဲ၊ ငွေလား - စာတိုပေစလား၊ ဘိန်းဖြူလား"

"မဟုတ်ရပါဘူး - ဆရာရယ်၊ ဟောဒီမှာ ရိုးရိုးအရပ်ဝတ် အရပ်စားနဲ့ အိပ်ရာခင်းတွေ၊ ခြုံစောင်တွေချည်းပါပဲ၊ ဒါပေမဲ့ တစ်ယောက်တည်းရဲ့ ပစ္စည်းတွေက အမွေများလွန်းနေလို့ဝယ်ထားတာတွေလား၊ ဘယ်လိုနည်းနဲ့ ရထားတာတွေလည်း မသိဘူး"

"အင်း - အင်း - ပိုင်ရှင်ပေါ်လား"

"ဟုတ်"

"အဲဒီတော့"

"ထုံးစံအတိုင်း တစ်ကိုယ်ရေ တစ်ကာယ သုံးဖို့တလွဲရင် ကျန်တာတွေ သိမ်းခဲ့ဖို့ နိုင်းထားတာ၊ ပိုင်ရှင်ငတိက အသိမ်းမခံနိုင်ဘူးတဲ့ - ဆရာရဲ့"

"ဗျို့"

မျက်နှာမည်း ပေါင်ရှိန်ကြီး မေးသလို "ဒီလိုအဖြစ်မျိုးရှိသလား" ဟုပဲ မေးချလိုက်ချင်တော့သည်၊ ဘယ်နယ်ခင်ဗျာ၊ အကျဉ်းသားများ ထွက်ပြေးမှု

၄၄ အခုမှ ကြည့်မိရ၏၊ ကိုယ့်လှ တိုဆယ်မောင်ကြီးတာ Class 7 တိုရှိ အစင်းကျားနှင့်၊ မလေးရှားပုဆိုးနှင့် တတ္တိပါ လှချင်းပိန်ပိန်နှင့် ဘာနှင့်ပါကလေး၊ ဆေးလိပ်တိုကောက်သောက်တုန်းကပုံမျိုး မဟုတ်တော့၊ တစ်လွှေးတစ်မွှေး ဖြစ်နေသည့် တိုဆယ်မောင်ကြီးပါကလား၊



ကျူးလွန်ရာတွင် ကြိုးသဖွယ် ဆက်၍ထုံး၍ အသုံးပြုနိုင်တန်ရာသော အဝတ်အစားအဝိုများ၊ အိပ်ရာခင်း၊ စောင်အဝိုများကို တကူးတက ရှာဖွေသိမ်းဆည်းနေခြင်းသည်ပင်လျှင် ထောင်အလုပ်ဆိုသည်ကို များ မသိရော့လေသလား၊ ခက်ပ၊

"ကိုင်း - အဲဒီပစ္စည်းပိုင်ရှင်ငနဲကို ခေါ်လိုက်စမ်းပါဦး"

"ဟုတ်"

"ဆယ်မောင် - ဆယ်မောင် - အချုပ်(၂)ခန်းက ဆယ်မောင်၊ အဖအမည် ဦးအောင်ထိပ်" ခေါ်သံ၊ "ရှိ" ပြန်ထူးသံတွေကို ကြားသည်၊ အင့်ဟင် ဒီနာမည် ကြားဖူးသလိုလိုရှိရဲ့၊ လူကို မမြင်မိမီကတည်းက စိတ်ဝင်စားမှုဒီဂရီ တောင့်တက်လာ၏၊

"ဆရာ - ရောက်ပြီ"

"အိုး - ဘယ်သူများလဲလို့ လက်စသတ်တော့ ကျုပ်လူကိုး"

"ဟုတ်"

"အောင်မယ် - အရင်နဲ့မတူတောင်ရဲ့ ဝါးရူဖြစ်နေပါရောလား၊ ဝလို့လှလို့ - ဟဲ - ဟဲ"

"ဒီလိုပါပဲ - ဆရာရယ်၊ နေရေးစားရေး ချောင်လည်အောင် လုပ်လီလုပ်လဲ့



တိုးခွေရှန်းကန်နေရတုန်းပါ၊ ဒါလည်း ကျွန်ခြရတယ်ဆိုရုံပါပဲ"

"ခင်ဗျားပဲ အပြောကောင်း၊ ကဲ - ဒါတွေအားလုံးက ခင်ဗျားပစ္စည်းတွေချည်းဆို"

"ဟုတ်"

"များလှချည်လား၊ ဘယ်လိုရထားတာတုံး"

"ဝယ်ထားတာ - ဆရာ၊ ထောင်ထဲမှာ ငွေဈေးက စွာတော့ ပိုက်ဆပ်နည်းနည်းနဲ့လည်း ပစ္စည်းများများ ဝယ်လို့ ခြမ်းလို့ရတာကိုး - ဆရာရဲ့"

"နို့ - နေပါဦး၊ ဒါတွေကိုခင်ဗျားဘာလုပ်မှာတုံး၊ ဒီလောက်အများကြီး"

"ရောင်းမှာလေ - ဆရာရဲ၊ အပြင်ပြန်ထုတ်ပြီး ရောင်းစားမှာပေါ့"

"အယ်"

အဲသည်မှာတင် သားမိသားဖတစ်တွေ၏ ကံနကံမွဲ ကံဇလချာများ အကြောင်း၊ ထောင်နံရံတံတိုင်းမည်းမည်းကြီး တစ်ချပ်ခြား နေပါလျက် ထောင်ထဲမှာပင် သူတို့ဝမ်းရေးကိုလှည့်ပတ်ရှာဖွေ ဖြေရှင်းနေကြရသည့် သူတို့ အပေါင်းထည် ကုန်သွယ်ရေးကြီး အကြောင်း ရင့်စံလောက်အောင်ကြား ခဲ့မိရခြင်းဖြစ်သည်၊

www.burmeseclassic.com



"ကဲ-ကဲ-ဒီလိုလုပ်ဗျာ၊ခင်ဗျားဟာ တွေထဲက တန်ဖိုးနည်းတဲ့ ခပ်နွမ်းနွမ်း တွေကို ခွဲပြီးအပ်လိုက်၊ ကျန်တာတွေ တော့ ဒီတစ်ပတ်အတွင်း ထောင်ဝင်စာ တွေ့ရင်း ထုတ်ဖြစ်အောင် ထုတ်လိုက် ဗျာ၊ ဒီလောက်များတဲ့ဟာ မသိမ်းလို့ လည်း မဖြစ်တော့ဘူး"

"ကျေးဇူးပါ-ဆရာ"

□

တဖြည်းဖြည်းနှင့် ကိုဆယ်မောင် ကြီးကို မျက်မှန်းတန်းမိလာသည်၊ အတွင်းထောင်ဝင်စာမှာ သူ့ဇာတော် မဆောင်းတင်၊ သူ့သမီးစိန်ခြယ်မတို့နှင့် လည်း သိကျွမ်းရင်းနှီးလာရသည်၊

ကံကြမ္မာ ဖန်လာသလေသမျှ ရင် စည်းခံနေကြရှာသည့် ဗိုဘိတောသူ တောင်သားတွေမှန်းကြာလေသိလေ၊

လူဟူ၍ ပီပီမည်မည် ဖြစ်လာခဲ့ သော်မှကိုယ့်ကြမ္မာကိုယ်မဖန်တီးနိုင်ဘဲ ကံစေစားရာအတိုင်းမြှုပ်တစ်ချီပေါ်တစ် လှည့် မျောပါနေကြရသည့် သူတို့ဘဝ များကို အဘယ်တန်ခိုးတော်ရှင် ကူပ ကယ်ပါ၊ တွေးရင်း တွေးရင်း မောသည်၊

"ကျုပ်ဆရာရေ"

"ဟော-ကိုဆယ်မောင်ကြီး မျက် နှာတစ်ခုလုံးလည်း ဝင်းလို့ထိန်လို့ပါ လား၊ ဘာတွေ အဆင်ပြေပြီး ဘယ်လို အပေါက်ကောင်းတွေ့လာခဲ့ပြန်ပတုံး"

"ပြောရှေမယ်-ကျုပ်ဆရာက"

အစုမှ ကြည့်မိရ၏၊ ကိုယ့် လူ ကိုဆယ်မောင်ကြီးက Class 7 တီရှပ် အစင်းကျားနှင့်၊ မလေးရှားပုဆိုးနှင့် ကတ္တီပါ လွှာချင်းဖိနပ်နှင့် ဘာနှင့် ပါ ကလား၊ ဆေးလိပ်တိုကောက်သောက် တုန်းကပုံမျိုး မဟုတ်တော့၊ တစ်သွေး တစ်မွေးဖြစ်နေသည့်ကိုဆယ်မောင်ကြီး ပါကလား၊

"တဲ-ဆို-ဘာကိတ်"

"ဆောင်းတင်နဲ့ ကျုပ်သမီး လွတ် တော့မယ်-ကျုပ်ဆရာ"

"အို-ဟုတ်ကဲ့လား၊ဝမ်းသာသဗျာ၊ တကယ်-တကယ်"

"ထရားစံအစစ်တွေကို ရဲက ဖမ်းမိ ပတဲ့-ဆရာရဲ့၊ သူတို့ခါးပြတိုက်လာတဲ့ တိုက်ရာပါပစ္စည်းတွေကို လှမောင်က တစ်ယောက်တည်း မောင်ပိုင်စီးပြီ၊ ထွက်ပြေးလို့ သတ်ပစ်လိုက်ကြတာပါ၊ ကံ သစ် ကု န်း က ပဲ ၊ ကြီး မောင် နဲ့ ကြီးအောင်တို့ ညီအစ်ကိုရယ်၊ လှဗိုနဲ့ ဓမ္မးရယ်တဲ့၊ အဲဒါနဲ့ ဆောင်းတင်တို့



သားအမိကို အရင်လွှတ်လိုက်တော့မှာ တဲ့"

"ခင်ဗျားကရော ..."

"ဟိုအကောင်တွေ ဖြောင့်ချက်ပေး ရင် ကျုပ်လည်း လွတ်ပါပြီတဲ့၊ ကျုပ် ရှေ့နေက ပြောတယ်၊ အဲ-သူတို့တွေ ရဲဆီမှာတော့ ဝန်ခံပြီးကြပတဲ့၊ တရား သူကြီးနဲ့ ဖြောင့်ချက်ယူဖို့ပဲ ကျန်တော့ တာတဲ့၊ သူတို့တရားဝင်ဖြောင့်ချက်ပေး ပြီးရင် ကျုပ်လည်းကွင်းလုံးကျွတ်လွတ် ပြီ-ဆရာ"

"ကောင်းဗျာ-God see the truth, but late တဲ့ဗျ၊ စေတနာမှန် သော ကံတရားပေါ့ဗျာ၊ ဝမ်းသာတယ်၊ ဝမ်းသာတယ်"

"ဘာပဲဖြစ်ဖြစ်၊ လွတ်သွားခဲ့ရင် တောင် ဒီထောင်ကြီးနဲ့ ကျုပ်ဆရာတို့ ထောင်ဝန်ထမ်းတွေကျေးဇူးကို မသေ မချင်း အောက်မေ့နေမှာပါဗျာ၊ ကျုပ်တို့ သားအဖတစ်တွေမှာ ထောင်က ကျွေး၊ ထောင်ကပေးတဲ့အသက်ပဲ ရှိပါတော့ သဗျာ၊အဟုတ်ပ-ကျုပ်အဲသာပြောချင် လို့ လာခဲ့တာ"

"ကဲပါလေ-အဲဒါတွေ ထားလိုက် စမ်းပါ၊ ဝမ်းသာစရာကိစ္စကြီးနဲ့ ကြုံနေ တုန်းအဲဒါတွေ မေ့ထားလိုက်စမ်းပါ၊ ဒါနဲ့ ဘာလဲဗျ၊ ခင်ဗျားလက်ထဲက ..."

"ကော်ဖီမစ်ထုပ်-ဆရာ၊ ဆရာနဲ့ ဆရာ့တပည့်တွေ သောက်ဖို့"

"ကောင်းဗျာ၊ ဒီတစ်ခါတော့ဖြင့် ပေးတဲ့ကမ်းတဲ့သူ ဒါနကလေးမြောက် အောင် သောက်လိုက်ရသေးတာပ"

"သောက်-ဆရာ-သောက်-ဟဲ-ဟဲ-ဟဲ"

ကိုဆယ်မောင် အတော်ပျော်နေပုံ ရ၏၊ လေထဲကိုမြောက်တက်သွားတော့ မလောက်ပင်၊ "အေးလေ-ဘဝကုသိုလ် မကောင်းလွန်းလို့သာ ဒီလိုအရပ်မျိုးမှာ ကျွံနေ နစ်နေကြရှာပေမယ့်အချိန်တန် တော့လည်း ပြန်ဝင်စရာရင်ခွင် ရှိသေး ကြတာပဲ၊ အပြင်က ဘဝကြီးထဲ မြန်မြန် တိုးဝင်နိုင်လေ သူတို့အတွက် ကောင်း လေပဲပေါ့"အတွေးတွေက အလျှဉ် မပြတ်၊

မြောက်ဆွ မြောက်ဆွဖြင့် ဝမ်းသာ ခွပ်ထျက် ကျောခိုင်းထွက်ခွာသွားသည့် သူ့ကျောပြင်ကြီးကို ကြည့်ရင်း သူနည်း တူ အလိုလို ပျော်လာမိတော့သည်၊

□

www.burmeseclassic.com

www.burmeseclassic.com



"ဆရာရေ..."

"ဗျာ-ရေ"

"အာ-ဆရာကလည်း ကျွန်တော်က အတည်ပြောမလို့-ဆရာရဲ့"

တပည့်ကျော် ကံလှ၏ မျက်နှာက သိပ်မကောင်းချင်လှ။ မရွှင်မပျစရာ သတင်းတစ်ခုခုဖြင့် ကြားရချေတော့မည်၊ သေချာသည်။

"ကိုင်း-ပြောစမ်းပါဦး၊ ဘာတွေဖြစ်နေပြန်ပြီလဲ"

"ဆရာ့လူ-ကိုဆယ်မောင်ကြီး-သူရဲ့လူသတ်၊ အလောင်းဖျောက်မှုက အလျဉ်းလွတ်တော့မတဲ့-ဆရာ"

"အေးလေ-တရားခံအစစ်တွေ လက်သည်ပေါ်လို့ သူ့မိန်းမ မဆောင်းတင်နဲ့ သူ့သမီးတို့တောင် အချုပ်က လွတ်သွားတာ သုံးလေးရက် ရှိပေါ့။ သူကိုယ်တိုင်ပဲ ငါ့ကို လာပြောသွားခဲ့သလေ၊ ဘာလဲ-အခု သူလည်း လွတ်ပြီတဲ့လား။

"အင်း-မနက်ဖြန်မှ-တဲ့၊ ဒါပေမဲ့"

"အာ-မင်းကလည်း အရေးထဲ ဝိနေပြန်ပြီ။ ကိုရီးယားကားကျနေတာပဲ၊ ကဲ-ကဲ-ဘာ-ဒါပေမဲ့-ရပြန်သတုံး"

"ဘူးကြီးထဲမှာကိုဆယ်မောင်ကြီးနဲ့ မော်စီတုန်းတို့၊ အိုက်တူးတို့ ရှောက်ရှော်တို့က မူးယစ်မှုနဲ့ ရဲကို ပို့တော့မတဲ့"

"ဟင်-ဘယ်လို-ဘယ်လို"

"ရှုံးပြန် အချုပ်ကားနဲ့ ပါလာတဲ့ မော်စီတုန်းတို့ဆီက နံပါတ်ဖိုးတွေလက်ပူးလက်ကြပ် ဖမ်းမိသတဲ့-ဆရာ၊ တံခါးထောင်မှူးဦးထွန်းဟန်ကြီးနဲ့အဖွဲ့က ဖမ်းတာတဲ့၊ အဲဒါထောင်တွင်းမှာဖြန့်ဖို့ သွင်းနိုင်းတဲ့လူက ဆရာ့ ကိုဆယ်မောင်ကြီးတဲ့။ ဟိုကောင်တွေက အကုန်ဖော်လို့ သူ့ကိုခေါ်စစ်တာ ဝန်ခံလိုက်သတဲ့၊ အခုရဲစခန်းကိုအပ်ပြီး အမှုဖွင့်ဖို့ စီစဉ်နေကြပြီ"

"ကောင်းကွာ"

လူဟူသည် ဆင်းရဲသည်ပဲ ခံနိုင်၏၊ ချမ်းသာဒဏ်ကိုမခံနိုင်။ ရှိရှိတဲ့တဲ့ ဝတ်ပြတ်ဆင်းရဲသည်မျိုးကို ကုန်းကျုံးခေပ္ပတော်ခံနိုင်သေး၏။ ပေါပေါများများလက်များငွေသီးသည်ကို တောင့်မခံနိုင်၊

သူများခြေထောက်အောက်က ဆေးလိပ်တစ်တိုနှင့် တင်းတိမ်ရောင့်ရဲနိုင်ခဲ့ပါလျက် အဟောင်းထည်အရောင်းသမားဘဝ ခံတွင်းမြိန်မြိန် ဝမ်းဝခါးလှနေခဲ့ပါလျက် အဲသည်ကမှ တစ်ဆင့်တက်၍ အချိုကြီးမိအောင် အပွကြံခဲ့ပုံပေါ်သည်၊

ကိုဆယ်မောင် မည်သို့ဖြစ်သွားရတာပါလိမ့်။



သူ့ဘဝခါးခါးကပဲ သူ့ကို အချိုမက်အောင် ဖျက်ခဲ့သလား။ လှုပ်လှုပ်လဲ့လဲ့ ကြုံတတ်ဖန်တတ်လျှင် ငွေရှာရလွတ်တတ်သည့် ထောင်ကြီးစရောကပဲ သူ့စိတ်ဖြူဖြူကလေးတွေကို ညစ်ထေးစေခဲ့သလား။

"အပြန်-အပြန်-အပြန်လားဟေ့၊ အသွား-အသွား-အသွားပါ ခင်ဗျ၊ လူလား ခေါက်တဲ့ ကူးကာ သယ်ဖို့ကြုံ-မြတ်ပန်းရုံ မြတ်ပန်းရုံ-မြတ်ပန်းရုံ"

ကိုဆယ်မောင်ဆိုနေကျ ပန်းရည်ဘက်တိုက် ထပ်ကြော်အမိုဖ်ကလေးက နားထဲမှာ တရစ်ဝဲဝဲ ရှုညံ့လာ၏၊ ငိုချင်သလို၊ ဘာလိုလို အူတိအူလည်ကြီး ဖြစ်ချင်လာသည်။

ဘာတဲ့၊ အသွား-အသွား-အသွားတဲ့လားလေ။

မှန်ပေသည်၊ နိမ့်မြင့်တစ်တုံ ဘဝဇာတ်ခုံပေတကား။

⇨ ဇေယျမင်းချွန်

ဂမ္ဘီရ
လော
က
ဆေး
မြီး
တို

**ရှုပ်ပျို့ကိုယ်နာ**

ကြိတ်မှန်ရွက်၊ နမ်းရွက်၊ ဆီးဖြူသီးခြောက်ဆတူစု၊ ယင်း(၃)ပါး၏အလေးချိန် သကြားထည့်၍ထောင်း၊ နေ့စဉ် မှီဝဲပါ၊ အနာကင်း၍ နပျိုလာမည်။

www.burmeseclassic.com